နံနက်ခင်းနိုးကြားရေးအတွက် သန့်ရှင်းသောနှုတ်ကပတ်တော်

**သခင်ဘုရား ပြန်လည်ရယူခြင်း၌ တုနှိုင်းရာမဲ့ အမှုတော်**

**The Unique Work in the Lord's Recovery**

# The Holy Word For Morning Revival

November, 2012

# International Training for Elders and Responsible Ones-Fall 2012

# သခင်ဘုရားပြန်လည်ရယူခြင်း၌ တူနှိုင်းရာမဲ့ အမှုတော်

***အပတ်စဉ်*** | ***ခေါင်းစဉ်*** | ***စာမျက်နှာ***


| အပတ်စဉ် | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၁ | ***ဘုရားသခင်၏အမှုတော်ကို သိကျွမ်းခြင်း– သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ တူနှိုင်းရာမဲ့အမှုတော်*** | |
| | Outline | ၅ |
| | Day 1 | ၁၂ |
| ၂ | ***သခင်ယေရှု၏ပုံစံနမူနာ– ခရစ်တော်၏လူသားအသက်ရှင်ခြင်းနှင့် မြေကြီးပိုင်းဆိုင်ရာအမှုတော်၌ရှိသော အလုပ်*** | |
| | Outline | ၃၁ |
| | Day 1 | ၃၇ |
| ၃ | ***ဝိညာဉ်တော်အားဖြင့် တက်ကြွခြင်းနှင့် ဘုရားဆိုင်ရာစမ်းချောင်း၌ရှိသော အလုပ်*** | |
| | Outline | ၅၆ |
| | Day 1 | ၆၂ |
| ၄ | ***ပြန်လည်သင့်မြတ်ခြင်း၏အမှုတော်၌ရှိသော ခရစ်တော်၏ သံတမန်များနှင့် အရာခပ်သိမ်း၌ လိုက်လျောညီထွေသော အသက်တာဖြင့် ဘုရားသခင်၏လုပ်ဖော်ဆောင်ဘက်များ*** | |
| | Outline | ၈၂ |
| | Day 1 | ၈၈ |

# ပါဝင်သောအကြောင်းအရာများ


| အပတ်စဉ် | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၅ | သန့်ရှင်းရာဌာနနှင့်ဆိုင်သော အပြစ်နှင့်ဆန့်ကျင်ဘက်ဖြစ်သော ရွှေ၊ ငွေ နှင့် အဖိုးတန်ကျောက်များဖြင့် တည်ဆောက်ခြင်း | |
| | Outline | ၁၀၇ |
| | Day 1 | ၁၁၆ |
| ၆ | တည်ဆောက်ခြင်းအလုပ်နှင့်ဆက်နွှယ်နေသည့် ဥပုသ်နေ့၏မူအလေ့အလာကို စောင့်ထိန်းခြင်း | |
| | Outline | ၁၃၅ |
| | Day 1 | ၁၄၄ |
| ၇ | ဝှက်ထားသောမန္နမုန့်၊ အပွင့်ပွင့်သောလှံတံနှင့် အသက်၏တရားတော်အဖြစ် ကိုယ်တော်ကို မွေ့လျော် ဝမ်းမြောက်ရန် သခင်ဘုရားကို အမှုဆောင်ခြင်း | |
| | Outline | ၁၆၃ |
| | Day 1 | ၁၇၂ |
| ၈ | အမှုတော်၏အလုပ် | |
| | Outline | ၁၉၁ |
| | Day 1 | ၁၉၈ |
| ၉ | **သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ အတူမဲ့သောအလုပ်၏ အဆုံးစွန်ပြီးမြောက်ပြည့်စုံခြင်း** | |
| | Outline | ၂၀၇ |
| | Day 1 | ၂၂၄ |

## ဘုရားသခင်၏အမှုတော်ကို သိကျွမ်းခြင်း– သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ တုန့်နှိုင်းရာမဲ့ အမှုတော်

ဖတ်ရန်ကျမ်း။ ။မဿ၁၆–၁၈။ ဂလ၊၄း၁၉။ ၂ကော၊၃း၈။ ဧ၊၃း၁၆–၂၁။ ၄း၁၂၊ ၁၆

*Day 1*

**I. ကျွန်ုပ်တို့သည် ဘုရားသခင်၏အမှုတော်ကို သိကျွမ်းဖို့ လိုအပ်သည်၊– သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ တုန့်နှိုင်းရာမဲ့အမှုတော် (ဧ၊၄း၁၂)။**

က။ စကြဝဠာ၌ ခေတ်ကာလတိုင်း၌၊ ဘုရားသခင်၏ အမှုတော်သည် အလေ့အလာ၌ လုံးလုံးအတူတူပင်ဖြစ်သည်။ ခေတ်ကာလတိုင်း၌ ကိုယ်တော်လုပ်ဆောင်နေသော အမှုတော်သည် တစ်ခုတည်းသော ပန်းတိုင်အတွက် ဖြစ်သည်၊– ကိုယ်တော်တိုင် ထာဝရစုပေါင်းထင်ရှားခြင်းအတွက် လူအထဲသို့ ကိုယ်တိုင်အမှုဆောင်ရန် (ဂလ၊၄း၁၉။ ဗျာ၊ ၂၁း၁၀–၁၁)။

ခ။ ခေတ်ကာလများတစ်လျှောက်လုံးတွင် ဘုရားသခင်အလိုဆန္ဒရှိစွာ လုပ်ဆောင်လိုသည့် တစ်ခုတည်းသောအမှုတော်မှာ လူဖြစ်သော်လည်း ဘုရားဖြစ်သည့်အရှင်သည် လူအား ဘုရား–လူ ဖြစ်လာစေရန် လူအထဲသို့ ကိုယ်တော်တိုင် အလုပ်လုပ်ဆောင်ရန် ဖြစ်သည် (ယော၊၁း၁၂–၁၃။ ၃း၁၅။ ၂ပေ၊၁း၄)။

ဂ။ ဘုရားသခင်၏ အမှုတော်အလုပ်၏ သဘောသဘာဝမှာ ခေတ်ကာလတိုင်း၌ အတူတူပင်ဖြစ်သည်။ ဘုရားသခင်အမှုတော်၏ ပုံစံ၊ အတိုင်းအတာနှင့် အစီအစဉ်သည် မည်သည့်အခါမျှ မပြောင်းလဲပါ၊– ကိုယ်တော်သည် ကျွန်ုပ်တို့အထဲသို့ ကိုယ်တော်တိုင် အလုပ်လုပ်ဆောင်ရန် အလိုဆန္ဒရှိခြင်းဖြစ်သည် (ဧ၊၃း၁၆–၂၁)။

*Day 2*

**II. ခေတ်ကာလများအားလုံးနှင့် မျိုးရိုးစဉ်ဆက်များတစ်လျှောက်လုံးအားဖြင့် စကြဝဠာ၌ ဘုရားသခင်၏တုန့်နှိုင်းရာမဲ့အမှုတော်မှာ ကိုယ်တော်၏ရွေးချယ်ခံလူတို့အား သူတို့နှင့်အတူ ကိုယ်တော်တိုင်၊ ကိုယ်တော်နှင့်အတူ သူတို့ တစ်လုံးတစ်ဝတည်းဖြစ်လာစေရန် ထိုသူတို့အထဲသို့ ခရစ်တော်၌ ကိုယ်တော်တိုင် အလုပ်လုပ်ဆောင်ရန် ဖြစ်သည်(ဂလ၊၁း၁၅–၁၆။ ၂း၂၀။ ၄း၁၉။ ဧ၊၃း၁၇က)။**

က။ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ကိုယ်တော်တိုင် ကျွန်ုပ်တို့၏ အတွင်းဖြစ်ခြင်းဒြပ်သဘောသဘာဝများဖြစ်လာစေရန် ကျွန်ုပ်တို့အထဲသို့ ကိုယ်တော်တိုင် အလုပ်လုပ်ဆောင်ရန်ဖြစ်သည်။

၁။ ဤရည်ရွယ်ချက်သည် စကြဝဠာ၏ အလယ်ဗဟိုဖြစ်ပါ၍၊ ဤရည်ရွယ်ချက်နှင့် ကင်းကွာသောခရစ်ယာန်အသက်တာသည် အဓိပ္ပါယ်မဲ့နေမည်ဖြစ်သည် (ဗျာ၊ ၄း၁၁)။

၂။ မှန်ကန်သောဦးစားပေးမှုမှာ ဘုရားသခင်အတွက် ကျွန်ုပ်တို့သည် လုပ်ဆောင်ရန်မဟုတ်ဘဲ၊ ဘုရားသခင်သည် ကျွန်ုပ်တို့အထဲသို့ ကိုယ်တိုင်လုပ်ဆောင်ရန် ဖြစ်သည် (ဧ၊ ၂း၁၀။ ဖိ၊ ၂း၁၃)။

***Day 3***

ခ။ ကျမ်းစာ၏ အုပ်စိုးခြင်းရူပါရုံမှာ ကိုယ်တော်၏ ရွေးချယ်ခံနှင့် ရွေးနုတ်ခံလူတို့၏ ဖြစ်ခြင်းတစ်ခုလုံးတွင် သုံးပါးတစ်ပါးဘုရားနှင့် ပြည့်ဝလာရန် အလို့ငှါ၊ သူတို့၏ အသက်နှင့် အသက်မစခြင်းဖြစ်လာရန် သူတို့အထဲသို့ သုံးပါးတစ်ပါးဘုရားကိုယ်တော်တိုင် အလုပ်လုပ်နေခြင်း ဖြစ်သည် (မ၊ ၂၈း၁၉။ ၂ကော၊ ၁၃း၁၄။ ဧ၊ ၄း၄–၆။ ဗျာ၊ ၁း၄–၅။ ၂၂း၁– ၂က)။

၁။ ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ အချက်အချာမှာ ကျွန်ုပ်တို့၏ အသက်၊ ကျွန်ုပ်တို့၏ အသက်မစရာနှင့် ကျွန်ုပ်တို့၏ အရာခပ်သိမ်း ဖြစ်လာရန် ဘုရားသခင်သည် ကိုယ်တော်တိုင် ကျွန်ုပ်တို့အထဲတွင် အလုပ်လုပ်ဆောင်ရန် ရည်ရွယ်ချက်အတွက် ကျွန်ုပ်တို့ကို ဖန်ဆင်းတော်မူပြီး ရွေးနုတ်တော်မူခြင်းအကြောင်း ဖြစ်သည် (က၊ ၁း ၂၆။ ၂း၇။ ရော၊ ၈း၁၀ခ၊ ၆၊ ၁၁)။

၂။ ကျမ်းစာတစ်အုပ်လုံးအား ကိုယ်တော်၏ ရွေးနုတ်ခံလူတို့၏ အတွင်းထဲတွင် သူတို့၏ မွေ့လျော်ဝမ်းမြောက်ခြင်း၊ သူတို့၏ သောက်စရာနှင့် သူတို့၏ အသက်ရေတွင်းနှင့် အလင်းအဖြစ်ဖြစ်ပေါ် လာသည့် သုံးပါးတစ်ပါးဘုရား၏ အလေ့အလာအတိုင်း ရေးသားထားခြင်းဖြစ်သည် (ဆာ၊ ၃၆း၈–၉)။

(က) ကျွန်ုပ်တို့သည် ဤအလေ့အလာဖြင့် စေ့စပ်ထုံးဖွဲ့ခြင်းခံဖို့လိုသည်၊ ၎င်းသည် ကျွန်ုပ်တို့အဖို့ ရူပါရုံ ဖြစ်လာရပေမည် (သု၊ ၂၉း၁၈က)။

(ခ) ၎င်းသည် ကျွန်ုပ်တို့ ပြောဆို၊ သွန်သင်၊ ဟောပြောသမျှ

အရာတိုင်းကို အုပ်စိုးနေသော ကျွန်ုပ်တို့အတွင်းထဲရှိ အရေးကြီးသောအလေ့အလာ ဖြစ်ရမည် (တ၊ ၂၆း၁၈)။

*Day 4* **III. ကျွန်ုပ်တို့သည် ခရစ်တော်၏ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအတွက် ကျွန်ုပ်တို့အမှုဆောင်ခြင်းအလုပ်၏ အရေးကြီးသောဒြပ်သဘောသဘာဝဖြစ်သည့် တည်ဆောက်နေသော၊ တည်ဆောက်ခံသောဘုရားသခင်ကို အခြားသူများအထဲသို့ အမှုဆောင်ရမည်ဖြစ်သည် (မ၊၁၆း၁၈။ ဧ၊၃း၁၇က။ ၄း၄၊ ၁၂၊ ၁၆)။**

က။ ကျွန်ုပ်တို့၏ အမှုဆောင်ခြင်း ပန်းတိုင်မှာ အခြားသူများအထဲသို့ တည်ဆောက်နေသော၊ တည်ဆောက်ပေးသော ဘုရားသခင်ကို အမှုဆောင်ရမည်ဖြစ်သည် (မ၊၁၆း၁၈။ ဧ၊၂း၂၂။ ၃း၁၇က)။

ခ။ ကျွန်ုပ်တို့သည် အခြားသူများအထဲသို့ အဆင့်ဆင့်ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံတော်မူသော သုံးပါးတစ်ပါးဘုရားကို အမှုဆောင်ခြင်းနည်းလမ်း၌ အမှုဆောင်နိုင်ရန် သခင်ဘုရားသွန်သင်ပေးပါမည့်အကြောင်း ကျွန်ုပ်တို့ဆုတောင်းဖို့ လိုအပ်သည် (၂ကော၊၁၃း၁၄။ ၁ကော၊၃း၉–၁၀၊ ၁၂)။

ဂ။ ကျွန်ုပ်တို့သည် မွေးဖွားခြင်း၊ ကျွေးမွေးခြင်း၊ စုံလင်ခြင်းနှင့် တည်ဆောက်ခြင်း အဆင့်လေးဆင့်ရှိသည့် ဘုရားသခင်စီမံထားသော လမ်းကို သယ်ဆောင်ရန် ကြိုးပမ်းသောအခါ၊ ကျွန်ုပ်တို့၏ အမှုဆောင်ခြင်းသည် ကိုယ်တော်ရွေးနုတ်ထားသောလူတို့အထဲသို့ ကိုယ်တော်တိုင်တည်ဆောက်ခြင်းဖြင့် ကိုယ်တော့်အထဲသို့ သူတို့ကို တည်ဆောက်ပေးနေသည့် အဆင့်ဆင့်ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံတော်မူသော သုံးပါးတစ်ပါးဘုရားအပေါ် အခြေခံရမည်ဖြစ်သည် (တ၊ဂး၄။ ဧ၊၄း၁၂။ ၁ကော၊၁၄း၁၊ ၃–၄။ ၁၂၊ ၃၁)။

ဃ။ ဧဝံဂေလိဟောပြောခြင်း၊ ယုံကြည်သူများကို ကျွေးမွေးခြင်း၊ အသင်းတော်များကို တည်ဆောက်ခြင်းနှင့် သန့်ရှင်းသူများကို စုံလင်စေခြင်း ဖြစ်သည့်၊– ကျွန်ုပ်တို့၏ အမှုတော်အလုပ်၏ အကြောင်းအရာတိုင်း၌၊– ပင်ကိုမူလအရေးကြီးသော ဒြပ်သဘောသဘာဝမှာ ကျွန်ုပ်တို့သည် အခြားသူများအထဲသို့ တည်ဆောက်နေသော၊ တည်ဆောက်ပေးသောဘုရားသခင်ကို အမှုဆောင်ကြရမည် ဖြစ်သည် (မ၊ ၁၆း၁၈။ ၂၄း၄၅။ ဧ၊၃း၁၇က။ ၄း၁၂)။

၁။ ဘုရားသခင်သည် သူ၏ရွေးချယ်ခံလူတို့အထဲသို့ ကိုယ်တော်တိုင် လုပ်ဆောင်ရန် အလိုဆန္ဒရှိကြောင်းကို ကျွန်ုပ်တို့ သိနားလည်မည်ဆိုလျှင်၊ ကျွန်ုပ်တို့၏ အမှုဆောင်ခြင်းပန်းတိုင်မှာ အခြားသူများအထဲသို့ တည်ဆောက်နေသော တည်ဆောက်ပေးသော ဘုရားသခင်ကို အမှုဆောင်နိုင်ရမည်၊ သို့မှသာ သုံးပါးတစ်ပါးဘုရားသည် သူတို့၏ဖြစ်ခြင်းအထဲသို့ ကိုယ်တော်တိုင်ကို တည်ဆောက်နိုင်မည်ဖြစ်သည် (၃း၁၇က)။

(က) သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့အမှုဆောင်ခြင်းတွင် အရေးကြီးသောအကြောင်းအရာမှာ တည်ဆောက်နေသော တည်ဆောက်ပေးသော ဘုရားသခင်ကို အမှုဆောင်ရန်ဖြစ်သည် (မ၊၁၆း၁၈။ ဧ၊၂း၂၁–၂၂။ ၃း၁၇က)။

(ခ) ကျွန်ုပ်တို့ ကိုးကွယ်ဝတ်ပြုကာ အခြားသူများထံသို့ ကျွန်ုပ်တို့အမှုဆောင်သော ဘုရားသခင်သည် ခရစ်တော်၌ ကိုယ်ထင်ရှားပြီး၊ ဝိညာဉ်တော်အဖြစ် သိနားလည်ရသည့် အဆင့်ဆင့်ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံတော်မူသော သုံးပါးတစ်ပါးဘုရားဖြစ်သည် (ကော၊၂း၉။ ယော၊၇း၃၉။ ဂလ၊၃း၁၄)။

(ဂ) ဘုရားသခင်သည် အိမ်တော် – (အသင်းတော်၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်၊ ခရစ်တော်၏ကြီးမားကျယ်ပြန့်ခြင်း၊ ဝိညာဉ်တော်အဖြစ် သိနားလည်ရသော သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်း)ကို – ထုတ်လုပ်ရန်အလို့ငှါ၊ သူ၏ရွေးနုတ်ခံလူတို့အထဲသို့ ကိုယ်တော်တိုင် တည်ဆောက်နေသည် (ယော၊၁၄း၂၊ ၁၀၊ ၁၆–၁၇၊ ၂၀၊ ၂၃)။

(ဃ) ထိုဖွင့်ပြခြင်းသည် ဘုရားသခင်နှင့် ဘုရားသခင်၏တည်ဆောက်ခြင်းကို နားလည်သဘောပေါက်သည့် ကျွန်ုပ်တို့ကို အုပ်စိုးနေသော အလေ့အလာဖြစ်လာမည် ဖြစ်သည်(သု၊၂၉း၁၈က။ တ၊၂၆း၁၉)။

၂။ ကျွန်ုပ်တို့စဉ်းစားသင့်သည် အမှုဆောင်ခြင်းမှာ ကျွန်ုပ်တို့သည် သခင်ဘုရားအတွက် လုပ်ဆောင်နေ၍၊ သုံးပါးတစ်ပါးဘုရား၏

ကိုယ်ထင်ရှားခြင်းဖြစ်သော ခရစ်တော်ကို ကျွန်ုပ်တို့ထံမှ သခင်ဘုရားထံသို့ ပို့ဆောင်သောလူများအထဲသို့ မည်မျှဖြစ်ပွားစေပြီးဆိုသည့် အမေးကို မေးမြန်းကြည့်ရမည်ဖြစ်သည် (ဂလ၊ ၄း၁၉။ ကော၊၁း ၂၈)။

၃။ ကျွန်ုပ်တို့သည် အခြားသူများအထဲသို့ အဆင့်ဆင့်ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားအား အမှုဆောင်သောအရာကို လေ့ကျင့်လုပ်ဆောင်ဖို့ လိုသည်။ သို့မှသာ ကိုယ်တော်သည် သူတို့၏ အတွင်းလူအထဲသို့ ကိုယ်တော်တိုင်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ဤနည်းလမ်း၌ အမှုဆောင်ရန် သခင်ဘုရားသည် ကျွန်ုပ်တို့ကို သွန်သင်ပါမည့်အကြောင်း ဆိုတောင်းဖို့လည်း လိုသည် (၂ကော၊၁၃း၁၄။ ၁ကော၊၃း၉–၁၀၊ ၁၂)။

*Day 5*

၄။ ကျွန်ုပ်တို့သည် အဆင့်ဆင့်ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံတော်မူသော သုံးပါးတစ်ပါးဘုရားနှင့်အတူ အသင်းတော်ကို တည်ဆောက်နေခြင်းမှာ အမှန်စင်စစ် တည်ဆောက်နေသူမှာ ကျွန်ုပ်တို့မဟုတ်ပါ။ ဘုရားသခင်သည် အခြားသူများအထဲသို့ ကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးကာ လွှဲပြောင်းပေးခြင်းအတွက် နည်းလမ်းအဖြစ် ကျွန်ုပ်တို့ကို အသုံးပြုခြင်းဖြင့် ကျွန်ုပ်တို့မှတစ်ဆင့် တည်ဆောက်နေသည် (တ၊၉း၁၅။ ဧ၊၃း၈–၉)။

## IV. သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ တုနှိုင်းရာမဲ့အမှုတော်မှာ ဝိညာဉ်တော်၏ အမှုတော်ဖြစ်သည် (၂ကော၊၃း၈)။

က။ ပဋိညာဉ်တရားသစ်၏ အမှုဆောင်သူများသည် ဝိညာဉ်တော်၌အမှုဆောင်သူများ ဖြစ်သည်။ သို့သော် သူတို့အမှုဆောင်ခြင်းသည် ဝိညာဉ်တော်၌သာ မဟုတ်ပါ။– ထိုအမှုဆောင်ခြင်းသည် ဝိညာဉ်တော်၏ အမှုတော်ဖြစ်သည် (အငယ်၊၆၊ ၈။ ၄း၁)။

ခ။ ကျွန်ုပ်တို့ လုပ်ဆောင်နေသည့်အမှုဆောင်ခြင်းသည် ဝိညာဉ်ဆိုင်ရာအမှုဆောင်ခြင်းသာဖြစ်သည်ဟု မပြောဆိုပါနှင့်။ ထိုထက်သာသည်မှာ သခင်ဘုရား၏ ပြန်လည်ရယူခြင်း၌ တုနှိုင်းရာမဲ့အမှုတော်သည် ဝိညာဉ်တော်ဖြစ်သည် (၃း၈)။

၁။ သခင်ယေရှုမြွက်ဆိုသောစကားများသည် ဝိညာဉ်တော်ဖြစ်သည် (ယော၊၆း၆၃)။ ဤအလေ့အလာအရ၊ ကျွန်ုပ်တို့အား သခင်ဘုရားပေးအပ်ထားသောအမှုတော်သည် ဝိညာဉ်ဖြစ်ကြောင်းလည်း ကျွန်ုပ်တို့ပြောဆိုနိုင်သည်။

၂။ ပဋိညာဉ်တရားသစ်၏ အမှုတော်၊ အလုပ်သည် ဝိညာဉ်ဆိုင်ရာအမှုတော်မျှသာမဟုတ်ဘဲ၊ ဝိညာဉ်တော်၏ အမှုတော်လည်းဖြစ်သည် (၂ကော၊၃း၈)။

၃။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်နှင့် ပြည့်ဝသောသူများဖြစ်လာသောအခါ၊ ကျွန်ုပ်တို့ပြောဆိုသောစကားများသည် ဝိညာဉ်ဖြစ်ပြီး၊ ကျွန်ုပ်တို့လုပ်ဆောင်သောအလုပ်သည် ဝိညာဉ်ဖြစ်လာလိမ့်မည်ဖြစ်သည် (တ၊၂း၄။ ဧ၊၅း၁၈)။

*Day 6* **V. သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ တစ်ခုတည်းသောအမှုတော် – တစ်ခုတည်းသောကိုယ်ခန္ဓာတော်၏ အလုပ်– သာရှိသည် (၄း၁၂)။**

က။ သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ တုနှိုင်းရာမဲ့အမှုတော်သည် ကိုယ်တော်၏ စီမံကိန်းအမှုတော်၊ ခရစ်တော်ကိုယ်ခန္ဓာတော်၏ အမှုတော်ဖြစ်သည် (၁ကော၊၁၅း၅၈။ ၁၆း၁၀)။

၁။ ကျွန်ုပ်တို့အားလုံးသည် ကိုယ်ခန္ဓာတော်ကို မြင်ပြီး၊ ကိုယ်ခန္ဓာတော်၏ အမှုတော်ကို လုပ်ဆောင်ရမည် (ဧ၊၁း၂၂–၂၃။ ၂း၁၆။ ၄း၄၊ ၁၅–၁၆)။

၂။ ကိုယ်ခန္ဓာတော်၏ ရူပါရုံသည် ကျွန်ုပ်တို့ကို အုပ်စိုးနေသောရူပါရုံ ဖြစ်လာပြီး၊ ကျွန်ုပ်တို့သည် ဤရူပါရုံ၏ အောက်တွင် သခင်ဘုရား၏ပြန်လည်ရယူခြင်းအမှုတော်ကို လုပ်ဆောင်ရမည်ဖြစ်သည် (သု၊၂၉း၁၈က)။

၃။ ကိုယ်ခန္ဓာတော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းကို ကျွန်ုပ်တို့မြင်ပါက၊ အမှုတော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းကိုလည်း ကျွန်ုပ်တို့မြင်လာမည်ဖြစ်ပြီး၊ တစ်ဦးချင်းဆိုင်ရာအမှုဆောင်ခြင်းမှ ကိုယ်ခန္ဓာတော်၏ အမှုတော်အထဲသို့ ကယ်တင်ခြင်းခံရလိမ့်မည်ဖြစ်သည် (ဧ၊၄း၄၊ ၁၂။ ၁ကော၊၁၂း၁၂–၁၃။ ၁၅း၅၈။ ၁၆း၁၀)။

ခ။ လုပ်ဖော်ဆောင်ဖက်များအားလုံးသည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်

အတွက် တူညီစွာတစ်ခုတည်းသောစကြဝဠာဆိုင်ရာအမှုတော်ကို လုပ်ဆောင်သင့်သည် (ရော၊ ၁၂း၄–၅။ ၁ကော၊ ၁၂း၁၂–၁၃၊ ၂၄–၂၇။ ဧ၊ ၄း၁၂၊ ၁၆)။

၁။ ယနေ့ ကျွန်ုပ်တို့လုပ်ဆောင်နေသည့်အရာမှာ ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်ရေးအမှုဆောင်ခြင်းမဟုတ်ဘဲ၊ မျိုးရိုးစဉ်ဆက်တစ် လျှောက်လုံး ခရစ်တော်၏ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်း ဖြစ်သည့် ဘုရားသခင်၏စီမံကိန်းဖြစ်သည် (၁တိ၊ ၁း၄။ ဧ၊ ၃း၉။ ၄း၁၂)။

၂။ ကျွန်ုပ်တို့၏ဒေသန္တရ၌သော်လည်းကောင်း၊ အခြားနိုင်ငံ များအတွက် စကြဝဠာဆိုင်ရာ၌သော်လည်းကောင်း၊ ကျွန်ုပ်တို့ လုပ်ဆောင်သောအရာတိုင်းအား ခရစ်တော်၏ကိုယ်ခန္ဓာတော် ကို ကျွန်ုပ်တို့တည်ဆောက်ခြင်းဖြစ်ကြောင်း အသိဖြင့် လုပ် ဆောင်ရမည်ဖြစ်သည် (အငယ်၊ ၁၆)။

## နံနက်ခင်းကျွေးမွေးခြင်း

**ဧ၊ ကိုယ်တော်၏ဝိညာဉ်တော်အားဖြင့် အတွင်းလူအထဲသို့ တန်ခိုး**
**၃း၁၆–၁၇ တော်နှင့် ခွန်အားမြဲမြံခိုင်ခံ့စေခြင်းငှါ၊ ဘုန်းတော်၏ကြွယ်ဝခြင်း**
**များနှင့် ညီလျော်စွာ သင်တို့အား ပေးတော်မူမည့်အကြောင်း၊**
**ယုံကြည်ခြင်းအားဖြင့် သင်တို့၏စိတ်နှလုံးများ၌ ခရစ်တော်သည်**
**သူ၏အိမ်တော်ဆောက်လုပ်မည့်အကြောင်း၊...**
**၄း၁၂ သန့်ရှင်းသူတို့သည် အမှုတော်၏အလုပ်ကို လုပ်ဆောင်ခြင်းငှါလည်း**
**ကောင်း၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းငှါ**
**လည်းကောင်း၊ စုံလင်ခြင်းရှိကြမည့်အကြောင်းတည်း။**

ပြန်လည်ရယူခြင်း၌ စကြဝဠာဆိုင်ရာ ခရစ်တော်၏ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအဖို့အလို့ငှာ ဒေသန္တရဆိုင်ရာအသင်းတော်များတည်ဆောက်ခြင်းအတွက် တိကျသောအမှုတော်အလုပ်ရှိသည်။ ဤအရာသည် အမှုတော်အလုပ်ဖြစ်သည်။ (*Elders' Training Book 10: One Accord for the Lord's Move*, p. 18)

ကျမ်းစာအရ၊ ယနေ့ တစ်ခုတည်းသော ပြန်လည်ရယူခြင်းအားဖြင့် တစ်ခုတည်းသောသက်သေခံချက်နှင့်အတူ တစ်ပါးတည်းသောအသင်းတော်ရှိကြောင်း ကျွန်ုပ်တို့လုံးလုံးသိနားလည်နိုင်သည်။ တစ်ပါးတည်းသောဘုရားသခင်၊ သခင်တစ်ပါး၊ ဝိညာဉ်တော်တစ်ပါး၊ အသင်းတော်တစ်ပါး၊ သက်သေခံချက်တစ်ခုနှင့် တစ်ခုတည်းသောပြန်လည်ရယူခြင်းသာရှိကြောင်း ကျွန်ုပ်တို့ဝန်ခံဖို့ လိုသည်။ ကျွန်ုပ်တို့အတွက် အမှုတော်တစ်ခုထက်ပို၍လည်း ရှိမနေပါစေနှင့်။ ယနေ့ မြေကြီးပေါ်တွင် အမှုတော်တစ်ခုတည်းရှိရပေမည်။ (*Elders' Training Book 7: One Accord for the Lord's Move,* p. 34)

## ယနေ့ဖတ်စရာ

ဤစကြဝဠာ၌ ခေတ်ကာလတိုင်း၌ ဘုရားသခင်သည် သူ၏ရည်ရွယ်ချက်အတိုင်း အမှုတော်ကို လုပ်ဆောင်တော်မူသည်။ ဘုရားသခင်၏အမှုတော်သည် ခေတ်ကာလတိုင်း၌ အပြင်ပိုင်းဆိုင်ရာတွင် အမျိုးမျိုးရှိကြောင်း ထင်မြင်ရသည်။ အမှန်တွင် အတွင်းပိုင်းဆိုင်ရာတွင် အလေ့အလာ၌ လုံးလုံးတူညီသည်။ ဓမ္မဟောင်းခေတ်ကာလနှင့် ဓမ္မသစ်ခေတ်ကာလသည် လုံးလုံးခြားနားပြီး၊ ဤခေတ်ကာလနှစ်ခု၌ ဘုရားသခင်၏ အမှုတော်သည် မတူပါ။ သို့သော်ငြားလည်း မူလသဘောသဘာဝအရ ဘုရားသခင်သည် ခေတ်ကာလနှစ်ခု၌ အတူတူပင်ဖြစ်သည်။ ခေတ်ကာလတိုင်း၌ ဘုရားသခင်သည် ဤဘုရားသခင်

တစ်ပါးတည်းသာဖြစ်ပြီး၊ ခေတ်ကာလတိုင်း၌ ကိုယ်တော်လုပ်ဆောင်သော အမှုတော်သည် တူညီသောပန်းတိုင်အတွက်ဖြစ်သည်၊ သို့သော်ငြားလည်း အပြင်ပိုင်းဆိုင်ရာထင်ရှားခြင်းဖြစ်သော ကိုယ်တော်၏ အမှုတော်များ၏ နည်းလမ်းသည် မတူပါ။ ထို့ကြောင့် ကိုယ်တော်၏ နည်းလမ်းပေါ် လျှောက်၍ ဘုရားသခင်၏ နောက်တော်သို့ လိုက်သူများသည် အမှုတော်၏ အပြင်ပိုင်းထင်ရှားခြင်းကို များစွာအလေးမပေးပါနှင့်။ သူတို့သည် ဘုရားသခင်၏ နည်းလမ်းနှင့် အတွင်းပိုင်းဆိုင်ရာဘုရားကိုယ်တော်တိုင်ကို သိခြင်းအပေါ် ဗဟိုပြုထားသင့်သည်။ ခေတ်ကာလများတစ်လျှောက်လုံး ဘုရားသခင်သည် သူ၏ အမှုတော်အလုပ်ကို မည်သို့မျှ မပြောင်းလဲပါ။

ကောလိပ်ကျောင်းသားများသည် ငယ်စဉ်အရွယ်၌ပင် ကယ်တင်ခြင်းခံရသည့်အတွက် ကြီးစွာသောကောင်းကြီးပင်ဖြစ်သည်။ ထို့အပြင် ယနေ့ အသင်းတော်များ၏ အခြေအနေသည် လွန်ခဲ့သောနှစ်သုံးဆယ်ထက် များစွာကြွယ်ဝနေပြီဖြစ်သည်။ နှစ်သုံးဆယ်ကျော်က ထုတ်ဝေသောဝိညာဉ်ဆိုင်ရာစာအုပ်များကို ဝယ်ယူရန် ကျွန်ုပ်တို့၏ ငွေများစွာကို အသုံးပြုမည်ဆိုလျှင်လည်း၊ ယနေ့ ကျွန်ုပ်တို့ရရှိသောအလင်းသည် သူတို့၌ တွေ့ရှိနိုင်သေးမည်မဟုတ်ပါ။ ယခု ကျွန်ုပ်တို့သည် သင့်အား ဤသမ္မာတရားများ၏ အလင်းကို လက်ဆင့်ကမ်းသဖြင့်၊ ခေတ်ကာလများတစ်လျှောက် ဘုရားသခင်အလိုဆန္ဒရှိစွာ လုပ်ဆောင်လိုသော အမှုတော်တစ်ခုတည်းသာရှိကြောင်း သင်ရှင်းရှင်းလင်းလင်း သင်မြင်လာမည်ဖြစ်သည်။ ခေတ်ကာလများတစ်လျှောက် ဘုရားသခင်လုပ်ဆောင်နေသော တုနှိုင်းရာမဲ့အမှုတော်မှာ လူအထဲသို့ ကိုယ်တော်တိုင် အလုပ်လုပ်ရန်ဖြစ်သည်။ ဘုရားသခင်သည် လူအား လူဖြစ်သော်လည်း ဘုရားဖြစ်လာသည့်၊ ဘုရား–လူကို ထုတ်လုပ်ရန် အလိုတော်ရှိသည်။ ဘုရား–လူသည် ဘုရား၏ ဒြပ်သဘောသဘာဝရှိသည့်သူ၊ သူ့အတွင်းထဲ၌ ဘုရားရှိသည့်သူ ဖြစ်သည်။ ဤအရာမှာ ရေတစ်ခွက်တွင် လက်ဖက်၏ သဘောသဘာဝပေါင်းထည့်ပြီးနောက် လက်ဖက်ရည်တစ်ခွက်ဖြစ်လာခြင်းနှင့် တူသည်။ ကျွန်ုပ်တို့သည် မူလက လူသာဖြစ်သည် သို့သော် ယနေ့ ဘုရားသခင်သည် ကျွန်ုပ်တို့အထဲသို့ ပေါင်းထည့်ပေးခဲ့သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အထဲသို့ ပေါင်းထည့်ရုံမျှသာ မဟုတ်ပါ၊ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူ ရောနှောပေါင်းစည်းနေခြင်းဖြစ်သည်။ ဤရောနှောပေါင်းစည်းခြင်းသည် ကျွန်ုပ်တို့ ဘုရာ–လူများ ဖြစ်လာသည့်အထိ ဖြစ်ပြီး၊ သို့သော် ကျွန်ုပ်တို့သည် ကိုးကွယ်ခံအရာ၌ မဟုတ်ပါ။

ခေတ်ကာလများတစ်လျှောက် ဘုရားသခင်၏ အမှုတော်သည် လူအထဲသို့ ကိုယ်တော်တိုင် အလုပ်လုပ်ရန် ဖြစ်သည်။ ခေတ်ကာလများတစ်လျှောက် ဘုရားသခင်လုပ်

ဆောင်နေသည့် တစ်ခုတည်းသောအရာမှာ လူအထဲသို့ ကိုယ်တော်တိုင်ကို အမှုဆောင်ရန် လုပ်ဆောင်နေခြင်းဖြစ်သည်။ ဤအရာသည် ဘုရားသခင်၏ပန်းတိုင် ဖြစ်သည်။

ကျွန်ုပ်တို့အထဲသို့ ဘုရားသခင်ကိုယ်တော်တိုင် လုပ်ဆောင်နေသည့်အရာမှာ ကျွန်ုပ်တို့အိမ်မက်ထက်ပင် သာလွန်သည်။ နှစ်များစွာကပင်ကယ်တင်ခြင်းခံရပြီး၊ အသင်းတော်၌ များစွာသောဝေငှချက်များကို ကြားနာဘူးပြီးသော ညီအစ်ကိုများနှင့် ညီအစ်မများပင်လျှင်၊ ဘုရားသခင်၏မျက်မှောက်တွင် အချိန်တိုင်း ကိုယ်တော့်ကို စဉ်းစား ခြင်းဖြင့် သူတို့ကိုယ်သူတို့ တိုးတက်ကောင်းမွန်အောင်လုပ်ရန် အလိုဆန္ဒရှိကောင်း ရှိနိုင်သည်။ တိုးတက်ကောင်းမွန်အောင်လုပ်ခြင်းသည် ကျွန်ုပ်တို့ထံမှ ဘုရားသခင်လိုချင်သောအရာမဟုတ်ကြောင်းကို မြင်ရန်အလို့ငှါ ကျွန်ုပ်တို့၏မျက်စိများကို ဖွင့်ပေးရန် ကျွန်ုပ်တို့အတွင်းထဲတွင် သန့်ရှင်းသောဝိညာဉ်တော် လိုအပ်သည်။ ယနေ့ ကျွန်ုပ်တို့သည် အကြိမ်သန်းပေါင်းများစွာသာ၍ကောင်းအောင်လုပ်မည် ဆိုလျှင်ပင်၊ ဘုရားသခင်သည် ဤအရာကို အလိုမရှိပါ။ ဘုရားသခင်အလိုဆန္ဒရှိသည့်အရာမှာ ကျွန်ုပ်တို့အထဲသို့ ကိုယ်တော်တိုင် အလုပ်လုပ်ရန်ဖြစ်သည်။ ဤအရာသည် ခေတ်ကာလတိုင်း၌ ဘုရားသခင်လုပ်ဆောင်နေသည့်အရာဖြစ်သည်။

ဘုရားသခင်၏ အမှုတော်၏ သဘောသဘာဝသည် ခေတ်ကာလတိုင်း၌ အတူတူပင်ဖြစ်သည်။ ဘုရားသခင်၏ အမှုတော် ပုံစံ၊ အတိုင်းအတာနှင့် အစီအစဉ်သည် လုံးလုံးမပြောင်းလဲပါ၊– ကိုယ်တော်သည် ကျွန်ုပ်တို့အထဲတွင် ကိုယ်တော်တိုင် အလုပ်လုပ်ရန် အလိုဆန္ဒရှိသည်။ ဤအမှုတော်၏ အပြင်ပိုင်းပုံသဏ္ဍာန်၊ အပြင်ပိုင်းထင်ရှားခြင်းသည် လူပုဂ္ဂိုလ်တိုင်း၌ မတူဘဲကွာခြားမှုရှိသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူ လုံးလုံးအပြန်အလှန်ပူးပေါင်းလုပ်ဆောင်မည်ဆိုလျှင်၊ နောက်လာမည့်ငါးနှစ်တွင် ဤမြေကြီးပေါ် တွင် မည်သည့်အရာဖြစ်လာမည်ကို ဘုရားသခင်သာလျှင် သိတော်မူသည်။ (*The Bridge and Channel of God*, pp. 7-11)

*ပို၍ဖတ်ရန်-* *The Bridge and Channel of God*, ch. 1; *Life -study of 1 & 2 Samuel*, msg. 28

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

————————————————————————

————————————————————————

————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဂလ၊ ခရစ်တော်သည် သင်တို့အထဲ၌ ပုံသဏ္ဌာန်ပေါ်လာသည့်တိုင်အောင် သင်**
**၄း၁၉ တို့အဖို့ တစ်ဖန်သားဖွားခြင်းဝေဒနာကို ငါခံရသော ငါ့ချစ်သားတို့။**
**ဖိ၊ အကြောင်းမူကား၊ သင်တို့သည် ကိုယ်တော်၏ကောင်းသောကျေနပ်**
**၂း၁၃ အားရခြင်းအတွက်၊ အလိုရှိခြင်းငှါလည်းကောင်း၊ လုပ်ဆောင်ခြင်းငှါ**
**လည်းကောင်း၊ သင်တို့အထဲ၌ ပြုပြင်တော်မူသောသူကား၊ ဘုရားသခင်**
**ပေတည်း။**

ကိုယ်တော်၏ပြန်လည်ရယူခြင်း သို့မဟုတ် ကိုယ်တော်၏ စီမံကိန်း၌ ဘုရားသခင်၏ အဓိကအမှုတော်ကို သင်သိနားလည်ရန် ကျွန်ုပ်သည် ကူညီခြင်းဝန်တာကို ယူရသူဖြစ်သည်။ ဘုရားသခင်၏ စီမံကိန်းသည် တစ်ခုတည်းသောအရာ– ဘုရားသခင်၏ တုနှိုင်းရာမဲ့အမှုတော်– အပေါ် တွင် ဗဟိုပြုထားခြင်းဖြစ်သည်။ စကြဝဠာနှင့် ခေတ်ကာလများ၊ လူသားမျိုးနွယ်စဉ်ဆက်များတစ်လျှောက်လုံး၌ ဘုရားသခင်၏ တုနှိုင်းရာမဲ့အမှုတော်မှာ ကိုယ်တော်၏ ရွေးချယ်ခံလူတို့အထဲသို့ ခရစ်တော်၌ ကိုယ်တော်တိုင်အလုပ်လုပ်ခြင်းဖြင့် သူတို့နှင့် ကိုယ်တော်တိုင် တစ်လုံးတစ်ဝဖြစ်လာစေရန် ဖြစ်သည်။ ၎င်းတွင် လူသားဖြစ်ခြင်းနှင့် ဘုရားဖြစ်ခြင်း၏ ရောနှောပေါင်းစည်းခြင်းတို့ ပါဝင်သည်။

ကျွန်ုပ်တို့အထဲသို့ ကိုယ်တော်တိုင် အလုပ်လုပ်ရန်အလို့ငှါ၊ ဘုရားသည် လူဖြစ်လာပြီး၊ မြေကြီးပေါ် တွင် လူသားအသက်တာကို အသက်ရှင်နေထိုင်ခဲ့သည်။ ထို့နောက် ကိုယ်တော်သည် အသေခံခြင်းကို ဖြတ်ကျော်၍ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်းအထဲသို့ ဝင်ရောက်ကာ၊ ကျွန်ုပ်တို့အထဲသို့ အသင့်ဝင်ရောက်ရန်အတွက် ပြီးမြောက်ပြည့်စုံသော အသက်ပေးဝိညာဉ်တော် ဖြစ်လာသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်လာသောအခါ၊ ကျွန်ုပ်တို့၏ ဝိညာဉ်ကို အသစ်တစ်ဖန်မွေးဖွားပေးသည်။ ယခု ကိုယ်တော်သည် ကျွန်ုပ်တို့၌ ကိုယ်တော်တိုင်တိုးပွားလာရန်နှင့် ကျွန်ုပ်တို့အထဲ၌ ကိုယ်တော်တိုင် တည်ဆောက်ရန် ကျွန်ုပ်တို့၌ လုပ်ဆောင်နေသည်။ (*Life-study of 1 & 2 Samuel*, pp. 195-196)

## ယနေ့ဖတ်စရာ

ဘုရားသခင်၏ ရည်ရွယ်ချက်မှာ သင်၏ ဧဝံဂေလိဟောပြောခြင်းနှင့် အသင်းတော်ကို သင်စီမံခန့်ခွဲခြင်းဖြင့် သင့်အထဲ၌ ကိုယ်တော်တိုင် အလုပ်လုပ်ရန် ဖြစ်သည်။ ကိုယ်တော်၏ ရည်ရွယ်ချက်မှာ သင်၏ အတွင်းပိုင်းဒြပ်သဘောသဘာဝများကို ကိုယ်တော်တိုင် ထုတ်လုပ်ရန်ဖြစ်သည်။ ဘုရားသခင်သည် ဉာဏ်အမြော်အမြင်ရှိတော်မူသည်။

ဤသို့လုပ်ဆောင်ခြင်းဖြင့် ကိုယ်တော်သည် ခဲတစ်လုံးတည်းနှင့် ငှက်နှစ်ကောင်ကို သေစေသည်။ တစ်ဘက်ကဆိုသော် ကိုယ်တော်သည် သင့်အားဖြင့် အမှုတော်ကို ပြီးမြောက်အောင်မြင်စေပြီး၊ ဧဝံဂေလိတရားကို ပျံ့နှံ့စေကာ အသင်းတော်ကို ဂရုစိုက်စောင့်ရှောက်နိုင်သည်။ တစ်ချိန်တည်းတွင် ဤအမှုတော်အလုပ်များအားဖြင့် ကိုယ်တော်သည် သင့်အထဲသို့ ကိုယ်တော်ကိုယ်တိုင်ကိုလည်း ထပ်ပေါင်းထည့်နိုင်သည်။ ဘုရားသခင်သည် သင်၏ အမှားများကို အမှန်ပြင်ရန် ရည်ရွယ်ချက်မရှိပါ။ ကိုယ်တော်၏ တစ်ခုတည်းသောရည်ရွယ်ချက်မှာ သင့်အထဲသို့ ကိုယ်တော်တိုင် အလုပ်လုပ်ရန်နှင့် သင့်ကိုဖြည့်ပေးရန်ဖြစ်ပါ၍၊ ကိုယ်တော်သည် တစ်နေ့ပြီးတစ်နေ့၊ တစ်နှစ်ပြီးတစ်နှစ် သင်၏ အတွင်းထဲတွင် ရင့်မည့်လာမည်ဖြစ်သည်။

ခေတ်ကာလများတစ်လျှောက် ဘုရားသခင်၌ တစ်ခုတည်းသောအလုပ်သာရှိပြီး၊ ထိုအရာမှာ လူအထဲသို့ ကိုယ်တော်တိုင် အလုပ်လုပ်ရန်ဖြစ်သည်။ ဘုရားသခင်သည် စကြဝဠာကို အဘယ်ကြောင့်ဖန်ဆင်းပါသနည်း။ ကိုယ်တော်သည် လူကို အဘယ့်ကြောင့် ဖန်ဆင်းပါသနည်း။ ကိုယ်တော်သည် သင့်ကို အဘယ်ကြောင့် ဖန်ဆင်းပါသနည်း။ ဘုရားသခင်သည် မည်သည့်အရာကို ပြီးမြောက်အောင်မြင်ရန် လုပ်ဆောင်နေသနည်း။ ၎င်းသည် အရေးကြီးသောမေးခွန်းဖြစ်သည်။ ဘုရားသခင်သည် တစ်စုံတစ်ရာ လုပ်ဆောင်ရန် အလိုတော်ရှိကြောင်းကို သင်မသိပါက၊ သင်၏ ခရစ်ယာန်အသက်တာသည် အဓိပ္ပါယ်မဲ့နေပေမည်။ သင့်အတွက် ဘုရားသခင်၏ ရည်ရွယ်ချက်သည် ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းဖြစ်သည်ဟု သင်ထင်ကောင်းထင်ပေမည်။ ဘုရားသခင်သည် သင့်အား ဝမ်းမြောက်ရန်နှင့် ငြိမ်သက်ခြင်းရရန် အလိုရှိသည်မှာ မှန်ပါသည်၊ သို့သော် ဤအရာများသည် ဘုရားသခင်၏ အလယ်ဗဟို မဟုတ်ပါ။ ဘုရားသခင်သည် သင့်အား ငြိမ်သက်ခြင်း၊ ကောင်းကြီးမင်္ဂလာများ၊ ခွင့်လွှတ်ခြင်းများ၊ ထာဝရအသက်နှင့် စသည်တို့ကို ပေးနေရုံမျှသာ မဟုတ်ပါ။ ကိုယ်တော်၏ အလယ်ဗဟိုစဉ်းစားခြင်းမှာ လူအထဲသို့ ကိုယ်တော်တိုင် အလုပ်လုပ်ရန် ဖြစ်သည်။ ဖန်ဆင်းခြင်းအဟောင်းကဲ့သို့ ဖန်ဆင်းခြင်းအသစ်၌ ဘုရားသခင်၏ အဆုံးစွန်ပန်းတိုင်မှာ မည်သည့်အရာနည်း။ လူအထဲသို့ ကိုယ်တော်တိုင် အလုပ်လုပ်ရန် ဖြစ်သည်။ ဤအရာသည် ဘုရားသခင်၏ ပန်းတိုင်ဖြစ်သည်။ ဘုရားသခင်သည် ဤအရာကို လုပ်ဆောင်ရန် အဘယ်ကြောင့် အလိုရှိခြင်းကို ကျွန်ုပ်သည် သင့်အားမပြောဆိုနိုင်ပါ။ သို့သော် ဤအရာသည် ကိုယ်တော်၏ အလိုဆန္ဒဖြစ်ကြောင်း ကျွန်ုပ်သိသည်။ ကိုယ်တော်သည် လူအထဲသို့ ကိုယ်တော်တိုင် အလုပ်လုပ်ရန် အလိုဆန္ဒရှိသည်။ (*Messages Given during the Resumption of Watchman Nee's Ministry,* vol. 1, pp. 122, 107)

ဒါဝိဒ်သည် အာရဇ်သစ်သားအိမ်ကို ဘုရားသခင်တည်ဆောက်ရန် အလိုရှိသည်၊ သို့သော် ဘုရားသခင်သည် ဒါဝိဒ်အထဲသို့ ခရစ်တော်၌ ကိုယ်တော်တိုင် တည်ဆောက်ရန် အလိုရှိသည်။ ဤအပြန်အလှန်နေစရာကို ယော၊၁၄း ၂၃၌ ဖေါ်ပြထားသည်။ "ယေရှုက လည်း၊ ငါ့ကိုချစ်သောသူကို ….။ ငါ့ခမည်းတော်သည် ထိုသူကို ချစ်တော်မူသည်။ ငါတို့သည် လည်း သူ့ဆီသို့ကြွ၍ နေရာချမည်"။ ထိုနေရာသည် သုံးပါးတစ်ပါးဘုရားအတွက်သာ မဟုတ်ဘဲ၊ ကျွန်ုပ်တို့အတွက်လည်း ဖြစ်သည်။ ကျွန်ုပ်တို့၌ ဘုရားသခင်တည်ဆောက်နေသောအရာသည်၊ ဘုရားသခင်၏နေစရာနှင့် ကျွန်ုပ်တို့၏နေစရာလည်း ဖြစ်သည်။

ဘုရားသခင်သည် ကျွန်ုပ်တို့ လုပ်ဆောင်ခြင်းအားဖြင့်မဟုတ်ဘဲ၊ ကိုယ်တော်၏ တည်ဆောက်ခြင်းဖြင့် နေစရာနေရာကို လုပ်ဆောင်လိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့ သိနားလည်ထားဖို့ လိုသည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ဝိညာဉ်အထဲသို့ ဝင်ရောက်ခြင်းဖြင့် ကျွန်ုပ်တို့၏ဝိညာဉ်မှ ကျွန်ုပ်တို့၏စိတ်တစ်ခုလုံးကို သိမ်းပိုက်ရန် ကျွန်ုပ်တို့၏ အသိဉာဏ်၊ ခံစားမှုနှင့် အလိုဆန္ဒအထဲသို့ ကိုယ်တော်တိုင်ကို ပျံ့နှံ့ခြင်းဖြင့် အသင်းတော်ကို တည်ဆောက်နေသည် (မ၊၁၆း၁၈)။ ထိုအသင်းတော်သည် ကိုယ်တော်၏နေစရာနှင့် ကျွန်ုပ်တို့၏နေစရာ ဖြစ်လာလိမ့်မည်။ ဤအရာသည် ကျွန်ုပ်တို့လိုအပ်သောအရာဖြစ်ပြီး၊ ကျွန်ုပ်တို့၏ဝန်တာမှာ ဤအရာတစ်ခုတည်းအပေါ် အလေးထားရန် ဖြစ်သည်။

ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် တစ်စုံတစ်ရာကို တည်ဆောက်ရန် မလိုအပ်ပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့၏အသက်၊ သဘောသဘာဝနှင့် အနှစ်သာရအဖြစ် ကျွန်ုပ်တို့အထဲသို့ ခရစ်တော်၌ ကိုယ်တော်တိုင် တည်ဆောက်ရန် လိုအပ်သည်။ နောက်ဆုံးတွင် သုံးပါးတစ်ပါးဘုရားသည် ကျွန်ုပ်တို့၏မူလစေ့စပ်ထုံးဖွဲ့ခြင်း ဖြစ်လာလိမ့်မည်။ ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရားနှင့်အတူ စေ့စပ်ထုံးဖွဲ့ခြင်းကို ခံယူရမည်ဖြစ်သည်။ ထိုအရာသည် ဒါဝိဒ်၏မျိုးစေ့နှင့် သားတော်ဘုရား ဖြစ်လာလိမ့်မည်၊– အပြန်အလှန်နေစရာအတွက် ဘုရား၏လိုအပ်ချက်နှင့် ကျွန်ုပ်တို့၏လိုအပ်ချက်ကို ကျေနပ်စေသည့် ဘုရားနှင့် လူအတွက် တစ်စုံတစ်ရာဖြစ်သည်။ ယေရုရှလင်မြို့သစ်သည် ဤအပြန်အလှန်နေစရာ၏ ပြီးမြောက်ပြည့်စုံခြင်းဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ထိုနေရာတွင် ရှိလိမ့်မည်ဖြစ်သည်။ (*Life -study of 1 & 2 Samuel*, p. 196)

*ပို၍ဖတ်ရန်- Life -study of 1 & 2 Samuel*, msg. 25; *Messages Given during the Resumption of Watchman Nee's Ministry*, vol.1, chs. 20, 22

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————

——————————————————————————

——————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဆာ၊ ၁၄၆း၇–၉** **အိမ်တော်၏ကြွယ်ဝခြင်းနှင့် ရောင့်ရဲလျက်နေ၍ ကိုယ်တော်၏ ချမ်းသာမြစ်ရေကို သောက်စေခြင်းငှာ အခွင့်ပေးတော်မူ၏။ အကြောင်းမူကား၊ ကိုယ်တော်ထံမှာ အသက်စမ်းရေတွင်းရှိပါ၏။ အလင်းတော်ထဲမှာ အကျွန်ုပ်တို့သည် အလင်းကို ရကြပါ၏။**

ဆာလံ၊၁၄၆း၇–၉၌ ကျွန်ုပ်တို့သည် ခရစ်တော်အား ဘုရားသခင်အိမ်တော်၏ ကြွယ်ဝခြင်းအဖြစ် စားသုံးနိုင်ပြီး၊ ဝိညာဉ်တော်အား ဘုရားသခင်၏ချမ်းသာမြစ်ရေအဖြစ် သောက်သုံးနိုင်ကြောင်း ဖွင့်ပြထားသည်။ "အိမ်တော်၏ကြွယ်ဝခြင်းနှင့် ရောင့်ရဲလျက်နေ၍ ကိုယ်တော်၏ချမ်းသာမြစ်ရေကို သောက်စေခြင်းငှာ အခွင့်ပေးတော်မူ၏။ အကြောင်းမူကား၊ ကိုယ်တော်ထံမှာ အသက်စမ်းရေတွင်းရှိပါ၏။ အလင်းတော်ထဲမှာ အကျွန်ုပ်တို့သည် အလင်းကို ရကြပါ၏"။ ပုံဆောင်ချက်အားဖြင့် ကြွယ်ဝခြင်းသည် ပေါကြွယ်များပြားခြင်းကို ဆိုလိုသည်။ အထူးသဖြင့် ဤစကားသည် ယဇ်ပူဇော်ခြင်း(ခွန်အားရှိသော)၏(များစွာသော)ပြာများကို ရည်ညွှန်းခြင်းဖြစ်သည်။ ထိုကြောင့် ဘုရားသခင်အိမ်တော်၏ကြွယ်ဝခြင်းများသည် အရာအားလုံးပါဝင်သောခရစ်တော်ကို ပုံဆောင်သော အရာအားလုံးဖြစ်သည့် ဆက်ကပ်အပ်နှံခြင်းများ၊ ယဇ်ပူဇော်ခြင်းများမှ ပေါ်ထွက်လာသည် (ဟေဗြဲ၊၁၀း၅–၁၀)။ ထိုကြောင့် ဘုရားသခင်အိမ်တော်၏ကြွယ်ဝခြင်းများသည် ခရစ်တော်၏ကြွယ်ဝခြင်းကို ရည်ညွှန်းသည် (ဧ၊၃း၈)။ ဆက်ကပ်အပ်နှံခြင်း၏များစွာသောပြာများသည် ကိုယ်တော်အသေခံခြင်းဖြင့် ခရစ်တော်၏ပြီးမြောက်အောင်မြင်ခြင်းအမှတ်လက္ခဏာ ဖြစ်သည် (cf. footnotes 12 in Lev. 4and 10 in Lev. 6, Recovery Version)။ (*The Conclusion of the New Testament*, pp. 3160-3161)

## ယနေ့ဖတ်စရာ

ဆာ၊၁၄၆း၇–၉သည် ကိုယ်တော်၏အိမ်တော်၌ ဘုရားသခင်လူတို့၏မွေ့လျော်ဝမ်းမြောက်ခြင်းဖြစ်သော သုံးပါးတစ်ပါးဘုရားအား ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်း၌ ဖွင့်ပြထားသည်။ ကြွယ်ဝခြင်းများသည် သားတော် ခရစ်တော်ကို ရည်ညွှန်းသည်။ ဘုရားဆိုင်ရာချမ်းသာမြစ်ရေသည် အသက်မြစ်ရေဖြစ်သော ဝိညာဉ်တော် (ယော၊၇း၃၇–၃၉။ ဗျာ၊၂၂း၁)ကိုလည်းကောင်း၊ အသက်စမ်းရေတွင်းနှင့်အလင်း(ဆာ၊၁၄၆း၉)သည် အသက်နှင့်အလင်း၏အရင်းအမြစ်ဖြစ်သော ခမည်းတော်ကိုလည်းကောင်း(ယော၊၁း၄။ ၁ယော၊၁း၅။ ဗျာ၊၂၁း၂၃။ ၂၂း၁–၂၊ ၅) ရည်ညွှန်းခြင်းဖြစ်သည်။ ဤကျမ်းပိုဒ်

များက ကျမ်းစာတစ်ခုလုံးကို သုံးပါးတစ်ပါးဘုရား၏ ထိန်းချုပ်ထားသောရုပါရုံအရ ရေးသားထားခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။ ဤရုပါရုံမှာ ကိုယ်တော်၏ ရွေးချယ်ခံနှင့် ရွေးနုတ်ခံများ၌ သုံးပါးတစ်ပါးဘုရား အားဖြင့် သူတို့၏ ဖြစ်ခြင်းတစ်ခုလုံး၌ ပြည့်ဝပျော်ဝင်လာစေပြီး၊ သူတို့၏ အသက်နှင့် အသက်မစရာဖြစ်လာရန် သူတို့အထဲတွင် စမ်းရေတွင်းဖြစ်သောခမည်းတော်၊ ကြွယ်ဝခြင်းဖြစ်သောသားတော်နှင့် မြစ်ဖြစ်သောဝိညာဉ်တော်တည်းဟူသော သုံးပါးတစ်ပါးဘုရားကိုယ်တော်တိုင်သည် အလုပ်လုပ်နေခြင်းဖြစ်သည်။ (*The Conclusion of the New Testament,* p. 3161)

ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့အထဲတွင် ကိုယ်တော်တိုင် အလုပ်လုပ်ရန်ဖြစ်ကြောင်းကို များစွာသောခရစ်ယာန်တို့သည် မမြင်ကြပါ။ များစွာသောယုံကြည်သူများက ဘုရားသခင်သည် ဘုရားဖြစ်ကြောင်း၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဖန်ဆင်းခံများဖြစ်ကြောင်း၊ ကျွန်ုပ်တို့သည် ကျဆင်းလာကြောင်းနှင့် ကိုယ်တော်ချစ်သော ကြောင့် ကျွန်ုပ်တို့အတွက် ဘုရားသခင်သည် သားတော်အား ကားတိုင်ပေါ်တွင် အသေခံ ရန်နှင့် ရွေးနုတ်ခြင်းအမှုအောင်မြင်ရန် သားတော်ကို စေလွှတ်ကြောင်းသာ သိနားလည်ကြသည်။ စစ်မှန်သောခရစ်ယာန်များကလည်း ခရစ်တော်သည် ရှင်ပြန်ထမြောက်ပြီး၊ ထိုနောက် ကျွန်ုပ်တို့နောင်တရဖို့ လုပ်ဆောင်ပေးရန်၊ ကိုယ်တော်၌ ကျွန်ုပ်တို့ယုံကြည်လာစေရန်နှင့် ကျွန်ုပ်တို့၏ ကယ်တင်ရှင်အဖြစ် ကိုယ်တော့်ကိုလက်ခံရန် သန့်ရှင်းသောဝိညာဉ်တော်ကို စေလွှတ်တော်မူကြောင်းသာ သိနားလည်ကြသည်။ ဇာတိသဘောတရားအရဆိုလျှင်၊ ကျမ်းစာသည် ယုံကြည်သူတို့၏ နေ့စဉ်အသက်ရှင်ခြင်း၌ ဘုရားဘုန်းထင်ရှားစေဖို့ သူတို့ကိုသွန်သင်ရန် လူ့ကျင့်ဝတ်စာအုပ်အနေဖြင့် အသုံးပြုခံနေရခြင်းဖြစ်သည်။ နောက်ဆုံးတွင် ခရစ်ယာန်များသည် သူတို့သေဆုံးပြီးနောက်သော်လည်းကောင်း၊ သခင်ဘုရားပြန်ကြွလာပြီးနောက်သော်လည်းကောင်း၊ သူတို့သည် ကိုယ်တော်နှင့်အတူ ထာဝရနေထိုင်ရမည်ဖြစ်ကြောင်း ပြောဆိုခံရကြသည်။ ကျမ်းစာသည် ထိုသို့သောအရာများကိုသွန်သင်ထားသည်။ သို့သော် ဤသို့သွန်သင်ခြင်းများသည် အပေါ်ယံသာဖြစ်သည်။ ၎င်းတို့သည် ကျမ်းစာ၌ ဘုရားသခင်ဖွင့်ပြခြင်း၏ အလယ်ဗဟိုမဟုတ်ပါ။ ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ အလယ်ဗဟိုမှာ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဖန်ဆင်းပြီး၊ ကျွန်ုပ်တို့၏ အသက် ဖြစ်လာရန် ကျွန်ုပ်တို့အထဲသို့ သူကိုယ်တော်တိုင် အလုပ်လုပ်ရန် ရည်ရွယ်ချက်ဖြင့် ကျွန်ုပ်တို့ကို ရွေးနုတ်တော်မူခြင်းဖြစ်သည်။ သခင်ဘုရား၏ ပြန်လည်ရယူခြင်း၌ရှိသော ကျွန်ုပ်တို့သည် ဤဖွင့်ပြခြင်း၏ ပြည့်စုံသောရုပါရုံကို မြင်ဖို့လိုသည်။ ထိုပြည့်စုံသောရုပါရုံ ကျွန်ုပ်တို့၌ ရှိမည်ဆိုလျှင်၊ ကျွန်ုပ်တို့ဝတ်ပြုကိုးကွယ်ခြင်းသဘောထားသည် ဤရုပါရုံအားဖြင့် ထိန်းချုပ်ခြင်းခံရမည်ဖြစ်သည်။ ( *Life -study of Exodus,* pp. 515-516)

ကျမ်းစာရှိစာစောင်တိုင်းသည် ဆာ၊၃၆း၈–၉ကို သင်နားလည်ခြင်းဖြင့် အတည်ပြုသည်၊ အကြောင်းမှာ ကျမ်းစာတစ်ခုလုံးကို ကိုယ်တော်ရွေးနုတ်ထားသောလူတို့ မွေ့လျော်ဝမ်းမြောက်ခြင်း၊ သူတို့သောက်သုံးခြင်းနှင့် သူတို့၏ အသက်စမ်းရေတွင်းနှင့် အလင်းအဖြစ် သူတို့အထဲသို့ သုံးပါးတစ်ပါးဘုရားကို ယူဆောင်ရန် အလေ့အလာအရ ရေးသားထားသောကြောင့် ဖြစ်သည်။ ဓမ္မသစ်ကျမ်း၏ မည်သည့်အပိုင်းကိုမဆို ရှင်းလင်းဖော်ပြခြင်း၌ ဤအလေ့အလာကို ယူဆောင်မည်ဆိုလျှင် အဆုံးရှိတော့မည်မဟုတ်ပါ။ သင်၏ ဝေမျှချက်သည် မည်သည့်အပိုင်းကိုအသုံးပြုပြု ကြီးစွာသောကြွယ်ဝခြင်းဖြစ်ပေလိမ့်မည်။ ၎င်းသည် ကြွယ်ဝခြင်းများပြည့်လျက်၊ ချမ်းသာမြစ်ရေ၏ စီးဆင်းခြင်းများပြည့်လျက်၊ အသက်စမ်းရေတွင်းနှင့် အလင်းပြည့်လျက် ရှိပေလိမ့်မည်။ သင်၏ ဝေမျှချက်နှင့် သင်၏ အမှုဆောင်ခြင်းသည် တစ်မူထူးခြားလာလိမ့်မည်။ သင်သည် ပြောဆို၊ သွန်သင်၊ ဟောပြောသောအခါတိုင်း ဤမူလအလေ့အလာအတွင်းထဲတွင်ရှိနေ၍ အုပ်စိုးနေခြင်းဖြစ်သည်။ ဤအရာသည် ကျွန်ုပ်၏ ဝန်တာဖြစ်သည်။ သင်၏ ဝေမျှချက်များအတွက် အသက်တာလေ့လာခြင်းစာစောင်မှ အချို့သော အချက်များနှင့် ခေါင်းစဉ်များကို ယူဖတ်ရုံမျှဖြင့် အလုပ်မဖြစ်ပါ။ ဤအလေ့အလာဖြင့် သင်စေ့စပ်ထုံးဖွဲ့ခြင်းမရှိပါက၊ ဤအလေ့အလာသည် သင့်အဖို့ ရူပါရုံဖြစ်လာလိမ့်မည်မဟုတ်ပါ။ သင်၌ ကျမ်းစာဖတ်ရန် မျက်စိနှင့် နားလည်ရန် အသိဉာဏ်ရှိသော်ငြားလည်း၊ ဖွင့်ရန်သော့ ရှိမည်မဟုတ်ပါ။ (*Elders' Training, Book 2: The Vision of the Lord's Recovery,* pp. 158-159)

*ပို၍ဖတ်ရန်-* *Life -study of Exodus,* msg. 44; *Elders' Training, Book 2: The Vision of the Lord's Recovery,* ch. 13

***အလင်းဖွင့်ပြခံရခြင်းနှင့်နိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**မ၊ ငါဆိုသည်ကား၊ သင်သည် ပေတရုဖြစ်၏။ ဤကျောက်ပေါ်မှာ ငါ့**
**၁၆း၁၈ အသင်းတော်ကို ငါတည်ဆောက်မည်။ ထိုအသင်းတော်ကို မရဏာ**
**နိုင်ငံ၏တံခါးတို့သည် မနိုင်ရာ။**
**ဧ၊ ထိုဗိမာန်တော်၌ သင်တို့သည်လည်း ဝိညာဉ်၌ ဘုရားသခင်၏ကိန်းဝပ်**
**၂း၂၂ ရာနေရာအထဲသို့ အတူတကွတည်ဆောက်ခြင်းခံလျက်ရှိကြ၏။**

ဘုရားသခင်၏စိတ်နှလုံးအလိုတော်အတိုင်းဖြစ်သည့် လူ၊ ဒါဝိဒ်၌ ကြီးမားသော ကျဆင်းခြင်းရှိခဲ့သည်။ ဤအရာက ဘုရားသခင်၏စိတ်နှလုံးအလိုတော်အတိုင်း လူပုဂ္ဂိုလ်ဖြစ်ရုံမျှသည် အချည်းနှီးပင်ဖြစ်ကြောင်း ဖော်ပြသည်၊ လူတစ်ဦးသည် ဘုရားသခင်၏စိတ်နှလုံးအလိုအတိုင်း ဖြစ်ကောင်းဖြစ်နိုင်သော်လည်း၊ သူ၏စိတ်နှလုံးအထဲတွင် ဘုရားသခင်မရှိဘဲ ဗလာဖြစ်နေဆဲဖြစ်သည်။ ၂ရှမွေ၊၇၌ "ဒါဝိဒ်၊ သင်သည် ငါ့စိတ်နှလုံးအလိုတော်အတိုင်း ဖြစ်သည့်လူဖြစ်သော်လည်း၊ သင်၏စိတ်နှလုံးအထဲသို့ ငါ့ကိုယူဆောင်ဖို့ လိုအပ်သည်။ သင်သည် အသက်နှင့် သဘောသဘာဝ၌ ငါဖြစ်လာရန် သင်၏ဖြစ်ခြင်းအထဲသို့ ငါ့ကိုတည်ဆောက်ဖို့လိုသည်။ ငါ၏စိတ်နှလုံးတော်အတိုင်းဖြစ်လာရန် သင့်အတွက် လိုအပ်နေသေးသည်။ 'ငါအသက်ရှင်သည်မှာ ဘုရားသခင်ဖြစ်ကြောင်း' သင်ပြောနိုင်ရမည်"ဟု ဘုရားသခင်ပြောဆိုနေကြောင်း ထင်မြင်ရသည်။ ဒါဝိဒ်သည် ထိုသို့သောလူပုဂ္ဂိုလ်ဖြစ်မည်ဆိုလျှင်၊ သူသည် ကျဆင်းလိမ့်မည်မဟုတ်ပါ။ (*Life -study of 1 & 2 Samuel,* p. 200)

## ယနေ့ဖတ်စရာ

လူပုဂ္ဂိုလ်တစ်ဦးသည် ဘုရားသခင်၏အလိုတော်အတိုင်း ဖြစ်ကောင်းဖြစ်နိုင်သော်လည်း၊ သူ့အထဲတွင် ဘုရားကိုမယူဆောင်ဘဲ၊ ဘုရားမရှိဖြစ်နိုင်သည်။ ဒါဝိဒ်၏ကျဆင်းခြင်းက ဤအကြောင်းအချက်ကို ပုံဖော်ပြသည်၊ ကျွန်ုပ်တို့သည် ဘုရားသခင်အလိုတော်အတိုင်းဖြစ်သည့် လူပုဂ္ဂိုလ်တစ်ဦးဖြစ်သော်လည်း၊ ကျွန်ုပ်တို့အထဲသို့ ဘုရားသခင်ကို ယူဆောင်ခြင်းမရှိခဲ့သော်၊ ကျွန်ုပ်တို့သည် အခြားသူများထက် သာ၍မကောင်းနိုင်ပါ။ ကျွန်ုပ်တို့သည် စိတ်နှလုံးအထဲသို့ ဘုရားသခင်ကိုယူဆောင်ခြင်းမရှိသူများဖြစ်သော်၊ ဘုရားသခင်၏စိတ်နှလုံးအလိုတော်အတိုင်းဖြစ်သည့် တန်ဖိုးသည် မည်သည့်အရာနည်း။ ဘုရားသခင်သည် ကိုယ်တော်ရွေးချယ်ထားသောလူများအထဲတွင် ကိုယ်တော်တိုင် အလုပ်လုပ်ရန် ဆန္ဒရှိကြောင်းနှင့် ဤအရာသည် ကျွန်ုပ်တို့အားလုံးလိုအပ်သည့်

အရာဖြစ်ကြောင်းကို ကျွန်ုပ်တို့သိမည်ဆိုလျှင်၊ ကျွန်ုပ်တို့အမှုဆောင်ခြင်း၏ပန်းတိုင်သည် အခြားသူများအား ခရစ်တော်ကို အမှုဆောင်ခြင်း ဖြစ်လာလိမ့်မည်ဖြစ်၍ သုံးပါးတစ်ပါးဘုရားသည် သူတို့၏ဖြစ်ခြင်းအထဲသို့ ကိုယ်တော်တိုင်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ယနေ့ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့၏ အလုပ်မှာ လူတို့ထံသို့ ဘုရားသခင်ကို အမှုဆောင်ရန် ဖြစ်သည်။ ဟုတ်ပါသည်၊ ကျွန်ုပ်တို့သည် အပြစ်သားများကို ကယ်တင်ပြီး၊ သန့်ရှင်းသူများကို ကျွေးမွေးကာ သူတို့ကို စုံလင်လာစေဖို့ လိုသည်။ အရေးကြီးသောအကြောင်းအရာမှာ ကျွန်ုပ်တို့သည် အခြားသူများထံသို့ ဘုရားသခင်ကို အမှုဆောင်ရမည့်အကြောင်းဖြစ်သည်။ ကျွန်ုပ်တို့အမှုဆောင်နေသော ဘုရားသခင်သည် တည်ဆောက်နေသောဘုရားမျှသာမဟုတ်ဘဲ၊ ကိုယ်တော်သည် တည်ဆောက်ခံသောဘုရားလည်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဤနည်းလမ်း၌ ဘုရားသခင်ကို အမှုဆောင်ရန် ဖျက်ကွက်ပါက၊ ကျွန်ုပ်တို့၏ အမှုဆောင်ခြင်းသည် သစ်သား၊ မြက်ခြောက်နှင့် ကောက်ရိုးဖြစ်နေပေလိမ့်မည် (၁ကော၊၃း၁၂)။

သခင်ဘုရားအတွက် သင်လုပ်ဆောင်နေသောအမှုတော်ကို သင်ပြန်စဉ်းစားရန် ကျွန်ုပ်သင့်ကို ပြောလိုပါသည်။ သင်သည် ဒေသန္တရတစ်ခုကို ဖွင့်လှစ်ပေးနိုင်ခြင်းသော်လည်းကောင်း၊ လူများစွာတို့ကို ဘုရားသခင်ထံသို့ သင်ပို့ဆောင်နိုင်ခြင်းသော်လည်းကောင်း ရှိကောင်းရှိနိုင်သည်။ သို့သော် ကျွန်ုပ်သည် သင့်အား ဤမေးခွန်းကို မေးလိုပါသည်။ ဘုရားသခင်ထံသို့ သင်ပို့ဆောင်သောလူတို့အထဲသို့ သုံးပါးတစ်ပါးဘုရား၏ကိုယ်ထင်ရှားခြင်းဖြစ်သော ခရစ်တော်ကို မည်မျှထည့်ဝင်ခဲ့ပါသနည်း။ ကျွန်ုပ်တို့သည် ရိုးသားစစ်မှန်သူများဖြစ်မည်ဆိုလျှင်၊ ဘုရားသခင်ထံပို့ဆောင်ခဲ့သော ထိုသူများအထဲသို့ သုံးပါးတစ်ပါးဘုရားကို များစွာထည့်ဝင်ခြင်းမရှိကြောင်း၊ ကျွန်ုပ်တို့သည် နှိမ့်ချ၍ ဝန်ခံရလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အခြားသူများအထဲသို့ အဆင့်ဆင့်ဖြတ်ကျော်ပြီးသော သုံးပါးတစ်ပါးဘုရားကို အမှုဆောင်ရန်ဖြစ်သည့်– ဤအရာကို လက်တွေ့လုပ်ဆောင်ဖို့ လိုအပ်သည်၊ သို့မှသာ ကိုယ်တော်သည် သူတို့၏ အတွင်းလူအထဲသို့ ကိုယ်တော်တိုင် တည်ဆောက်နိုင်မည်ဖြစ်သည်။ ဧဝံဂေလိ ဟောပြောခြင်း၊ ယုံကြည်သူများကို ကျွေးမွေးခြင်း၊ သန့်ရှင်းသူများကို စုံလင်စေခြင်းဖြစ်သည့်၊– ကျွန်ုပ်တို့အမှုဆောင်သော အကြောင်းအရာတိုင်း၌ ပင်ကိုမူလဒြပ်သဘောသဘာဝဖြစ်သော တည်ဆောက်နေသောဘုရားသခင်၊ တည်ဆောက်ခံသော ဘုရားသခင်ကို အခြားသူများထံသို့ အမှုဆောင်ရမည်ဖြစ်သည်။ ဤနည်းလမ်း၌ အမှုဆောင်ရန် သခင်ဘုရားသည် သင့်ကို သွန်သင်ပါမည့်အကြောင်း၊ ဆုတောင်းရန် သင့်အား ကျွန်ုပ်တိုက်တွန်းပါသည်။

အဆင့်ဆင့်ဖြတ်ကျော်ခဲ့သောသုံးပါးတစ်ပါးဘုရားအား ခရစ်တော်၌ ကိုယ်ထင်ရှားခြင်းနှင့် ပြီးမြောက်ပြည့်စုံသောဝိညာဉ်တော်အဖြစ် သိနားလည်းခြင်း ရှိရပေမည်။ ဤ သည်မှာ ကျွန်ုပ်တို့ကိုးကွယ်သောဘုရား၊ အခြားသူများကို အမှုဆောင်၍ ကျွန်ုပ်တို့ ဟောပြောသောဘုရား ဖြစ်သည်။ ယနေ့ ကိုယ်တော်သည် ဒြပ်သဘောသဘာဝဖြစ်သော ကိုယ်တော်တိုင်နှင့် သူတို့၏ ရွေးနုတ်ခံရသော၊ မြှင့်တင်ခံရသော လူသားဖြစ်ခြင်းမှ တစ်စုံတစ်ရာနှင့်အတူ အိမ်တော်ကို တည်ဆောက်ရန် သူ၏ ရွေးနုတ်ခံလူတို့အထဲသို့ ကိုယ်တော်တိုင်ကို တည်ဆောက်ပေးနေသည်။ ဤအိမ်တော်သည် အသင်းတော်၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်သည်။ ဤအိမ်တော်သည် ဝိညာဉ်တော်အဖြစ် သိနားလည်ရသော သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်းတည်းဟူသော၊ ခရစ်တော်၏ ကြီးမားထင်ရှားခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် မွေးဖွားခြင်း၊ ကျွေးမွေးခြင်း၊ စုံလင်စေခြင်းနှင့် တည်ဆောက်ခြင်း၏ အဆင့်လေးဆင့်၌ ဘုရားသခင်စီမံထားသောလမ်းကို သယ်ဆောင်သောအခါ၊ ကျွန်ုပ်တို့၏ အမှုဆောင်ခြင်းအလုပ်သည် ကိုယ်တော်၏ ရွေးချယ်ခံလူများအထဲသို့ ကိုယ်တိုင်တည်ဆောက်နေသော အဆင့်ဆင့်ဖြတ်ကျော်ခဲ့သော သုံးပါးတစ်ပါးဘုရားအပေါ် အခြေပြုရမည်ဖြစ်သည်။

ထိုဖွင့်ပြခြင်းသည် ဘုရားသခင်နှင့် ဘုရားသခင်၏ တည်ဆောက်ခြင်းကို ကျွန်ုပ်တို့နားလည်းခြင်းအပေါ် အုပ်စိုးနေသည့် အလေ့အလာ ဖြစ်လာသင့်သည်။ ကျွန်ုပ်တို့သည် အသင်းတော်တည်ဆောက်ခြင်းအကြောင်းသော်လည်းကောင်း၊ ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအကြောင်းသော်လည်းကောင်း ပြောသောအခါ၊ ဤတည်ဆောက်ခြင်းသည် လူ့သဘောသဘာဝအထဲသို့ ဘုရားသဘောသဘာဝနှင့် ဘုရားသဘောသဘာဝအထဲသို့ လူ့သဘောသဘာဝ၏ စေ့စပ်ထုံးဖွဲ့ခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့သိနားလည်ဖို့ လိုသည်။ ထိုကြောင့် ဤတည်ဆောက်ခြင်းသည် ဘုရားသဘောသဘာဝနှင့် လူသားသဘောသဘာဝ တစ်ခုနှင့်တစ်ခုအထဲသို့ စေ့စပ်ထုံးဖွဲ့ခြင်းဖြစ်ဖြစ်သည်။ (*Life -study of 1 & 2 Samuel*, pp. 200-201, 205-206)

*ပို၍ဖတ်ရန်-* *Life -study of 1 & 2 Samuel*, msgs. 30-31

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

## *နံနက်ခင်းကျွေးမွေးခြင်း*

**၂ကော၊ ၃း၆ ပဋိညာဉ်တရားသစ်၏ အမှုဆောင်များဖြစ်နိုင်သောအစွမ်းသတ္တိကို ဘုရားသခင်သည် ငါတို့အား ပေးတော်မူ၏။ ထိုသို့ဆိုသော် ကျမ်းဟောင်းတရား၏ အမှုဆောင်များကို မဆိုလို၊ ဝိညာဉ်တော်၏ အမှုဆောင်များကို ဆိုလို၏။ ကျမ်းဟောင်းတရားသည် အသက်ကို သတ်တတ်၏။ ဝိညာဉ်တော်မူကား အသက်ကိုပေး၏။**

**၈ ဝိညာဉ်တော်၏ အမှုတော်သည် သာ၍ဘုန်းအာနုဘော်ပြည့်စုံရလိမ့်မည် မဟုတ်လော။**

၁ကော၊၃း၁၂၌ ပေါလုက တည်ဆောက်ခြင်းတန်ဆာပလာ နှစ်မျိုးရှိကြောင်း ပြောဆိုထားသည်၊– လူသားနှင့်လောကဆိုင်ရာဖြစ်သည့် သစ်သား၊ မြက်၊ ကောက်ရိုးနှင့် အဖိုးတန်ရတနာနှင့် ပုံသဏ္ဍာန်ပြောင်းလဲခြင်းခံရသော ပစ္စည်းများဖြစ်သည့် ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်များ တို့ဖြစ်သည်။ ကျွန်ုပ်တို့သည် အသင်းတော်အား ကျွန်ုပ်တို့၏ ဇာတိနောက်ကြောင်းအရသော်လည်ကောင်း၊ ဇာတိအသက်ရှင်ခြင်းနည်းလမ်းအရသော်လည်းကောင်း၊ ကျိုးစားရယူထားသောအရာများဖြစ်သည့် သစ်သား၊ မြက်နှင့် ကောက်ရိုးတို့ဖြင့် တည်ဆောက်မည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် အသင်းတော်ကို အရုပ်ဆိုးစေလိမ့်မည်ဖြစ်သည် (အငယ်၊၁၇)။ ကျွန်ုပ်တို့သည် အသင်းတော်ကို ဘုရားသခင်၊ ခရစ်တော်နှင့် ဝိညာဉ်တော်တို့နှင့်စပ်လျဉ်း၍ပုံဆောင်ထားသော ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်များဖြင့် တည်ဆောက်ရမည်။ ဤအရာများဖြင့် အသင်းတော်ကိုတည်ဆောက်ခြင်းသည် အဆင့်ဆင့်ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားဖြင့် အသင်းတော်ကို တည်ဆောက်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် အသင်းတော်ကို အဆင့်ဆင့်ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံသောသုံးပါးတစ်ပါးဘုရားဖြင့် တည်ဆောက်ခြင်းသည် တည်ဆောက်သူများအမှန်ဖြစ်ရုံသာမကဘဲ၊ ဘုရားသခင်သည် ကျွန်ုပ်တို့အားဖြင့် လူတို့အထဲသို့ ကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးကာ ပို့လွှတ်ရန် နည်းလမ်းအဖြစ် ကျွန်ုပ်တို့ကို အသုံးပြုနေခြင်းဖြစ်သည်။ (*Life -study of 1 & 2 Samuel*, p. 162)

## *ယနေ့ဖတ်စရာ*

၂ကော၊၃း၈တွင် ဝိညာဉ်တော်၏ အမှုဆောင်ခြင်းအကြောင်း ပြောဆိုထားသည်။ အမှုဆောင်ခြင်းသည် တုန္နိုင်းရာမဲ့အမှုဆောင်ခြင်းကို ရည်ညွှန်းခြင်းဖြစ်သော်လည်း၊ အများကိန်းဖြစ်သော *အမှုဆောင်သူများ*သည် များစွာသောအမှုဆောင်သူများဖြစ်ကြ

သည်။ *အမှုဆောင်သူများ*သည် လူတို့ကို ရည်ညွှန်းခြင်းဖြစ်သော်လည်း၊ *အမှုဆောင်ခြင်း*သည် လူတို့အားဖြင့် လုပ်ဆောင်ရသောအလုပ်ကို ရည်ညွှန်းသည်။ အမှုဆောင်သူများဖြစ်သော ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏ လူများ ဖြစ်ကြသည်။ ကျွန်ုပ်တို့၏ အမှုဆောင်ခြင်းသည် ဝိညာဉ်တော်၏ အမှုဆောင်ခြင်းမျှသာမဟုတ်ပါ။ ဝိညာဉ်တော်၏ အမှုတော်လည်းဖြစ်သည်။ တစ်စုံတစ်ရာ၏ ဖြစ်ခြင်းနှင့် ထိုအရာ၏ ဖြစ်ခြင်းသည် မတူခြားနားသည်။ တစ်စုံတစ်ရာသည် ရွှေ၏ဖြစ်ခြင်းဟု ပြောခြင်းမှာ ၎င်းတွင် ရွှေအချို့ရှိခြင်းကို ဆို လိုသည်၊ သို့သော် ထိုအရာသည် ရွှေဖြစ်ကြောင်း ပြောခြင်းမှာ ထိုအရာတစ်ခုလုံးသည် ရွှေဖြစ်ကြောင်း ဆိုလိုသည်။ ယနေ့ ကျွန်ုပ်တို့၏ အမှုဆောင်အလုပ်သည် ဝိညာဉ်တော်ဖြစ်သည်။ ကျမ်းစာက ပထမဦးဆုံး ကျွန်ုပ်တို့အား နှုတ်ကပတ်တော်သည် ဝိညာဉ်ဖြစ်ကြောင်း ပြောဆိုသည် (ယော၊၆း၆၃)။ ဧ၊၆း၁၇တွင် ပေါလုက ဝိညာဉ်တော်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်ကြောင်း ဆိုခြင်းဖြင့် အခြားနည်းလမ်း၌ ဤအရာကို ဖော်ပြထားသည်။ ကျမ်းစာဘာသာပြန်ဆိုသူများသည် ဝိညာဉ်တော်၏ ဓါးဆိုသည့် ကျမ်းပိုဒ်အပေါ် အငြင်းအခုံဖြစ်ခဲ့ကြသည်။ ဝိညာဉ်တော်၏ ဓါးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်ကြောင်း လူများစွာတို့က သိနားလည်ကြသည်။ နှုတ်ကပတ်တော်သည် ဓါးဖြစ်ကြောင်း ဆိုလိုသည်။ သို့သော် ဂရိသဒ္ဒါကျမ်းအရ၊ ဝိညာဉ်တော်ဖြစ်သည့်အရာသည် ဓါးမဟုတ်ပါ၊ နှုတ်ကပတ်တော်ဖြစ်သည်။

ယနေ့ ကျွန်ုပ်တို့လုပ်ဆောင်နေသောအမှုတော်သည် ဝိညာဉ်ဆိုင်ရာအမှုတော် ဖြစ်ကြောင်း ဆိုရုံမျှမဟုတ်ပါ။ ယနေ့ ကျွန်ုပ်တို့လုပ်ဆောင်နေသောအမှုတော်သည် ဝိညာဉ်တော်ဖြစ်သည်။ သခင်ယေရှုက "ငါပြောသောစကားသည် ဝိညာဉ်ဖြစ်၏ "ဟု မိန့်ဆိုရန် ဓမ္မသစ်ကျမ်း၌ ဦးဆောင်မှုယူခဲ့သည် (ယော၊၆း၆၃)။ ဤအလေ့အလာအရ၊ ကျွန်ုပ်တို့အား သခင်ဘုရားပေးအပ်ခဲ့သောအမှုတော်သည် ဝိညာဉ်တော်ဖြစ်ကြောင်း ကျွန်ုပ်တို့ ပြောဆိုနိုင်သည်။ ဓမ္မသစ်၏ အမှုဆောင်ခြင်းအလုပ်သည် ဝိညာဉ်ဆိုင်ရာအမှုဆောင်ခြင်းမျှသာမဟုတ်ဘဲ၊ ဝိညာဉ်တော်၏ အမှုဆောင်ခြင်းဖြစ်သည်။ ဂရိဘာသာ၌ ဝိညာဉ်တော်၏ အမှုဆောင်ခြင်းကဲ့သို့သော စကားစုများကို အဓိပ္ပါယ်ဖော်ပြရန် အခြားစကားစုတစ်ခုနှင့် ပူးကပ်ထားခြင်းများ ရှိသည်။ *ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ* ဟူသည်မှာ ဘုရားသခင်နှင့် ချစ်ခြင်းမေတ္တာသည် တစ်ခုတည်းဖြစ်ကြောင်း၊ *ဘုရားသခင်၏ အသက်* ဟူသည်မှာ ဘုရားသခင်နှင့်အသက်သည် တစ်ခုတည်းဖြစ်ကြောင်းနှင့် *ဝိညာဉ်တော်၏ အမှုဆောင်ခြင်း* ဟူသည်မှာ ဝိညာဉ်တော်နှင့် အမှုဆောင်ခြင်းသည် တစ်ခုတည်းဖြစ်ကြောင်းကို ဆိုလိုခြင်းအဓိပ္ပါယ် ဖြစ်သည်။ ကျွန်ုပ်တို့လုပ်ဆောင်ရန် ထွက်သွားသည့် အမှု

ဆောင်ခြင်းအလုပ်သည် ဝိညာဉ်ဆိုင်ရာအမှုဆောင်ခြင်းအလုပ်မျှသာမဟုတ်ဘဲ၊ ထိုအလုပ်သည်လည်း ဝိညာဉ်တော်ဖြစ်သည်။ သခင်ဘုရားက "ဝိညာဉ်တော်သာလျှင် အသက်ပေး၏ အသွေးအသားသည် အလျှင်းမတတ်နိုင်"ဟူ၍ မိန့်တော်မူထားသည် (အငယ်၊၆၃)။ ဤအရာကို ကျွန်ုပ်တို့က သြဝါဒသည် အလျှင်းမတတ်နိုင်၊ ဝိညာဉ်တော်သာလျှင် အသက်ပေးသည်ဟူ၍လည်း ဆိုနိုင်သည်။ ကျွန်ုပ်တို့ပြောဆိုသောစကားသည် ဝိညာဉ်ဖြစ်လျှင်၊ ၎င်းသည် အသက်ကို ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဓမ္မသစ်ကျမ်း၏ဖွင့်ပြခြင်းများအားလုံးသည် ဝိညာဉ်ဖြစ်လာရန် ကျွန်ုပ်တို့ကို တောင်းဆိုနေသည်။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်ဖြင့် ပြည့်ဝသောသူများ ဖြစ်လာပါက၊ ကျွန်ုပ်တို့ပြောဆိုသောစကားများသည် ဝိညာဉ်ဖြစ်လာလိမ့်မည်ဖြစ်ပြီး၊ ကျွန်ုပ်တို့လုပ်ဆောင်သောအမှုတော်သည်လည်း ဝိညာဉ်ဖြစ်လာလိမ့်မည်ဖြစ်သည်။

ယနေ့ ကျွန်ုပ်တို့သည် အတ္တကို မေ့ထားပြီး ငြင်းပယ်၍၊ အတွင်းပိုင်းတွင် ခရစ်တော်ကို အသက်အဖြစ် ခံယူခြင်းအသက်တာကို အသက်ရှင်ဖို့လိုသည်။ အတွင်းထဲတွင် ခရစ်တော်ကို အသက်အဖြစ်လက်ခံယူခြင်းသည် ခရစ်တော်နောက်သို့လိုက်သည့် စစ်မှန်သောနည်းလမ်းဖြစ်သည်။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းခံရသောအခါ၊ ခရစ်တော်နောက်သို့လိုက်ရန် အရာအားလုံးကို စွန့်ရမည့်အကြောင်း ကြားကောင်းကြားမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် နောက်တော်သို့လိုက်ရန် ထိတွေ့ခံရ၍ အလိုဆန္ဒ ရှိကောင်းရှိမည်ဖြစ်သော်လည်း၊ မည်သို့လိုက်ရမည်ကို သိချင်မှ သိပေမည်။ ထိုနောက် တစ်နေ့တွင် ခရစ်တော်နောက်သို့ စစ်မှန်စွာလိုက်ခြင်းသည် ကျွန်ုပ်တို့၏ အတ္တကိုမေ့ထားကာ၊ အတွင်းထဲတွင် နှူးမာခရစ်တော်ကို လက်ခံ၍၊ ကျွန်ုပ်တို့၏ အသက်အဖြစ် ကိုယ်တော့်ကို ခွင့်ပြုခြင်းဖြင့်၊ တစ်နေ့ပြီးတစ်နေ့ ကျွန်ုပ်တို့၌ ကိုယ်တော်တိုးပွား၍ ကြီးထွားလာရန် အခွင့်ပေးရမည်ကို မြင်တွေ့ရန် အလင်းကို လက်ခံရရှိမည်ဖြစ်သည်။ ဤအရာသည် ကျွန်ုပ်တို့၌ ဝိညာဉ်တော် တိုးပွား၍ ကြီးထွားလာခြင်းဖြစ်သည်။ ဤနည်းလမ်း၌ ကျွန်ုပ်တို့သည် တစ်နေ့တွင် ဝိညာဉ်ဆိုင်ရာဖြစ်လာရုံသာမက၊ ဝိညာဉ်လည်းဖြစ်လာမည်ဖြစ်သည်။ (*Bearing Remaining Fruit*, vol. 2, pp. 290-292)

*ပို၍ဖတ်ရန်-* *Life -study of 1 & 2 Samuel*, msg. 24; *Bearing Remaining Fruit*, vol. 2, ch. 24

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————

——————————————————————————————————————

——————————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဧ၊ ၄း၄ သင်တို့ကိုခေါ်တော်မူခြင်း၏ မျှော်လင့်ခြင်းတစ်ခုတည်း၌ သင်တို့သည် ခေါ်တော်မူခြင်းခံရသည်နှင့်အညီ၊ ကိုယ်ခန္ဓာတော်တစ်ကိုယ်နှင့် ဝိညာဉ်တော်တစ်ဝိညာဉ်တည်းရှိ၏။**

**၁၆ ထိုဦးခေါင်းတော်မှ၊ အဆစ်အပိုင်းတိုင်း၏ကြွယ်ဝသောအားဖြည့်ခြင်းနှင့် အင်္ဂါအသီးသီး ကိုယ်ငန်းကိုယ်တာအတိုင်း လုပ်ဆောင်ခြင်းအားဖြင့် ကိုယ်ခန္ဓာတော်တစ်ခုလုံးသည် အတူတကွဆက်စပ်ထုံးဖွဲ့လျက်၊ မိမိကိုယ်ကို မေတ္တာ၌ တည်ဆောက်ခြင်းငှါ၊ ကိုယ်ခန္ဓာတော်ကို ကြီးထွားစေတတ်၏။**

ဘုရားသခင်၏စီမံကိန်းဟူသည်မှာ ဘုရားသခင်သည် ကျွန်ုပ်တို့အား ခရစ်တော်၏ကိုယ်ခန္ဓာတော်၊ ဘုရားသခင်၏ အိမ်တော်၊ ဘုရားသခင်၏ နိုင်ငံတော်ဖြစ်သည့် အသင်းတော်ကို ထုတ်လုပ်ခြင်းနှင့် ခရစ်တော်၏ အဖေါ် အဖက်အဖြစ် နောက်ဆုံးတွင် ယေရုရှလင်မြို့သစ်လုံးလုံးဖြစ်လာရန် ပုံသဏ္ဌာန်ပြောင်းလဲစေနိုင်ခြင်းအတွက် အသွေးအသားအဖြစ်ခံယူ၍ လူသားအသက်ရှင်ခြင်းကို အဆင့်ဆင့်ဖြတ်ကျော်ခြင်းဖြင့်၊ အသေခံကာ၊ ရှင်ပြန်ထမြောက်၍ ဝိညာဉ်တော်ဖြစ်လာခြင်းဖြင့် အသက်အဖြစ် ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်လာရန်နှင့် ကျွန်ုပ်တို့အထဲသို့ ဘုရားသခင်ကို ဝေငှဖြန့်ဖြူးပေးရန်ဖြစ်သည်။ ဤအရာသည် ကျမ်းစာဖြစ်သည်၊ ဤအရာသည် ကျွန်ုပ်တို့ကို အုပ်စိုးကာထိန်းချုပ်ပေးနေသော ရူပါရုံဖြစ်သည်။

ကျွန်ုပ်တို့သည် ဤရူပါရုံကို ရှင်းလင်းစွာမြင်ခြင်းဖြင့် အုပ်စိုးခြင်းနှင့် ထိန်းချုပ်ခြင်းကို ခံယူမှသာလျှင်၊ ကျွန်ုပ်တို့လုပ်ဆောင်သည့်အမှုတော်သည် ဒေသန္တရအသင်းတော်တစ်ပါး၏ အမှုကိုဆောင်ခြင်းမဟုတ်ဘဲ၊ တစ်ခုတည်းသောကိုယ်ခန္ဓာတော်၏ အမှုကိုဆောင်ခြင်းဖြစ်ပေမည်။ (*The Governing and Controlling Vision in the Bible*, pp. 17, 76)

## ယနေ့ဖတ်စရာ

ကျွန်ုပ်တို့သည် နောက်ကြောင်းပြန်ကြည့်ခြင်းဖြင့်၊ ညီအစ်ကိုနီးသည် မည်သည့်အရာကို ပြီးမြောက်ခဲ့သနည်း၊ ကျွန်ုပ်သည် မည်သည့်အရာကို ပြီးမြောက်ခဲ့သနည်း။ ကျွန်ုပ်တို့လုပ်ဆောင်ပြီးသောအရာအားလုံးကို သခင်ဘုရားအတွက် ကိုယ်တော်၏ သားများကို ကျွေးဇူးတော်ဖေါ်ပြရန် ဤနေရာတွင် ထားခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့လုပ်ဆောင်ပြီးခဲ့သောအမှုတော်သည် သခင်ဘုရား၏ပြန်လည်ရယူခြင်းဖြစ်သည်။ ကျွန်ုပ်တို့

သည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို မြင်ရမည်၊ ဤရူပါရုံနှင့်စပ်လျဉ်း၍ ရှင်လင်းမှု ရှိရမည်။ ကျွန်ုပ်တို့သည် ဤရူပါရုံ၏ အောက်တွင် သခင်ဘုရား၏ ပြန်လည်ရယူခြင်း အမှုတော်ကို လုပ်ဆောင်ရမည်။ သခင်ဘုရား၏ ပြန်လည်ရယူခြင်း အမှုတော်သည် ကိုယ်တော်၏ စီမံကိန်း အလုပ်၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို အမှုဆောင်ခြင်း အလုပ်ဖြစ်သည်။

ကျွန်ုပ်တို့အားလုံးသည် ကိုယ်ခန္ဓာတော်ကို မြင်ပြီး၊ ကိုယ်ခန္ဓာတော်၏ အမှုတော်ကို လုပ်ဆောင်ရမည်။ အသင်းတော်၌ဖြစ်စေ၊ ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်ရေး အသက်တာ၌ဖြစ်စေ၊ ကျွန်ုပ်တို့၏ ပြဿနာများ အလုံးသည် ကိုယ်ခန္ဓာတော်ကို ကျွန်ုပ်တို့မမြင်သောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့၏ ဇနီးနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ မှားယွင်းသောသဘောထားသည် ပင်လျှင်၊ ကိုယ်ခန္ဓာတော်ကို ကျွန်ုပ်တို့ မသိကျွမ်းသောကြောင့် ဖြစ်သည်။ ကိုယ်ခန္ဓာတော်ကိုသိကျွမ်းခြင်းသည် ကျွန်ုပ်တို့၏ အသင်းတော်အသက်တာကို သာမက၊ ကျွန်ုပ်တို့၏ အဆွေခင်ပွန်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့၏ သဘောထားကိုလည်း ပြောင်းလဲစေသည်။ (*The Governing and Controlling Vision in the Bible*, p. 33)

ဘုရားသခင်၏ သားများသည် ကိုယ်ခန္ဓာတော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းကို မြင်သောအချိန်တိုင်း၊ သူတို့သည် အမှုတော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းကိုလည်းမြင်မည်ဖြစ်၍ ကိုယ်ခန္ဓာတော်၏ အမှုတော်အထဲသို့ တစ်ဦးချင်းဆိုင်ရာအမှုဆောင်ခြင်းမှ ကယ်တင်ခြင်းခံရလိမ့်မည်ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့သည် မိမိတို့အားဖြင့် အမှုမဆောင်ရဟု ဆိုလိုခြင်းမဟုတ်ပါ။ အမှုတော်အလုပ်ကို ကျွန်ုပ်တို့ပိုင်ဖြစ်လာရန် မစဉ်းစားပါနှင့်ဟု ဆိုလိုခြင်းဖြစ်သည်။ အလုပ်သည် ကျွန်ုပ်တို့အားဖြင့် ပြီးမြောက်သည်ဖြစ်စေ၊ မပြီးမြောက်သည့်ဖြစ်စေ၊ အကြောင်းမဟုတ်ပါ၊ ၎င်းကိုလုပ်ဆောင်နေသမျှ၊ ကျွန်ုပ်တို့သည် ကျေနပ်နေရမည်ဖြစ်သည်။ (*The Collected Works of Watchman Nee*, vol. 37, p. 244)

ဒေသန္တရများ အားလုံးရှိ လုပ်ဖော် ဆောင်ဖက်များသည် တုနှိုင်းရာမဲ့သောကိုယ်ခန္ဓာတော်အတွက် တစ်ခုတည်းသောစကြဝဠာဆိုင်ရာအမှုတော်အလုပ်ကို တညီတညာတည်း လုပ်ဆောင်ရမည်။ ကျွန်ုပ်တို့သည် တစ်ခုတည်းသော အမှုဆောင်ခြင်း အလုပ်ကိုသာ လုပ်ရမည်။ အတိတ်ကာလက ပြန်လည်ရယူခြင်း၌ များစွာသော အမှုတော်အလုပ်များရှိခဲ့သည်။ ဤအရာသည် ကျွန်ုပ်တို့အထဲတွင် ရှိနေသေးသည်။ ဤမတူညီသော အလုပ်အမျိုးမျိုးသည် ကွဲပြားခြင်းများစွာကို ထွက်ပေါ် စေနိုင်သောကြောင့်၊ အန္တရယ်ဖြစ်ပေသည်။ ကျွန်ုပ်တို့သည် လက်ရှိအခြေအနေကို စဉ်းစားဖို့လိုသည်၊ သို့မှသာ အမှုဆောင်ခြင်းအလုပ်များစွာကို ရှင်းပစ်နိုင်မည်ဖြစ်သည်။ အမှုတော်အလုပ်သည် တစ်ခုတည်းသာ ဖြစ်ရမည်။ ပေါလုနှင့် ပေတရုသည်ပင်လျှင်၊ အမှုတော်နှစ်ခုကို လုပ်ဆောင်

ခြင်းမဟုတ်ပါ။ သူတို့သည် ဒေသမတူသောနေရာ၌ အမှုဆောင်သော်ငြားလည်း၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်တည်ဆောက်ရန် တစ်ခုတည်းသောအမှုတော်ကိုသာ လုပ်ဆောင်ကြခြင်းဖြစ်သည်။ (*Elders' Training, Book 11: The Eldership and the God-ordained Way (3),* pp. 118-119)

မြေကြီးပေါ် ရှိ အသင်းတော်များအားလုံးသည် သခင်ဘုရား၏ပြန်လည်ရယူခြင်းအတွက်ဖြစ်သောကြောင့်၊ ကျွန်ုပ်တို့တွင် တစ်ခုတည်းသော ဦးဆောင်ခြင်းနှင့် တစ်ခုတည်းသောအမှုတော်သာ ရှိရမည်။ ဤအမှုတော်သည် တစ်ဦးချင်း၏ပုဂ္ဂိုလ်အလုပ်မဖြစ်စေရ။ ခေတ်ကာလနှင့် မျိုးရိုးစဉ်ဆက်တိုင်းတွင် သခင်ဘုရား၌ ကိုယ်တော်၏လှုပ်ရှား လုပ်ဆောင်မှုရှိသည်၊ ခေတ်ကာလတစ်ခုချင်းတွင် ကိုယ်တော်၌ သီးသန့်လှုပ်ရှားလုပ်ဆောင်မှုရှိသည်။ နောဧ၏ အချိန်ကာလ၌ သခင်ဘုရား၏လှုပ်ရှားမှုပန်းတိုင်သည် သင်္ဘောတည်ဆောက်ရန်ဖြစ်သည်၊ သင်္ဘောကိုရရှိရန်အလို့ငှာ သခင်ဘုရားသည် ဤအမှုတော်ကို လုပ်ဆောင်ရန် နောဧကို စေခိုင်းခဲ့သည်။ ကျွန်ုပ်တို့က ဤအရာသည် နောဧ၏ အမှုဆောင်ခြင်းဟု ဆိုနိုင်သော်လည်း၊ သူ့အားဖြင့် သင်္ဘောကို နောဧတည်ဆောက်ခြင်းမဟုတ်ပါ။ တည်ဆောက်ခြင်း၌ အခြားသူများလည်း ပါဝင်သည်။ သူတို့အားလုံးသည် အမှုတော်တစ်ခုတည်း၌ အစိတ်အပိုင်းတစ်ခု ပါရှိကြသည်။ (*Bearing Remaining Fruit,* vol. 2, p. 355)

အထူးသဖြင့် ကျွန်ုပ်တို့အတွင်းရှိ လုပ်ဖော် ဆောင်ဖက်များနှင့် ဦးဆောင်သူများအား၊ မိတ်သဟာယဖွဲ့ခြင်း၌ ရင်းနှီးကျွမ်းဝင်သောစကားကို ကျွန်ုပ်ပြောလိုပါသည်။ သင်၏ဒေသန္တရအတွက် လုပ်ဆောင်ရာ၌ဖြစ်စေ၊ အခြားနိုင်ငံများအတွက် စကြာဝဠာဆိုင်ရာလုပ်ဆောင်ရာ၌ဖြစ်စေ၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်နေခြင်းဖြစ်ကြောင်းကို သင်သည် အပြည့်အဝနားလည်ခြင်းဖြင့် လုပ်ဆောင်ရမည်ကို မမေ့ပါနှင့်။ (*The Practical Way to Live a Life according to the High Peak of the Divine Revelation on the Holy Scriptures,* p. 57)

*ပို၍ဖတ်ရန်-* *The Governing and Controlling Vision in the Bible,* ch. 2; Elders' *Training, Book 11: The Eldership and the God-ordained Way (3),* ch. 12

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

### *Hymns,* # E- 913

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ----------

## သခင်ယေရှု၏ပုံစံနမူနာ–
## ခရစ်တော်၏လူသားအသက်ရှင်ခြင်းနှင့် မြေကြီးပိုင်းဆိုင်ရာ
## အမှုတော်၌ရှိသော အလုပ်

ဖတ်ရန်ကျမ်း။ ။ယော၊၁း၁၈။ ၄း၃၄။ ၅း၁၉၊၃၀။ ၆း၅၇။ ၇း၁၈။ ၁၄း၉–၁၁။ ၁၇း၄

*Day 1*

**I. ခရစ်တော်၏လူသားအသက်ရှင်ခြင်း၌ရှိသောအလုပ်မှာ သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ ရှိသည့် တုနှိုင်းရာမရှိသောအလုပ်၌ ပါဝင်ဆက်ဆံရန် ဆန္ဒပြင်းပြသောသူအားလုံးအတွက် ပုံစံနမူနာ ဖြစ်သည် (ဖိ၊၂း၇–၈)။**

က။ သခင်ယေရှု၏ လူသားအသက်ရှင်ခြင်းမှာ ကိုယ်တော်၏ အလုပ်ပင် ဖြစ်သည် (ယော၊၆း၅၇က)။

၁။ ခရစ်တော်နှင့်အတူ သူ၏လူသားအသက်ရှင်ခြင်း၌၊ အသက်တာနှင့် အလုပ်အကြား ခြားနားမှုမရှိပါ။ ကိုယ်တော်၏ အသက်တာသည် ကိုယ်တော်၏ အလုပ်၊ ကိုယ်တော်၏ အလုပ်သည် ကိုယ်တော်၏ အသက်တာဖြစ်သည် (မာ၊၁း၁၄–၄၅)။

(က) သခင်ယေရှုသည် သူ၏ အလုပ်၊ သူ၏ အမှုတော်ကို ရှင်ထွက်ခဲ့သည်။

(ခ) ကိုယ်တော်နှင့်အတူ အရာတစ်ခုသာရှိခဲ့သည်–ကိုယ်တော်၏ အလုပ်၊ အမှုတော်တည်းဟူသော ကိုယ်တော်၏ အသက်တာဖြစ်သည် (လု၊၄း၄၂–၄၃)။

(ဂ) သခင်ယေရှုသည် နေရာတိုင်းနှင့် အချိန်တိုင်းလုပ်ဆောင်ခဲ့သည်။ အကြောင်းမှာ ကိုယ်တော်၏ အလုပ်သည် ကိုယ်တော်၏ အသက်တာ၊ ကိုယ်တော်၏ အသက်တာသည် ကိုယ်တော်၏ လှုပ်ရှားလုပ်ဆောင်မှုနှင့် ကိုယ်တော်၏ လှုပ်ရှားလုပ်ဆောင်မှုသည် ကိုယ်တော်၏ အလုပ် ဖြစ်သောကြောင့် ဖြစ်သည်။

၂။ ခရစ်တော်၏ အသက်တာသည် သူ၏ အလုပ်ဖြစ်သကဲ့သို့ပင်၊ ခရစ်ယာန်များအနေဖြင့် ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းသည်

လည်း ကျွန်ုပ်တို့၏ အလုပ်ဖြစ်သင့်ပါသည်။ ကျွန်ုပ်တို့သည် သခင်ဘုရားအတွက်ဖြစ်သော ကျွန်ုပ်တို့၏ အမှုတော်နှင့်ကိုက်ညီမည့် အသက်ရှင်ခြင်း၊ ကိုယ်တော့်အတွက် ကျွန်ုပ်တို့၏ အစေခံခြင်းကို ထောက်မမည့်အခြေဖြစ်သောအသက်ရှင်ခြင်းကို လိုအပ်သည် (ယော၊ ၆း၅၇ခ။ ဂလ၊ ၂း ၂၀။ ၂ကော၊၆း၃–၁၁)။

ခ။ ခရစ်တော်၏ လူသားအသက်ရှင်ခြင်း၌၊ ကိုယ်တော့်ကို လူ၏ လက္ခဏာ၌၊ အစေခံကျွန်၏ သဏ္ဍာန်၌ပင် မြင်တွေ့ရသည် (ဖိ၊ ၂း၇–၈)။

၁။ လူ၏ သွင်ပြင်လက္ခဏာကို တည်ဆောက်ယူရန်နှင့် ကျွန်၏ သဏ္ဍာန်ကို ယူဆောင်ရန် တည်းဟူသော သခင်ဘုရား၏ လူသားအသက်ရှင်ခြင်း၌ရှိသောအလုပ်မှာ ကိုယ်တော့်အမှုတော်၏ အခြေခံတိုက်မြစ်နှင့် နောက်ခံအကြောင်းအရာဖြစ်သည် (လု၊၄း၁၄–၁၉)။

၂။ သခင်ဘုရားကို အစေခံလိုသောသူများအနေဖြင့် ကျွန်ုပ်တို့သည် လုပ်ဆောင်ခြင်းအားဖြင့်မဟုတ်ဘဲ၊ အသက်ရှင်ခြင်းအားဖြင့် အလုပ်တည်ရှိလာစေရန်၊ သခင်ဘုရားအဖို့ ကျွန်ုပ်တို့၏ အစေခံခြင်းအတွက် ခိုင်ခံ့သောအခြေနှင့် သန့်စွမ်းသော နောက်ခံအကြောင်းဖြစ်လာမည့်အလုပ်ကို တည်ဆောက်ယူခြင်းဖြင့် အသက်ရှင်ရန် လိုအပ်သည် (တ၊၁၆း၁–၃က။ ၂တိ၊၄း၅၊ ၁၁ခ။ ကော၊၄း၁၇)။

*Day 2*

ဂ။ လူသားတစ်ဦးအဖြစ် အသက်ရှင်ခြင်း၌ သခင်ယေရှုသည် ဘုရားသခင်ကို ကြေညာသောအလုပ်ကို သယ်ဆောင်ခဲ့သည် (ယော၊၁း၁၈)။

၁။ ကိုယ်တော်၏ လူသားအသက်ရှင်ခြင်းသည် ဘုရားသခင်ကို ကြေညာခဲ့သည်။ ထို့ကြောင့် သခင်ယေရှု၏ လူသားအသက်ရှင်ခြင်း၌ အခြားသူများ မြင်တွေ့ခဲ့သောအရာမှာ ကိုယ်တော်၌ရှိသောဘုရားသခင်ကို ကြေညာခြင်းပင်ဖြစ်သည် (၁၄း၉–၁၁)။

၂။ ယနေ့ ကျွန်ုပ်တို့သည် သခင်ဘုရားကို အစေခံလိုပါက၊ ကျွန်ုပ်တို့၏ နေ့စဉ်အသက်ရှင်ခြင်း၌ ဘုရားသခင်ကို ကြေညာသော အလုပ်ရှိသင့်သည် (ဖိ၊၁း ၂၀– ၂၁က)။

ဃ။ လူသားတစ်ဦးအဖြစ် အသက်ရှင်ခြင်း၌ သခင်ဘုရား၏ အလုပ်မှာ ခမည်းတော်ကို ထင်ရှားစေခြင်းလည်းဖြစ်သည်။ ခရစ်တော်သည်

သူကိုယ်တော်တိုင်ကို ထင်ရှားစေခဲ့ခြင်းမရှိဘဲ– သူ၏ လူသားအသက်ရှင်ခြင်း၌ သူ့အားဖြင့် ခမည်းတော်ကို ထင်ရှားစေခဲ့သည် (ယော၊ ၁၄း၉။ ၇း၁၇–၁၈။ ၁၇း၄က)။

င။ လူသားတစ်ဦးအဖြစ် အသက်ရှင်ခြင်း၌ သခင်ယေရှုသည် ခမည်းတော်၏ အရာများကို ဂရုစိုက်ခဲ့သည်။ ဘုရားသခင်၏ သားတော်နှင့် လူသားတော်ဖြစ်သော ခရစ်တော်သည် သူ၏ လူသားဇာတိ၌ ဘုရားသခင်၏ အကျိုးအတွက်၊ ခမည်းတော်၏ အရာများကို ဂရုစိုက်ခဲ့သည် (လု၊ ၂း၄၃–၄၉)။

*Day 3*

**II. မြေကြီးပိုင်းဆိုင်ရာအမှုတော်၌ သခင်ယေရှုသည် သူ့အား ခမည်းတော်အပ်ပေးတော်မူခဲ့သောအလုပ်ကို လုပ်ဆောင်ခဲ့သည် (ယော၊ ၁၇း၄)။**

က။ မြေကြီးပိုင်းဆိုင်ရာအမှုတော်၌ သခင်ယေရှုသည် ဧဝံဂေလိတရားကို ဟောပြောခဲ့သည် (မာ၊၁း၁၄–၁၅၊၃၈။ လု၊၄း၁၈က)၊ လူများကို အစေခံခဲ့သည် (မ၊၂၀း၂၈က)။ ပျောက်သောအပြစ်သားများကို ရှာဖွေ၍၊ ကယ်တင်ခဲ့သည် (လု၊၁၉း၁–၁၀)၊ နိုင်ငံတော်ကို ဟောပြောခဲ့သည် (မ၊၄း၁၇။ မာ၊၁း၁၅က)၊ နိုင်ငံတော်မျိုးစေ့ကို ကြဲခဲ့ပြီး (မ၊၁၃း၃။ မာ၊၄း၃၊၂၆–၂၉)၊ သမ္မာတရားများကို သွန်သင်ခဲ့သည် (မ၊၇း၂၈–၂၉။ ယော၊၈း၄၀၊၄၅–၄၆)။

ခ။ မြေကြီးပိုင်းဆိုင်ရာအမှုတော်၌ သခင်ယေရှုသည် ခမည်းတော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်ခဲ့ပြီး၊ သူကိုယ်တော်တိုင်အတွက် ကိုယ်ပိုင်အလုပ်၊ အလိုဆန္ဒ၊ စကားတော်၊ ဘုန်းတော်နှင့် ရည်မှန်းချက်မရှိခဲ့ပေ (၅း၄၃။၁၀း၂၅။၃း၃၄က။၁၄း၂၄။၇း၁၆–၁၈။၁၂း၄၇–၅၀)။

၁။ ခရစ်တော်သည် ခမည်းတော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ခဲ့ပြီး၊ ကိုယ်တော်နှင့် ခမည်းတော်သည် တစ်လုံးတစ်ဝဖြစ်ကြောင်းကို ပေါ်လွင်စေသည့် အသက်တာဖြင့် အသက်ရှင်ခဲ့သည်။ ကောင်းကင်ဘုံ၌ရှိသောခမည်းတော်ကို ကိုယ်တော်၏ ကြည့်မျှော်ခြင်းက ကောင်းကင်ဘုံ၌ရှိသောခမည်းတော်အားဖြင့် မြေကြီးပေါ်သို့ စေလွှတ်ခံရသည့် သားတော်အနေဖြင့် ကိုယ်တော်သည် ခမည်းတော်၌ကိုးစားလျက်၊ ခမည်းတော်နှင့်တစ်လုံးတစ်ဝတည်း

*Day 4*

ဖြစ်ခဲ့ကြောင်း ညွှန်ပြသည် (၁၀း၃၀။ ၁၇း၂၂။ မ၊၁၄း၁၉)။

၂။ သခင်ယေရှုသည် ခမည်းတော်ကို အသက်ရှင်ခဲ့သည် (ယော၊၆း၅၇က)။

(က) ခရစ်တော်သည် မြေကြီးပေါ်တွင် အသက်ရှင်ခဲ့ခြင်းမှာ ခမည်းတော်အားဖြင့် သို့မဟုတ် ခမည်းတော်မှတစ်ဆင့်သာ မဟုတ်ဘဲ၊ ခမည်းတော်ကြောင့် ဖြစ်သည်။ ကိုယ်တော်၏ အသက်ရှင်ခြင်း၌ အကြောင်းတရားရှိ၍၊ ထိုအကြောင်းတရားမှာ ခမည်းတော်ဖြစ်သည် (အငယ်၊ ၅၇က)။

(ခ) ယနေ့ ခရစ်တော်သည် ကျွန်ုပ်တို့နေ့စဉ်အသက်ရှင်ခြင်း၏ အကြောင်းတရားဖြစ်သင့်သည်။ ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းသည် ကိုယ်တော့်အားဖြင့်၊ ကိုယ်တော်မှတစ်ဆင့်ဖြစ်ရုံသာမက၊ ကိုယ်တော့်ကြောင့် ဖြစ်ရပေမည် (အငယ်၊ ၅၇ခ)။

၃။ သခင်ယေရှုသည် ကိုယ်အလိုအလျောက် မည်သည့်အရာကိုမျှ မပြုလုပ်ခဲ့ဘဲ၊ အတ္တကို အမြဲတမ်းငြင်းပယ်ခဲ့သည် (၅း၁၉။ မ၊ ၁၆း၂၄)။

ဂ။ မြေကြီးပိုင်းဆိုင်ရာအမှုတော်၌ ခရစ်တော်သည် ခမည်းတော်နှင့်အတူ လုပ်ဆောင်ခဲ့သည် (ယော၊၅း၁၇)။

၁။ သခင်ယေရှုသည် မည်သည့်အလုပ်ကိုမျှ ခမည်းတော်မပါဘဲ လုပ်ဆောင်ခဲ့ခြင်းမရှိပါ၊ ကိုယ်တော်သည် ခမည်းတော်နှင့်အတူ အမြဲလုပ်ဆောင်ခဲ့သည်။ ဤသည်မှာ အတ္တကို အပြည့်အဝငြင်းပယ်ရန် တောင်းဆိုသည် (မ၊၁၆း၂၄)။

၂။ ခရစ်တော်သည် ခမည်းတော်နှင့်အတူ လုပ်ဆောင်သောအခါ၊ ကိုယ်တော်သည် သူ၌၊ သူနှင့်အတူ ရှိသောခမည်းတော်နှင့်အတူ လုပ်ဆောင်ခဲ့သည်။ သားတော်ခရစ်တော်သည် ဤမြေကြီးပေါ်၌ လုပ်ဆောင်နေစဉ်တွင်၊ ခမည်းတော်သည် ကိုယ်တော်၌ အသက်ရှင်နေပြီး၊ ကိုယ်တော်နှင့်အတူ လုပ်ဆောင်ခဲ့သည် (ယော၊၁၄း၉–၁၁)။

**Day 5**

ဃ။ သခင်ယေရှုသည် ခမည်းတော်၏ နာမ၌ လုပ်ဆောင်ခဲ့သည် (၁၀း၂၅)။

၁။ ကိုယ်တော်သည် ခမည်းတော်၏ နာမ၌ ကြွလာခဲ့ပြီး မည်သည့်အရာကိုမျှ သူ၏ ကိုယ်ပိုင်နာမ၌ မလုပ်ဆောင်ခဲ့ဘဲ၊ အရာအားလုံးကို ခမည်းတော်၏ နာမ၌ လုပ်ဆောင်ခဲ့သည်(၅း၄၃)။

၂။ သခင်ယေရှုအတွက် ခမည်းတော်၏ နာမ၌ လုပ်ဆောင်ရန်ဆိုသည်မှာ ကိုယ်တော်သည် ခမည်းတော်အနေဖြင့် လုပ်ဆောင်ခဲ့ကြောင်းကို ဆိုလိုသည်။ ကိုယ်တော်သည် ခမည်းတော်နှင့်အတူ တစ်လုံးတစ်ဝတည်းလုပ်ဆောင်ခဲ့သည် (၁၀း၃၀)။

င။ ကိုယ်တော်၏ အလုပ်၌ သခင်ယေရှုသည် သူ၏ အလိုကို ရှာဖွေခဲ့ခြင်းမရှိဘဲ၊ သူ့ကို စေလွှတ်တော်မူသောအရှင်၏ အလိုကို ရှာဖွေခဲ့သည် (၅း၃၀)။

၁။ ကိုယ်တော်သည် သူ့ကိုယ်သူ ငြင်းပယ်ခဲ့ပြီး၊ သူ၏ စိတ်ကူး၊ ရည်ရွယ်ချက်နှင့် အကြံအစည်ကို ငြင်းဆိုခဲ့သည်။

၂။ ကိုယ်တော်သည် သူကိုယ်တော်တိုင်နှင့်စပ်လျဉ်းပြီး သို့မဟုတ် သူကိုယ်တော်တိုင်အတွက် မည်သည့်အရာကိုမျှ ရှာဖွေခြင်းမပြုခဲ့ပေ–ကိုယ်တော်သည် သူ့ကို စေလွှတ်တော်မူသောခမည်းတော်၏ အလိုကိုသာ ရှာဖွေခဲ့သည် (၆း၃၈)။

၃။ သခင်ဘုရား၏ စားစရာမှာ ခမည်းတော်၏ အလိုကို ဆောင်ရန်နှင့် ကိုယ်တော်၏ အလုပ်ကို ပြီးဆုံးစေရန်ဖြစ်သည် (၄း၃၄)။

၄။ ကျွန်ုပ်တို့၌ မိမိတို့၏ ကိုယ်ပိုင်ရည်ရွယ်ချက် မရှိသင့်ဘဲ၊ ဘုရားသခင်၏ အလိုတစ်ခုတည်းသာရှိသင့်ပါသည် (ရော၊၁၂း၂)။

**Day 6**

စ။ မြေကြီးပိုင်းဆိုင်ရာအမှုတော်၌ သခင်ယေရှုသည် သူ၏ ကိုယ်ပိုင်စကားကို ဘယ်သောအခါမျှ ပြောဆိုခဲ့ခြင်းမရှိပေ။ ကိုယ်တော်ပြောဆိုခဲ့သောအရာသည် ခမည်းတော်၏ ပြောဆိုခြင်းပင်ဖြစ်သည် (ယော၊၇း၁၆၊၁၇။ ၁၂း၄၉–၅၀။ ၁၄း၁၀)။

၁။ ကိုယ်တော်သည် သူ၏ ကိုယ်ပိုင်စကားများကို ပြောထွက်ခြင်းအစား၊ ဘုရားသခင်ကိုသာ ပြောထွက်ခဲ့သည် (၁း၁၈)။

၂။ ကိုယ်တော်သည် ဘုရားသခင်၏စကားတော်ကို ပြောဆိုသောအခါ၊ သူ၏ပြောဆိုခြင်းမှတစ်ဆင့် ဘုရားသခင်ကို ထင်ရှားခဲ့သည်။ ဘုရားသခင်သည် ကိုယ်တော်၏စကားများမှတစ်ဆင့် ကိုယ်တော့်ထံမှ ထင်ရှားထွက်ပေါ်လာခဲ့သည် (၇း၁၇–၁၈၊ ၄၆)။

၃။ သခင်ယေရှုသည် ဘုရားသခင်ကို ပြောထွက်သောအသက်တာ၊ ဘုရားသခင်၏ဘုန်းတော်အတွက် ဘုရားကို ထင်ရှားသောအသက်တာကို အသက်ရှင်ခဲ့သည် (အငယ်၊၁၈)။

ဆ။ သခင်ယေရှုက “ငါသည် ကိုယ်ဘုန်းအသရေကိုမရှာ”ဟုပြောဆိုနိုင်ခဲ့သည် (၈း၅၀)။

၁။ ကိုယ်တော်နှင့်အတူ အတ္တအတွက် အခြေပြုနေရာမရှိခဲ့ပါ (မ၊ ၁၆း ၂၄)။

၂။ ကိုယ်တော်သည် ကိုယ်ဘုန်းအသရေကို မရှာခဲ့ဘဲ၊ ကိုယ်တော့်ကို စေလွှတ်တော်မူသောခမည်းတော်၏ဘုန်းတော်ကိုသာ ရှာဖွေခဲ့သည် (ယော၊၇း၁၈)။

ဇ။ ကျွန်ုပ်တို့သည် ယနေ့ သခင်ဘုရားပြန်လည်ရယူခြင်းရှိ တုနိုင်းရာမရှိသောအလုပ်၌ ပါဝင်ဆက်ဆံလိုသည်ဆိုပါက၊ ကျွန်ုပ်တို့၏ အတ္တကို ငြင်းပယ်ရမည်၊ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်ကို ငြင်းဆိုရမည်၊ ကျွန်ုပ်တို့၏ ကိုယ်ပိုင်ရည်မှန်းချက်ကို စွန့်လွှတ်ရမည်။ ထို့ပြင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ထာဝရအကြံအစည်ပြည့်စုံရန်အတွက် ခရစ်တော်ကို ကျွန်ုပ်တို့၌ အသက်ရှင်ရန်၊ ကျွန်ုပ်တို့၌ လုပ်ဆောင်ရန်နှင့် ကျွန်ုပ်တို့ကို သူကိုယ်တော်တိုင်၏ ပုံတူမူပွားများအဖြစ် ပြုလုပ်ရန် အခွင့်ပေးခြင်းဖြင့် သခင်ဘုရားနှင့်အတူ လုပ်ဆောင်ရန်တစ်ခုတည်းကိုသာ သိကြရမည်ဖြစ်သည် (၁ ၂း ၂၄–၂၆။ ရော၊၈း ၂၊ ၂၉။ ဂလ၊ ၂း ၂၀။ ဧ၊၁း ၉။ ၃း၁၁)။

# နံနက်ခင်းကျွေးမွေးခြင်း

**ဖိ၊ ၂း၇–၈ မိမိအသရေကိုစွန့်၍၊ အစေခံကျွန်၏သဏ္ဍာန်ကိုယူဆောင်လျက်၊ လူတို့၏သွင်ပြင်ကဲ့သို့ ဖြစ်လာတော်မူ၏။ ထိုသို့ လူ၏လက္ခဏာနှင့် ပြည့်စုံလျက်၊ အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် နာခံ၍၊ ကိုယ်ကိုကိုယ်နှိမ့်ချတော်မူ၏။**

လူ့ဇာတိခံခြင်းအားဖြင့် ခရစ်တော်သည် မြေကြီးပေါ်တွင် အသက်ရှင်သောလူတစ်ဦးဖြစ်လာခဲ့သည်။ ခရစ်တော်အတွက် လူတစ်ဦးဖြစ်လာရန် လိုအပ်သောအချိန်မှာ စကြဝဠာကို ဖန်ဆင်းရန် လိုအပ်သောအချိန်ထက် များစွာကြာမြင့်ပြီး၊ လူသားအသက်ရှင်ခြင်း၌ရှိသော ကိုယ်တော်၏ အလုပ် အချိန်ကာလမှာလည်း လူတစ်ဦးဖြစ်လာရန် လုပ်ဆောင်သောအချိန်ကာလထက် များစွာသာ၍ကြာမြင့်ပါသည်။ နှစ်ပေါင်းသုံးဆယ်အတွင်း သခင်ယေရှုသည် သူ၏လူသားအသက်ရှင်ခြင်း၌ လုပ်ဆောင်မှုပြုခဲ့သည်။ ဓမ္မသစ်ကျမ်း၏မှတ်တမ်းအရ ကျွန်ုပ်တို့သည် ထိုနှစ်များအတွင်း သခင်ဘုရားပြုလုပ်ခဲ့သည့်အရာကို များစွာမြင်တွေ့ရခြင်းမရှိပါ။ ယင်းမှာ ကိုယ်တော်သည် အသက်ရှင်နေထိုင်ခြင်းသာ ရှိခဲ့ပြီး၊ မည်သည့်အလုပ်ကိုမျှ ပြုလုပ်ခဲ့ခြင်းမရှိသကဲ့သို့ ထင်မြင်ရသည်။ သို့သော်လည်း သခင်ယေရှု၏လူသားအသက်ရှင်ခြင်းမှာ ကိုယ်တော်၏ အလုပ်ပင်ဖြစ်သည်။

ခရစ်တော်နှင့်အတူ ကိုယ်တော်၏လူသားအသက်ရှင်ခြင်း၌ အသက်တာနှင့်အလုပ်အကြား ခြားနားမှုမရှိခဲ့ပါ။ ကိုယ်တော်၏ အသက်တာသည် ကိုယ်တော်၏ အလုပ်ဖြစ်ပြီး၊ ကိုယ်တော်၏ အလုပ်သည် ကိုယ်တော်၏ အသက်တာဖြစ်သည်။ သခင်ယေရှုသည် သူ၏ အလုပ်ကို ရှင်ထွက်ခဲ့သည်ဟု ကျွန်ုပ်တို့ပြောဆိုနိုင်သည်။ ကိုယ်တော်သည် သူ၏အမှုတော်ကို ရှင်ထွက်ခဲ့သည်။ ကိုယ်တော်နှင့်အတူ အရာတစ်ခုတည်းသာရှိသည်– ကိုယ်တော်၏ အလုပ်၊ အမှုတော်တည်းဟူသောကိုယ်တော်၏ အသက်တာဖြစ်သည်။ ကိုယ်တော်ပြုခဲ့သောအရာတိုင်း၊ ကိုယ်တော်ပြောဆိုခဲ့သောအရာတိုင်းနှင့် ကိုယ်တော်သွားခဲ့သောနေရာတိုင်းသည် ကိုယ်တော်၏ အသက်တာနှင့် အလုပ်၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်သည်။ ဤအကြောင်းကြောင့် သခင်ယေရှုသည် မည်မျှ လုပ်ဆောင်ခဲ့ကြောင်း ကျွန်ုပ်တို့မပြောဆိုနိုင်ခြင်းဖြစ်သည်။ ကိုယ်တော်သည် နေရာတိုင်းနှင့် အချိန်တိုင်း လုပ်ဆောင်ခဲ့သည်။ အကြောင်းမှာ ကိုယ်တော်၏ အလုပ်သည် ကိုယ်တော်၏ အသက်တာဖြစ်ပြီး၊ ကိုယ်တော်၏ အသက်တာသည် ကိုယ်တော်၏ လှုပ်ရှားလုပ်ဆောင်မှုဖြစ်ကာ၊ ကိုယ်တော်၏ လှုပ်ရှားလုပ်ဆောင်မှုသည် ကိုယ်တော်၏ အလုပ်ဖြစ်သောကြောင့်ဖြစ်သည်။ သခင်

ယေရှုနှင့်အတူ ကိုယ်တော့်အသက်တာ၏ပုံပန်းသဏ္ဍာန်အားလုံးမှာ ထပ်တူကျသည်။ ကိုယ်တော်နှင့်အတူ အသက်တာနှင့် အလုပ်အကြား၌ ကွဲပြားမှုမရှိခဲ့ပါ။ (*The Conclusion of the New Testament*, pp. 683-684)

## ယနေ့ဖတ်စရာ

ခရစ်တော်၏ အသက်တာသည် သူ၏ အလုပ်ဖြစ်သကဲ့သို့ပင်၊ ခရစ်ယာန်များအနေဖြင့် ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းသည်လည်း ကျွန်ုပ်တို့၏ အလုပ်ဖြစ်သင့်ပါသည်။ ကျွန်ုပ်တို့သည် သခင်ဘုရားအတွက်ဖြစ်သော ကျွန်ုပ်တို့၏ အမှုတော်နှင့်ကိုက်ညီမည့် အသက်ရှင်ခြင်း၊ ကိုယ်တော့်အတွက် ကျွန်ုပ်တို့၏ အစေခံခြင်းကို ထောက်မမည့်အခြေဖြစ်သောအသက်ရှင်ခြင်းကို လိုအပ်သည်။ ကျွန်ုပ်တို့သည် ထိုကဲ့သို့သောအသက်ရှင်ခြင်းကို လိုအပ်သောကြောင့်၊ သခင်ဘုရားကို အစေခံရန် အလိုဆန္ဒရှိသူတစ်ဦးအတွက် ကိုယ်တော်၏ အမှုတော်၌ ကိုယ်တော့်အဖို့ အမှန်တကယ်အသုံးဝင်သူဖြစ်လာနိုင်ရန် နှစ်ပေါင်းများစွာကြာမြင့်ပေသည်။

သခင်ယေရှုသည် မြေကြီးပေါ်တွင် သူ၏ လူသားဇာတိ၌ အသက်ရှင်နေစဉ်တွင်၊ လူတစ်ဦး၏ သွင်ပြင်လက္ခဏာကို တည်ဆောက်ယူရန် လုပ်ဆောင်နေသည်။ သခင်ဘုရားသည် တိုတောင်းသောအချိန်ကာလတစ်ခုအတွင်း လူတစ်ဦးကဲ့သို့ ရိုးစင်းစွာ ပြုမူနေထိုင်ခဲ့ရုံမျှသာမဟုတ်ပေ။ ကိုယ်တော်သည် လူတစ်ဦးဖြစ်လာခဲ့ပြီး၊ ဆင်းရဲနိမ့်ကျသည့် လက်သမားအိမ်၌ နေထိုင်၍၊ နှစ်ပေါင်းသုံးဆယ်လုံးလုံး လူသားအသက်တာကို အသက်ရှင်ခဲ့သည်။ ကိုယ်တော်သည် ထိုအိမ်၌ အသက်ရှင်နေထိုင်ခဲ့ပြီး၊ လူတစ်ဦး၏ သွင်ပြင်လက္ခဏာကို တည်ဆောက်ယူကာ၊ လူတစ်ဦး၏ လက္ခဏာနှင့် ပြည့်စုံခဲ့သည်။ ထို့ကြောင့် သခင်ဘုရားသည် လူတစ်ဦး၏ သွင်ပြင်လက္ခဏာကို တည်ဆောက်ယူသည့် ကြီးမားသောအလုပ်ကို သယ်ဆောင်ခဲ့သည်။ ဤသည်မှာ ကိုယ်တော်၏ လူသားအသက်တာ၏ ပထမအနှစ်သုံးဆယ်အတွင်း ကိုယ်တော်ပြုလုပ်နေခဲ့သောအရာဖြစ်သည်။

ပေါလုသည် ဖိလိပ္ပိ၊ ၂ တွင် ခရစ်တော်၏ လူသားအသက်ရှင်ခြင်းအကြောင်းကို ရေးသားသောအခါ၊ အလွန်ဂရုစိုက်ခဲ့သည်။ သူသည် ဤအပိုင်းကို ရေးသားရာ၌ မည်သို့ရေးသားရမည်ကို စဉ်းစားဆင်ခြင်ခဲ့မည်မှာ အမှန်ပင်ဖြစ်သည်။ ပေါလုသည် မှန်ကန်သောစကားလုံးများကို သေချာရွေးချယ်ခဲ့ပြီး၊ ခရစ်တော်သည် လူတစ်ဦး၏ လက္ခဏာနှင့် ပြည့်စုံလျက်၊ ကျွန်တစ်ဦး၏ သဏ္ဍာန်ကို ယူဆောင်ခဲ့ကြောင်း ပြောပြခဲ့သည်။ ခရစ်တော်သည် မြင့်မားစွာချီးမြှောက်ခံရသောလူ သို့မဟုတ် မြင့်မားသောအဆင့်အတန်းရှိသောလူ

၏ လက္ခဏာကို တည်ဆောက်ယူသည့်အလုပ်ကို မလုပ်ဆောင်ခဲ့ပါ။ ဆန့်ကျင်ဘက်အနေဖြင့် ကိုယ်တော်သည် ကျွန်တစ်ဦးကဲ့သို့သောလူ၏ လက္ခဏာကို တည်ဆောက်ယူရန် လုပ်ဆောင်ခဲ့သည်။ သခင်ယေရှုအတွက် ထိုကဲ့သို့နိမ့်ကျသောအဆင့်၌ရှိသည့် လူတစ်ဦး၏ လက္ခဏာကို တည်ဆောက်ရန်မှာ လွယ်ကူသောအရာမဟုတ်ခဲ့ပါ။ ယင်းမှာ အလွန်လက်ရာမြောက်သောအလုပ်ဖြစ်ပြီး၊ ယင်းကို ပြီးမြောက်ပြည့်စုံရန် နှစ်ပေါင်းသုံးဆယ်ကြာမြင့်ခဲ့သည်။ ကိုယ်တော်သည် ဤအလုပ်ကို ပြီးမြောက်ခဲ့ပြီးနောက်၊ သူ၏ အမှုတော်ကို စတင်ရန် ထွက်ပေါ်လာခဲ့သည်။ ကိုယ်တော်၏ အမှုတော်သည် သူကိုယ်တော်တိုင်ကို လူတစ်ဦး၏ လက္ခဏာ၌ တည်ဆောက်ယူသည့်အလုပ်ပေါ်တွင် အခြေတည်သည်။

လူ၏ သွင်ပြင်လက္ခဏာကို တည်ဆောက်ယူရန်နှင့် ကျွန်၏ သဏ္ဍာန်ကို ယူဆောင်ရန် တည်းဟူသော သခင်ဘုရား၏ လူသားအသက်ရှင်ခြင်း၌ ရှိသောအလုပ်မှာ ကိုယ်တော့်အမှုတော်၏ အခြေခံတိုက်မြစ်နှင့် နောက်ခံအကြောင်းအရာဖြစ်ကြောင်းကို မြင်တွေ့ရန် အလွန်အရေးကြီးပါသည်။ သခင်ဘုရားကို အစေခံရန် ဆန္ဒပြင်းပြသောသူများအနေဖြင့် ကျွန်ုပ်တို့သည် လုပ်ဆောင်ခြင်းအားဖြင့်မဟုတ်ဘဲ၊ အသက်ရှင်ခြင်းအားဖြင့် အလုပ်တည်ရှိလာစေရန် လိုအပ်သည်။ ဤအလုပ်သည် လူ၏ နေ့စဉ်အသက်ရှင်ခြင်းအားဖြင့် သယ်ဆောင်သောအလုပ်ဖြစ်သည်။ သခင်ဘုရားကို အစေခံရန် ဆန္ဒရှိသောသူတို့သည် သခင်ဘုရားအဖို့ကျွန်ုပ်တို့၏ အစေခံခြင်းအတွက် ခိုင်ခံ့သောအခြေနှင့် သန့်စင်သောနောက်ခံအကြောင်းဖြစ်လာမည့်အလုပ်ကို တည်ဆောက်ယူရန် အသက်ရှင်ဖို့ လိုအပ်သည်။ (*The Conclusion of the New Testament*, pp. 684-685)

*ပို၍ဖတ်ရန်* – *The God-man Living*, chs. 3-4

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

## *နံနက်ခင်းကျွေးမွေးခြင်း*

**ယော၊ ၁း၁၈ ဘုရားသခင်ကို အဘယ်သူမျှမမြင်စဖူးသော်လည်း၊ ခမည်းတော်၏ရင်ခွင်၌ရှိသော တစ်ပါးတည်းသောသားတော်သည် *ဘုရားသခင်ကို ထင်ရှားစေ*တော်မူပြီ။**

**၁၄း၉ ယေရှုက၊ ဖိလိပ္ပု၊ ဤမျှကာလပတ်လုံး ငါသည် သင်တို့နှင့်အတူရှိပြီးမှ သင်သည် ငါ့ကိုမသိသေးသလော။ ငါ့ကိုမြင်သောသူသည် ခမည်းတော်ကို မြင်၏ ။...**

လူသားတစ်ဦးအဖြစ် အသက်ရှင်ခြင်း၌ ခရစ်တော်၏ အလုပ်ပုံပန်းသဏ္ဍာန် နောက်တစ်ခုမှာ ဘုရားသခင်ကို ကြေညာခြင်းဖြစ်သည်။ "ဘုရားသခင်ကို အဘယ်သူမျှ မမြင်စဖူးသော်လည်း၊ ခမည်းတော်၏ရင်ခွင်၌ရှိသော တစ်ပါးတည်းသောသားတော်သည် ဘုရားသခင်ကို ထင်ရှားစေတော်မူပြီ" (ယော၊၁း၁၈)။ ခရစ်တော်၏ လူသားအသက်ရှင်ခြင်း၌ ဘုရားသခင်ကို ကြေညာခဲ့သည်။ ယော၊၁း၁–၁၈အရ၊ ခရစ်တော်သည် နှုတ်ကပတ်တော် (အငယ်၊၁၊၁၄)၊ အသက် (အငယ်၊၄)၊ အလင်း (အငယ်၊၄–၅)၊ ကျေးဇူးတော် (အငယ်၊၁၄၊၁၆၊၁၇)နှင့် စစ်မှန်ခြင်း (အငယ်၊၁၄၊၁၇)တို့အားဖြင့် ဘုရားသခင်ကို ကြေညာခဲ့သည်။ နှုတ်ကပတ်တော်သည် ထင်ရှားဖော်ပြသောဘုရားသခင်၊ အသက်သည် ပေးကမ်းဝေငှသောဘုရားသခင်၊ အလင်းသည် ထွန်းလင်းသောဘုရားသခင်၊ ကျေးဇူးတော်သည် မွေ့လျော်ဝမ်းမြောက်ရသောဘုရားသခင်နှင့် စစ်မှန်ခြင်းသည် သိနားလည်ရသောဘုရားသခင်ဖြစ်သည်။ ဘုရားသခင်သည် ဤအရာငါးမျိုးမှတစ်ဆင့် သားတော်၌ ကြေညာခြင်းခံရသည်။ ခမည်းတော်ကို အဘယ်သူမျှ မမြင်စဖူးသော်လည်း၊ ခရစ်တော်သည် လူသားတစ်ဦးအဖြစ် အသက်ရှင်ခြင်း၌ နှုတ်ကပတ်တော်၊ အသက်၊ အလင်း၊ ကျေးဇူးတော်နှင့် စစ်မှန်ခြင်းတို့ဖြစ်ခြင်းအားဖြင့် ဘုရားသခင်ကို ကြေညာခဲ့သည်။ ကျွန်ုပ်တို့သည် တိုး၍ နှုတ်ကပတ်တော်ကို လက်ခံရရှိပြီး၊ ဘုရားအသက်ကို ရရှိပိုင်ဆိုင်ကာ၊ အသက်၏ အလင်းကို ကျွန်ုပ်တို့၏ အတွင်း၌ ထွန်းလင်းရန် အခွင့်ပေးမည်ဆိုပါက၊ ဘုရားသခင်ကို ကျေးဇူးတော်အဖြစ် တိုး၍မွေ့လျော်ဝမ်းမြောက်နိုင်ပြီး၊ စစ်မှန်ခြင်းအဖြစ် ပိုင်းခြားနားလည်ကာ၊ ကျွန်ုပ်တို့ထံသို့ ကိုယ်တော်သည် တိုး၍ဖော်ပြကြေညာခြင်းခံရမည်ဖြစ်သည်။ (*The Conclusion of the New Testament*, p. 686)

# ယနေ့ဖတ်စရာ

လူတစ်ဦးအဖြစ် အသက်ရှင်ခြင်း၌ ခရစ်တော်သည် ဤနည်းလမ်းဖြင့် ဘုရားသခင်ကို ကြေညာသည့်အလုပ်ကို သယ်ဆောင်ခဲ့သည်။ လက်သမားတစ်ဦးအဖြစ် အသက်ရှင်နေထိုင်လုပ်ဆောင်ခဲ့သည့် နှစ်ပေါင်းသုံးဆယ်အတွင်း ခရစ်တော်သည် ဘုရားသခင်ကို ကြေညာခဲ့သည်။ ကိုယ်တော်သည် လူတစ်ဦး၏ သွင်ပြင်လက္ခဏာကို တည်ဆောက်ယူရန် အသက်ရှင်နေစဉ်တွင်၊ သူ၏မိခင်၊ ညီနှင့် နှမများထံသို့ ဘုရားသခင်ကို ကြေညာခဲ့သည်။ ကိုယ်တော်နှင့်အတူ ထူးကဲသော၊ သာမန်ထက် လွန်ကဲသောတစ်စုံတစ်ရာ၊ လူသားဇာတိ၏ အရာကိုထင်ရှားခြင်းထက် မြင့်မားသောတစ်စုံတစ်ရာရှိခဲ့ကြောင်းကို ကျွန်ုပ်တို့သိနားလည်ကြရမည်ဖြစ်သည်။ သခင်ယေရှု၏ လူသားအသက်ရှင်ခြင်း၌ သူတို့မြင်တွေ့ခဲ့ရသောအရာမှာ ကိုယ်တော်၌ရှိသောဘုရားသခင်ကို ကြေညာခြင်းပင်ဖြစ်သည်။ ကိုယ်တော်၏ လူသားအသက်ရှင်ခြင်းသည် ဘုရားသခင်ကို ကြေညာခဲ့သည်။

သင်သည် သခင်ဘုရားကို အစေခံလိုသည်ဆိုပါက၊ သခင်ဘုရားအတွက် ကြီးမားသောအလုပ်ကို လုပ်ဆောင်ရန် ကြိုးစားခြင်းဖြင့် အစမပြုသင့်ပေ။ ဤသည်မှာ ဘုရားဆိုင်ရာမှုအလေ့အလာနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ သင်သည် ဘုရားသခင်ကို ကြေညာသောအသက်တာကိုသာ ရိုးရိုးလေး အသက်ရှင်သင့်ပါသည်။ ထိုအခါ အခြားသူများသည် သင်၌ ဘုရားဆိုင်ရာတစ်စုံတစ်ရာ၊ ထူးကဲသောတစ်စုံတစ်ရာကို မြင်တွေ့ကြလိမ့်မည်ဖြစ်သည်။ ဤသည်မှာ သင်၏နေ့စဉ်အသက်ရှင်ခြင်း၌ ဘုရားသခင်ကို ကြေညာသောအလုပ်ရှိနေကြောင်း ညွှန်ပြသည်။

(သခင်ယေရှု)သည် အမှုဆောင်ရန် ထွက်ပေါ်လာသောအခါ၊ ကိုယ်တော်သည် ဟန်ဆောင်ပြုမူရန် မလိုအပ်ခဲ့ပါ။ ကိုယ်တော့်အတွက် ဘုရားလူတစ်ဦးကဲ့သို့၊ ကိုယ်တော်၌ ဘုရားသခင်ရှိနေသောလူတစ်ဦးကဲ့သို့ တမင်ရည်ရွယ်ပြီးပြုမူရန် ကြိုးစားဖို့ မလိုအပ်ခဲ့ပါ။ အကြောင်းမှာ ကိုယ်တော်သည် စစ်မှန်သောလူတစ်ဦးဖြစ်ပြီး၊ လူတစ်ဦး၏ လက္ခဏာနှင့် ပြည့်စုံလျက်ရှိသောကြောင့်ဖြစ်သည်။ စစ်မှန်သောလူတစ်ဦးအနေဖြင့် ကိုယ်တော်သည် ဘုရားသခင်ကို အလိုအလျောက်ကြေညာခဲ့သည်။

လူသားတစ်ဦးအဖြစ် အသက်ရှင်ခြင်း၌ သခင်ဘုရား၏ အလုပ်မှာ ခမည်းတော်ကို ထင်ရှားစေခြင်းလည်းဖြစ်သည် (ယော၊၁၄း၉)။ ယောဟန်ခရစ်ဝင်ကျမ်းအရ၊ သားတော်ခရစ်တော်သည် ခမည်းတော်၏ နာမ၌ ကြွလာခဲ့ပြီး (၅း၄၃)၊ ခမည်းတော်၏ နာမ၌ လုပ်ဆောင်ကာ (၁၀း ၂၅)၊ ခမည်းတော်၏ အလိုကို ဆောင်၍ (၆း၃၈)၊ ခမည်းတော်၏ စကားတော်ကို ပြောဆိုပြီး (၃း၃၄က။ ၁၄း ၂၄။ ၇း၁၆–၁၇။ ၁၂း၄၇–၅၀)၊ ခမည်းတော်

၏ ဘုန်းတော်ကို ရှာဖွေခဲ့သည် (၇း၁၈)။ ကိုယ်တော်သည် ခမည်းတော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ခဲ့သည် (၁၀း၃၀)။ ကိုယ်တော်၌ သူကိုယ်တော်တိုင်အတွက် ကိုယ်ပိုင် အလုပ်၊ အလို၊ စကား၊ ဘုန်းနှင့် ရည်မှန်းချက်မရှိခဲ့ပေ။ ထိုကဲ့သို့သောအရှင်အနေဖြင့် ခရစ်တော်သည် ခမည်းတော်တစ်ပါးတည်းကိုသာ ထင်ရှားခဲ့သည်။ ကိုယ်တော်သည် သူကိုယ်တော်တိုင်ကို ထင်ရှားခြင်းမရှိခဲ့ပေ။ ကိုယ်တော်သည် သားတော်ဖြစ်သော်လည်း၊ ခမည်းတော်ကို ထင်ရှားခဲ့သည်။

လု၊ ၂း၄၃–၄၈အရ၊ ယေရှုငယ်စဉ်က ယေရုရှလင်မြို့၌ ကျန်နေခဲ့ပြီး၊ သူ၏မိဘများသည် ထိုအရာကို မသိခဲ့ပေ။ အပေါင်းအဖော်စုထဲ၌ သူတို့နှင့်အတူ ယေရှု မပါလာကြောင်းကို သိသောအခါ၊ ယေရုရှလင်မြို့သို့ပြန်၍ ကိုယ်တော့်ကို ရှာဖွေခဲ့ကြသည်။ သူတို့သည် ကိုယ်တော့်ကို တွေ့သောအခါ၊ မိခင်က ကိုယ်တော့်အား "ငါ့သား၊ အဘယ်ကြောင့် ငါတို့အား ဤသို့ပြုသနည်း။ သင့်ဖခင်နှင့် ငါသည် အလွန်ညှိုးငယ်ကြောင့်ကြသောစိတ်နှင့် သင့်ကိုရှာကြပြီ"ဟုပြောဆိုခဲ့သည် (အငယ်၊၄၈)။ သခင်ဘုရားက "မိဘသည် အဘယ်ကြောင့် အကျွန်ုပ်ကို ရှာရပါသနည်း။ အကျွန်ုပ်အဖ၏ အရာများ၌ နေရသည်ကို မသိပါသလော"ဟုပြောဆိုခဲ့သည် (အငယ်၊၄၉)။ ဤအရာက လူငယ်လေးယေရှုသည် ဘုရားသခင်၏ အကျိုးကို ဂရုစိုက်ရှာဖွေနေကြောင်း ညွှန်ပြသည်။ အငယ်၊၄၉ ရှိ "အကျွန်ုပ်အဖ"ဟူသောစကားမှာ ယေရှု၏ ဘုရားဖြစ်ခြင်းကို ညွှန်ပြသည် (ယော၊၅း၁၈)။ လူသားဇာတိ၌ ကိုယ်တော်သည် သူ၏မိဘများ၏ သားဖြစ်သည်။ ဘုရားဖြစ်ခြင်း၌ ကိုယ်တော်သည် ခမည်းတော်ဘုရား၏ သားတော်ဖြစ်သည်။ ဤနေရာတွင် ဘုရားသခင်၏ သားတော်နှင့် လူသားတော် တည်းဟူသော သခင်ဘုရား၏ အဆင့်အတန်းနှစ်ခုကို မြင်တွေ့ရသည်။ ဘုရားသခင်၏ သားတော်နှင့် လူသားတော်ဖြစ်သော ခရစ်တော်သည် သူ၏ လူသားဇာတိ၌ ဘုရားသခင်၏ အကျိုးအတွက်၊ ခမည်းတော်၏ အရာများကို ဂရုစိုက်ခဲ့သည်။ (*The Conclusion of the New Testament*, pp. 686-688)

*ပို၍ဖတ်ရန်* – *The Conclusion of the New Testament*,msg. 64; *Life-study of John*, msgs. 3, 31

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**မာ၊ ကိုယ်တော်ကလည်း နီးစပ်သောမြို့ရွာအရပ်ရပ်တို့၌ ငါသည် တရား**
**၁း၃၈ ဟောခြင်းငှါ သွားကြကုန်အံ့။ ထိုသို့အလို့ငှါ ငါကြွလာပြီဟု မိန့်တော်မူ၍၊**
**မ၊ ...ကောင်းကင်သို့ကြည့်မျှော်လျက်၊ ကောင်းကြီးပေးပြီးမှ မုန့်နှင့်ငါး**
**၁၄း၁၉ ကိုဖဲ့၍၊ တပည့်တော်တို့အား ပေးတော်မူ၏။ တပည့်တော်တို့သည်လည်း**
**လူအပေါင်းတို့အားပေးကြ၏။**
**ယော၊ ငါနှင့် ခမည်းတော်သည် တစ်လုံးတစ်ဝတည်းဖြစ်သည်ဟု မိန့်တော်မူ**
**၁၀း၃၀ ၏။**

မြေကြီးပိုင်းဆိုင်ရာအမှုတော်၌ သခင်ယေရှုသည် ကောင်းသောသတင်းစကားများဖြစ်သည့် ဧဝံဂေလိတရားကို ဟောပြောခဲ့သည်။ လု၊၄း၁၈က၌ "သခင်ဘုရား၏ဝိညာဉ်တော်သည် ငါ့အပေါ်၌ တည်တော်မူ၏။ အကြောင်းမူကား၊ ဆင်းရဲသားတို့အား ဧဝံဂေလိတရား(ဝမ်းမြောက်စရာသတင်း)ကို ကြားပြောစေခြင်းငှါ ငါ့ကိုဘိသိက်ပေးတော်မူပြီ"ဟုပြောဆိုထားသည်။ "ဧဝံဂေလိတရားကို ကြားပြောခြင်း"ဟူသောဂရိစကားလုံးမှာ *evaggelizo* ဖြစ်ပြီး၊ ဧဝံဂေလိတရားဟောပြောရန်၊ ကောင်းသောသတင်းစကားများကို ကြားပြောရန် ဟူ၍အဓိပ္ပါယ်ရသည်။ ဧဝံဂေလိတရားကို ဟောပြောရန်ဆိုသည်မှာ ဘုရားသခင်၏ ဘိသိက်ခံအရှင် မေရှိယတည်းဟူသော သခင်ယေရှု၏ ပထမဆုံးသောတာဝန်ဖြစ်သည်။ ကောင်းသောသတင်းစကားများကို ဆင်းရဲသားများ တစ်နည်းဆိုသော် ကောင်းကင်ဆိုင်ရာ၊ ဝိညာဉ်ဆိုင်ရာနှင့် ဘုရားဆိုင်ရာများ၌ ဆင်းရဲသူတို့အား ဟောပြောရန်ဖြစ်သည်။ (*The Conclusion of the New Testament,* p. 689)

## ယနေ့ဖတ်စရာ

လု၊၁၉း၁၀ ၌ သခင်ယေရှုက "လူသားသည် ပျောက်သောသူတို့ကို ရှာ၍၊ ကယ်တင်အံ့သောငှါ ကြွလာသတည်း"ဟုပြောဆိုထားသည်။ ဤနေရာတွင် ဇက္ခဲသည် အပြစ်သားတစ်ဦးမျှသာမဟုတ်ဘဲ၊ ပျောက်ဆုံးနေကြောင်းကိုလည်း မြင်တွေ့ရသည်။ ကယ်တင်ရှင်သည် ထိုပျောက်သောသူကို ရှာဖွေရန်နှင့် ကယ်တင်ရန် ယေရိခေါမြို့သို့ အကြံအစည်ဖြင့် ကြွလာခဲ့ခြင်းဖြစ်သည်။ သခင်ဘုရားသည် ဤပျောက်သောအပြစ်သားကို ကယ်တင်ရန်အလို့ငှါ ဇက္ခဲ၏ အိမ်၌ တည်းခိုခဲ့သည်။

မ၊၄း၁၇ ၌ "ထိုအခါမှစ၍ ယေရှုက နောင်တရကြလော့။ ကောင်းကင်များ၏

နိုင်ငံတော်သည် တည်လုနီးပြီဟူသောတရားကို ဟောစပြုတော်မူ၏ ”ဟုပြောဆိုထားသည်။ ဤနေရာတွင် ခရစ်တော်သည် သူ၏ ရှေ့ပြေး ဗတ္တိဇံယောဟန်၏ ဟောပြောခြင်းကို ဆက်လက်ဟောပြောခဲ့သည် (မ၊၃း၂)။ ဗတ္တိဇံယောဟန်သည် နိုင်ငံတော်အတွက် နောင်တရခြင်းတရားကို ပထမဆုံးဟောပြောသူဖြစ်ပြီး၊ ခရစ်တော်သည် ဒုတိယဟောပြောသူဖြစ်သည်။ သခင်ယေရှုသည် ဗတ္တိဇံယောဟန်၏ ဟောပြောခြင်းကို ထပ်မံဟောပြောခြင်းမှာ အံ့သြဖွယ်ဖြစ်သည်။ ဤအရာက နိုင်ငံတော်၏ အရေးကြီးခြင်းကို ပြသနေသည်။ နိုင်ငံတော်အကြောင်းကို ဟောပြောခြင်းသည် အရေးမကြီးပါက၊ သခင်ယေရှုသည် ၎င်းကို ထပ်မံဟောပြောလိမ့်မည်မဟုတ်ပေ။ ဗတ္တိဇံယောဟန်၏ ဟောပြောခြင်းကို ကိုယ်တော်က ထပ်မံဟောပြောခြင်းမှာ နိုင်ငံတော်အကြောင်းကို ဟောပြောခြင်းသည် အလွန်အရေးကြီးကြောင်းကို ပြသနေသည်။

မဿဲ၊၁၃ တွင် ခရစ်တော်သည် သူ၏ အမှုတော်၌ နိုင်ငံတော်မျိုးစေ့ကို ကြဲခဲ့ကြောင်း ဖွင့်ပြထားသည်။ အငယ်၊၃ ၌ ကိုယ်တော်က “ကြည့်ရှုလော့။ မျိုးစေ့ကြဲသောသူသည် မျိုးစေ့ကို ကြဲခြင်းငှါ ထွက်သွား၏ ”ဟုပြောဆိုထားသည်။ အငယ်၊၂၄ တွင်လည်း “ကောင်းသောမျိုးစေ့ကို လယ်၌ကြဲသောသူ”ဟု ပြောဆိုထား၍၊ ထိုသူမှာ လူသားတော်ပင်ဖြစ်သည် (အငယ်၊၃၇)။ သခင်ယေရှုသည် ဆရာဟူ၍ မကြာခဏအခေါ် ခံခဲ့ရသော်လည်း၊ အကယ်စင်စစ် ကိုယ်တော်သည် မြေကြီးပိုင်းဆိုင်ရာအမှုတော်၌ မျိုးကြဲသူတစ်ဦးဖြစ်ခဲ့သည်။ ကိုယ်တော်သည် မျိုးစေ့ကြဲရန် ကြွလာခဲ့ပြီး၊ ဤမျိုးစေ့မှာ အသက်တည်းဟူသော ခရစ်တော်ပါဝင်သည့် နိုင်ငံတော်၏ နှုတ်ကပတ်စကားတော်ဖြစ်သည် (အငယ်၊၁၉)။ မျိုးစေ့သည် နိုင်ငံတော်သားများကိုလည်း ရည်ညွှန်းသည် (အငယ်၊၃၈)။ ထို့ကြောင့် သခင်ယေရှုအားဖြင့် ကြဲခဲ့သောမျိုးစေ့သည် ယုံကြည်သူတို့အား နိုင်ငံတော်၏ မျိုးစေ့ဖြစ်လာစေမည့်အသက်အဖြစ် သူကိုယ်တော်တိုင်ပင်ဖြစ်သည်။

ခရစ်တော်၏ မြေကြီးပိုင်းဆိုင်ရာအမှုတော်၏ အထူးဖြစ်သောပုံပန်းသဏ္ဌာန်မှာ အလွန်အရေးကြီးသောအကြောင်းအရာများနှင့်သက်ဆိုင်သည့် သမ္မာတရားများကို သွန်သင်ခြင်းဖြစ်သည်။ လုကာခရစ်ဝင်ကျမ်းတွင် ဧဝံဂေလိတရား၊ ကယ်တင်ခြင်းတရားတို့နှင့် စပ်လျဉ်းသည့် ခရစ်တော်၏ သွန်သင်ခြင်းကို မှတ်တမ်းတင်ထားသည်။ လု၊၇း၄၁–၄၇ တွင် အပြစ်များကို ခွင့်လွှတ်ခြင်းနှင့်စပ်လျဉ်းသည့် ကိုယ်တော်၏ သွန်သင်ခြင်းရှိသည်။

မ၊၉း၁၅–၁၇ နှင့် ၁၂း၃–၈ တို့၌ ဓမ္မသစ်စီမံကိန်းနှင့်စပ်လျဉ်းသည့် ခရစ်တော်၏ သွန်သင်ခြင်းရှိသည်။ (*The Conclusion of the New Testament*, pp. 698, 704, 707, 711, 718)

ကိုယ်တော်သည် ခမည်းတော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ခဲ့သည်။ ကိုယ်တော်၌

သူကိုယ်တော်တိုင်အတွက် ကိုယ်ပိုင် အလုပ်၊ အလို၊ စကား၊ ဘုန်းနှင့် ရည်မှန်းချက်မရှိခဲ့ပေ။ ကိုယ်တော်သည် ခမည်းတော်ကိုသာ ထင်ရှားစေခဲ့သည်။ သုံးပါးတစ်ပါးဘုရားသည် ဤလူသား၌ ထင်ရှားခဲ့သည်။

သားတော်သည် ခမည်းတော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်ခဲ့သည် (ယော၊၁၀း၃၀။ ၁၇း၂၂)။ သားတော်သည် မြေကြီးပေါ်တွင် အသက်ရှင်ခဲ့သောအချိန်၌ ကိုယ်တော်နှင့် ခမည်းတော်သည် တစ်လုံးတစ်ဝတည်းဖြစ်ကြောင်းကို လူတို့အား ပြသခဲ့သည့်အသက်တာဖြင့် အသက်ရှင်ခဲ့သည်။ ကျွန်ုပ်တို့အားလုံးသည်လည်း ကျွန်ုပ်တို့နှင့် ခရစ်တော်သည် တစ်လုံးတစ်ဝတည်းဖြစ်ကြောင်းကို လူတို့အားပြသသည့်အသက်တာဖြင့် အသက်ရှင်ကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ယေရှုနှင့်တစ်လုံးတစ်ဝတည်းဖြစ်ကြရမည်။ (*God's New Testament Economy*, pp. 34, 31)

ကောင်းကင်ဘုံ၌ရှိသောခမည်းတော်ထံသို့ ကိုယ်တော်၏ကြည့်မျှော်ခြင်းက ကောင်းကင်ဘုံ၌ရှိသောခမည်းတော်အားဖြင့် မြေကြီးပေါ်သို့စေလွှတ်ခံရသောသားတော်သည် ခမည်းတော်၌ ကိုးစားလျက်၊ ခမည်းတော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ကြောင်းကို ညွှန်ပြသည် (ယော၊၁၀း၃၀)။ ဤသည်မှာ အလွန်အရေးကြီးသောအခြေခံမူအလေ့အလာဖြစ်သည်။ ကျွန်ုပ်သည် သခင်ဘုရားအတွက် စကားပြောသောအခါတိုင်း၊ ကိုယ်တော်၌ကိုးစားလျက်၊ ကိုယ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်နေကြောင်းကို အတွင်းပိုင်း၌ ခံစားမှုရှိရမည်ဖြစ်သည်။ (*The God-man Living*, p. 124)

*ပို၍ဖတ်ရန်* – *The Conclusion of the New Testament*, msgs. 65-67

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း***

## နံနက်ခင်းကျွေးမွေးခြင်း

**ယော၊ အသက်ရှင်တော်မူသောခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူ၍၊ ငါ**
**၆း၅၇ သည် ခမည်းတော်ကြောင့် အသက်ရှင်သည်နည်းတူ၊ ငါ့ကိုစားသောသူ**
**သည် ငါ့ကြောင့် အသက်ရှင်လိမ့်မည်။**
**၅း၁၇ ယေရှုကလည်း၊ ငါ့ခမည်းတော်သည် ယခုတိုင်အောင် အလုပ်လုပ်တော်မူ**
**သည်ဖြစ်၍၊ ငါသည်လည်း လုပ်၏ဟု ပြန်ပြောတော်မူ၏။**

ယေရုရှလင်မြို့ထဲသို့ ဝင်ရောက်တော်မူပြီးနောက်၊ ခရစ်တော်ဦးဆုံးပြုခဲ့သည့် အရာမှာ ဗိမာန်တော်ကို သန့်ရှင်းစေခြင်းဖြစ်သည် (မ၊ ၂၁း၁၂–၁၃)။ မည်သည့် မြေကြီး ပိုင်းဆိုင်ရာရှင်ဘုရင်မဆို မြို့တော်တစ်ခုသို့ ဝင်ရောက်သွားသည်နှင့် ပလ္လင်ပေါ်သို့ တန်းတန်းမတ်မတ်တက်သွားမည်ဖြစ်သည်။ သို့သော်လည်း သခင်ယေရှုသည် ဤသို့မပြုလုပ်ခဲ့ပါ။ အကြောင်းမှာ ကိုယ်တော်သည် သူ၏ အကျိုးအတွက် မဟုတ်ခဲ့ဘဲ၊ ဘုရားသခင်၏ အကျိုးအတွက် ဖြစ်ခဲ့သောကြောင့်ဖြစ်သည်။ ကိုယ်တော်၏စိတ်နှလုံးသည် ကိုယ်တော်၏နိုင်ငံတော်အတွက် မဟုတ်ဘဲ၊ ဘုရားသခင်၏ အိမ်တော်အတွက် ဖြစ်ခဲ့သည်။

ယော၊၆း၅၇ ၌ သခင်ယေရှုက သူသည် ခမည်းတော်ကြောင့် အသက်ရှင်သည့်နည်းတူ ဟုပြောဆိုခဲ့သည်။ ခရစ်တော်သည် မြေကြီးပေါ်တွင် အသက်ရှင်ခဲ့ခြင်းမှာ ခမည်းတော်အားဖြင့် သို့မဟုတ် ခမည်းတော်မှတစ်ဆင့်သာ မဟုတ်ဘဲ၊ ခမည်းတော်ကြောင့်ဖြစ်သည်။ ကိုယ်တော်၏ အသက်ရှင်ခြင်း၌ အကြောင်းတရားရှိခဲ့ပြီး၊ ထိုအကြောင်းတရားမှာ ခမည်းတော်ဖြစ်သည်။ ထို့ကြောင့် ခမည်းတော်သည် (ကိုယ်တော့်အားဖြင့် ကိုယ်တော်မှတစ်ဆင့်) သားတော်ရှင်သန်နေသည့် တန်ဆာပလာမျှသာ မဟုတ်ဘဲ၊ မြေကြီးပေါ်တွင် သားတော်အသက်ရှင်ခြင်း၏ အကြောင်းတရားဖြစ်သည်။ (*The Conclusion of the New Testament,* pp. 741-742)

## ယနေ့ဖတ်စရာ

ယနေ့ ခရစ်တော်သည် ကျွန်ုပ်တို့နေ့စဉ်အသက်ရှင်ခြင်း၏ အကြောင်းတရားဖြစ်သင့်ပါသည်။ ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းသည် ကိုယ်တော့်အားဖြင့်၊ ကိုယ်တော်မှတစ်ဆင့်သာမဟုတ်ဘဲ၊ ကိုယ်တော့်ကြောင့် ဖြစ်သင့်ပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အသက်ရှင်ခြင်း၏ အကြောင်းတရားဖြစ်သင့်သည်။ ထိုသို့မဟုတ်ပါက ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းမှာ အဓိပ္ပါယ်ရှိမည်မဟုတ်ပါ။ (*The Conclusion of the New Testament,* p. 742)

သခင်ဘုရားသည် ကိုယ်အလိုအလျောက် မည်သည့်အရာကိုမျှ မပြုလုပ်ခဲ့ပါ (ယော၊ ၅း၁၉)။ ဤသည်မှာလည်း တပည့်တော်များအတွက် စံနမူနာတစ်ခုဖြစ်သည်။ ကိုယ်တော်သည် သူကိုယ်တိုင်အားဖြင့် စကြဝဠာတစ်ခုလုံးကို ဖန်ဆင်းခဲ့သောအရှင်ဖြစ်သော်လည်း၊ ကိုယ်အလိုအလျောက် မည်သည့်အရာကိုမျှ ပြုလိမ့်မည်မဟုတ်ပါ။ ယင်းမှာ ကိုယ်တော်များစွာသွန်သင်ခဲ့သည့် အတ္တကို ငြင်းပယ်ခြင်းအကြောင်းပင်ဖြစ်သည်။ ကိုယ်တော်က သူ့နောက်သို့လိုက်လိုသောသူသည် ကိုယ်ကားတိုင်ကိုထမ်း၍၊ ကိုယ်ကိုကိုယ်ငြင်းပယ်ရမည်ဟု ပြောဆိုခဲ့သည် (မ၊၁၆း ၂၄)။ ကိုယ်တော်သည် သူ့ကိုယ်သူ ငြင်းပယ်သောအသက်တာဖြင့် အသက်ရှင်ခဲ့သည်။

တက္ကသိုလ်များတွင် အလွန်ပညာတတ်သောပါမောက္ခများသည် သူတို့သိသောအရာနှင့် လုပ်ဆောင်နိုင်သောအရာကို ပြသခြင်းဖြင့် လူတို့၏ အာရုံကို ဆွဲဆောင်ရယူရန်များစွာသောအရာတို့ကို ပြုလုပ်ကြသည်။ သို့သော်လည်း ယနေ့ ကျွန်ုပ်တို့သည် ပါမောက္ခများမဟုတ်ဘဲ၊ ဘုရားလူများ၊ ယေရှု၏ ပုံတူမူပွားများဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ကိုယ်ကိုကိုယ် ငြင်းပယ်၍၊ မည်သည့်အရာကိုမျှ ကိုယ်အလိုအလျောက် ပြုလုပ်ခြင်း မရှိရဘဲ၊ အရာခပ်သိမ်းကို ကိုယ်တော့်အားဖြင့် ပြုလုပ်ရမည်ဖြစ်သည်။ ဤသည်မှာ သခင်ဘုရားနှင့်အတူ အရာများကို လုပ်ဆောင်ခြင်းအားဖြင့် အတ္တကို ငြင်းပယ်ရန် သွန်သင်ခြင်းကို လက်တွေ့လုပ်ဆောင်ခြင်းဖြစ်သည်။ (*The God-man Living*, pp. 124-125)

ယောဟန်၊၅ ၌ သခင်ယေရှုသည် ခွန်အားနည်းသူကို သက်ရှင်လှုပ်ရှားစေသည့်အလုပ်ကို ပြုလုပ်ခဲ့သည်။ ကိုယ်တော်သည် ဥပုသ်နေ့တွင် ဤခွန်အားနည်းသောလူကို သက်ရှင်လှုပ်ရှားစေသောကြောင့် ဂျူးဘာသာရေးသမားများသည် ကိုယ်တော့်ကို လိုက်လံနှောင့်ယှက်ခဲ့ကြသည်။ ကိုယ်တော်က သူတို့အား "ငါ့ခမည်းတော်သည် ယခုတိုင်အောင် အလုပ်လုပ်တော်မူသည်ဖြစ်၍၊ ငါသည်လည်း လုပ်၏ "ဟု ဖြေဆိုခဲ့သည် (၅း၁၇)။ သူတို့၏ ဘာသာရေးအတွေးအခေါ်၌၊ သူတို့သည် သူတို့၏ဥပုသ်နေ့ကို စောင့်ထိန်းပြီး၊ နားနေလျက်ရှိကြသည်။ သနားဖွယ်ကောင်းသောအပြစ်သားများ ကယ်တင်ခံရခြင်းမရှိသေးသရွေ့၊ ခမည်းတော်နှင့် သားတော်သည် နားနေနိုင်ခြင်းမရှိကြောင်းကို သူတို့မသိခဲ့ကြပေ။ ဂျူးဘာသာရေးသမားများသည် သူတို့၏ဥပုသ်နေ့ကို စောင့်ထိန်းခြင်း၌ နားနေစဉ်တွင်၊ ခမည်းတော်နှင့် သားတော်သည် အပြစ်သားများ အသက်ကို လက်ခံရရှိပြီး၊ နားခိုနိုင်ရန်အလို့ငှါ အလုပ်လုပ်လျက်ရှိကြသည်။

ဖန်ဆင်းခြင်း၌ရှိသော ဘုရားသခင်၏ အလုပ်မှာ ပြီးဆုံးသွားခဲ့ပြီဖြစ်သော်လည်း (က၊ ၂း၁–၃)၊ ခရစ်တော်၏ မြေကြီးပိုင်းဆိုင်ရာအမှုတော်၌ ခမည်းတော်နှင့် သားတော်

သည် ရွေးနုတ်ခြင်းနှင့် တည်ဆောက်ခြင်းအတွက် အလုပ်လုပ်နေဆဲဖြစ်သည် (ယော၊၅း ၁၉–၂၀)။ ဤအလုပ်၌ ယောဟန်၊၅ တွင် ပြသထားသည့် သားတော်၏ အသက်ပေးခြင်း အလုပ်လည်း ပါဝင်သည်။ ဤအကြောင်းအရာ၌ ခမည်းတော်နှင့် သားတော်သည် တစ်လုံးတစ်ဝတည်းဖြစ်သည်။ အသက်ပေးသောအကြောင်းအရာ၌ အဖခမည်းတော်ပြုလုပ်လိုသောအရာမှန်သမျှကို သားတော်လည်း ပြုတော်မူသည်။

သခင်ယေရှုသည် အလုပ်တစ်စုံတစ်ခုကို ခမည်းတော်မပါဘဲ ဘယ်သောအခါမျှ လုပ်ဆောင်ခဲ့ခြင်းမရှိပါ၊ ကိုယ်တော်သည် ခမည်းတော်နှင့်အတူ အမြဲလုပ်ဆောင်ခဲ့သည်။ ဤသည်မှာ အတွက်ကို အပြည့်အဝငြင်းပယ်ရန် တောင်းဆိုသည်။ ခရစ်တော်သည် ခမည်းတော်နှင့်အတူ လုပ်ဆောင်နိုင်ရန်အတွက် သူ့ကိုယ်သူ ငြင်းပယ်ခဲ့သည်။

ခရစ်တော်သည် ခမည်းတော်နှင့်အတူ လုပ်ဆောင်သောအခါ၊ ကိုယ်တော်သည် ကောင်းကင်အရပ်၌သာ ရှိနေသည့် ခမည်းတော်နှင့်အတူ မဟုတ်ဘဲ၊ သူ၌၊ သူနှင့်အတူရှိသောခမည်းတော်နှင့်အတူ လုပ်ဆောင်ခဲ့သည်။ ခရစ်တော်သည် ခမည်းတော်နှင့်အတူ လုပ်ဆောင်ခြင်းနှင့် စပ်လျဉ်းသည့် သမ္မာတရားမှာ သားတော် မြေကြီးပေါ်တွင် ရှိနေသောအချိန်၌ ခမည်းတော်သည် ကောင်းကင်များ၌သာ ရှိနေခြင်းဖြစ်သည် ဟူသော ထုံးတမ်းဓလေ့သွန်သင်ခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ စီမံကိန်းဆိုင်ရာအရ သားတော်သည် မြေကြီးပေါ်တွင် ရှိ၍၊ ခမည်းတော်သည် ကောင်းကင်များ၌ရှိသည်။ သို့သော်လည်း အသက်ဆိုင်ရာအရ သားတော်သည် မြေကြီးပေါ်တွင် အလုပ်လုပ်နေစဉ်တွင်၊ ခမည်းတော်သည် ကိုယ်တော်၌အသက်ရှင်နေပြီး၊ ကိုယ်တော်နှင့်အတူ လုပ်ဆောင်နေသည်။ အသက်ဆိုင်ရာအရ ခမည်းတော်နှင့် သားတော်သည် တစ်လုံးတစ်ဝတည်းဖြစ်သည် (ယော၊၁၀း၃၀)။ သူတို့ကို ခွဲခြား၍ ရနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ခရစ်တော်သည် ခမည်းတော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ခြင်းနည်းလမ်း၌ ခမည်းတော်နှင့်အတူ လုပ်ဆောင်ခဲ့သည်။(*The Conclusion of the New Testament*,pp. 742-743)

*ပို၍ဖတ်ရန်* –*The God-man Living*, chs. 8-9

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ယော၊ ငါသည် ကိုယ်အလိုအလျောက် အဘယ်အမှုကိုမျှ မပြုနိုင်။ ငါသည် ကြား**
**၅း၃၀ သည့်အတိုင်း တရားစီရင်၏။ ငါစီရင်ခြင်းသည်လည်း တရားတော်နှင့်**
**ညီညွတ်၏။ အကြောင်းမူကား၊ ငါသည် ကိုယ်အလိုသို့မလိုက်။ ငါ့ကိုစေ**
**လွှတ်တော်မူသောခမည်းတော်၏ အလိုသို့လိုက်၏။**
**၄း၂၄ ဘုရားသခင်သည် ဝိညာဉ်တော်ဖြစ်တော်မူ၏။ ဘုရားသခင်ကို ကိုးကွယ်**
**သောသူတို့သည် ဝိညာဉ်နှင့် ဟုတ်မှန်ခြင်း၌ ကိုးကွယ်ရမည်။**

သားတော်သည် ခမည်းတော်၏ နာမ၌ လုပ်ဆောင်ခဲ့သည် (ယော၊၁၀း၂၅)။ ခမည်းတော်၏ နာမ၌ လုပ်ဆောင်ခြင်း ဆိုသည်မှာ ငါလုပ်ဆောင်သည်မဟုတ်၊ ငါသည် ခမည်းတော်အနေဖြင့် လုပ်ဆောင်သည်ဟု ဆိုလိုသည်။ ဤလူသားတော်သည် မြေကြီးပေါ်တွင် အသက်ရှင်သောအခါ၊ ကိုယ်တော်သည် ဝိညာဉ်တော်အားဖြင့်၊ ခမည်းတော်နှင့် အတူ ရှိသော သားတော်ဖြစ်ခဲ့ပြီး၊ လူသည် သုံးပါးတစ်ပါးဘုရားနှင့် ရောနှောပေါင်းစည်းထားသောအသက်တာကို အသက်ရှင်နိုင်သည်ဟူသော စံနမူနာကို ပြသရန် အသက်ရှင်ခဲ့သည်။ လူသားမျိုးနွယ်တို့အလယ်တွင် အနည်းဆုံး လူသားတစ်ဦးသည် ထိုကဲ့သို့သော အသက်တာကို အသက်ရှင်ခြင်း၌ အောင်မြင်ခဲ့သည်။ ဘုရားအသက်ကို ရရှိပိုင်ဆိုင်ထားသည့် လူထောင်ပေါင်းများစွာတို့သည် ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်း၏ ရလဒ်ဖြစ်သော အသက်တာကို အသက်ရှင်ရန် ဤလူသားတော်နောက်သို့ လိုက်သင့်ပါသည်။ (*God's New Testament Economy*, p. 33-34)

## ယနေ့ဖတ်စရာ

သခင်ယေရှုသည် ခမည်းတော်နှင့်အတူ လုပ်ဆောင်ခဲ့သောကြောင့်၊ ကိုယ်တော်သည် ခမည်းတော်၏ နာမ၌ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည် (ယော၊၁၀း၂၅)။ ကိုယ်တော်သည် ခမည်းတော်၏ နာမ၌ ကြွလာခဲ့ပြီး (ယော၊၅း၄၃)၊ မည်သည့်အရာကိုမျှ သူ၏ကိုယ်ပိုင်နာမ၌ မလုပ်ဆောင်ခဲ့ဘဲ၊ အရာအားလုံးကို ခမည်းတော်၏ နာမ၌ လုပ်ဆောင်ခဲ့သည်။ ကိုယ်တော့်အတွက် ခမည်းတော်၏ နာမ၌ လုပ်ဆောင်ရန်ဆိုသည်မှာ ကိုယ်တော်သည် ခမည်းတော်အနေဖြင့် လုပ်ဆောင်ခဲ့ကြောင်းကို ဆိုလိုသည်။ သခင်ယေရှုနှင့် ခမည်းတော်သည် သီးခြားစီ လုပ်ဆောင်ခဲ့ခြင်းမဟုတ်ဘဲ၊ သခင်ဘုရားသည် ခမည်းတော်နှင့်အတူ တစ်လုံးတစ်ဝတည်း လုပ်ဆောင်ခဲ့သည်။

သခင်ယေရှုသည် အကြိမ်ပေါင်းများစွာပင် သူသည် မိမိအလိုအတိုင်းပြုလုပ်ခြင်း မရှိဘဲ၊ သူပြုလုပ်ခဲ့သောအရာအားလုံးမှာ ခမည်းတော်၏ အလိုတော်ဖြစ်သည်ဟု ခိုင်မာစွာ ကြွေးကြော်ခဲ့သည်။ တစ်နေ့တွင် စားစရာများနှင့်အတူ ပြန်လာပြီး ကိုယ်တော့်အား စားရန် တိုက်တွန်းနေသော တပည့်တော်တို့အား ကိုယ်တော်က "ငါ့ကိုစေလွှတ်တော်မူသောသူ၏ အလိုတော်ကို ဆောင်ခြင်း၊ သူ၏ အမှုတော်ကို ပြီးစီးခြင်းအမှုသည် ငါ့စားစရာဖြစ်၏" (ယော၊၄း၃၄)ဟု ပြောဆိုခဲ့သည်။ သခင်ဘုရား၏ စားစရာမှာ ခမည်းတော်၏ အလိုတော်ကို ဆောင်ရန်ဖြစ်သည်။ ယောဟန်၊၄ ၌ အထူးသဖြင့် ဆိုလိုသည်မှာ ကိုယ်တော်၏ စားစရာသည် အပြစ်သားများကို ကယ်တင်ပြီး၊ ကျေနပ်နှစ်သိမ့်မှု ရှိစေရန်ဖြစ်သည်။ သခင်ယေရှုသည် ရှမာရိနယ်သို့ ရောက်လာခဲ့ခြင်းမှာ အပြစ်ပြည့်ဝသောရှမာရိအမျိုးသမီးကို ရှာဖွေရန်နှင့် ကျေနပ်နှစ်သိမ့်စေရန် အကြံအစည်ဖြင့် ဖြစ်သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် ကိုယ်တော်သည် ဘုရားသခင်၏ အလိုတော်ကို ဆောင်ခဲ့ပြီး၊ ဘုရားသခင်၏ အလိုတော်ကို ဆောင်ခြင်းသည် ကိုယ်တော်၏ စားစရာနှင့် ကျေနပ်နှစ်သိမ့်ခြင်းဖြစ်သည်။

ယော၊၆း၃၈ ၌ သခင်ယေရှုက သူသည် ကိုယ်အလိုသို့လိုက်ခြင်းငှါ ကောင်းကင်မှ ဆင်းသက်သည်မဟုတ်ဘဲ၊ သူ့ကို စေလွှတ်တော်မူသောခမည်းတော်၏ အလိုသို့ လိုက်ခြင်းငှါ ဆင်းသက်သည်ဟု ပြောဆိုထားသည်။ ယော၊၅း၃၀ တွင်လည်း သူသည် ကိုယ်အလိုသို့မလိုက်ဘဲ၊ သူ့ကိုစေလွှတ်တော်မူသောခမည်းတော်၏ အလိုသို့ လိုက်၏ ဟု ပြောဆိုထားသည်။ ဤကျမ်းပိုဒ်များက မြေကြီးပိုင်းဆိုင်ရာအမှုတော်၌ သခင်ယေရှုသည် သူ၏ အလိုကို သယ်ဆောင်ခဲ့ခြင်းမရှိဘဲ၊ ခမည်းတော်၏ အလိုကို သယ်ဆောင်ခဲ့ကြောင်း ရှင်းလင်းစွာ ညွှန်ပြထားသည်။ (*The Conclusion of the New Testament*, pp. 743-744)

သခင်ဘုရားသည် ကိုယ်အလိုကို မရှာဖွေခဲ့ဘဲ၊ သူ့ကို စေလွှတ်တော်မူသောခမည်းတော်၏ အလိုကို ရှာဖွေခဲ့သည် (ယော၊၅း၃၀ခ)။ ပထမဆုံး ကိုယ်တော်သည် သူ့ကိုယ်သူ ငြင်းပယ်ခဲ့သည်။ ဒုတိယ ကိုယ်တော်သည် သူ၏ စိတ်ကူး၊ ရည်ရွယ်ချက်နှင့် အကြံအစည်ကို ငြင်းပယ်ခဲ့သည်။ ကိုယ်တော်သည် သူ့ကို စေလွှတ်တော်မူသောအရှင်၏ အလိုကိုသာ ရှာဖွေခဲ့သည်။ ကျွန်ုပ်တို့အားလုံးသည်လည်း ဤအရာတစ်ခုပေါ် တွင် သတိရှိနိုးကြားသင့်ပါသည်။ ကျွန်ုပ်တို့သည် အချို့သောအလုပ်ကို ပြုလုပ်ရန် စေလွှတ်ခံရသောအခါ၊ မိမိတို့၏ ပန်းတိုင်ကို ရှာဖွေရန် အခွင့်အရေးကို မယူဆောင်သင့်ပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလုပ်ကို ပြုလုပ်ရန် သွားသောအခါ၊ ကျွန်ုပ်တို့၏ အကြံအစည် သို့မဟုတ် ဘုရားသခင်၏ အကြံအစည်ကို ရှာဖွေခြင်းဖြင့် သွားရောက်မည်လား။ ညီအစ်ကိုတစ်ဦးသည် သခင်ဘုရား၏ အလုပ်အတွက် စေလွှတ်ခံရသောအခါ၊ ထိုညီအစ်ကိုသည် သူ၏ ကိုယ်ပိုင်

အကြံအစည်ကို ပြုလုပ်ရန် အခွင့်အရေးကို ယူဆောင်လိမ့်မည်လား ဟူ၍ ညီအစ်ကို ဝဒ်ချ်မဲန်းနီးက အမြဲတမ်း စဉ်းစားပူပန်လေ့ရှိခဲ့သည်။

ကျွန်ုပ်တို့၏ အကြံအစည်၊ ကျွန်ုပ်တို့၏ ပန်းတိုင်နှင့် စိတ်ကူးမပါရှိဘဲ စင်ကြယ်သောစိတ်နှလုံးရှိရန် မလွယ်ကူပါ။ ကျွန်ုပ်တို့သည် စေလွှတ်တော်မူသောသခင်၏ စိတ်ကူး၊ အကြံအစည်၊ ပန်းတိုင်နှင့် ရည်ရွယ်ချက်ကိုသာ ရှာဖွေ၍ သွားကြရမည်ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့၏ အပိုင်း၌ များစွာသင်ယူခြင်းရှိရန် တောင်းဆိုသည်။

တစ်ချိန်ချိန်တွင် ညီအစ်ကိုအချို့က ဖိတ်ကြားခံရသောနေရာတစ်နေရာသို့ သွားရောက်ရန် သူတို့၏ လက်ခံခြင်းအပေါ် မည်သို့ခံစားရကြောင်း ကျွန်ုပ်အား မေးကောင်းမေးမည်ဖြစ်သည်။ ကျွန်ုပ်၏ အခြေခံကျသောစဉ်းစားခြင်းမှာ "သင်သည် သခင်ဘုရား၏ အကြံအစည်၊ ရည်မှန်းချက်၊ ပန်းတိုင်၊ စိတ်ကူး၊ ရည်ရွယ်ချက်၊ အလိုတော်ကို ပြည့်စုံစေရန်အတွက် သွားခြင်းလား သို့မဟုတ် သင်၏ ရည်ရွယ်ချက်၊ အလိုကို ပြည့်စုံရန် အခွင့်အရေးကို ယူဆောင်လိမ့်မည်လား" ဟူ၍သာဖြစ်သည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်ကို ရှာဖွေရန်သာဆိုလျှင် လုံးလုံးစင်ကြယ်ခြင်းမရှိပါ။ ကျွန်ုပ်တို့သည် ကားတိုင်အားဖြင့် စင်ကြယ်ခြင်းရှိရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် "သခင်ဘုရား၊ ကျွန်ုပ်၏ ရည်ရွယ်ချက်နှင့် စိတ်ကူးအတိုင်း တစ်စုံတစ်ရာကို ပြီးမြောက်အောင် သွားရောက်ခြင်းမှ ကျွန်ုပ်ကို ကယ်တင်တော်မူပါ"ဟု ဆုတောင်းသင့်သည်။ သခင်ယေရှုသည် သူ၏ ကိုယ်ပိုင် စိတ်ကူး၊ အကြံအစည်၊ ခံယူချက် သို့မဟုတ် ရည်ရွယ်ချက်ကို ဘယ်သောအခါမျှ ရှာဖွေခဲ့ခြင်းမရှိပါ။ ကိုယ်တော်သည် ခမည်းတော်၏ အလိုတစ်ခုတည်းကိုသာ ရှာဖွေခဲ့သည်။ (*The God-man Living*, pp. 125-126)

*ပို၍ဖတ်ရန်* – *The Conclusion of the New Testament*, msg. 2; *The God-man Living*, ch. 14

***အလင်းဖွင့်ပြခံရခြင်းနှင့် နှိုးဆော်ခံရခြင်း*** ————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ယော၊ ကိုယ်အလိုအလျောက်ဟောပြောသောသူသည် မိမိဘုန်းအသရေကို ရှာ**
**၇း၁၈ တတ်၏။ မိမိကို စေလွှတ်တော်မူသောသူ၏ဘုန်းအသရေကို ရှာသော**
**သူမူကား ဟုတ်မှန်သောသူဖြစ်၏။ ထိုသူ၌ မဖြောင့်မတ်ခြင်းမရှိ။**
**၈း၅၀ ငါသည် ကိုယ်ဘုန်းအသရေကို မရှာ။ ငါ၏ဘုန်းအသရေကိုရှာ၍ စီရင်**
**တော်မူသောသူရှိသေး၏။**

မြေကြီးပိုင်းဆိုင်ရာအမှုတော်၌ သခင်ယေရှုသည် သူ၏ကိုယ်ပိုင်စကားကို ဘယ်သောအခါမျှ မပြောဆိုခဲ့ပေ။ ကိုယ်တော်ပြောဆိုခဲ့သောစကားတိုင်းမှာ ခမည်းတော်၏စကားပင်ဖြစ်သည်။ အဖြစ်အပျက်တစ်ခု၌ ကိုယ်တော်က "ငါပေးသောဆုံးမဩဝါဒသည် ငါ၏ဆုံးမဩဝါဒမဟုတ်။ ငါ့ကို စေလွှတ်တော်မူသောသူ၏ဆုံးမဩဝါဒဖြစ်၏" (ယော၊၇း၁၆)ဟု ပြောဆိုခဲ့သည်။ ကိုယ်အလိုအလျောက်ဟောပြောခြင်း မရှိခဲ့သောကြောင့်၊ ထိုအမှုအရာ၌ သခင်ဘုရားသည် မိမိဘုန်းကို မရှာခဲ့ဘဲ၊ သူ့ကို စေလွှတ်တော်မူသောအရှင်၏ဘုန်းကို ရှာဖွေခဲ့သည် (အငယ်၊၁၈)။ သူ၏ကိုယ်ပိုင်စကားများကို ပြောဆိုခြင်းအစား၊ ကိုယ်တော်သည် ဘုရားသခင်ကို ပြောထွက်ခဲ့သည်။ ကိုယ်တော်သည် ဘုရားသခင်၏စကားတော်ကို ပြောဆိုသောအခါ၊ ဘုရားသခင်သည် ကိုယ်တော်၏စကားပြောခြင်းအားဖြင့် ထင်ရှားဖော်ပြခြင်းခံရသည်။ ဘုရားသခင်သည် ကိုယ်တော်၏စကားများအားဖြင့် ထင်ရှားထွက်ပေါ် လာခဲ့သည်။ ကိုယ်တော်သည် ဘုရားသခင်ကို ပြောထွက်သောအသက်တာ၊ ဘုရားသခင်၏ဘုန်းတော်အတွက် ဘုရားကို ထင်ရှားသော အသက်တာကို အသက်ရှင်ခဲ့သည်။ (*The Conclusion of the New Testament,* p. 743)

## ယနေ့ဖတ်စရာ

ပထမဆုံးသောဘုရားလူသည် မိမိဘုန်းကို မရှာဖွေခဲ့ဘဲ၊ သူ့ကို စေလွှတ်တော်မူသောခမည်းတော်၏ဘုန်းကို ရှာဖွေခဲ့သည် (ယော၊၇း၁၈)။ ကျွန်ုပ်သည် ညီအစ်ကိုနီးနှင့်နှစ်ပေါင်းနှစ်ဆယ်ကြာမျှ အတူရှိခဲ့ပါသည်။ လုပ်ဖော်ဆောင်ဖက်များနှင့် စပ်လျဉ်းပြီး ညီအစ်ကိုနီးကို အနှောင့်အယှက်အဖြစ်စေဆုံးသောအရာမှာ ကိုယ်ပိုင်ရည်မှန်းချက်မရှိသောသူတစ်ယောက်တစ်လေကို မြင်တွေ့ရန် ခက်ခဲခြင်းပင်ဖြစ်သည်။ ရည်မှန်းချက်ကြီးမားခြင်းမှာ မိမိဘုန်းကို ရှာခြင်းပင်ဖြစ်သည်။ သခင်ဘုရား၏ကရုဏာတော်အားဖြင့် ကျွန်ုပ်သည်

မိမိအတ္တနှင့် ရည်မှန်းချက်ကို ဆက်ဆံဖြေရှင်းခြင်း၏ လျှို့ဝှက်ချက်ကို သင်ယူခဲ့ပြီး၊ ထို အရာက မိမိကိုယ်ကို ထင်ရှားပေါ် လွင်စေခြင်းကို ဆက်ဆံဖြေရှင်းရန် ကျွန်ုပ်ကို ကူညီပေး ခဲ့သည်။ (*The God-man Living*, p. 126)

ခရစ်တော်နှင့်အတူ အတ္တအတွက် အခြေပြုနေရာမရှိခဲ့ပါ။ ကိုယ်တော်သည် မိမိ ဘုန်းကို မရှာခဲ့ဘဲ၊ ခမည်းတော်၏ဘုန်းကိုသာ ရှာဖွေခဲ့သည် (ယော၊၇း၁၈)။ (*God's New Testament Economy*, p. 34)

ဖာရိရှဲတို့သည် သူတို့ဘုန်းကို ရှာဖွေခဲ့ကြသည်။ (ယော၊၇း၁၈)၏ စကားအဆက် အစပ်အရ၊ သခင်ဘုရားက သူတို့သည် သူတို့ဘုန်းကိုမရှာလျှင် ခမည်းတော်သည် ကိုယ် တော့်ကို စေလွှတ်တော်မူကြောင်းကို သူတို့သိကြလိမ့်မည်ဟူ၍ ဖာရိရှဲတို့အား ရည်ညွှန်း ပြောဆိုခဲ့သည်။

ကျွန်ုပ်တို့၏ အတ္တ၊ အကြံအစည်နှင့် ကိုယ်ပိုင်ရည်မှန်းချက်တို့သည် ကျွန်ုပ်တို့၏ အလုပ်၌ ကြီးမားသောအဖျက်အဆီးဖြစ်သည့် "ပိုးကောင်" သုံးကောင်ဖြစ်ကြောင်း မြင် ရန်လိုအပ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ပြန်လည်ရယူခြင်း၌ သခင်ဘုရားအတွက် အမြဲအသုံးခံလိုသည်ဆိုပါက၊ ကျွန်ုပ်တို့၏ အတ္တကို ငြင်းပယ်ရမည်၊ ကျွန်ုပ်တို့၏ အကြံ အစည်ကို ငြင်းဆိုရမည်၊ ကျွန်ုပ်တို့၏ ရည်မှန်းချက်ကို စွန့်လွှတ်ရမည်ဖြစ်သည်။ ကျွန်ုပ် တို့၌ မိမိတို့ကိုယ်ပိုင်အကြံအစည်မရှိသင့်ဘဲ၊ ထိုအစား သခင်ဘုရား၏ အလိုတော်သာ ရှိသင့်ပါသည်။ ကျွန်ုပ်တို့အားလုံးသည် ဤအရာသုံးခုကို သင်ယူကြရမည်ဖြစ်သည်– အတ္တမရှိခြင်း၊ ကိုယ်ပိုင်အကြံအစည်မရှိခြင်းနှင့် ကိုယ်ပိုင်ရည်မှန်းချက်မရှိခြင်းတို့ဖြစ် သည်။ ကျွန်ုပ်တို့သည် မိမိတို့အတ္တကို ငြင်းပယ်ခြင်း၊ မိမိတို့၏ အကြံအစည်ကို ငြင်းဆို ခြင်းနှင့် မိမိတို့ကိုယ်ပိုင်ရည်မှန်းချက်ကို စွန့်လွှတ်ခြင်းအားဖြင့် ကိုယ်တော့်အတွက် အား ထုတ်လုပ်ဆောင်ရန်ကိုသာ သိကြရမည်။ (*The God-man Living*, pp. 126-127)

ဘုရားသခင်၏ ဓမ္မသစ်အမှုတော်ကို သယ်ဆောင်ခြင်း၌ သခင်ယေရှုက သူသည် ကိုယ်အလိုအလျောက် အဘယ်အမှုကိုမျှ မပြုခဲ့ကြောင်း (ယော၊၅း၁၉)၊ သူ၏ ကိုယ်ပိုင် အလုပ်ကို မလုပ်ဆောင်ခဲ့ကြောင်း (ယော၊၄း၃၄။ ၁၇း၄)၊ ကိုယ်ပိုင်စကားကို မပြောဆို ခဲ့ကြောင်း (ယော၊၁၄း၁၀၊ ၂၄)၊ မိမိအလိုအတိုင်း အဘယ်အရာကိုမျှ မပြုလုပ်ခဲ့ကြောင်း (ယော၊၅း၃၀)နှင့် မိမိဘုန်းကိုလည်း ရှာဖွေခြင်းမပြုခဲ့ကြောင်း (ယော၊၇း၁၈) ကျွန်ုပ်တို့ အား ပြောပြခဲ့သည်။ ယနေ့ ခရစ်ယာန်အလုပ်အားလုံးကို တိုင်းတာရန် ဤအချက် အနည်းငယ်ကို စံအဖြစ် အသုံးပြုမည်ဆိုပါက၊ ခရစ်ယာန်အလုပ်အားလုံးနီးပါးသည် စံချိန်စံနှုန်းမမှီကြောင်းကို မြင်တွေ့နိုင်မည်ဖြစ်သည်။ သခင်ဘုရား၏ အလုပ်၌ ကိုယ်အလို

အလျှောက် အဘယ်အမှုကိုမျှ မပြုပါဟု မည်သူဆိုနိုင်သနည်း။ မိမိကိုယ်ပိုင်အလုပ်ကို လုပ်ဆောင်ခြင်းမပြုပါ သို့မဟုတ် မိမိကိုယ်ပိုင်စကားများကို ပြောဆိုခြင်းမပြုပါဟု မည်သူဆိုနိုင်သနည်း။ ထို့အတူ အဘယ်အရာကိုမျှ မိမိအလိုအတိုင်း လုပ်ဆောင်ခြင်းမပြုပါ၊ မိမိဘုန်းကိုရှာရန် မပြုလုပ်ပါဟု မည်သူဆိုနိုင်သနည်း။ ကျွန်ုပ်တို့သည် ဤအချက်ငါးချက်ကို အကောင်းဘက်ကဖြေဆိုနိုင်မည်ဆိုလျှင်၊ ကျွန်ုပ်တို့သည်လည်း ဘုရားသခင်၏ ဓမ္မသစ်အမှုတော်၌ ရှိနေပြီဖြစ်ကြောင်း ကျွန်ုပ်ယုံကြည်ပါသည်။ ထိုသို့မဟုတ်လျှင်မူ၊ ကျွန်ုပ်တို့သည် အလှမ်းကွာဝေးလျက်ပင်ရှိသည်။

ဤသည်မှာ ဘုရားသခင်၏ဓမ္မသစ်အမှုတော်၌ရှိသော သခင်ယေရှု၏ အပိုင်းကဏ္ဍဖြစ်ပြီး၊ ယင်းသည် အသင်းတော်ကို ထွက်ပေါ်စေ၍၊ သန့်ရှင်းသူများကို ခိုင်ခံ့မြဲမြံစေကာ၊ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ပေးသည်။ သင်သည် ဤအချက်ငါးချက်နှင့် မပြည့်စုံပါက၊ သင်လုပ်ဆောင်သောအရာမှန်သမျှသည် သဘောထားကွဲလွဲစေခြင်းနှင့် ကွဲပြားခြင်းကိုသာ ဖြစ်စေလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကိုယ်အလိုအလျှောက် လုပ်ဆောင်ခြင်းမပြုသော၊ ကိုယ်ပိုင်အလုပ်ကို မလုပ်ဆောင်သော၊ ကိုယ်ပိုင်စကားကို မပြောဆိုသော၊ မိမိအလိုအတိုင်းမပြုဘဲ၊ မိမိဘုန်းကိုလည်း မရှာဖွေသော မိမိကိုယ်ကိုအဆုံးသတ်ထားသည့် ပုဂ္ဂိုလ်နှင့်အတူ ကြီးမားသောခြားနားမှုရှိနေကြောင်းကို မြင်ရန်လိုအပ်သည်။ ယင်းမှာ ဘုရားသခင့်ဓမ္မသစ်စီမံကိန်း၏ အပိုင်းကဏ္ဍမျှသာမဟုတ်ဘဲ၊ ကျွန်ုပ်တို့၏ စံနမူနာဖြစ်သည့် ထိုကဲ့သို့သောအသက်တာနှင့်အတူ ထိုကဲ့သို့သောပုဂ္ဂိုလ်တော်၏ စံနမူနာလည်းဖြစ်သည်။ သခင်ဘုရားသည် ဤအကြောင်းအရာများနှင့်စပ်လျဉ်းပြီး၊ ကျွန်ုပ်တို့၏ ရူပါရုံကို ရှင်းလင်းမှုရှိအောင် ပြုပေးပါစေ။ (*Elders' Training, Book 1: The Ministry of the New Testament,* p. 49)

*ပို၍ဖတ်ရန် – Elders' Training, Book 1: The Ministry of the New Testament,* ch. 3; *Truth Messages,* ch. 7

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

***Hymns*, E # 910**

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ–

**ဝိညာဉ်တော်အားဖြင့်**
**တက်ကြွခြင်းနှင့် ဘုရားဆိုင်ရာစမ်းချောင်း၌ရှိသော အလုပ်**

ဖတ်ရန်ကျမ်း။ တ၊ ၁း၈–၁၁၊ ၂၂။ ၂း၄၊ ၃၃။ ၄း၃၃။ ၅း၃၁။ ၁၃း၁–၄

*Day 1*

**I. သခင်ဘုရားပြန်လည်ရယူခြင်း၌ရှိသော တုနှိုင်းရာမဲ့သည့်အလုပ်မှာ တက်ကြွခြင်း၌ရှိသောအလုပ်ဖြစ်သည် (တ၊ ၁း၉–၁၁။ ၂း၃၃။ ဧ၊ ၁း ၂၂။ ၂း၆)။**

က။ တက်ကြွခြင်း၌ ခရစ်တော်သည် ပလ္လင်တော်ပေါ် စိုးစံခြင်းနှင့် စကြဝဠာ၌ အရာခပ်သိမ်းတို့၏ အထက်တွင် ဦးခေါင်းဖြစ်လာသည်။ ကိုယ်တော်သည် ဦးခေါင်းတော်၊ သခင်၊ ဘုရင်၊ ပလ္လင်ပေါ် မှ ဘိသိက်ခံရသောအရှင်၊ စကြဝဠာ၌ ရှိသမျှတန်ခိုးနှင့် အခွင့်အာဏာအားလုံးကို ရရှိသောအရှင်ဖြစ်သည် (၁း ၂၂။ မ၊ ၂၈း၁၈)။

၁။ ကျွန်ုပ်တို့သည် တက်ကြွခြင်း၌ ခရစ်တော်နှင့်အတူ ပါဝင်ပတ်သက်နေသောကြောင့် ကိုယ်တော်နှင့်အတူ ကောင်းကင်များအထဲသို့ ခေါ်ဆောင်ခြင်းခံရသည် (ဧ၊ ၂း၆)။

၂။ ဘုရားသခင်သည် စကြဝဠာ၌ရှိရှိသမျှ အခွင့်အာဏာအားလုံးကို ရှင်ပြန်ထမြောက်ကာ တက်ကြွခဲ့သော ခရစ်တော်ထံ ပေးအပ်ခဲ့ပြီး၊ ကျွန်ုပ်တို့သည်လည်း ခရစ်တော်၌ရှိနေကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ ကောင်းကင်များ၌ရှိကာ ပလ္လင်ပေါ် တွင်ရှိနေကြသူများဖြစ်သည်။

၃။ ခရစ်တော်အဖို့ တက်ကြွခြင်းသည် ကိုယ်တော်၏ ချီးမြှောက်ခံရခြင်းဖြစ်သည်။ ကျွန်ုပ်တို့အဖို့ ၎င်းသည် ကောင်းကင်များ၌ရှိသော ပလ္လင်ပေါ် ၌ ကျွန်ုပ်တို့ရှိနေခြင်းဖြစ်သည်။

ခ။ တက်ကြွခြင်း၌ ခရစ်တော်သည် အခြားသောအသက်ရှင်ခြင်းနှင့်အတူ အခြားသောအမှုတော်ရှိသည့် အသစ်သောအဝန်းအဝိုင်းအထဲသို့၊ ကောင်းကင်များအထဲသို့ ခေါ်ဆောင်ခံရခြင်းဖြစ်သည်။ ကောင်းကင်များ၌ သခင်ဘုရား၏ အသက်ရှင်ခြင်းနှင့် အမှုတော်သည် တမန်တော်ဝတ္ထု၏ ပါဝင်သောအကြောင်းအရာဖြစ်သည် (တ၊ ၂း၃၃–၃၄၊ ၃၆။ ၅း၃၁)။

***Day 2***

ဂ။ တမန်တော်ဝတ္ထု၏ အကြောင်းအရာသည် တက်ကြွခြင်း၌ ခရစ်တော်အားဖြင့် သယ်ဆောင်ခဲ့သည့် ရှင်ပြန်ထမြောက်သောခရစ်တော်၏ တိုးပွားပြန့်နှံ့ခြင်းဖြစ်သည် (၁း၈–၁၁။ ၂း၃၃။ ၄း၃၃)။

၁။ ရှင်ပြန်ထမြောက်သော ခရစ်တော်၏ တိုးပွားပြန့်နှံ့ခြင်းသည် ကောင်းကင်များ၌ရှိသော ပလ္လင်တော်ပေါ်မှ သခင်ဘုရားအားဖြင့် သယ်ဆောင်ခြင်းဖြစ်သည် (၁း၂၂။ ၃း၁၃၊ ၁၅။ ၄း၁၀)။

၂။ တက်ကြွခြင်းသည် မြေကြီးပေါ်၌ သခင်ဘုရားလုပ်ဆောင်ခြင်း၏ သဘောသဘာဝနှင့် အဝန်းအဝိုင်းဖြစ်သည်။ ထို့ကြောင့် ပြန်လည်ရယူခြင်း၌ ယနေ့ သခင်ဘုရား၏ အလုပ်သည် ကောင်းကင်ဆိုင်ရာသဘောသဘာဝရှိကာ၊ ကောင်းကင်ဆိုင်ရာအဝန်းအဝိုင်း၌ ရှိရမည်ဖြစ်သည် (ဧ၊၁း ၂၂)။

ဃ။ ယနေ့ အမည်ခံ ခရစ်ယာန်၏ အလုပ်သည် တက်ကြွခြင်း၌ရှိသော အလုပ်မဟုတ်သော်ငြားလည်း၊ သခင်ဘုရား၏ ပြန်လည်ရယူခြင်း၌ရှိသော အလုပ်သည် သခင်ဘုရား၏ တက်ကြွခြင်း၌ရှိသော အလုပ်ဖြစ်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ တက်ကြွခြင်း၌ လုပ်ဆောင်လျက်ရှိကြောင်းကို သက်သေခံနိုင်ရမည်ဖြစ်သည် (တ၊ ၂း၃၂–၃၃)။

င။ တက်ကြွသောခရစ်တော်သည် ကိုယ်တော်၏ တက်ကြွခြင်း၌ ကျွန်ုပ်တို့အထဲသို့ ရောက်ရှိလာခြင်းဖြစ်သည်။ ကိုယ်တော်သည် တက်ကြွခြင်း၌ ကျွန်ုပ်တို့အထဲတွင် ရှိနေသည် (ကော၊၁း ၂၇။ ၃း၁။ ရော၊ ၈း၁၀၊ ၃၄)။

၁။ ယနေ့ သခင်ဘုရားသည် တက်ကြွခြင်း၌ ကျွန်ုပ်တို့၏ ဝိညာဉ်အထဲတွင် ရှိနေသည် (၂တိ၊၄း ၂၂)။

၂။ ခရစ်တော်၏ တက်ကြွခြင်း၌ သုံးပါးတစ်ပါးဘုရားသည် ကျွန်ုပ်တို့အတွင်းတွင် လှုပ်ရှားလုပ်ဆောင်နေပြီး၊ ဤလှုပ်ရှားခြင်းသည် ကိုယ်တော်၏ သမိုင်းဖြစ်လာရုံသာမက ကျွန်ုပ်တို့၏ သမိုင်းလည်းဖြစ်လာသည်။ အကြောင်းမှာ ကိုယ်တော်နှင့်ကျွန်ုပ်တို့သည် တစ်ခုတည်းအဖြစ်ရောနှောပေါင်းစည်းကာ တူညီသောသမိုင်းရှိသောကြောင့်ဖြစ်သည် (၁ကော၊ ၆း၁၇)။

*Day 3*

**II. သခင်ဘုရားပြန်လည်ရယူခြင်း၌ရှိသည့် တုနှိုင်းရာမဲ့သောအလုပ်သည် ဝိညာဉ်တော်အားဖြင့် သယ်ဆောင်ခြင်းဖြစ်သည် (တ၊၁း၈။ ၂း၄။ ၁၃း၂၊ ၉)။**

က။ သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်၌ သွင်ပြင်နှစ်ခုရှိသည်။ အသက်အတွက် အတွင်းပိုင်းသွင်ပြင်မှာ အသက်ဆိုင်ရာဝိညာဉ်တော်ဖြစ်ပြီး၊ တန်ခိုးနှင့်အခွင့်အာဏာအတွက် အပြင်းပိုင်းသွင်ပြင်မှာ စီမံကိန်းဆိုင်ရာဝိညာဉ်တော်ဖြစ်သည် (ယော၊၁၄း၁၇။ ၂၀း၂၂။ လု၊၂၄း၄၉။ တ၊၁း၅၊ ၈)။

၁။ ခရစ်တော်၌ ယုံကြည်သူတိုင်းသည် ဝိညာဉ်တော်၏ သွင်ပြင်နှစ်ခုလုံးကို တွေ့ကြုံခံစားရန်လိုအပ်သည် (လု၊၂၄း၄၉။ ယော၊၁၄း၁၇။ ၂၀း၂၂)။

က။ အတွင်းပိုင်းဆိုင်ရာ၌ ကျွန်ုပ်တို့သည် အသက်အတွက် သန့်ရှင်းသောဝိညာဉ်တော်ကို သောက်သုံးရန်လိုအပ်ပြီး၊ အပြင်ပိုင်းဆိုင်ရာ၌ တန်ခိုးနှင့်အခွင့်အာဏာအတွက် ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို ဝတ်ဆင်ရန်လိုအပ်သည် (၁ကော၊၁၂း၁၃။ လု၊၂၄း၄၉။ တ၊၁း၅၊ ၈)။

ခ။ အတွင်းပိုင်း၌ အသက်အတွက် ကျွန်ုပ်တို့အတွင်း၌ မှုတ်သွင်းထားသော သန့်ရှင်းသောဝိညာဉ်တော်၏ အသက်လေကို လိုအပ်ပြီး၊ အပြင်ပိုင်း၌ တန်ခိုးအတွက် ကျွန်ုပ်တို့အပေါ် တိုက်ခတ်သော သန့်ရှင်းသောဝိညာဉ်တော်၏ လေကို လိုအပ်သည်(ယော၊၂၀း၂၂။ တ၊၂း၂၊ ၄)။

ဂ။ ဝိညာဉ်တော်ကို အသက်အဖြစ်တွေ့ကြုံခံစားခြင်းမှာ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာဖြစ်ခြင်းနှင့်တည်ရှိခြင်း အတွက် အသက်ဆိုင်ရာဖြစ်ပြီး၊ ဝိညာဉ်တော်ကို တန်ခိုးအဖြစ်တွေ့ကြုံခံစားခြင်းမှာ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးရာအလုပ်နှင့် လှုပ်ရှားမှုအတွက် စီမံကိန်းဆိုင်ရာဖြစ်သည် (ရော၊၈း၁၁။ လု၊၂၄း၄၉။ တ၊၁း၅၊ ၈)။

*Day 4*

ဃ။ အသက်၏ ဝိညာဉ်တော်နှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့သည် ကိုယ်တော်ကို အသက်လေအဖြစ် ရှူသွင်းရန်လိုအပ်သည်။ တန်ခိုး၏ ဝိညာဉ်တော်နှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ဧလိယ၏ ဝတ်လုံဖြင့်ပုံဆောင်ထားသော ဝတ်စုံအဖြစ်ဝတ်ဆင်ရန် လိုအပ်သည် (ယော၊ ၂၀း ၂၂။ လု၊ ၂၄း ၄၉။ ၂ဘုရင်၊ ၂း၉၊ ၁၃–၁၅)။

၂။ ခရစ်တော်၌ယုံကြည်သူများဖြစ်သော ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏ အတွင်းပိုင်းနှင့် အပြင်ပိုင်း ဖြည့်ပေးခြင်းကို တွေ့ကြုံခံစားရမည်ဖြစ်သည် (ဧ၊ ၅း ၁၈။ တ၊ ၂း ၄။ ၄း ၈။ ၆း ၃။ ၁၃း ၉၊ ၅၂)။

က။ ဝိညာဉ်တော်နှင့်အတွင်းပိုင်းဖြည့်ခြင်းခံရန်မှာ အသက်ဆိုင်ရာဝိညာဉ်တော်ကို အသက်အဖြစ်တွေ့ကြုံခံစားရန်ဖြစ်သည် (ဧ၊ ၅း ၁၈။ တ၊ ၆း ၃။ ၁၃း ၅၂)။

ခ။ ဝိညာဉ်တော်ဖြင့် အပြင်ပိုင်းဖြည့်ခြင်းခံရန်မှာ တန်ခိုးနှင့်အခွင့်အာဏာအတွက် ဝိညာဉ်တော်၌ ဗတ္တိဇံခံခြင်းကို တွေ့ကြုံခံစားရန်ဖြစ်သည် (၁း ၅၊ ၈။ ၂း ၄။ ၄း ၈။ ၁၃း ၉)။

ခ။ "သန့်ရှင်းသောဝိညာဉ်တော်က၊ အမှုကိုဆောင်ရွက်စေခြင်းငှါ ဗာနဗနှင့်ရှောလုတို့ကို ငါ့အဖို့ ယခုရွေးချယ်ခဲ့ထားကြလော့။ ထိုသို့အလို့ငှါ သူတို့ကို ငါခေါ် တော်မူပြီဟု မိန့်တော်မူ၏" (အငယ်၊ ၂ခ)။

၁။ ခရစ်တော်ကိုယ်ခန္ဓာတော်၏ သစ္စာရှိသော၊ ရှာဖွေသောအင်္ဂါဝင် ငါးဦးတို့သည် ကိုယ်ခန္ဓာတော်၏ ဦးခေါင်းတော်ကို သူတို့၏ အမှုဆောင်ခြင်းနှင့် အစာရှောင်ခြင်း အားဖြင့် အခွင့်အလမ်းပေးခဲ့သည်။ ထို့ကြောင့် ဝိညာဉ်တော်ဖြစ်သောကိုယ်တော် သည် သူ၏ ကြီးမားသော လွှဲအပ်စေခိုင်းခြင်းကို သယ်ဆောင်ရန်အတွက် သူတို့ကို ရွေးချယ်ခဲ့ထားနိုင်ခဲ့သည် (အငယ်၊ ၁–၂က)။

၂။ ၎င်းမှာ မြေကြီးပေါ် ရှိ ခရစ်တော်ကိုယ်ခန္ဓာ တော်၏ သစ္စာစောင့်သိ၊ ရှာဖွေသောအင်္ဂါဝင်များက ကောင်းကင်များ၌ရှိသော ဦးခေါင်းတော်နှင့် အတူ ပူးပေါင်းလုပ်ဆောင်ခြင်း

အားဖြင့် ဝိညာဉ်တော်နှင့်အတူ၊ ဝိညာဉ်တော်၌၊ ဝိညာဉ်တော်အားဖြင့် လုံးလုံးဖြစ်သောလုပ်ရှားမှုဖြစ်သည် (အငယ်၊၁–၂)။

က။ နိုင်ငံတော်တိုးပွားပျံ့နှံ့ခြင်းအတွက် သခင်ဘုရား အားဖြင့် သယ်ဆောင်ခဲ့သော ဤကြီးမားသောအဆင့်သည် လူ၏ အစီအစဉ်ဖြင့် ရေးဆွဲထားသော ဘာသာရေး လှုပ်ရှားမှုမဟုတ်ပါ။

ခ။ ဤအလုပ်၏ အစပြုခြင်းမှာ သာသနာပြုလုပ်ငန်းဖွဲ့စည်းခြင်းဖြင့်မဟုတ်၊ ရန်ပုံငွေကောက်ခံခြင်းဖြင့်မဟုတ်၊ လူ၏ ဘိသိက်ပေးခြင်းခံခြင်းဖြင့်မဟုတ်၊ မည်သည့်လူသားအစီအစဉ် သို့မဟုတ် နည်းလမ်းအားဖြင့် မဟုတ်ပါ (အငယ်၊၃–၄)။

*Day 5*

**III.သခင်ဘုရားပြန်လည်ရယူခြင်း၌ရှိသည့် တုန့်ပြန်ရာမဲ့သောအလုပ်သည် ဘုရားဆိုင်ရာစမ်းချောင်း၌ရှိသော အလုပ်ဖြစ်သည် (က၊ ၂း၈–၁၀။ ဗျာ၊ ၂၂း၁)။**

က။ ကျမ်းစာ၌ ဘုရားဆိုင်ရာစမ်းချောင်း၊ တုန့်ပြန်ရာမဲ့သော စီးဆင်းခြင်း၏ အမြင်သဘောထားသည် အရေးလှပေသည် (က၊ ၂း၁၀–၁၄။ ဆာ၊၄၆း၄က။ ယော၊၇း၃၇–၃၉။ ဗျာ၊ ၂၂း၁)။

၁။ သမ္မာကျမ်းစာက သုံးပါးတစ်ပါးဘုရား၏ စီးဆင်းခြင်းကို ဖွင့်ပြထားသည် – ခမည်းတော်သည် အသက်စမ်းရေတွင်း၊ သားတော်သည် အသက်စမ်းရေပေါက်နှင့် ဝိညာဉ်တော်သည် အသက်ရေစီးရာမြစ်ဖြစ်သည် (ယေ၊ ၂း၁၃။ ဆာ၊၃၆း၉ခ။ ယော၊ ၄း၁၄။ ၇း၃၇–၃၉)။

၂။ စီးဆင်းခြင်း၏ အရင်းအမြစ်မှာ ဘုရားသခင်နှင့်သိုးသငယ်၏ ပလ္လင်တော်မှဖြစ်သည် (ဗျာ၊ ၂၂း၁)။

၃။ ကျမ်းစာ၌ စီးဆင်းခြင်းတစ်ခုတည်း၊ ဘုရားဆိုင်ရာစမ်းချောင်းတစ်ခုတည်းသာရှိသည်။ မျိုးနွယ်စဉ်ဆက်တစ်လျှောက်စီးဆင်းလာခဲ့သော ဘုရားဆိုင်ရာစမ်းချောင်းသည် တုန့်ပြန်ရာမဲ့တစ်ခုတည်းဖြစ်သည်(က၊ ၂း၁၀–၁၄။ ဗျာ၊ ၂၂း၁)။

***Day 6***

ခ။ တုန့်ပြန်မှုရှိသော စီးဆင်းခြင်းဖြစ်သည့် ဘုရားဆိုင်ရာစမ်းချောင်းသည် မိတ်သဟာယ၏စမ်းချောင်းဖြစ်သည် (တ၊၂း၄၂။ ၁ယော၊ ၁း၃။ ၁ကော၊၁၀း၁၆)။

၁။ ခရစ်တော်ကိုယ်ခန္ဓာတော်၏ မိတ်သဟာယသည် ဘုရားအသက်၏စမ်းချောင်းဖြစ်သည်။ အသက်၏စမ်းချောင်းစီးဆင်းသောနေရာတိုင်း၌ ခရစ်တော်ကိုယ်ခန္ဓာတော်၏မိတ်သဟာယရှိသည် (ဗျာ၊၂၂း၁)။

၂။ "ကျွန်ုပ်တို့ကို အုပ်စိုးရမည့်တစ်ခုတည်းသောအရာမှာ ဘုရားဆိုင်ရာမိတ်သဟာယဖြစ်သည်။ ဤမိတ်သဟာယ၌ ကန့်သတ်ခံရခြင်းအားဖြင့် ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် တစ်လုံးတစ်ဝဖြစ်ခြင်း၌ စောင့်ထိန်းခံရပြီး၊ အမှုတော်၏အလုပ်သည် ဆက်လက်တက်လှမ်းသွားနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိတ်သဟာယဖွဲ့ရန် သင်ယူပါက အထူးသဖြင့် သခင်ဘုရား၏အလုပ်၌ အကျိုးကျေးဇူးများစွာကို ရရှိလိမ့်မည်ဖြစ်သည်။

ဂ။ တုန့်ပြန်မှုရှိသော စီးဆင်းခြင်းဖြစ်သည့် ဘုရားဆိုင်ရာစမ်းချောင်းသည် သခင်ဘုရား၏အလုပ်စမ်းချောင်းဖြစ်သည် (၁ကော၊၁၆း၁၀)။

၁။ အလုပ်၏စမ်းချောင်း၊ စီးဆင်းမှုဟု ကျွန်ုပ်တို့ခေါ်ဆိုသော စမ်းချောင်းတစ်ခုရှိသည်။ စမ်းချောင်းစီးဆင်းသောနေရာတိုင်း၌ ဘုရားသခင်၏အလုပ်ရှိသည်။ (*The Triune God to Be Life to the Tripartite Man,* pp.145-146)

၂။ တမန်တော်ဝတ္ထုက ဘုရားဆိုင်ရာစမ်းချောင်း၊ တုန့်ပြန်မှုရှိသောစီးဆင်းခြင်းကို ဖော်ပြထားသည်။ သခင်ဘုရား၏လှုပ်ရှားမှု၌ စီးဆင်းမှုတစ်ခုတည်းသာရှိပြီး၊ ကျွန်ုပ်တို့သည် ဤတစ်ခုတည်းသောစမ်းချောင်း၊ တုန့်ပြန်မှုရှိသောစီးဆင်းခြင်း၌ မိမိတို့ကိုယ်ကို စောင့်ထိန်းထားရန်လိုအပ်သည် (က၊၂း၈–၁၂။ ဗျာ၊၂၂း၁–၂။ တ၊၂း၃၃။ *cf.* ၁၅း၃၅–၄၁)။

## နံနက်ခင်းကျွေးမွေးခြင်း

**တ၊ ကိုယ်တော်သည် ဤအရာများကို မိန့်တော်မူ၍၊ တမန်တော်တို့သည်**
**၁း၉ ကြည့်ရှုလျက်နေကြစဉ်၊ သခင်ဘုရားသည် အထက်သို့ဆောင်ယူခြင်း ကို ခံတော်မူ၍၊ မိုးတိမ်သည် ကိုယ်တော်ကို ထိုသူတို့၏မျက်မှောက်မှ ဆောင်ယူလေ၏။**

**ဧ၊ ခြေဖဝါးတော်အောက်သို့ အလုံးစုံတို့ကို ချထားသဖြင့်၊ အသင်းတော်**
**၁း၂၂ သို့ ကိုယ်တော့်ကို အလုံးစုံတို့၏အချုပ်အခြာ ဦးခေါင်းတော်ဖြစ်စေ တော်မူ၏။**

တက်ကြွခြင်း၌ ခရစ်တော်သည် ချီးမြှောက်ခြင်းခံရ၍ စကြဝဠာ၌ အရာခပ်သိမ်း၏ အချုပ်အချာဦးခေါင်းတော်ဖြစ်စေခြင်းခံရသည် (ဧ၊၁း ၂၂)။ ထို့ကြောင့် ကိုယ်တော်သည် ဦးခေါင်းတော်၊ သခင်၊ ဘုရင်နှင့် ပလ္လင်ပေါ်တွင်ရှိသောဘိသိက်ခံရသူအရှင်ဖြစ်သည်။ တစ်ဘက်တွင် ကိုယ်တော်၏ တက်ကြွခြင်းသည် ကိုယ်တော်၏ ချီးမြှောက်ခံရခြင်းဖြစ်သည်။ အခြားတစ်ဘက်တွင် ကျွန်ုပ်တို့သည် ကိုယ်တော်၏ တက်ကြွခြင်း၌ ပါဝင်ဆက်ဆံရသောကြောင့် ကောင်းကင်များအထဲသို့ ကိုယ်တော်နှင့်အတူ ဆောင်ယူခြင်းကိုလည်း ခံရသည် (၂း၆)။ ကိုယ်တော်အသေခံသောအခါ ကျွန်ုပ်တို့သည်လည်း ကားတိုင်ပေါ်တွင် ကိုယ်တော်နှင့်အတူ အသေခံခဲ့သည်။ ကိုယ်တော်ရှင်ပြန်ထမြောက်အခါ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ ထမြောက်ခဲ့သည်။ ကိုယ်တော်တက်ကြွသောအခါ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ ကောင်းကင်များအထဲသို့ တက်ကြွခဲ့သည်။ ကိုယ်တော်သည် ကောင်းကင်များ၌ရှိသော ပလ္လင်ပေါ်တွင် ရှိနေသောကြောင့် ကျွန်ုပ်တို့သည် ကောင်းကင်များ၌၊ ပလ္လင်ပေါ်တွင် ရှိနေကြသည်။ ပလ္လင်ပေါ် ထိုင်ခြင်းသည် အခွင့်အာဏာရှိခြင်းကို ရည်ညွှန်းသည်။ ထို့ကြောင့်ပင် ကောင်းကင်နှင့်မြေကြီးပေါ်မှ အခွင့်အာဏာရှိရှိသမျှသည် ကိုယ်တော်ထံသို့ပေးအပ်ခံရပြီးဖြစ်ကြောင်းကို သခင်ယေရှုက တပည့်တော်များအား မိန့်တော်မူခဲ့ခြင်းဖြစ်သည် (မ၊ ၂၈း၁၈)။ (*The General Sketch of the New Testament in the Light of Christ and the Church, Part 1: The Gospels and Acts,* p.84)

## ယနေ့ဖတ်စရာ

ဘုရားသခင်သည် စကြဝဠာ၌ရှိရှိသမျှ အခွင့်အာဏာကို ရှင်ပြန်ထမြောက်၍ တက်ကြွခဲ့သောခရစ်တော်ထံ ပေးအပ်ခဲ့ပြီး၊ ယခု ကျွန်ုပ်တို့သည် ခရစ်တော်၌ ရှိနေကြသည်။

ထို့ကြောင့် ခရစ်တော်၏ ချီးမြှောက်ခံရခြင်းသည် ကျွန်ုပ်တို့၏ အဆင့်အခြေအနေဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ ကောင်းကင်များ၌ ပလ္လင်ပေါ်တွင်ရှိနေကြသည်။ သခင်ဘုရားက တပည့်တော်များအား သွား၍ လူမျိုးတကာတို့အား တပည့်ဖြစ်စေရန်မိန့်တော်မူခြင်းမှာ ကောင်းကင်နှင့်မြေကြီးပေါ်မှ ရှိရှိသမျှအခွင့်အာဏာသည် ကိုယ်တော်ထံပေးအပ်ခြင်းခံရပြီးဖြစ်သောကြောင့်ဖြစ်သည်။ သူတို့သည် သာမန်နည်းလမ်း၌ ဧဝံဂေလိဟောပြောရန် စေလွှတ်ခံရခြင်းမဟုတ်ဘဲ၊ နိုင်ငံတော်ဧဝံဂေလိတရားကို ဟောပြောရန်နှင့် လူများကို ခရစ်တော်၏ တပည့်ဖြစ်စေရန် စေလွှတ်ခံရခြင်းဖြစ်သည်။ ဤအရာသည် ကိုယ်တော်၏ စကားတော်နှင့်ဘုရားအသက်အားဖြင့်သာ သယ်ဆောင်ခြင်းမဟုတ်ဘဲ ကိုယ်တော်၏ အခွင့်အာဏာအားဖြင့်လည်း သယ်ဆောင်ခြင်းခံရသည်။

ခရစ်တော်၏ တက်ကြွခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ အင်္ဂါဝင်များအဖြစ် အသစ်မွေးဖွားခံရပြီး၊ တက်ကြွခြင်းအားဖြင့် ကျွန်ုပ်တို့သည်လည်း ချီးမြှောက်ခံရကာ ကောင်းကင်များအထဲသို့ ခေါ်ဆောင်ခံရသည်။ ရှင်ပြန်ထမြောက်ခြင်းသည် အသက်၏ အကြောင်းအရာဖြစ်ပြီး၊ တက်ကြွခြင်းသည် အဆင့်နေရာ၏ အကြောင်းအရာဖြစ်သည်။ ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရားကို ကျွန်ုပ်တို့အတွင်း၌ အသစ်မွေးဖွားပေးရန် အသက်အဖြစ်ရရှိကြသည်။ ကိုယ်တော်၏ တက်ကြွခြင်း၌ ကျွန်ုပ်တို့သည် ကောင်းကင်များအထဲသို့ နေရာချထားခြင်းခံရန်နှင့် ချီးမြှောက်ခံရရန် ခေါ်ဆောင်ခံရသည်။ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းမှာ အဘယ်နည်း။ ခရစ်တော်အဖို့ ရှင်ပြန်ထမြောက်ခြင်းမှာ ကိုယ်တော်သည် ဖျက်ဆီးမရနိုင်သော အသက်ဖြစ်ကြောင်း ပြသခြင်းနှင့်သက်သေခံခြင်းဖြစ်ပြီး၊ ကျွန်ုပ်တို့အဖို့ ၎င်းသည် ကျွန်ုပ်တို့ကို အသက်ရှင်စေရန်နှင့် ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များအဖြစ် အသစ်မွေးဖွားပေးရန် ကျွန်ုပ်တို့၏ အသက်ဖြစ်သည့် သုံးပါးတစ်ပါးဘုရားကို ထည့်သွင်းဝေငှပေးခြင်းဖြစ်သည်။ ခရစ်တော်၏ တက်ကြွခြင်းမှာ အဘယ်နည်း။ ခရစ်တော်အဖို့ ယင်းမှာ ချီးမြှောက်ခံရခြင်းဖြစ်၊ ကျွန်ုပ်တို့အဖို့ ၎င်းသည် ကောင်းကင်များအထဲရှိ ပလ္လင်ပေါ်၌ နေရာချထားခံရခြင်းဖြစ်သည်။ (*The General Sketch of the New Testament in the Light of Christ and the Church, Part 1: The Gospels and Acts,* p.84-85)

ခရစ်တော်၏ တက်ကြွခြင်းသည် ကိုယ်တော်၏ လှုပ်ရှားမှုအဆုံးသတ်ခြင်းမဟုတ်ပေ။ ထိုအစား ယင်းမှာ နောက်ထပ်လှုပ်ရှားမှုတည်းဟူသော ကောင်းကင်များ၌ရှိသော အမှုတော်အတွက် အစပြုခြင်းဖြစ်သည်။ လုကာရေးသားခဲ့သော ပထမစာစောင်ဖြစ်သည့် သူ၏ ခရစ်ဝင်ကျမ်း၌ သခင်ဘုရား၏ ရှေ့ဦးစွာအစပြုခြင်းနှင့် မြေကြီးပေါ်ရှိ ကိုယ်

တော်၏ အသက်တာနှင့်အမှုတော်ကို ဖော်ပြခဲ့သည်။ ယခုတွင် တက်ကြွခြင်းအားဖြင့် သခင်ဘုရားအစပြုခဲ့သည့် အသက်တာနှင့်အမှုတော်ကို ဖော်ပြမည့် ဒုတိယစာစောင်ဖြစ်သည့် တမန်တော်ဝတ္ထုကို ကျွန်ုပ်တို့လိုအပ်သည်။ တမန်တော်ဝတ္ထု၌ သခင်ဘုရားသည် တက်ကြွခြင်း၌ မည်သို့အသက်ရှင်ကာ အမှုဆောင်ခဲ့ကြောင်းကို ကျွန်ုပ်တို့မြင်နိုင်သည်။

လုကာခရစ်ဝင်ကျမ်းအရ သခင်ဘုရားသည် မြေကြီးပေါ်မှာ အသက်ရှင်ခဲ့သည့် အကြောင်းရင်းမှန်ကို အလေးထားရမည်ဖြစ်သည်။ ထိုအသက်တာနှင့် အမှုတော်သည် သန္ဓေတည်မွေးဖွားခြင်းအားဖြင့် အစပြုခဲ့၍ ရှင်ပြန်ထမြောက်ခြင်းအားဖြင့် အဆုံးသတ်ခဲ့သည်။ ထို့နောက် ရှင်ပြန်ထမြောက်ပြီးနောက် သခင်ယေရှုသည် ကောင်းကင်များအထဲသို့ တက်ကြွခဲ့သည်။ ဤတက်ကြွခြင်းသည် အဆုံးသတ်ခြင်းမဟုတ်ဘဲ၊ အခြားသောအစပြုခြင်းတစ်ခုဖြစ်သည်။ ဤအစပြုခြင်းသည် ကိုယ်တော်အား အသစ်သောနယ်ပယ်အထဲသို့ ပို့ဆောင်ပေးသည်၊ ယင်းမှာ ကိုယ်တော်၌ အခြားသောအသက်ရှင်ခြင်းနှင့် အခြားသောအမှုတော်ရှိရာ ကောင်းကင်များအထဲသို့ဖြစ်သည်။ ဤအသက်ရှင်ခြင်းနှင့် အမှုတော်သည် အပျိုကညာဝမ်း၌ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေတည်ကာ ဗက်လင်မြို့တွင်မွေးဖွားခဲ့သော ယေရှုအားဖြင့် သယ်ဆောင်ခြင်းမဟုတ်ဘဲ၊ ၎င်းကို တက်ကြွသောခရစ်တော်အားဖြင့် သယ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ရှင်ပြန်ထမြောက်ကာ တက်ကြွခဲ့သောခရစ်တော်သည် ယခုတွင် ကောင်းကင်များ၌ အသက်ရှင်နေပြီး၊ ထိုနေရာ၌အမှုဆောင်နေသည်။ ကောင်းကင်များ၌ သခင်ဘုရား၏ အသက်ရှင်ခြင်းနှင့်အမှုတော်သည် တမန်တော်ဝတ္ထု၏ ပါဝင်သောအကြောင်းအရာဖြစ်သည်။ (*Life-study of Acts*, pp.2-3)

*ပို၍ဖတ်ရန်* – *The General Sketch of the New Testament in the Light of Christ and the Church, Part 1: The Gospels and Acts*, ch.7-8

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**တ၊ ထိုယေရှုကို ဘုရားသခင်ထမြောက်စေတော်မူသည်ကို ငါတို့ရှိသမျှ**
**၂း၃၂-၃၃ သည် သက်သေခံဖြစ်ကြ၏။ ထိုသို့ ဘုရားသခင်၏လက်ယာ လက်**
**တော်ဘက်သို့ ချီးမြှင့်ခြင်းကိုခံရလျက်၊ ထိုသခင်သည် ကတိတော်**
**နှင့်ယှဉ်သော သန့်ရှင်းသောဝိညာဉ်တော်ကို ခမည်းတော်ထံ၌ ခံပြီ**
**ဖြစ်၍၊ သင်တို့သိမြင်ကြားရသောအရာကို သွန်းလောင်းတော်မူပြီ။**
**၁ကော၊ သို့သော် သခင်ဘုရား၌ ပေါင်းစည်းဆက်နွှယ်သောသူသည် ထိုသခင်**
**၆း၁၇ နှင့် တစ်ဝိညာဉ်တည်းဖြစ်၏။**

တမန်တော်ဝတ္ထုရှိ တိုးပွားပြန့်နှံ့ခြင်းသည် ယေရှု၏ တိုးပွားပြန့်နှံ့ခြင်းမဟုတ်ပါ။ တမန်တော်ဝတ္ထုတွင် နာဇရက်မြို့မှ လက်သမားအိမ်၌နေထိုင်ခဲ့သောသူမျှသာဖြစ်သည့်သူ၏ တိုးပွားခြင်းကို ဖော်ပြမထားပေ။ ထိုအစား တမန်တော်ဝတ္ထုတွင် ရှင်ပြန်ထမြောက်သောအရှင်၏ တိုးပွားခြင်း၊ ရှင်ပြန်ထမြောက်သောခရစ်တော်၏ တိုးပွားခြင်းကို မြင်ရခြင်းဖြစ်သည်။

ရှင်ပြန်ထမြောက်သောခရစ်တော်၏ တိုးပွားခြင်းသည် တက်ကြွခြင်း၌ရှိသော ခရစ်တော်အားဖြင့် သယ်ဆောင်ခြင်းဖြစ်သည်။ သခင်ယေရှုသည် မြေကြီးပေါ်တွင် သုံးဆယ့်သုံးနှစ်ခွဲအသက်ရှင်ခဲ့ပြီး၊ ယခုတွင် ကိုယ်တော်သည် တက်ကြွခြင်း၌ရှိနေသည်။ တက်ကြွခြင်း၌ သခင်ဘုရားသည် အလွန်ပင် ရှင်သန်လှုပ်ရှားနေသည်။ တက်ကြွခဲ့သော ခရစ်တော်သည် ပလ္လင်ပေါ်တွင် မလှုပ်မယှက်ထိုင်နေကာ၊ မြေကြီးပေါ်မှ သနားစရာအခြေအနေကို စောင့်ကြည့်နေကာ ယင်းအတွက် စိတ်ပျက်နေသည်ဟု ကျွန်ုပ်တို့မည်သည့်အခါမျှ မထင်မှတ်သင့်ပါ။ ထိုသို့မဟုတ်ပါ။ တက်ကြွခြင်း၌ ခရစ်တော်သည် အပြုသဘောဆောင်သော နည်းလမ်း၌ ရှင်သန်လှုပ်ရှားနေသည်။ တက်ကြွသောအရှင်အနေဖြင့် ကိုယ်တော်သည် ယခုတွင် အရာများစွာကို လုပ်ဆောင်နေသည်။ (*Life-study of Acts*, p. 10)

## *ယနေ့ဖတ်စရာ*

ခရစ်တော်သည် ယခုတွင် တက်ကြွခြင်း၌ရှိနေသည်ဟူသော အကြောင်းရင်းမှန်မှာ ကိုယ်တော်သည် ကောင်းကင်များ၌သာရှိနေသည်ဟု ဆိုလိုခြင်းသာမက၊ ကိုယ်တော်၌ စကြဝဠာ၌ရှိသော တန်ခိုးအားလုံးနှင့် အခွင့်အာဏာအားလုံးရှိကြောင်းကို ဆိုလိုခြင်းလည်းဖြစ်သည်။ တက်ကြွခြင်း၌ခရစ်တော်သည် စကြဝဠာတွင်ရှိရှိသမျှ တန်ခိုးနှင့်အခွင့်

အာဏာကို ရရှိခဲ့သည်။ မ၊ ၂၈း၁၈ အရ "ကောင်းကင်ဘုံ၌လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း၊ စီရင်ပိုင်သောအခွင့်အာဏာရှိသမျှတို့ကို ငါခံရပြီ"ဟူ၍ ရှင်ပြန်ထမြောက်သော ခရစ်တော်သည် တပည့်တော်များကို မိန့်တော်မူခဲ့သည်။ ထို့ကြောင့် ထိုကဲ့သို့ တက်ကြွခြင်း၌ အခွင့်အာဏာနှင့် တန်ခိုးဖြင့် ရှိနေသော သခင်ဘုရားသည် အလွန်ပင် လှုပ်ရှားရှင်သန်နေသည်။ တက်ကြွသောအရှင် သခင်ဘုရားသည် ကိုယ်တော်၏စကြဝဠာဆိုင်ရာနှင့် ထာဝရဖြစ်သော တိုးပွားပြန့်နှံ့ခြင်းကို သယ်ဆောင်နေသည်။

တက်ကြွသောခရစ်တော်သည် သူ၏တိုးပွားခြင်းကို သယ်ဆောင်သောအခါ သူ၏အဓိကအလုပ်မှာ တိုက်ခိုက်ခြင်းမဟုတ်ပေ။ တိုက်ခိုက်ခြင်းအစား တက်ကြွသောသခင်ဘုရား၏ အလုပ်မှာ အဓိကအားဖြင့် မြေကြီးတစ်ပြင်လုံး၌ မိမိကိုယ်တော်တိုင်ကို တိုးပွားပြန့်နှံ့စေခြင်းဖြစ်သည်။ သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ အဖြူ၊ အမည်း၊ အညို၊ အဝါ၊ အနီဟူ၍ ခြားနားသည့်အရောင်များရှိသော လူများစွာရှိနေသည်။ ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်၏ တိုးပွားခြင်း အစိတ်အပိုင်းများဖြစ်ကြသည်။ ကျွန်ုပ်တို့သည် တက်ကြွခြင်း၌ရှိသော ရှင်ပြန်ထမြောက်သည့်ခရစ်တော်အားဖြင့် ထုတ်လုပ်ခံရခြင်းဖြစ်သည်။

တမန်တော်ဝတ္ထု၏ အကြောင်းအရာသည် တက်ကြွခြင်း၌ရှိသော ရှင်ပြန်ထမြောက်သည့်ခရစ်တော်၏ တိုးပွားပြန့်နှံ့ခြင်းဖြစ်ပြီး၊ ဝိညာဉ်တော်အားဖြင့် တပည့်တော်များမှတစ်ဆင့် အသင်းတော်များတည်းဟူသော ဘုရားသခင်၏နိုင်ငံတော်ကို ထုတ်လုပ်ခြင်းဖြစ်ကြောင်းကို ကျွန်ုပ်တို့အလေးထားဖော်ပြခဲ့ပြီးဖြစ်သည်။ ဤတိုးပွားခြင်းသည် ကောင်းကင်များ၌ရှိသော ပလ္လင်ပေါ်မှ သခင်ဘုရားအားဖြင့် သယ်ဆောင်ခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့မြင်ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ကိုယ်တော်၏ တိုးပွားခြင်းအလုပ်သည် တက်ကြွခြင်း၌ဖြစ်သည်။ မည်သို့ဆိုစေ ယနေ့ ခရစ်ယာန်အလုပ်ဟုပြောနေကြသည့်အလုပ်မှာ တက်ကြွခြင်း၌ရှိသော အလုပ်မဟုတ်ပေ။ သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ရှိသော အလုပ်သည် ကိုယ်တော်၏ တက်ကြွခြင်း၌ဖြစ်မည်အကြောင်း ကျွန်ုပ်တို့မျှော်လင့်ပါသည်။ တက်ကြွခြင်းသည် မြေကြီးပေါ်မှ သခင်ဘုရားအလုပ်၏ သဘောသဘာဝနှင့် အဝန်းအဝိုင်းဖြစ်သည်။ ထို့ကြောင့် ယနေ့ သခင်ဘုရား၏ အလုပ်သည် ကောင်းကင်ဆိုင်ရာသဘောသဘာဝရှိကာ၊ ကောင်းကင်ဆိုင်ရာအဝန်းအဝိုင်း၌ ရှိရမည်ဖြစ်သည်။

ခရစ်တော်သည် မိမိကိုယ်တော်တိုင်ကို တိုးပွားစေခြင်းမှာ ကိုယ်တော်၏ တက်ကြွခြင်း၌ဖြစ်သည်။ ကိုယ်တော်၏ တက်ကြွခြင်းသည် ကိုယ်တော်၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ပြီးနောက်မှ ဖြစ်ကြောင်းကို ကျွန်ုပ်တို့သိကြသည်။ တက်ကြွခြင်း၌ရှိသော ခရစ်တော်၏ အလုပ်သည် ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်းသဘောသဘာဝ၌ ဖြစ်တည်လာ

ခြင်းဖြစ်သည်။ ထို့ကြောင့် ဤအလုပ်သည် ဇာတိဆိုင်ရာမဟုတ်ပါ။ ဇာတိလူ၏ မည်သည့် အရာမှ မပါရှိပါ။ ထိုအစား ၎င်းသည် ရှင်ပြန်ထမြောက်ခြင်း၌ရှိသော ဘုရားအသက်ဖြစ် ပြီး၊ ကိုယ်တော်၏ တက်ကြွခြင်း နယ်ပယ်နှင့် အခြေအနေ၌ သယ်ဆောင်ခြင်းဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့သည် ခရစ်တော်၏ တက်ကြွခြင်း၌ လုပ်ဆောင်နေကြောင်းကို ကျွန်ုပ်တို့ အားလုံးပြောဆိုနိုင်ရမည်ဖြစ်သည်။ (*Life-study of Acts*, pp. 10-13)

ယနေ့ ဘုရားသခင်သည် ကိုယ်တော်၏ တက်ကြွခြင်း၌ လှုပ်ရှားနေဆဲဖြစ်သည်။ ကိုယ်တော်သည် တက်ကြွခြင်း၌ အသက်ရှင်ခြင်း၊ ကိန်းဝပ်ခြင်း၊ နေထိုင်ခြင်း၊ အမှုဆောင် ခြင်း၊ အစေခံခြင်း၊ လုပ်ဆောင်ခြင်း၊ လှုပ်ရှားခြင်းနှင့်ပြုမူခြင်းရှိနေသည်။

ကိုယ်တော်သည် တက်ကြွခြင်း၌ ကျွန်ုပ်တို့အတွင်းတွင် ရှိနေသည်။ ဤအကြောင်း ကြောင့် ကျွန်ုပ်တို့သည် ပေါလုက "ကောင်းကင်ဆိုင်ရာများ"ဟုခေါ် ဆိုသော တက်ကြွ ခြင်း၌ ခရစ်တော်နှင့်အတူ ထိုင်နေသည်ဟု ပြောဆိုခြင်းဖြစ်သည် (ဧ၊ ၂း၆)။ ပေါလုရည် ညွှန်းပြောဆိုသော ကောင်းကင်ဆိုင်ရာများမှာ တက်ကြွခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့ဖြစ် ခြင်းအတွင်း၌ သာမန်ထက်လွန်ကဲသောအရာရှိနေသည်။ ဤသာမန်ထက်လွန်ကဲသော အရာမှာ တက်ကြွသောခရစ်တော်တည်းဟူသော ပုဂ္ဂိုလ်ဖြစ်သည်။ ယနေ့ သခင်ဘုရား သည် တက်ကြွခြင်း၌ ကျွန်ုပ်တို့၏ ဝိညာဉ်အတွင်းတွင် ရှိနေသည်။ ဤတက်ကြွခြင်း၌ သုံး ပါးတစ်ပါးဘုရားသည် ကျွန်ုပ်တို့အတွင်းတွင် လှုပ်ရှားလုပ်ဆောင်နေပြီး၊ ဤလှုပ်ရှားလုပ် ဆောင်ခြင်းသည် ကိုယ်တော်၏ သမိုင်းဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့၏ သမိုင်းလည်းဖြစ် လာခဲ့သည်၊ အကြောင်းမှာ ကျွန်ုပ်တို့နှင့်ကိုယ်တော်၊ ကိုယ်တော်နှင့်ကျွန်ုပ်တို့သည် ယခုတွင် တစ်လုံးတစ်ဝတည်းရောနှောပေါင်းစည်းနေပြီဖြစ်သည်။ (*The Move of God in Man*, p. 98)

*ပို၍ဖတ်ရန်* – *Life-study of Acts*, msgs. 1-2; *The Move of God in Man*, chs. 8-9

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

——— ————————————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ယော၊ ထိုသူတို့အထဲသို့ မှုတ်သွင်းလျက်၊ သင်တို့သည် သန့်ရှင်းသောဝိညာဉ်**
**၂၀း၂၂ တော်ကို ခံကြလော့။**
**လု၊ ငါ့ခမည်းတော်၏ကတိရှိသည့်အတိုင်း သင်တို့အပေါ်တွင် ငါပြုဦး**
**၂၄း၄၉ မည်။ သို့ဖြစ်၍ သင်တို့သည် အထက်မှတန်ခိုးကို မဝတ်ဆင်မီတိုင်အောင်**
**ယေရုရှလင်မြို့၌ နေကြဦးလော့ဟု မိန့်တော်မူ၏။**

သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်၌ သွင်ပြင်နှစ်ခုရှိကြောင်း ကျမ်းစာက ရှင်းလင်းစွာ ဖွင့်ပြထားပါသည်။ အသက်အတွက် အတွင်းပိုင်းသွင်ပြင်နှင့် တန်ခိုးအတွက် အပြင်ပိုင်းသွင်ပြင်တို့ဖြစ်သည်။ အပြင်ပိုင်းသည် ရည်ရွယ်ချက်မဟုတ်ပေ။ အပြင်ပိုင်းသည် အတွင်းပိုင်းအတွက်ဖြစ်သည်။ အပြင်ပိုင်းသွင်ပြင်သည် ဓမ္မဟောင်းကျမ်း၌တွေ့ရသော်လည်း၊ ၎င်းသည် ဓမ္မသစ်အချိန်ကာလဖြစ်သည့် ခရစ်တော်ရှင်ပြန်ထမြောက်ပြီးနောက် ဘုရားသခင်၏ ထာဝရအကြံအစည်တော်သည် အတွင်းပိုင်းသွင်ပြင်အားဖြင့် ပြီးမြောက်ပြည့်စုံစေရန် ရည်ရွယ်ချက်အတွက်ဖြစ်သည်။ (*The Baptism in the Holy Spirit*, p. 3)

## ယနေ့ဖတ်စရာ

ယောဟန်၏ ခရစ်ဝင်ကျမ်း၌ ဝိညာဉ်တော်၏ အမှတ်သင်္ကေတနှစ်ခုကို ဖော်ပြရန် သောက်သုံးခြင်းနှင့်ရှူသွင်းခြင်းစကားလုံးကို အသုံးပြုထားသည်။ ယင်းသည် အသက်အတွက် အတွင်းပိုင်းသွင်ပြင်ဖြစ်သည်၊ အကြောင်းမှာ ယောဟန်ခရစ်ဝင်ကျမ်းသည် အသက်ကို အဓိကထား၍ ပြောဆိုထားသောကြောင့်ဖြစ်သည်။ မည်သို့ဆိုစေ လုကာသည် ဝတ်ဆင်ခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းဟူ၍ အခြားသင်္ကေတနှစ်ခုကို အသုံးပြုထားသည်။ လုကာ၏ ရေးသားချက် (ခရစ်ဝင်ကျမ်းနှင့်တမန်တော်ဝတ္ထု) ၌ အသက်အကြောင်းကို အလေးပေးထားခြင်းမဟုတ်ဘဲ၊ ဧဝံဂေလိဟောပြောခြင်းကို အလေးပေးထားသည် (လု၊ ၂၄း၄၇။ တ၊၁း၈)။ ဧဝံဂေလိဟောပြောခြင်း၌ အခွင့်အာဏာနှင့်တန်ခိုးကို လိုအပ်သည်။ ထို့ကြောင့် ဝတ်ဆင်ခြင်းသည် အခွင့်အာဏာကို ကိုယ်စားပြု၍ လေပြင်းတိုက်ခတ်ခြင်းသည် တန်ခိုးကို ကိုယ်စားပြုသည်။ ရဲသားတစ်ဦးက သင့်တော်သည့်ဝတ်စုံကို မဝတ်ဆင်ဘဲ သူ၏ အခွင့်အာဏာကို အသုံးပြုရန် ကြိုးစားမည်ဆိုပါက မည်သူမျှ သူ၏ အခွင့်အာဏာကို လေးစားမည်မဟုတ်ပါ။ သို့သော် မှန်ကန်သောဝတ်စုံကို ဝတ်ဆင်ပြီးနောက်

ဥပဒေကို အကျိုးသက်ရောက်မှုရှိစေရန် ပြုမူလုပ်ဆောင်ခြင်း၌ သူ၏ အခွင့်အာဏာကို လူတိုင်းက လေးစားကြမည်ဖြစ်သည်။ ထို့အတူ ကျွန်ုပ်တို့သည်လည်း ဘုရားသခင်၏ အလုပ်၌ ဘုရားဆိုင်ရာအခွင့်အာဏာနှင့် တန်ခိုးကို ရရှိရန် သန့်ရှင်းသောဝိညာဉ်တော်ကို ဝတ်ဆင်ရမည်ဖြစ်သည်။

သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ် သွင်ပြင်နှစ်ခုလုံးသည် ကျွန်ုပ်တို့အဖို့လိုအပ်သောအရာဖြစ်သည်။ အတွင်းပိုင်း၌ အသက်အတွက် ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို သောက်သုံးရန်လိုအပ်ပြီး၊ အပြင်ပိုင်း၌ အခွင့်အာဏာအတွက် သန့်ရှင်းသောဝိညာဉ်တော်ကို ဝတ်ဆင်ရန်လိုအပ်သည်။ အတွင်းပိုင်း၌ အသက်အတွက် ကျွန်ုပ်တို့အထဲသို့ သန့်ရှင်းသောဝိညာဉ်တော်၏ အသက်လေမှုတ်သွင်းပေးခြင်းကို လိုအပ်ပြီး၊ အပြင်ပိုင်း၌ တန်ခိုးအတွက် ကျွန်ုပ်တို့အပေါ် သန့်ရှင်းသောဝိညာဉ်တော်၏ လေ တိုက်ခတ်ခြင်းကို လိုအပ်သည်။ အတွင်းပိုင်းသွင်ပြင်မှာ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အတွင်း၌ အသက်အဖြစ်ရှိနေခြင်းဖြစ်သည်။ အပြင်ပိုင်းသွင်ပြင်မှာ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အပေါ် တန်ခိုးအဖြစ်ရှိနေခြင်းဖြစ်သည်။ အတွင်းပိုင်းသွင်ပြင်သည် ကျွန်ုပ်တို့အတွင်း"၌"ရှိနေပြီး(ယော၊၁၄း၁၇။ ၄း၁၄။ ၇း၃၈)၊ အပြင်ပိုင်းသွင်ပြင်သည် ကျွန်ုပ်တို့"အပေါ်တွင်"ရှိနေသည် (လု၊၂၄း၄၉။ တ၊၁း၈။ ၂း၃။ ၈း၁၆။ ၁၀း၄၄။ ၁၉း၆)။ (*The Baptism in the Holy Spirit*, pp. 3-5)

ဝိညာဉ်တော်ဘုရားကို အသက်ဆိုင်ရာအဖြစ်ရရှိခြင်းမှာ ကျွန်ုပ်တို့၏ တည်ရှိခြင်း၊ ဖြစ်ခြင်း၊ အသက်နှင့် အသက်ရှင်ခြင်းအတွက် ကိုယ်တော်ကို လက်ခံရရှိရန်ဖြစ်သည်။ ရှင်ပြန်ထမြောက်သောညဉ့်၌ သခင်ယေရှုသည် တပည့်တော်များထံ ပြန်ကြွလာခဲ့ပြီး သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်ကို အသက်ဆိုင်ရာအဖြစ်ရရှိရန် သူတို့အထဲသို့ မှုတ်သွင်းခဲ့သည် (ယော၊၂၀း၂၂)။ ထိုဝိညာဉ်တော်မှာ သူတို့၏ အသက်နှင့် ဖန်ဆင်းခြင်းအသစ်၏ သဘောသဘာဝဖြစ်ရန်(၁ယော၊၅း၁၂။ ၂ကော၊၅း၁၇) ရှင်ပြန်ထမြောက်ခြင်း၌ရှိသော အသက်၏ဝိညာဉ်တော်ဖြစ်သည် (ရော၊၈း၂)။ ဧဝံဂေလိတရားကြားနာခြင်းနှင့် အသေခံခဲ့သော ခရစ်တော်၌ ယုံကြည်ခြင်းအားဖြင့် ယုံကြည်သူများသည် ဤအရာအားလုံးပါဝင်သော၊ အသက်ပေးသောဝိညာဉ်တောကို ရရှိကြသည်။ ဤဝိညာဉ်တော်သည် သူတို့အထဲသို့ ဝင်ရောက်ကာ သူတို့အထဲ၌ အသက်ရှင်ပြီး၊ သူတို့၏ ဘုရားဆိုင်ရာအသက်၏ အနှစ်သာရ၊ သဘောသဘာဝနှင့် ဖြစ်ခြင်းဖြစ်လာရန်ဖြစ်သည်။

ယုံကြည်သူများ ပေါင်းစည်းဆက်နွှယ်ရသည့် ဝိညာဉ်တော်ဘုရားသည် သွင်ပြင်နှစ်ခုရှိသည်။ တစ်ဘက်တွင် သူတို့သည် ကိုယ်တော်ကို အတွင်းပိုင်းဆိုင်ရာနှင့် အသက်

ဆိုင်ရာအဖြစ်ရရှိပြီး၊ အခြားတစ်ဘက်တွင် သူတို့သည် အပြင်ပိုင်းဆိုင်ရာနှင့် စီမံကိန်းဆိုင်ရာအဖြစ် ကိုယ်တော်အထဲသို့ ဗတ္တိဇံခံခဲ့ကြသည်။ ယုံကြည်သူများသည် စီမံကိန်းဆိုင်ရာအဖြစ် ကိုယ်တော်အထဲသို့ ဗတ္တိဇံခံခြင်းမှာ သူတို့၏ဝိညာဉ်ရေးရာအလုပ်နှင့် လုပ်ရှားလုပ်ဆောင်မှုအတွက် တန်ခိုး၏ဝိညာဉ်တော်အဖြစ် သန့်ရှင်းသောဝိညာဉ်တော်ကို ရရှိရန်ဖြစ်သည် (မာ၊၁း၈။ တ၊၁း၅၈။ ၁၁း၁၆)။ သန့်ရှင်းသောဝိညာဉ်တော်သည် တန်ခိုး၏ဝိညာဉ်တော်အဖြစ် ဂျူးယုံကြည်သူများကို ဝိညာဉ်တော်၌ ဗတ္တိဇံပေးရန် ပင်တေကုတ္တေနေ့တွင် စီမံကိန်းဆိုင်ရာအဖြစ် ဦးစွာသွန်းလောင်းခဲ့ပြီး (တ၊၂း၄)၊ ထို့နောက် ကောနေလိအိမ်၌ တပါးအမျိုးသားယုံကြည်သူများကို ဝိညာဉ်တော်၌ ဗတ္တိဇံပေးရန် သွန်းလောင်းခဲ့သည် (တ၊၁၀း၄၄–၄၅)။ ဤအဆင်းနှစ်ဆင့်အားဖြင့် သခင်ယေရှုကို ယုံကြည်သောသူအားလုံးတို့သည် အချိန်တိုင်းနှင့်နေရာတိုင်း၌ ဝိညာဉ်တော်နှင့် ကိုယ်ခန္ဓာတော်တစ်ကိုယ်တည်း၌ တစ်ကြိမ်တည်းဖြင့် ဗတ္တိဇံခံခဲ့ကြပြီဖြစ်သည် (၁ကော၊၁၂း၁၃)။

ယုံကြည်သူများအပေါ် သို့ သန့်ရှင်းသောဝိညာဉ်တော်၏ သွန်းလောင်းခြင်း၊ သူတို့အပေါ် သက်ရောက်ခြင်းသည် သူတို့ကို ဝတ်ဆင်ပေးရန် (လု၊၂၄း၄၉)၊ သူတို့နှင့် ပေါင်းစည်းဆက်နွှယ်ရန်ဖြစ်သည်။ အသက်၏ဝိညာဉ်တော်နှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့သည် ကိုယ်တော်ကို အသက်လေအဖြစ် ရှူသွင်းရန်လိုအပ်ပြီး၊ တန်ခိုး၏ဝိညာဉ်တော်နှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့သည် ဘုရားသခင်၏ဓမ္မသစ်စီမံကိန်းကို သယ်ဆောင်ခြင်း၌ အခွင့်အာဏာကို ရရှိရန် ကိုယ်တော်ကို ဝတ်စုံအဖြစ်ဝတ်ဆင်ရမည်ဖြစ်သည်။ (*Truth Lessons—Level One*, vol. 3, pp.106, 111, 113)

*ပို၍ဖတ်ရန် – The Baptism in the Holy Spirit; God's New Testament Economy,* chs. 7-10

***အလင်းဖွင့်ပြခံရခြင်းနှင့် နှိုးဆော်ခံရခြင်း*** ———————————————————————

———————————————————————————————————————

———————————————————————————————————————

———————————————————————————————————————

———————————————————————————————————————

———————————————————————————————————————

———————————————————————————————————————

———————————————————————————————————————

———————————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**တ၊ ၁၃း၁–၃ အန္တိအုတ်မြို့၌ရှိသော ဒေသန္တရအသင်းတော်တွင် ..ဗာနဗနှင့် .. ရှုမောင်၊ ...လုကိ၊ ...မာနင်နှင့် ရှောလုတို့ရှိကြ၏။ ထိုသူတို့သည် သခင်ဘုရားထံအမှုဆောင်၍ အစာကိုရှောင်ကြစဉ်၊ သန့်ရှင်းသော ဝိညာဉ်တော်က၊ အမှုကိုဆောင်ရွက်စေခြင်းငှါ ဗာနဗနှင့်ရှောလုတို့ကို ငါ့အဖို့ ယခုရွေးချယ်ခွဲထားကြလော့။ ထိုသို့အလို့ငှါ သူတို့ကို ငါခေါ်တော်မူပြီဟု မိန့်တော်မူ၏။ ထိုအခါ သူတို့သည် အစာရှောင်၍ ဆုတောင်းလျက်၊ ထိုသူတို့ပေါ်မှာ လက်ကိုတင်၍ စေလွှတ်လိုက်ကြ၏။**

တန်ခိုးကို လက်ခံရရှိရန်မှာ ခမည်းတော်၏ ဂတိတော်ပြည့်စုံခြင်းအတွက် (တ၊၁း၄) သန့်ရှင်းသောဝိညာဉ်တော်၌ ဗတ္တိဇံခံရန်ဖြစ်သည် (အငယ်၊၅)။

ကျွန်ုပ်တို့အပေါ် သန့်ရှင်းသောဝိညာဉ်တော်ကို ရရှိခြင်းမှာ ကျွန်ုပ်တို့အတွင်း၌ သန့်ရှင်းသောဝိညာဉ်တော်ကို ရရှိခြင်းနှင့် ခြားနားသည် (ယော၊၁၄း၁၇)။ သန့်ရှင်းသော ဝိညာဉ်တော်သည် တပည့်တော်များအထဲသို့ အသက်ဆိုင်ရာ အသက်၏ဝိညာဉ်တော်ဖြစ်ရန် သခင်ဘုရားရှင်ပြန်ထမြောက်သောနေ့တွင် မှုတ်သွင်းခဲ့သည်။ ထိုသန့်ရှင်းသောဝိညာဉ်တော်သည် ပင်တေကုတ္တေနေ့တွင် စီမံကိန်းဆိုင်ရာတန်ခိုး၏ ဝိညာဉ်တော်အဖြစ် တပည့်တော်များအပေါ် ဆင်းသက်တော်မူခဲ့သည်။ အသက်၏ဝိညာဉ်တော်အနေဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်ကို အသက်လေအဖြစ် ရှုသွင်းရန် လိုအပ်သည်။ တန်ခိုး၏ဝိညာဉ်တော်အနေဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်ကို လေိယ၏ဝတ်လုံ(၂ဘုရင်၊ ၂း၉၊ ၁၃–၁၅) အားဖြင့် ပုံဆောင်သော ဝတ်စုံအဖြစ် ဝတ်ဆင်ရမည်ဖြစ်သည်။ အသက်ရေအဖြစ် ပထမတစ်ခုသည် ကျွန်ုပ်တို့၏သောက်သုံးခြင်းကို လိုအပ်ပြီး (ယော၊၇း၃၇–၃၉)၊ ဗတ္တိဇံအတွက် ရေအဖြစ် ဒုတိယတစ်ခုသည် ကျွန်ုပ်တို့၏ နှစ်မြှုပ်ခံရခြင်းကို လိုအပ်သည်။ ဤသည်မှာ ကျွန်ုပ်တို့၏ အတွေ့အကြုံအတွက် ဝိညာဉ်တော်တစ်ပါးတည်း၏ သွင်ပြင်နှစ်ခုဖြစ်သည် (၁ကော၊၁၂း၁၃)။ အသက်၏ဝိညာဉ်တော်ကိန်းဝပ်ခြင်းသည် ကျွန်ုပ်တို့၏ အသက်နှင့် အသက်ရှင်ခြင်းအတွက် အသက်ဆိုင်ရာဖြစ်ပြီး၊ တန်ခိုး၏ဝိညာဉ်တော်သွန်းလောင်းခြင်းသည် ကျွန်ုပ်တို့၏ အမှုတော်နှင့်အလုပ်အတွက် စီမံကိန်းဆိုင်ရာဖြစ်သည်။ (*Life-study of Acts*, p.31)

## *ယနေ့ဖတ်စရာ*

တ၊ ၂း၄က တွင် “ထိုသူအပေါင်းတို့သည်လည်း သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်၍”ဟု ပြောဆိုထားသည်။ *ဖြည့်ခြင်း*၏ ဂရိစကားလုံးမှာ *ပလေတိုး*ဖြစ်ကြောင်း ဤကျမ်းပိုဒ်ရှိ အောက်ခြေမှတ်စု ၂ တွင် ရှင်းလင်းစွာ ညွှန်ပြထားသည်။ ၄း၈၊ ၃၁။ ၉း၁၇၊ ၁၃း၉ နှင့် လု၊၁း၁၅၊ ၄၁၊ ၆၇ တို့တွင်လည်း အသုံးပြုထားသော *ပလေတိုး*သည် အပြင်ပိုင်းဖြည့်ခြင်းကို ရည်ညွှန်းသည်။ တမန်တော်ဝတ္ထု၌ရှိသော ၎င်း၏ အသုံးအနှုန်းအရ ဂရိစကားလုံး *ပလေရူး*သည် အတွင်းပိုင်းဖြည့်ပေးခြင်းကို ရည်ညွှန်းသည်။ ဤစကားလုံးကို ၂း၂ တွင် လေသည် အိမ်ကိုဖြည့်ပေးခြင်းကို ဖော်ပြရန် အသုံးပြုထားသည်။ *ပလေတိုး*သည် လူ၏ အပြင်ပိုင်းဆိုင်ရာ ဖြည့်ခြင်းအား ရည်ညွှန်းသည်။ ဤစကားလုံးကို အငယ်၊၄ ၌ ဝိညာဉ်တော်သည် တပည့်တော်များအား အပြင်ပိုင်းဆိုင်ရာဖြည့်ပေးခြင်းကို ဖော်ပြရန် အသုံးပြုသည်။ တပည့်တော်များသည် သူတို့၏ ခရစ်ယာန်အသက်ရှင်ခြင်းအတွက် ဝိညာဉ်တော်ဖြင့် အတွင်းပိုင်းဆိုင်ရာနှင့် အသက်ဆိုင်ရာ(*ပလေရူး*) ဖြည့်ခြင်းခံရသည် (၁၃း၅၂)။ တပည့်တော်များသည် သူတို့၏ ခရစ်ယာန်အမှုတော်အတွက် ဝိညာဉ်တော်ဖြင့် အပြင်ပိုင်းဆိုင်ရာနှင့် စီမံကိန်းဆိုင်ရာ(*ပလေတိုး*) ဖြည့်ခြင်းခံရသည်။ အသက်ဆိုင်ရာ ဝိညာဉ်တော်သည် တပည့်တော်များအထဲသို့ ဝင်ရောက်လာခြင်းအားဖြင့် အတွင်းပိုင်းဆိုင်ရာဖြည့်ပေးခဲ့သည် (ယော၊၁၄း၁၇။ ရော၊၈း၁၁)။ စီမံကိန်းဆိုင်ရာဝိညာဉ်တော်သည် တပည့်တော်များအပေါ် သို့ ဆင်းသက်ခြင်းဖြင့် အပြင်ပိုင်းဆိုင်ရာဖြည့်ပေးခဲ့သည် (တ၊ ၁း၈။ ၂း၁၇)။ ခရစ်တော်၌ ယုံကြည်သူတိုင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ ထိုသွင်ပြင်နှစ်ခုလုံးကို တွေ့ကြုံခံစားရမည်ဖြစ်သည်။ ခရစ်တော်သည်ပင်လျှင် လူတစ်ဦးအနေဖြင့် သွင်ပြင်နှစ်ခုလုံးကို တွေ့ကြုံခံစားခဲ့သည်။ ကိုယ်တော်၏ ဖြစ်ခြင်းနှင့် အသက်ရှင်ခြင်းအတွက် ကိုယ်တော်သည် အသက်ဆိုင်ရာ ဝိညာဉ်တော်အားဖြင့် မွေးဖွားခြင်းခံရပြီး (လု၊ ၁း၃၅။ မ၊၁း၁၈၊ ၂၀)၊ ကိုယ်တော်သည် အမှုတော်နှင့်လှုပ်ရှားခြင်းအတွက် စီမံကိန်းဆိုင်ရာဝိညာဉ်တော်အားဖြင့် ဘိသိက်ပေးခြင်းခံရသည် (မ၊၃း၁၆။ လု၊၄း၁၈)။ အသက်ဆိုင်ရာဝိညာဉ်တော်သည် ကိုယ်တော်အတွင်း၌ ရှိပြီး၊ စီမံကိန်းဆိုင်ရာဝိညာဉ်တော်သည် ကိုယ်တော်အပေါ် ၌ ရှိနေသည်။ (*Vessels Useful to the Lord,* pp. 129-130)

တ၊၁၃း၂ တွင် ကိုယ်ခန္ဓာတော်၏ ဦးခေါင်းတော်ဖြစ်သော နျူမာခရစ်တော်တည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်က လူငါးဦးတို့အလယ်တွင် ပေါလုနှင့်ဗာနဗကို ရွေးချယ်ခဲ့ထားရန်နှင့် ထိုသို့အလို့ငှာ သူတို့ကို ခေါ် တော်မူကြောင်းကို မိန့်တော်မူခဲ့သည်။ ဤသည်မှာ တပါးအမျိုးသားများအလယ်၌ နိုင်ငံတော်ဧဝံဂေလိတရား ပြန့်နှံ့ခြင်းအတွက်

ကိုယ်တော်ယူဆောင်ခဲ့သည့် ကြီးမားသောခြေလှမ်းဖြစ်သည်။ ယင်းသည် အန္တိအုတ်မြို့မှ အစပြုခြင်းဖြစ်ပြီး၊ သာသနာပြုလုပ်ငန်းဖွဲ့စည်းခြင်း၊ ရန်ပုံငွေကောက်ခံခြင်း၊ လူ၏ ဘိသိက်ပေးခြင်းခံခြင်း၊ မည်သည့်လူသား၏ အစီအစဉ် သို့မဟုတ် နည်းလမ်းတစ်ခုမျှ မပါဘဲ အစပြုခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ သစ္စာရှိသော၊ ရှာဖွေသောအင်္ဂါဝင်ငါးဦး အားဖြင့် အစပြုခဲ့ခြင်းဖြစ်သည်။ သူတို့သည် ကိုယ်ခန္ဓာတော်၏ ဦးခေါင်းတော်ကို သူတို့၏ အမှုဆောင်ခြင်းနှင့်အစာရှောင်ခြင်းအားဖြင့် အခွင့်အလမ်း ပေးခဲ့သည်။ ထို့ကြောင့် ဝိညာဉ်တော်ဖြစ်သော ကိုယ်တော်သည် သူ၏ ဧဝံဂေလိတရားကို ဟောပြောခြင်းအားဖြင့် တစ်ပါးအမျိုးသားတို့ထံ၌ ကိုယ်တော်၏ အသင်းတော်တည် ထောင်ရန်အတွက် ကိုယ်တော်၏ နိုင်ငံတော်ကို ပျံ့နှံ့စေခြင်းတည်းဟူသော သူ၏ ကြီးမား သော လွှဲအပ်စေခိုင်းခြင်းကို သယ်ဆောင်ရန်အတွက် သူတို့ကို ရွေးချယ်ခွဲထားနိုင်ခဲ့သည်။

ဤအခိုက်အဆင့်မှာ မူလအစတွင်ရှိခဲ့သော ယေရုရှလင်မြို့၌ရှိသောအသင်းတော် နှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိဘဲ၊ ၎င်းသည် ယေရုရှလင်မြို့၌ရှိသောပေတရုနှင့် အခြား သောတမန်တော်တစ်ဆယ့်တစ်ပါး၏ ညွှန်ကြားချက်နှင့် အခွင့်အာဏာအောက်တွင် မရှိခဲ့ ပါ။ ၎င်းကို ဂျူးဘာသာတရား၏ နောက်ခံသမိုင်းကြောင်းနှင့် လက်တွေ့လုပ်ဆောင်မှု၏ ပတ်ဝန်းကျင်နှင့် လွှမ်းမိုးမှုမှသာမက၊ ယေရုရှလင်မြို့၌ရှိသော အသင်းတော်၏ လက် တွေ့လုပ်ဆောင်မှုနှင့်လွှမ်းမိုးမှုတို့မှပင်လျှင် အဝေးသို့စောင့်ထိန်းထားခဲ့ပြီး၊ တစ်ပါး အမျိုးသားအလယ်ဗဟိုမှ လေးနက်တည်ကြည်စွာနှင့်ဖြူစင်စွာ အစပြုခဲ့ခြင်းဖြစ်သည်။ ၎င်းမှာ မြေကြီးပေါ်ရှိ ခရစ်တော်ကိုယ်ခန္ဓာတော်၏ သစ္စာစောင့်သို၊ ရှာဖွေသောအင်္ဂါဝင် များက ကောင်းကင်များ၌ရှိသော ဦးခေါင်းတော်နှင့်အတူ ပူးပေါင်းလုပ်ဆောင်ခြင်းအား ဖြင့် ဝိညာဉ်တော်နှင့်အတူ၊ ဝိညာဉ်တော်၌၊ ဝိညာဉ်တော်အားဖြင့် လုံးလုံးဖြစ်သော လှုပ်ရှား မှုဖြစ်သည်။ (*Life-study of Acts*, pp. 306-307)

*ပို၍ဖတ်ရန်* – *Life-study of Acts*, msgs. 4, 30-31, 36

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––––

––– ––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––––––

## *နံနက်ခင်းကျွေးမွေးခြင်း*

**ကာ၊ ၂၂း၁၀ ထိုဥယျာဉ်ကို စိုစေလိုသောငှာ မြစ်တမြစ်သည် ဒေင်အရပ်ထဲကစီး ထွက်သဖြင့်၊ ဥယျာဉ်ပြင်မှာလေးဖြာကွဲ၍ မြစ်မလေးသွယ်ဖြစ်လေ၏။**

**ဗျာ၊ ၂၂း၁ တစ်ဖန် ကျောက်သလင်းကဲ့သို့ကြည်လင်၍၊ ဘုရားသခင်နှင့်သိုးသူငယ် ၏ပလ္လင်တော်ထဲကထွက်သော အသက်ရေစီးရာမြစ်သည် မြို့လမ်းမအ လယ်တစ်လျှောက် စီးဆင်းသည်ကို ထိုသူသည် ငါ့အားပြလေ၏။**

စကြဝဠာတွင် ကျမ်းစာ၏ အစ၌ အစပြုကာ ကျမ်းစာအုပ်တစ်လျှောက်လုံး စီးဆင်းသွားသော ဘုရားဆိုင်ရာ စမ်းချောင်းတစ်ခုရှိသည်။ ကျွန်ုပ်တို့သည် ဤစမ်းချောင်းကို ကျမ်းစာ၏ အစမှ အဆုံးတိုင်အောင် ခြေရာခံနိုင်ပါသည်။ နေရာများစွာတွင် ဤစီးဆင်းသောစမ်းချောင်းကို ရည်ညွှန်းဖော်ပြချက်များရှိသည်။ ၎င်းသည် ယနေ့တိုင်အောင် စီးဆင်းနေဆဲဖြစ်သည်။ ၎င်းသည် အချိန်တိုင်းစီးဆင်းနေမြဲဖြစ်ပြီး၊ ထာဝရကာလတိုင် စီးဆင်းမည်ဖြစ်သည်။ သခင်ဘုရားက ကိုယ်တော်ပေးသောရေသည် ထာဝရအသက်အထဲသို့ ထွက်သောစမ်းရေတွင်းဖြစ်လိမ့်မည်ဖြစ်ကြောင်း ပြောခဲ့ပါသည်။ ဤစမ်းချောင်းသည် ထာဝရကာလတိုင်စီးဆင်းမည်ဖြစ်ပြီး၊ ရပ်တန့်ခြင်းမရှိနိုင်ပါ၊ ရပ်တန့်လိမ့်မည်မဟုတ်ပါ။ အသင်းတော်၏ သမိုင်းကြောင်းတစ်လျှောက် ဘုရားဆိုင်ရာစမ်းချောင်းရှိနေမြဲဖြစ်သည်။ (*The Divine Stream*, pp.7-8)

## *ယနေ့ဖတ်စရာ*

ယော၊၄း၁၄ အရ စီးဆင်းသောသုံးပါးတစ်ပါးဘုရားသည် "ထာဝရအသက်အထဲသို့"ဖြစ်သည်။ ဤနေရာရှိ *အထဲသို့*ဆိုသည်မှာ ထွက်ပေါ်လာမှု၊ ဖြစ်ရန် သို့မဟုတ် ဖြစ်လာရန်ဟု ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်းသည် အဆုံးပန်းတိုင်ကို ပြောဆိုခြင်းဖြစ်သည်။ ထာဝရအသက်သည် စီးဆင်းနေသောသုံးပါးတစ်ပါးဘုရား၏ အဆုံးပန်းတိုင်ဖြစ်သည်။ ကျွန်ုပ်တို့အတွင်း၌ စမ်းရေတွင်းရှိနေပြီး အဆုံးပန်းတိုင်သို့ မြစ်အဖြစ် ထွက်ပေါ် စီးဆင်းနေသည်။ ဤပန်းတိုင်သည် ဘုရားဆိုင်ရာအသက်၏ရလဒ် တည်းဟူသော ထာဝရအသက်ဖြစ်သည်။ ကျွန်ုပ်တို့၏ လူသားအသက်သည်လည်း ၎င်း၏ရလဒ်ရှိ၍ လူပုဂ္ဂိုလ်အသက်ရှင်ခြင်းသည် လူသားအသက်၏ရလဒ်ဖြစ်သကဲ့သို့၊ ထာဝရအသက်၌ ၎င်း၏ရလဒ်ရှိ၍ ယေရုရှလင်မြို့သစ်သည် ဘုရားအသက်၏ရလဒ်ဖြစ်သည်။ ထာဝရအသက်သည် နောက်ဆုံးတွင် ယေရုရှလင်မြို့သစ်ဖြစ်လာလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် *ထာဝရ*

*အသက်အထဲသို့* ဆိုသည်မှာ *ယေရုရှလင်မြို့သစ်အထဲသို့*ဟုဆိုလိုခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာယေရုရှလင်မြို့သစ်သို့ ရောက်ရှိနိုင်ရန်အတွက် ယင်းအထဲသို့ စီးဆင်းနေသောတစ်စုံတစ်ရာ ကျွန်ုပ်တို့၌ ရှိရမည်ဖြစ်သည်။ ဝိညာဉ်တော်ဖြစ်သောခရစ်တော်၌ရှိသည့် ဘုရားသခင်သည် ကျွန်ုပ်တို့အထဲသို့ စီးဆင်းသောအခါ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူ စီးဆင်းနေသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ယေရုရှလင်မြို့သစ်ဖြစ်စေရန် ယေရုရှလင်မြို့သစ်အထဲသို့ စီးဆင်းလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ယေရုရှလင်မြို့သစ်သည် အဆင့်သုံးဆင့်၌ ဘုရားသခင်၏စီးဆင်းခြင်းရလဒ်ဖြစ်သည်။ ထိုအဆင့်သုံးဆင့်သည် ကျွန်ုပ်တို့၌ရှိနေသည်။ တစ်ချိန်တည်းမှာပင် စမ်းရေတွင်း၊ စမ်းရေပေါက်နှင့် မြစ်တို့သည် ကျွန်ုပ်တို့အတွင်း၌ ရှိနေသည်။ ခမည်းတော်သည် အရင်းအမြစ်ဖြစ်သော စမ်းရေတွင်းဖြစ်ပြီး၊ သားတော်သည် စမ်းရေပေါက်ဖြစ်ကာ၊ ဝိညာဉ်တော်သည် စီးဆင်းသောမြစ်ဖြစ်၍၊ ဤစီးဆင်းခြင်း၏ရလဒ်သည် စီးဆင်းသောသုံးပါးတစ်ပါးဘုရား၏ပန်းတိုင်ဖြစ်သည့် ယေရုရှလင်မြို့သစ်တည်းဟူသော ထာဝရအသက်ဖြစ်သည်။ (*The Conclusion of the New Testament*, pp. 2864-2865)

ကျွန်ုပ်တို့သည် ဤစမ်းချောင်း၏ အရင်းအမြစ်ကို ဆင်ခြင်ရမည်ဖြစ်သည်။ စကြဝဠာ၏ အမြင့်ဆုံးအထွတ်အထိပ်၌ တစ်ခုတည်းသောပလ္လင်တော်ရှိပြီး၊ ဤပလ္လင်တော်ပေါ် တွင် သိုးသငယ်ထိုင်နေသည်။ သိုးသငယ်မှာ အသေခံခြင်း၊ မြှုပ်နှံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် ချီးမြှောက်ခြင်းခံရသော ခရစ်တော်ဖြစ်သည်။ ခရစ်တော်သည် သိုးသငယ်ဖြစ်သည်။ ဤခရစ်တော်သည် အံ့ဩဖွယ်အကောင်းဆုံးသောပုဂ္ဂိုလ်ဖြစ်သည်။ ဤခရစ်တော်သည် ဘုရားဇာတိနှင့်လူသားဇာတိရောနှောပေါင်းစည်းထားသော ပုဂ္ဂိုလ်ဖြစ်သည်။ ကိုယ်တော်သည် လူ့ဇာတိခံသော၊ ကားတိုင်ပေါ် အသေခံသော၊ သင်္ချိုင်းတွင်း၌ မြှုပ်နှံခံရသော၊ မရဏာသို့ ဆင်းသက်တော်မူသော၊ မရဏာနှင့်သေခြင်းမှ ထမြောက်တော်မူသော၊ ကောင်းကင်များအထဲသို့၊ ဘုရားသခင်၏လက်ယာတော်ဘက်၌ ချီးမြှောက်ခံရသော ဘုရားသခင်ဖြစ်သည်။ ကိုယ်တော်သည် လူသားဇာတိ၌ရှိသော ဘုရားသခင်ပင်ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့ကို အပြစ်များမှရွေးနုတ်ရန် အသေခံပေးကာ၊ စကြဝဠာ၏ အမြင့်ဆုံးနေရာသို့ ချီးမြှောက်ခံရသောအရှင်ဖြစ်သည်။

ပင်တေကုတ္တေနေ့တွင် အစပြုပြီး မျိုးဆက်တစ်လျှောက်လုံးမှ ယနေ့တိုင်အောင် စီးဆင်းနေသော ဘုရားအသက်၏စီးဆင်းခြင်းသည် စမ်းချောင်းတစ်ခုတည်းဖြစ်သည်။ ၎င်းသည် မည်သည့်နေရာသို့ သွားသည်ဖြစ်စေ၊ မည်သည့်နေရာသို့ စီးဆင်းနေပါစေ၊ စမ်းချောင်းများစွာ ဖြစ်မသွားဘဲ၊ တစ်ခုတည်းသာရှိနေသည်။ တမန်တော်ဝတ္ထုကို ဖတ်

ကြည့်ပါ၊ သင်သည် စမ်းချောင်းတစ်ခု၊ စီးဆင်းခြင်းတစ်ခုကိုသာ တွေ့ရမည်ဖြစ်သည်။ ဤစီးဆင်းခြင်းသည် ယေရုရှလင်မြို့မှ အစပြုကာ၊ အန္တိအုတ်မြို့သို့စီးဆင်းသွားပြီး၊ အန္တိအုတ်မြို့မှ အာရှိပြည်သို့ ပြောင်းလဲကာ ထိုနေရာသို့ စီးဆင်းနေသည်။ ထို့နောက် တစ်နေ့တွင် သခင်ဘုရားသည် စမ်းချောင်းကို မာကေဒေါနိပြည်၊ ဥရောပသို့ စီးဆင်းထိုးဖောက်လိုသော်လည်း စမ်းချောင်း၏ စီးဆင်းခြင်း၌ လုပ်ဆောင်နေသော တမန်တော်သည် ၎င်းကို ရှင်းလင်းစွာမမြင်ခဲ့ပေ။ မည်သို့ဆိုစေ နောက်ဆုံးတွင် စီးဆင်းခြင်းမှာ အာရှိပြည်မှ ဥရောပသို့ စီးဆင်းထိုးဖောက်ခဲ့ကြောင်းကို သူသည် ရှင်းလင်းလာခဲ့ပြီး၊ ယင်းအတွက် ဆက်လက်လုပ်ဆောင်ခဲ့သည်။ ၎င်းသည် ကျွန်ုပ်တို့ရင်းနှီးပြီးသား အကြောင်းအရာဖြစ်သည်။ စမ်းချောင်းသည် မာကေဒေါနိပြည်မှ ၎င်း၏ လမ်းကြောင်း၌ ကောရိန္သုသို့ စီးဆင်းကာ၊ ရောမသို့၊ စပိန်နှင့် ဥရောပ၏ အစိတ်အပိုင်းအားလုံးသို့ စီးဆင်းသွားခဲ့သည်။ သမိုင်းကြောင်းအရ ၎င်းသည် ဥရောပမှ အနောက်ဘက်သို့၊ အမေရိကသို့ စီးဆင်းခဲ့ပြီးနောက်၊ အနောက်မှ အရှေ့ဘက်နှင့် တောင်ဘက်သို့ စီးဆင်းသွားခဲ့သည်။ အသင်းတော်၏ သမိုင်းကို ဖတ်ရှုမည်ဆိုလျှင် ဤစီးဆင်းခြင်းမှာ ရပ်တန့်သွားခြင်းမရှိကြောင်း၊ ဤစမ်းချောင်းစီးဆင်းသောနေရာတိုင်း၌ ၎င်းသည် တစ်ခုတည်းသာဖြစ်ကြောင်းကို ကျွန်ုပ်တို့တွေ့မြင်ရလိမ့်မည်ဖြစ်သည်။ (*The Divine Stream*, pp. 10, 12-13)

*ပို၍ဖတ်ရန်* - *The Conclusion of theNew Testament*, msg. 278; *The Central Thought of God*, ch. 5

***အလင်းဖွင့်ပြခံရခြင်းနှင့်နိုးဆော်ခံရခြင်း*** ––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**တ၊ ထိုသူများသည် တမန်တော်တို့၏သွန်သင်ခြင်းနှင့် မိတ်သဟာယဖွဲ့**
**၂း၄၂ ခြင်း၊ မုန့်ကိုဖဲ့ခြင်းနှင့် ဆုတောင်းခြင်းတို့ကို အမြဲဆောင်ရွက်၍နေကြ၏ ။**

**၁ယော၊ ငါတို့သည် ခမည်းတော်နှင့်လည်းကောင်း၊ သားတော်ယေရှုခရစ်နှင့်**
**၁း၃ လည်းကောင်း၊ မိတ်သဟာယဖွဲ့ရသည်ဖြစ်၍၊ သင်တို့သည်လည်း ငါတို့နှင့် မိတ်သဟာယဖွဲ့စေခြင်းငှါ၊ ငါတို့ကြားမြင်ရသောအရာကို သင်တို့အားလည်း ကြားပြောကြ၏ ။**

ယေရုရှလင်မြို့သစ်၏ အခြေအနေကို ဆင်ခြင်ကြည့်ပါ။ တစ်မြို့လုံးတွင် လမ်းမတစ်ခုတည်းသာရှိပြီး၊ ထိုလမ်းမအလယ်၌ အသက်ရေစီးရာမြစ်ရှိသည်။ ဤမြင်ကွင်းကို မှန်းဆကြည့်ခြင်းဖြင့် ဤစမ်းချောင်းမှာ မိတ်သဟာယ၏စမ်းချောင်းဖြစ်ကြောင်းကို ကျွန်ုပ်တို့သိမြင်နိုင်မည်ဖြစ်သည်။ ၎င်းသည် မြို့လမ်းမတစ်လျှောက်စီးဆင်းကာ၊ မြို့တစ်ခုလုံးသည် ဤအသက်ရေမြစ်အားဖြင့် သို့မဟုတ် မှတစ်ဆင့်သာလျှင် မိတ်သဟာယကို ရရှိနိုင်သည်။ ဤအရာက ခရစ်တော်ကိုယ်ခန္ဓာတော်၏မိတ်သဟာယသည် ဘုရားဆိုင်ရာအသက်၏စမ်းချောင်းပင်ဖြစ်ကြောင်းကို ဖွင့်ပြနေသည်။ ဘုရားအသက်၏စမ်းချောင်းစီးဆင်းသောနေရာတိုင်းတွင် ခရစ်တော်ကိုယ်ခန္ဓာတော်၏မိတ်သဟာယရှိနေသည်။ (*The Divine Stream*, p.5)

## ယနေ့ဖတ်စရာ

အသင်းတော်၏မိတ်သဟာယမှာ အဘယ်နည်း။ ၎င်းမှာ ဘုရားအသက်၏စီးဆင်းခြင်းဖြစ်သည်။ ဘုရားအသက်၏စမ်းချောင်းသည် ကျွန်ုပ်တို့အတွင်း၌ စီးဆင်းနေသည်နှင့်အမျှ ကျွန်ုပ်တို့အလယ်တွင် ကိုယ်ခန္ဓာတော်၏မိတ်သဟာယရှိနေသည်။ ဤမိတ်သဟာယသည် ပင်တေကုတ္တေနေ့မှအစပြု၍၊ ယေရုရှလင်မြို့မှ အန္တိအုတ်မြို့သို့၊ အာရှပြည်၊ ဥရောပ၊ ထို့နောက် အမေရိကနှင့် ကမ္ဘာတဝှမ်းလုံးသို့ စီးဆင်းသွားခဲ့သည်။ ကျွန်ုပ်တို့ မွေ့လျော်ဝမ်းမြောက်နေသော ကိုယ်ခန္ဓာတော်၏မိတ်သဟာယသည် ထိုသို့ကြီးမားသောအရာပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်မိတ်သဟာယ၏ ဤစမ်းချောင်း၌ရှိနေပြီး၊ ဤစီးဆင်းခြင်းသည် အမြဲတိုးပွားကာ ကြွယ်ဝခြင်းရှိနေသည်။ ပို၍စီးဆင်းလေလေ၊ ပို၍ကြီးမားကြွယ်ဝလာလေလေဖြစ်သည်။ (*The Divine Stream*, p.5)

ကျွန်ုပ်တို့ကို အုပ်စိုးနေရမည့် တစ်ခုတည်းသောအရာမှာ ဘုရားဆိုင်ရာမိတ်သဟာ

ယဖြစ်သည်။ ကျွန်ုပ်တို့သည် ဤမိတ်သဟာယ၌ ကန့်သတ်ခံနေရသည်။ ဤမိတ်သဟာယ၌ ကန့်သတ်ခံရခြင်းအားဖြင့် ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် တစ်လုံးတစ်ဝဖြစ်ခြင်း၌ စောင့်ထိန်းခံရပြီး၊ အမှုတော်၏ အလုပ်သည် ဆက်လက်တက်လှမ်းသွားနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့၌ မိတ်သဟာယမရှိတော့ပါက အရာခပ်သိမ်းသည် ပြီးဆုံးသွားမည်ဖြစ်သည်။ အရာခပ်သိမ်းကို ရှင်သန်စေသောအရာမှာ မိတ်သဟာယဖြစ်သည်။ ကျွန်ုပ်တို့သည် မိတ်သဟာယဖွဲ့ရန် သင်ယူပါက အထူးသဖြင့် သခင်ဘုရား၏ အလုပ်၌ အကျိုးကျေးဇူးများစွာကို ရရှိလိမ့်မည်ဖြစ်သည်။ (*The Triune God to be Life to the Tripartite Man,* pp.147-148)

ဤစမ်းချောင်းသည် ဘုရားသခင်၏ အလုပ်စမ်းချောင်းလည်းဖြစ်သည်။ စမ်းချောင်းစီးဆင်းသောနေရာတိုင်း၌ ဘုရားသခင်၏ အလုပ်လည်းရှိသည်။ ဤအရာသည် ဘုရားသခင်၏ အလုပ်ကို ကျွန်ုပ်တို့အားပြောဆိုထားသည့်စာစောင်ဖြစ်သော တမန်တော်ဝတ္ထုတွင် ရှင်းလင်းစွာမြင်ရသည်။ ဘုရားသခင်၏ အလုပ်မှာ မည်သို့သောအမျိုးအစားနည်း။ ၎င်းမှာ အသက်ရေစမ်းချောင်း၌ရှိသော အလုပ်ဖြစ်သည်။ အသက်ရေစမ်းချောင်းစီးဆင်းသောနေရာတိုင်းတွင် ဘုရားသခင်၏ အလုပ်လည်းရှိသည်။ ဘုရားသခင်သည် ဘုရားဆိုင်ရာအသက်စမ်းချောင်း၏ စီးဆင်းခြင်းအတိုင်း လုပ်ဆောင်နေသည်။ သင်သည် တမန်တော်ဝတ္ထု၏ မှတ်တမ်းတစ်ခုလုံးကို ဆင်ခြင်မည်ဆိုလျှင် ရုပ်ပုံကားချပ်ကို ရှင်းရှင်းလင်းလင်းမြင်လာမည်ဖြစ်သည်။ ပင်တေကုတ္တေနေ့တွင် ဤဘုရားဆိုင်ရာအသက်စမ်းချောင်းသည် ခရစ်တော်၌ရှိသော ဘုရားသခင်ကိုယ်တော်တိုင်နှင့် ပလ္လင်တော်မှ အုပ်စိုးခြင်းတန်ခိုးနှင့်အတူ စီးဆင်းလာခဲ့သည်။ ယင်းသည် ယေရုရှလင်မြို့မှ အစပြုကာ စီးဆင်းခဲ့သည်။ ထိုနေရာမှ အန္တိအုတ်မြို့သို့စီးဆင်းကာ အန္တိအုတ်မြို့မှ အနောက်ဘက်သို့ စီးဆင်းသွားခဲ့သည်၊ ၎င်းသည် အာရှပြည်သို့စီးဆင်းခဲ့ပြီး အာရှပြည်မှတဆင့် မာကေဒေါနိပြည်၊ ဥရောပသို့ စီးဆင်းခဲ့သည်။ ဤနေရာ၌ ဘုရားဆိုင်ရာအသက်စမ်းချောင်း၏ စီးဆင်းခြင်း ရုပ်ပုံကားချပ်ကို မြင်ရပြီး၊ ဤစမ်းချောင်း၏ စီးဆင်းခြင်းနှင့်အတူ ဘုရားသခင်၏ အလုပ်လည်းရှိနေသည်။ စီးဆင်းခြင်းအားဖြင့် ဘုရားသခင်လုပ်ဆောင်သည်၊ စီးဆင်းခြင်းအားဖြင့် ဘုရားသခင်သည် ဧဝံဂေလိတရားကို ဟောပြောသည်၊ စီးဆင်းခြင်းအားဖြင့် ဘုရားသခင်သည် လူများကို ကယ်တင်ခြင်းသို့ ခေါ်ဆောင်ခဲ့သည်။ အလုပ်၏ စမ်းချောင်း သို့မဟုတ် စီးဆင်းခြင်းဟု ကျွန်ုပ်တို့ခေါ်ဆိုနိုင်သော စမ်းချောင်းတစ်ခုရှိနေသည်။ ၎င်းစီးဆင်းသောနေရာတိုင်းတွင် ဘုရားသခင်၏ အလုပ်လည်းရှိနေသည်။

ဇင်းသည် အသက်၏ စမ်းချောင်း၊ မိတ်သဟာယ၏ စမ်းချောင်း၊ သက်သေခံချက်၏ စမ်းချောင်းနှင့် ဘုရားသခင်၏ အလုပ်စမ်းချောင်းဖြစ်သည်။ ညီအစ်ကို၊ ညီအစ်မတို့ ကျွန်ုပ်တို့သည် ဤစမ်းချောင်းရှိရမည်ဖြစ်သည်။ သင်၌ ဤစမ်းချောင်းရှိပါက၊ သင်၌ ပလ္လင်တော်၊ သိုးသငယ်နှင့် သိုးသငယ်အတွင်းရှိ ဘုရားသခင်ကိုလည်း ရရှိမည်ဖြစ်သည်။ သင်၌ ဤစမ်းချောင်းရှိပါက သင်၌ အရာအားလုံးရှိပြီဖြစ်သည်။ သင်၌ ဤစမ်းချောင်းရှိပါက သင်သည် ဘုရားသခင်၌၊ သိုးသငယ်နှင့်ပလ္လင်တော်၌ရှိပြီး၊ အသက်၌၊ မိတ်သဟာယ၌၊ သက်သေခံချက်၌၊ ဘုရားသခင်၏ အလုပ်၌ သင်ရှိနေပြီဖြစ်သည်။ သင်သည် ဤစမ်းချောင်း၌ ရှိပါသလား။ သင်သိရန်လိုအပ်သည်။ သင်သည် ဤစမ်းချောင်း၌ မရှိပါက သင်သည် လှည့်ပြန်လာခြင်းရှိရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤစမ်းချောင်း၌ရှိရမည်ဖြစ်သည်။ (*The Divine Stream*, p.6-7)

*ပိုဖတ်ရန်-* *The Divine Stream; The Divine Economy,* ch. 5

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————————
————————————————————————————————————
————————————————————————————————————
————————————————————————————————————
————————————————————————————————————
————————————————————————————————————
————————————————————————————————————
————————————————————————————————————
————————————————————————————————————
————————————————————————————————————
————————————————————————————————————
————————————————————————————————————
————————————————————————————————————
————————————————————————————————————
————————————————————————————————————
————————————————————————————————————

**E#909 M#268 K#653**

၁။ သက်စမ်းရေ စမ်းချောင်း၌ ကိုယ်တော်တွက်လုပ်ဆောင်စို့
ကိုယ်တော့်ဖြင့် မှန်သောလမ်း ကျမ်းစာဖွင့်ပြသည့်တိုင်း
စီးဆင်းသော ကိုယ်တော့်သက် တန်ခိုးတော်ဖြင့် လုပ်ဆောင်
နိုင်ငံတော်နှင့် သင်းတော်တွက် ဤချိန်၌လုပ်ဆောင်။

သက်စမ်းရေ၊ စမ်းချောင်း၌
လုပ်ဆောင်စို့၊ စီးဆင်းစို့
သက်စမ်းရေ၊ စမ်းချောင်း၌
ကောင်းကင်ဆိုင်ရာအဖွဲ့ လုပ်ဆောင်။

၂။ သက်စမ်းရေ စမ်းချောင်း၌ ကိုယ်တော်နှင့်တူ လုပ်ဆောင်
နှုတ်ကပတ်တော်အားဖြင့် ဝိညာဉ်တော်၌စီးဆင်း
မိမိအားဖြင့် လွတ်လပ်စွာ လုပ်ဆောင်ခြင်းမပြု
လုံးလုံးပြည့်စုံခြင်း၌ ညီညွတ်လက်တွဲလုပ်ဆောင်။

၃။ သက်စမ်းရေ စမ်းချောင်း၌ ကိုယ်တော်တွက် လုပ်ဆောင်စို့
ကျမ်းစာအလင်း၌ သန့်ရှင်းသူများနှင့်သင်းတော်
လိုအပ်သောသူများအား နှုတ်ကပတ်တော်ထောက်မ
ကိုယ်တော့်ကြွယ်ဝပြည့်စုံခြင်း စီးဆင်းတိုးတက်နေ။

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ–

# *ပြန်လည်သင့်မြတ်ခြင်း၏အမှုတော်၌ရှိသော ခရစ်တော်၏သံတမန်များနှင့် အရာခပ်သိမ်း၌ လိုက်လျောညီထွေသောအသက်တာဖြင့် ဘုရားသခင်၏လုပ်ဖော်ဆောင်ဘက်များ*

ဖတ်ရန်ကျမ်း။ ။ ၂ကော၊၅း၄၊ ၉။ ၁၄–၁၆။ ၁၈– ၂၀။ ၆း၁။ ၇း ၂–၃

*Day 1*

**I. ကျွန်ုပ်တို့သည် ပြန်လည်သင့်မြတ်ခြင်း၏ အမှုတော်နှင့် အတူ ခရစ်တော်၏ သံတမန်များဖြစ်ရန် လိုအပ်သည်။**

က။ ခရစ်တော်၏ သံတမန်များသည် စကြဝဠာတွင် အမြင့်ဆုံးသောအခွင့်အာဏာရှိသည့် ခရစ်တော်ကို ကိုယ်စားပြုသူများဖြစ်ကြသည်။

၁။ ဘုရားသခင်သည် ခရစ်တော်အား ကောင်းကင်၌လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း၊ စီရင်ပိုင်သောအခွင့်အာဏာရှိ သမျှတို့ကို ပေးအပ်ခဲ့ပြီဖြစ်သည် (မ၊၂၈း၁၈)။

၂။ ဘုရားသခင်သည် ခရစ်တော်အား ဘုရင်တကာတို့၏ဘုရင်၊ သခင်တကာတို့၏ သခင်ဖြစ်စေရန် ခွဲခန့်မှတ်သားခဲ့သည် (၁တိ၊ ၆း၁၅။ ဗျာ၊၁၇း၁၄)။

ခ။ ခရစ်တော်၏ သံတမန်များသည် သူတို့ဖြစ်သောအရာအားဖြင့် သို့မဟုတ် သူတို့လုပ်ဆောင်သောအရာအားဖြင့် အသက်ရှင်ခြင်း မရှိဘဲ၊ သူတို့အထဲ၌ရှိသော ခရစ်တော်ကိုယ်တော်တိုင်ဖြစ်သည့် ထာဝရရှင်သန်နေသောအသက်အားဖြင့် အသက်ရှင်ကြသည် (၂ကော၊၅း၄)။

၁။ ကျွန်ုပ်တို့လုပ်ဆောင်နိုင်သောအရာတိုင်း၊ ကျွန်ုပ်တို့ဖြစ်သောအရာတိုင်းနှင့် ကျွန်ုပ်တို့၌ရှိသောအရာတိုင်းသည် သေတတ်သောအရာဖြစ်သည်။ ဤအတွက်ကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ဖြစ်သောအရာ၌ မည်သည့်ယုံကြည်မှုမျှ မရှိသင့်ပေ (၁း၈–၉)။

၂။ ထာဝရရှင်သန်နေသောအသက်အဖြစ် ခရစ်တော်သည် ကျွန်ုပ်တို့အတွင်း၌ ရှိနေကြောင်းကို နားလည်သဘောပေါက်ရပေမည်။ ကျွန်ုပ်တို့သည် ဤအသက်၌ ယုံကြည်ပြီး၊ ဤအသက်အားဖြင့် အသက်ရှင်ကာ လုပ်ဆောင်သင့်သည် (၁၃း၃)။

*Day 2*

ဂ။ ခရစ်တော်၏ သံတမန်များသည် သခင်ဘုရားနှစ်သက်တော်မူသော သူဖြစ်စေခြင်းငှာ ကြိုးစားအားထုတ်ကြသည် (၅း၉)။

၁။ ကြိုးစားအားထုတ်ခြင်းဆိုသည်မှာ သခင်ဘုရားနှစ်သက်တော်မူသောသူဖြစ်ရန် ခိုင်မာသောရည်ရွယ်ချက်နှင့်အတူ အလွန်စိတ်အားထက်သန်စွာဖြင့် ကြိုးပမ်းခြင်းဖြစ်သည် (ကော၊၁း၁၀။ ဟေဗြဲ၊၁၁း၅–၆)။

၂။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ သံတမန်များဖြစ်ဖို့ ခရစ်တော်ကို ကိုယ်စားပြုရန် ရည်ရွယ်ပါက၊ “သခင်ဘုရား၊ ကျွန်ုပ်၏ အလိုဆန္ဒမှာ ကိုယ်တော်နှစ်သက်တော်မူသောသူဖြစ်ရန်– တစ်ခုတည်းသာရှိကြောင်း ကောင်းကင်များနှင့် မြေကြီးကို သက်သေထား၍ ပြောဆိုပါသည်”ဟု ဆုတောင်းရပေမည်။

ဃ။ ခရစ်တော်၏ သံတမန်များသည် ကိုယ်တော့်ကို အသက်ရှင်ရန် ခရစ်တော်၏ ချစ်ခြင်းမေတ္တာတော်အားဖြင့် အနိုင်အထက် သွေးဆောင်ခံရကြသည် (၂ကော၊၅း၁၄–၁၅)။

၁။ အနိုင်အထက် သွေးဆောင်ခံရခြင်းသည် ဒီရေအားဖြင့်သယ်ဆောင်ခံရခြင်းနှင့် အလားတူသည်။ ဒီရေကဲ့သို့ အားကောင်းသောခရစ်တော်၏ ချစ်ခြင်းမေတ္တာတော်သည် ကျွန်ုပ်တို့ကို လွှမ်းမိုးအနိုင်ယူပြီး၊ သယ်ဆောင်သွားသည်။

၂။ ခရစ်တော်၏ ချစ်ခြင်းမေတ္တာတော်သည် ကျွန်ုပ်တို့ကို မိမိတို့အားဖြင့် အသက်မရှင်စေဘဲ၊ ကိုယ်တော့်ကို အသက်ရှင်ရန် အနိုင်အထက် သွေးဆောင်သည်။

(က) ကျွန်ုပ်တို့ကိုယ်တိုင်ကို အသက်ရှင်စေခြင်းဆိုသည်မှာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကိုယ်ပိုင်ထိန်းချုပ်ခြင်း၊ ညွှန်ကြားခြင်းနှင့်လွှမ်းမိုးခြင်းတို့အောက်တွင် ရှိနေပြီး၊ ကျွန်ုပ်တို့၏ ကိုယ်ပိုင်ရည်မှန်းချက်နှင့် ပန်းတိုင်များကိုသာ အလေးထားခြင်းဟု အဓိပ္ပာယ်ရသည်။

(ခ) သခင်ဘုရားကို အသက်ရှင်ခြင်းသည် အမှန်ပင် ကိုယ်တော်၏ ထိန်းချုပ်ခြင်း၊ ညွှန်ကြားခြင်းနှင့် လွှမ်းမိုးခြင်းတို့အောက်တွင် ရှိနေခြင်းဖြစ်သည်။ ယင်းမှာ ကျွန်ုပ်တို့လုပ်ဆောင်

သောအရာခပ်သိမ်းသည် သခင်ဘုရား၏ အကြံအစည်တော်နှင့် အလိုဆန္ဒကို ပြီးမြောက်စေခြင်းဟု ဆိုလိုသည်။

(ဂ) သခင်ဘုရားကို အသက်ရှင်ခြင်းဆိုသည်မှာ ကျွန်ုပ်တို့နေ့စဉ် အသက်တာ၏ ပုံပန်းသဏ္ဌာန်တိုင်းတွင် သခင်ဘုရားနှစ်သက်တော်မူသောသူဖြစ်ရန် ကျွန်ုပ်တို့ရှာဖွေသည်ဟု အဓိပ္ပာယ်ရသည်။

(ဃ) သခင်ဘုရားအတွက် အသက်ရှင်ခြင်းဆိုသည်မှာ ကျွန်ုပ်နှင့် သခင်ဘုရားသည် နှစ်ယောက်အဖြစ်ရှိနေသေးပြီး၊ သခင်ဘုရားကို အသက်ရှင်ခြင်းဆိုသည်မှာ ကျွန်ုပ်သည် သခင်ဘုရားနှင့်တစ်လုံးတစ်ဝတည်းဖြစ်လာကာ၊ အိမ်ထောင်အသက်တာ၌ ဇနီးသည် ခင်ပွန်းနှင့် တစ်လုံးတစ်ဝတည်းရှိသကဲ့သို့ ဖြစ်ကြောင်း ရည်ညွှန်းသည်။

***Day 3***

င။ ခရစ်တော်၏ သံတမန်များသည် လူများကို အသွေးအသားအတိုင်း မဟုတ်ဘဲ၊ ဝိညာဉ်အတိုင်း သိမှတ်ရန်လိုအပ်သည် (အငယ်၊၁၆)။

၁။ ကျွန်ုပ်တို့သည် အသွေးအသား၌ရှိသော အပြင်ပုံပန်းသဏ္ဌာန်အတိုင်းမဟုတ်ဘဲ၊ ဝိညာဉ်၌ရှိသော ခရစ်တော်၏ အတိုင်းအတာအတိုင်း အကြောင်းအရာများကို လက်ခံခြင်းနှင့် လူများကို သိမှတ်ခြင်းရှိရန် လိုအပ်သည်။

၂။ လူများကို သူတို့၏ အလုပ်အကိုင်၊ အဆင့်အတန်း၊ အရည်အချင်းနှင့် လုပ်နိုင်စွမ်းအတိုင်း သိကောင်းသိနိုင်သော်လည်း၊ အသင်းတော်၌ ကျွန်ုပ်တို့သည် သူတစ်ပါးကို အတွင်းလူအတိုင်း၊ ဝိညာဉ်အတိုင်း သိမှတ်ရပေမည်။

***Day 4***

စ။ ခရစ်တော်၏ သံတမန်များသည် ပြန်လည်သင့်မြတ်ခြင်း၏ အမှုတော်ကို သယ်ဆောင်ကြသည်။

၁။ ပြန်လည်သင့်မြတ်ခြင်း၏ အမှုတော်သည် ဘုရားသခင်ထံသို့ အပြစ်သားများကို ခေါ်ဆောင်လာသည်သာမက၊ ဘုရားသခင်အထဲသို့ ယုံကြည်သူများကို ခေါ်ဆောင်လာခြင်းလည်းဖြစ်ပြီး၊ သူတို့ကို ကိုယ်တော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်စေသည် (အငယ်၊ ၁၈–၂၀)။

၂။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် လုံးလုံးလျားလျား ရန်ငြိမ်းသင့်မြတ်ခြင်းခံရသောအခါ၊ အပြည့်အဝ ကယ်တင်ခံရသည် (ဧ း၁–၂။ ရော၊၅း၁၀။ ဟေဗြဲ၊၇း ၂၅)။

၃။ သူတစ်ပါးကို ဘုရားသခင်ထံသို့ ကျွန်ုပ်တို့ခေါ် ဆောင်လာနိုင်သောအတိုင်းအတာမှာ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်စပ်လျဉ်း၍မည်သည့်နေရာတွင် ရှိနေခြင်းနှင့် တိုင်းတာခံရသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၌ ပို၍ရှိလေလေ၊ ကိုယ်တော်အထဲသို့ သူတစ်ပါးကိုပို၍ရန်ငြိမ်းသင့်မြတ်စေလေလေဖြစ်သည် (၂ကော၊၁၂း၂a။ ၅း၂၀)။

*Day 5* **II. ကျွန်ုပ်တို့သည် အရာခပ်သိမ်း၌ လိုက်လျောညီထွေသောအသက်တာနှင့်အတူ ဘုရားသခင်၏လုပ်ဖော်ဆောင်ဘက်များဖြစ်ရန် လိုအပ်သည်။**

က။ ကျွန်ုပ်တို့သည် (မည်သည့်ဆုကျေးဇူးအားဖြင့်မျှ မဟုတ်ဘဲ) အသက်အားဖြင့် ဘုရားသခင်နှင့်အတူတကွ လုပ်ဆောင်ရန် လိုအပ်သည်။ ထိုအသက်သည် အရာအားလုံး လုံလောက်ပြည့်စုံ၍၊ အရာအားလုံး၌ကြီးရင့်ပြီး၊ အခြေအနေအားလုံး၌ သင့်လျော်ညီညွတ်နိုင်စွမ်းရှိသည်။ ဤသည်မှာ ကျွန်ုပ်တို့၏ အမှုတော်ကို သယ်ဆောင်ရန်အတွက် မည်သည့်ဆက်ဆံပြုမူခြင်းမျိုးကိုမဆို သည်းခံနိုင်စွမ်းရှိခြင်း၊ မည်သည့်ပတ်ဝန်းကျင်အမျိုးအစားကိုမဆို လက်ခံနိုင်စွမ်းရှိခြင်း၊ မည်သည့်အခြေအနေမျိုး၌မဆို လုပ်ဆောင်နိုင်ခြင်းနှင့် မည်သည့်အခွင့်အလမ်းမျိုးမဆို ယူဆောင်နိုင်စွမ်းရှိခြင်းဖြစ်သည် (ဧ း၁a)။

ခ။ ကျွန်ုပ်တို့သည် လုံးလုံးလျားလျား ကယ်တင်ခံရပြီး၊ အရာခပ်သိမ်း၌ လိုက်လျောညီထွေသောအသက်တာ ရှိမည်ဆိုပါက၊ မည်သည့်အခြေအနေ သို့မဟုတ် အကြောင်းအရာမဆို၊ ကျွန်ုပ်တို့သည် သူတစ်ပါးအားအသက်ကို အမှုဆောင်ရန် တတ်နိုင်ပေမည် (ဖိ၊၁း ၂၀။ ၄း ၂၂။ ၂တိ၊၄း ၂a။ cf. ၂ရာ၊၁း၁၀)။

ဂ။ ကျွန်ုပ်တို့သည် အရာခပ်သိမ်း၌ လိုက်လျောညီထွေသောအသက်တာရှိမည်ဆိုပါက၊ ဘုရားသခင်၏လူများအားလုံးကိုပွေ့ဖက်မည့် စိတ်နှလုံး၊ ကျယ်ဝန်းသောစိတ်နှလုံးကို လိုအပ်သည် (၂ကော၊၆း၁၁–၁၃။

၂ရာ၊၁း၁၀။ ၁ဘုရင်၊၄း ၂၉)။

၁။ အသက်၌ ကြီးထွားခြင်းနှင့် ရင့်ကျက်ခြင်းအားဖြင့် စိတ်နှလုံး ကျယ်ဝန်းလာခြင်းသည် ဘုရားသခင်နှင့် လုံးလုံးလျားလျား ရန်ငြိမ်းသင့်မြတ်စေခြင်းနှင့် ညီမျှသည်။

၂။ ကျယ်ဝန်းသောစိတ်နှလုံးနှင့်အတူ တမန်တော်တို့သည် ယုံကြည်သူအားလုံးကို သူတို့၏ အခြေအနေများကို အမှတ်မထားဘဲ ပွေ့ဖက်နိုင်ကြပြီး၊ ဖွင့်ထားသောနှုတ်နှင့်အတူ တမန်တော်တို့သည် ယုံကြည်သူအားလုံးကို သူတို့မှားယွင်းစွာဦးဆောင်ခံခဲ့ရသောအခြေအနေမှန်ကို ပွင့်လင်းစွာ ပြောဆိုခဲ့သည် (မ၊၅း၇။ ၆း၁၄–၁၅။ ၇း၁–၂)။

*Day 6*

ဃ။ ကျွန်ုပ်တို့သည် အမှုဆောင်သောအသက်တာ၏ရင်းနှီးကျွမ်းဝင်သောစဉ်းစားပေးခြင်းရှိရန် စိတ်နှလုံးကျယ်ဝန်းဖို့ လိုအပ်သည် (၂ကော၊၇း၂–၃။ ၂သက်၊၂း၈။ ဖိ၊၂း၁၉–၂၀)။

၁။ ကျွန်ုပ်တို့၌ ရင်းနှီးကျွမ်းဝင်သောစဉ်းစားပေးခြင်း မရှိဘဲ၊ အလုပ်လုပ်ဆောင်နိုင်စွမ်းရှိပါက၊ ကျွန်ုပ်တို့၏ အလုပ်သည် အသီးကင်းမဲ့ပေမည်။ ခမည်းတော်ဘုရား၏ ချစ်တတ်သော၊ ခွင့်လွှတ်တတ်သောစိတ်နှလုံးနှင့် ကယ်တင်ရှင်ခရစ်တော်၏ ထိန်းကျောင်းသော၊ ရှာဖွေသောဝိညာဉ်သည် ကျွန်ုပ်တို့၌ မရှိခြင်းမှာ ကျွန်ုပ်တို့အသီးမသီးရခြင်း၏ အကြောင်းရင်းဖြစ်သည် (cf. လု၊ ၁၅)။

၂။ စကားပြောကောင်းခြင်း၊ ဆုကျေးဇူးနှင့် တန်ခိုးသည် သူတို့ကို ကျွန်ုပ်တို့၏ စဉ်းစားပေးခြင်းကဲ့သို့ များစွာမထိတွေ့နိုင်ပေ (cf. ၁ကော၊၁၂း၃၁b။ ၂တိ၊၁း၇။ ဖိလေ၊၉–၁၂)။

၃။ ကျွန်ုပ်တို့အသီးသီးခြင်းသည် ကျွန်ုပ်တို့လုပ်ဆောင်နိုင်စွမ်းရှိသောအရာပေါ်တွင် မူတည်ခြင်းမဟုတ်ဘဲ၊ ကျွန်ုပ်တို့၌ ရင်းနှီးကျွမ်းဝင်သောစဉ်းစားပေးခြင်းရှိ၊ မရှိအပေါ်တွင် မူတည်ခြင်းဖြစ်သည် (၂ကော၊၁၂း၁၅။ ၁ကော၊၉း၂၂။ မ၊၉း၁၂)။

၄။ အမှုဆောင်သောအသက်တာသည် ကိုယ်တော်၏ကြွယ်ဝခြင်းများနှင့်အတူ သူတစ်ပါးတို့ကို ယေရှု၏ လူသားဇာတိ၌ ပြုစုယုယခြင်း၊ ခရစ်တော်၏ ဘုရားဇာတိ၌ ကျွေးမွေးခြင်းတို့အားဖြင့်

သူတို့အား နှေးထွေးစေသောအသက်တာဖြစ်သည် (ဧ၊၅း ၂၉။ သု၊ ၂၅း၁၅)။

၅။ ပေါလုသည် သန့်ရှင်းသူတို့အား ကျွေးမွေးပြုစုသောမိခင်နှင့် တိုက်တွန်းနှိုးဆော်သောဖခင်ကဲ့သို့ ထိန်းကျောင်းခဲ့သည် (၁သက်၊ ၂း၇–၈။ ၁၁–၁၂။ တ၊ ၂၀း၁၉–၂၀၊ ၂၇၊ ၃၁)။

၆။ ပေါလုသည် အားနည်းသောသူတို့ကို ရယူခြင်းငှာ အားနည်းသောသူကဲ့သို့ဖြစ်ခဲ့သည် (၂ကော၊၁၁း ၂၈–၂၉။ ၁ကော၊၉း ၂၂။ cf. မ၊၁၂း ၂၀)။

၇။ အသင်းတော်ကိုချစ်သောခရစ်တော်နှင့်အတူ တစ်လုံးတစ်ဝ ဖြစ်ခြင်း၌ အသင်းတော်ကိုချစ်သောသူတည်းဟူသော ပေါလုသည် ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ရန်အလို့ငှာ သန့်ရှင်းသူများ၏ အကျိုးအတွက် သူ၏ပိုင်ဆိုင်ခြင်းများကို ရည်ညွှန်းသည့် သူ၌ရှိသောအရာများကို ကုန်စေရန်၊ သူ၏ဖြစ်ခြင်းကို ရည်ညွှန်းသည့် သူ၌ဖြစ်သောအရာတို့ကို ကုန်စေရန် အလိုဆန္ဒရှိခဲ့သည် (ဧ၊၅း ၂၅။ ၂ကော၊၁၂း၁၅။ ၁၁း ၂၈–၂၉)။

## နံနက်ခင်းကျွေးမွေးခြင်း

**၂ကော၊ ငါတို့သည် ခရစ်တော်၏ကိုယ်စား သံတမန်များဖြစ်ကြ၏။ ဘုရား**
**၅း၂၀ သခင်သည် ငါတို့အားဖြင့် သင်တို့ကို နှိုးဆော်သွေးဆောင်တော်မူ**
**သကဲ့သို့၊ ငါတို့သည် ခရစ်တော်၏ကိုယ်စား ဘုရားသခင်ထံသို့ သင့်**
**မြတ်ကြလော့ဟု သင်တို့ကို တောင်းပန်သွေးဆောင်ကြ၏။**
**၄–၅ ဤတဲ၌နေသောငါတို့သည် လေးသောဝန်ကိုထမ်း၍ ညည်းတွားမြည်**
**တမ်းကြ၏။ ဝတ်ဆင်ခြင်းမခံလိုသောကြောင့် ထိုတဲ၌ရှိစဉ် ညည်း**
**တွားသည်မဟုတ်။ သေတတ်သောအရာသည် အသက်ဖြင့် ဆုံးရှုံး**
**ခြင်းကို ဝတ်ဆင်လိုသောကြောင့် ညည်းတွားကြ၏။ ထိုသို့ခံစေခြင်း**
**ငှါ ငါတို့ကို ပြင်ဆင်သောသူကား၊ ဘုရားသခင်ပေတည်း။. . .**

တမန်တော်ပေါလုသည် ခရစ်တော်၏ သံတမန်ဖြစ်ခဲ့သည်။ သံတမန်တစ်ဦးသည် အမြင့်ဆုံးသောအခွင့်အာဏာကို ကိုယ်စားပြုသူဖြစ်သည်။ အမေရိကန်ပြည်ထောင်စု အစိုးရတွင် မတူညီသောနိုင်ငံများစွာသို့ စေလွှတ်ထားသည့် သံတမန်များစွာ ရှိသည်။ ထိုသံတမန်များသည် အမေရိကန်ပြည်ထောင်စုအစိုးရကို ကိုယ်စားပြုသူများဖြစ်ကြသည်။ ဤစကြဝဠာတွင် အမြင့်ဆုံးသောအခွင့်အာဏာရှိသူသည် ဘုရားသခင်ဖြစ်ပြီး၊ ဘုရားသခင်သည် ခရစ်တော်အား ကောင်းကင်၌လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း၊ စီရင်ပိုင်သောအခွင့်အာဏာရှိသမျှတို့ကို ပေးအပ်ခဲ့ပြီဖြစ်သည် (မ၊၂၈း၁၈)။ ဘုရားသခင်သည် ခရစ်တော်အား ဘုရင်တကာတို့၏ ဘုရင်၊ သခင်တကာတို့၏ သခင်ဖြစ်စေရန် ခွဲခန့်မှတ်သားခဲ့သည် (၁တိ၊၆း၁၅။ ဗျာ၊၁၇း၁၄)။ ယနေ့ ယေရှုသည် အမြင့်ဆုံးသောအခွင့်အာဏာရှိသူ၊ အရာခပ်သိမ်း၏ အရှင်သခင်ဖြစ်သော ထိုခရစ်တော်ဖြစ်သည်။ ဤအမြင့်ဆုံးသောအခွင့်အာဏာရှိသူသည် မြေကြီးပေါ်တွင် သူ့ကို ကိုယ်စားပြုရန် အရည်အချင်းပြည့်မီသည့်သံတမန်များကို လိုအပ်နေသည်။ သခင်ဘုရား၏ အမှုတော်သည် ဟောပြောသူ သို့မဟုတ် သွန်သင်သူ ဖြစ်ရန်မျှသာမဟုတ်ဘဲ၊ စကြဝဠာတစ်ခုလုံးတွင် အမြင့်ဆုံးသော အခွင့်အာဏာရှိသူကို ကိုယ်စားပြုသည့် ကောင်းကင်ဆိုင်ရာအခွင့်အာဏာနှင့်အတူ လွှဲအပ်စေခိုင်းခံရသူဖြစ်လာရန်ဖြစ်သည်။ ရွေးဦးစွာ ကျွန်ုပ်တို့သည် ခရစ်တော်အားဖြင့် ဖမ်းဆီးခံရရန်လိုအပ်ပြီး၊ နောက်ဆုံးတွင် ကျွန်ုပ်တို့သည် သံတမန်အဖြစ် မြေကြီးဆိုင်ရာတိုင်းနိုင်ငံတို့ကို ဆက်ဆံဖြေရှင်းရန် ဤမြေကြီးပေါ်တွင် ခရစ်တော်ကို ကိုယ်စားပြုသူဖြစ်လာဖို့ လိုအပ်သည်။ (*An Autobiography of a Person in the Spirit*, p. 49)

# ယနေ့ဖတ်စရာ

ကျွန်ုပ်တို့အားလုံးသည် ဤမြေကြီးပေါ်တွင် ခရစ်တော်၏သံတမန်များဖြစ်ရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ဖမ်းဆီးခံရသူများသာ မဟုတ်ကြပါ။ နောက်ဆုံးတွင် ကျွန်ုပ်တို့သည် ကိုယ်တော်၏စိတ်ဝင်စားမှုအားလုံးအတွက် ဤမြေကြီးပေါ်တွင် ကိုယ်တော်ကို ကိုယ်စားပြုသော ခရစ်တော်၏သံတမန်များဖြစ်လာကြပေမည်။ ဤအကြောင်းအရာသည် ကြီးမားလွန်းသော၊ ကျယ်ပြန့်လွန်းသောတစ်စုံတစ်ရာဟု ထင်မြင်ပေလိမ့်မည်။ ညီအစ်မအချို့က သူတို့သည် အားနည်းသောထည့်စရာတန်ဆာပလာများသာဖြစ်ကြသည်ဟု ထင်မြင်ပေမည်။ သူတို့က ဤမြေကြီးပေါ်တွင် အမြင့်ဆုံးသောအခွင့်အာဏာကိုကိုယ်စားပြုသည့် ခရစ်တော်၏သံတမန်များ မည်သို့ဖြစ်နိုင်ကြောင်း အံ့သြကောင်းအံ့သြပေမည်။ သင်သည် ညီအစ်ကိုဖြစ်စေ သို့မဟုတ် ညီအစ်မဖြစ်စေ၊ ကျွန်ုပ်တို့အားလုံးသည် ခရစ်တော့်ကိုယ်ခန္ဓာတော်၏ အင်္ဂါများဝင် ဖြစ်ကြသည်။ အမြင့်ဆုံးသောအခွင့်အာဏာရှိသူသည် ဦးခေါင်းတည်းဟူသော ခရစ်တော်ဖြစ်ပြီး၊ ခန္ဓာဝင်များဖြစ်သော ကျွန်ုပ်တို့သည် ဦးခေါင်းတော်ကို ကိုယ်စားပြုသူများ ဖြစ်ရန်လိုအပ်သည်။ ဦးခေါင်းတော်ကို ကိုယ်စားပြုသူအနေဖြင့် သင်သည် သံတမန်ဖြစ်သည်။ သင်သည် သေးငယ်သည် သို့မဟုတ် အားနည်းသည်ဟု မစဉ်းစားပါနှင့်။ သံတမန်တစ်ဦးဖြစ်ခြင်းမှာ သင်သည် သေးငယ်သည် သို့မဟုတ် အားနည်းသည်ဆိုသောအကြောင်းအရာမဟုတ်ပါ။ အမှန်မှာ ကျွန်ုပ်တို့သည် ပို၍အားနည်းကြရပေမည်၊ ခရစ်တော်၌ အားနည်းသောသူပင်ဖြစ်ရမည် (၂ကော၊၁၃း၄)။

ခရစ်တော်၏သံတမန်ဖြစ်သော ပေါလုက သူအတွင်း၌ရှိသောအရာတိုင်း၊ သူဖြစ်သောအရာတိုင်းနှင့် သူ၌ရှိသောအရာတိုင်းသည် သေတတ်သောအရာဖြစ်ကြောင်းကို နားလည်သဘောပေါက်ခဲ့သည် (၅း၄)။ သေခြင်းအောက်၌ရှိသောအရာတိုင်းသည် သေတတ်သောအရာဖြစ်သည်။ ကျွန်ုပ်တို့၏ဉာဏ်ပညာသည် သေတတ်သောအရာဖြစ်ပြီး၊ ကျွန်ုပ်တို့၏တတ်စွမ်းနိုင်ခြင်းသည်လည်း သေတတ်သောအရာဖြစ်သည်။ ကျွန်ုပ်တို့လုပ်ဆောင်နိုင်သောအရာတိုင်း၊ ကျွန်ုပ်တို့ဖြစ်သောအရာတိုင်းနှင့် ကျွန်ုပ်တို့၌ရှိသောအရာတိုင်းသည် သေခြင်းသို့ ဦးတည်နေသည်။ ဤအတွက်ကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ဖြစ်သောအရာ၌ မည်သည့်ယုံကြည်မှုမျှမရှိသင့်ပေ။ ကျွန်ုပ်တို့သည် သေတတ်သောလူများဖြစ်ကြသော်လည်း၊ ဘုရားသခင်သည် ထာဝရဖြစ်သော၊ ဘယ်သောအခါမျှ မသေဆုံးသော၊ အမြဲတည်ရှိနေသောတစ်စုံတစ်ရာကို ကျွန်ုပ်တို့အထဲသို့ ထည့်သွင်းပေးခဲ့သည်။ ကျွန်ုပ်တို့သည် သခင်ယေရှုကို လက်ခံရရှိခဲ့ပြီး၊ ကိုယ်တော်သည် ကျွန်ုပ်တို့အတွင်း၌

အသက်ရှင်နေသောကြောင့်၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ ထာဝရရှင်သန်နေသော ဘုရားဇာတိကို ပိုင်ဆိုင်ကြသည်။ နောက်ဆုံးတွင် ကျွန်ုပ်တို့၏ သေတတ်သောအရာအားလုံးသည် "အသက်အားဖြင့် ဆုံးရှုံးခြင်း"ကို ခံရပေမည် (၅း၄)။ ဘုရားအသက်သည် သေခြင်းကို ဆုံးရှုံးစေလိမ့်မည်ဖြစ်သည်။

ကျွန်ုပ်တို့သည် ကိုယ်တော်၏ သံတမန်များအဖြစ် ဤမြေကြီးပေါ် တွင် ခရစ်တော်ကို ကိုယ်စားပြုပါက၊ ကျွန်ုပ်တို့လုပ်ဆောင်နိုင်သောအရာတိုင်း၊ ကျွန်ုပ်တို့ဖြစ်သောအရာတိုင်းနှင့် ကျွန်ုပ်တို့၌ရှိသောအရာတိုင်းသည် သေတတ်သောအရာဖြစ်ပြီး၊ ကျွန်ုပ်တို့သည် သေမျိုးဖြစ်ကြောင်းကို ရှင်းလင်းစွာ နားလည်ရပေမည်။ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်၌ မည်သည့်ယုံကြည်မှုမျှ မရှိသင့်သကဲ့သို့၊ မိမိတို့ကိုယ်တိုင်အားဖြင့်လည်း အသက်မရှင်သင့်ပေ။ တစ်စုံတစ်ဦးသည် ကျွန်ုပ်တို့အတွင်း၌ရှိကြောင်းကို နားလည်သဘောပေါက်ရပေမည်။ ဤပုဂ္ဂိုလ်သည် ထာဝရရှင်သန်နေသောအသက်၊ ဘုရားအသက်ဖြစ်သည် (ယော၊ ၁၄း၆)။ ကျွန်ုပ်တို့သည် ဤအသက်၌ ယုံကြည်ပြီး၊ ဤအသက်အားဖြင့် အသက်ရှင်ကာ၊ ဤအသက်အားဖြင့် မိမိတို့ကိုယ်ကို ပြုမူရပေမည်။ ဤအသက်သည် ကျွန်ုပ်တို့ကို ခရစ်တော်၏ သံတမန်များဖြစ်စေရန် အရည်အချင်းပြည့်မီစေပြီး၊ ပြင်ဆင်ပေးသည်။ လူတစ်ဦးသည် ခရစ်တော်၏ သံတမန်ဖြစ်ရန် တန်ခိုး၊ ဆုကျေးဇူးနှင့် အသိပညာအားဖြင့် အရည်အချင်းပြည့်မီခြင်းမခံရဘဲ၊ သူ့အတွင်း၌ရှိသည့် ထာဝရရှင်သန်နေသောအသက်အားဖြင့်သာ ပြည့်မီခြင်းခံရသည်။ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်၏ အကြောင်းကို မေ့ပစ်ရန်၊ ကျွန်ုပ်တို့လုပ်ဆောင်နိုင်သောအရာတိုင်းနှင့် ကျွန်ုပ်တို့ဖြစ်သောအရာတိုင်းကို အရှုံးခံရန်၊ ခရစ်တော်၌ရှိသည့် ဘုရားကိုယ်တော်တိုင်တည်းဟူသော ဤထာဝရရှင်သန်နေသောအသက်၌ ကျွန်ုပ်တို့၏ ယုံကြည်မှုကိုထားရှိရန်တို့ လိုအပ်သည်။ ဤအရာသည် ခရစ်တော်၏ သံတမန်ဖြစ်ရန် ကျွန်ုပ်တို့ကို ပြင်ဆင်ပေးသည့် ပထမဆုံးအရည်အချင်းဖြစ်သည်။
(*An Autobiography of a Person in the Spirit*, pp. 50-51)

*ပို၍ဖတ်ရန် – An Autobiography of a Person in the Spirit*, ch. 6

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

## *နှိုးနက်ခင်းကျွေးမွေးခြင်း*

**၂ကော၊ ထို့ကြောင့် ငါတို့သည်နေမြဲအိမ်၌ နေသည်ဖြစ်စေ၊ ကွာဝေးရာအရပ်**
**၅း၉ ၌နေသည်ဖြစ်စေ၊ သခင်ဘုရားနှစ်သက်တော်မူသောသူဖြစ်ခြင်းငှါ**
**ကြိုးစားအားထုတ်ကြ၏။**

**၁၄–၁၅ အကြောင်းမူကား၊ တစ်ယောက်သောသူသည် လူအပေါင်းတို့အတွက်**
**ကြောင့် အသေခံသည်မှန်လျှင်၊ လူအပေါင်းတို့သည် သေလျက်ရှိ**
**ကြောင်းကိုသိရသောကြောင့် ခရစ်တော်၏ချစ်ခြင်းမေတ္တာတော်**
**သည် ငါတို့ကို အနိုင်အထက်သွေးဆောင်တော်မူ၏။ အသက်ရှင်**
**သောသူတို့သည် တစ်ဖန် ကိုယ်အလိုသို့ လိုက်၍မရှင်၊ သူတို့အတွက်**
**ကြောင့် အသေခံပြီးမှ ထမြောက်တော်မူသောသူ၏အလိုသို့လိုက်၍**
**ရှင်စေမည်အကြောင်း၊ ကိုယ်တော်သည် လူအပေါင်းတို့အတွက်**
**အသေခံတော်မူ၏။**

ကျွန်ုပ်အတွင်း၌ ထာဝရရှင်သန်နေသည့်အသက်တည်းဟူသော ခရစ်တော်ရှိနေကြောင်းကို နားလည်သဘောပေါက်သောကြောင့်၊ ကျွန်ုပ်သည် အချိန်တိုင်း ကိုယ်တော်နှစ်သက်တော်မူသောသူဖြစ်စေရန်ရည်ရွယ်ချက်နှင့်အတူ ကြိုးစားအားထုတ်လေ့ရှိသည် (၂ကော၊၅း၉)။ သင်သည် ခရစ်တော်၏ သံတမန်ဖြစ်ရန်ရည်ရွယ်သည်ဆိုပါက၊ ဤစကြဝဠာ၌ တစ်နေ့တွင် ကောင်းကင်များနှင့် မြေကြီးကို သက်သေထား၍ ယခု သင်သည် ခရစ်တော်အတွက် လုံးလုံးလျားလျားဖြစ်ကြောင်း၊ သင်၏ အလိုဆန္ဒမှာ ကိုယ်တော်နှစ်သက်တော်မူသောသူဖြစ်ရန်– တစ်ခုတည်းသာရှိကြောင်း ဆုံးဖြတ်ချက်ချကာ၊ ပြောဆိုမည်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အတွင်းသို့ ထာဝရရှင်သန်နေသည့်အသက်တည်းဟူသော မိမိကိုယ်တော်တိုင်ကို ဆောင်သွင်းခဲ့သောကြောင့်၊ ကျွန်ုပ်တို့သည် ဤအသက်အားဖြင့် အသက်ရှင်ရမည်ဖြစ်ပြီး၊ မိမိတို့ကိုယ်တိုင်အားဖြင့် အသက်မရှင်သင့်ပေ။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ သံတမန်များအဖြစ် ဤမြေကြီးပေါ်တွင် ခရစ်တော်ကို ကိုယ်စားပြုသောသူဖြစ်ရန်ရည်ရွယ်ပါက၊ “သခင်ဘုရား၊ ကျွန်ုပ်၏ အလိုဆန္ဒမှာ ကိုယ်တော်နှစ်သက်တော်မူသောသူဖြစ်ရန်– တစ်ခုတည်းသာရှိကြောင်း ကောင်းကင်များနှင့် မြေကြီးကို သက်သေထား၍ ပြောဆိုပါသည်”ဟု ဆုတောင်းရပေမည်။ *(An Autobiography of a Person in the Spirit*, p. 51)

၂ကော၊၅း၉၌ ပေါလုက သခင်ဘုရားနှစ်သက်တော်မူသောသူဖြစ်ရန်အကြောင်းကို ပြောဆိုထားသည်။ ဤနေရာ၌ ရည်မှန်းချက်ရှိခြင်းသည် သခင်ဘုရားနှစ်သက်သောသူဖြစ်စေရန် စိတ်အားထက်သန်စွာ ကြိုးစားအားထုတ်ခြင်း၊ ခိုင်မာသန့်စွမ်းသောရည်

ရွယ်ချက်နှင့်အတူ စိတ်အားထက်သန်ခြင်းကို ဆိုလိုသည်။ ကျွန်ုပ်တို့အားလုံးသည် သခင်ဘုရားနှစ်သက်သောသူဖြစ်ရန် ရည်မှန်းချက်ရှိရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အသင်းတော်အသက်တာ၌ အချို့သောနေရာအနေအထားကိုရရှိရန် ရည်မှန်းချက်မရှိသင့်ဘဲ၊ သခင်ဘုရားနှစ်သက်သောသူဖြစ်စေရန် ရည်မှန်းချက် ရှိရပေမည်။ (*Life-study of 2Corinthians*,p. 313)

## *ယနေ့ဖတ်စရာ*

၂ကော၊၅း၁၄၌ ပေါလုက "ခရစ်တော်၏ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့ကို အနိုင်အထက်သွေးဆောင်ကြောင်း" ပြောဆိုထားသည်။ ပေါလုကို ခရစ်တော်၏ချစ်ခြင်းမေတ္တာသည် အနိုင်အထက်သွေးဆောင်သောကြောင့်၊ သူသည် ကိုယ်တော့်ကို အသက်ရှင်သောသူ ဖြစ်ခဲ့သည် (အငယ်၊၁၅)။ ခရစ်တော်၏သံတမန်များဖြစ်ရန် ကျွန်ုပ်တို့ကို ပြင်ဆင်သောနောက်ထပ်အကြောင်းအရာမှာ ခရစ်တော်၏ချစ်ခြင်းမေတ္တာသည် အနိုင်အထက်သွေးဆောင်ခြင်းဖြစ်သည်။ သင်သည် ခရစ်တော်၏ချစ်ခြင်းမေတ္တာအားဖြင့် ခေါ်ဆောင်ခံရသူဖြစ်ရပေမည်။ ၂ကော၊၅း၁၄–၁၅၌ ပေါလုက အသေခံသောခရစ်တော်၏ချစ်ခြင်းမေတ္တာသည် ကျွန်ုပ်တို့ထံသို့ တစ်ဟုန်ထိုးစီးဆင်းသောရေများကဲ့သို့ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ကိုယ်ပိုင်ထိန်းချုပ်မှုကိုကျော်လွန်၍ ကိုယ်တော့်ကို အသက်ရှင်ရန် လှုံ့ဆော်နေကြောင်း ပြောဆိုထားသည်။ အနိုင်အထက်သွေးဆောင်ခံရခြင်းသည် ဒီရေအားဖြင့် သယ်ဆောင်ခံရခြင်းနှင့် အလားတူသည်။ ဒီရေကဲ့သို့ အားကောင်းသောခရစ်တော်၏ချစ်ခြင်းမေတ္တာတော်သည် သင့်ကို လွှမ်းမိုးအနိုင်ယူပြီး၊ သယ်ဆောင်သွားပေမည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ချစ်ခြင်းမေတ္တာအားဖြင့် လွှမ်းမိုးခြင်းခံရရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော့်ချစ်ခြင်းမေတ္တာ၏ အနိုင်အထက်သွေးဆောင်ခြင်းကိုခံရရန် လိုအပ်သည်။ သို့မှသာ ကျွန်ုပ်တို့၌ ရွေးချယ်မှု မရှိနိုင်တော့ပေ။ (*An Autobiography of a Person in the Spirit*, pp. 51-52)

ပေါလုသည် သူ၏သခင်ဖြစ်တော်မူသော ခရစ်တော်မှတစ်ပါး မည်သည့်အရာကိုသို့မဟုတ် မိမိကိုယ်ကို အသက်မရှင်ခဲ့ပါ။ သူသည် သခင်နှစ်သက်တော်မူသောအရာကို လုပ်ဆောင်ရန် အမြဲလေ့ကျင့်ခဲ့သည်။ သူသည် ပညတ်တရားကို အသက်ရှင်သော၊ ပညတ်တရားအမြင်ဖြင့် အရာခပ်သိမ်းကို လုပ်ဆောင်သော ဂျူးဘာသာရေးသမားများနှင့် အလွန်ကွာခြားသူဖြစ်သည်။ ချီဆောင်ခြင်းအတွက် ရင့်ကျက်ခြင်း၊ ကြီးထွားခြင်းနှင့် အဆင့်သင့်ဖြစ်ခြင်းရှိသောသူတစ်ဦးအနေဖြင့် ပေါလု၏တစ်ခုတည်းသောရည်မှန်းချက်မှာ သူစောင့်မျှော်နေသော၊ ကြွလာမည့်သူ၏သခင် နှစ်သက်တော်မူသောသူဖြစ်ရန် ဖြစ်သည်။ ပေါလုသည် လုပ်ဆောင်ခြင်းအားဖြင့် မဟုတ်ဘဲ၊ သူ၏နေ့စဉ်အသက်တာပုံပန်း

သဏ္ဍာန်တိုင်းတွင် ကိုယ်တော့်ကို အသက်ရှင်ခြင်းအားဖြင့် သခင်ဘုရားနှစ်သက်တော်မူသောသူဖြစ်ရန် ရှာဖွေခဲ့သည်။ ထိုနည်းတူ ယနေ့ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်ကို ကျေနပ်စေရန် မရှာဖွေသင့်ဘဲ၊ ကိုယ်တော့်ကို အသက်ရှင်ခြင်းအားဖြင့် သခင်ဘုရားနှစ်သက်တော်မူသောသူဖြစ်ရန် ရှာဖွေရမည်ဖြစ်သည်။ ကျွန်ုပ်တို့လုပ်ဆောင်သောအရာတိုင်းသည် ကိုယ်တော့်အတွက် ဖြစ်ရပေမည်။ ဤအရာသည် ၂ကော၊၅၏ ဝေစုတွင်ရှိသည့် ရှင်သန်သောအကြောင်းအရာဖြစ်သည်။ (*Life-study of 2Corinthians,*p. 118)

လက်ထပ်ထိမ်းမြားခြင်းဆိုသည်မှာ ညီအစ်မတစ်ဦးသည် သူမ၏ ခင်ပွန်းနှင့်အတူ စုံတွဲတစ်တွဲဖြစ်လာကြောင်း အဓိပ္ပာယ်ရသည်။ လက်ထပ်ထိမ်းမြားသောအသက်တာ၏ မှန်ကန်သောအဓိပ္ပာယ်မှာ တစ်ဦးအတွက် တစ်ဦးမဟုတ်ဘဲ၊ တစ်ဦးနှင့် တစ်ဦးဟု ဆိုလိုသည်။ "တစ်ဦးအတွက် တစ်ဦး"ဆိုသည်မှာ နှစ်ယောက်ဖြစ်နေသေးသည်။ "တစ်ဦးနှင့် တစ်ဦး"ဆိုသည်မှာ ထိုစုံတွဲသည် သူတို့၏ မင်္ဂလာဆောင်ခြင်းတွင် တစ်လုံးတစ်ဝတည်းဖြစ်လာကြောင်း၊ တစ်ဦးအတွက် တစ်ဦးမဟုတ်ဘဲ၊ တစ်ဦးနှင့် တစ်ဦးသည် စုံတွဲဖြစ်လာကြောင်း အဓိပ္ပာယ်ရသည်။ ယုံကြည်သူတိုင်းသည် သခင်ဘုရားအဖို့ ဤသို့ဖြစ်ရပေမည်။ သင်တို့ကို အဖိုးအခပေး၍ ကျွန်များအဖြစ် ဝယ်ယူခဲ့ခြင်းဖြစ်သည်။ သခင်ဘုရားသည် သင်တို့ကို ပိုင်ဆိုင်၍၊ သင်တို့သည် ကိုယ်တော်၏ ပိုင်ဆိုင်ခြင်းဖြစ်သည်။ ကိုယ်တော်သည် သင်တို့အဖို့ဖြစ်ပြီး၊ သင်တို့သည်လည်း ကိုယ်တော့်အဖို့ဖြစ်သည်။ သင်တို့လုပ်ဆောင်သောအရာတိုင်းသည် ကိုယ်တော့်အဖို့ လုပ်ဆောင်ခြင်းဖြစ်သည်။ သင်သည် ကျောင်းသို့ စာလေ့လာရန်သွားသောအခါ၊ ကိုယ်တော့်အဖို့ လေ့လာခြင်းဖြစ်သည်။ သင်သည် ငွေအမြောက်အမြားရရှိဖို့ ဘဏ်လုပ်ငန်းရှင်ဖြစ်ရန် လုပ်ဆောင်သောအခါ၊ ကိုယ်တော့်အဖို့ လုပ်ဆောင်ခြင်းဖြစ်သည်။ ကလေးများကို ပြုစုပျိုးထောင်ပေးသောဇနီးအဖြစ် သင်သည် သင်ကိုယ်တိုင်အတွက်မဟုတ်ဘဲ၊ ကိုယ်တော့်အဖို့ ကလေးများကို ပြုစုပျိုးထောင်ခြင်းဖြစ်သည်။ ပေါလုက "ငါတို့တွင် အဘယ်သူမျှ ကိုယ်အဖို့အလို့ငှါ အသက်မရှင်"ဟု ပြောဆိုခဲ့သည် (ရော၊၁၄း၇)။ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်အတွက်မဟုတ်ဘဲ၊ ကိုယ်တော့်အဖို့ အသက်ရှင်ရပေမည်။ ဤအရာမှာ အချိန်ပြည့်ဖြစ်လာခြင်းကို ဆိုလိုသောအရာဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ဤကဲ့သို့ ဖြစ်ရပေမည်။ (*Elders' Training, Book 8: The Life-pulse of the Lord's Present Move,* p. 109)

*ပို၍ဖတ်ရန်* – *Life-study of 2Corinthians,* msgs.13-14; *Elders' Training, Book 8: The Life-pulse of the Lord's Present Move,* ch. 8

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————————

————————————————————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**၂ကော၊၅း ၁၆–၁၇ သို့ဖြစ်လျှင်၊ ယခုမှစ၍ ငါတို့သည် အသွေးအသားအရ၊ အဘယ်သူကိုမျှမသိမမှတ်။ အသွေးအသားအရ ခရစ်တော်ကို အထက်ကသိမှတ်ခဲ့သော်လည်း၊ ယခုမှစ၍ ကိုယ်တော်ကို ထိုသို့သောသိမှတ်ခြင်းမရှိ။ လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် သူသည် ဖန်ဆင်းခြင်းအသစ်ဖြစ်၏။ ဟောင်းသောအရာတို့သည် ကွယ်ပျောက်ကြ၏။ ကြည့်ရှုလော့၊ ထိုအရာတို့သည် အသစ်ဖြစ်ကြပြီ။**

သံတမန်ဖြစ်သောသူတစ်ဦး၏ အခြားသောပုံပန်းသဏ္ဌာန်တစ်ခုမှာ သူသည် လူများကို အသွေးအသားအတိုင်းမဟုတ်ဘဲ၊ ဝိညာဉ်၌ရှိသော ခရစ်တော်အတိုင်း သိမှတ်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် အသွေးအသားအတိုင်း အပြင်ပုံပန်းသဏ္ဌာန်အားဖြင့် လူတစ်ဦးကိုသိရန် ကြိုးစားခြင်း သို့မဟုတ် တစ်စုံတစ်ခုကို စဉ်းစားခြင်းမရှိသင့်ဘဲ၊ ဝိညာဉ်၌ရှိသော ခရစ်တော်အတိုင်း သိမှတ်ရပေမည်။ သင်သည် စကားပြောကောင်းသော၊ ထက်မြက်သော၊ အသိပညာကြွယ်ဝသော ညီအစ်ကိုတစ်ဦး၏ စကားပြောခြင်းကို ကြားရသည် ဆိုကြပါစို့။ သင်သည် သူ၏ စကားပြောကောင်းခြင်းကို သဘောကျပြီး၊ အံ့ဩဖွယ်ဝေငှချက်များကို ပေးလိမ့်မည်ဟု ထင်မြင်မိပေမည်။ ဤအတိုင်း သင်မှတ်ယူပါက၊ ယင်းမှာ သင်သည် ဝိညာဉ်အတိုင်း ခရစ်တော်အားဖြင့် မဟုတ်ဘဲ၊ အသွေးအသားအတိုင်း အပြင်ပုံပန်းသဏ္ဌာန်အားဖြင့် လူများကို အသိအမှတ်ပြုကြောင်း သို့မဟုတ် အကြောင်းအရာများကို လက်ခံကြောင်း ဆိုလိုခြင်းဖြစ်သည်။ သင်သည် ထိုသူ့အထဲ၌ရှိသောအရာသည် ခရစ်တော်၏၊ ဘုရားသခင်၏ တစ်စုံတစ်ရာ ဟုတ်၊မဟုတ်ကို နားလည်သိမြင်ရမည်ဖြစ်သည်။ (*An Autobiography of a Person in the Spirit,* pp. 52-53)

## *ယနေ့ဖတ်စရာ*

အခြားညီအစ်ကိုတစ်ဦးသည် စကားပြောကောင်းခြင်းမရှိဘဲ၊ ဝေငှသော်လည်း၊ သူ၌ရှိသော ခရစ်တော်၏ ပမာဏအတိုင်းအတာကို သင်နားလည်သိမြင်နိုင်သည်။ ဤအကြောင်းကြောင့် ၂ကော၊၅း၁၆၌ "သို့ဖြစ်လျှင်၊ ယခုမှစ၍ ငါတို့သည် အသွေးအသားအရ၊ အဘယ်သူကိုမျှ မသိမမှတ်"ဟု ပေါလုပြောဆိုခဲ့သည်။ အသွေးအသား၌ရှိသော အပြင်ပုံပန်းသဏ္ဌာန်အတိုင်းမဟုတ်ဘဲ၊ ဝိညာဉ်၌ရှိသော ခရစ်တော်၏ ပမာဏအတိုင်းအတာအတိုင်း အကြောင်းအရာများကို လက်ခံခြင်းနှင့် လူများကို သိမှတ်ခြင်းသည်

ခရစ်တော့်သံတမန်၏ စတုတ္ထမြောက် အရည်အချင်းဖြစ်သည်။

အသင်းတော်သည် ဤမြေကြီးပေါ် တွင် ခရစ်တော်ကို လက်တွေ့ကျကျစွာ ကိုယ်စားပြုနိုင်သော လူတစ်စုကို လိုအပ်နေသည်။ အကယ်၍ သင်သည် ထိုသို့သော သံတမန်ဖြစ်ရန်ရည်ရွယ်ပါက၊ သင်ဖြစ်သောအရာ သို့မဟုတ် သင်လုပ်ဆောင်နိုင်သောအရာအားဖြင့် မည်သို့မျှ အသက်မရှင်သင့်ပေ။ သင်သည် ခရစ်တော်ကိုယ်တော်တိုင်တည်းဟူသော ထာဝရရှင်သန်နေသောအသက်အားဖြင့် အသက်ရှင်ရမည်ဖြစ်ပြီး၊ ကိုယ်တော်နှစ်သက်တော်မူသောသူဖြစ်ရန် ရည်မှန်းချက်ရှိရပေမည်။ သင်သည် ခရစ်တော့်ချစ်ခြင်းမေတ္တာ၏ အနိုင်အထက် သွေးဆောင်ခြင်းအားဖြင့် လွှမ်းမိုးခံပြီး၊ သယ်ဆောင်ခံရကာ၊ အပြင်ပုံပန်းသဏ္ဍာန် အားဖြင့်မဟုတ်ဘဲ၊ ဝိညာဉ်၌ရှိသောခရစ်တော်၏ အတွင်းပမာဏအားဖြင့် အကြောင်းအရာများကို အသိအမှတ်ပြုရန်၊ သိမြင်ရန် သင်ယူရပေမည်။ ထို့နောက် သင်သည် ဤမြေကြီးပေါ် တွင် ကိုယ်တော်၏ အခွင့်အာဏာနှင့် စိတ်ဝင်စားမှုကို ကိုယ်စားပြုသောခရစ်တော်၏ သံတမန်ဖြစ်လာပေမည်။ (*An Autobiography of a Person in the Spirit*, pp. 53)

အသွေးအသားအတိုင်း သူတစ်ပါးကို မသိမှတ်ခြင်းဆိုသည်မှာ ကျွန်ုပ်တို့သည် အပြင်လူအတိုင်း သူတို့အား မသိမှတ်ခြင်းကို ဆိုလိုသည်။ စစ်မှန်သောအသင်းတော် အသက်တာ၌ ဦးဆောင်သူများနှင့် အမှုဆောင်အစေခံသူများသည် အပြင်လူအတိုင်း အခြားသူများကို မသိမှတ်ရပေ။ သို့သော်လည်း ယနေ့ ခရစ်ယာန်များအလယ်တွင် အပြင်လူအတိုင်း ယုံကြည်သူများကို သိမှတ်ခြင်းသည် ဖြစ်နေကျအရာဖြစ်သည်။ ဥပမာအားဖြင့် လူများကို သူတို့၏ အလုပ်အကိုင်၊ အဆင့်အတန်း၊ အရည်အချင်းနှင့် လုပ်နိုင်စွမ်းအတိုင်း သိကောင်းသိနိုင်ပေမည်။ အသင်းတော်၌ ကျွန်ုပ်တို့သည် သူတစ်ပါးကို အတွင်းလူအတိုင်း၊ ဝိညာဉ်အတိုင်း သိမှတ်ရပေမည်။

၂ကော၊၅း၁၇၌ "လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် သူသည် ဖန်ဆင်းခြင်းအသစ်ဖြစ်၏။ ဟောင်းသောအရာတို့သည် ကွယ်ပျောက်ကြ၏။ ကြည့်ရှုလော့၊ ထိုအရာတို့သည် အသစ်ဖြစ်ကြပြီ"ဟု ပြောဆိုထားသည်။ ဖန်ဆင်းခြင်းအသစ်ဆိုသည်မှာ အဘယ်နည်း။ ဖန်ဆင်းခြင်းအသစ်ဆိုသည်မှာ ဘုရားအသက်နှင့်အတူ အသစ်မွေးဖွားခံရသောသူဖြစ်ပြီး၊ ထိုသူသည် အပြင်လူ၌မဟုတ်ဘဲ၊ အတွင်းလူ၌ အသက်ရှင်ခြင်းဖြစ်သည်။ အပြင်လူ၌အသက်ရှင်သောသူသည် အသွေးအသား၌၊ ဖန်ဆင်းခြင်းအဟောင်း၌ရှိသည်။ ထို့ကြောင့် သူသည် အဟောင်းဖြစ်သည်။ သို့သော် အတွင်းလူ၌ သခင်ဘုရားကို အသက်ရှင်သောသူသည် ဖန်ဆင်းခြင်းအသစ်၌ ရှိသည်။

ယခု အရေးကြီးသောအကြောင်းအရာလေးခုသည် ဆက်နွယ်နေကြောင်း ကျွန်ုပ်တို့မြင်ရပြီဖြစ်သည်။ သခင်ဘုရားနှစ်သက်တော်မူရန်ရည်မှန်းခြင်းသည် ရှင်ပြန်ထမြောက်သောခန္ဓာရှိလိုသည့်အလိုဆန္ဒနှင့် ဆက်နွယ်နေသည်။ သခင်ဘုရားကို အသက်ရှင်ခြင်းသည် သခင်ဘုရားနှစ်သက်တော်မူရန်ရည်မှန်းခြင်းနှင့် ဆက်နွယ်နေသည်။ အကယ်၍ ကျွန်ုပ်တို့သည် သခင်ဘုရားကို အသက်မရှင်ပါက၊ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို နှစ်သက်စေနိုင်မည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် သခင်ဘုရားကို ပျော်ရွှင်စေလိုသည်ဆိုပါက၊ ကိုယ်တော့်ကို အသက်ရှင်ရမည်ဖြစ်သည်။ သခင်ဘုရားကို အသက်ရှင်ရန်အလို့ငှာ၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဇာတိဖြစ်ခြင်းကို သေခြင်း၌ ထားရှိရပေမည်။ ထို့နောက် ကျွန်ုပ်တို့သည် ကိုယ်တော့်ကို နှစ်သက်စေရန် တတ်စွမ်းနိုင်လိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့၌ ထိုသို့သောအသက်ရှင်ခြင်းရှိပါက၊ အမှန်ပင် ဖန်ဆင်းခြင်းအသစ်ဖြစ်ပြီး၊ ဝိညာဉ်၌၊ အတွင်းလူ၌ အသက်ရှင်သောသူဖြစ်လာပေမည်။ ထို့ကြောင့် အဆင်းသဏ္ဌာန် ပြောင်းလဲခံရသောခန္ဓာရှိလိုသည့် အလိုဆန္ဒသည် သခင်ဘုရားနှစ်သက်တော်မူရန်ရည်မှန်းခြင်းနှင့် ဆက်နွယ်နေပြီး၊ သခင်ဘုရားနှစ်သက်တော်မူရန်ရည်မှန်းခြင်းသည် သခင်ဘုရားကို အသက်ရှင်ခြင်းနှင့် ဆက်နွယ်နေကာ၊ သခင်ဘုရားကို အသက်ရှင်ခြင်းသည် ဖန်ဆင်းခြင်းအသစ်နှင့်ဆက်နွယ်နေသည်။ (*Life-study of 2Corinthians*,pp. 319-320)

*ပို၍ဖတ်ရန် – Life-study of 2Corinthians*, msgs. 36-37

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————————

——————————————————————————————————————

——————————————————————————————————————

——————————————————————————————————————

——————————————————————————————————————

——————————————————————————————————————

——————————————————————————————————————

——————————————————————————————————————

——————————————————————————————————————

——————————————————————————————————————

——————————————————————————————————————

——————————————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**၂ကော၊၅း ၁၈–၂၀ ထိုသို့ဖြစ်သော် ခပ်သိမ်းသောအရာတို့သည် ဘုရားသခင်ထံမှ ဖြစ်ကြ၏။ ဘုရားသခင်သည် ခရစ်တော်အားဖြင့် ငါတို့ကို မိမိကိုယ်တော်တိုင်ထံသို့ ပြန်လည်သင့်မြတ်စေ၍၊ ထိုပြန်လည်သင့်မြတ်ခြင်းအမှုတော်ကို ငါတို့အား အပ်ပေးတော်မူ၏။ ထိုတရားဟူမူကား၊ ခရစ်တော်၌ရှိသော ဘုရားသခင်သည် လောကီသားတို့၏အပြစ်များကို မှတ်တော်မမူဘဲ၊ မိမိကိုယ်တော်တိုင်ထံသို့ သင့်မြတ်စေတော်မူ၏။ ထိုသင့်မြတ်ခြင်းစကားတော်ကိုလည်း ငါတို့၌ ထည့်သွင်းပေးတော်မူ၏။ ငါတို့သည် ခရစ်တော်၏ကိုယ်စား သံတမန်များဖြစ်ကြ၏။ ဘုရားသခင်သည် ငါတို့အားဖြင့် သင်တို့ကို နှိုးဆော်သွေးဆောင်တော်မူသကဲ့သို့၊ ငါတို့သည် ခရစ်တော်၏ကိုယ်စား ဘုရားသခင်ထံသို့ သင့်မြတ်ကြလော့ဟု သင်တို့ကို တောင်းပန်သွေးဆောင်ကြ၏။**

ပြန်လည်သင့်မြတ်ခြင်း၏ အမှုတော်သည် ဘုရားသခင်ထံသို့ အပြစ်သားများကိုခေါ်ဆောင်လာသည်သာမက၊ ဘုရားသခင်အထဲသို့ ယုံကြည်သူများကို ခေါ်ဆောင်လာခြင်းလည်းဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်ထံသို့ ခေါ်ဆောင်လာရုံနှင့် မလုံလောက်သေးသောကြောင့်၊ ကျွန်ုပ်တို့သည်လည်း ကိုယ်တော်၌ ရှိရမည်ဖြစ်သည်။

သမ္မာကျမ်းစာအရ၊ ဘုရားသခင်ထံသို့ သူတစ်ပါးကို ခေါ်ဆောင်လာခြင်းဆိုသည်မှာ ဘုရားသခင်အထဲသို့ သူတို့ကို ခေါ်ဆောင်လာပြီး၊ ကိုယ်တော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်စေသည်ဟု အဓိပ္ပာယ်ရသည်။ သို့သော်လည်း ခရစ်ယာန်သွန်သင်ခြင်းများစွာတွင် ဘုရားသခင်နှင့်တစ်လုံးတစ်ဝတည်းဖြစ်သောအကြောင်းအရာကို မှားယွင်းစွာ နားလည်နေကြသည်။ များစွာသောခရစ်ယာန်တို့ ကိုင်စွဲထားသောထင်မြင်ယူဆချက်အရ၊ ဘုရားသခင်နှင့်တစ်လုံးတစ်ဝတည်းဖြစ်ခြင်းကို ဇနီးသည် ခင်ပွန်းနှင့် တစ်လုံးတစ်ဝတည်းဖြစ်ခြင်းနှင့် နှိုင်းယှဉ်နိုင်သည်။ ခင်ပွန်းနှင့် ဇနီးတို့၏ အမှုအရာ၌ စုပေါင်းထားသော တစ်လုံးတစ်ဝတည်းဖြစ်ခြင်းသာရှိသည်။ သို့သော်လည်း သမ္မာကျမ်းစာတွင် ဘုရားသခင်နှင့် တစ်လုံးတစ်ဝတည်းဖြစ်ခြင်းဆိုသည်မှာ ကိုယ်တော်နှင့် ရောနှောပေါင်းစည်းခြင်းဟု အဓိပ္ပာယ်ရသည်။ ယင်းမှာ ဘုရားသခင်၌ရှိခြင်းနှင့် ကျွန်ုပ်တို့အထဲသို့ ကြွလာရန် ဘုရားသခင်ကို ခွင့်ပြုခြင်းဖြစ်သည်။ သမ္မာကျမ်းအရ ဘုရားသခင်နှင့် တစ်လုံးတစ်ဝတည်းဖြစ်ခြင်းဆိုသည်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်အထဲသို့ ဝင်ရောက်ခြင်းနှင့် ဘုရားသခင်သည်

ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်ခြင်းတို့ဖြင့် တစ်လုံးတစ်ဝတည်းရှိခြင်းဖြစ်သည်။ ထို့ကြောင့် သခင်ယေရှုက "ငါ၌ တည်နေကြလော့။ ငါသည်လည်း သင်တို့၌ တည်နေမည်"ဟု ပြောဆိုခဲ့သည် (ယော၊၁၅း၄)။ ကိုယ်တော်က "ငါ*နှင့်အတူ* တည်နေကြလော့။ ငါသည်လည်း သင်တို့*နှင့်အတူ* တည်နေမည်"ဟု မပြောဆိုခဲ့ပါ။ ကိုယ်တော်နှင့်ရောနှောပေါင်းစည်းခြင်းအားဖြင့် ဘုရားသခင်နှင့် တစ်လုံးတစ်ဝတည်းဖြစ်ခြင်းတည်းဟူသော ဤအံ့ဩဖွယ်ရာ သမ္မာကျမ်းဆိုင်ရာစဉ်းစားခြင်းကို ဆန့်ကျင်သောခရစ်ယာန်အချို့သည် ရှက်ဖွယ်ပါတကား။ (*Life-study of 2Corinthians*,pp. 342, 344)

## *ယနေ့ဖတ်စရာ*

ကောရိန္သုမြို့ရှိ ယုံကြည်သူများအကြားတွင် ပြဿနာများစွာ ရှိခဲ့သည်။ ပြဿနာအားလုံးမှာ ထိုယုံကြည်သူတို့သည် အမှန်ပင် ဘုရားသခင်၌မရှိသော လက္ခဏာဖြစ်သည်။ များစွာသောအကြောင်းအရာတို့တွင် သူတို့သည် ဘုရားသခင်၌ မရှိကြပေ။ သူတို့သည် ကယ်တင်ခံရပြီး၊ ဘုရားသခင်၌ မွေးဖွားခဲ့သော်လည်း၊ ကိုယ်တော်၌ အသက်မရှင်ခဲ့ကြပေ။ ဤအကြောင်းကြောင့် သူတို့၏ နေ့စဉ်အသက်ရှင်ခြင်းတွင် များစွာသောအကြောင်းအရာနှင့်ပတ်သက်၍ သူတို့သည် ဘုရားသခင်၏ အပြင်ဘက်တွင် ရှိခဲ့ကြသည်။ ထို့ကြောင့် ပေါလုသည် သူတို့ကို ဘုရားသခင်အထဲသို့ ခေါ် ဆောင်ရန် ဝန်တာရှိခဲ့သည်။ ယင်းမှာ ဘုရားသခင်ထံသို့ သူတို့ကို ပြန်လည်သင့်မြတ်စေခြင်းဖြစ်သည်။

တမန်တော်များသည် ပြန်လည်သင့်မြတ်ခြင်းအမှုတော်၊ အလုပ်ကို လွှဲအပ်စေခိုင်းခံရသည်သာမက၊ သူတို့သည် ဘုရားသခင်နှင့်အတူတကွ လုပ်ဆောင်ခြင်းဖြင့် ဘုရားသခင်အထဲသို့ သူတစ်ပါးကို ခေါ် ဆောင်ခြင်းလည်းဖြစ်သည်။ သူတို့သည် သူတို့အားဖြင့် တစ်စုံတစ်ယောက်ကိုမျှ ဘုရားသခင်အထဲသို့ မခေါ် ဆောင်နိုင်ကြောင်း သိကြသည်။ သူတို့၌ ဤသို့သောလုပ်နိုင်စွမ်း၊ တတ်နိုင်စွမ်း မရှိကြပါ။ သူတို့သည် ဘုရားသခင်နှင့်အတူ ဤအလုပ်ကို လုပ်ဆောင်ရန် လိုအပ်ခဲ့ကြသည်။

ဘုရားသခင်အတွက် လုပ်ဆောင်ခြင်းနှင့် ဘုရားသခင်နှင့်အတူ လုပ်ဆောင်ခြင်းတို့အကြားတွင် အရေးကြီးသောခြားနားချက်ရှိသည်။ ကျွန်ုပ်တို့၏ လူ့အသက်ရှင်ခြင်းပင်လျှင်၊ လူတစ်ဦးနှင့်အတူ အလုပ်လုပ်ခြင်းသည် ထိုသူ့အတွက် အလုပ်လုပ်ခြင်းနှင့် အမှန်ပင် မတူညီနိုင်ပါ။ မကြာခဏ ကျွန်ုပ်တို့သည် သခင်ဘုရားအတွက် လုပ်ဆောင်ရန်နှစ်သက်သော်လည်း၊ ကိုယ်တော့်နှင့်အတူ မလုပ်ဆောင်လိုကြပေ။ ကျွန်ုပ်တို့၏ သဘောထားမှာ ကျွန်ုပ်တို့သည် မြေကြီးပေါ် တွင် ကိုယ်တော့်အတွက် လုပ်ဆောင်နေစဉ်၊ သခင်ဘုရားသည် ကောင်းကင်၌သာ ရှိနေသင့်သည်ဟု ဖြစ်ကောင်းဖြစ်ပေမည်။ အကယ်၍ ကျွန်ုပ်တို့သည် ဤနည်းလမ်းဖြင့် လုပ်ဆောင်ပါက၊ သခင်ဘုရားအထံသို့ သူတစ်ပါးကို ရန်ငြိမ်းသင့်

မြတ်စေရန် မတတ်စွမ်းနိုင်ပါ။ အကြောင်းမှာ ကျွန်ုပ်တို့ကိုယ်တိုင်သည် ကျွန်ုပ်တို့၏ အလုပ်၌ လက်တွေ့ကျသောနည်းလမ်းတွင် သခင်ဘုရား၌ မရှိသောကြောင့်၊ သခင်ဘုရားအထဲသို့ တစ်စုံတစ်ယောက်ကိုမျှ ရန်ငြိမ်းသင့်မြတ်စေနိုင်မည်မဟုတ်ပါ။ သခင်ဘုရားနှင့်အတူ လုပ်ဆောင်ခြင်းအားဖြင့်သာ ကိုယ်တော်အထဲသို့ သူတစ်ပါးကို ကျွန်ုပ်တို့ ရန်ငြိမ်းသင့်မြတ်စေနိုင်ပေမည်။

ဘုရားသခင်နှင့်အတူတကွ လုပ်ဆောင်ခြင်းဆိုသည်မှာ ကျွန်ုပ်တို့သည် ကိုယ်တော်၌ရှိခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၌ရှိသောအခါ၊ ကိုယ်တော်အထဲသို့ သူတစ်ပါးကို ခေါ်ဆောင်လာနိုင်သည်။ ဘုရားသခင်၌ရှိသောသူသာလျှင် ဘုရားသခင်အထဲသို့ သူတစ်ပါးကို ခေါ်ဆောင်လာနိုင်သည်။ သင်သည် ကိုယ်တော်၌မရှိပါက၊ ကိုယ်တော်အထဲသို့ တစ်စုံတစ်ဦးကိုမျှ ခေါ်ဆောင်လာနိုင်မည်မဟုတ်ပေ။ ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ရင်းနှီးကျွမ်းဝင်နီးကပ်မှုသည် ကျွန်ုပ်တို့အလုပ်၏ရလဒ်အတိုင်းအတာဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ဝေးကွာနေပါက၊ သူတစ်ပါးကို ကိုယ်တော်ထံသို့ နီးကပ်ရန် ခေါ်ဆောင်လာနိုင်မည်မဟုတ်ပါ။ သူတစ်ပါးကို ဘုရားသခင်ထံသို့၊ ဘုရားသခင်အထဲသို့၊ ကျွန်ုပ်တို့ခေါ်ဆောင်လာနိုင်သော အတိုင်းအတာမှာ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်စပ်လျဉ်း၍ မည်သည့်နေရာတွင် ရှိနေခြင်းနှင့် တိုင်းတာခံရသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် တစ်လုံးတစ်ဝတည်းဖြစ်ပါက၊ ကျွန်ုပ်တို့ရောက်ရှိသောနေရာသို့ သူတစ်ပါးကို ခေါ်ဆောင်လာနိုင်ပေမည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သခင်ဘုရားအထဲသို့ သူတစ်ပါးကို ခေါ်ဆောင်လိုသည်ဆိုပါက၊ ပထမဆုံး မိမိတို့ကိုယ်တိုင်သည် ကိုယ်တော်၌ ရှိနေရပေမည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၌ ပို၍ရှိလေလေ၊ ကိုယ်တော်အထဲသို့ သူတစ်ပါးကို ပို၍ရန်ငြိမ်းသင့်မြတ်စေလေလေဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအကြောင်းအရာကို နက်နဲစွာ စွဲမှတ်နိုင်ကြပါစေ။

၂ကော၊အခန်း၅၌ ပေါလုသည် ပြန်လည်သင့်မြတ်ခြင်းအကြောင်းကို ပြောဆိုထားပြီး၊ အခန်း၆၌ ကယ်တင်ခြင်းအကြောင်းကို ပြောဆိုထားသည်။ ထို့ကြောင့် ၆း ၂၌ ဖော်ပြထားသောကယ်တင်ခြင်းသည် အမှန်မှာ ပြန်လည်သင့်မြတ်ခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ ခရစ်တော်၌ ကယ်တင်ခံရသူများ၊ ယုံကြည်သူများသည် ဘုရားသခင်နှင့် လုံးလုံးလျားလျား ရန်ငြိမ်းသင့်မြတ်ခံရသောအခါ၊ အပြည့်အဝ ကယ်တင်ခံရခြင်းဖြစ်သည်။ ယခုတိုင် ကျွန်ုပ်တို့သည် တစ်စိတ်တစ်ပိုင်းသာ ကယ်တင်ခံရပြီး၊ အပြည့်အဝ ကယ်တင်မခံရသေးပေ။ (*Life-study of 2Corinthians*,pp. 344-347)

*ပို၍ဖတ်ရန် – Life-study of 2Corinthians,* msg. 39

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––––

## *နံနက်ခင်းကျွေးမွေးခြင်း*

**၂ကော၊ ၆း၁ သို့ဖြစ်၍ သင်တို့သည် ဘုရားသခင်၏ကျေးဇူးတော်ကို အချည်းနှီး မခံကြနှင့်ဟု ဘုရားသခင်နှင့်အတူတကွ လုပ်ဆောင်သော ငါတို့သည် သင်တို့ကို နှိုးဆော်သွေးဆောင်ကြ၏။**

**၁၁–၁၃ အချင်းကောရိန္သုလူတို့၊ ငါတို့၏နှုတ်သည် သင်တို့အား ဖွင့်လျက်ရှိ၏။ ငါတို့၏စိတ်နှလုံးသည်လည်း ကျယ်ဝန်း၏။ ငါတို့၌ သင်တို့သည် ကျဉ်းမြောင်းသည်မဟုတ်။ သင်တို့သည် သင်တို့၏အတွင်းအစိတ်အပိုင်းများ၌ ကျဉ်းမြောင်းလျက်ရှိကြ၏။ သင်တို့သည်လည်း ကြင်နာခြင်း၌ ကျေးဇူးကိုဆပ်ခြင်းအလို့ငှါ ကျယ်ဝန်းသောစိတ်နှလုံးရှိကြလော့။ ထိုသို့ဆိုသော် ကိုယ်သားတို့ကို ဆိုသကဲ့သို့ ငါဆို၏။**

၂ကော၊၆း၁၌ရှိသော *သို့ဖြစ်၍* ဆိုသည်မှာ ဆက်လက်ဖြစ်ပေါ်ခြင်းကို ရည်ညွှန်းသည်။ အခန်း၊၅၏နောက်ဆုံးအပိုင်း(အငယ်၊၁၆–၂၁)၌ တမန်တော်သည် ကျွန်ုပ်တို့အား ပဋိညာဉ်တရားသစ်၏ အမှုဆောင်များဖြစ်သော သူတို့သည် သခင်ဘုရား၏ ဖန်ဆင်းခြင်းအသစ်အတွက် ပြန်လည်သင့်မြတ်စေခြင်း၏ အမှုတော်နှင့်အတူ လွှဲအပ်စေခိုင်းခြင်းခံခဲ့ရကြောင်း ပြောဆိုထားသည်။ ဤကျမ်းပိုဒ်မှ အခန်း၊၇ အဆုံးအထိတွင် သူတို့မည်သို့လုပ်ဆောင်ကြောင်း ကျွန်ုပ်တို့အား ဆက်လက်ပြောပြသည်။ သူတို့သည် (မည်သည့်ဆုကျေးဇူးအားဖြင့်မျှမဟုတ်ဘဲ) အသက်အားဖြင့် ဘုရားသခင်နှင့်အတူတကွ အလုပ်လုပ်ခဲ့ကြခြင်းဖြစ်သည်။ ထိုအသက်သည် အရာအားလုံး လုံလောက်ပြည့်စုံ၍၊ အရာအားလုံး၌ ကြီးရင့်ပြီး၊ အခြေအနေအားလုံး၌ သင့်လျော်ညီညွတ်နိုင်စွမ်းရှိသည်။ ဤသည်မှာ သူတို့၏ အမှုတော်ကို သယ်ဆောင်ရန်အတွက် မည်သည့်ဆက်ဆံပြုမူခြင်းမျိုးကိုမဆို သည်းခံနိုင်စွမ်းရှိခြင်း၊ မည်သည့်ပတ်ဝန်းကျင်အမျိုးအစားကိုမဆို လက်ခံနိုင်စွမ်းရှိခြင်း၊ မည်သည့်အခြေအနေမျိုး၌မဆို လုပ်ဆောင်နိုင်ခြင်းနှင့် မည်သည့်အခွင့်အလမ်းမျိုးမဆို ယူဆောင်နိုင်စွမ်းရှိခြင်းဖြစ်သည်။ (*Life-study of 2Corinthians*,p. 340)

## *ယနေ့ဖတ်စရာ*

၂ကော၊၆း၃–၁၁၌ ဖော်ပြထားသကဲ့သို့ အရာအားလုံး၌ ကြီးရင့်ပြီး၊ အရာခပ်သိမ်း၌ လိုက်လျောညီထွေခြင်းရှိသော တမန်တော်တို့သည် ယုံကြည်သူများထံသို့ သူတို့၏နှုတ်ကို ဖွင့်လျက်ရှိပြီး၊ သူတို့၏ စိတ်နှလုံးသည် ကျယ်ဝန်းလျက်ရှိသည်။ ကျယ်ဝန်းသော

စိတ်နှလုံးနှင့်အတူ တမန်တော်တို့သည် ယုံကြည်သူအားလုံးကို သူတို့၏ အခြေအနေများကို အမှတ်မထားဘဲ ပွေ့ဖက်နိုင်ကြပြီး၊ ဖွင့်ထားသောနှုတ်နှင့်အတူ တမန်တော်တို့သည် ယုံကြည်သူအားလုံးကို သူတို့မှားယွင်းစွာဦးဆောင်ခံခဲ့ရသောအခြေအနေမှန်ကို ပွင့်လင်းစွာပြောဆိုခဲ့သည်။ မှားယွင်းစွာဦးဆောင်ခဲ့ရသော သို့မဟုတ် သွေဖီလွဲချော်ခြင်းခံရသော ယုံကြည်သူများသည် ဘုရားသခင်ထံသို့ ပြန်လည်ခေါ် ဆောင်ခြင်းခံရရန်၊ ရန်ငြိမ်းသင့်မြတ်စေခြင်းခံရရန်အတွက် ဤကဲ့သို့သောဖွင့်ဟခြင်းနှင့်ကျယ်ဝန်းခြင်းကို လိုအပ်သည်။

ကောရိန္တုယုံကြည်သူများသည် ကလေးဆန်လျက်(အငယ်၊၁၃)၊ တမန်တော်များထံသို့ သူတို့၏ အတွင်းအစိတ်အပိုင်းများ၌ ကျဉ်းမြောင်းကြ၏ (အငယ်၊၁၂)။ ကလေးများသည် သူတို့၏ ချစ်ခင်နှစ်သက်ခြင်း၌ အလွန်ကျဉ်းမြောင်းကြပြီး၊ သူတို့ကို အမှန်ပြင်ပေးသောသူတို့အား လွယ်ကူစွာစိတ်ဆိုးတတ်ကြသည်။

၂ကော၊၆း၁၃၌ ပေါလုသည် ကောရိန္တုယုံကြည်သူများအား မေတ္တာရပ်ခံခဲ့သည်။ တမန်တော်သည် ကောရိန္တုယုံကြည်သူများအား တူညီသည့်ကျယ်ဝန်းသောစိတ်နှလုံးတည်းဟူသော အကျိုးကျေးဇူးကို သူ့အား ပြန်လည်ပေးဆပ်လိုစေခဲ့သည်။ ဤသည်မှာ သူတို့သည် သူ့ကို သူတို့၏ မေတ္တာ၌လက်ခံရန်ဖြစ်သည်။ ဤကျမ်းပိုဒ်၌ ပေါလုသည် ကောရိန္တုယုံကြည်သူများအား စိတ်နှလုံးကျယ်ဝန်းခြင်းရှိရန် တိုက်တွန်းနှိုးဆော်ခဲ့သည်။ ကျယ်ဝန်းခြင်းသည် အသက်၌ ကြီးထွားခြင်းနှင့် ရင့်ကျက်ခြင်းကို တောင်းဆိုသည်။ ဤသည်မှာ ကောရိန္တုယုံကြည်သူများ လိုအပ်နေသောအရာဖြစ်သည် (၁ကော၊၃း၁၊ ၆။ ၁၄း၂၀)။ တမန်တော်သည် လိုအပ်နေသောအရာကို ပြုလုပ်ရန် သူတို့အပေါ် ၌ လုပ်ဆောင်နေခြင်းဖြစ်သည်။ အသက်၌ကြီးထွားခြင်းနှင့် ရင့်ကျက်ခြင်းအားဖြင့် စိတ်နှလုံးကျယ်ဝန်းလာခြင်းသည် ဘုရားသခင်ထံသို့ပြည့်ဝစွာ ရန်ငြိမ်းသင့်မြတ်စေခြင်းနှင့် ညီမျှသည်။ ဤနည်းလမ်း၌ရေးသားခြင်းဖြင့် တမန်တော်သည် ဘုရားသခင်နှင့်တစ်ဝက်တစ်ပျက် ရန်ငြိမ်းသင့်မြတ်ခြင်း၌ရှိနေသော ယုံကြည်သူများအား ပြန်လည်သင့်မြတ်ခြင်း၏ အမှုတော်ကို သယ်ဆောင်လျက်ရှိသည်။

၂ကော၊၆း၃–၁၃သည် ပြည့်ဝစွာကယ်တင်ခံရရန်ဆိုလိုသောအရာကို ကျွန်ုပ်တို့အား ပြသသည်။ ဤကျမ်းပိုဒ်များတွင် ပြည့်ဝစုံလင်သောကယ်တင်ခြင်းကို တွေ့ကြုံခံစားသောသူ၏ ပုံစံနမူနာကို တွေ့ရှိရသည်။ ကျွန်ုပ်တို့သည် အရာခပ်သိမ်း၌ လိုက်လျောညီထွေသောအသက်တာရှိခြင်းအားဖြင့် ပြည့်ဝစွာကယ်တင်ခံရကြောင်းကို သက်သေပြကြသည်။ ထို့ကြောင့် ပြည့်ဝသောကယ်တင်ခြင်း၏ ပုံစံနမူနာသည် အရာခပ်သိမ်း၌ လိုက်လျောညီထွေသောအသက်တာ၏ ပုံစံနမူနာဖြစ်သည်။ ယုံကြည်သူတိုင်း၌ ဓမ္မသစ်၏ အမှု

ဆောင်သူဖြစ်လာရန် အခွင့်အလမ်းရှိသည်။ ပြည့်ဝစွာကယ်တင်ခံရသူတိုင်းသည် အရာခပ်သိမ်း၌ လိုက်လျောညီထွေသောအသက်တာနှင့်အတူ ပဋိညာဉ်တရားသစ်၏ အမှုဆောင်သူဖြစ်သည်။ ယင်းမှာ ဓမ္မသစ်ယုံကြည်သူဖြစ်သော သင်သည် ပြည့်ဝစွာကယ်တင်မခံရသေးပါက၊ ပဋိညာဉ်တရားသစ်၏ အမှုဆောင်သူဖြစ်ရန် မပြည့်မီသေးပါဟု ဆိုလိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ပြည့်ဝစွာကယ်တင်ခံရပြီး၊ အရာခပ်သိမ်း၌ လိုက်လျောညီထွေသောအသက်တာရှိပါက၊ မည်သည့်အခြေအနေ၊ အကြောင်းအရာမဆို၊ သူတစ်ပါးအား အသက်ကိုအမှုဆောင်ရန် ကျွန်ုပ်တို့အတွက် တတ်နိုင်ပေမည်။ ယင်းမှာ ပြည့်ဝစွာကယ်တင်ခံရခြင်းအားဖြင့် ကျွန်ုပ်တို့သည် ပဋိညာဉ်တရားသစ်၏ အမှုဆောင်သူများဖြစ်ရန် အရည်အချင်းပြည့်မီလာပေမည်။

ကျွန်ုပ်တို့သည် အရာခပ်သိမ်း၌ လိုက်လျောညီထွေသောအသက်တာရှိပါက၊ ဘုရားသခင်၏လူများအားလုံးကိုပွေ့ဖက်မည့် စိတ်နှလုံး၊ ကျယ်ဝန်းသောစိတ်နှလုံးကို လိုအပ်ပေမည်။ တမန်တော်များနှင့် အသက်ကြီးသူများ၌ ဤသို့သောစိတ်နှလုံးရှိသင့်သည်သာမက၊ ခရစ်တော်ရှိ ယုံကြည်သူတိုင်း၌လည်း ကျယ်ဝန်းသောစိတ်နှလုံးရှိသင့်သည်။ ကျွန်ုပ်တို့သည် ဤခေတ်ကာလတွင် သင့်လျော်မှန်ကန်စွာ ကျယ်ဝန်းခြင်းမရှိနိုင်ပါက၊ သခင်ဘုရားသည် လာမည့်ခေတ်ကာလတွင် ကျွန်ုပ်တို့ကို ကျယ်ဝန်းစေမည်ဖြစ်သည်။ သေချာသည်မှာ ယေရုရှလင်မြို့သစ်အထဲသို့ ကျွန်ုပ်တို့ဝင်ရောက်သောအချိန်၌၊ ကျွန်ုပ်တို့၌ ကျယ်ဝန်းသောစိတ်နှလုံး ရှိပေလိမ့်မည်။ ကျွန်ုပ်တို့သည် "ညီအစ်ကို ပေါလု၊ ယခု ကျွန်ုပ်သည် သင်ကဲ့သို့ပင်ဖြစ်သည်။ သင်၌ ကျယ်ဝန်းသောစိတ်နှလုံးရှိပြီး၊ ကျွန်ုပ်၌လည်း ထိုသို့သောစိတ်နှလုံးရှိပြီ"ဟု အနည်းဆုံး ပြောဆိုနိုင်ပေမည်။ သို့သော် ကျွန်ုပ်တို့သည် စိတ်နှလုံးကျယ်ဝန်းလာရန် လာမည့်ခေတ်ကာလတိုင်အောင် မစောင့်ဆိုင်းသင့်ပေဟု ကျွန်ုပ်မျှော်လင့်မိသည်။ ယနေ့ စိတ်နှလုံးကျယ်ဝန်းလာခြင်းသည် အကောင်းဆုံးဖြစ်ပေသည်။ (*Life-study of 2Corinthi- ans*,pp. 360-362)

*ပို၍ဖတ်ရန် – Life-study of 2Corinthians,* msgs. 41-42

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**၂ကော၊ ၇း၂–၃** **ငါတို့ကို လက်ခံကြလော့။ ငါတို့သည် အဘယ်သူကိုမျှ မပြစ်မှား၊ အဘယ်သူကိုမျှ မယိုယွင်းစေ။ အဘယ်ဥစ္စာကိုမျှ ပရိယာယ်အားဖြင့် မယူ။ သင်တို့ကို စီရင်၍ ဤသို့ ငါဆိုသည်မဟုတ်။ သင်တို့နှင့်အတူ အသက်ရှင်ခြင်းငှါလည်းကောင်း၊ သေခြင်းငှါလည်းကောင်း၊ သင်တို့သည် ငါတို့၏စိတ်နှလုံး၌ရှိသည်ဟု အထက်က ငါပြောခဲ့ပြီ။**

၂ကော၊၇း၂–၁၆၌ ကျွန်ုပ်တို့မြင်ရသောအရာသည် အမှုဆောင်သောအသက်တာ၏ ရင်းနှီးကျွမ်းဝင်သောစဉ်းစားပေးခြင်းဖြစ်သည်။ သခင်ဘုရားကိုချစ်သောယုံကြည်သူတိုင်းနှင့် ဘုရားသခင်၏ စီမံချက်စီမံချက်အတိုင်း အသက်ရှင်လိုသူသည် ပဋိညာဉ်တရားသစ်၏ အမှုဆောင်သူ ဖြစ်လာသင့်ပေသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၌ရှိသော ယုံကြည်သူများဖြစ်သည်နှင့် တမန်တော်များ၊ ဧဝံဂေလိဟောပြောသူများ၊ အသက်ကြီးသူများ သို့မဟုတ် သင်းထောက်များဖြစ်သည်ဖြစ်စေ ၊ မဖြစ်သည်ဖြစ်စေ၊ ကျွန်ုပ်တို့သည် ပဋိညာဉ်တရားသစ်၏ အမှုဆောင်သူများ ဖြစ်သင့်ပေသည်။ ထိုသို့အမှုဆောင်သူသည် အသင်းတော်၊ ကိုယ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် သူတစ်ပါးအား ခရစ်တော်ကို မစထောက်ပံ့သောသူဖြစ်သည်။ (*Life-study of 2Corinthians*,p. 379)

## ယနေ့ဖတ်စရာ

ယနေ့ သခင်ဘုရားပြန်လည်ရယူခြင်း၏ ပန်းတိုင်မှာ ယုံကြည်သူများအားလုံးအားဖြင့် ခရစ်တော်၏ အမှုဆောင်ခြင်းကို ပြန်လည်ရယူရန်ဖြစ်သည်။ သို့မှသာ အသင်းတော်သည် တည်ဆောက်ခံရပေမည်။ ဤနားလည်သဘောပေါက်ခြင်းသည် ဧဖက်၊၄ရှိ ပေါလု၏ စကားအပေါ် တွင် အခြေခံထားခြင်းဖြစ်သည်။ ဤနေရာ၌ ပေါလုသည် တမန်တော်များ၊ ပရောဖက်များ၊ ဧဝံဂေလိဟောပြောသူများ၊ ထိန်းကျောင်းသောသူများနှင့် သွန်သင်သောသူများသည် အမှုတော်၏ အလုပ်ကို လုပ်ဆောင်ခြင်းငှာလည်းကောင်း၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းငှာလည်းကောင်း သန့်ရှင်းသူတို့အား စုံလင်စေကြသည်ဟု ပြောဆိုထားသည်။ အသင်းတော်ကို တည်ဆောက်သူများဖြစ်ရန်၊ အသင်းတော်ကိုတည်ဆောက်ခြင်းအတွက် ခရစ်တော်ကို အမှုဆောင်ရန် ကျွန်ုပ်တို့အားလုံးသည် အမှုဆောင်သောအသက်တာကို လိုအပ်သည်။ ပဋိညာဉ်တရားသစ်၏ အမှုဆောင်သူများဖြစ်ရန်အလို့ငှာ၊ ကျွန်ုပ်တို့သည် ထိုသို့အမှုဆောင်သောအသက်တာကို

လိုအပ်သည်။ ကျွန်ုပ်တို့သည် အသင်းတော်အတွက် သူတစ်ပါးအား ခရစ်တော်ကို အမှုဆောင်သောအသက်တာကို အသက်ရှင်ရန် လိုအပ်သည်။

ကောရိန္သုဒုတိယစာစောင်၌ ကျွန်ုပ်တို့မြင်ရသည့် အမှုဆောင်သောအသက်တာမှာ အသီးသီးသောအသက်တာဖြစ်သည်။ ကျွန်ုပ်တို့သည် "ဝိညာဉ်ရေးရာရှိသော"၊ "သန့်ရှင်းသော"နှင့် "အောင်မြင်သော"အသက်တာဖြစ်နိုင်သော်လည်း၊ အသီးမရှိဖြစ်နိုင်ပေသည်။ သမ္မာကျမ်းစာအရ၊ ဝိညာဉ်ရေးရာရှိခြင်းသည် အသီးသီးခြင်းရည်ရွယ်ချက်အတွက်ဖြစ်သည်။ ယောဟန်ဧဝံဂေလိကျမ်း၌ သခင်ဘုရားသည် ကျွန်ုပ်တို့ကို ဝိညာဉ်ရေးရာရှိရန်၊ သန့်ရှင်းရန်နှင့် အောင်မြင်ရန် မပြောဆိုခဲ့ပေ။ ယော၊၁၅၌လည်း ကိုယ်တော်က ကျွန်ုပ်တို့ကို အသီးသီးရန်၊ ထိုမျှမက များစွာသောအသီးကို သီးရန်နှင့် တည်ကြည်သောအသီးကို သီးရန် ပြောဆိုခဲ့သည်။ ဤအရာသည် အမှုဆောင်သောအသက်တာကို အသက်ရှင်ခြင်းဖြစ်သည်။

ဝိညာဉ်ရေးရာအကြောင်းအရာများနှင့် ဧဝံဂေလိဟောပြောခြင်း၌ တန်ခိုးရှိခြင်းတို့တွင် အသိပညာကြွယ်ဝလာခြင်းသည် ဖြစ်နိုင်သော်လည်း၊ အသီးမရှိခြင်းဖြစ်နိုင်သည်။ အသီးသီးခြင်းနှင့် အမှုဆောင်သောအသက်တာမရှိသောသူသည် သူတစ်ပါးအား သေခြင်းကို ခံစားရစေမည်ဖြစ်သည်။ ညီအစ်ကိုတစ်ဦးသည် အခြားဒေသန္တရတစ်ခုသို့ သွားရောက်ပြီး၊ ကွန်ဖရဲန့်စ်ကို ကျင်းပနိုင်သော်လည်း၊ ထိုအစည်းအဝေး၏ ရလဒ်မှာ များစွာသောသူတို့ကို သေကောင်းသေစေနိုင်ပေမည်။ သူတို့ကို မှားယွင်းစေသောစကားများအားဖြင့်မဟုတ်ဘဲ၊ မှန်ကန်သောစကားများအားဖြင့် သေစေခြင်းဖြစ်သည်။ ထို့အပြင် သန့်ရှင်းသူတို့ကို ထိန်းကျောင်းခြင်း၌လည်း ကျွန်ုပ်တို့သည် သူတစ်ပါးကို သေကောင်းသေစေနိုင်ပေမည်။ ဤသို့သေစေခြင်း၊ အသီးမသီးရခြင်း၏ အကြောင်းရင်းမှာ ရင်းနှီးကျွမ်းဝင်သောစဉ်းစားပေးခြင်း ကင်းမဲ့သောကြောင့်ဖြစ်သည်။ ထိုနည်းတူ ကျွန်ုပ်တို့သည် မိသားစုများကို ထိန်းကျောင်းရန် သွားရောက်လည်ပတ်သော်လည်း၊ ရင်းနှီးကျွမ်းဝင်သောစဉ်းစားပေးခြင်း မရှိကောင်းမရှိဖြစ်နိုင်ပေမည်။ ထိုမျှမက ကျွန်ုပ်တို့၏ လုပ်ဆောင်မှုသည် ကျွန်ုပ်တို့၏ အသိပညာရှိခြင်း၊ ဝိညာဉ်ရေးရာရှိခြင်း၊ ဆုကျေးဇူးနှင့် လုပ်နိုင်စွမ်းတို့ကို ပြသရန် ဖြစ်ကောင်းဖြစ်ပေမည်။ ထွက်ပေါ်လာသောရလဒ်မှာ သေစေခြင်းဖြစ်သည်။

အချို့သောမိခင်များသည် အသိပညာနည်းပါးကြသည်ဟု ထင်မြင်ရပေသည်။ သူတို့သည် လိမ္မာပါးနပ်ခြင်းမရှိကြသော်လည်း၊ သူတို့၏ ကလေးများကို အလွန်ကောင်းမွန်သောနည်းလမ်းတွင် မြှင့်တင်ပေးကြသည်။ အကြောင်းမှာ သူတို့သည် ကလေးများ

အတွက် ရင်းနှီးကျွမ်းဝင်သောစဉ်းစားပေးခြင်းရှိသောကြောင့် ဖြစ်သည်။ ထိုသို့သော မိခင်များ၌ သူတို့၏ကလေးများအတွက် ကြင်နာသော၊ ရင်းနှီးကျွမ်းဝင်သောစဉ်းစား ပေးခြင်း ရှိကြသည်။ ဆန့်ကျင်ဘက်ဆိုသော်၊ မိထွေးအချို့သည် အသိပညာကြွယ်ဝခြင်း၊ ဆုကျေးဇူးနှင့် လိမ္မာပါးနပ်ခြင်းရှိကြသော်လည်း၊ ကလေးများအတွက် လိုအပ်သောစဉ်း စားပေးခြင်း ကင်းမဲ့ကြသည်။ ကလေးများကို ဂရုစိုက်ခြင်းတွင် အရေးကြီးဆုံးသော အရာမှာ အသိပညာ သို့မဟုတ် လုပ်နိုင်စွမ်းမဟုတ်ဘဲ၊ ရင်းနှီးကျွမ်းဝင်သောစဉ်းစားပေး ခြင်းဖြစ်သည်။ အသင်းတော်များကို ဂရုစိုက်ခြင်း သို့မဟုတ် သန့်ရှင်းသူများကို ထိန်း ကျောင်းခြင်းတွင် ထိုနည်းတူပင်ဖြစ်သည်။ လိုအပ်နေသောအရာမှာ အမှုဆောင်သော အသက်တာ၏ ရင်းနှီးကျွမ်းဝင်သောစဉ်းစားပေးခြင်းဖြစ်သည်။

၂ကော၊၇၌ ကျွန်ုပ်တို့သည် ရင်းနှီးကျွမ်းဝင်သောစဉ်းစားပေးခြင်း လိုအပ်ကြောင်း ဖွင့်ပြသည်။ ကျွန်ုပ်တို့၌ ရင်းနှီးကျွမ်းဝင်သောစဉ်းစားပေးခြင်းမရှိဘဲ၊ လုပ်ဆောင်နိုင် စွမ်းရှိပါက၊ ကျွန်ုပ်တို့၏ အလုပ်သည် အသီးကင်းမဲ့ပေမည်။ ကောင်းမွန်သောမိသားစု အသက်တာနှင့် အသင်းတော်အသက်တာကိုတည်ဆောက်ရန် လိုအပ်သောအရာမှာ ရင်းနှီးကျွမ်းဝင်သောစဉ်းစားပေးခြင်း ဖြစ်သည်။ ကျွန်ုပ်တို့အသီးသီးခြင်း၊ များစွာသော အသီးသီးခြင်းသည် ကျွန်ုပ်တို့လုပ်ဆောင်နိုင်သောအရာပေါ်တွင် မူမတည်ပေ။ ၎င်း သည် ကျွန်ုပ်တို့၌ ရင်းနှီးကျွမ်းဝင်သောစဉ်းစားပေးမှု ရှိခြင်း၊ မရှိခြင်းပေါ်တွင် မူတည်သည်။

ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့၏ စိတ်နှလုံးများတွင် ကျယ်ဝန်းစေရန်၊ ဘုရား သခင်နှင့် လုံးလုံးလျားလျား ရန်ငြိမ်းသင့်မြတ်စေရန် လိုအပ်သည်။ ထို့နောက် ကျွန်ုပ်တို့၌ အမှုဆောင်သောအသက်တာ၊ များစွာအသီးသီးသောအသက်တာ ရှိပေလိမ့်မည်။ အသီး သီးခြင်းသည် အမှုဆောင်သောအသက်တာ၏ ထွက်ပေါ်လာသောရလဒ်ဖြစ်သည်။ (*Life-study of 2Corinthians*,pp. 379-383, 386)

*ပို၍ဖတ်ရန်* – *Life-study of 2Corinthians*, msgs. 44-45; *A Word of Love to the Co-workers, Elders, Lovers,and Seekers of the Lord*,chs. 2-3; *The Vital Groups*,msg. 7; *Further Light concerning the Building Up of the Body of Christ*, ch. 2

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————————————

——————————————————————————————————————

——————————————————————————————————————

——————————————————————————————————————

*Hymns,* **# E-473**

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ

# သန့်ရှင်းရာဌာနနှင့်ဆိုင်သော အပြစ်နှင့် ဆန့်ကျင်ဘက်ဖြစ်သော ရွှေ၊ ငွေ နှင့် အဖိုးတန်ကျောက်များဖြင့် တည်ဆောက်ခြင်း

ဖတ်ရန်ကျမ်း။ တော၊၁၇း၁။ ၁ကော၊၃း၆–၇၊ ၉၊ ၁၁–၁၂၊ ၁၆–၁၇

*Day 1*

**I. တောလည်ရာကျမ်း၌ ကျွန်ုပ်တို့အား ယဇ်ပုရောဟိတ်များ၏အပြစ်များသည် သန့်ရှင်းရာဌာနကို ဆန့်ကျင်ကျူးလွန်သော ဒုစရိုက်အပြစ်များဖြစ်ကြောင်း ဖေါ်ပြထားသည်။ ယနေ့ အသုံးပြုနေသော ဝေါဟာရစကားအရ သူတို့သည် ဘုရားသခင်၏အမှုတော်အလုပ်၌ အပြစ်ကျူးလွန်သောသူများဖြစ်ကြသည် (၁၇း၁။ ၁ကော၊၃း၁၂ခ)။**

က။ ကျွန်ုပ်တို့၏နေ့စဉ်အသက်တာ၌ အပြစ်များကို ကျူးလွန်မှုရှိကြသည်၊ သို့သော် သခင်ဘုရား၏အမှုဆောင်တစ်ဦးသည် နောက်ထပ်အပြစ်ကို ကျူးလွန်နိုင်သည်။ သူတို့သည် ဘုရားသခင်၏ အမှုတော်အလုပ်၌ အပြစ်ရှိကြသည်။

ခ။ အမှုဆောင်ခြင်း၌ အပြစ်ပြုခြင်းသည် ကိုယ်တော်၏သန့်ရှင်းခြင်း၊ ဘုန်းအသရေနှင့် အချုပ်အခြာအာဏာ၌ ဘုရားသခင်အား အနှောက်အယှက်ဖြစ်စေခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ဘုရားသခင်၏အမှုတော်၌ ဘုရားသခင်၏အလိုတော်နှင့် သဟဇာတမဖြစ်သောအရာတိုင်းသည် အပြစ်ဖြစ်ပြီး၊ သန့်ရှင်းရာဌာနနှင့်ဆိုင်သောအပြစ်လည်းဖြစ်သည်။

ဂ။ ဘုရားသခင်၏အမှုတော်၌ ကျွန်ုပ်တို့မမေ့အပ်ဘဲ၊ အရေးတကြီးစဉ်းစားဆင်ခြင်ရမည့်အချက်သုံးခုရှိသည်။ ဤအချက်သုံးချက်၏တစ်ချက်၌ ကျွန်ုပ်တို့ပျက်ကွက်မည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် သန့်ရှင်းရာဌာနကို ဆန့်ကျင်သောအပြစ် ကျူးလွန်ရာရောက်သည်။

၁။ ဘုရားသခင်၏အမှုတော်အလုပ်ကို အစပြုရာတွင် ကိုယ်တော်၏အလိုတော်အတိုင်း ဖြစ်ရမည်။ ကျွန်ုပ်တို့အားဖြင့်

မည်သည့်အလုပ်ကိုမှ မစတင်နိုင်ပါ (ရော၊၁၁း၃၆)။

၂။ ဘုရားသခင်၏ အမှုတော်အလုပ် တိုးတက်ခြင်းသည် ကိုယ်တော်၏ တန်ခိုးခွန်အားအရ ဖြစ်ရမည်။ ကျွန်ုပ်တို့ခွန်အားဖြင့် မည်သည့်အလုပ်ကိုမှ မလုပ်ဆောင်နိုင်ပါ (တ၊၁း၈။ ဇာ၊ ၄း၆။ ဖိ၊၄း၁၃။ ၂တိ၊ ၂း၁)။

၃။ ဘုရားသခင်အမှုတော်အလုပ်၏ ရလဒ်သည် ကိုယ်တော်၏ ဘုန်းတော်အတွက် ဖြစ်ရမည်။ ကျွန်ုပ်တို့၏ ဘုန်းအသရေ၌ မည်သည့်အလုပ်မျှ အကျိုးမရနိုင်ပါ (ယော၊၇း၁၈။ ဧ၊၃း ၂၁။ ၂ကော၊ ၄း၅)။

*Day 2*

ဃ။ သန့်ရှင်းရာဌာနနှင့်ဆိုင်သောအပြစ်အတွက် အကျိုး သို့မဟုတ် အပြစ် သုံးမျိုးရှိသည်။

၁။ အသက်၏ တန်ခိုးခွန်အား ပျောက်ဆုံးသွားခြင်း။ လူသည် ဟောင်းညစ်ပျက်သုန်းသွားမည်ဖြစ်သည်။

၂။ ဝိညာဉ်ဆိုင်ရာသေခြင်းကို တွေ့ကြုံခံစားရခြင်း။– ဖျားနာခြင်းသော်လည်းကောင်း၊ ကိုယ်ခန္ဓာနှင့်ဆိုင်သောသေခြင်းသော်လည်းကောင်း ဖြစ်သွားနိုင်သည်။ ဘုရားသခင်သည် အပြစ်ရှိသောသူကို ဤနည်းလမ်း၌ ဆက်သွားရန် ခွင့်ပြုမည်မဟုတ်ပါ (cf. တော၊၁၀း၁–၇။ ၁ကော၊၁၁း ၂၉–၃၀)။

၃။ ခရစ်တော်၏ တရားစီရင်ရာနေရာ၌ တရားစီရင်ခံရခြင်း။ – တရားစီရင်ရာနေရာ၌ သန့်ရှင်းရာဌာနနှင့်ဆိုင်သောအပြစ်ထက် မည်သည့်အပြစ်မျှသာ၍ကြီးလိမ့်မည်မဟုတ်ပါ။

င။ ဘုရားသခင်၏ အမှုတော်ကို အစပြုခြင်းသည် ကိုယ်တော်၏ အလိုတော်အတိုင်းနှင့် ကိုယ်တော်၏ အလိုတော်တစ်ခုတည်းသာဖြစ်ရမည်။

၁။ ကျွန်ုပ်တို့၌ မည်သည့်အရာကိုမျှ စတင်ရန် အခွင့်အရေးမရှိပါ။ ဘုရားသခင်၏ အလိုတော်သည် ကိုယ်တော်၏ အမှုတော်အလုပ်အားလုံး၏ အတုမဲ့အစပြုခြင်း ဖြစ်ရမည်။

၂။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အမှုတော်အလုပ်တစ်ခုကိုမျှ အမျှားနှင့်ဆိုင်သောအရာအဖြစ် မစဉ်းစားနိုင်ပါ။ ကျွန်ုပ်တို့

သည် အခြားသူများအား အသစ်လန်းဆန်းမှု ဖြစ်စေခြင်း–မဖြစ်စေခြင်းမှာ ကျွန်ုပ်တို့တွင် ဝိညာဉ်ဆိုင်ရာအရာများ အသစ်လန်းဆန်းမှု ရှိ–မရှိ အပေါ် တွင်မူတည်သည်။

**Day 3**

စ။ ဘုရားသခင်အမှုတော်အလုပ်၏ တိုးတက်မှုကို ကိုယ်တော်၏တန်ခိုးခွန်အားဖြင့်သာ လုပ်ဆောင်နိုင်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏စွမ်းအားဖြင့် ဘုရားသခင်၏ အလိုတော်ကို မဖြည့်ဆည်းနိုင်ပါ။

၁။ ဘုရားသခင်၏တန်ခိုးခွန်အား– ဘုရားသခင်၏"ငွေ"ကို ကိုယ်တော်အားဖြင့်သာ လက်ခံရရှိနိုင်မည်ဖြစ်သည်။

၂။ လူသည် ဘုရားသခင်၏ အလိုတော်ကို သိပြီးနောက်ပင်လျှင်၊ သူ၏ခွန်အားအစွမ်း၊ အကြံဉာဏ်၊ ထူးခြားသောပါရမီ သို့မဟုတ် စကားပြောကောင်းခြင်းဖြင့် အောင်မြင်ရန် ကျိုးစားလုပ်ဆောင်သော အန္တရာယ်ရှိနေသေးသည်။ ဣရှမေလကို အာဗြံဟံ၏ မွေးဖွားခြင်းသည် ပုံစံနမူနာတစ်ခုဖြစ်သည် (က၊ ၁၆း၁၅–၁၇း၁)။

၃။ အမှုတော်အလုပ်၏ပန်းတိုင်သည် ဝိညာဉ်ဆိုင်ရာဖြစ်ရမည်၊ သို့သော် ဘုရားသခင်၏ပန်းတိုင်သို့ ကျွန်ုပ်တို့ရောက်မည့်နည်းလမ်းသည်လည်း ဝိညာဉ်ဆိုင်ရာဖြစ်ရမည်။ သို့မဟုတ်ပါက ကျွန်ုပ်တို့သည် ဘုရားသခင်၏ သန့်ရှင်းရာဌာနအထဲသို့ အသွေးအသားကို ယူဆောင်ခြင်းဖြင့် သန့်ရှင်းရာဌာနနှင့်ဆိုင်သည့်အပြစ်ကို ကျူးလွန်ရာရောက်လိမ့်မည်ဖြစ်သည် (တော၊၁ဂး၇)။

ဆ။ ဘုရားသခင်အမှုတော်အလုပ်၏ရလဒ်သည် ကျွန်ုပ်တို့၏ဘုန်းအသရေအတွက်မဟုတ်ဘဲ၊ ဘုရားသခင်၏ ဘုန်းအသရေအတွက်ဖြစ်ရမည်။

၁။ ဘုရားသခင်သည် ကိုယ်တော်၏ အမှုတော်အလုပ်အတွက် အားနည်းသော၊ မိုက်မဲသော၊ လောက၌ ယုတ်ညံ့သည်ဟု ပြောဆိုခံရသော သူများကို ရွေးချယ်တော်မူသည်။ ၁ကော၊ ၁း၂၉၌ "ထို့ကြောင့် ဘုရားသခင်ရှေ့၌ အဘယ်သူမျှ ဝါကြွားစရာအကြောင်းမရှိ"ဟူ၍ ပြောဆိုထားသည်။

၂။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ဘုန်းအသရေကို ရယူရန် အလိုဆန္ဒမရှိပါ။ ကျွန်ုပ်တို့သည် သခင်ဘုရား၏ ဘုန်းအသရေအထဲသို့သာ ဝင်ရောက်နိုင်ရမည်။

၃။ ကျွန်ုပ်တို့သည် လွန်စွာဆင်းရဲပြီး အားနည်းသောသူများ ဖြစ်ကောင်းဖြစ်နိုင်သည်၊ သို့သော် ညီအစ်ကိုအချို့နှင့် ညီအစ်မအချို့ကို အကူအညီအနည်းငယ်ပေးနိုင်သော်လည်းကောင်း၊ လူအနည်းငယ်ကို ကယ်တင်နိုင်သော်လည်းကောင်း၊ မကြာမြင့်မီပင်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဘုန်းအသရေကို ခိုးယူရန် အစပြုလာမည်ဖြစ်သည်။ ကိုယ်တော်၏ ဘုန်းအသရေကို ခိုးယူခြင်းသည် သန့်ရှင်းရာဌာနနှင့်ဆိုင်သောအပြစ်ကို ကျူးလွန်ခြင်းဖြစ်သည်။

၄။ အချို့လူတို့သည် ဝိညာဉ်ဆိုင်ရာသိနားလည်ခြင်းနှင့် တွေ့ကြုံခံစားခြင်းကို ရရှိလာသောအခါ၊ ဝိညာဉ်ဆိုင်ရာမာနထောင်လွှားမှုတိုးပွားရန် သူတို့ကိုဖြစ်လာစေနိုင်သည်။ သူတို့သည် သူတို့အားဖြင့် လုပ်ဆောင်ကာ သူတို၏ ဘုန်းအသရေကို ရှာဖွေနေကြသည်။

၅။ မာနထောင်လွှားခြင်းလောက် ဘုရားသခင်၏ မျက်စိ၌ မှားယွင်းစက်စုပ်ဖွယ်ရာဖြစ်ခြင်းနှင့် ကိုယ်တော်၏ အမှုတော်အလုပ်၌ ဆိုးညစ်သောအရာ ဘယ်အရာမျှမရှိပါ။ ဘုရားသခင်သည် မာနထောင်လွှားခြင်းကို "ငြင်းဆန်"ပြီး (၁ရှမွေ၊ ၁၅း၂၃)၊ "ဆီးတား"တော်မူသည် (၁ပေ၊၅း၅)။ *ငြင်းဆန်ခြင်း*စကားသည် တစ်ဦးတစ်ယောက်အား အဆုံးတိုင်စေခြင်းကို ဆိုလိုသည်၊ *ဆီးတားခြင်း*သည် စာတန်ကို ဆန့်ကျင်ရန် အသုံးပြုသော စကားဖြစ်သည် (ယာ၊၄း၆–၇)။

၆။ ဤလောက၌ လူတိုင်းသည် စာတန်၏ လှည်းစားခြင်းအောက်တွင် မာနထောင်လွှားသောလူပုဂ္ဂိုလ် ဖြစ်နေကြသည်။ မာနထောင်လွှားသောလူပုဂ္ဂိုလ်သည် မိမိကိုယ်ကို မသိသူဖြစ်သည်။ မိမိကိုယ်ကိုသိသောသူတို့ကို လှည့်စား၍မရနိုင်ပါ (ဂလ၊၆း၃)။

ဇ။ သာမန်အပြစ်များသည် ယဇ်ပုရောဟိတ်များ၏ တရားစီရင်ခြင်းမှ တစ်ဆင့်ဖြတ်ကျော်သွားနိုင်သော်လည်း၊ သန့်ရှင်းရာဌာနနှင့်ဆိုင် သောအပြစ်သည် ဘုရားသခင်အား တိုက်ရိုက်ဆန့်ကျင် တိုက်ခိုက် ခြင်းဖြစ်၍၊ ဤအပြစ်ကို ဘုရားသခင်သည် တိုက်ရိုက်တရားစီရင် မည်ဖြစ်သည်။

၁။ သန့်ရှင်းရာဌာနသည် ဘုရားသခင်ပိုင်ဆိုင်သောကြောင့်၊ သန့်ရှင်းရာဌာနနှင့်ဆိုင်သောအပြစ်သည် ဘုရားသခင်၏ ဘုန်းအသရေနှင့် ဘုရားသခင်ကိုယ်တော်တိုင်ကို ထိပါးခြင်း ဖြစ်သည်။

၂။ "ဤအရာသည် အလွန်အရေးကြီးသောအကြောင်းအရာ ဖြစ်သည်။ ကျွန်ုပ်သည် အဖိုးထိုက်အသွေးတော်၏ အောက် တွင်သာ ဤသို့ ပြောဆိုနိုင်သည်။ ကျွန်ုပ်သည် သခင်ဘုရား ၏ ခွင့်လွှတ်ခြင်းအတွက် တောင်းဆိုသည့်အပြင်၊ ညီအစ်ကို များ၏ ခွင့်လွှတ်ခြင်းအတွက်လည်း တောင်းဆိုပါသည်" (*The Collected Works of Watchman Nee*, vol.42, p. 366)

*Day 4*

**II. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အတွင်းထဲတွင် ကိုယ်တော်တိုင် အလုပ်လုပ် ရန် ခရစ်တော်ကို အခွင့်ပေးခြင်းဖြင့် "သခင်ဘုရား၏ အမှုတော် အလုပ်ကို လုပ်ဆောင်နေသော"(၁ကော၊၁၆း၁၀)၊ "သခင်ဘုရား ၏ အလုပ်၌ အစဉ်ကြိုးစားအားထုတ်သော"(၁၅း၅၈)၊ ဘုရား သခင်၏ နောက်တော်လိုက်သော အမှုဆောင်သူများဖြစ်ဖို့ လိုသည် (ဧ၊ ၃း၁၇က)။ သို့မှသာ ကိုယ်တော်သည် ကျွန်ုပ်တို့၌ ကြီးထွားကာ (ကော၊၂း၁၉)၊ ကျွန်ုပ်တို့ကို ပုံသဏ္ဌာန်ပြောင်းလဲစေပြီး(၂ကော၊၃း ၁၈)၊ ဘုရားသခင်၏ ဥယျာဉ်၊ ဘုရားသခင်၏ အဆောက်အဦဖြစ် သော အသင်းတော်အတွက် အခြားသူများအထဲသို့ ကိုယ်တော် တိုင်အလုပ်လုပ်ရန်(၁ကော၊၃း၉)၊ ကျွန်ုပ်တို့ထံမှ စီးထွက်နိုင်မည် ဖြစ်သည်(ယော၊၇း၃၇–၃၈)။**

က။ အသင်းတော်သည် ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်များကို ထုတ် လုပ်ပေးသော ဘုရားသခင်၏ ဥယျာဉ်တော်ဖြစ်သည် (၁ကော၊၃း ၉၊ ၁၂)။

ခ။ ပထမဦးဆုံး ကျွန်ုပ်တို့သည် ဘုရားသခင်၏ဥယျာဉ်၌ ကြီးထွား ခြင်း ရှိရမည်။ ထိုနောက် ဤဥယျာဉ်၌ အပင်များသည် ဘုရား သခင်၏ အဆောက်အဦအတွက် အဖိုးတန် တန်ဆာပလာများ ဖြစ်လာမည်ဖြစ်သည် (အငယ်၊၆–၇၊ ၁၂)။

ဂ။ ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်များသည် သုံးပါးတစ်ပါးဘုရား၏ ကောင်းမြတ်ခြင်းများနှင့် ဂုဏ်အင်္ဂါများ၌ ခရစ်တော်အား ကျွန်ုပ် တို့ တွေ့ကြုံခံစားခြင်းများစွာကို ပုံဆောင်ခြင်းဖြစ်သည်။ ဤအဖိုး တန် တန်ဆာပလာများသည် ခရစ်တော်ကို ကျွန်ုပ်တို့မွေ့လျော် ဝမ်းမြောက်ခြင်း၏ ထွက်ကုန်များဖြစ်သည် (အငယ်၊၁၂။ ၁၅း ၄၅ခ။ ၆း၁၇)။

ဃ။ ဘုရားသခင်၏ အဆောက်အဦအတွက် အဖိုးတန် တန်ဆာပလာ များသည် သုံးပါးတစ်ပါးဘုရားနှင့်သက်ဆိုင်သည်၊– ခမည်းတော် ၏ သဘောသဘာဝ၊ သားတော်၏ ရွေးနုတ်ခြင်းနှင့် ဝိညာဉ်တော်၏ ပုံသဏ္ဌာန်ပြောင်းလဲခြင်းအလုပ် (၂ပေ၊၁း၄။ ဧ၊၁း၇။ ဟေဗြဲ၊၉း ၁၂။ ၂ကော၊၃း၁၈)။

င။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အဆောက်အဦအတွက် ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်များ ဖြစ်လာနေသည် (၁ကော၊၃း၁၂)။



၁။ ခမည်းတော်ဘုရား၌ရှိသော ကျွန်ုပ်တို့တွင် ရွှေဖြစ်သော ကိုယ်တော်၏ အသက်နှင့် သဘောသဘာဝရှိကြသည်။ သား တော်ဘုရား၌ရှိသော ကျွန်ုပ်တို့တွင် ငွေဖြစ်သော ကိုယ်တော် ၏ ရွေးနုတ်ခြင်း ရှိကြသည်။ ဝိညာဉ်တော်ဘုရား၌ရှိသော ကျွန်ုပ်တို့တွင် အဖိုးတန်ကျောက်များဖြစ်သော ပုံသဏ္ဌာန် ပြောင်းလဲခြင်း ရှိကြသည်။

၂။ ဤတန်ဆာပလာများနှင့် တည်ဆောက်ရန်အလို့ငှါ၊ ကျွန်ုပ်တို့ သည် ဤအရာများဖြင့် စေ့စပ်ထုံးဖွဲ့ခြင်းကို ခံယူရမည်ဖြစ် သည်။ ကျွန်ုပ်တို့သည် ခမည်းတော်၏ သဘောသဘာဝ၊ သားတော်၏ ရွေးနုတ်ခြင်းနှင့် ဝိညာဉ်တော်၏ ပုံသဏ္ဌာန် ပြောင်းလဲခြင်းဖြင့် စေ့စပ်ထုံးဖွဲ့ခံဖို့ လိုသည်။

၃။ ကျွန်ုပ်တို့သည် ခမည်းတော်ဘုရား၏ သဘောသဘာဝ၊ သား

တော်ဘုရား၏ ရွေးနုတ်ခြင်းနှင့် ဝိညာဉ်တော်ဘုရား၏ ပုံသဏ္ဍာန်ပြောင်းလဲခြင်း၌ ကြီးထွားဖို့လိုသည်။ ဤကြီးထွားခြင်းသည် ကျွန်ုပ်တို့အား ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက် ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်များ ဖြစ်စေမည်ဖြစ်သည် (အငယ်၊၁၂၊ ၁၆–၁၇)။

၄။ ကျွန်ုပ်တို့၏ ဝိညာဉ်ဆိုင်ရာ အစာကြေညက်ခြင်း၊ စုပ်ယူခြင်းနှင့် ဇီဝတွင်းဖြစ်ပျက်ခြင်းနှင့်အတူတကွ ခရစ်တော်ကို ကျွန်ုပ်တို့စားသုံးခြင်းဖြင့် ခရစ်တော်သည် ကျွန်ုပ်တို့ ဖြစ်လာပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်ဖြစ်လာပေမည်။ ထိုနောက် ကျွန်ုပ်တို့သည် ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက် အဖိုးတန် တန်ဆာပလာများ ဖြစ်လာမည် (ယော၊၆း၅၇။ ဧ၊၃း၁၇။ ဂလ၊၄း၁၉)။

*Day 6*

စ။ ဘုရားသခင်၏ ထာဝရပန်းတိုင်သည် တည်ဆောက်ခြင်းဖြစ်သည်၊– တုနှိုင်းရာမဲ့အခြေတည်ရာဖြစ်သော ခရစ်တော်အပေါ်တွင် အဖိုးတန် တန်ဆာပလာများဖြင့် ဗိမာန်တော်တည်ဆောက်ခြင်း (၁ကော၊၃း၁၁–၁၂၊ ၁၆–၁၇)။

၁။ ဘုရားဆိုင်ရာအသက်၌ ကြီးထွားခြင်းသည် ဘုရားသခင်နေထိုင်ရာ အဆောက်အဦအတွက် တန်ဆာပလာများကို ထုတ်လုပ်ပေးသည်။ ဤနေထိုင်ရာနေရာ၊ အသင်းတော်သည် အကန့်အသတ်မရှိသော ခရစ်တော်၏ တိုးပွားခြင်း၊ ကြီးမားကျယ်ပြန့်ခြင်း ဖြစ်သည် (ဧ၊၂း၂၁–၂၂။ ယော၊၃း၂၉–၃၄)။

၂။ ပထမဆုံး ကျွန်ုပ်တို့တွင် အသက်၌ကြီးထွားခြင်းအတွက် ဉယျာဉ်ရှိရမည်။ ထိုနောက် ကျွန်ုပ်တို့တွင် ဘုရားသခင်၏ ထာဝရအကြံအစည်အတွက် အဆောက်အဦရှိရမည် ဖြစ်သည် (၁ကော၊၃း၉။ မ၊၁၆း၁၈။ ဧ၊၂း၂၀–၂၂။ ၄း၁၆)။

၃။ ဘုရားသခင်၏ အိမ်တော်ဖြစ်သော အသင်းတော်၏ စစ်မှန်သောအဆောက်အဦသည် ယုံကြည်သူများ အသက်၌ ကြီးထွားခြင်းအားဖြင့် ဖြစ်သည် (၁ကော၊၃း၆–၇၊ ၁၆–၁၇။ ဧ၊၂း၂၀–၂၁။ ၁ပေ၊၂း၂–၅)။

(က)စစ်မှန်သောတည်ဆောက်ခြင်းသည် အသက်၌ကြီးထွားခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏တည်ဆောက်ခံခြင်း အတိုင်းအတာသည် ကျွန်ုပ်တို့၏ကြီးထွားခြင်းအတိုင်းအတာ ဖြစ်သည်။

(ခ) စစ်မှန်သောတည်ဆောက်ခြင်းကို ရရှိရန်အလို့ငှါ၊ ကျွန်ုပ်တို့သည် မိမိတို့ဖြစ်ခြင်းကို လျော့ချကာ၊ ကျွန်ုပ်တို့အတွင်းထဲတွင် ခရစ်တော်ကို တိုးပွားစေခြင်းဖြင့် ကြီးထွားဖို့လိုသည် (မ၊၁၆း၂၄။ ဧ၊၃း၁၇)။

၄။ ကျွန်ုပ်တို့သည် သန့်ရှင်းသူများ ကောင်းမြတ်လာစေရန် သူတို့အထဲသို့ သုံးပါးတစ်ပါးဘုရား၏ဂုဏ်အင်္ဂါများကို ထည့်သွင်းပေးခြင်းဖြင့် သူတို့ပုံသဏ္ဌာန်ပြောင်းလဲခြင်းအတွက် သူတို့၌ ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်များဖြစ်တော်မူသော သုံးပါးတစ်ပါးဘုရားကို အမှုဆောင်ခြင်းဖြင့် စုံလင်လာစေရန် ပုံသဏ္ဌာန်ပြောင်းလဲပေးသော ဝိညာဉ်တော်နှင့်အတူ ပူးပေါင်းလုပ်ဆောင်ရန် သင်ယူဖို့လိုသည်။ ဤအရာသည် သီ၊၁း၁၀ခ–၁၁၌ရှိသော ရုပ်ပုံကားချပ်ဖြစ်သည်။

(က)ပုံသဏ္ဌာန်ပြောင်းလဲခြင်းသည် ကျွန်ုပ်တို့၏ဖြစ်ခြင်း၌ ကောင်းကင်ဆိုင်ရာ၊ ဝိညာဉ်ဆိုင်ရာနှင့် ဘုရားဆိုင်ရာ အသက်ဖြစ်စဉ်အဆင့်ဆင့်ပြောင်းလဲလာခြင်းဖြစ်သည်။

(ခ) အသင်းတော်အသက်တာ၌ ပုံသဏ္ဌာန်ပြောင်းလဲခြင်းကို ပုံသဏ္ဌာန်ပြောင်းလဲပေးသောဝိညာဉ်အားဖြင့် လုပ်ဆောင်သည် (၂ကော၊၃း၁၈။ ရော၊၁၂း၂)။

(ဂ) ခရစ်တော်၏ချစ်သူများသည် အသင်းတော်အသက်တာအထဲသို့ဝင်ရောက်လာပြီးနောက်တွင်၊ ဝိညာဉ်တော်၏ပြုပြင်လုပ်ဆောင်ခြင်းဖြင့် သူတို့သည် ပုံသဏ္ဌာန်ပြောင်းလဲခံရန် အစပြုရပြီးဖြစ်သည် (သီ၊၁း၉–၁၆က။ ၂း၁–၂)။

(ဃ)ထိုပုံသဏ္ဌာန်ပြောင်းလဲခြင်းအလုပ်၌ "ပုံသဏ္ဌာန်ပြောင်းလဲသူများ"၊– ကိုယ်တော်၏သဘောသဘာဝ၌

ဘုရားသခင်ကို သိရန်နှင့် ခရစ်တော်ကို တွေ့ကြုံခံစားရန် ရှာဖွေသူများကို ကူညီသော စုံလင်သူများ၊–အချို့၏ ပူးပေါင်းလုပ်ဆောင်ခြင်း လိုအပ်သည် (၁း၁၁။ ၉၊ ၄း၁၁–၁၂)။

ဆ။ သစ်သား (ဇာတိလူ၏ သဘောသဘာဝ)၊ မြက်ပင် (ကျဆင်းသောလူ၊ အသွေးအသားလူ)နှင့် ကောက်ရိုး (အသက်မဲ့သောလူ)တို့ဖြင့် အသင်းတော်တည်ဆောက်ခြင်းသည် သန့်ရှင်းရာဌာနနှင့်ဆိုင်သောအပြစ်ကို ကျူးလွန်ခြင်းဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဗိမာန်တော်၊ ဘုရားသခင်၏ အဆောက်အဦဖြစ်သော အသင်းတော်ကို ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်များဖြင့် တည်ဆောက်ရမည့်အစား၊ ဖျက်ဆီးခြင်းဖြစ်သည်။ (၁ကော၊၃း၁၂၊ ၁၆–၁၇)။

## *နံနက်ခင်းကျွေးမွေးခြင်း*

**တော၊ ၁၈း၁** **တစ်ဖန် ထာဝရဘုရားသည် အာရုန်အား မိန့်တော်မူသည်ကား၊ သင်နှင့် သင်၏သားမြေး၊ အဆွေအမျိုးတို့သည် သန့်ရှင်းရာဌာနတော်နှင့်ဆိုင်သောအပြစ်၊ သင်တို့ယဇ်ပုရောဟိတ်တို့နှင့်ဆိုင်သောအပြစ်ကို ခံရကြမည်။**

**ရော၊ ၁၁း၃၆** **အကြောင်းမူကား၊ ခပ်သိမ်းသောအရာတို့သည် ကိုယ်တော့်အထဲကလည်းကောင်း၊ ကိုယ်တော့်အားဖြင့်လည်းကောင်း၊ ကိုယ်တော်အဖို့အလို့ငှါလည်းကောင်း ဖြစ်ကြ၏။ ကိုယ်တော်သည် ကာလအစဉ်အဆက်ဘုန်းကြီးတော်မူစေသတည်း။ အာမင်။**

ဘုရားသခင်၏နှုတ်ကပတ်တော်၌ ကျွန်ုပ်တို့အား အချို့အပြစ်များကို လူအရှေ့ကျူးလွန်ခြင်းဖြစ်ပြီး၊ အခြားအပြစ်များကို ဘုရားရှေ့ ကျူးလွန်ခြင်းဖြစ်ကြောင်းဖော်ပြထားသည်။ အချို့အပြစ်များသည် သာမန်ပညတ်တရာများကို ဆန့်ကျင်ကျူးလွန်ခြင်းဖြစ်ပြီး၊ အခြားသည် သန့်ရှင်းရာဌာနကို ဆန့်ကျင်ကျူးလွန်သော အပြစ်များဖြစ်သည်။ တိုတိုပြောရသော်၊ ကျူးလွန်သောအပြစ်များသည် ကျွန်ုပ်တို့၏နေ့စဉ်အသက်တာနှင့် အလုပ်၌ ကျူးလွန်ကြခြင်းဖြစ်သည်။ တောလည်ရာကျမ်း၌ ကျွန်ုပ်တို့အား ယဇ်ပုရောဟိတ်တို့၏ အပြစ်များသည် သန့်ရှင်းရာဌာနကို ဆန့်ကျင်ကျူးလွန်သောအပြစ်များဖြစ်ကြောင်း ဖော်ပြထားသည်။ ယခုခေတ်ဝေါဟာရကို အသုံးပြု၍ ဆိုရသော်၊ သူတို့သည် ဘုရားသခင်၏ အမှုတော်အလုပ်၌ အပြစ်များကို ကျူးလွန်ကြခြင်းဖြစ်သည်။ များစွာသောအပြစ်များသည် အများနှင့်ဆိုင်သောအပြစ်များဖြစ်ကြသည်၊ သို့သော်သခင်ဘုရား၏အမှုဆောင်တစ်ဦးသည် အထူးဖြစ်သောအပြစ်များ– ဘုရားသခင်၏ အမှုတော်အလုပ်၌ အပြစ်များကို– ကျူးလွန်နိုင်သည်။ ဤအရာကို ကျွန်ုပ်တို့သည် အထူးအလေးထားဖို့ လိုအပ်သည်။ (*The Collected Works of Watchman Nee,* vol. 42, p. 359)

## *ယနေ့ဖတ်စရာ*

အမှုတော်အလုပ်နှင့်ဆိုင်သည့် အပြစ်တွင် မာနထောင်လွှားခြင်း သို့မဟုတ် မနာလိုဖြစ်ခြင်းကဲ့သို့သောအရာများ ပါဝင်ရန် မလိုအပ်ပါ။ အသွေးအသားကို ထင်ရှားစေသော်လည်းကောင်း၊ အတ္တအလိုဆန္ဒကို ဖော်ပြလိုသော်လည်းကောင်း၊ စကားမဆင်မခြင်ပြောခြင်း သို့မဟုတ် ဆုံးဖြတ်ချက်မဆင်မခြင်ချခြင်းသော်လည်းကောင်း၊ မကြာခဏအမှုဆောင်ခြင်းအလုပ်နှင့်ပတ်သက်၍ အထူးအပြစ်ကို ကျူးလွန်တတ်ကြသည်။ ဘုရား

သခင်၏ အမှုတော်အလုပ်၌ ကိုယ်တိုင်ပါဝင်ခြင်းမရှိသူများသည် သန့်ရှင်းရာဌာနနှင့်ဆိုင်သောအပြစ်များကို ကျူးလွန်လိမ့်မည်မဟုတ်ပါ။ သခင်ဘုရားအတွက် အမှုဆောင်သူများသည် အခြားအမျိုးများနှင့်ဆိုင်သောအပြစ်များအပြင် သန့်ရှင်းရာဌာနနှင့်ဆိုင်သောအပြစ်များကိုလည်း ကျူးလွန်မှုဖြစ်နိုင်ဖွယ်ရှိသည်။ အမှုဆောင်ခြင်းအလုပ်၌ အပြစ်ပြုခြင်းသည် ကိုယ်တော်၏သန့်ရှင်းခြင်း၊ ဘုန်းအသရေနှင့် အချုပ်အခြာအာဏာ၌ ဘုရားသခင်ကို အပြစ်ကျူးလွန်ခြင်းကို ဆိုလိုသည်။ ဘုရားသခင်၏ အမှုတော်အလုပ်၌ ဘုရားသခင်၏ အလိုတော်နှင့် သဟဇာတမဖြစ်သော အရာရာတိုင်းသည် အပြစ်နှင့် သန့်ရှင်းရာဌာနနှင့်ဆိုင်သောအပြစ် ဖြစ်သည်။

ကျွန်ုပ်သည် မိမိနှင့်အတူ အခြားသူများကို ဘုရားသခင်၏ အမှုတော်အလုပ်၌ ကျွန်ုပ်တို့မမေ့အပ်သော အရေးတကြီးစဉ်းစားရမည့်အချက် သုံးချက်ရှိကြောင်း မကြာမကြာပြောဆိုသည်။ ပထမဆုံး ဘုရားသခင်၏ အမှုတော်အလုပ်ကို စတင်ခြင်းသည် ကိုယ်တော်၏ အလိုတော်အတိုင်း ဖြစ်ရမည်။ ဒုတိယမှာ ဘုရားသခင်၏ အမှုတော်အလုပ်တိုးတက်ခြင်းသည် ကျွန်ုပ်တို့၏ အစွမ်းအစနှင့်မဟုတ်ဘဲ၊ ကိုယ်တော်၏ ခွန်အားတန်ခိုးတော်အတိုင်း ဖြစ်ရမည်။ တတိယမှာ ဘုရားသခင်၏ အမှုတော်အလုပ်၏ရလဒ်သည် ကိုယ်တော်၏ ဘုန်းအသရေအတွက် ဖြစ်ရမည်။ ကျွန်ုပ်တို့သည် ဤသုံးချက်မှ တစ်ခုကို ပျက်ကွက်ပါက၊ သန့်ရှင်းရာဌာနကို ဆန့်ကျင်သောအပြစ်ကို ကျူးလွန်ခြင်းဖြစ်သည်။ မည်သည့်အလုပ်ကိုမျှ ကျွန်ုပ်တို့အားဖြင့် အစမပြုနိုင်ပါ၊ မည်သည့်အလုပ်ကိုမျှ ကျွန်ုပ်တို့၏ ခွန်အားဖြင့် မလုပ်ဆောင်နိုင်ပါ၊ မည်သည့်အလုပ်ကိုမျှ ကျွန်ုပ်တို့၏ဘုန်းအသရေ၌ အကျိုးမယူသင့်ပါ။

အစည်းအဝေးများ၌ ညီအစ်မများသည် ညီအစ်ကိုများကို အလေးထားသည့်အနေဖြင့် သူတို့၏ခေါင်းကို ဖုံးကြသည်။ ဤအရာက လူတိုင်းသည် ခရစ်တော်ရှေ့၌ ဖုံးအုပ်ခံရခြင်းကို ပုံဆောင်သည်။ ကိုယ်တော်သည် သခင်ဘုရားဖြစ်သည်၊ ကိုယ်တော်သာလျှင် ဦးခေါင်းတော်ဖြစ်သည်။ ကိုယ်တော်သာလျှင် အရာခပ်သိမ်း၏ အရှင်သခင် ဖြစ်ထိုက်သည်၊ ကိုယ်တော်သာလျှင် မည်သည့်အမှုတော်အလုပ်ကိုမဆို အစပြုထိုက်သည်။ ဘုရားသခင်၏ အမှုတော်အလုပ်၌ မည်သည့်ဆုံးဖြတ်ချက်ကိုမျှ ညီအစ်ကို နှစ်ဦး သို့မဟုတ် သုံးဦး၏ ဆုံးဖြတ်ချက်ဖြင့် မလုပ်ဆောင်သင့်ပါ။ ဝိညာဉ်ဆိုင်ရာနှင့် ဘုရားသခင်ကျေနပ်ခြင်း ရှိသည်ဖြစ်စေ– မရှိသည်ဖြစ်စေ၊ အမှုတော်အလုပ်၏ရလဒ်နှင့် တန်ဖိုးသည် အလုပ်ပြီးစီးသောပမာဏအပေါ်တွင် မူတည်ခြင်းမဟုတ်ဘဲ၊ မိမိတို့အားဖြင့် မည်မျှအစပြုသည် နှင့် ဘုရားသခင်အားဖြင့် မည်မျှအစပြုထားသည်အပေါ် မူတည်သည်။

ဒေသန္တရဆိုင်ရာညီအစ်ကိုများကို မေးခွန်းတစ်ခု ကျွန်ုပ်မေးလိုပါသည်။ သင်၏ ဒေသန္တရ၌ လူများစွာက အလိုရှိသောကြောင့်သော်လည်းကောင်း၊ ကောင်းသောအကျိုး ရလဒ်ထွက်နိုင်သော အကျိုးသင့်အကြောင်းသင့်အကြောင်းအရာကြောင့်သော်လည်း ကောင်း၊ အမှုတော်အလုပ်ကို သင်အစပြုပါသလား။ သို့မဟုတ် ဘုရားသခင်၏ အလို တော်ကို သင်သိနေသောကြောင့် ၎င်းကို လုပ်ဆောင်ပါသလား။ ညီအစ်ကိုတို့၊ မဆင်မ ခြင် တစ်စုံတစ်ရာကို အစပြုခြင်းသည် သန့်ရှင်းရာဌာနကို ဆန့်ကျင်သောအပြစ်ကို ကျူး လွန်ခြင်း ဖြစ်သည်။ ဝိညာဉ်ဆိုင်ရာအကြောင်းအရာများ၌ သင်၏ အဆိုတင်ပြချက်များ သို့မဟုတ် ညွှန်ကြားချက်များအတွက် နေရာမရှိပါ။ ဘုရားသခင်သည် သင့်အား သူ၏ ဦးခေါင်းဖြစ်လာရန် အလိုဆန္ဒ မရှိပါ။ ယောဘဝတ္ထု၌ ဘုရားသခင်သည် ယောဘအား "ပညာမရှိဘဲ စကားပြောကာမျှနှင့် ငါ့အကြံကို မိုက်စေသော ဤသူကား အဘယ်သူ နည်း။ ... ငါမေးမြန်းသော ပြဿနာတို့ကို ဖြေလော့"ဟု မိန့်တော်မူသည် (၃၈း၂–၃)။ ဤစာပိုဒ်ကို ကျွန်ုပ်ဖတ်သောအခါတိုင်း၊ ကျွန်ုပ်အတွင်းထဲတွင် ရယ်မိပါသည်။ လူသည် ဘုရားသခင်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဖြစ်လိုကြသည်။ သို့သော် ဘုရားသခင်သည် မည်သည့် အတိုင်ပင်ခံပုဂ္ဂိုလ်ကိုမျှ မငှါးပါ။ ပေါလုက "အဘယ်သူသည် သခင်ဘုရား၏ တိုင်ပင်ဘက် ဖြစ်သနည်း"ဟု ဆိုထားသည် (ရော၊၁၁း၃၄)။ လုပ်ဖော်ဆောင်ဘက်များသည် သူတို့ အလေးထားသင့်သည့် သန့်ရှင်းရာဌာန၌ အမှုတော်အလုပ်ကို အလေးမထားမည်ကို ကျွန်ုပ်စိုးရိမ်မိပါသည်။ သင်သည် အစပိုင်းတွင် ကောင်းစွာဂရုစိုက်လုပ်ကောင်း လုပ်မည် ဖြစ်သော်လည်း၊ ယနေ့ သင်သည် ဂရုမစိုက်တော့ဘဲ လျော့ရဲလာမည် ဖြစ်နိုင်သည်။ အခွင့် အာဏာအနည်းငယ် ပိုရှိလာသူများသည် ပို၍ ပြောဆိုလာကာ၊ ပို၍ ချုပ်ကိုင် လာကြ သည်။ သခင်ဘုရား၏ အမှုတော်အလုပ်အထဲသို့ ရောက်လာကာစရှိသူများတို့သည် ရှစ် နှစ် သို့မဟုတ် ဆယ်နှစ်ခန့် လုပ်ဆောင်နေသူများထက် ပိုမိုဂရုတစိုက်လုပ်ကောင်းလုပ် ဆောင်ကြမည်ဖြစ်သည်။ (*The Collected Works of Watchman Nee*, vol. 42, pp. 359-361)

*ပို၍ဖတ်ရန်* – *Life-study of 1 Corinthians*, msg. 27

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————————————

——————————————————————————————————————

——————————————————————————————————————

——————————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**တော၊ ၁၈း၃ လေဝိသားတို့သည် သင့်ကိုရင်း၊ တဲတော်ရှိသမျှကိုရင်း၊ စောင့်ရကြမည်။ သို့ရာတွင် သင်တို့နှင့်သူတို့သည် သေဘေးလွတ်မည်အကြောင်း၊ သူတို့သည် တဲတော်တန်ဆာ၊ ယဇ်ပလ္လင်တန်ဆာများကို မချဉ်းကပ်ရ။**

**၁ကော၊ ၁၁း၂၉ အကြောင်းမူကား၊ မထိုက်မတန်ဘဲ စားသောက်သောသူသည် သခင်ဘုရား၏ခန္ဓာကို ပိုင်းခြား၍မသိသောကြောင့်၊ မိမိအပေါ်သို့ စီရင်ခြင်းရောက်စေခြင်းငှါ စားသောက်သောသူဖြစ်၏။**

**၂ကော၊ ၅း၁၀ အကြောင်းမူကား၊ ငါတို့ရှိသမျှသည်. . .ခရစ်တော်၏တရားပလ္လင်ရှေ့၌ ပေါ်လာရကြမည်။**

ကျွန်ုပ်သည် မည်သည့်အရာကိုမျှ အစမပြုရသောကြောင့် ဘုရားသခင်ကို ကျေးဇူးတင်ပါသည်။ ကိုယ်တော်သည် အရာခပ်သိမ်းကို စီစဉ်ပေးသည်။ ကျွန်ုပ်သည် တစ်စုံတစ်ရာစဉ်းစားခြင်းအတွက် တာဝန်ယူရခြင်းမရှိပါ။ ကျွန်ုပ်တို့သည် တစ်ခါတစ်ရံ ဤသို့လုပ်ရန် ထိုသို့လုပ်ရန် စဉ်းစားကြသည်၊ သို့သော် ဘုရားသခင်၌ အစီအစဉ်ရှိပြီးဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဖြစ်ဖို့ မလိုပါ။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အလိုတော်ကို လုပ်ဆောင်ရန်သာ လိုသည်၊ တစ်စုံတစ်ရာသည် ကိုယ်တော်၏ အလိုတော်အတိုင်းဖြစ်ကြောင်းကို ရှာတွေ့ဖို့သာ လိုသည်။ ကျွန်ုပ်တို့သည် အကျိုးရလဒ်အတွက် စိုးရိမ်ပူပန်နေစရာမလိုပါ။ ဘုရားသခင်၏ အမှုတော်အလုပ်ကို စတင်ခြင်းသည် ကိုယ်တော်၏ အလိုတော်နှင့် ကိုယ်တော်၏ အလိုတော်တစ်ခုတည်းသာ ဖြစ်ရမည်။ ကျွန်ုပ်တို့၌ တစ်စုံတစ်ရာကို စတင်ရန် အခွင့်အရေးမရှိပါ။ ဘုရားသခင်၏ အလိုတော်သည် တုန့်ပြန်ရာမဲ့ ကိုယ်တော်၏ အမှုတော်အလုပ်အားလုံး၏ အစပြုခြင်း ဖြစ်ရမည်။ (*The Collected Works of Watchman Nee*, vol. 42, p. 360)

## ယနေ့ဖတ်စရာ

တောလည်ရာကျမ်းစာစောင်၌ ကျွန်ုပ်တို့အား သန့်ရှင်းသောအရာများနှင့် အများဆိုင်ရာအရာများ၏ ခြားနားခြင်းကို ဖော်ပြထားသည်။ ကျွန်ုပ်တို့သည် အများဆိုင်ရာနည်းလမ်း၌ တစ်စုံတစ်ရာကို ထိတွေ့ခြင်းဖြင့် သန့်ရှင်းမှုမရှိခြင်းအထဲသို့ ကျဆင်းမသွားသင့်ပါ။ သင်သည် တစ်ဦးတစ်ယောက်အား ဗတ္တိဇံပေးဘူးပါသလား။ ပထမဆုံးအကြိမ်သင်သည် တစ်ဦးတစ်ယောက်အား ဗတ္တိဇံပေးသောအခါ ကောင်းစွာအလေးထားလိမ့်မည်ဖြစ်သည်။ ငါးကြိမ် သို့မဟုတ် ဆယ်ကြိမ်ရောက်လာသောအခါ၊ သင့်အတွက် ပြုနေ

ကြဖြစ်လာလိမ့်မည်။ သန့်ရှင်းရာဌာန၌ အသစ်ဖြစ်ခြင်းမရှိပါ။ ယဇ်ပုရောဟိတ်သည် ရှေ့တော်မုန့်ကို လဲလှယ်ပေးရမည်၊ မီးတိုင်ကို ညှိပေးရမည်၊ နံ့သာပေါင်းမီးရှို့ ပေးရမည်ဖြစ်သည်။သူတို့သည် တစ်နေ့ပြီးတစ်နေ့၊ တစ်နှစ်ပြီးတစ်နှစ် ထိုအရာများကိုသာ လုပ်ဆောင်နေရသည်။ သို့သော် သူတို့သည် ထိုအရာကို အနည်းငယ်ဂရုမစိုက်ရုံမျှနှင့်၊ သန့်ရှင်းရာဌာနနှင့်ဆိုင်သည့်အပြစ်ကို ကျူးလွန်၍ သေရလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် မည်သည့်ယဇ်ပုရောဟိတ်မျှ သူ၏ အလုပ်ကို သာမန်အရာဖြစ်သည်ဟု မစဉ်းစာပါ။ အမှုဆောင်တစ်ဦးသည် ပထမဆုံး အကြိမ် ဝေမျှချက်ပေးခြင်းကို လွန်စွာအလေးထားပေသည်။ သူသည် အကြိမ်အနည်းငယ်ကြာဟောပြောပြီးနောက်၊ ဤအရာသည် သူ့အတွက် ပြုနေကြအမှု ဖြစ်လာပေမည်။ လူများစွာက ကျွန်ုပ်အား "သင်သည် အချိန်တိုင်း ပြင်ဆင်နေသည်ဟု ထင်မြင်ကြောင်း" ပြောဆိုကြသည်။ သို့သော်လည်း ဓမ္မသစ်ကျမ်းကို ကျွန်ုပ်ဖတ်သောအခါတိုင်း၊ ယခင်က ကျွန်ုပ်မဖတ်ဘူးသကဲ့သို့ ခံစားရသည်၊ ကျွန်ုပ်ဟောပြောသောအခါတိုင်း ပထမအကြိမ် ဟောပြောသကဲ့သို့ ခံစားရကြောင်း၊ ကျွန်ုပ်သက်သေခံနိုင်သည်။ ကျွန်ုပ်တို့ ညီအစ်ကိုများသည် ဘုရားသခင်၏ အမှုတော်အလုပ်ကို သာမန်အကြောင်းအရာကဲ့သို့ မစဉ်းစားသင့်ပါ။ ကျွန်ုပ်တို့သည် အခြားသူများအား အသစ်လန်းဆန်းမှုဖြစ်စေသည်– မဖြစ်စေသည်မှာ ဝိညာဉ်ဆိုင်ရာအရာများသည် ကျွန်ုပ်တို့အား အသစ်ဖြစ်စေခြင်းအပေါ် မူတည်သည်။

မုန့်ဖွဲ့ခြင်းဥပမာကို ကြည့်ကြပါစို့။ ကျွန်ုပ်တို့သည် ပထမဆုံးအကြိမ် မုန့်ဖွဲ့ခြင်းကောင်းကြီးကို ယူသောအခါ၊ ၎င်း၏ရည်ရွယ်ချက်ကို လွန်စွာအလေးထားကြသည်။ ကျွန်ုပ်တို့သည် သခင်ဘုရားမျက်မှောက်တော်တွင် လွန်စွာဂရုစိုက်ကြပြီး၊ ကျွန်ုပ်တို့သည် ယဇ်ပုရောဟိတ်အစစ်အမှန်ကဲ့သို့ ရှိကြသည်။ မသိစိတ်၏စေ့ဆော်မှုအရ၊ ဘုရားသခင်၏ တန်ခိုး တော်နှင့် ကိုယ်တော်၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့အပေါ် ဆင်းသက်နေသည်။ သို့သော် တဖြည်းဖြည်း၊ ကျွန်ုပ်တို့သည် ပို၍ပေါ့လျော့ လာကြသည်။ ကျွန်ုပ်တို့၏ ဝိညာဉ်ဆိုင်ရာခံစားမှုသည် ယခင်ကလောက် သန့်စွမ်းခြင်းမရှိတော့ဘဲ၊ ကျွန်ုပ်တို့တွင် ဆုတောင်းခြင်းနှင့် ဝတ်ပြုခြင်းအတွက် အနည်းငယ်သောဝိညာဉ်သာရှိတော့သည်။ ထိုပုဂ္ဂိုလ်က ဘုရားသခင်သည် ထိုသို့သောအချိန်မျိုး၌ သူ့အား တန်ခိုးနှင့် ဘိသိက်ပေးခြင်းမရှိတော့ကြောင်း သိရှိလာသည်။ သို့သော် သူသည် ယခင်က ထိုအရာကို သူလုပ်ဆောင်သည့်အတွက်၊ ယနေ့ ထိုအရာအတိုင်း သူလုပ်ဆောင်နိုင်သည်ဟု စဉ်းစားကောင်း စဉ်းစားမည်ဖြစ်သည်။ ဤနည်းလမ်း၌ သူသည် သူ၏ဝိညာဉ်ဆိုင်ရာလန်းဆန်းမှုနှင့် အသက်၏တန်ခိုး ပျောက်ဆုံးနေရသည်။ ၎င်းမှာ သန့်ရှင်းရာဌာနနှင့်ဆိုင်သည့် အကျိုး သို့မဟုတ်

အပြစ်ဒဏ် သုံးမျိုးဖြစ်သည်။ ပထမဆုံး အသက်၏ တန်ခိုး ပျောက်ဆုံးသွားခြင်းဖြစ်သည်။ လူသည် ပောင်းညစ်သွားသည်။ ဒုတိယမှာ ဝိညာဉ်ဆိုင်ရာသေခြင်းကို တွေ့ကြုံခံစားရခြင်းဖြစ်သည်။ ဖျားနာခြင်းများ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာသေခြင်း ဖြစ်ကောင်းဖြစ်နိုင်သည်။ ဘုရားသခင်သည် ဤနည်းလမ်း၌ အပြစ်ရှိသူတို့ကို ဆက်လက်လုပ်ဆောင်ရန် ခွင့်ပြုမည်မဟုတ်ပါ။ တတိယမှာ အပြစ်စီရင်ရာနေရာ၌ အပြစ်စီရင်လိမ့်မည် ဖြစ်သည်။ အပြစ်စီရင်ရာနေရာ၌ မည်သည့်အပြစ်မျှ သန့်ရှင်းရာဌာနနှင့်ဆိုင်သောအပြစ်ထက် ကြီးလိမ့်မည်မဟုတ်ဟု ကျွန်ုပ်အလေးအနက်ခံစားမိသည်။

ညီအစ်ကိုများဖြစ်သော ကျွန်ုပ်တို့သည် ဤအကြောင်းအရာကို အလေးအနက်ထားဖို့လိုသည်။ ကျွန်ုပ်တို့သည် အမှုတော်အလုပ်ကို အစပြုနိုင်မည်မဟုတ်ပါ။ လူတစ်ယောက်သည် သူ၏ အလိုဆန္ဒကို ရောက်သောအခါ၊ ကျေနပ်ခြင်းကိုခံစားရသည်။ ထိုတည်းတူ၊ ဘုရားသခင်သည် သူ၏ အလိုတော်ပြည့်စုံသောအခါ ကျေနပ်ခြင်းကို ခံစားရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလိုတော်ကို ဆောင်ခြင်းမှအပ အခြားရွေးချယ်စရာမရှိပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလိုတော်ကို အခြားမည်သည့်အရာမျှ အစားမထိုးနိုင်ပါ။ ဘုရားသခင်၏ အလိုတော်ကို မြေကြီးပေါ်ရှိ ပူဇော်သက္ကာအားလုံးဖြင့်လည်း အစားမထိုးနိုင်ပါ။ လူတို့က သူတို့၏ အမှုတော်အလုပ်သည် ဘုရားသခင်၏ အလိုတော်ထက် သာ၍ကောင်းလိမ့်မည်၊ ကိုယ်တော်၏ အလိုတော်သည် မှားကောင်းမှားနိုင်ဟု စဉ်းစားကောင်းစဉ်းစားမည်ဖြစ်သည်၊ သို့သော် ဘုရားသခင်သည် မည်သည့်အတိုင်ပင်ပုဂ္ဂိုလ်များမျှ မလိုအပ်ကြောင်း ကျေးဇူးပြု၍ အမှတ်ရနေပါ။ ကိုယ်တော်သည် သူ၏ အလိုတော်ကို ဆောင်ရန်သာ ကျွန်ုပ်တို့ကို အလိုရှိသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် အရာများစွာကို လုပ်ဆောင်ကောင်း လုပ်လိမ့်မည်ဖြစ်သော်လည်း၊ ကျွန်ုပ်တို့မည်မျှလုပ်ဆောင်ပါစေ၊ လက်ခံနိုင်သည့်တစ်ခုတည်းအရာမှာ ဘုရားသခင်၏ အလိုတော်သာ ဖြစ်သည်။ (*The Collected Works of Watchman Nee*, vol. 42, p. 361-362)

*ပို၍ဖတ်ရန်* – *The Collected Works of Watchman Nee*, vol. 42, ch. 45

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**တော၊ ထို့ကြောင့် သင်နှင့်သင်၏သားတို့သည် ယဇ်ပလ္လင်နှင့်ဆိုင်သောအမှု၊**
**၁၈း၇ ကန့်လန့်ကာအတွင်း၌ ဆောင်ရွက်စရာအမှုရှိသမျှတို့ကို ယဇ်ပုရော**
**ဟိတ်ပြု၍ ဆောင်ရွက်ရကြမည်။ သင်တို့အား ကျေးဇူးပြု၍ ယဇ်ပု**
**ရောဟိတ်အရာကို ငါပေးပြီ။ မဆိုင်သောသူသည် အနီးအပါးသို့**
**ချဉ်းကပ်လျှင်၊ အသေသတ်ခြင်းကို ခံရမည်ဟုမိန့်တော်မူ၏။**
**၁ကော၊ ထို့ကြောင့် ဘုရားသခင်ရှေ့၌ အဘယ်သူမျှ ဝါကြွားစရာအကြောင်းမ**
**၁း၂၉ ရှိ။**

ဘုရားသခင်၏ အမှုတော်အလုပ် တိုးတက်လာခြင်းကို ကိုယ်တော်၏ တန်ခိုးတော်အားဖြင့်သာ လုပ်ဆောင်နိုင်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလိုတော်နှင့် ရည်ရွယ်ချက်ကို ကိုယ်တော်၏ တန်ခိုးတော်နည်းလမ်းဖြင့်သာ ပြီးမြောက်အောင်မြင်နိုင်သည်။ ဘုရားသခင်၏ အလိုတော်ပြီးမြောက်ရန်အလို့ငှါ၊ ဘုရားသခင်သာအစပြုရမည်သာမက၊ ၎င်းကို လုပ်ဆောင်သည့်အဆင့်ဆင့်သည်လည်း ကိုယ်တော်၏ အလိုတော်အတိုင်း ဖြစ်ရမည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အစွမ်းအစဖြင့် ဘုရားသခင်၏ အလိုတော်ကို ပြီးပြည့်စုံစေနိုင်မည်မဟုတ်ပါ။ သင်၏ အိတ်ထဲ၌ "ငွေ"မည်မျှရှိစေကာမူ၊ ၎င်းဖြင့် သင်သည် ဘုရားသခင်၏ နိုင်ငံတော်၌ မည်သည့်အရာကိုမျှ ဝယ်ယူနိုင်မည်မဟုတ်ပါ။ ဘုရားသခင်၏ တန်ခိုးတော်၊– ဘုရားသခင်၏"ငွေ"၊– ကိုသာ လက်ခံလိမ့်မည်ဖြစ်သည်။ လူသည် ဘုရားသခင်၏ အလိုတော်ကို သိပြီးနောက်ပင်လျှင်၊ အလုပ်ကို သူ၏ အင်အားစွမ်းအား၊ အတွေးအခေါ်၊ ထူးခြားသည့်ပါရမီ သို့မဟုတ် စကားပြောကောင်းခြင်းဖြင့် ပြီးမြောက်အောင် ကြိုးစားခြင်းကြောင့် အန္တရာယ်ရှိနေသေးသည်။ ဣရှမေလကို အာဗြံဟံ၏ မွေးဖွားခြင်းသည် ပုံစံနမူနာတစ်ခုဖြစ်သည်။ ဤအရာသည် ပြဿနာတည်သောနေရာ ဖြစ်လာပေသည်။ အမှုတော်အလုပ်၏ အစပြုခြင်းအချက်နှင့် နောက်ဆုံးပန်းတိုင်သည် ဘုရားသခင်၏ အလိုတော်အတိုင်း ဖြစ်နိုင်သော်လည်း၊ ကိုယ်တော်၏ အလိုတော်ပြည့်စုံရန် လူအသုံးပြုသော နည်းလမ်းနှင့် စွမ်းအားသည် လွန်စွာအရေးကြီးသည်။ သခင်ဘုရား၏ အမှုတော်အလုပ်အားလုံးသည် ဘုရားသခင်၏ အလိုတော်ပြည့်စုံရန် နည်းလမ်းအားအသုံးပြုခြင်းအကြောင်းကို ကိုယ်တိုင် အသေအချာစစ်ဆေးရမည်။ (*The Collected Works of Watchman Nee*, vol. 42, p. 362-363)

## ယနေ့ဖတ်စရာ

အမှုတော်အလုပ်၏ ပန်းတိုင်သည် ဝိညာဉ်ဆိုင်ရာ ဖြစ်ရမည်။ ဘုရားသခင်၏ ပန်း

တိုင်သို့ ကျွန်ုပ်တို့ရောက်သော နည်းလမ်းနှင့် နည်းစနစ်သည်လည်း ဝိညာဉ်ဆိုင်ရာဖြစ်ရမည်။ သို့မဟုတ်ပါက၊ ကျွန်ုပ်တို့သည် သန့်ရှင်းရာဌာနအထဲသို့ အသွေးအသားကို ယူဆောင်ခြင်းဖြင့် သန့်ရှင်းရာဌာနနှင့်ဆိုင်သောအပြစ်ကို ကျူးလွန်လိမ့်မည်ဖြစ်သည်။ ဘုရားသခင်အမှုတော်အလုပ်၏ပြီးမြောက်ခြင်းတွင် ကျွန်ုပ်တို့၏စွမ်းအားဖြင့် လုပ်ဆောင်ခြင်း မရှိရပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏တန်ခိုးတော်အရ တစ်စုံတစ်ရာကို လုပ်ဆောင်ပြီးစီးသည် ဖြစ်ပါစေ၊ ကျွန်ုပ်တို့မည်မျှလုပ်ဆောင်ပြီးပါပြီးဆိုသည့် မေးခွန်းဟူ၍ မရှိပါ။

ဘုရားသခင်အမှုတော်အလုပ်၏ အစပြုခြင်းသည် ကိုယ်တော်၏ အလိုတော်အတိုင်းဖြစ်ပြီး၊ ကိုယ်တော်၏ အမှုတော်အလုပ်တိုးတက်ခြင်းသည် ကိုယ်တော်၏ တန်ခိုးတော်အရ ဖြစ်သည်။ ဤအရာနှစ်ခုသည် ကျွန်ုပ်တို့နှင့် မည်သို့မျှမသက်ဆိုင်ပါ။ ဤအလေ့အလာအတိုင်းပင်၊ ဘုရားသခင်အမှုတော်အလုပ်၏ရလဒ်သည် ကျွန်ုပ်တို့၏ဘုန်းအသရေမဟုတ်ဘဲ၊ ဘုရားသခင်၏ဘုန်းအသရေဖြစ်သည်။ ဘုရားသခင်သည် ကိုယ်တော်၏ဘုန်းအသရေကို ကျွန်ုပ်တို့အား မျှဝေပေးရန် အလိုတော်မရှိပါ။ ထို့ကြောင့် ကိုယ်တော်သည် ကျွန်ုပ်တို့အား မည်သည့်အရာမျှလုပ်ဆောင်ရန် ခွင့်မပြုပေ။ ထို့ကြောင့် ကိုယ်တော်သည် သူ၏ အမှုတော်အလုပ်အတွက် လောကတွင် အားနည်းသူ၊ မိုက်မဲသူနှင့် အထင်အမြင်သေးခံရသူများကို ရွေးချယ်ခြင်းဖြစ်သည်။ ကိုယ်တော်သည် လူကို အရာခပ်သိမ်းပေးနိုင်သည်။ ကိုယ်တော်သည် လူအား သူ၏သားတော်ကိုပင် ပေးရန်အလိုဆန္ဒရှိသည်။ သို့သော် ကိုယ်တော်သည် သူ၏ဘုန်းအသရေအား လူကို ပေးလိမ့်မည်မဟုတ်ပါ (၁ကော၊ ၁း၂၉)။ ကျွန်ုပ်တို့သည် သခင်ဘုရား၏ဘုန်းအသရေအထဲသို့သာ ဝင်ရောက်နိုင်သည်။ ကျွန်ုပ်တို့သည် လွန်စွာဆင်းရဲပြီး အားနည်းသူ ဖြစ်ကောင်း ဖြစ်နိုင်သော်လည်း၊ ညီအစ်ကို ညီအစ်မအချို့တို့ကို အနည်းငယ်အကူအညီပေးနိုင်ရုံမျှနှင့်သော်လည်းကောင်း၊ လူအနည်းငယ်ကို ကယ်တင်နိုင်ရုံမျှနှင့်သော်လည်းကောင်း၊ ချက်ချင်းပင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ဘုန်းအသရေကို ခိုးယူရန် အစပြုလိုကြပြီဖြစ်သည်။ ကိုယ်တော်၏ဘုန်းအသရေကို ခိုးယူခြင်းသည် သန့်ရှင်းရာဌာနနှင့်ဆိုင်သောအပြစ်ကို ကျူးလွန်နေခြင်း ဖြစ်သည်။

အချို့တို့သည် ဝိညာဉ်ဆိုင်ရာအသိနှင့် တွေ့ကြုံခံစားခြင်း များစွာရှိလာကြသောအခါ၊ သူတို့သည် ဝိညာဉ်ဆိုင်ရာမာနတက်လာခြင်းလည်း ရှိကြလိမ့်မည်ဖြစ်သည်။ သူတို့သည် ဘုရားသခင်၏ အလိုတော်နှင့် ဘုန်းအသရေကိုလည်း မမြင်တော့ပါ။ ထို့ကြောင့် သူတို့သည် မိမိတို့အားဖြင့် အမှုဆောင်ကြပြီး၊ သူတို့၏ဘုန်းအသရေကိုသာ ရှာနေကြ

သည်။ ကျမ်းစာကို ကျေးဇူးပြု၍ နားထောင်ပါ။ ကျမ်းစာက ဘုရားသခင်သည် မာန ထောင်လွှားခြင်းကို "ငြင်းဆန်"၍ (၁ရှမွေ၊၁၅း၂၃)၊ "ဆီးတား"(၁ပေ၊၅း၅)တော်မူကြောင်း ပြောဆိုထားသည်။ ကျမ်းစာ၌ ဤစကားထက်ပို၍ ပြင်းထန်သောစကား ရှာတွေ့ရန် ခက်ခဲသည်။ *ငြင်းဆန်ခြင်း* စကားသည် တစ်ဦးတစ်ယောက်အား အဆုံးတိုင် စေခြင်းကို ဆိုလိုသည်၊ *ဆီးတားခြင်း*သည် စာတန်ကို ဆန့်ကျင်ရန် အသုံးပြုသောစကား ဖြစ်သည်။ မာနထောင်လွှားခြင်းလောက် ဘုရားသခင်၏မျက်စိ၌ မှားယွင်း စက်ဆုပ်ဖွယ်ရာဖြစ်ခြင်းနှင့် ကိုယ်တော်၏ အမှုတော်အလုပ်၌ ဆိုးညစ်သောအရာ ဘယ်အရာမျှ မရှိပါ။ ဤလောက၌၊ စာတန်၏ လှည့်စားခြင်းအောက်၌ ရှိသူတိုင်းသည် မာနထောင် လွှားသောလူပုဂ္ဂိုလ် ဖြစ်သည်။ မာနာထောင်လွှားသောလူပုဂ္ဂိုလ်သည် သူ့ကိုယ်သူ မသိပါ။ မိမိကိုယ်ကို သိသူများကို လှည့်စား၍မရနိုင်ပါ။

သန့်ရှင်းရာဌာနအနီးအပါးသို့ ချဉ်းကပ်ခြင်းအပြစ်သည် သေခြင်းဖြစ်သည် (တော၊၁၈း၁–၇)။ သန့်ရှင်းရာဌာနကို ဆန့်ကျင်ခြင်းအပြစ်သည် လူ၏တရားစီရင်ခြင်း အားဖြင့် လုပ်ဆောင်၍ မရနိုင်ပါ။ ဘုရားသခင်သည် ၎င်းကို တိုက်ရိုက်စီရင်သည်။ သန့်ရှင်းရာဌာနအနီးသို့ ချဉ်းကပ်လာသောသူတို့သည် ချက်ချင်းအသေသတ်ခြင်းခံရမည်။ ယဇ်ပုရောဟိတ်များသည် ၎င်းကို စီရင်ရန် မလိုအပ်ပါ။ သာမန်အပြစ်များသည် ယဇ်ပုရောဟိတ်များ၏ တရားစီရင်ခြင်းအားဖြင့် ပြုနိုင်သော်လည်း၊ သန့်ရှင်းရာဌာနနှင့်ဆိုင်သောအပြစ်သည် ဘုရားသခင်ကို တိုက်ရိုက်ဆန့်ကျင်ပုန်ကန်ခြင်းဖြစ်၍ ဘုရားသခင်သည် ၎င်းကို တိုက်ရိုက်တရားစီရင်မည်ဖြစ်သည်။ အပြစ်များစွာသည် ဘုရားသခင်ကို သွယ်ဝိုက်၍ ပြစ်မှုကျူးလွန်ခြင်းဖြစ်သော်လည်း၊ သန့်ရှင်းရာဌာနနှင့်ဆိုင်သောအပြစ်သည် ဘုရားသခင်ကို တိုက်ရိုက်ဆန့်ကျင်ကျူးလွန်ခြင်းဖြစ်သည်။ သန့်ရှင်းရာဌာနသည် ဘုရားသခင်ပိုင်ဆိုင်သောကြောင့်၊ သန့်ရှင်းရာဌာနနှင့်ဆိုင်သောအပြစ်သည် ဘုရားသခင်၏ ဘုန်းအသရေနှင့် ဘုရားသခင်ကိုယ်တော်တိုင်ကို ထိပါးခြင်းဖြစ်သည်။ ဤအရာသည် အလွန်အရေးကြီးသောအကြောင်းအရာဖြစ်သည်။ ကျွန်ုပ်သည် ဤအရာကို အဖိုးထိုက် သွေးတော်အောက်တွင်သာ ပြောဆိုနိုင်သည်။ သခင်ဘုရား၏ ခွင့်လွှတ်ခြင်းအတွက် ကျွန်ုပ်တောင်းဆိုပါသည်၊ ညီအစ်ကိုများခွင့်လွှတ်ခြင်းအတွက်လည်း ကျွန်ုပ်တောင်းဆိုပါသည်။ (*The Collected Works of Watchman Nee*, vol. 42, p. 363-366)

*ပို၍ဖတ်ရန်* – *Life-study of 1 Corinthians*, msg. 27-28

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––– –––––––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**၁ကော၊ ထို့ကြောင့် ငါချစ်သောညီအစ်ကိုတို့၊ သင်တို့၏ အမှုဆောင်ခြင်းသည်**
**၁၅း၅၈ သခင်ဘုရား၌ အချည်းနှီးမဖြစ်ကြောင်းကို သိမှတ်သဖြင့် တည်ကြည်သောစိတ်နှင့်ပြည့်စုံ၍၊ မရွေ့လျော့မတိမ်းယိမ်းဘဲလျက်၊ သခင်ဘုရား၏ အမှုတော်၌ အစဉ်ကြိုးစားအားထုတ်ခြင်းရှိကြလော့။**
**၃း၉ ငါတို့သည် ဘုရားသခင်၏လုပ်ဖော်ဆောင်ဖက်များဖြစ်ကြ၏။ သင်တို့သည် ဘုရားသခင်၏ဥယျာဉ်တော်ဖြစ်ကြ၏။ ဘုရားသခင်၏အဆောက်အဦလည်းဖြစ်ကြ၏။**

အသင်းတော်၏ အင်္ဂါဝင်များအားလုံးသည် ဘုရားသခင်၏ဥယျာဉ်တော်၌ အပင်များဖြစ်ကြသည်။ သူတို့သည် ဘုရားသခင်၏ လုပ်ဖေါ် ဆောင်ဖက်များဖြစ်သော ခရစ်တော်၏ အမှုဆောင်သူများအားဖြင့် စိုက်ပျိုးခြင်းခံရပြီး၊ သူတို့သည် ဘုရားသခင်၏ လုပ်ဖေါ် ဆောက်ဖက်များလည်းဖြစ်သော အခြားအမှုဆောင်သူများအားဖြင့် ရေလောင်းခြင်းခံရကာ၊ သူတို့ကို ဘုရားသခင်ကိုယ်တော်တိုင်အားဖြင့် အသက်၌ ကြီးထွားခြင်းဖြစ်စေသည်။ ကျွန်ုပ်တို့သည် အသင်းတော်၏ အင်္ဂါဝင်များဖြစ်လာခြင်းသည် လူမှုရေးဆိုင်ရာအဖွဲ့အစည်းကို ဆက်သွယ်ခြင်းနည်းလမ်းဖြင့်မဟုတ်ဘဲ၊ စိုက်ပျိုးခံရ၍ ဖြစ်သည်။ ပေါလုသည် ဘုရားသခင်၏ဥယျာဉ်တော်ဖြစ်သော အသင်းတော်အထဲသို့ ကောရိန္သုယုံကြည်သူများကို စိုက်ပျိုးခဲ့သည်၊ ထိုကြောင့် သူတို့သည် ခရစ်တော်ကို ကြီးထွားနိုင်ခြင်းဖြစ်သည်။

စိုက်ပျိုးခြင်း၊ ရေလောင်းခြင်းနှင့် ကြီးထွားစေခြင်းသည် (၁ကော၊၃း၆) အသက်၏ အကြောင်းအရာနှင့် သက်ဆိုင်သည်။ ဤအရာက ယုံကြည်သူများသည် ခရစ်တော်ကို ကြီးထွားရန် ဘုရားသခင်၏ဥယျာဉ်တော်ဖြစ်ကြောင်း ဖေါ်ပြနေသည်။ ဘုရားသခင်၏ဥယျာဉ်တော်ဖြစ်သည့် အသင်းတော်တည်းဟူသော ကျွန်ုပ်တို့သည် ကြီးထွားဖို့လိုအပ်သည်။ ကြီးထွားခြင်းမရှိပါက၊ ကျွန်ုပ်တို့သည် အသုံးဝင်ခြင်းရှိမည်မဟုတ်ပါ။ ကျွန်ုပ်တို့သည် အသက်ရှင်နေသမျှ၊ ကျွန်ုပ်တို့တွင် ကြီးထွားရန်အခွင့်အရေးရှိကြသည်။ သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ မည်သူမျှ ကြီးထွားခြင်းမရှိဘဲ၊ အသက်ရှင်ရန် အလိုရှိကြလိမ့်မည်မဟုတ်ကြောင်း ကျွန်ုပ်ယုံကြည်ပါသည်။ သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ရှိသော သန့်ရှင်းသူများအားလုံးသည် ကြီးထွားရန် အလိုရှိကြရမည်။ ကျွန်ုပ်တို့သည် "သခင်ဘုရား၊ ကျွန်ုပ်တို့ကို ကြီးထွားရန်အခွင့်ပေးပါ"ဟု ဆုတောင်းရမည်။ ဘုရားသခင်၏ဥယျာဉ်၌ ကျွန်ုပ်တို့၏ကြီးထွားခြင်းရည်ရွယ်ချက်မှာ ခရစ်တော်ကို ထုတ်လုပ်

ရန် ဖြစ်သည်။ စပျစ်ဥယျာဉ်၏ ပန်းတိုင်သည် စပျစ်သီးများကို ထုတ်လုပ်ရန်ဖြစ်သကဲ့သို့ ဘုရားသခင်၏ ဥယျာဉ်တော်၏ ပန်းတိုင်သည် ခရစ်တော်ကို ထုတ်လုပ်ရန်ဖြစ်သည်။ (*Life-study of 1 Corinthians*, pp. 197-198)

## ယနေ့ဖတ်စရာ

၁ကော၊၃း၁၂၌ ပေါလုက "သို့သော်ထိုတိုက်မြစ်အပေါ်၌ ရွှေ၊ ငွေ၊ ကျောက်ကောင်း၊ သစ်သား၊ မြက်ပင်၊ ကောက်ရိုးများကို ထပ်ဆင့်၍တည်ဆောက်သောသူရှိသမျှ"ဟူ၍ ပြောဆိုထားသည်။ ရွှေ၊ ငွေနှင့် ကျောက်ကောင်းသည် သုံးပါးတစ်ပါးဘုရား၏ ကောင်းမြတ်ခြင်းများနှင့် ဂုဏ်အင်္ဂါများ၌ ခရစ်တော်ကို များစွာတွေ့ကြုံခံစားခြင်းကို ပုံဆောင်သည်။ ဤအရာမှာ တမန်တော်များနှင့် အတူ ဝိညာဉ်ရေးရာယုံကြည်သူများသည် ခရစ်တော်၏ တုနှိုင်းရာမဲ့ အခြေအပေါ်တွင် အသင်းတော်ကို တည်ဆောက်ကြခြင်းဖြစ်သည်။ ရွှေသည် ၎င်း၏ ဂုဏ်အင်္ဂါများ အားလုံးနှင့်အတူ ခမည်းတော်ဘုရား၏ ဘုရားဆိုင်ရာသဘောသဘာဝကို ပုံဆောင်ပြီး၊ ငွေသည် ကိုယ်တော်၏ ပုဂ္ဂိုလ်တော်နှင့် အလုပ်၏ ကောင်းမြတ်ခြင်းများနှင့် ဂုဏ်အင်္ဂါများ အားလုံးနှင့်အတူ ရွေးနှုတ်တော်မူသောခရစ်တော်ကို ပုံဆောင်ကာ၊ ကျောက်ကောင်းသည် ၎င်း၏ ဂုဏ်အင်္ဂါများ အားလုံးနှင့်အတူ ဝိညာဉ်တော်၏ ပုံသဏ္ဌာန်ပြောင်းလဲခြင်းအလုပ်ကို ပုံဆောင်ခြင်းဖြစ်သည်။ ဤအဖိုးတန်တန်ဆာပလာများ အားလုံးသည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့၏ ဝိညာဉ်၌ ကျွန်ုပ်တို့ပါဝင်ခြင်း အားဖြင့်လည်းကောင်း၊ ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းအားဖြင့်လည်းကောင်း ထွက်ပေါ်လာသည့် ထုတ်ကုန်များဖြစ်သည်။ ဤအရာများသာလျှင် ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက် ကောင်းပေသည်။

စိုက်ပျိုးခြင်း၊ ရေလောင်းခြင်းနှင့် ကြီးထွားခြင်းဖြင့် ဘုရားသခင်၏ ဥယျာဉ်တော်ဖြစ်သော အသင်းတော်သည် အပင်များကို ထုတ်လုပ်မည်ဖြစ်သည်။ သို့သော် အသင်းတော်တည်ဆောက်ခြင်းအတွက် သင့်လျော်သောတန်ဆာပလာများမှာ ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်ကောင်းများဖြစ်သည့် တန်ဆာပလာများဖြစ်သည်။ ထို့ကြောင့် ဤနေရာတွင် ပုံသဏ္ဌာန်ပြောင်းလဲခြင်းကို စဉ်းစားခြင်းအား ဖော်ပြသည်။ ကျွန်ုပ်တို့သည် အသက်၌ ကြီးထွားရုံမျှသာမကဘဲ၊ ၂ကော၊၃း၁၈နှင့် ရော၊၁၂း၂၌ ဖော်ပြထားသော အသက်၌ ပုံသဏ္ဌာန်ပြောင်းလဲရန်လည်း လိုအပ်သည်။ ဤအရာသည် မဿဲ၊၁၃၌ ဂျုံမျိုးစေ့၊ မုန်ညင်းစေ့၊ အစာ (ရုက္ခဗေဒနှင့်ဆိုင်သော အရာအားလုံး)နှင့် ရွှေနှင့်အဖိုးတန်ကျောက်များ(သတ္တုပစ္စည်းများ)ကဲ့သို့ မြေကြီးထဲ၌ ဖုံးကွယ်ထားသော ရတနာများနှင့် စပ်လျဉ်း၍ သခင်ဘုရား၏ ပုံဆောင်ချက်များရှိ စဉ်းစားခြင်းနှင့် အတူတူပင်ဖြစ်သည်။

အခန်းကြီးသုံး၌ နောက်ဆုံးတွင် ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်များကို ထုတ်လုပ်သည့် ဥယျာဉ်တော်ကို ကျွန်ုပ်တို့ မြင်ရသည်။ ဤအရာက ဘုရားသခင်၏ဥယျာဉ်တော်တွင် အပင်များ ကြီးထွားလာသောအခါ၊ နောက်ဆုံးတွင် ၎င်းတို့သည် တွင်းထွက်သတ္တုများ ဖြစ်လာကြောင်း ဆိုလိုသည်။ အပင်များသည် သဘောသဘာဝ၌ ရုက္ခဗေဒဆိုင်ရာ ဖြစ်သည်။ သို့သော် ၎င်းတို့ ကြီးထွားလာသောအခါ၊ သတ္တုများအဖြစ်သို့ ပုံသဏ္ဍာန်ပြောင်းလဲသွားကြသည်။ ထို့ကြောင့် ဤအခန်း၌ ကျွန်ုပ်တို့တွင် အသက်၌ကြီးထွားခြင်းနှင့် ပုံသဏ္ဍာန်ပြောင်းလဲခြင်း နှစ်မျိုးလုံးရှိကြသည်။ ဘုရားသခင်၏ဥယျာဉ်တော်ပေါ် ၌ကြီးထွားသောအရာတိုင်းသည် နောက်ဆုံးတွင် သဘောသဘာဝ၌ ပုံသဏ္ဍာန်ပြောင်းလဲခြင်းခံရမည်ဖြစ်သည်။ ပုံသဏ္ဍာန်ပြောင်းလဲခြင်း၌ အပြင်ပိုင်းပြောင်းလဲခြင်းသာမက၊ အတွင်းပိုင်း ရှင်သန်ခြင်းဖြစ်စဉ်အဆင့်ဆင့်လည်း ပြောင်းလဲသွားခြင်းတို့ ပါဝင်သည်။ ဓမ္မသစ်ကျမ်း၌ ပုံသဏ္ဍာန်ပြောင်းလဲခြင်းတွင် ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ဒြပ်သဘောသဘာဝအဟောင်းများနေရာတွင် ဒြပ်သဘောသဘာဝအသစ်များပေါင်းထည့်ခြင်း၌ ဖြစ်စဉ်အဆင့်၏ အသက်ဇီဝဖြစ်ပျက်ခြင်းများ ပါဝင်သည်။ ထို့ကြောင့် ပုံသဏ္ဍာန်ပြောင်းလဲခြင်းသည် အသက်ဇီဝဖြစ်ပျက်မှု ပြောင်းလဲခြင်းဖြစ်သည်။ ပထမတွင် ကျွန်ုပ်တို့သည် အပင်များဖြစ်ကြသော်လည်း နောက်ဆုံးတွင် သတ္တုများ ဖြစ်လာသည်။ ကြီးထွားခြင်းကို လုံလောက်အောင်တွေ့ကြုံခံစားခြင်းဖြင့် ပုံသဏ္ဍာန်ပြောင်းလဲလာကြသူများက၊ ကျွန်ုပ်တို့သည် မှန်ကန်စွာကြီးထွားလာမည်ဆိုလျှင်၊ ပုံသဏ္ဍာန်ပြောင်းလဲခြင်းသည် အလိုအလျောက် လိုက်ပါလာကြောင်းကို သက်သေခံနိုင်ကြသည်။ ကြီးထွားခြင်းသည် ပုံသဏ္ဍာန်ပြောင်းလဲခြင်းကို ထုတ်လုပ်ပေး၍၊ ပုံသဏ္ဍာန်ပြောင်းလဲလာရသည်။ ကျွန်ုပ်တို့သည် အပင်များအဖြစ် ပို၍ကြီးထွားလေလေ၊ ပို၍သတ္တုများဖြစ်လာလေလေဖြစ်သည်။

အသက်ရှင်သောတန်ဆာပလာများဖြစ်သည့် ကျွန်ုပ်တို့သည် ကြီးထွား၍ ပြောင်းလဲနေကြသည်။ ကျွန်ုပ်သည် များစွာသောသန့်ရှင်းသူများ၊ အထူးသဖြင့် အချိန်အတော်ကြာမမြင်ရသူများ၏ အသက်ရှင်ခြင်း၌ ပြောင်းလဲခြင်း၊ ပုံသဏ္ဍာန်ပြောင်းလဲခြင်းကို ကြည့်မြင်နိုင်သည်။ ကျွန်ုပ်တို့ကို ပုံသဏ္ဍာန်ပြောင်းလဲစေသော သခင်ဘုရားကို ချီးမွမ်းပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏တည်ဆောက်ခြင်းအတွက် ရွှေ၊ ငွေနှင့် ကျောက်ကောင်းများ ဖြစ်လာနေကြသည်။ (*Life-study of 1 Corinthians*, pp. 233-234. 278)

*ပို၍ဖတ်ရန် – **Life-study of 1 Corinthians**,* msgs. 25, 30-31

***အလင်းဖွင့်ပြခံရခြင်းနှင့်နိူးဆော်ခံရခြင်း*** ——————————————

——————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**၁ကော၊ ၃း၁၆–၁၇** **သင်တို့သည် ဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြသည်ကိုလည်းကောင်း ဘုရားသခင်၏ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကိန်းဝပ်တော်မူသည်ကိုလည်းကောင်း မသိကြသလော။ အကြင်သူသည် ဘုရားသခင်၏ဗိမာန်တော်ကို ဖျက်ဆီး၏။ ထိုလူကို ဘုရားသခင်ဖျက်ဆီးတော်မူလိမ့်မည်။ ဘုရားသခင်၏ဗိမာန်တော်သည် သန့်ရှင်းရ၏။ သင်တို့သည်လည်း ထိုဗိမာန်တော်ဖြစ်ကြ၏။**

လက်တွေ့နည်းလမ်း၌ ရွှေဖြင့်တည်ဆောက်ခြင်းမှာ အဘယ်သို့နည်း။ ညီအစ်ကိုတစ်ဦးသည် သင့်အား မိတ်သဟာယဖွဲ့ခြင်းအတွက် ဆက်သွယ်လာသည်ဆိုပါစို့။ ဤညီအစ်ကိုသည် နှိမ့်ချ၍ ကြင်နာတတ်ကာ ချစ်ဖွယ်ကောင်းပါသည်။ သို့သော်ငြားလည်း သူသည် ဇာတိရှိကြောင်းနှင့် သူ၏ကောင်းမြတ်ခြင်းအားလုံးသည် ဇာတိဖြစ်ကြောင်း သင်သိနားလည်နေသည်။ "ညီအစ်ကို သင်သည် ဇာတိရှိနေသည်။ သင်၏ကောင်းမြတ်ခြင်းများနှင့် အပြုအမူသည် အားလုံးဇာတိဖြစ်နေသည်"ဟုဆိုခြင်းဖြင့် သူ့အားဩဝါဒပေး၍ ကူညီနိုင်မည်မဟုတ်ပါ။ ဤသို့ဆိုမည့်အစား၊ သူ၏ကောင်းမြတ်ခြင်းများသည် မွေးရာပါဇာတိဖြစ်ကြောင်းနှင့် ၎င်းတို့တွင် ဘုရားသခင်၏ဒြပ်သဘောသဘာဝလုံးလုံးမပါရှိကြောင်း သူသိလာစေရန်နည်းလမ်း၌ သင်သည် သူ့အား အမှုဆောင်ဖို့ လိုအပ်သည်။ ကိုယ်တော်၏ဦးဆောင်ခြင်းနှင့် စကားပြောခြင်းအတွက် သခင်ဘုရားထံသို့ မျှော်ကြည့်ခြင်းဖြင့်၊ မှန်ကန်သောနည်းလမ်း၌ သင်သည် သူ့အား မည်သို့အမှုဆောင်ရမည်ကို သိလာနိုင်မည်ဖြစ်သည်။ နောက်ဆုံးတွင် ထိုညီအစ်ကိုအား သူ၏ကောင်းမြတ်ခြင်းများ၌ ဘုရားသခင်၏သဘောသဘာဝ တစ်ခုမှမရှိကြောင်း မြင်ရန် အကူအညီပေးလာနိုင်မည်ဖြစ်သည်။ သူ၏ချစ်ခြင်း၊ ကြင်နာခြင်းနှင့် နှိမ့်ချခြင်းတွင် ဘုရားဆိုင်ရာရွှေမပါဘဲ၊ သူ၏လူသားဇာတိသစ်သားသာဖြစ်ကြောင်း သူသိနားလည်လာလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤနည်းလမ်း၌ အခြားသူများကို အမှုမဆောင်မီ၊ ကျွန်ုပ်တို့ကိုယ်တိုင် လုံလောက်သောတွေ့ကြုံခံစားမှု ရှိရမည်ဖြစ်သည်။ ထိုနောက် ကျွန်ုပ်တို့သည် သန့်ရှင်းသူများအထဲသို့ ဘုရားသဘောသဘာဝရွှေကို အမှုဆောင်နိုင်မည်ဖြစ်သည်။ (*Life-study of 1 Corinthians*, pp. 234-235)

## *ယနေ့ဖတ်စရာ*

ငွေသည် ခရစ်တော်၏ရွေးနုတ်ခြင်းအလုပ်ကို ပုံဆောင်သည်။ ကျွန်ုပ်တို့သည် ဤအရာကို တွေ့ကြုံခံစားခြင်းနည်းလမ်း၌ သိနားလည်ဖို့လည်းလိုသည်။ ကျွန်ုပ်တို့၌

စစ်မှန်သောတွေ့ကြုံခံစားမှုပို၍ရှိလာလေလေ၊ စစ်မှန်သောရွှေနှင့် စစ်မှန်သောငွေသည် မည်သည့်အရာဖြစ်ကြောင်း ပို၍သိလာလေလေဖြစ်မည်။ ကျွန်ုပ်တို့သည် သခင်ဘုရားကို ရှာသောအခါ၊ ကျွန်ုပ်တို့ဖြစ်သည့်အရာသည် ကျွန်ုပ်တို့၏ ဇာတိဖြစ်ခြင်းနှင့် တူသည့် မည်သည့်အရာမဆို၊ ကျွန်ုပ်တို့ကို ကျဆင်းစေကြောင်း နောက်ဆုံးတွင် ကျွန်ုပ်တို့သိလာမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ကောင်းခြင်းနှင့် ချစ်ခြင်း၌ပင်လျှင်၊ အပြစ်ပြည့်ဝသော သဘောသဘာဝရှိသည်။ ဤအရာက ကျွန်ုပ်တို့သည် လုံးလုံးကျဆင်းသူများဖြစ်ကြောင်း ဖေါ်ပြနေသည်။ ကျွန်ုပ်တို့ဖြစ်သည့်အရာတိုင်းနှင့် ရှိသည့်အရာတိုင်းသည် သဘောသဘာဝ၌ ကျဆင်းနေသည်ဖြစ်၍၊ ဘုရားသခင်၏ ရွေးနုတ်ခြင်းလိုအပ်သည်။

ဓမ္မသစ်ကျမ်းအရ၊ ဘုရားသခင်၏ ရွေးနုတ်ခြင်းသည် ပထမဆုံး ကျွန်ုပ်တို့ကို အဆုံးသတ်စေသည်။ ခရစ်တော်အဆုံးသတ်စေသောအခါတိုင်း၊ ကိုယ်တော်သည် ရွေးနုတ်တော်မူပြီး၊ ဘုရားသခင်ထံသို့ ပို့ဆောင်တော်မူသည်။ ထို့အပြင် ကိုယ်တော်အဆုံးသတ်စေသောအရာတိုင်းနှင့် ရွေးနုတ်သောအရာတိုင်းကို ကိုယ်တော်သည် သူ့အားဖြင့် အစားထိုးတော်မူသည်။ ဤအရာသည် ခရစ်တော်၏ ရွေးနုတ်ခြင်းအမှုတော်ဖြစ်သည်။ ယခု ကျွန်ုပ်တို့ကို အဆုံးသတ်စေခြင်းဖြင့် ဘုရားသခင်ထံသို့ ပို့ဆောင်ခံရသောအခါ၊ အစားထိုးခြင်း၏ အမှုတော်အလုပ်သည် ကျွန်ုပ်တို့အထဲတွင် နေရယူနေခြင်းဖြစ်သည်။ အသက်ပေးဝိညာဉ်တော်ဖြစ်သော ခရစ်တော်သည် ကျွန်ုပ်တို့အထဲသို့ ရောက်လာကာ၊ တဖြည်းဖြည်း ကိုယ်တော်ဖြင့် ကျွန်ုပ်တို့တွင် အစားထိုးနေခြင်းဖြစ်သည်။ ဤအကြောင်းကို ပေါလုက ဂလ၊ ၂း ၂၀တွင် “ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာအသေခံပြီ။ ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ ရှင်တော်မူ၏ ။ အသွေးအသား၌ ယခုငါရှင်သော အသက်သည် ငါ့ကိုချစ်၍၊ ငါ့အဖို့ ကိုယ်ကိုယ်ကိုစွန့်တော်မူသော ဘုရားသခင်၏ သားတော်ကိုယုံကြည်သော ယုံကြည်ခြင်း၌တည်၏ ”ဟူ၍ ပြောဆိုရခြင်းဖြစ်သည်။ ဤကျမ်းတစ်ပိုဒ်ထဲ၌ ကျွန်ုပ်တို့သည် အဆုံးသတ်ခြင်း၊ အစားထိုးခြင်းနှင့် ဘုရားသခင်ထံသို့ လှည့်ပြန်ခြင်းအကြောင်းအရာသုံးခုကို မြင်ရသည်။ ကျွန်ုပ်တို့တွင် ခရစ်တော်၏ ရွေးနုတ်ခြင်းကို အလုံအလောက်တွေ့ကြုံခံစားခြင်းရှိမည်ဆိုလျှင်၊ သန့်ရှင်းသူများနှင့် ကျွန်ုပ်တို့ဆက်သွယ်ခြင်း၌ ကျွန်ုပ်တို့သည် သူတို့အား ရွေးနုတ်ခြင်း၏စစ်မှန်ခြင်းကို ပေးနိုင်မည်ဖြစ်သည်။ ဤနည်းလမ်း၌ ငွေကို သူတို့ထံသို့ ထည့်ပေးနိုင်မည်ဖြစ်သည်။ ဤသည်မှာ ငွေဖြင့် တည်ဆောက်ခြင်းကို ဆိုလိုသည်။

အဖိုးတန်ကျောက်များသည် ရွှေနှင့်ငွေဖြင့် ပေါင်းထားခြင်းဖြစ်သည်။ ဝိညာဉ်ဆိုင်ရာတွေ့ကြုံခံစားခြင်း၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏သဘောသဘာဝနှင့် ခရစ်

တော်၏ ရွေးနုတ်ခြင်းအလုပ်ကို ရရှိသည့်အတွက် သန့်ရှင်းသောဝိညာဉ်တော်၏ ပုံသဏ္ဍာန်ပြောင်းလဲခြင်းအကျိုးကို ရရှိကြသည်။ ကျွန်ုပ်တို့သည် သန့်ရှင်းသူများအား ရွှေနှင့်ငွေဖြင့် အမှုဆောင်မည်ဆိုလျှင်၊ အကျိုးရလဒ်သည် ဝိညာဉ်တော်၏ ပုံသဏ္ဍာန်ပြောင်းလဲခြင်းဖြင့် အဖိုးတန်ကျောက်များရရှိလိမ့်မည်ဖြစ်သည်။ တစ်နည်းဆိုပါက၊ သန့်ရှင်းသောဝိညာဉ်တော်သည် ကားတိုင်နှင့်အတူ ဘုရားသဘောသဘာဝအားဖြင့် ရှင်သန်စွာ ကျွန်ုပ်တို့ကို ပုံသဏ္ဍာန်ပြောင်းလဲပေးသည်။ ဤနည်းလမ်း၌ ကျွန်ုပ်တို့သည် အဖိုးတန်ကျောက်များဖြစ်လာသည်။

ပေါလုသည် – ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်များ– ဖြစ်သည့် အဖိုးတန် တန်ဆာပလာသုံးမျိုးကိုသာ ဖော်ပြခြင်းအကြောင်းမှာ ဤသုံးမျိုးသည် သုံးပါးတစ်ပါးဘုရား၏ သုံးပါးနှင့် အလားတူ၍ ဖြစ်သည်။ ရွှေသည် ခမည်းတော်ဘုရား၏ သဘောသဘာဝ၊ ငွေသည် သားတော်၏ ရွေးနုတ်ခြင်းအလုပ်နှင့် အဖိုးတန်ကျောက်များသည် ဝိညာဉ်တော်၏ ပုံသဏ္ဍာန်ပြောင်းလဲခြင်းအလုပ်ကို ရည်ညွှန်းခြင်းဖြစ်သည်။ ဤသည်မှာ သန့်ရှင်းသူများကို အမှုဆောင်ရန် ကျွန်ုပ်တို့အတွက် ထောက်မခြင်းဖြစ်သည့် သုံးပါးတစ်ပါးဘုရားကို တွေ့ကြုံခံစားခြင်းနှင့် အသင်းတော်တည်ဆောက်ခြင်းအတွက် တန်ဆာပလာများဖြစ်လာခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဇာတိလူနှင့် ထုံးတမ်းဓလေ့များဖြင့်မဟုတ်ဘဲ၊ အဖိုးတန် တန်ဆာပလာများဖြင့် အသင်းတော်ကို တည်ဆောက်လျှင်၊ ခရစ်တော်အပေါ် ကျွန်ုပ်တို့တည်ဆောက်ခြင်းကို အလေးထားလာလိမ့်မည်ဖြစ်သည်။ ထိုနောက် ကျွန်ုပ်တို့၏ တည်ဆောက်ခြင်းအလုပ်သည် ဘုရားသခင်၏ ဗိမာန်တော်ကို ဖျက်စီးစေလိမ့်မည်မဟုတ်ဘဲ၊ ကျွန်ုပ်တို့သည်လည်း ဘုရားသခင်၏ ဖျက်ဆီးခြင်းကို ခံစားရမည်မဟုတ်ပါ။ (*Life-study of 1 Corinthians*, pp. 235-237)

*ပို၍ဖတ်ရန်* - *Life-study of 1 Corinthians*, msgs, 26, 32

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————————————

————————————————————————————————————————————

————————————————————————————————————————————

————————————————————————————————————————————

————————————————————————————————————————————

————————————————————————————————————————————

————————————————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**၁ကော၊ အကြောင်းမူကား၊ ယေရှုခရစ်တည်းဟူသော၊ ချလျက်ရှိသောတိုက်**
**၃း၁၁–၁၂ မြစ်မှတစ်ပါး၊ အခြားသောတိုက်မြစ်ကို အဘယ်သူမျှမချနိုင်၊ သို့**
**သော် ထိုတိုက်မြစ်အပေါ်၌ ရွှေ၊ ငွေ၊ ကျောက်ကောင်း၊ သစ်သား၊**
**မြက်ပင်၊ ကောက်ရိုးများကို ထပ်ဆင့်၍တည်ဆောက်သောသူရှိသမျှ၊**
**ဧ၊ ထိုတိုက်ထောင့်အမြစ်ကျောက်၌ တစ်တိုက်လုံးသည် အတူတကွ စေ့**
**၂း၂၁ စပ်၍၊ သခင်ဘုရား၌ သန့်ရှင်းသောဗိမာန်တော်အထဲသို့ ကြီးပွား**
**လျက်ရှိ၏။**

ကျွန်ုပ်တို့သည် ခရစ်တော်ကို ကြီးထွားနေရမည်။ ယခု ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၌ တည်ဆောက်ခြင်း ရှိ– မရှိ၊ မိမိကိုယ်ကို မေးမြန်းရမည်။ ကျွန်ုပ်တို့များစွာတို့က ကျွန်ုပ်တို့သည် ဘုရားသခင်၏ အဆောက်အဦ ဖြစ်လာရန် အမှန်တကယ်တည်ဆောက်ခံသူများဖြစ်ကြောင်း ပြောဆိုဖို့ရန် တုံ့ဆိုင်းမည်ဖြစ်သည်။ ဤအကြောင်း သန့်ရှင်းသူများကို မေးသောအခါ၊ အများက သူတို့သည် တစ်စုံတစ်ရာအတိုင်းအတာအထိ တည်ဆောက်ပြီးဖြစ်ကြောင်း ပြန်ပြောနိုင်ကြသည်။ အမှန်တကယ်လည်း မှန်ကန်သောအဖြေဖြစ်ပါသည်။ ဝိညာဉ်ဆိုင်ရာတည်ဆောက်ခြင်းဖြင့် အသက်၌ တည်ဆောက်ခြင်း၊ အမှန်တည်ဆောက်ခြင်းသည် အသက်၌ ကြီးထွားခြင်းဖြစ်သည်။ ကျွန်ုပ်တို့တည်ဆောက်ခံသောအတိုင်းအတာသည် ကျွန်ုပ်တို့ကြီးထွားခြင်းအတိုင်းအတာ ဖြစ်သည်။ (*Life-study of 1 Corinthians*, p. 264)

## ယနေ့ဖတ်စရာ

အသင်းတော်၌ တည်ဆောက်ခံခြင်းမှာ တစ်စုံတစ်ရာအတိုင်းအတာအရပ်အထိ ခရစ်တော်နှင့်အတူ တိုးပွားခြင်း၏ ခံစားမှု၌ ကြီးထွားခြင်းဖြစ်သည်။ ခရစ်တော်၏ တိုးပွားခြင်းသည် ကျွန်ုပ်တို့၏ အတိုင်းအတာအရပ်ဖြစ်သည်။ ဝိညာဉ်ဆိုင်ရာတည်ဆောက်ခြင်းအထဲသို့ တည်ဆောက်ခံခြင်းသည် အခြားသူများနှင့် ပထမဆုံးဆက်သွယ်ရန် ဆိုလိုခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့၏ ဇာတိအသက်ကို ယုတ်လျော့စေပြီး၊ ကျွန်ုပ်တို့၏ အတွင်းထဲတွင် ခရစ်တော်တိုးပွားခြင်းရှိရန် ဖြစ်သည်။ ကျွန်ုပ်တို့၏ ဇာတိအသက်ကို ပို၍ယုတ်လျော့စေပါက၊ ကျွန်ုပ်တို့၏ အတွင်းထဲတွင် ခရစ်တော်ပို၍ တိုးပွားလာလေဖြစ်၍၊ အခြားသူများနှင့် ပူပေါင်းလုပ်ဆောင်ရန် ကျွန်ုပ်တို့အတွက် ပို၍လွယ်ကူလာလေဖြစ်သည်။ အချို့သန့်ရှင်းသူများက ကျွန်ုပ်အား သူတို့သည် သူတို့၏ဒေသန္တရမှ မပြောင်းရွှေ့နိုင်ကြောင်းမှာ ဤနေရာရှိအသင်းတော်၌ သန့်ရှင်းသူအချို့နှင့်အတူ တည်ဆောက်ခြင်းရှိ

နေပြီးဖြစ်သောကြောင့်ဟူ၍ ပြောဆိုကြသည်။ သူတို့၏သဘောထားအရ၊ သူတို့သည် ထိုသူများနှင့်အတူတကွ တည်ဆောက်နေခြင်းကြောင့် ဤဒေသန္တရမှ ထွက်ခွါသွားရန် သူတို့အတွက် မဖြစ်နိုင်တော့ပါ။ ဤအရာသည် စစ်မှန်သောတည်ဆောက်ခြင်းမဟုတ်ပါ။ တစ်နည်းဆိုပါက၊ ဤအရာသည် မိတ်ဆွေဖြစ်လာခြင်း သို့မဟုတ် လူမှုရေးဆက်နွယ်ခြင်းမျိုး ဖြစ်သည်။ သင်သည် အသင်းတော်အထဲသို့ အမှန်တကယ် တည်ဆောက်ခြင်းခံရလျှင်၊ သင်သည် ယုတ်လျော့သွားမည်ဖြစ်ပြီး၊ သင်၌ ခရစ်တော်သည် တိုးပွားလာမည်ဖြစ်သည်။ ထိုနောက် သင်မည်သည့်နေရာတွင် ရှိနေပါစေ၊ သန့်ရှင်းသူများနှင့် တစ်လုံးတစ်ဝရှိက၊ သူတို့နှင့်အတူ ပူးပေါင်းလုပ်ဆောင်နိုင်မည်ဖြစ်သည်။ (*Life-study of 1 Corinthians*, pp. 264-265)

ရှောလမုန်သီချင်း၌ ရှာဖွေသူ၏ပုံသဏ္ဍာန်ပြောင်းလဲခြင်းကို ၁း၁၀–၁၁၌ "သင်၏ပါးသွယ်၌ မုတ်ပုတီး တန်ဆာဆင်လျက်၊ လည်ပင်း၌ ပုလဲအသွယ်သွယ်ဆွဲလျက်၊ သင်သည် တင့်တယ်လှ၏။– ငွေနှင့် အပြောက်ချယ်သော ရွှေပုတီး အသွယ်သွယ်ကိုလည်း လုပ်၍ ပေးဦးမည်"ဟူ၍ ရေးဖွဲ့ဖော်ပြထားခြင်းကို မြင်တွေ့နိုင်သည်။ စုံလင်သောသူများသည် သူမအထဲသို့ ဘုရား၏ ဘုရားသဘောသဘာဝ(ရွှေပုတီးအသွယ်သွယ်)ကို ပေါင်းထည့်ခြင်းဖြင့် ခရစ်တော်၏ချစ်သူကို စုံလင်လာစေရန် ပုံသဏ္ဍာန်ပြောင်းလဲပေးသောဝိညာဉ်တော်နှင့်အတူ ပူးပေါင်းလုပ်ဆောင်သည်။ ထိုနောက် ငွေဘော်ကြယ်များကို ရွှေပုတီးသွယ်များနှင့် အတူတူပူးချည်နှောင်ရန် ထပ်ပေါင်းထည့်သည်။ ငွေသည် ကိုယ်တော်၏ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်း၌ အရာအားလုံးပါဝင်သော ရွေးနုတ်ခြင်းနှင့်အတူ ခရစ်တော်ကို ရည်ညွှန်းခြင်းဖြစ်သည်။ ကိုယ်တော်၏ အသေခံခြင်းသည် ရွေးနုတ်ခြင်း၊ အရာအားလုံးကို အဆုံးသတ်စေခြင်းနှင့် သေခြင်းမှ အသက်ကို လွတ်မြောက်စေခြင်း ဖြစ်သည်။ ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်းသည် အရာအားလုံးစတင်ကြီးထွားလာခြင်းနှင့် အသက်ဝေငှဖြန့်ဖြူးခြင်း ရှင်ပြန်ထမြောက်လာခြင်း ဖြစ်သည်။ ကိုယ်တော်၏တက်ကြွခြင်းသည် အရာအားလုံးထက်သာလွန်ခြင်းနှင့် အရာအားလုံးရရှိခြင်း၏ တက်ကြွခြင်းဖြစ်သည်။ ကိုယ်တော်၏တက်ကြွခြင်းသည် ဘုရားသခင်ထံသို့ ကျွန်ုပ်သို့ရောက်ရှိခြင်းအား အနှောင့်အယှက်ပေးသော အရာအားလုံးကို ကျော်လွှားစေသည်။ ကျွန်ုပ်တို့သည် ဤအကြောင်းအရာအားလုံး၌ ခရစ်တော်၏စစ်မှန်ခြင်းကို လက်ခံယူဖို့ လိုသည်။

ဤပုံသဏ္ဍာန်ပြောင်းလဲခြင်းအလုပ်၌ ပုံသဏ္ဍာန်ပြောင်းလဲပေးသော ဝိညာဉ်တော်ဖြစ်လာရန် သုံးပါးတစ်ပါးဘုရားကို လိုအပ်သလို၊ အချို့သော"ပုံသဏ္ဍာန်ပြောင်းလဲသူ

များ”၏ပူးပေါင်းလုပ်ဆောင်ခြင်းလည်း လိုအပ်သည်။ ဧဖက်၊၄၌ ဤပုံသဏ္ဌာန် ပြောင်းလဲသူများသည် စုံလင်သောသူများကို ရည်ညွှန်းထားသည် (အငယ်၊၁၁–၁၂)။ ဘုရားသခင်သည် ခရစ်တော်၏ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းဖြစ်သည့် အမှုတော် အလုပ်ကို လုပ်ဆောင်ရန် သန့်ရှင်းသူများကို စုံလင်စေခြင်းအတွက် အချို့တို့ကို တမန်တော်များ၊ ပရောဖက်ပြုသူများ၊ ဧဝံဂေလိဟောပြောသူများနှင့် ထိန်းကျောင်းသူများနှင့် သွန်သင်သူများအဖြစ် ပေးထားသည်။ စုံလင်သူများသည် ရှာဖွေသူ၏ကျစ်ဆံမြီးအထဲသို့ ရွှေကိုထည့်ပေးရန် စုံလင်သောဝိညာဉ်တော်နှင့်အတူ ပူးပေါင်းလုပ်ဆောင်ကြသည်။ ရွှေကို ရှာဖွေသူ၏ချည်ထားသောဆံပင်အထဲသို့ ထည့်သွင်းပေးသည်။ ဤအရာက ဘုရား၏ရွှေသဘောသဘာဝနှင့်အတူ ဝိညာဉ်တော်၏ပုံသဏ္ဌာန်ပြောင်းလဲပေးခြင်းဖြင့် ဘုရားသခင်အား သူမနာခံခြင်းကို ပုံဆောင်သည်။ (*Crystallization-study of Song of Songs* , pp. 35, 41-42)

ကျွန်ုပ်တို့သည် အသင်းတော်ကို သစ်သား၊ မြက်ပင်နှင့် ကောက်ရိုးတို့ဖြင့် မတည်ဆောက်သင့်ပါ (၁ကော၊၃း၁၂ခ)။ ရွှေသည် ဘုရား၏သဘောသဘာဝကို ပုံဆောင်သကဲ့သို့၊ သစ်သားသည် လူသားဇာတိကို ပုံဆောင်ခြင်းဖြစ်သည်။ မြက်ပင်သည် အသွေးအသား၌ လူကို ပုံဆောင်သည် (ဟေရှာ၊၄၀း၆–၇)။ ကောက်ရိုးသည် အသက်မဲ့ခြင်းကို ပုံဆောင်သည်။ ကောက်ရိုးတွင် အစေ့မရှိ၊ အသက်မရှိပါ။ ခရစ်ယာန်လောက၌ အမှုဆောင်ခြင်းအလုပ်အများစုသည် ဤအနှုတ်လက္ခဏာအကြောင်းအရာသုံးခု– လူသားဇာတိ၊ လူ့အသွေးအသားနှင့် အသက်မဲ့– အတိုင်း လုပ်ဆောင်ခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့ဝန်ခံဖို့လိုသည်။ အသင်းတော်သည် ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော်ဖြစ်သည့်– ရွှေ၊ ငွေနှင့် အဖိုးတန်ကျောက်များကို အတူတကွပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ (*Basic Lesson on Service*, p. 123)

*ပို၍ဖတ်ရန်-* *Crystallization of Song of Songs*, msgs. 3-4; *Basic Lesson on Service*, lsn. 15

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

*Hymns,* **E#837**

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ----------

# တည်ဆောက်ခြင်းအလုပ်နှင့်ဆက်နွှယ်နေသည့် ဥပုသ်နေ့၏မူအလေ့အလာကို စောင့်ထိန်းခြင်း

ဖတ်ရန်ကျမ်း။ ။ ထွ၊ ၃၁း၁၂–၁၇။ မ၊ ၁၁း၂၈–၃၀

*Day 1*

**I. ထွ၊ ၃၁း၁၂–၁၇ ၌ ဘုရားသခင်၏ကိန်းဝပ်ရာနေရာကို တည်ဆောက်ခြင်းနှင့်စပ်လျဥ်း၍ ရှည်လျားသောမှတ်တမ်းကို ပေးထားပြီးနောက်၊ ဥပုသ်နေ့ကို စောင့်ထိန်းရန် ပညတ်ချက်ကို ထပ်မံပြောဆိုထားသည်။**

က။ တဲတော်တည်ဆောက်ခြင်းအလုပ်အတွက် ညွှန်ကြားပြီးနောက် ဥပုသ်နေ့နှင့်စပ်လျဥ်းသော ဖြည့်စွက်ချက်ထည့်သွင်းထားခြင်းမှာ သခင်ဘုရားသည် လုပ်ဆောင်သောသူများ၊ တည်ဆောက်သောသူများအား ကိုယ်တော့်အတွက် သူတို့လုပ်ဆောင်စဥ်တွင် ကိုယ်တော်နှင့်အတူ မည်သို့နားခိုရမည်ကို သင်ယူရန် ပြောဆိုနေခြင်းဖြစ်သည်။

ခ။ ကျွန်ုပ်တို့သည် သခင်ဘုရားအတွက် မည်သို့လုပ်ဆောင်ရမည်ကိုသာ သိပြီး၊ ကိုယ်တော်နှင့်အတူ မည်သို့နားခိုရမည်ကို မသိပါက၊ ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာမူအလေ့အလာနှင့်ဆန့်ကျင်လျက်ပြုမူနေခြင်းဖြစ်သည်။

၁။ ဘုရားသခင်သည် သတ္တမနေ့တွင် နားနေခဲ့သည်။ အကြောင်းမှာ ကိုယ်တော်၏ဖန်ဆင်းသောအလုပ်ပြီးစီးခဲ့၍၊ ထိုအလုပ်၌ ကျေနပ်အားရတော်မူသောကြောင့်ဖြစ်သည်။ လူ၌ ဘုရားသခင်၏သဏ္ဍာန်တော်ရှိသောကြောင့် ဘုရားသခင်၏ဘုန်းတော်သည် ထင်ရှားပေါ်လွင်လာခဲ့ပြီး၊ ကိုယ်တော်၏အခွင့်အာဏာမှာလည်း ကိုယ်တော်၏ရန်သူ၊ စာတန်ကို ချေမှုန်းခြင်းအတွက် လေ့ကျင့်လုပ်ဆောင်ခြင်းရှိတော့မည်ဖြစ်သည်။ လူသည် ဘုရားသခင်ကို ထင်ရှားပြီး၊ ဘုရားသခင်၏ရန်သူကို ဆက်ဆံဖြေရှင်းခြင်းပြုနေသရွေ့၊ ဘုရားသခင်သည် ကျေနပ်နှစ်သိမ့်မှုရှိပြီး၊ နားနေနိုင်မည်ဖြစ်သည် (က၊ ၁း၂၆၊ ၃၁–၂း၂)။

*Day 2*

၂။ နောက်ပိုင်းတွင် သတ္တမနေ့ကို ဥပုသ်နေ့အဖြစ် အောက်မေ့သတိရစေခဲ့သည် (ထွ၊ ၂၀း၈–၁၁)။ ဘုရားသခင်၏ သတ္တမနေ့သည် လူ၏ပထမနေ့ဖြစ်သည်။

၃။ ဘုရားသခင်သည် လူ၏မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် အရာခပ်သိမ်းကို ပြင်ဆင်ခဲ့သည်။ လူကို ဖန်ဆင်းပြီးနောက် လူသည် ဘုရားသခင်၏ အလုပ်၌ ပေါင်းစည်းဆက်နွယ်ခဲ့ခြင်း မရှိဘဲ၊ ဘုရားသခင်၏ နားခိုခြင်းအထဲသို့ ဝင်ရောက်သွားခဲ့သည်။

၄။ လူသည် ဦးစွာပထမ အလုပ်လုပ်ရန်အတွက် မဟုတ်ဘဲ၊ ဘုရားသခင်နှင့်အတူ ကျေနပ်နှစ်သိမ့်ခြင်းရှိရန်နှင့် နားခိုရန်အတွက် ဖန်ဆင်းခံရခြင်းဖြစ်သည် (cf. မ၊၁၁း ၂၈–၃၀)။ ဥပုသ်နေ့သည် လူအတွက် ပြုလုပ်ခံရခြင်းမဟုတ်ဘဲ၊ လူသည် ဥပုသ်နေ့အတွက် ပြုလုပ်ခံရခြင်းဖြစ်သည် (မာ၊ ၂း ၂၇)။

ဂ။ ထွ၊၃၁း၁၇ ၌ "အကြောင်းမူကား ယေဟောဝါသည် မိုးကောင်းကင်နှင့် မြေကြီးကို ခြောက်ရက်တွင်ဖန်ဆင်း၍၊ သတ္တမနေ့ရက်၌ ငြိမ်ဝပ်စွာနားနေလျက်၊ အားဖြည့်တော်မူသည်" ဟုပြောဆိုထားသည်။

၁။ ဥပုသ်နေ့သည် ဘုရားသခင်အဖို့ ငြိမ်ဝပ်စွာနားနေခြင်းမျှသာ မဟုတ်ဘဲ၊ အားဖြည့်တော်မူခြင်းလည်းဖြစ်သည်။

၂။ ဘုရားသခင်သည် ဖန်ဆင်းခြင်းအလုပ်ပြီးနောက် ငြိမ်ဝပ်စွာနားနေခဲ့သည်။ ကိုယ်တော်သည် သူ၏ လက်ရာတော်ဖြစ်သော ကောင်းကင်များ၊ မြေကြီးနှင့် အသက်ရှင်သောအရာများအားလုံး၊ အထူးသဖြင့် လူကို ကြည့်ရှုလျက်၊ "အလွန်ကောင်းသည်" ဟုပြောဆိုခဲ့သည် (က၊၁း၃၁)။

၃။ ဘုရားသခင်သည် လူနှင့်အတူ အားဖြည့်ခဲ့သည်။ ဘုရားသခင်သည် လူအား ဝိညာဉ်ပါလျက် သူ၏ သဏ္ဌာန်တော်၌ ဖန်ဆင်းခဲ့သောကြောင့်၊ လူသည် ကိုယ်တော်နှင့်အတူ မိတ်သဟာယဖွဲ့နိုင်ခဲ့သည်။ ထို့ကြောင့် လူသည် ဘုရားသခင်ကို အားပြည့်လန်းဆန်းစေသည် (အငယ်၊ ၂၆။ ၂း၇။ cf. ယော၊၄း၃၁–၃၄)။

၄။ ဘုရားသခင်သည် လူသားမျိုးနွယ်ကိုမဖန်ဆင်းမီ "လူပျိုလူလွတ်" တစ်ဦးဖြစ်သည် (cf. က၊ ၂း၁၈၊ ၂၂)။ ကိုယ်တော်သည် လူအား သူ၏ ဇနီးဖြစ်လာရန်အတွက် ကိုယ်တော့်ကို လက်ခံရရှိရန်၊ ချစ်ရန်၊ ကိုယ်တော်နှင့်ပြည့်ဝရန်နှင့် ကိုယ်တော့်ကို ထင်ရှားစေရန် အလိုရှိခဲ့သည် (၂ကော၊၁၁း ၂။ ဧ၊၅း ၂၅)။ ထာဝရအနာဂတ်

ကာလ၌ ဘုရားသခင်သည် သိုးသူငယ်၏ဇနီးဟုခေါ် ဆိုသည့် ယေရုရှလင်မြို့သစ်တည်းဟူသောဇနီးတစ်ဦးကို ရရှိလိမ့်မည်ဖြစ်သည် (ဗျာ၊ ၂၁း၉–၁၀)။

၅။ လူသည် ဘုရားသခင်၏ရေငတ်ခြင်းကို ပြေပျောက်စေရန်နှင့် ကိုယ်တော့်ကို ကျေနပ်နှစ်သိမ့်စေရန်အတွက် အားပြည့်လန်းဆန်းစေသောသောက်စရာကဲ့သို့ဖြစ်သည်။ ဘုရားသခင်သည် သူ၏ အလုပ်ကို အဆုံးသတ်၍၊ စတင်နားနေသောအခါ၊ ကိုယ်တော်၌ သူ၏ အဖော်အဖက်တည်းဟူသော လူရှိခဲ့သည်။

၆။ ဘုရားသခင်အဖို့ သတ္တမနေ့မှာ ငြိမ်ဝပ်စွာနားနေပြီး၊ အားဖြည့်ရာနေ့ရက်ဖြစ်သည်။ သို့သော် ဘုရားသခင်၏ အဖော်အဖက်တည်းဟူသော လူအဖို့ နားခိုရာနှင့် အားဖြည့်ရာနေ့ရက်မှာ ပထမနေ့ရက်ဖြစ်သည်။ လူ၏ ပထမနေ့မှာ မွေ့လျော်ဝမ်းမြောက်ရာနေ့ဖြစ်သည်။

ဃ။ ဘုရားသခင်သည် ကျွန်ုပ်တို့၌ မွေ့လျော်ဝမ်းမြောက်မှု မရှိမချင်း၊ ကျွန်ုပ်တို့အား လုပ်ဆောင်ရန် မခိုင်းစေခြင်းမှာ ဘုရားဆိုင်ရာမူအလေ့အလာပင် ဖြစ်သည်။ ကိုယ်တော်နှင့်အတူ ကိုယ်တော်၏ပြည့်စုံသောမွေ့လျော်ဝမ်းမြောက်မှုရှိပြီးနောက်မှ၊ လူသည် ကိုယ်တော်နှင့်အတူ လုပ်ဆောင်နိုင်မည်ဖြစ်သည်။

၁။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူ မည်သို့မွေ့လျော်ဝမ်းမြောက်ရမည်၊ ဘုရားကိုယ်တော်တိုင်ကို မည်သို့မွေ့လျော်ရမည်၊ ဘုရားသခင်နှင့် မည်သို့ဖြည့်ခြင်းခံရမည်ကို မသိပါက၊ ဘုရားဆိုင်ရာအလုပ်၌ ကိုယ်တော်နှင့်အတူ မည်သို့လုပ်ဆောင်ပြီး၊ ကိုယ်တော်နှင့်မည်သို့တစ်လုံးတစ်ဝဖြစ်ရမည်ကို သိရှိလိမ့်မည်မဟုတ်ပေ။ လူသည် ကိုယ်တော်၏ အလုပ်၌ ဘုရားသခင်ပြီးမြောက်ခဲ့သောအရာကို မွေ့လျော်ဝမ်းမြောက်ရခြင်းဖြစ်သည်။

**Day 3**

၂။ ပင်တေကုတ္တေနေ့၌ တပည့်တော်များသည် ဝိညာဉ်တော်နှင့်ပြည့်ဝခဲ့ကြသည်။ ဆိုလိုသည်မှာ သူတို့သည် သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် ပြည့်ဝခဲ့ကြသည်။ သူတို့သည် ဝိညာဉ်တော်နှင့်ပြည့်ဝနေသောကြောင့်၊ အခြားသူများက သူတို့ကို

စပျစ်ရည်နှင့်ယစ်မူးလျက်ရှိသည်ဟု ထင်မှတ်ခဲ့ကြသည် (တ၊ ၂း ၄က၊ ၁၂–၁၃)။

၃။ အမှန်စင်စစ် သူတို့သည် ကောင်းကင်ဆိုင်ရာစပျစ်ရည်ကို မွေ့လျော်ဝမ်းမြောက်မှုနှင့် ပြည့်ဝခဲ့ကြခြင်းဖြစ်သည်။ သူတို့သည် ထိုမွေ့လျော်ဝမ်းမြောက်မှုနှင့် ပြည့်ဝပြီးနောက်မှသာ ဘုရားသခင်နှင့်တစ်လုံးတစ်ဝဖြစ်ခြင်း၌ ကိုယ်တော်နှင့်အတူ စတင်လုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။ ပင်တေကုတ္တေနေ့သည် ရှစ်ပတ်မြောက်တွင် ပထမနေ့ရက်ဖြစ်သည်။ ထို့ကြောင့် ပင်တေကုတ္တေနေ့နှင့်စပ်လျဉ်းပြီး ကျွန်ုပ်တို့သည် ပထမနေ့၏မူအလေ့အလာကို မြင်ကြရမည်ဖြစ်သည်။

၄။ ဘုရားသခင်နှင့်အတူ ၎င်းသည် လုပ်ဆောင်ခြင်းနှင့် နားနေခြင်း၏ အကြောင်းအရာဖြစ်သည်။ လူနှင့်အတူ ၎င်းသည် နားခိုခြင်းနှင့် လုပ်ဆောင်ခြင်း၏ အကြောင်းအရာဖြစ်သည်။

င။ တဲတော်တည်ဆောက်ခြင်းအလုပ်အားဖြင့် ပုံဆောင်သည့် အသင်းတော်တည်ဆောက်ခြင်းဖြစ်သည့် ဘုရားဆိုင်ရာအလုပ်ကို ပြုလုပ်ခြင်း၌၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏လူများဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့သည် ကိုယ်တော့်ကို လိုအပ်ကြောင်းညွှန်ပြသည့် လက္ခဏာသက်သေကို သယ်ဆောင်ကြရမည်ဖြစ်သည်။ ထို့နောက် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် တစ်လုံးတစ်ဝတည်းဖြစ်ခြင်းအားဖြင့် ဘုရားသခင်အတွက်သာမက၊ ဘုရားသခင်နှင့်အတူ လုပ်ဆောင်လာနိုင်မည်ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့လုပ်ဆောင်ရန်အတွက် ကျွန်ုပ်တို့၏ ခွန်အားနှင့် ကျွန်ုပ်တို့အားထုတ်ရန်အတွက် ကျွန်ုပ်တို့၏ စွမ်းအင်ဖြစ်သည်။

၁။ ကျွန်ုပ်တို့သည် ဘုရားသခင်၏လူများဖြစ်သောကြောင့်၊ ကျွန်ုပ်တို့သည် မိမိတို့၏ မွေ့လျော်ဝမ်းမြောက်မှု၊ ခွန်အား၊ စွမ်းအင်နှင့် အရာခပ်သိမ်းအဖြစ် ကိုယ်တော့်ကို လိုအပ်ကြောင်း အမှတ်လက္ခဏာကို သယ်ဆောင်သင့်ပါသည်။ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို လေးမြတ်ရန်နှင့် ဘုန်းထင်ရှားစေရန် ကိုယ်တော့်အတွက် လုပ်ဆောင်နိုင်ကြမည်ဖြစ်သည်။

**Day 4**

၂။ ဥပုသ်နေ့ ဆိုသည်မှာ ဘုရားသခင်အတွက် လုပ်ဆောင်ခြင်းမပြုမီ၊ ကျွန်ုပ်တို့သည် ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ရန်၊ ကိုယ်တော်နှင့်ပြည့်ဝရန် လိုအပ်ကြောင်း ဆိုလိုသည်။ ပေတရုသည် အတွင်း၌ဖြည့်ပေးသောဘုရားသခင်၊ အတွင်း၌ဖြည့်ပေးသောဝိညာဉ်တော်အားဖြင့် ဧဝံဂေလိတရားကို ဟောပြောခဲ့သည်။ ထို့ကြောင့် ပေတရုသည် ဘုရားသခင်၏ လုပ်ဖော်ဆောင်ဖက်ဖြစ်ကြောင်းနှင့် သူ၏ ဧဝံဂေလိတရားဟောပြောခြင်းသည် ဘုရားသခင်ထံသို့ လေးမြတ်ခြင်းနှင့် ဘုန်းအသရေဖြစ်ကြောင်း လက္ခဏာသက်သေကို သယ်ဆောင်ခဲ့သည် (အငယ်၊၁၄)။

၃။ ဘုရားသခင်၏ လူများအနေဖြင့် ကျွန်ုပ်တို့သည် ဦးစွာပထမ ဘုရားသခင်နှင့် နားခိုခြင်း၊ မွေ့လျော်ဝမ်းမြောက်ခြင်း၊ ကိုယ်တော်နှင့်ပြည့်ဝသည့်တိုင် ဖြည့်ခံခြင်း စသည့် လက္ခဏာသက်သေတို့ကို သယ်ဆောင်ရမည်ဖြစ်သည်။ ထို့နောက်မှ ကျွန်ုပ်တို့ကို ဖြည့်ပေးတော်မူသောအရှင်နှင့်အတူ လုပ်ဆောင်ရမည်ဖြစ်သည်။ ထို့အပြင် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူ လုပ်ဆောင်ရုံသာမက၊ ဘုရားသခင်နှင့်တစ်လုံးတစ်ဝဖြစ်သောသူများအနေဖြင့်လည်း လုပ်ဆောင်ကြရမည်ဖြစ်သည်။

၄။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ လူများထံသို့ စကားပြောဆိုရာတွင်၊ နှုတ်ကပတ်တော်ကို အမှုဆောင်ဖြန့်ဖြူးရန်အတွက် ကျွန်ုပ်တို့၏ သခင်ဘုရားသည် ကျွန်ုပ်တို့၏ ခွန်အား၊ စွမ်းအင်နှင့် အရာခပ်သိမ်းဖြစ်သည်ဟူသော လက္ခဏာသက်သေကို ဆောင်ရန် အမြဲရှာဖွေကြရမည်ဖြစ်သည် (၂ကော၊၁၃း၃။ တ၊၆း၄)။

စ။ ဥပုသ်နေ့ကို စောင့်ထိန်းခြင်းမှာ ကျွန်ုပ်တို့သည် ပထမဆုံး ကိုယ်တော့်ကို မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် ဖြည့်ခြင်းခံခြင်းအားဖြင့်လည်းကောင်း၊ ထို့နောက် ကိုယ်တော်နှင့်တစ်လုံးတစ်ဝဖြစ်ခြင်း၌ ကိုယ်တော့်အတွက်၊ ကိုယ်တော်နှင့်အတူ လုပ်ဆောင်ခြင်းအားဖြင့်လည်းကောင်း ကိုယ်တော်နှင့်တစ်လုံးတစ်ဝဖြစ်ကြလိမ့်မည်ဟူ၍ ဘုရားသခင်ကို ယုံကြည်စိတ်ချစေသည့် ထာဝရသဘောတူညီမှု သို့မဟုတ် ပဋိညာဉ်လည်းဖြစ်သည် (ထွ၊၃၁း၁၆)။

၁။ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို အတွင်းသို့ယူဆောင်ခြင်း၊ ကိုယ်တော့်ကို စားသောက်ခြင်းအားဖြင့် မွေ့လျော်ဝမ်းမြောက်ခြင်း မပြုဘဲ၊ မိမိတို့ကိုယ်တိုင်အားဖြင့် သခင်ဘုရားအတွက် လုပ်ဆောင်ခြင်းသည် စိုးရိမ်ရသောအကြောင်းအရာဖြစ်သည် (cf. ၁ကော၊၁၂း၁၃။ ယော၊၆း၅၇)။

၂။ ပေတရုသည် ပင်တေကုတ္တေနေ့တွင် စကားပြောသောအချိန်၌၊ သူသည် ယေရှုကို စားသောက်ခြင်း၊ အတွင်းသို့ယူဆောင်ခြင်း ပြုနေသည်။

ဆ။ ဥပုသ်နေ့သည် သန့်ရှင်းစင်ကြယ်စေခြင်း၏ အကြောင်းအရာလည်းဖြစ်သည် (ထွ၊၃၁း၁၃)။ ကျွန်ုပ်တို့သည် သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ပြီး ကိုယ်တော်နှင့်တစ်လုံးတစ်ဝဖြစ်ခြင်းဖြင့် ကိုယ်တော်နှင့်အတူ၊ ကိုယ်တော့်အတွက် လုပ်ဆောင်မည်ဆိုလျှင် အလိုအလျောက်ပင် သာမန်ဖြစ်သောအရာအားလုံးမှ ဘုရားသခင်ထံသို့ သန့်ရှင်းစင်ကြယ်စေခြင်း၊ ခွဲခြားခြင်းခံရမည်ဖြစ်ပြီး၊ အသွေးအသားနှင့် ဇာတိပိုင်းဆိုင်ရာအရာအားလုံး၌ အစားထိုးရန် ဘုရားသခင်နှင့် ပျော်ဝင်ပြည့်ဝခြင်းရှိကြမည်ဖြစ်သည်။

ဇ။ အသင်းတော်အသက်တာ၌ ကျွန်ုပ်တို့သည် ပထမဆုံး သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်းမရှိဘဲ များစွာသောအရာတို့ကိုပြုလုပ်ခြင်း၊ သခင်ဘုရားနှင့်တစ်လုံးတစ်ဝဖြစ်ခြင်းဖြင့် အစေမခံခြင်းတို့ရှိကောင်းရှိနိုင်မည်ဖြစ်သည်။ ထိုကဲ့သို့သောအစေခံခြင်းမှာ ဝိညာဉ်ပိုင်းဆိုင်ရာသေခြင်းနှင့် ကိုယ်ခန္ဓာတော်၌ မိတ်သဟာယဖွဲ့ခြင်းကို ဆုံးရှုံးခြင်း ဖြစ်စေနိုင်ပါသည် (အငယ်၊၁၄–၁၅)။

ဈ။ ဘုရားသခင်၏ ကိန်းဝပ်ရာနေရာနှင့်ဆက်နွယ်နေသောအရာအားလုံးမှာ ကျွန်ုပ်တို့အား တစ်ခုတည်းသောအကြောင်းအရာသို့ ခေါ်ဆောင်နေသည်– ယင်းမှာ ဥပုသ်နေ့နှင့်အတူ ၎င်း၏ နားခိုခြင်းနှင့် သခင်ဘုရား၏ အားဖြည့်ပေးခြင်းဖြစ်သည်။ အသင်းတော်အသက်တာ၌ ကျွန်ုပ်တို့သည် တဲတော်၌ရှိပြီး၊ တဲတော်သည် ကျွန်ုပ်တို့အား နားခိုခြင်းဆီသို့၊ ဘုရားသခင်၏ အကြံအစည်တော်နှင့် ကိုယ်တော်ပြီးမြောက်ခဲ့သောအရာကို မွေ့လျော်ဝမ်းမြောက်ခြင်းဆီသို့ ဦးဆောင်နေသည်။

ည။ တဲတော်နှင့် ၎င်း၏ပရိဘောဂများအားလုံးကို တည်ဆောက်ခြင်း အလုပ်သည် ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ခြင်းနှင့်အစပြု သကဲ့သို့၊ ကြားကာလများ၌လည်း ဘုရားသခင်ကို မွေ့လျော်ဝမ်း မြောက်ခြင်းဖြင့် အားဖြည့်ခံကာ ဆက်သွားရမည်ဖြစ်သည်။ ဤ အရာက ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် ကိုယ်ပိုင်ခွန်အားဖြင့် မလုပ်ဆောင်ဘဲ၊ ကိုယ်တော့်ကို မွေ့လျော်ဝမ်းမြောက်ခြင်း၊ ကိုယ် တော်နှင့်တစ်လုံးတစ်ဝဖြစ်ခြင်းဖြင့် လုပ်ဆောင်ကြောင်းကို ညွှန်ပြ လိမ့်မည်ဖြစ်သည်။ ၎င်းမှာ ကျွန်ုပ်တို့ဝိညာဉ်ရှိ အတွင်းပိုင်းနားခိုခြင်း ဖြစ်သောခရစ်တော်နှင့်အတူ ဥပုသ်နေ့၏မူအလေ့အလာကို စောင့် ထိန်းခြင်းဖြစ်သည်။

*Day 5*

**II. "ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့။ ငါ သည် နားခိုခြင်းကိုပေးမည်။ ငါ့ထမ်းပိုးကို တင်၍ထမ်းကြလော့။ ငါ့ထံမှ သင်ယူကြလော့။ ငါသည် စိတ်နှလုံး၌ နူးညံ့သိမ်မွေ့၍ နှိမ့်ချ မှုရှိ၏။ သင်တို့စိတ်များသည် နားခိုခြင်းကို ရလိမ့်မည်။ အကြောင်း မူကား၊ ငါ့ထမ်းပိုးသည် ထမ်းလွယ်၏။ ငါ့ဝန်လည်း ပေါ့၏ဟု မိန့် တော်မူ၏" (မ၊၁၁း၂၈–၃၀)။**

က။ ဤနေရာရှိ ပင်ပန်းခြင်း ဆိုသည်မှာ ပညတ်တရားနှင့် ဘာသာတရား စည်းမျဉ်းစည်းကမ်းများကို ကြိုးစားစောင့်ထိန်းသောပင်ပန်းခြင်း ကိုသာ ရည်ညွှန်းခြင်းမဟုတ်ဘဲ၊ အလုပ်တစ်စုံတစ်ခုကို အောင်မြင်စွာ လုပ်ဆောင်နိုင်ရန် ကြိုးစားရုန်းကန်နေရသောပင်ပန်းခြင်းမျိုးကို လည်း ရည်ညွှန်းသည်။ ပင်ပန်းသောသူတိုင်းသည် လေးသောဝန်ကို အမြဲထမ်းထားသောကြောင့် ဖြစ်သည်။

ခ။ သခင်ဘုရားသည် ခမည်းတော်ကို ချီးမွမ်း၍၊ ခမည်းတော်၏လမ်းကို သိမှတ်ကာ၊ ဘုရားဆိုင်ရာစီမံကိန်းကို ကြွေးကြော်ပြီးနောက် (အငယ်၊ ၂၅–၂၇)၊ ဤကဲ့သို့သောသူတို့အား နားခိုခြင်းအတွက် သူ့ထံသို့ လာ ရန် ခေါ် တော်မူခဲ့သည်။

ဂ။ နားခိုခြင်း ဆိုသည်မှာ ဘာသာတရား၊ ပညတ်တရား၊ အလုပ်တစ်ခု ခုနှင့် တာဝန်ရှိခြင်းအောက်၌ ဝန်လေးပင်ပန်းနေခြင်းမှ လွတ်မြောက်

ခြင်းသာ မဟုတ်ဘဲ၊ ပြည့်စုံလင်သော ငြိမ်သက်ခြင်းနှင့် ကျေနပ်နှစ်သိမ့်ခြင်းတို့ကိုလည်း ရည်ညွှန်းသည်။

ဃ။ သခင်ဘုရား၏ ထမ်းပိုးကို ထမ်းခြင်းမှာ ခမည်းတော်၏ အလိုတော်ကို ဆောင်ခြင်းဖြစ်သည်။ ဤသည်မှာ ဘာသာတရား၊ ပညတ်တရား၏ ထိန်းချုပ်စည်းကြပ်ခံရခြင်း၊ အလုပ်အားဖြင့် ကျွန်ပြုခံရခြင်းမဟုတ်ဘဲ၊ ခမည်းတော်၏ အလိုတော်အားဖြင့် ချုပ်နှောင်ခံရခြင်းဖြစ်သည်။

င။ သခင်ဘုရားသည် ထိုသို့သောအသက်တာဖြင့် အသက်ရှင်ခဲ့ပြီး၊ အခြားမည်သည့်အရာကိုမျှ ဂရုမစိုက်ဘဲ၊ ခမည်းတော်၏ အလိုတော်ကိုသာ ဂရုစိုက်ခဲ့သည်(ယော၊၄း၃၄။ ၅း၃၀။ ၆း၃၈)။ ကိုယ်တော်သည် ခမည်းတော်၏ အလိုတော်ကို ပြည့်စုံစွာဝန်ခံခဲ့သည်(မ၊၂၆း၃၉၊၄၂)။ ထို့ကြောင့် ကိုယ်တော်သည် ကျွန်ုပ်တို့အား သူ့ထံမှ သင်ယူရန် တောင်းဆိုနေခြင်းဖြစ်သည်။

စ။ နူးညံ့သိမ်မွေ့သောသဘောဟူသည်မှာ ဆန့်ကျင်ခြင်းများကို တွန်းလှန်မှု မပြုခြင်းကို ဆိုလို၍၊ နှိမ့်ချခြင်းဆိုသည်မှာ မိမိကိုယ်မိမိ မြင့်မားစွာ မမှတ်ယူခြင်းဖြစ်သည်။ သခင်ဘုရားသည် ဆန့်ကျင်မှုအားလုံးကို ဖြတ်ကျော်၍၊ နူးညံ့သိမ်မွေ့ခြင်းရှိပြီး၊ ငြင်းပယ်မှုအားလုံးကို ဖြတ်ကျော်ကာ စိတ်နှလုံး၌ နှိမ့်ချခဲ့သည်။

*Day 6*

ဆ။ ကိုယ်တော်သည် သူ့အတွက် မည်သည့်အရာကိုမျှ လုပ်ဆောင်ရန် အလိုမရှိသလို၊ တစ်စုံတစ်ရာကို ရယူရန်လည်း မမျှော်လင့်ခဲ့ဘဲ ခမည်းတော်၏ အလိုတော်ကိုသာ အပြည့်အဝနာခံခဲ့သည်။ ထို့ကြောင့် အခြေအနေမည်သို့ရှိနေသည်ဖြစ်စေ၊ ကိုယ်တော်သည် သူ၏ စိတ်နှလုံး၌ နားခိုခြင်းရှိပြီး၊ ခမည်းတော်၏ အလိုတော်၌ ကျေနပ်နှစ်သိမ့်မှု အပြည့်ရှိခဲ့သည်။

ဇ။ သခင်ဘုရား၏ ထမ်းပိုးကို ထမ်း၍၊ ကိုယ်တော့်ထံမှ သင်ယူရရှိသော နားခိုခြင်းသည်ကျွန်ုပ်တို့၏ စိတ်အတွက်ဖြစ်သည်။ ၎င်းမှာ အပြင်ပိုင်း သဘောသဘာဝ၌မဟုတ်ဘဲ၊ အတွင်းပိုင်းနားခိုခြင်းဖြစ်သည်။

ဈ။ သခင်ဘုရား၏ ထမ်းပိုးသည် ခမည်းတော်၏ အလိုတော်ဖြစ်၍၊ ကိုယ်တော်၏ ဝန်သည် ခမည်းတော်၏ အလိုတော်ကို သယ်ဆောင်ခြင်း

အလုပ်ဖြစ်သည်။ ထိုထမ်းပိုးသည် ခါးသီးမှုမရှိဘဲ ထမ်းလွယ်၍၊ ထိုဝန်သည် လေးလံမှုမရှိဘဲ ပေါ့ပါးသည်။

ည။ ထမ်းလွယ်သည် ဟူသောစကားလုံးမှာ ဂရိဘာသာ၌ “အသုံးပြုရန်သင့်လျော်သော”ဟု အဓိပ္ပါယ်ရသည်။ ထို့ကြောင့် ၎င်း၏ ဆိုလိုရင်းမှာ ပြင်းထန်ခြင်း၊ ခဲယဉ်းခြင်း၊ ခက်ထန်ခြင်း၊ ခါးသီးခြင်းတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော ကောင်းမြတ်ခြင်း၊ ကြင်နာခြင်း၊ ပျော့ပျောင်းခြင်း၊ နူးညံ့ခြင်း၊ လွယ်ကူခြင်း၊ နှစ်လိုဖွယ်ရှိခြင်းဖြစ်သည်။

ဋ။ ဘုရားစီမံကိန်း၏ ထမ်းပိုးမှာ ထိုကဲ့သို့ဖြစ်သည်။ ဘုရားသခင်၏ စီမံကိန်း၌ရှိသောအရာအားလုံးမှာ လေးလံသောဝန်ထုပ်ဝန်ပိုးမဟုတ်ဘဲ၊ မွေ့လျော်ဝမ်းမြောက်ခြင်းဖြစ်သည်။

## နံနက်ခင်းကျွေးမွေးခြင်း

**ထွ၊၃၁း၁၃ သင်သည် အစ္စရေးအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ . . . ငါနှင့် သင်တို့၏သားစဉ်မြေးဆက် စပ်ကြား၌ လက္ခဏာသက်သေဖြစ်ဖို့ရာ၊ ငါ့ဥပုသ်နေ့များကို စင်စစ် စောင့်ရကြမည်။**

**က၊၂း၂ ဘုရားသခင်သည် ဖန်ဆင်းသောအမှုကို လက်စသတ်တော်မူခဲ့ပြီးသည်ဖြစ်၍၊ ဖန်ဆင်းသမျှသောအမှုအရာတို့သည် ပြီးစီးပြီးမှ ထိုသတ္တမနေ့၌ ငြိမ်ဝပ်စွာနားနေတော်မူ၏။**

ထွ၊၃၁း၁၂–၁၇ ၌၊ ဘုရားသခင်၏ကိန်းဝပ်ရာနေရာကို တည်ဆောက်ခြင်းနှင့် စပ်လျဉ်းပြီး ရှည်လျားသောမှတ်တမ်းပြီးနောက်၊ ဥပုသ်နေ့ကို စောင့်ထိန်းရန် ပညတ်ချက်ကို ထပ်မံပြောဆိုထားသည်။ ဥပုသ်နေ့ကို စောင့်ထိန်းခြင်းသည် ပညတ်တော်ဆယ်ပါးမှ တစ်ခုဖြစ်ပြီး၊ စတုတ္ထမြောက်ပညတ်ဖြစ်သည်။ ဘုရားသခင်၏ကိန်းဝပ်ရာနေရာကို ပြည့်စုံစွာ ဖွင့်ပြသည့် မှတ်တမ်းပြီးနောက် ဤပညတ်ချက်ကို အဘယ်ကြောင့် ထပ်မံပြောဆိုထားကြောင်း ကျွန်ုပ်တို့ရှာဖွေရန် လိုအပ်သည်။

အခန်း ၃၁၏နောက်ဆုံးကျမ်းပိုဒ်ဖြစ်သော အငယ်၊၁၈၌ သခင်ဘုရားသည် လက်ညှိုးတော်နှင့်အက္ခရာတင်သောသက်သေခံချက်ကျောက်ပြားနှစ်ပြားကို မောရှေအား ပေးအပ်ခဲ့ကြောင်း ပြောဆိုထားသည်။ ဤကျမ်းပိုဒ်သည် အခန်း ၂၀ မှ အစပြုခဲ့သည့် ရှည်လျားသောအပိုင်းကို အဆုံးသတ်ထားသည်။ သခင်ဘုရားသည် မောရှေအား တောင်ပေါ် သို့ တက်ရန် ခေါ် တော်မူခဲ့သောအချိန်တွင် သူ့အား ပညတ်တရားကို ပထမဆုံး ပေးအပ်ခဲ့သည်။ ထို့နောက် မြေကြီးပေါ် တွင် ကိုယ်တော်၏ကိန်းဝပ်ရာနေရာတည်ဆောက်ခြင်းနှင့်စပ်လျဉ်းသည့် ဖွင့်ပြခြင်းကို မောရှေအား ပေးအပ်ခဲ့သည်။ ဤအပိုင်း၌ ကျွန်ုပ်တို့သည် တဲတော်နှင့် ပရိဘောဂများ၏ပုံစံ၊ ယဇ်ပုရောဟိတ်အရာနှင့်စပ်လျဉ်းသည့် ပြည့်စုံသောဖွင့်ပြခြင်း၊ တဲတော်တည်ဆောက်သူများနှင့် စပ်လျဉ်းသည့် မှတ်တမ်းတို့ကို မြင်တွေ့ရသည်။ ဤအရာအားလုံးပြီးနောက် သခင်ဘုရားသည် ဥပုသ်နေ့ကို စောင့်ထိန်းခြင်းနှင့်ဆက်နွယ်သည့် တောင်းဆိုချက်ကို ထပ်မံဖော်ပြထားသည်။ (*Life-study of Exodus*, p. 1821)

## ယနေ့ဖတ်စရာ

ဥပုသ်နေ့ကို စောင့်ထိန်းခြင်းနှင့်စပ်လျဉ်းသော ကျမ်းပိုဒ်ခြောက်ပိုဒ်ဖြစ်သည့် ထွ၊၃၁း၁၂–၁၇ တို့ကို ဤအခန်း၏ကျမ်းပိုဒ် ၁၁နှင့် ၁၈ အကြားတွင် ထည့်သွင်းထားသည်။

တဲတော်တည်ဆောက်ခြင်းအလုပ်အတွက် ညွှန်ကြားပြီးနောက် ဥပုသ်နေ့နှင့် စပ်လျဉ်းသော ဖြည့်စွက်ချက် ထည့်သွင်းထားခြင်းမှာ သခင်ဘုရားသည် လုပ်ဆောင်သောသူများ၊ တည်ဆောက်သောသူများအား ကိုယ်တော်နှင့်အတူ မည်သို့နားခိုရမည်ကို သင်ယူရန် ပြောဆိုနေခြင်းဖြစ်သည်။ သူတို့သည် သခင်ဘုရားနှင့်အတူ နားခိုခြင်းအကြောင်းကို မေ့လျော့ပြီး အလုပ်လုပ်ဆောင်ခြင်းမပြုသင့်ပေ။ ထို့ကြောင့် ကိုယ်တော်၏ကိန်းဝပ်ရာနေရာ တည်ဆောက်ခြင်းအလုပ်ကို လုပ်ဆောင်ရန် သူတို့ကို ညွှန်ကြားခြင်း၌၊ သခင်ဘုရားက သူတို့သည် ကိုယ်တော့်အတွက် လုပ်ဆောင်နေစဉ်တွင် ကိုယ်တော်နှင့်အတူ မည်သို့နားခိုရမည်ကို သင်ယူသင့်ကြောင်း သတိပေးနေခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရားအတွက် မည်သို့လုပ်ဆောင်ရမည်ကိုသာ သိပြီး၊ ကိုယ်တော်နှင့်အတူ မည်သို့နားခိုရမည်ကို မသိပါက၊ ဘုရားဆိုင်ရာမှုအလေ့အလာကို ဆန့်ကျင်လျက်ပြုမူနေခြင်းဖြစ်သည်။

ဥပုသ်နေ့နှင့်စပ်လျဉ်းပြီး ခရစ်ယာန်များအလယ်၌ များစွာအငြင်းပွားခြင်းရှိခဲ့ကြသည်။ အထူးသဖြင့် ဥပုသ်နေ့ကို သတ္တမနေ့ သို့မဟုတ် အဋ္ဌမနေ့တွင် စောင့်ထိန်းရမည်လား ဟူသောအကြောင်းအရာ၌ဖြစ်သည်။ သတ္တမနေ့အဖွဲ့ဝင်များသည် ဥပုသ်နေ့ကို သတ္တမနေ့တွင် စောင့်ထိန်းရမည်ဟု ခိုင်မာစွာပြောဆိုကြသည်။ အမှန်စင်စစ် ဥပုသ်နေ့၏ မူအလေ့အလာမှာ မည်သည့်နေ့တွင် စောင့်ထိန်းရမည်ဟူသောအကြောင်းအရာ မဟုတ်ပါ။ ဥပုသ်နေ့၏ မူအလေ့အလာမှာ သခင်ဘုရားနှင့်အတူ လုပ်ဆောင်ခြင်း၌ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ မည်သို့နားခိုရမည်ကို သင်ယူရန် လိုအပ်ခြင်းဖြစ်သည်။

အချို့က ဥပုသ်နေ့၏ အဓိပ္ပါယ်မှာ အလုပ်မှ ရပ်နားခြင်းဟုသာ ထင်မြင်ကြသည်။ ဤသည်မှာ ကျမ်းစာ၌ရှိသည့် ဥပုသ်နေ့၏ ဆိုလိုရင်းအမှန် မဟုတ်ပါ။ ကျမ်းစာက ဘုရားသခင်သည် သတ္တမနေ့၌ ငြိမ်ဝပ်စွာနားနေခဲ့သည်ဟု အလေးပေးဖော်ပြထားသည်။ က၊ ၂း၂ ၌ "ဘုရားသခင်သည် ဖန်ဆင်းသောအမှုကို လက်စသတ်တော်မူခဲ့ပြီးသည်ဖြစ်၍၊ ဖန်ဆင်းသမျှသောအမှုအရာတို့သည် ပြီးစီးပြီးမှ ထိုသတ္တမနေ့၌ ငြိမ်ဝပ်စွာနားနေတော်မူ၏" ဟုပြောဆိုထားသည်။

ကမ္ဘာဦးကျမ်းအရ ဘုရားသခင်အဖို့ ဥပုသ်နေ့ဆိုသည်မှာ သတ္တမနေ့ဖြစ်သော်လည်း၊ ယင်းသည် လူအဖို့ ပထမနေ့ဖြစ်သည်။ ခြောက်ရက်အတွင်း ဘုရားသခင်သည် သူ၏ အကြံအစည်တော်ပြည့်စုံခြင်းအတွက် ကောင်းကင်များ၊ မြေကြီးနှင့် လူတည်ရှိလာရန် မရှိမဖြစ်လိုအပ်သည့်အရာအားလုံးကို ဖန်ဆင်းခဲ့သည်။ ထိုအရာအားလုံးကို ဖန်ဆင်းပြီးနောက်မှ လူကို ခြောက်ရက်မြောက်သောနေ့တွင် ဖန်ဆင်းခဲ့ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ လူသည် ဘုရားသခင်၏ဖန်ဆင်းသောလက်တော်မှ ထွက်ပေါ်လာသည်နှင့်

တစ်ပြိုင်နက်၊ ဘုရားသခင်၏ သတ္တမနေ့ဖြစ်သည့် လူ၏ ပထမနေ့ရက်သည် စတင်ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်အဖို့ သတ္တမနေ့သည် လူအဖို့ ပထမနေ့ရက်ဖြစ်သည်။ ၎င်း၏ အဓိပ္ပါယ်မှာ ဘုရားသခင်အဖို့ ဥပုသ်နေ့သည် အလုပ်ပြီးစီးပြီးမှ နားနေခြင်း ဖြစ်သော်လည်း၊ လူအဖို့မူ ဦးဆုံး နားနေပြီးမှ လုပ်ဆောင်ရခြင်းဖြစ်သည်။ ဘုရားသခင်သည် ခြောက်ရက်လုံးလုံး ဦးစွာလုပ်ဆောင်ပြီးမှ သတ္တမနေ့တွင် ငြိမ်ဝပ်စွာ နားနေခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း လူသည် သူ၏ ပထမနေ့ရက်တွင် နားခိုပြီးမှ စတင်လုပ်ဆောင်ရခြင်းဖြစ်သည်။ (*Life-study of Exodus*, pp. 1821-1822)

ဘုရားသခင်သည် ငြိမ်ဝပ်စွာနားနေတော်မူခြင်းမှာ သူ၏ ဖန်ဆင်းသောအလုပ်ပြီးစီး၍၊ ထိုအလုပ်၌ ကျေနပ်အားရတော်မူသောကြောင့်ဖြစ်သည်။ လူ၌ ဘုရားသခင်၏ သဏ္ဌာန်တော်ရှိသောကြောင့် ဘုရားသခင်၏ ဘုန်းတော်သည် ထင်ရှားပေါ် လွင်လာခဲ့ပြီး၊ ကိုယ်တော်၏ အခွင့်အာဏာမှာလည်း ကိုယ်တော်၏ ရန်သူ၊ စာတန်ကို ချေမှုန်းခြင်းအတွက် လေ့ကျင့်လုပ်ဆောင်ခြင်းရှိတော့မည်ဖြစ်သည်။ လူသည် ဘုရားသခင်ကို ထင်ရှားပြီး၊ ဘုရားသခင်၏ ရန်သူကို ဆက်ဆံဖြေရှင်းခြင်းပြုနေသရွေ့၊ ဘုရားသခင်သည် ကျေနပ်နှစ်သိမ့်ခြင်းရှိပြီး၊ နားနေနိုင်မည်ဖြစ်သည်။ (က၊ ၂း ၂၊ မှတ်စု ၁)။

*ပို၍ဖတ်ရန်* – *Life-study of Exodus*, msg. 172

***အလင်းဖွင့်ပြခံရခြင်းနှင့် နှိုးဆော်ခံရခြင်း*** ——————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**မာ၊ ထိုမှတစ်ပါး၊ ဥပုသ်နေ့သည် လူအဖို့ဖြစ်၏။ လူသည် ဥပုသ်နေ့အဖို့ဖြစ်**
**၂း၂၇ သည်မဟုတ်။**

**ထွ၊ ထိုသို့စောင့်လျှင်၊ ငါနှင့် အစ္စရေးအမျိုးသားစပ်ကြား၌ ထာဝရလက္ခဏာ**
**၃၁း၁၇ သက်သေဖြစ်လိမ့်မည်။ အကြောင်းမူကား ယေဟောဝါသည် မိုး ကောင်းကင်နှင့် မြေကြီးကို ခြောက်ရက်တွင်ဖန်ဆင်း၍၊ သတ္တမနေ့ ရက်၌ ငြိမ်ဝပ်စွာနားနေလျက်၊ အားဖြည့်တော်မူသည်ဟု မိန့်တော်မူ၏။**

သတ္တမနေ့ကို ဥပုသ်နေ့အဖြစ် အောက်မေ့သတိရစေခဲ့သည် (ထွ၊ ၂၀း၈–၁၁)။ ဘုရားသခင်၏ သတ္တမနေ့သည် လူ၏ ပထမနေ့ရက်ဖြစ်သည်။ ဘုရားသခင်သည် လူ၏ မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် အရာခပ်သိမ်းကို ပြင်ဆင်ခဲ့သည်။ လူကို ဖန်ဆင်းပြီးနောက် လူသည် ဘုရားသခင်၏ အလုပ်၌ ပေါင်းစည်းဆက်နွယ်ခဲ့ခြင်းမရှိဘဲ၊ ဘုရားသခင်၏ နားခိုခြင်းအထဲသို့ ဝင်ရောက်သွားခဲ့သည်။ လူသည် ဦးစွာပထမ အလုပ်လုပ်ရန်အတွက် မဟုတ်ဘဲ၊ ဘုရားသခင်နှင့်အတူ ကျေနပ်နှစ်သိမ့်ခြင်းရှိရန်နှင့် နားခိုရန်အတွက် ဖန်ဆင်းခံရခြင်းဖြစ်သည် (cf. မ၊၁၁း ၂၈–၃၀)။ ဥပုသ်နေ့သည် လူအတွက် ပြုလုပ်ခံရခြင်းမဟုတ်ဘဲ၊ လူသည် ဥပုသ်နေ့အတွက် ပြုလုပ်ခံရခြင်းဖြစ်သည် (မာ၊ ၂း၂၇)။ (က၊ ၂း၂၊ မှတ်စု ၁)။

## *ယနေ့ဖတ်စရာ*

(ထွ၊၃၁း၁၇)၌ ဥပုသ်နေ့သည် ဘုရားသခင်အဖို့ ငြိမ်ဝပ်စွာနားနေခြင်းမျှသာ မဟုတ်ဘဲ၊ အားဖြည့်တော်မူခြင်းလည်းဖြစ်ကြောင်း ညွှန်ပြထားသည်။ နားနေရန်မှာ အရာတစ်ခုဖြစ်ပြီး၊ အားဖြည့်ခြင်းမှာ နောက်ထပ်အရာတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့အတွက် နားနေရန် ဆိုသည်မှာ အခြားမည်သည့်အရာကိုမျှ မလိုအပ်ဘဲ၊ ထိုင်နေရုံ သို့မဟုတ် လဲလျောင်းရရုံဖြင့် လုံလောက်ပါသည်။ သို့သော်လည်း အားဖြည့်ခြင်းခံရရန်အတွက် ကျွန်ုပ်တို့သည် တစ်စုံတစ်ရာကို စားသောက်ရန်လိုအပ်သည်။ ဤနေရာတွင် ပြောဆိုလိုသောအချက်မှာ ကျွန်ုပ်တို့သည် အားဖြည့်ခြင်းခံလိုပါက၊ ကျွန်ုပ်တို့ကို အားပြည့်လန်းဆန်းစေမည့် တစ်စုံတစ်ရာကို လိုအပ်ခြင်းဖြစ်သည်။ ဤသည်မှာ ဘုရားသခင်အဖို့လည်း မှန်ကန်ပါသည်။ ဘုရားသခင်သည် သူ့ကို အားဖြည့်ပေးရန် တစ်စုံတစ်ရာကို လိုအပ်သည်။ ဘုရားသခင်ကို အားဖြည့်ပေးသည့်အရာမှာ မည်သည့်အရာဖြစ်ကြောင်း သင်သိပါသလား။ မည်သည့်အရာက ဘုရားသခင်ကို အားပြည့်လန်းဆန်းစေမည်နည်း။

ဘုရားသခင်သည် အားဖြည့်ခြင်းကို လိုအပ်ကြောင်း သတိပြုမိခြင်းမရှိဘဲနှင့် ထွက်မြောက်ရာ ၃၁ ကို အကြိမ်ပေါင်းများစွာ သင်ဖတ်ရှုခဲ့ပြီးဖြစ်နိုင်သည်။ ကျမ်းစာ၌ ဘုရားသခင်သည် ဖန်ဆင်းခြင်းအလုပ်ပြီးနောက် ငြိမ်ဝပ်စွာနားနေလျက် အားဖြည့်တော်မူသည်ဟု ဖွင့်ပြထားသည်။ မည်သည့်အရာပေါ်တွင် ကိုယ်တော်နားနေခဲ့ပါသနည်း။ ကိုယ်တော်သည် သူ၏ဖန်ဆင်းခြင်းပေါ်တွင် နားနေခဲ့သည်။ ကိုယ်တော်သည် သူ၏လက်ရာတော်ဖြစ်သော ကောင်းကင်များ၊ မြေကြီးနှင့် အသက်ရှင်သောအရာများအားလုံး၊ အထူးသဖြင့် လူကို ကြည့်ရှုလျက်၊ "အလွန်ကောင်းသည်" ဟုပြောဆိုခဲ့သည်။ ထို့နောက် ဘုရားသခင်သည် ငြိမ်ဝပ်စွာနားနေလျက်၊ အားဖြည့်တော်မူသည်။…ဘုရားသခင်သည် လူနှင့်အတူ အားဖြည့်ခဲ့သည်။ လူသည် ဘုရားသခင်ကို အားပြည့်လန်းဆန်းစေသည်။ ဘုရားသခင်သည် လူကို ချစ်တော်မူသည်။ ကိုယ်တော်သည် လူအား ဝိညာဉ်ပါလျက် သူ၏သဏ္ဌာန်တော်၌ ဖန်ဆင်းခဲ့သောကြောင့်၊ လူသည် ကိုယ်တော်နှင့်အတူ မိတ်သဟာယဖွဲ့နိုင်ခဲ့သည်။ ထို့ကြောင့် လူသည် ဘုရားသခင်ကို အားပြည့်လန်းဆန်းစေသည်။

က၊ ၂း၁၈အရ ဘုရားသခင်က "ယောက်ျားသည် တစ်ယောက်တည်းမနေကောင်း၊ သူနှင့်တော်သောအထောက်အမကို သူ့ဖို့ ငါလုပ်ဦးမည်"ဟုပြောဆိုခဲ့သည်။ ဤစကားသည် ပုံဆောင်ချက်၌ အဓိပ္ပါယ်ရှိပြီး၊ ဘုရားသခင်သည် တစ်ယောက်တည်းမနေကောင်း ဟူ၍ဆိုလိုနေသည်။ လူကို မဖန်ဆင်းမီ၊ ဘုရားသခင်အား လူပျိုလူလွတ်တစ်ဦးနှင့် ခိုင်းနှိုင်းနိုင်သည်။ ကျွန်ုပ်တို့၏ သန့်ရှင်းသောဘုရားသခင်အကြောင်းကို ပြောဆိုရာ၌ ဤစကားလုံးကို အသုံးပြုသည့်အတွက် အချို့က ပြစ်တင်ဝေဖန်ကောင်း ဝေဖန်မည်ဖြစ်သည်။ သို့သော်လည်း ဘုရားသခင်သည် သူနှင့်စပ်လျဉ်းပြီး အသုံးပြုသည့် ဤစကားလုံးကို ကြားသောအခါ ပျော်ရွှင်ခြင်းရှိလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ ဘုရားသခင်က "ငါ့သား၊ ဤစကားလုံးသည် ငါ့စိတ်နှလုံးကို ထိတွေ့ခြင်းရှိသည်။ ငါသည် လူသားမျိုးနွယ်ကို မဖန်ဆင်းမီ အမှန်ပင် လူပျိုလူလွတ်တစ်ဦးဖြစ်သည်"ဟု ဆိုကောင်းဆိုနိုင်ပေသည်။ ကျမ်းစာ၌ ထာဝရအတိတ်ကာလတွင် ဘုရားသခင်သည် "လူပျိုလူလွတ်"တစ်ဦးဖြစ်ခဲ့ကြောင်း ဖွင့်ပြထားသည်။ သို့သော် ထာဝရအနာဂတ်ကာလတွင် ကိုယ်တော်သည် သိုးသူငယ်၏ဇနီးဟုခေါ် ဆိုသည့် ယေရုရှလင်မြို့သစ်တည်းဟူသော ဇနီးတစ်ဦးကို ရရှိလိမ့်မည်ဖြစ်သည် (ဗျာ၊ ၂၁း၉–၁၀)။ ကျမ်းစာ၏ဖွင့်ပြခြင်းအရ ယေရုရှလင်မြို့သစ်သည် သိုးသူငယ်၏ဇနီးဖြစ်သောကြောင့်၊ ဘုရားသခင်နှင့်စပ်လျဉ်းပြီး လူပျိုလူလွတ်ဟူသောစကားလုံးကို အသုံးပြုရန် ကျွန်ုပ်၌ရဲရင့်မှုရှိပါသည်။

ဘုရားသခင်သည် သူဖန်ဆင်းသောလူသားကို မြင်တွေ့သောအခါ၊ နားနေနိုင်ခဲ့ပြီး၊ အားဖြည့်တော်မူခဲ့သည်။ လူသည် ဘုရားသခင်၏ရေငတ်ခြင်းကို ပြေပျောက်စေရန်

နှင့် ကျေနပ်နှစ်သိမ့်စေရန်အတွက် အားပြည့်လန်းဆန်းစေသောသောက်စရာကဲ့သို့ဖြစ်သည်။ ဘုရားသခင်သည် သူ၏ အလုပ်ကို အဆုံးသတ်၍၊ စတင်နားနေသောအခါ၊ ကိုယ်တော်၌ သူ၏ အဖော်အဖက်တည်းဟူသော လူရှိခဲ့သည်။ ဘုရားသခင်အဖို့ သတ္တမနေ့မှာ ငြိမ်ဝပ်စွာနားနေပြီး၊ အားဖြည့်ရာနေ့ရက်ဖြစ်သည်။ သို့သော် ဘုရားသခင်၏ အဖော်အဖက်တည်းဟူသော လူအဖို့ နားခိုရာနှင့် အားဖြည့်ရာနေ့ရက်မှာ ပထမနေ့ရက်ဖြစ်သည်။ လူ၏ပထမနေ့သည် မွေ့လျော်ဝမ်းမြောက်ရာနေ့ဖြစ်သည်။

ဘုရားသခင်သည် ကျွန်ုပ်တို့၌ မွေ့လျော်ဝမ်းမြောက်မှု မရှိမချင်း၊ ကျွန်ုပ်တို့အား လုပ်ဆောင်ရန် မခိုင်းစေခြင်းမှာ ဘုရားဆိုင်ရာမူအလေ့အလာပင် ဖြစ်သည်။ ကိုယ်တော်နှင့်အတူ ကိုယ်တော်၏ပြည့်စုံသောမွေ့လျော်ဝမ်းမြောက်မှု ရှိပြီးနောက်မှ၊ လူသည် ကိုယ်တော်နှင့်အတူ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူ မည်သို့မွေ့လျော်ဝမ်းမြောက်ရမည်၊ ဘုရားကိုယ်တော်တိုင်ကို မည်သို့မွေ့လျော်ရမည်ကို မသိပါက၊ ဘုရားဆိုင်ရာအလုပ်၌ ကိုယ်တော်နှင့်အတူ မည်သို့လုပ်ဆောင်ရမည်၊ ကိုယ်တော်နှင့် မည်သို့တစ်လုံးတစ်ဝဖြစ်ရမည်ကိုလည်း သိကြလိမ့်မည်မဟုတ်ပေ။

ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူ လုပ်ဆောင်ခြင်းနှင့် ဘုရားသခင်အတွက် မိမိတို့ခွန်အားဖြင့် လုပ်ဆောင်မှု မပြုခြင်း အကြောင်းအရာတို့ကို အလေးထားဖော်ပြလိုပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူ၊ ဘုရားသခင်အားဖြင့် လုပ်ဆောင်ရမည်မှာ အမှန်ဖြစ်သည်။ သို့သော် ကျမ်းစာက ဖွင့်ပြသောအရာအရ၊ ဘုရားသခင်နှင့်အတူ လုပ်ဆောင်ရုံသည်လည်း လုံလောက်ခြင်းမရှိသေးပေ။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အလုပ်၌ ကိုယ်တော်နှင့်တစ်လုံးတစ်ဝဖြစ်ရန်လိုအပ်သည်။ ဤအရာက ကျွန်ုပ်တို့အား ကိုယ်တော့်ကိုမွေ့လျော်ဝမ်းမြောက်ရန် တောင်းဆိုနေသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို မည်သို့မွေ့လျော်ဝမ်းမြောက်ရမည်၊ ဘုရားသခင်နှင့်အတူ မည်သို့ဖြည့်ခြင်းခံရမည်ကို မသိပါက၊ ကိုယ်တော်၏ အလုပ်၌ ကိုယ်တော်နှင့်အတူ မည်သို့လုပ်ဆောင်ရမည်၊ ကိုယ်တော်နှင့် မည်သို့တစ်လုံးတစ်ဝဖြစ်ရမည်ကို သိကြလိမ့်မည်မဟုတ်ပေ။ (*Life-study of Exodus*, pp. 1823-1825)

*ပို၍ဖတ်ရန် – Life-study of Exodus*, msg. 172

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**တ၊ ၂း၁ ပင်တေကုတ္တေပွဲနေ့ရောက်သောအခါ၊ ထိုသူအပေါင်းတို့သည် တစ်နေရာ တည်း၌ အတူတကွစည်းဝေး၍နေကြ၏။**

**၄ ထိုသူအပေါင်းတို့သည်လည်း သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်၍၊ ဝိညာဉ်တော်သည် ဟောပြောသောအခွင့်ကို ပေးတော်မူသည်အတိုင်း အမျိုးမျိုးသောဘာသာစကားအားဖြင့် ဟောပြောကြ၏။**

**၁၃ လူအချို့တို့က ဤသူတို့သည် စပျစ်ရည်အသစ်နှင့်ပြည့်ဝသည်ဟု ကဲ့ရဲ့ ပြောဆိုကြ၏။**

တမန်တော်တို့၏ ခမ္မသစ်အမှုတော်သည် ပင်တေကုတ္တေနေ့တွင် သူတို့ရရှိခဲ့သော မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် အစပြုခဲ့သည်။ တပည့်တော်တို့သည် ခြောက်ရက်လုံးလုံး အလုပ်လုပ်ပြီးမှ ပင်တေကုတ္တေနေ့တွင် သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ခဲ့ခြင်း မဟုတ်ပေ။ အမှန်စင်စစ် သခင်ဘုရားသည် သူတို့ကို ဖြည့်ပေးရန်အတွက် သူတို့အပေါ် သို့ ဝိညာဉ်တော်ဆင်းသက်သည့်တိုင်အောင် စောင့်ဆိုင်းရန် မှာကြားထားခဲ့ပြီးဖြစ်သည်။ သူတို့သည် ဝိညာဉ်တော်နှင့် ပြည့်ဝခဲ့ကြသောကြောင့်၊ အခြားသူများက ဤသူတို့သည် စပျစ်ရည်နှင့်ယစ်မူးလျက်ရှိသည်ဟု ထင်မြင်ခဲ့ကြသည်။ အမှန်စင်စစ် သူတို့သည် ကောင်း ကင်ဆိုင်ရာမွေ့လျော်ဝမ်းမြောက်ခြင်းနှင့် ပြည့်ဝခဲ့ကြခြင်းဖြစ်သည်။ သူတို့သည် သခင် ဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် ပြည့်ဝခဲ့ပြီးနောက်မှသာ ဘုရားသခင်နှင့်အတူ စတင်လုပ်ဆောင်ခဲ့ကြခြင်းဖြစ်သည်။ ယင်းမှာ ဘုရားသခင်နှင့်တစ်လုံးတစ်ဝဖြစ်ခြင်း၌ ကိုယ်တော်နှင့်အတူ လုပ်ဆောင်ရန်နည်းလမ်းဖြစ်သည်။ ပေတရုသည် ဧဝံဂေလိတရား ဟောပြောရန် တမန်တော်တို့နှင့်အတူရပ်၍ ဘုရားသခင်အတွက် စတင်လုပ်ဆောင်သော အခါ၊ သူတို့အားလုံးသည် ကိုယ်တော်၏ အလုပ်၌ ဘုရားသခင်နှင့်တစ်လုံးတစ်ဝတည်း ဖြစ်ခဲ့ကြသည်။ (*Life-study of Exodus*, p. 1825)

## ယနေ့ဖတ်စရာ

ပင်တေကုတ္တေနေ့သည် ရက်သတ္တပတ်၏ ပထမနေ့ရက်ဖြစ်သည်။ ပင်တေကုတ္တေ နေ့သည် ခုနစ်ပတ် သို့မဟုတ် လေးဆယ့်ကိုးရက်ပြီးနောက် ရက်ငါးဆယ်မြောက်ဖြစ် သည်။ ဝတ်ပြုရာ ၂၃ မှနေ၍ ကျွန်ုပ်တို့သိရသည်မှာ ပင်တေကုတ္တေနေ့သည် အဦးသီး သောအသီးကို ပူဇော်ရာပွဲပြီးနောက်ပိုင်း ရက်ငါးဆယ်မြောက်ဖြစ်သည်။ ဆိုလိုသည်မှာ

ပင်တေကုတ္တေနေ့သည် ရက်သတ္တပတ်ရှစ်ပတ်မြောက်၏ ပထမနေ့ရက်ဖြစ်သည်။ ထို့ကြောင့် ပင်တေကုတ္တေနေ့နှင့်စပ်လျဉ်းပြီး ကျွန်ုပ်တို့သည် ပထမနေ့၏ မူအလေ့အလာကို မြင်တွေ့ရသည်။

လူအဖို့ နားခိုရာနေ့သည် အမြဲတမ်း ပထမနေ့ရက်ဖြစ်သည်။ ဓမ္မဟောင်းကျမ်းအရ လူ၏ နားခိုရာနေ့ဖြစ်သော ဥပုသ်နေ့သည် သူ၏ ပထမနေ့ရက်ဖြစ်သည်။ ထိုနည်းတူ ဓမ္မသစ်ကျမ်းအရ လူအတွက် နားခိုရာနေ့ဖြစ်သည့် ရှစ်ရက်မြောက်သောနေ့သည်လည်း ပထမနေ့ရက်ဖြစ်သည်။

ဓမ္မဟောင်းကျမ်း၏ မူအလေ့အလာအရ၊ လူ၏ နားခိုရာနေ့သည် ဘုရားသခင်၏ အလုပ်ပြီးပြည့်စုံပြီးမှ ရောက်ရှိလာသောနေ့ဖြစ်သည်။ လူသည် သူ၏ ကိုယ်ပိုင်အလုပ်ပြီးစီးပြီးနောက်မှ နားခိုရခြင်းမဟုတ်ပေ။ လူသည် ဘုရားသခင်၏ အလုပ်ပြည့်စုံပြီးနောက် နားခိုရပြီး၊ ၎င်းကို မွေ့လျော်ဝမ်းမြောက်ရသည်။ ဘုရားသခင်သည် လုပ်ဆောင်ပြီး၊ လူသည် မွေ့လျော်ဝမ်းမြောက်ရသည်။ လူသည် ကိုယ်တော်၏ အလုပ်၌ ဘုရားသခင်ပြီးမြောက်ခဲ့သောအရာကို မွေ့လျော်ဝမ်းမြောက်ရခြင်းဖြစ်သည်။

ဘုရားသခင်သည် ဒုတိယနေ့တွင် မိုးမျက်နှာကြက်၊ လေထုကို ဖန်ဆင်းခဲ့ပြီးဖြစ်သည်။ အကြောင်းမှာ လေမရှိဘဲ လူသည် အသက်မရှင်နိုင်ကြောင်းကို ကိုယ်တော်သိသောကြောင့်ဖြစ်သည်။ ကိုယ်တော်သည် လူအတွက် ရေနှင့် အစားအစာကိုလည်း ပြင်ဆင်ပေးခဲ့သည်။ ဤသည်မှာ သတ္တမနေ့သည် ဘုရားသခင်အတွက် နားနေရာနေ့ဖြစ်ရခြင်း၏ အကြောင်းရင်းဖြစ်သည်။ ကိုယ်တော်သည် လူမွေ့လျော်ဝမ်းမြောက်နိုင်ရန်အတွက် အရာခပ်သိမ်းကို အဆင်သင့်ဖြစ်စေရန် ခြောက်ရက်လုံးလုံးလုပ်ဆောင်ခဲ့သည်။ လူသည် ဘုရားသခင်၏ ဖန်ဆင်းသောလက်တော်မှ ထွက်ပေါ်လာသောအခါ၊ သူ၏ ပထမဆုံးနေ့သည် ဘုရားသခင်၏ သတ္တမနေ့ဖြစ်သည်။ ထို့ကြောင့် သူသည် ဘုရားသခင်နှင့်အတူ မွေ့လျော်ဝမ်းမြောက်ခဲ့ပြီး၊ ဘုရားသခင်နှင့်အတူ အသက်ရှင်၊ လျှောက်လှမ်းကာ၊ အဆုံးတွင် ဘုရားသခင်နှင့်အတူ လုပ်ဆောင်ရန်အသင့်ဖြစ်ခဲ့သည်။ ဘုရားသခင်သည် သူ့အား ဒေဝဥယျာဉ်ကို ပြုစုစောင့်နေစေခြင်းငှါ ထိုဥယျာဉ်အထဲ၌ ထားရှိခဲ့သည် (က၊ ၂း၁၅)။ ဘုရားသခင်နှင့်အတူ ၎င်းသည် လုပ်ဆောင်ခြင်းနှင့် နားနေခြင်း၏ အကြောင်းအရာဖြစ်ပြီး၊ လူနှင့်အတူ ယင်းသည် နားခိုခြင်းနှင့် လုပ်ဆောင်ခြင်း၏ အကြောင်းအရာ ဖြစ်သည်။

ဘုရားသခင်သည် တဲတော်၊ ပရိဘောဂနှင့်စပ်လျဉ်းသောဖွင့်ပြခြင်းကို ပေးပြီးနောက်၊ တည်ဆောက်သူများကို ရွေးချယ်၍၊ သူတို့နှင့်စပ်လျဉ်းပြီး မောရှေအား ညွှန်ကြားမိန့်မှာပြီးနောက်၊ ဥပုသ်နေ့အကြောင်းကို ထပ်မံပြောဆိုခဲ့သည်။ ယင်းမှာ ဘုရား

သခင်က "ငါ၏ဥပုသ်နေ့ကို မမေ့လျော့နှင့်။ သင်တို့သည် ငါ၏ကိန်းဝပ်ရာနေရာကို တည်ဆောက်ရန် လုပ်ဆောင်နေသောကြောင့်၊ နေ့ရက်တိုင်း စဉ်ဆက်မပြတ် လုပ်ဆောင်နိုင်မည်ဟု မစဉ်းစားပါနှင့်။ ထိုသို့မဖြစ်နိုင်ပါ။ ငါ၏ဘုရားဆိုင်ရာအလုပ်၊ တဲတော်တည်ဆောက်ခြင်းအလုပ်ကို လုပ်ဆောင်ခြင်း၌ပင်လျှင်၊ သင်တို့သည် ငါ၏လူများဖြစ်ပြီး၊ ငါ့ကို လိုအပ်ကြောင်း ညွှန်ပြသော လက္ခဏာသက်သေကို ဆက်လက်သယ်ဆောင်ရမည်ဖြစ်သည်။ ထို့ကြောင့် သင်တို့သည် ဦးဆုံး ငါ့ကို မွေ့လျော်ဝမ်းမြောက်ရန် လိုအပ်သည်။ ထို့နောက်မှ သင်တို့သည် ငါ့အတွက်သာမက၊ ငါနှင့်အတူ၊ ငါနှင့်တစ်လုံးတစ်ဝဖြစ်ခြင်းဖြင့် လုပ်ဆောင်နိုင်ကြပေမည်။ ငါသည် သင်တို့လုပ်ဆောင်နိုင်ရန် သင်တို့၏ခွန်အားနှင့် သင်တို့အားထုတ်နိုင်ရန် သင်တို့၏စွမ်းအင်ဖြစ်မည်။ သို့သော်လည်း သင်တို့သည် သင်တို့ကိုယ်တိုင်၌၊ သင်တို့ကိုယ်တိုင်အားဖြင့် လုပ်ဆောင်မည်ဆိုလျှင်၊ ငါ့ကို စော်ကားခြင်း ဖြစ်သည်။ သင်တို့သည် ငါ၏ကိန်းဝပ်ရာနေရာတည်ဆောက်ခြင်းအလုပ်ကို ငါနှင့်အတူ၊ ငါ့အားဖြင့်၊ ငါနှင့်တစ်လုံးတစ်ဝဖြစ်ခြင်း၌ လုပ်ဆောင်ကြရမည်။ သင်တို့သည် ဤသို့ လုပ်ဆောင်မည်ဆိုပါက၊ ငါသည် အလွန်ပျော်ရွှင်ခြင်းရှိလိမ့်မည်။ သို့သော် သင်တို့သည် ငါ့ကို ဘေးဖယ်ထားပြီး၊ သင်တို့ကိုယ်တိုင်အားဖြင့် ငါ့အတွက် ကောင်းသောအလုပ်ကို လုပ်ဆောင်ရန် ကြိုးစားပါက၊ ယင်းသည်လည်း ငါ့ကို စော်ကားခြင်းပင် ဖြစ်သည်။ အကြောင်းမှာ ယင်းသည် မာရ်နတ်နှင့်သက်ဆိုင်သောလူများ၏လက္ခဏာဖြစ်သည်။ သင်တို့သည် ငါ၏လူများဖြစ်ပြီး၊ သင်တို့၏မွေ့လျော်ဝမ်းမြောက်ခြင်း၊ ခွန်အားနှင့် စွမ်းအင်အဖြစ် ငါ့ကိုလိုအပ်ကြောင်း လက္ခဏာသက်သေကို ဆောင်ကြရမည်။ သင်တို့သည် ငါ့အတွက် လုပ်ဆောင်နိုင်ရန် သင်တို့၏ အရာခပ်သိမ်းအဖြစ် ငါ့ကိုလိုအပ်သည်။ ဤနည်းလမ်းဖြင့် လုပ်ဆောင်မှသာ သင်တို့သည် ငါ့ကို လေးမြတ်ခြင်းဖြင့် ဘုန်းထင်ရှားစေနိုင်မည်ဖြစ်သည်။ ဤသည်မှာ သင်တို့သည် ငါ၏လူများဖြစ်ကြောင်းကို ပြသသည့် လက္ခဏာသက်သေကိုဆောင်ခြင်းဖြစ်သည်"ဟုပြောဆိုဟန်ရှိသည်။ (*Life-study of Exodus*, pp. 1825-1827)

*ပို၍ဖတ်ရန်* – ***Life-study of Exodus***, msg. 172

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**တ၊ ၂း၁၄ ထိုအခါ ပေတရုသည် တစ်ဆယ့်တစ်ပါးသောတမန်တော်တို့နှင့်တကွ ထလျက်၊ ထိုသူတို့ကို ကျယ်သောအသံနှင့်ဟောပြောသည်ကား၊. . . သင်တို့သည် ဤအရာကို သိမှတ်၍၊ ငါ့စကားကို စေ့စေ့နာခံကြလော့။**

**ထွ၊၃၁း၁၃ သင်သည် အစ္စရေးအမျိုးသားတို့အား ဆင့်ဆိုရမည်မှာ ငါသည် သင်တို့ကို သန့်ရှင်းစေသော ယေဟောဝါဖြစ်ကြောင်းကို သင်တို့ သိစေခြင်းငှါ၊ ငါနှင့်သင်တို့၏ သားစဉ်မြေးဆက် စပ်ကြား၌ လက္ခဏာ သက်သေဖြစ်ဖို့ရာ၊ ငါ့ဥပုသ်နေ့များကို စင်စစ် စောင့်ရကြမည်။**

ကျွန်ုပ်တို့အားလုံးသည် ဥပုသ်နေ့နှင့်စပ်လျဉ်းပြီး အခြေခံကျသောသင်ခန်းစာကို သင်ယူရန် လိုအပ်သည်။ ဥပုသ်နေ့ ဟူသည်မှာ ဘုရားသခင်အတွက် ကျွန်ုပ်တို့မလုပ်ဆောင်မီ၊ ဦးစွာ ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ရန်၊ ကိုယ်တော်နှင့်ဖြည့်ခြင်းခံရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ပြီး၊ ကိုယ်တော်နှင့်ပြည့်ဝခြင်းရှိပါက၊ ကိုယ်တော့်အတွက် လုပ်ဆောင်ရန် အသင့်ရှိကြမည်ဖြစ်သည်။ ထိုကဲ့သို့သောအလုပ်မှာ မိမိတို့ကိုယ်တိုင်အားဖြင့် မဟုတ်ဘဲ၊ ဘုရားသခင်အားဖြင့် ဖြစ်လိမ့်မည်။ ပင်တေကုတ္တေနေ့ရှိ ပေတရု၏အခြေအနေကို စဉ်းစားကြည့်ပါ။ ပေတရုသည် ဧဝံဂေလိတရားကို ဟောပြောရန် မတ်တပ်ရပ်သောအခါ၊ သူကိုယ်တိုင်အားဖြင့် ဟောပြောခဲ့ခြင်းမဟုတ်ပါ။ သူသည် သူ့ကို ဖြည့်ပေးတော်မူသောဘုရားသခင်အားဖြင့် ဟောပြောခဲ့ခြင်းဖြစ်သည်။ ဧဝံဂေလိတရားဟောပြောခြင်း၌ ပေတရုသည် ဗလာသက်သက်မဟုတ်ခဲ့ပါ။ သူသည် အတွင်း၌ ဖြည့်ပေးသောဘုရားသခင်၊ အတွင်း၌ ဖြည့်ပေးသောဝိညာဉ်တော်အားဖြင့် ဧဝံဂေလိတရားကို ဟောပြောခဲ့သည်။ ထို့ကြောင့် ပေတရုသည် ဘုရားသခင်၏ လုပ်ဖော်ဆောင်ဖက်ဖြစ်ကြောင်းနှင့် သူ၏ဧဝံဂေလိတရားဟောပြောခြင်းသည် ဘုရားသခင်ထံသို့ လေးမြတ်ခြင်းနှင့် ဘုန်းအသရေဖြစ်ကြောင်း လက္ခဏာသက်သေကို ဆောင်ခဲ့သည်။ (*Life-study of Exodus*, p. 1827)

## ယနေ့ဖတ်စရာ

လောကီသားများအားလုံးသည် အလုပ်ကို သူတို့ဘာသာ လုပ်ဆောင်ကြသည်။ သူတို့ကို ဘုရားသခင်ပိုင်ဆိုင်ကြောင်း ညွှန်ပြသည့် အမှတ်လက္ခဏာ သူတို့၌မရှိကြပေ။ ကျွန်ုပ်တို့သည် ဦးစွာပထမ ဘုရားသခင်နှင့်အတူ နားခိုခြင်း၊ မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် ပြည့်ဝသည့်တိုင်အောင်ဖြည့်ခံခြင်းရှိပြီးမှ ကျွန်ုပ်တို့ကို ဖြည့်တော်မူသောအရှင်နှင့်

အတူ လုပ်ဆောင်ကြောင်း လက္ခဏာသက်သေရှိကြသည်။ ထို့ထက်ပို၍ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူ လုပ်ဆောင်ရုံမျှသာမကဘဲ၊ ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်သော သူများအနေဖြင့်လည်း လုပ်ဆောင်ကြသည်။ ကျွန်ုပ်၏စကားပြောခြင်း၌ ကျွန်ုပ်၏သခင်သည် ကျွန်ုပ်၏ဥပုသ်နေ့ဖြစ်သည်ဟူသော လက္ခဏာသက်သေကို ဆောင်ရန် အမြဲရှာဖွေပါသည်။ ကိုယ်တော်သည် နှုတ်ကပတ်တော်ကို အမှုဆောင်ခြင်းအတွက် ကျွန်ုပ်၏ နားခိုခြင်း၊ အားဖြည့်ရာ၊ စွမ်းအင်၊ ခွန်အားနှင့် အရာခပ်သိမ်းဖြစ်သည်။

ဥပုသ်နေ့ကို စောင့်ထိန်းခြင်းသည် သဘောတူညီမှု သို့မဟုတ် ပဋိညာဉ်တစ်ခုလည်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဥပုသ်နေ့ကို စတင်စောင့်ထိန်းသောအခါ၊ ကျွန်ုပ်တို့သည် ဤနည်းလမ်းဖြင့် ဘုရားသခင်နှင့်တစ်လုံးတစ်ဝဖြစ်ကြလိမ့်မည်ဟူ၍ ဘုရားသခင်ကို ယုံကြည်စိတ်ချစေသော သဘောတူစာချုပ်၌ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း ညွှန်ပြသည်။ ကျွန်ုပ်တို့သည် ဦးဆုံး ကိုယ်တော့်ကို မွေ့လျော်ဝမ်းမြောက်ပြီးမှ ကိုယ်တော်နှင့် တစ်လုံးတစ်ဝဖြစ်ခြင်း၌ ကိုယ်တော့်အတွက်၊ ကိုယ်တော်နှင့်အတူ လုပ်ဆောင်ခြင်းအားဖြင့် ကိုယ်တော်နှင့်တစ်လုံးတစ်ဝဖြစ်ကြရမည်ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့နှင့် ဘုရားသခင်အကြားရှိ ထာဝရပဋိညာဉ်ဖြစ်သည်။

ကျွန်ုပ်တို့သည် ကိုယ်တော့်ကို ဆုတောင်းခြင်း၊ ကိုယ်တော်၌ ကိုးစားခြင်းမပြုဘဲ မိမိတို့ကိုယ်တိုင်အားဖြင့် သခင်ဘုရားအတွက် လုပ်ဆောင်ခြင်းသည် စိုးရိမ်ရသော အကြောင်းအရာဖြစ်သည်။ အမှန်စင်စစ် ကျွန်ုပ်တို့လိုအပ်သောအရာမှာ အဓိကအားဖြင့် သခင်ဘုရား၌ ကိုးစားရန် မဟုတ်ဘဲ၊ ကိုယ်တော့်ကို အတွင်းသို့ယူဆောင်ရန်နှင့် ကိုယ်တော့်ကို စားသောက်ခြင်းဖြင့် မွေ့လျော်ဝမ်းမြောက်ရန်ဖြစ်သည်။ ပင်တေကုတ္တေနေ့တွင် ပေတရုသည် သခင်ဘုရား၌ ကိုးစားရုံမျှသာမဟုတ်ဘဲ၊ သခင်ဘုရားကို သောက်သုံးခြင်းဖြင့် ကိုယ်တော်နှင့်ပြည့်ဝနေခြင်းဖြစ်သည်။ အမှန်စင်စစ် ပေတရုသည် သူစားသုံးခဲ့သောအရာကို ဟောပြောခဲ့ခြင်းဖြစ်ပြီး၊ သူမွေ့လျော်ဝမ်းမြောက်ခဲ့သောအရာကို သက်သေခံခဲ့ခြင်းဖြစ်သည်။

ဥပုသ်နေ့သည် သန့်ရှင်းစင်ကြယ်စေခြင်း၏ အကြောင်းအရာလည်း ဖြစ်သည်။ ဥပုသ်နေ့သည် ကျွန်ုပ်တို့ကို သန့်ရှင်းစင်ကြယ်စေပြီး၊ ရွေးချယ်သတ်မှတ်ကာ၊ မှတ်သားတော်မူသည်။ ကျွန်ုပ်တို့သည် သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ပြီး ကိုယ်တော်နှင့် တစ်လုံးတစ်ဝဖြစ်ခြင်းဖြင့် ကိုယ်တော်နှင့်အတူ၊ ကိုယ်တော့်အတွက် လုပ်ဆောင်မည်ဆိုလျှင် အလိုအလျောက်ပင် ကျွန်ုပ်တို့သည် သန့်ရှင်းစင်ကြယ်စေခြင်းခံရသည်။ ကျွန်ုပ်တို့သည် သာမန်ဖြစ်သောအရာမှ သန့်ရှင်းခြင်း၊ ခွဲခြားခြင်းရှိလာမည်ဖြစ်သည်။

အသင်းတော်အသက်တာ၌ ကျွန်ုပ်တို့သည် ပထမဆုံး သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်းမရှိဘဲ များစွာသောအရာတို့ကိုပြုလုပ်ခြင်း၊ သခင်ဘုရားနှင့်အတူ၊ သခင်ဘုရားနှင့်တစ်လုံးတစ်ဝဖြစ်ခြင်းဖြင့် အစေမခံခြင်းတို့ ရှိကောင်းရှိမည်ဖြစ်သည်။ အသင်းတော်၌ သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်း၊ ကိုယ်တော်နှင့်တစ်လုံးတစ်ဝဖြစ်ခြင်းတို့ မရှိဘဲ အစေခံခြင်းသည် ဝိညာဉ်ပိုင်းဆိုင်ရာသေခြင်းကို ထွက်ပေါ် စေသည်။ ကျွန်ုပ်တို့သည် ဤနည်းလမ်းဖြင့် အစေခံသောအခါတိုင်း၊ ကိုယ်ခန္ဓာတော်၏ မိတ်သဟာယဖွဲ့ခြင်းမှ မိမိတို့ကိုယ်ကို ပြတ်တောက်စေသည်။

ဘုရားသခင်၏ ကိန်းဝပ်ရာနေရာနှင့်ဆက်နွှယ်နေသောအရာအားလုံးမှာ ကျွန်ုပ်တို့အား တစ်ခုတည်းသောအကြောင်းအရာသို့ ခေါ် ဆောင်နေသည်။ ယင်းမှာ ဥပုသ်နေ့နှင့်အတူ ၎င်း၏ နားခိုခြင်းနှင့် သခင်ဘုရား၏ အားဖြည့်ပေးခြင်းဖြစ်သည်။ ထို့ကြောင့် တဲတော်နှင့် ၎င်း၏ ပရိဘောဂများသည် ကျွန်ုပ်တို့အား ဘုရားသခင်၏ အကြံအစည်တော်နှင့် ကိုယ်တော်ပြီးမြောက်ခဲ့သောအရာကို မွေ့လျော်ဝမ်းမြောက်ခြင်းဆီသို့ ခေါ် ဆောင်နေသည်။ ဟာလေလုယာ၊ အသင်းတော်အသက်တာတွင် ကျွန်ုပ်တို့သည် တဲတော်၌ ရှိပြီး၊ တဲတော်သည် ကျွန်ုပ်တို့အား နားခိုခြင်းသို့၊ ဘုရားသခင်၏ အကြံအစည်တော်နှင့် ကိုယ်တော်ပြီးမြောက်ခဲ့သောအရာတို့ကို မွေ့လျော်ဝမ်းမြောက်ခြင်းသို့ဦးဆောင်နေသည်။

တဲတော်နှင့် ၎င်း၏ ပရိဘောဂများအားလုံးကို တည်ဆောက်ခြင်းအလုပ်သည် ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် အစပြုသကဲ့သို့၊ ကြားကာလများ၌လည်း ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ခြင်းဖြင့် အားဖြည့်ခံကာ ဆက်သွားရမည်ဖြစ်သည်။ ဤအရာက ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် ကိုယ်ပိုင်ခွန်အားဖြင့် မလုပ်ဆောင်ဘဲ၊ ကိုယ်တော့်ကို မွေ့လျော်ဝမ်းမြောက်ခြင်း၊ ကိုယ်တော်နှင့်တစ်လုံးတစ်ဝဖြစ်ခြင်းဖြင့်လုပ်ဆောင်ကြောင်းကို ညွှန်ပြလိမ့်မည်ဖြစ်သည်။ ဤသည်မှာ ဥပုသ်နေ့၏ အဓိပ္ပါယ်ဖြစ်၍၊ မြေကြီးပေါ် တွင် ဘုရားသခင်၏ ကိန်းဝပ်ရာနေရာတည်ဆောက်ခြင်းနှင့်စပ်လျဉ်းသောစကား၏ နောက်တွင် ဥပုသ်နေ့နှင့်စပ်လျဉ်းသောစကားတော် ချက်ချင်းလိုက်ပါလာခြင်း၏ အကြောင်းရင်းဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ဤအကြောင်းအရာကို မြင်တွေ့ပြီး၊ စွဲမှတ်ခြင်းရှိနိုင်ကြပါစေ။ (*Life-study of Exodus*, pp.1827-1831)

*ပို၍ဖတ်ရန်* – *Life-study of Exodus*, msg. 172

***အလင်းဖွင့်ပြခံရခြင်းနှင့် နှိုးဆော်ခံရခြင်း*** ——————————————————

——————————————————————————————

——————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**မ၊၁၁း ၂၈–၃၀** **ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့။ ငါသည် နားခိုခြင်းကိုပေးမည်။ ငါ့ထမ်းပိုးကို တင်၍ထမ်းကြလော့။ ငါ့ထံမှ သင်ယူကြလော့။ ငါသည် စိတ်နှလုံး၌ နူးညံ့သိမ်မွေ့၍ နှိမ့်ချမှုရှိ၏။ သင်တို့စိတ်များသည် နားခိုခြင်းကို ရလိမ့်မည်။ အကြောင်းမူကား၊ ငါ့ထမ်းပိုးသည် ထမ်းလွယ်၏။ ငါ့ဝန်လည်း ပေါ့၏ဟု မိန့်တော်မူ၏။**

**ယော၊ ၄း၃၄** **ယေရှုက၊ ငါ့ကိုစေလွှတ်တော်မူသောသူ၏အလိုတော်ကိုဆောင်ခြင်း၊ သူ၏အမှုတော်ကို ပြီးစီးခြင်းအမှုသည် ငါ့စားစရာဖြစ်၏။**

မ၊၁၁း ၂၈ ၌ သခင်ဘုရားက “ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့ လာ၍၊ နားခိုကြလော့။ ဝန်လေး၍ ပင်ပန်းနေကြသည့် ဘာသာရေးသမားများနှင့် လောကီသားအပေါင်းတို့ ငါ့ထံသို့ လာကြလော့။ ငါသည် နားခိုခြင်းကို ပေးမည်”ဟု ပြောဆိုခဲ့သည်။ သနားကရုဏာနှင့်ပြည့်စုံသောစကားတော်ဖြစ်ပါတကား။

ဤနေရာရှိ ပင်ပန်းခြင်း ဆိုသည်မှာ ပညတ်တရားနှင့် ဘာသာတရား စည်းမျဉ်းစည်းကမ်းများကို ကြိုးစားစောင့်ထိန်းသောပင်ပန်းခြင်းကိုသာ ရည်ညွှန်းခြင်းမဟုတ်ဘဲ၊ အလုပ်တစ်စုံတစ်ခုကို အောင်မြင်စွာ လုပ်ဆောင်နိုင်ရန် ကြိုးစားရုန်းကန်နေရသော ပင်ပန်းခြင်းမျိုးကိုလည်း ရည်ညွှန်းသည်။ ပင်ပန်းသောသူတိုင်းသည် လေးသောဝန်ကို အမြဲထမ်းထားသောကြောင့် ဖြစ်သည်။ သခင်ဘုရားသည် ခမည်းတော်ကို ချီးမွမ်း၍၊ ခမည်းတော်၏လမ်းကို သိမှတ်ကာ၊ ဘုရားဆိုင်ရာစီမံကိန်းကို ကြွေးကြော်ပြီးနောက်၊ ဤကဲ့သို့သောသူတို့အား နားခိုခြင်းအတွက် သူ့ထံသို့ လာရန် ခေါ်တော်မူခဲ့သည်။

နားခိုခြင်း ဆိုသည်မှာ ဘာသာတရား၊ ပညတ်တရား၊ အလုပ်တစ်ခုခုနှင့် တာဝန်ရှိခြင်းအောက်၌ ဝန်လေးပင်ပန်းနေခြင်းမှ လွတ်မြောက်ခြင်းသာ မဟုတ်ဘဲ၊ ပြည့်စုံလင်သော ငြိမ်သက်ခြင်းနှင့် ကျေနပ်နှစ်သိမ့်ခြင်းတို့ကိုလည်း ရည်ညွှန်းသည်။ (မ၊၁၁း ၂၈၊ မှတ်စု ၁နှင့် ၂)။

## ယနေ့ဖတ်စရာ

မ၊၁၁း ၂၉နှင့် ၃၀၌ နားခိုရန် နည်းလမ်းရှိသည်– “ငါ့ထမ်းပိုးကို တင်၍ထမ်းကြလော့။ ငါ့ထံမှ သင်ယူကြလော့။ ငါသည် စိတ်နှလုံး၌ နူးညံ့သိမ်မွေ့၍ နှိမ့်ချမှုရှိ၏။ သင်တို့စိတ်များသည် နားခိုခြင်းကို ရလိမ့်မည်။ အကြောင်းမူကား၊ ငါ့ထမ်းပိုးသည် ထမ်းလွယ်၏ ငါ့ဝန်လည်း ပေါ့၏။” သခင်ဘုရား၏ထမ်းပိုးကို ထမ်းခြင်းမှာ ခမည်းတော်၏ အလိုတော်ကို

ဆောင်ခြင်းဖြစ်သည်။ ဤသည်မှာ ဘာသာတရား၊ ပညတ်တရား၏ ထိန်းချုပ်စည်းကြပ်ခံရခြင်း၊ အလုပ်အားဖြင့် ကျွန်ပြုခံရခြင်းမဟုတ်ဘဲ၊ ခမည်းတော်၏ အလိုတော်အားဖြင့် ချုပ်နှောင်ခံရခြင်းဖြစ်သည်။ သခင်ဘုရားသည် ထိုသို့သောအသက်တာဖြင့် အသက်ရှင်ခဲ့ပြီး၊ အခြားမည်သည့်အရာကိုမျှ ဂရုမစိုက်ဘဲ၊ ခမည်းတော်၏ အလိုတော်ကိုသာ ဂရုစိုက်ခဲ့သည် (ယော၊၄း၃၄။ ၅း၃၀။ ၆း၃၈)။ ကိုယ်တော်သည် ခမည်းတော်၏ အလိုတော်ကို လုံးလုံးဝန်ခံခဲ့သည်(မ၊ ၂၆း၃၉၊၄၂)။ ထို့ကြောင့် ကိုယ်တော်သည် ကျွန်ုပ်တို့အား သူ့ထံမှ သင်ယူရန် တောင်းဆိုနေခြင်းဖြစ်သည်။ ဘုရားသခင်၏ အလိုတော်သည် ကျွန်ုပ်တို့၏ ထမ်းပိုးဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် မိမိတို့အလိုအတိုင်းပြုမူရန် လွတ်လပ်ခြင်းမရှိတော့ဘဲ၊ ထမ်းပိုးတပ်ခြင်းခံရပြီးဖြစ်သည်။ လူငယ်တို့၊ သင်တို့သည် အလွန်လွတ်လပ်ပြီး၊ လွတ်မြောက်ခြင်းရှိသည်ဟု မစဉ်းစားပါနှင့်။ သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ ကျွန်ုပ်တို့အားလုံးသည် ထမ်းပိုးတပ်ခြင်းခံရပြီးဖြစ်သည်။ ထမ်းပိုးတပ်ခြင်းခံရသည်မှာ ကောင်းမွန်လှပါတကား။ သခင်ဘုရား၏ ထမ်းပိုးသည် ထမ်းလွယ်၍၊ ကိုယ်တော်၏ ဝန်လည်း ပေါ့ပါးသည်။ သခင်ဘုရား၏ ထမ်းပိုးသည် ခမည်းတော်၏ အလိုတော်ဖြစ်ပြီး၊ ကိုယ်တော်၏ ဝန်သည် ခမည်းတော်၏ အလိုတော်ကို သယ်ဆောင်ရန်အလုပ်ဖြစ်သည်။ ထိုကဲ့သို့သော ထမ်းပိုးမှာ ခါးသီးခြင်းမရှိဘဲ၊ ထမ်းလွယ်၍၊ ထိုကဲ့သို့သောဝန်မှာ လေးလံခြင်းမရှိဘဲ ပေါ့ပါးသည်။ ထမ်းလွယ်သည် ဟူသောစကားလုံးမှာ ဂရိဘာသာ၌ "အသုံးပြုရန် သင့်လျော်သော"ဟု အဓိပ္ပါယ်ရသည်။ ထို့ကြောင့် ၎င်း၏ ဆိုလိုရင်းမှာ ပြင်းထန်ခြင်း၊ ခဲယဉ်းခြင်း၊ ခက်ထန်ခြင်း၊ ခါးသီးခြင်းတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော ကောင်းမြတ်ခြင်း၊ ကြင်နာခြင်း၊ ပျော့ပျောင်းခြင်း၊ နူးညံ့ခြင်း၊ လွယ်ကူခြင်း၊ နှစ်လိုဖွယ်ရှိခြင်းဖြစ်သည်။

အငယ်၊ ၂၉၌ သခင်ဘုရားသည် ကျွန်ုပ်တို့အား သူ့ထံမှ သင်ယူရန် တောင်းဆိုနေသည်။ နူးညံ့သိမ်မွေ့သောသဘောဟူသည်မှာ မည်သည့်ဆန့်ကျင်ခြင်းကိုမဆို တွန်းလှန်မှုမပြုခြင်းကို ဆိုလို၍၊ နှိမ့်ချခြင်း ဆိုသည်မှာ မိမိကိုယ်ကို မြင့်မားစွာမှတ်ယူခြင်းဖြစ်သည်။ သခင်ဘုရားသည် ဆန့်ကျင်မှုအားလုံးကို ဖြတ်ကျော်၍၊ နူးညံ့သိမ်မွေ့ခြင်းရှိပြီး၊ ငြင်းပယ်မှုအားလုံးကို ဖြတ်ကျော်ကာ စိတ်နှလုံး၌ နှိမ့်ချခဲ့သည်။ ကိုယ်တော်သည် သူ့အတွက် မည်သည့်အရာကိုမျှ လုပ်ဆောင်ရန် အလိုမရှိသလို၊ တစ်စုံတစ်ရာကို ရယူရန်လည်း မမျှော်လင့်ခဲ့ဘဲ၊ ခမည်းတော်၏ အလိုတော်ကိုသာ အပြည့်အဝနာခံခဲ့သည်။ ထို့ကြောင့် အခြေအနေမည်သို့ရှိနေသည်ဖြစ်စေ၊ ကိုယ်တော်သည် သူ၏စိတ်နှလုံး၌ နားခိုခြင်းရှိခဲ့ပြီး၊ ခမည်းတော်၏ အလိုတော်၌ ကျေနပ်နှစ်သိမ့်မှုအပြည့်ရှိခဲ့သည်။

သခင်ဘုရားက ကျွန်ုပ်တို့သည် ကိုယ်တော်၏ ထမ်းပိုးကို ထမ်း၍ ကိုယ်တော့်ထံမှ သင်ယူမည်ဆိုပါက၊ ကျွန်ုပ်တို့၏ စိတ်အတွက် နားခိုခြင်းကို ရှာတွေ့လိမ့်မည်ဖြစ်ကြောင်း ပြောဆိုထားသည်။ သခင်ဘုရား၏ ထမ်းပိုးကို ထမ်း၍၊ ကိုယ်တော့်ထံမှ သင်ယူရရှိသော နားခိုခြင်းသည် ကျွန်ုပ်တို့၏ စိတ်အတွက်ဖြစ်သည်။ ၎င်းမှာ အပြင်ပိုင်းသဘောသဘာဝ၌ မဟုတ်ဘဲ၊ အတွင်းပိုင်းနားခိုခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် အမှုဆောင်နေစဉ်တွင် ဆန့်ကျင်ဘက်ပြုခြင်းကို ခံရ၍၊ ပြန်လည်တွန်းလှန်မည်ဆိုလျှင် ကျွန်ုပ်တို့၌ ငြိမ်သက်ခြင်းရှိမည်မဟုတ်ပေ။ သို့သော်လည်း တွန်းလှန်ခြင်းအစား ဤဆန့်ကျင်ခြင်းသည် ခမည်းတော်ထံမှလာသောအရာဖြစ်ကြောင်းကို သက်သေခံလျက် ခမည်းတော်၏ အလိုကို ဝန်ခံမည်ဆိုလျှင်၊ ကျွန်ုပ်တို့၏ စိတ်၌ နားခိုခြင်းကို ရလိမ့်မည်ဖြစ်သည်။ ဗတ္တိဇံယောဟန်သည် သူ၏ အကျဉ်းချခံရခြင်းကို ခမည်းတော်ထံမှ လာသောအရာအဖြစ် မမှတ်ယူခဲ့ပေ။ ထို့ကြောင့် သူသည် နားခိုခြင်းမရှိခဲ့ပေ။ သူ၏ အကျဉ်းချခံရခြင်းမှာ ခမည်းတော်၏ အလိုတော်ကြောင့်ဖြစ်သည်ဟု သူသိနားလည်ခဲ့မည်ဆိုလျှင်၊ သူသည် ထောင်ထဲ၌ရှိနေသော်လည်း နားခိုရလိမ့်မည်ဖြစ်သည်။ ကောင်းကင်ဆိုင်ရာရှင်ဘုရင် ခရစ်တော်သည် မည်သည့်အရာကိုမျှ ဆန့်ကျင်တွန်းလှန်ခြင်းမရှိဘဲ၊ ဘုရားသခင်၏ အလိုတော်ကို သူ၏ ဝေစုအဖြစ် ယူဆောင်ခြင်းဖြင့် ခမည်းတော်၏ အလိုတော်ကို အမြဲ ဝန်ခံခဲ့သည်။ ထို့ကြောင့် ကိုယ်တော်သည် အမြဲတမ်းနားခိုခြင်းရှိခဲ့သည်။ ကျွန်ုပ်တို့သည် ကိုယ်တော့်ထံမှ သင်ယူကြရမည်ဖြစ်ပြီး၊ ဤမြင်ကွင်းကိုလည်း ယူဆောင်ကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤသို့ပြုမည်ဆိုပါက၊ ကျွန်ုပ်တို့၏ စိတ်၌ နားခိုခြင်းရှိကြလိမ့်မည်ဖြစ်သည်။ (*Life-study of Matthew,* pp. 390-391)

*ပို၍ဖတ်ရန် – Life-study of Matthew,* msg. 31

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————————

——————————————————————————————————

——————————————————————————————————

——————————————————————————————————

——————————————————————————————————

——————————————————————————————————

——————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**မ၊ ငါ့ထမ်းပိုးကို တင်၍ ထမ်းကြလော့။ ငါ့ထံမှ သင်ယူကြလော့။ ငါသည်**
**၁၁း၂၉ စိတ်နှလုံး၌ နူးညံ့သိမ်မွေ့၍ နှိမ့်ချမှုရှိ၏။...**
**၁ပေ၊ အကြောင်းမူကား၊ ထိုသို့အလို့ငှါ သင်တို့ကို ခေါ်တော်မူပြီ။ ခရစ်တော်**
**၂း၂၁ သည် သင်တို့ကိုယ်စား ဆင်းရဲဒုက္ခကို ခံတော်မူသည်ဖြစ်၍၊ ခြေတော်**
**ရာကို လိုက်လျှောက်စေခြင်းငှါ ပုံသက်သေကို ထားတော်မူပြီ။**
**ယော၊ အကြောင်းမူကား၊ ငါသည် ကိုယ်အလိုသို့လိုက်ခြင်းငှါ ကောင်းကင်မှ**
**၆း၃၈ ဆင်းသက်သည်မဟုတ်။ ငါ့ကိုစေလွှတ်တော်မူသောသူ၏ အလိုသို့ လိုက်**
**ခြင်းငှါ ဆင်းသက်၏။**

သခင်ဘုရားက ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့။ ငါသည် နားခိုခြင်းကို ပေးတော်မူမည်ဟု ပြောဆိုခဲ့သည် (မ၊၁၁း၂၈)။ ဂျူးဘာသာရေး သမားများသည် ပညတ်တရားအောက်တွင် ကြိုးစားကျင့်ကြံခြင်းအားဖြင့် ဝန်လေး လျက် ပင်ပန်းနေကြသည်။ ဤမြေကြီးပေါ်တွင် ဝန်လေး၍ မပင်ပန်းသောသူ မည်သူရှိ သနည်း။ ဤကမ္ဘာလောကသည် ဝန်ထုပ်ဝန်ပိုးအပြည့်ဖြင့် လေးလံပင်ပန်းသောလောက ဖြစ်သည်။ ထို့ကြောင့် သခင်ဘုရားသည် ကျွန်ုပ်တို့အား နားခိုခြင်းအတွက် သူ့ထံသို့ လာ ရန် ခေါ်တော်မူခဲ့ခြင်းဖြစ်သည်။ နားခိုခြင်း ဆိုသည်မှာ ပြည့်စုံလင်သောငြိမ်သက်ခြင်းနှင့် ကျေနပ်နှစ်သိမ့်ခြင်းဖြစ်သည်။

သခင်ဘုရားသည် တပည့်တော်တို့အား သူ၏ထမ်းပိုးကို ယူ၍ ထမ်းရန်နှင့် သူ့ထံ မှ သင်ယူရန် မိန့်တော်မူခဲ့သည်။ ကိုယ်တော်သည် စိတ်နှလုံး၌ နူးညံ့သိမ်မွေ့၍၊ နှိမ့်ချမှုရှိ သောကြောင့်၊ တပည့်တော်တို့သည် သူတို့၏စိတ်များအတွက် နားခိုမှုကိုရလိမ့်မည်ဖြစ် သည် (အငယ်၊၂၉)။ နူးညံ့သိမ်မွေ့ခြင်း ဆိုသည်မှာ ဆန့်ကျင်ခြင်းကို တွန်းလှန်မှုမပြု ခြင်းဖြစ်၍၊ နှိမ့်ချခြင်း ဆိုသည်မှာ မိမိကိုယ်ကို မြင့်မားစွာ မမှတ်ယူခြင်းဖြစ်သည်။ သခင် ဘုရားထံမှ ရရှိသော နားခိုခြင်းသည် ကျွန်ုပ်တို့၏စိတ်များအတွက်ဖြစ်ပြီး၊ ယင်းသည် သဘောသဘာဝ၌ အပြင်ပိုင်းဆိုင်ရာမျှသာမဟုတ်ဘဲ၊ အတွင်းပိုင်းနားခိုခြင်းဖြစ်သည်။ သောကများနှင့် ဒုက္ခပြဿနာများမှာ ကျွန်ုပ်တို့၏စိတ်၌ဖြစ်သည်။ ပေါလုသည် ကျွန်ုပ် တို့အား အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ၊ တောင်းပန်လိုသောအရာများတို့ကို သခင် ဘုရားအား ကြားလျှောက်ရန် ပြောဆိုခဲ့သည်။ ထို့နောက် ဘုရားသခင်၏ငြိမ်သက်ခြင်း သည် ခရစ်တော်ယေရှု၌ ကျွန်ုပ်တို့၏စိတ်နှလုံးများနှင့် တွေးတောခြင်းတို့ကိုစောင့်မလိမ့် မည်။ (*The God-man Living*, p. 111)

# ယနေ့ဖတ်စရာ

သခင်ဘုရားက တပည့်တော်တို့အား သူ၏ထမ်းပိုးသည် ထမ်းလွယ်၍ သူ၏ဝန်သည်လည်း ပေါ့ပါးကြောင်း ခိုင်မာစွာပြောဆိုခဲ့သည် (မ၁၁း၃၀)။ ထမ်းလွယ်သည် ဟူသောစကားလုံးမှာ ဂရိဘာသာ၌ "အသုံးပြုရန် သင့်လျော်သော"ဟု အဓိပ္ပါယ်ရသည်။ ထို့ကြောင့် ၎င်း၏ ဆိုလိုရင်းမှာ ပြင်းထန်ခြင်း၊ ခဲယဉ်းခြင်း၊ ခက်ထန်ခြင်း၊ ခါးသီးခြင်းတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော ကောင်းမြတ်ခြင်း၊ ကြင်နာခြင်း၊ ပျော့ပျောင်းခြင်း၊ နူးညံ့ခြင်း၊ လွယ်ကူခြင်း၊ နှစ်လိုဖွယ်ရှိခြင်းဖြစ်သည်။ ဘုရားစီမံကိန်း၏ထမ်းပိုးမှာ ထိုကဲ့သို့ဖြစ်သည်။ ဘုရားသခင်၏ စီမံကိန်း၌ရှိသောအရာအားလုံးမှာ လေးလံသောဝန်ထုပ်ဝန်ပိုးမဟုတ်ဘဲ၊ မွေ့လျော်ဝမ်းမြောက်ခြင်းဖြစ်သည်။

ခရစ်တော်သည် ပထမဆုံးသော ဘုရား–လူဖြစ်ပြီး၊ ကျွန်ုပ်တို့သည် များစွာသော ဘုရားလူများဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံသို့ ကိုယ်တော်၏ အပြည့်အဝနာခံမှုရှိခြင်း၊ ဘုရားကိုယ်တော်တိုင်နှင့်အဆုံးစွန်ကျေနပ်နှစ်သိမ့်မှုရှိခြင်းတို့၌ ကိုယ်တော့်ထံမှ သင်ယူကြရမည်ဖြစ်သည်။ ခရစ်တော်သည် ခမည်းတော်နှင့် ကိုယ်တော်၏ အလိုတော်ထံသို့ အလွန်ဝန်ခံ၍ ကျေနပ်နှစ်သိမ့်မှုအပြည့်ရှိခဲ့သည်။

သခင်ဘုရားသည် နူးညံ့သိမ်မွေ့မှုရှိသည်ဟု ဆိုရာ၌ ကိုယ်တော်သည် သူ့အား ဆန့်ကျင်သူများကို တွန်းလှန်မှု မပြုခြင်းကို ဆိုလိုသည်။ ကိုယ်တော်သည် အလွန်နှိမ့်ချမှုရှိသည်ဟု ဆိုရာတွင် (သူ၏စိတ်နှလုံး၌) လူတို့အလယ်တွင် ကိုယ်ကိုကိုယ်နှိမ့်ချတော်မူသည်ဟုဆိုလိုသည်။

သခင်ဘုရား၏ယုံကြည်သူများသည် သူတို့၏စိတ်နှလုံးတွင်း၌ ကိုယ်တော်၏ခေါ်သံကို အဖြေပေး၍၊ ကိုယ်တော့်ထံသို့ ရဲရင့်စွာ လာရောက်ကြသည် (မ၁၁း၂၈က)။ ကိုယ်တော့်ထံသို့ ရဲရင့်စွာလာခြင်း ဆိုသည်မှာ ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံးဖြင့် ကိုယ်တော့်ထံလာခြင်းဖြစ်သည်။ ဤသည်မှာ ပေါလုသည် ရော၁၂း၁ ၌ ကျွန်ုပ်တို့၏ခန္ဓာများကို အသက်ရှင်သောယဇ်အဖြစ် သခင်ဘုရားထံသို့ ဆက်သရန် ကျွန်ုပ်တို့ကို တိုက်တွန်းရသည့် အကြောင်းရင်းဖြစ်သည်။ ကျွန်ုပ်တို့သည် အသင်းတော်အစည်းအဝေးများ၌ရှိခြင်းအားဖြင့် ကျွန်ုပ်တို့ခန္ဓာများကို လက်တွေ့ကျကျ ဆက်သရမည်ဖြစ်သည်။ ကျွန်ုပ်သည် ၁၉၅၂ ခုနှစ်တွင် သခင်ဘုရားအားဖြင့် ကယ်တင်ခံရသောအချိန်မှစ၍၊ ကျွန်ုပ်၏ဖြစ်ခြင်းတစ်ခုလုံးဖြင့် ကိုယ်တော့်ထံ လာရောက်ခဲ့ပါသည်။

ယုံကြည်သူများသည် ဘုရားသခင်၏အလိုတော်ထမ်းပိုးကို ယူဆောင်ခြင်းနှင့် ကိုယ်တော်၏ပုံသက်သေအတိုင်း ဘုရားစီမံကိန်းအတွက် ကြိုးပမ်းလုပ်ဆောင်ခြင်းအား

ဖြင့် သခင်ဘုရားကို သူတို့၏ဝိညာဉ်၌ ပုံတူပွားကြသည် (မ၁၁း ၂၉က။ ၁ပေ၊ ၂း ၂၁)။ သခင်ဘုရားသည် ကျွန်ုပ်တို့အား ကိုယ်တော့်ထံမှ သင်ယူရန် ပြောဆိုခဲ့သည်။ ကိုယ်တော့်ထံမှ သင်ယူခြင်းသည် ကိုယ်တော့်ကို အပြင်ပန်းအားဖြင့် အတုခိုးခြင်းမဟုတ်ဘဲ၊ ကိုယ်တော့်ကို ပုံတူပွားရန်ဖြစ်သည်။ ဤနည်းလမ်းဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ပုံတူမူပွားများနှင့် မြောက်များစွာသောထုတ်လုပ်ခြင်းဖြစ်လာကြမည်ဖြစ်သည်။ ကိုယ်တော့်ထံမှ သင်ယူရန် ပထမဆုံးလိုအပ်ချက်မှာ ဘုရားသခင်၏ အလိုတော်ဖြစ်သော ကိုယ်တော်၏ထမ်းပိုးကို ယူဆောင်ရန်ဖြစ်သည်။ ဘုရားသခင်၏ အလိုတော်သည် ကျွန်ုပ်တို့အပေါ်၌ ထမ်းပိုးအဖြစ် တပ်ဆင်ခြင်းခံရမည်ဖြစ်၍၊ ကျွန်ုပ်တို့သည်လည်း ကျွန်ုပ်တို့၏ လည်ပင်းကို ဤထမ်းပိုးအထဲသို့ တပ်ဆင်ရမည်ဖြစ်သည်။ လွန်ခဲ့သောနှစ်ခုနစ်ဆယ်က လူငယ်တစ်ဦးအနေဖြင့် ကျွန်ုပ်သည် ယေရှု၏ထမ်းပိုးကို ယူဆောင်ခဲ့သည်။ ထိုထမ်းပိုးသည် ကျွန်ုပ်အား လွန်ခဲ့သောနှစ်ပေါင်းခုနစ်ဆယ်လုံးလုံး ကာကွယ်ပေးခဲ့သည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏စီမံကိန်းအတွက် ကြိုးပမ်းသောသူများဖြစ်ရန်လည်း လိုအပ်သည်။ လောကီသားများအားလုံးသည် များစွာသောအရာတို့၌ ဝန်လေး၍ ကြိုးပမ်းလုပ်ဆောင်နေကြသည်။ သူတို့သည် အလွန်အလုပ်များနေကြသည်။ သခင်ဘုရားသည် ဝန်လေး၍ ပင်ပန်းသောသူများ၊ နားခိုခြင်းနှင့် ကျေနပ်နှစ်သိမ့်ခြင်းမရှိသောသူများကို သူ့ထံသို့လာရန် ခေါ်နေသည်။ သို့မှသာ ကိုယ်တော်သည် သူတို့အား စစ်မှန်သောနားခိုခြင်းနှင့် ကျေနပ်နှစ်သိမ့်ခြင်းကို ပေးအပ်နိုင်မည်ဖြစ်သည်။ ကျေနပ်နှစ်သိမ့်ခြင်းမရှိသောနားခိုခြင်းသည် စစ်မှန်သောနားခိုခြင်းမဟုတ်ပေ။ ကျွန်ုပ်တို့သည် ကိုယ်တော်၏ထမ်းပိုးကို ယူဆောင်ပြီး၊ ကိုယ်တော်၏ခြေတော်ရာတို့ကို လိုက်လျှောက်လျက်၊ ကိုယ်တော်၏ပုံသက်သေအတိုင်း ဘုရားသခင်၏စီမံကိန်းအတွက် ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်သည်။

အခက်ခဲဆုံးသောအရာမှာ ကျွန်ုပ်တို့၏စိတ်၌ နားခိုရန်ဖြစ်သည်။ လူတို့သည် အိပ်မပျော်ကြခြင်းမှာ သူတို့၏စိတ်သည် ပူပန်သောကရောက်နေကြသောကြောင့်ဖြစ်သည်။ သခင်ဘုရား၏ထမ်းပိုးကို ယူဆောင်ခြင်းနှင့် ကိုယ်တော့်ထံမှ သင်ယူခြင်းအားဖြင့် ကျွန်ုပ်တို့ရရှိသောနားခိုခြင်းသည် ကျွန်ုပ်တို့၏စိတ်အတွက်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျေနပ်နှစ်သိမ့်မှုအပြည့်ဖြင့် ကိုယ်တော်၏ နားခိုခြင်းကို ကျွန်ုပ်တို့၏စိတ်၌ ဝေမျှခံစားကြရသည် (မ၁၁း ၂၇ခ၊ ၂၉ခ၊၃၀)။ (*The God-man Living*, pp. 111-112, 118-120)

*ပို၍ဖတ်ရန် – The God-man Living*, msgs. 12-13

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

————————————————————————————

***Hymns,* # 617**

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ–––––––––––

# ဝှက်ထားသောမန္နမုန့်၊ အပွင့်ပွင့်သောလှံတံနှင့် အသက်၏တရားတော်အဖြစ် ကိုယ်တော်ကို မွေ့လျော် ဝမ်းမြောက်ရန် သခင်ဘုရားကို အမှုဆောင်ခြင်း

ဖတ်ရန်ကျမ်း။ ယေဇ၊၄၄း၁၀–၁၁၊ ၁၅–၁၈။ တ၊၁၃း၁–၂။ ဟေဗြဲ၉း၃–၄

*Day 1*

**I. "အစ္စရေးအမျိုးသားတို့သည် ငါ့ထံမှထွက်၍ လမ်းလွဲပြီးလျှင်၊ မိမိတို့ရုပ်တုများနောက်သို့ လိုက်သွားသောအခါ၊ ငါ့ထံမှ ထွက်၍ လမ်းလွဲသော လေဝိသားတို့သည်လည်း ကိုယ်အပြစ်ကို ခံရကြမည်။ သို့ရာတွင်၊ ငါ၏သန့်ရှင်းရာဌာနနှင့်ဆိုင်သော အမှုစောင့်ဖြစ်၍၊ ဗိမာန်တော်၌ တံခါးတို့ကို စောင့်လျက်၊ အမှုတော်ကို ဆောင်ရွက်လျက်နေရကြမည်။ မီးရှို့ရာယဇ်နှင့် လူများပူဇော်သော ယဇ်ကောင်တို့ကို သတ်၍၊ လူများ ကိုယ်စားအမှုတော်ကို ဆောင်ရွက်ရကြမည်။ အစ္စရေးအမျိုးသားတို့သည် ငါ့ထံမှထွက်၍ လမ်းလွဲသောအခါ၊ ငါ၏သန့်ရှင်းရာဌာနကို စောင့်နေသော လေဝိအမျိုးဖြစ်သော ဇာဒုတ်သား၊ ယဇ်ပုရောဟိတ်တို့သည် ငါ့အမှုကို ဆောင်ခြင်းငှါ ငါ့ထံသို့ ချဉ်းကပ်ကြ၏။ ငါ့အားဆီဥနှင့်အသွေးကို ပူဇော်ခြင်းငှါ အရှေ့မှာ ရပ်ရကြမည်ဟု ယေဟောဝါဘုရားမိန့်တော်မူ၏။ ထိုသူတို့သည် ငါ၏သန့်ရှင်းရာဌာနထဲသို့ဝင်၍ ငါ့အမှုကိုဆောင်ခြင်းငှါ၊ ငါ့စားပွဲအနားသို့ ချဉ်းကပ်၍ ငါ့အမှုစောင့်ဖြစ်ရကြမည်" (ယေဇ၊၄၄း၁၀–၁၁၊ ၁၅–၁၆)။**

က။ ဘုရားသခင်၏အမြင်၌ အိမ်သို့ အမှုဆောင်ခြင်းရှိရုံသာမက ပို၍ ကောင်းမွန်သည့်အမှုဆောင်ခြင်းဖြစ်သော သခင်ဘုရားထံသို့ အမှုဆောင်ခြင်းလည်းရှိသည်။

ခ။ ဘုရားသခင်၌ ပန်းတိုင်တစ်ခုတည်းသာရှိသည်။ ယင်းမှာ "ငါ" လုံးလုံးပိုင်ဆိုင်သော လူများကို ရှိရန်ဖြစ်သည်။ တနည်းအားဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့ကို "ငါ၏"မျက်မှောက်တော်၌ရှိကာ၊ "ငါ့"ထံသို့ အမှုဆောင်သူဖြစ်ရန် အလိုရှိသည်။ ဘုရားသခင်၏တုနှိုင်းရာမဲ့သော ပန်းတိုင်မှာ အရာများစွာကို လုပ်ဆောင်ခြင်း၌မဟုတ်ပေ။ ထိုအစား ၎င်းမှာ "ငါ"၌ဖြစ်သည် (အငယ်၊၁၅–၁၆)။

ဂ။ သခင်ဘုရားထံသို့ အမှုဆောင်ခြင်းသည် အိမ်ကို ကျွန်ုပ်တို့ငြင်းပယ်လိုက်သည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ သခင်ဘုရားထံအမှုဆောင်သူများသည် အပြစ်သားများကို ဧဝံဂေလိတရားဟောပြောကာ ညီအစ်ကို၊ ညီအစ်မများအား တိုးတက်မှုရှိရန် ကူညီပေးခြင်းလည်းရှိသည်၊ သို့သော် သူတို့၏ တစ်ခုတည်းသောပန်းတိုင်မှာ သခင်ဘုရားအတွက်ဖြစ်ပြီး၊ သူတို့၏ ဗဟိုပြုရာသည် သခင်ဘုရားကိုယ်တော်တိုင်ဖြစ်သည်။ သူတို့သည် သခင်ဘုရားအတွက်ကြောင့် လူများကိုတန်ဖိုးထားကြသည်။

ဃ။ ကျွန်ုပ်တို့သည် သခင်ဘုရား၏ မျက်မှောက်တော်သို့ လာကာ၊ ကိုယ်တော်ကိုသာ ဗဟိုပြုမည်ဆိုလျှင်၊ အလိုအလျောက်ပင် ညီအစ်ကိုညီအစ်မများထံသို့လည်း ကျွန်ုပ်တို့အမှုဆောင်နိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရားထံသို့ အမှုဆောင်နေခြင်းဟုတ်မဟုတ်ဟူသော မေးခွန်းမှာ သခင်ဘုရားသည် ကျွန်ုပ်တို့၏ စိတ်နှလုံး၌ပထမနေရာယူထားခြင်းရှိမရှိဟူသောအချက်၌ မူတည်နေသည်။

*Day 2*

င။ သခင်ဘုရား၏ အစေခံခြင်း၌ ကျွန်ုပ်တို့လုပ်ဆောင်သမျှသည် သခင်ဘုရားအတွက်သာဖြစ်ရပေမည်။ ၎င်းသည် ကိုယ်တော်၏ ကျေနပ်ခြင်း၊ ကိုယ်တော်၏ စိတ်နှလုံးအလိုတော်၊ ကိုယ်တော်၏ ပျော်ရွှင်ခြင်း၊ ကိုယ်တော်၏ ပန်းတိုင်၊ ကိုယ်တော်ဝမ်းမြောက်မှုနှင့် ကိုယ်တော်၏ ဘုန်းတော်အတွက်သာ ဖြစ်ရပေမည်။

စ။ သခင်ဘုရား၏ အလုပ်၌ ကျွန်ုပ်တို့၏ အသွေးအသားအဖို့ နှစ်သက်ဖွယ်ကောင်းသော၊ ဆွဲဆောင်တတ်သောအရာများရှိနေသည်၊ အကြောင်းမှာ ၎င်းတို့သည် ကျွန်ုပ်တို့၏ ဇာတိ ပျော်ရွှင်မှုနှင့် ဘုန်းအသရေအတွက်ဖြစ်နေသောကြောင့်ဖြစ်သည် (cf. ၂ကော၊ ၄း၅)။

ဆ။ ဆုတောင်းခြင်း၌ သခင်ဘုရားထံ တိုးဝင်ချဉ်းကပ်ခြင်းမရှိဘဲ မည်သူမျှ ကိုယ်တော်ထံ အမှုဆောင်နိုင်မည်မဟုတ်ပါ။ ဝိညာဉ်ရေးရာ တန်ခိုးသည် ဟောပြောခြင်းတန်ခိုး၌မဟုတ်ဘဲ၊ ဆုတောင်းခြင်းတန်ခိုး၌ ဖြစ်သည်။ ကျွန်ုပ်တို့ မည်မျှဆုတောင်းသည်ဆိုသည်မှာ ကျွန်ုပ်တို့အမှန်တကယ်ပိုင်ဆိုင်သော အတွင်းပိုင်းခွန်အားမည်မျှရှိသည်ကို ညွှန်ပြနေခြင်းဖြစ်သည်။

ဇ။ အသန့်ရှင်းဆုံးဌာန၌ သခင်ဘုရားထံ အမှုဆောင်လိုသည်ဆိုပါက ကျွန်ုပ်တို့သည် သခင်ဘုရားရှေ့တော်၌ အချိန်ယူကာ များစွာဆုတောင်းရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ထံ တိုးဝင်ချဉ်းကပ်ရန်၊ ကိုယ်တော်ရှေ့တွင် ရပ်နေရန်၊ ကိုယ်တော်၏ အလိုတော်ကို စောင့်ဆိုင်းရန် လိုအပ်သည်။

ဈ။ ဆုတောင်းခြင်းမှာ ဘုရားသခင့်ရှေ့တော်၌ ရပ်နေခြင်းဖြစ်သည် (ယေဇ၊၄၄း၁၅)။ ၎င်းသည် စိတ်ကြီးဝင်ခြင်းအပြစ်မှ ကယ်တင်ခံရရန် ကိုယ်တော့်ရှေ့တော်၌ ကိုယ်တော်၏ အလိုတော်ကို ရှာဖွေခြင်းဖြစ်သည် (ဆာ၊၁၉း၁၃)။

*Day 3*

ည။ သခင်ဘုရားထံ အမှုဆောင်သောသူများသည် ဆီဥနှင့်အသွေးကို ကိုယ်တော်အား ပူဇော်ရမည်ဖြစ်သည် (ယေဇ၊၄၄း၁၅)။

- ၁။ ပူဇော်သက္ကာ၏ဆီဥသည် ခရစ်တော်၏ပုဂ္ဂိုလ်တော်အဖိုးထိုက်ခြင်းကို ပုံဆောင်ပြီး၊ အသွေးသည် ခရစ်တော်၏ ရွေးနုတ်ခြင်းအလုပ်ကို ရည်ညွှန်းသည်။
- ၂။ ဘုရားသခင်ထံသို့ အစေခံခြင်း၌ ကျွန်ုပ်တို့သည် ယင်းနှစ်ခုစလုံးကို ကိုယ်တော်ထံပူဇော်ရမည်ဖြစ်သည်။ အသွေးသည် ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့် ဖြောင့်မတ်ခြင်းအတွက်ဖြစ်ပြီး၊ ဆီဥသည် ဘုရားသခင်၏ ဘုန်းတော်အတွက် ဖြစ်သည်။

ဋ။ သခင်ဘုရားထံသို့ အမှုဆောင်သောသူများသည် ပိတ်ချောအထည်ကိုသာ ဝတ်ဆင်ရမည်ဖြစ်ပြီး၊ သိုးမွေးအဝတ် သို့မဟုတ် ချွေးထွက်စေသောအဝတ်ကို မဝတ်ဆင်ရပေ (အငယ်၊၁၇–၁၈)။

- ၁။ ပိတ်ချောအထည်သည် ခရစ်တော်၏ အသက်အားဖြင့် အသက်ပေးသောဝိညာဉ်တော်၌ နေ့စဉ် အသက်ရှင်ခြင်းနှင့် လျှောက်လှမ်းခြင်းကို ပုံဆောင်သည်။ ထိုသို့သော အသက်ရှင်ခြင်းနှင့် လျှောက်လှမ်းခြင်းသည် ဖြူစင်၊ သန့်ရှင်းကာ ကောင်းမွန်သည်။
- ၂။ သိုးမွေးအဝတ်များသည် ယဇ်ပုရောဟတ်များကို ချွေးထွက်စေသည် (အငယ်၊၁၈)၊ ၎င်း၏ပုံဆောင်ချက်မှာ ကျဆင်းသောလူသည် ဘုရားသခင်၏ ကျိန်ခြင်းအောက်၌၊ ဘုရား

သခင်၏ ကောင်းကြီးမပါဘဲ မိမိ၏ ခွန်အားနှင့် အစွမ်းအစဖြင့် အားထုတ်လုပ်ဆောင်နေခြင်းဖြစ်သည် (က၊ ၃း၁၉)။

၃။ ချွေးထွက်စေသောအလုပ်သည် ခမည်းတော်ဘုရားသခင်ထံမှ ကောင်းကြီးမပါဘဲ လူ၏ အားထုတ်ကြိုးစားမှုမှ ထွက်ပေါ်လာသောအလုပ်ဖြစ်သည်။ သခင်ဘုရားထံသို့ အမှုဆောင်သောသူတိုင်းသည် ချွေးမထွက်စေသောအလုပ်၊ လူ၏ အားထုတ်မှုနှင့် ဇာတိစွမ်းအားမပါသောအလုပ်ကို လုပ်ဆောင်ရမည်ဖြစ်သည်။

၄။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ မျက်မှောက်တော်၌ အချိန်လုံလောက်စွာယူကာ ကိုယ်တော်နှင့်အတူ မှန်ကန်စွာ ဆက်ဆံဖြေရှင်းပါက လူရှေ့တွင် ချွေးထွက်စရာမလိုဘဲ၊ ကြီးစွာသောအလုပ်ကို အနည်းငယ်မျှသော ခွန်အားဖြင့် ပြီးစီးစေနိုင်မည်ဖြစ်သည်။

၄။ "အန္တိအုတ်မြို့၌ရှိသော ဒေသန္တရအသင်းတော်တွင် ပရောဖက်ပြုသူနှင့် သွန်သင်သောသူများတို့ရှိကြ၏ ။ ထိုသူတို့သည် သခင်ဘုရားထံအမှုဆောင်၍ အစာကိုရှောင်ကြစဉ်၊ သန့်ရှင်းသောဝိညာဉ်တော်က၊ အမှုကိုဆောင်ရွက်စေခြင်းငှါ ဗာနဗနှင့်ရှောလုတို့ကို ငါ့အဖို့ ယခုရွေးချယ်ခွဲထားကြလော့။ ထိုသို့အလို့ငှါ သူတို့ကို ငါခေါ်တော်မူပြီဟု မိန့်တော်မူ၏ "(အငယ်၊ ၂ခ)။

၁။ ဤအရာသည် ဓမ္မသစ်၏ အလုပ်ဖြစ်ပြီး ဓမ္မသစ်၏ အလုပ်၏ တုန္ဒိုင်းရာမဲ့သော အလေ့အလာဖြစ်သည်၊ သန့်ရှင်းသောဝိညာဉ်တော်၏ အလုပ်သည် သခင်ဘုရားထံအမှုဆောင်ခြင်းရှိသောအချိန်၌သာ ဖွင့်ပြခြင်းခံရသည်။

၂။ သခင်ဘုရားထံ အမှုဆောင်သောအချိန်၌သာလျှင် သန့်ရှင်းသောဝိညာဉ်တော်သည် အချို့သောသူတို့ကို ရွေးချယ်ခွဲထားနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရားထံအမှုဆောင်ခြင်းကို ပထမဦးစားပေးအဖြစ် မထားရှိပါက အရာခပ်သိမ်းသည် ဖရိုဖရဲဖြစ်သွားလိမ့်မည်ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည်သာလျှင် လူများကို ခန့်အပ်စေခိုင်းရန် အခွင့်အာဏာရှိသည်။

၃။ သခင်ဘုရားထံ အမှုဆောင်ခြင်းသည် ပြင်ပရှိအလုပ်အားလုံးကို စွန့်ပယ်လိုက်ရန်မဟုတ်ပါ။ ထိုအစား၊ ပြင်ပရှိအလုပ်အားလုံးသည် သခင်ဘုရားထံ ကျွန်ုပ်တို့၏ အမှုဆောင်ခြင်းအပေါ် အခြေတည်ရမည်ဖြစ်သည်။

၄။ ကျွန်ုပ်တို့၏ သွားခြင်းမှာ သခင်ဘုရားထံ ကျွန်ုပ်တို့အမှုဆောင်ခြင်းမှဖြစ်ပြီး၊ သခင်ဘုရားထံအမှုဆောင်ခြင်း၌ အခြေမတည်သော ကျွန်ုပ်တို့၏ ကိုယ်ပိုင်အလိုဆန္ဒမှမဟုတ်ပါ။

*Day 4*

**II. "ဒုတိယကန့်လန့်ကာအတွင်း၌၊ အသန့်ရှင်းဆုံးဌာနဟုခေါ်ဝေါ်သောတဲတော်ရှိ၏။ ထိုတဲတော်၌ ရွှေယဇ်ပလ္လင်နှင့် ရွှေဖြင့်မွမ်းမံသောပဋိညာဉ်သေတ္တာတော်ရှိ၏။ ထိုသေတ္တာ၌ မန္နကိုထားသော ရွှေအိုး၊ အပွင့်ပွင့်သောအာရုန်၏လှံတံ၊ ပဋိညာဉ်တရားကို ရေးထားသောကျောက်ပြားတို့သည် ရှိကြ၏"(ဟေဗြဲ၊၉း၃–၄)။**

က။ ဝှက်ထားသောမန္နမုန့်သည် ကျွန်ုပ်တို့နှင့် ကိုယ်တော်အကြား အတားအဆီးမရှိသည့်အခါ၌ ဘုရားသခင်၏မျက်မှောက်တော်တွင် ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်ရသော ခရစ်တော်၏ ဝေစုဖြစ်သည်။ သခင်ဘုရားနှင့် ကျွန်ုပ်တို့အကြား အတားအဆီးမရှိတော့သည့်အခါတွင် ကျွန်ုပ်တို့သည် ခရစ်တော်ကို အလွန်ရင်းနှီးကျွမ်းဝင်ပြီး လျှို့ဝှက်သည့်နည်းလမ်း၌ မွေ့လျော်ဝမ်းမြောက်ရသည်။ ဤအရာသည် ဝှက်ထားသောမန္နမုန့်၊ ဝှက်ထားသော ခရစ်တော်၏ ဝေစုကို မွေ့လျော်ဝမ်းမြောက်ခြင်းဖြစ်သည် (ထွ၊၁၆း၃၁–၃၆)။

၁။ ပေရဂံမြို့ရှိ အသင်းတော်၏ အခြေအနေကို အောင်မြင်ရန်မှာ ယနေ့ခရစ်ယာန်လောက၏ ထုံးတမ်းစဉ်လာမှ မိမိတို့ကိုယ်ကိုခွဲခြားထားကာ၊ အခြားမည်သည့်အရာထံမျှမဟုတ်ဘဲ ကိုယ်တော်ထံသို့ တိုက်ရိုက်အမှုဆောင်ကာ ဘုရားသခင်၏ မျက်မှောက်တော်၌ တည်နေရမည်ဖြစ်သည်။ ဤနေရာ၌ ကျွန်ုပ်တို့သည် ကိုယ်တော်၏ မျက်မှောက်တော်မှ ဝေးကွာနေသောသူများက မြည်းစမ်းမရနိုင်သည့် ခရစ်တော်၏ တစ်စုံတစ်ရာကို မွေ့လျော်ဝမ်းမြောက်ရသည် (ဗျာ၊၂း၁၇)။

၂။ ကျွန်ုပ်တို့သည် ဝှက်ထားသောမန္နမုန့်ကို မွေ့လျော်ဝမ်းမြောက်လိုပါက ဘုရားသခင်နှင့် ကျွန်ုပ်တို့အကြားတွင် မည်သည့်

အတားအဆီးမျှမရှိရပေ။ ကျွန်ုပ်တို့နှင့်သခင်ဘုရားအကြား ရှိ အတားအဆီးမှန်သမျှကို ဖယ်ရှားပစ်ရမည်ဖြစ်သည်။

၃။ ကျွန်ုပ်တို့သည် သခင်ဘုရားထံသို့ အမှုဆောင်သောအချိန်နှင့် ဝှက်ထားသောမန္နမုန့်အဖြစ် ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ရသောအခါ ကိုယ်တော်နှင့် တိုက်ရိုက်မိတ်သဟာယဖွဲ့ခြင်းကို ရရှိပြီး၊ ကိုယ်တော်၏စိတ်နှလုံးတော်နှင့် ရည်ရွယ်ချက် သိရှိရသည်။ သခင်ဘုရား၏မျက်မှောက်တော်၌သာလျှင် ကိုယ်တော်နှင့်အတူ စကားပြောခြင်း၊ ကိုယ်တော်၏ရည်ရွယ်ချက်နှင့် ကိုယ်တော်လုပ်ဆောင်လိုသောအရာတိုင်းကို သိရှိခြင်းရှိနိုင်မည်ဖြစ်သည်။

၄။ ကျွန်ုပ်တို့သည် သခင်ဘုရားထံ အမှုဆောင်သောအခါ ဘုရားသခင်၏ဂတိတော်ကို ရရှိသည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် ကိုယ်တော်၏မျက်မှောက်တော်၌ရှိပြီး၊ ကိုယ်တော်နှင့် ကျွန်ုပ်တို့အကြား မည်သည့်အတားအဆီးမျှမရှိတော့သည့် အတွက်ကြောင့်ဖြစ်သည်။

**Day 5**

ခ။ အပွင့်ပွင့်သောလှံတံသည် ရှင်ပြန်ထမြောက်သောအရှင်ဖြစ်သည့် ခရစ်တော်သည် ကျွန်ုပ်တို့၏ အသက်၊ ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းနှင့် ကျွန်ုပ်တို့အတွင်းရှိ ရှင်ပြန်ထမြောက်သောအသက်ဖြစ်ရမည်ဖြစ်ပြီး၊ ဤအသက်သည် အဖူးပွင့်ခြင်း၊ အပွင့်ပွင့်ခြင်းနှင့် အသီးသီးကာ ရင့်မှည့်လာခြင်းရှိရမည်ဖြစ်ကြောင်းကို ရည်ညွှန်းခြင်းဖြစ်သည် (တော၊၁၇း၈)။

၁။ တောလည်ရာ၊၁၆ ၌ မှတ်တမ်းတင်ထားသည့်အတိုင်း အစ္စရေးလူမျိုးများက ပုန်ကန်သည့်နောက် ဘုရားသခင်သည် ဦးဆောင်သူ တစ်ဆယ့်နှစ်ဦးကို အစ္စရေးလူမျိုးတစ်ဆယ့်နှစ်မျိုးရှိသည့်အတိုင်း လှံတံတစ်ဆယ့်နှစ်ခုကို ယူကာ စည်းဝေးရာတဲတော်အတွင်း ပဋိညာဉ်သေတ္တာရှေ့၌ ထားရန် မိန့်တော်မူခဲ့သည်။ ထို့နောက် ကိုယ်တော်က “ငါရွေးကောက်သောသူ၏လှံတံသည် အပွင့်ပွင့်လိမ့်မည်”ဟု ပြောခဲ့သည် (၁၇း၅)။

၂။ လှံတံတစ်ဆယ့်နှစ်ခုသည် အရွက်မဲ့၊ အမြစ်မဲ့၊ ခြောက်သွေ့

ကာ သေနေခြင်းဖြစ်သည်။ ဘုရားသခင်ရွေးကောက်သော သူ၏ လုံ့တံမှုကား အပွင့်ပွင့်ခဲ့လေသည်။ ဤနေရာ၌ ရှင်ပြန်ထမြောက်ခြင်းသည် ဘုရားသခင်၏ ရွေးချယ်ခြင်း၏ အခြေခံဖြစ်ပြီး၊ အစေခံခြင်း၏ အခြေခံသည် ကျွန်ုပ်တို့၏ ဇာတိအသက်နှင့်တစ်ခြားစီဖြစ်သည်။ ထို့ကြောင့် အပွင့်ပွင့်သော လုံ့တံသည် ရှင်ပြန်ထမြောက်ခြင်း၌ရှိသော ခရစ်တော်ကို တွေ့ကြုံခံစားခြင်းဖြစ်ပြီး၊ ဘုရားသခင်ပေးထားသော အမှုတော်၌ အခွင့်အာဏာအတွက် ခရစ်တော်၌ ကျွန်ုပ်တို့ကို ဘုရားသခင်လက်ခံတော်မူခြင်းဖြစ်သည်။

၃။ အမှုဆောင်ခြင်းအားလုံးအတွက် အလေ့အလာမှာ အပွင့်ပွင့်သောလုံ့တံ၌ မူတည်နေသည်။ ဘုရားသခင်သည် လုံ့တံတစ်ဆယ့်နှစ်ခုကို ဦးဆောင်သူများထံ ပြန်လည်ပေးအပ်ခဲ့ပြီး၊ အာရုန်၏ လုံ့တံကိုမူ ထာဝရအမှတ်ရစရာအဖြစ် ပဋိညာဉ်သေတ္တာအတွင်း၌ သိမ်းထားခဲ့သည်။ ဤသည်မှာ ရှင်ပြန်ထမြောက်ခြင်းသည် ဘုရားသခင်ထံ ကျွန်ုပ်တို့၏ အမှုဆောင်ခြင်း၌ ထာဝရအလေ့အလာဖြစ်ကြောင်းကို ဆိုလိုခြင်းဖြစ်သည် (အငယ်၊၉–၁၀)။

က။ ရှင်ပြန်ထမြောက်ခြင်းဆိုသည်မှာ အရာခပ်သိမ်းသည် ဘုရားသခင်၏ အရာဖြစ်ပြီး ကျွန်ုပ်တို့၏ အရာမဟုတ်ကြောင်းဆိုလိုခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ဘုရားသခင်တစ်ပါးတည်းသာလျှင် တတ်စွမ်းနိုင်ပြီး ကျွန်ုပ်တို့သည် မတတ်စွမ်းနိုင်ပေ။

ခ။ ရှင်ပြန်ထမြောက်ခြင်းဟူသည်မှာ အရာခပ်သိမ်းသည် ဘုရားသခင်အားဖြင့် ပြီးစီးခြင်းဖြစ်ပြီး၊ ကျွန်ုပ်တို့အားဖြင့်မဟုတ်ကြောင်းဆိုလိုခြင်းဖြစ်သည်။ ရှင်ပြန်ထမြောက်ခြင်းကို သိကျွမ်းသောသူတိုင်းသည် မိမိတို့ကိုယ်ကို၌ မျှော်လင့်ကိုးစားခြင်းမရှိကြပေ။ သူတို့သည် မိမိတို့မတတ်နိုင်ကြောင်းကို သိကြသည်။

ဂ။ ဇာတိခွန်အားကျန်ရှိနေသရွေ့ ရှင်ပြန်ထမြောက်ခြင်းတန်ခိုးသည် ထင်ရှားထွက်ပေါ်ရန် နေရာမရှိပေ။ စာရာသည် ကလေးရနိုင်သေးသရွေ့ ဣဇာက်သည် ထွက်

ပေါ် လာနိုင်မည်မဟုတ်ပေ (က၊၁၈း၁၀–၁၅။ ၂၁း၁–၃၊ ၆–၇)။

ဃ။ ကျွန်ုပ်တို့လုပ်နိုင်သောအရာသည် ဇာတိဆိုင်ရာနယ်ပယ်၌ရှိပြီး၊ ကျွန်ုပ်တို့ လုပ်ဆောင်ရန် ဖြစ်နိုင်သည့်အရာသည် ရှင်ပြန်ထမြောက်ခြင်းနယ်ပယ်၌ ရှိသည့်အရာဖြစ်သည်။ လူသည် မိမိ၏ အသုံးမကျခြင်းကို ဖော်ထုတ်ခံရခြင်းအား လက်ခံယုံကြည်သည့်အချိန်မတိုင်မီ မိမိကိုယ်ကို အဆုံးသတ်ရန် လိုအပ်သည် (မ၊၁၉း ၂၆။ မာ၊၁၀း ၂၇။ လု၊၁၈း ၂၇)။

င။ လူသည် မိမိ၏မတတ်စွမ်းနိုင်မှုကို မည်သည့်အခါမျှ သိမြင်ခြင်းမရှိပါက ဘုရားသခင်၏ တတ်စွမ်းနိုင်မှုကို တွေ့ကြုံခံစားနိုင်မည်မဟုတ်ပါ။ ရှင်ပြန်ထမြောက်ခြင်းသည် ကျွန်ုပ်တို့က ဘာမျှမတတ်နိုင်ကြောင်းနှင့် ဘုရားသခင်သည် အရာခပ်သိမ်းကို တတ်နိုင်သောအရှင်ဖြစ်ကြောင်းကို ဆိုလိုခြင်းဖြစ်သည် (cf. ၂ကော၊၁း၈–၉။ ၄း၇)။

***Day 6***

၈။ ပညတ်တော်ကျောက်ပြားဖြစ်သော ပဋိညာဉ်ကျောက်ပြားသည် ဘုရားဆိုင်ရာအသက်၏ တရားကို ရည်ညွှန်းပြီး၊ ၎င်းသည် ဘုရားဆိုင်ရာအသက်၏ အဆက်မပြတ်တန်ခိုး၊ အလိုအလျောက်လှုပ်ရှားမှု၊ ပင်ကိုယ်တတ်စွမ်းနိုင်မှု၊ ဘုရားဆိုင်ရာစွမ်းရည်ဖြစ်သည် (ယေ၊၃၁း၃၃။ ဟေဗြဲ၊၈း၁၀။ cf. ရော၊၈း၁၀၊ ၆၊ ၁၁။ ၁၀း၁၂–၁၃)။

၁။ ဘုရားဆိုင်ရာစွမ်းရည်ဖြစ်သော ဤအသက်၏ တရားသည် ဘုရားသခင်၏ စီမံကိန်းကို သယ်ဆောင်ရန်အတွက် ကျွန်ုပ်၌ အရာခပ်သိမ်းကို တတ်နိုင်သည်။

က။ ဤစွမ်းရည်အရ ကျွန်ုပ်တို့သည် ဘုရားသခင်ကို သိနိုင်သည်၊ ဘုရားကို အသက်ရှင်နိုင်သည်၊ အသက်နှင့် သဘောသဘာဝ၌ ဘုရားသခင်နှင့် စေ့စပ်ထုံးဖွဲ့နိုင်ပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ တိုးပွားခြင်း၊ ကြီးမားကျယ်ပြန့်ခြင်းဖြစ်လာကာ ကိုယ်တော်၏ ထာဝရထင်ရှားခြင်းအတွက် ကိုယ်တော်၏ ပြည့်စုံခြင်းဖြစ်လာမည်ဖြစ်သည်

(ဧ၁း ၂၂–၂၃။ ၃း၁၉–၂၁)။

ခ။ ထို့ထက်မက အတွင်းပိုင်းအသက်တရား၏ စွမ်းရည်သည် လုပ်ဆောင်ခြင်းအမျိုးမျိုးပါရှိသော ခရစ်တော်ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များအဖြစ် စေ့စပ်ထုံးဖွဲ့ပေးသည် (၄း၁၁၊ ၁၆)။

၂။ ဘုရားအသက်သည် ကျွန်ုပ်တို့၌ ကြီးထွားနေစဉ် အသက်၏ တရားသည် ကျွန်ုပ်တို့ကို ဘုရားသခင်၏ သားဦးဖြစ်သော ခရစ်တော်၏ ပုံသဏ္ဌာန်တော်သို့ ပုံသွင်းပေးရန်၊ သဏ္ဌာန်တော်တူညီလာစေရန် လုပ်ဆောင်နေသည် (ရော၊၈း ၂၊ ၂၉)။

က။ အသက်၏ တရားသည် ကျွန်ုပ်တို့ကို အမှားပြုခြင်းမှ ထိန်းညှိပေးခြင်းမဟုတ်ဘဲ၊ အသက်၏ ပုံသဏ္ဌာန်ကို ထိန်းညှိပေးခြင်းဖြစ်သည်။

ခ။ အသက်၏ တရားသည် အဓိကအားဖြင့် မည်သည့်အရာကိုမလုပ်ဆောင်သင့်ကြောင်း မကောင်းသည့်ဘက်မှ ကျွန်ုပ်တို့အား ပြောဆိုရန် လုပ်ဆောင်ခြင်းမဟုတ်ပေ။ ထိုအစား အသက်ကြီးထွားလာသောအခါ အသက်၏ တရားသည် ခရစ်တော်၏ ပုံသဏ္ဌာန်တော်သို့ ကျွန်ုပ်တို့ကို ပုံသွင်းပေးခြင်း၊ သဏ္ဌာန်တူညီစေခြင်းဟူသော ကောင်းသည့်ဘက်မှ လုပ်ဆောင်နေခြင်းဖြစ်သည်။

ဂ။ အသက်၏ တရားလုပ်ဆောင်မှုအားဖြင့် ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်၏ ရင့်ကျက်လာသောသားများဖြစ်လာပြီး၊ ဘုရားသခင်သည် စကြဝဠာဆိုင်ရာ ကိုယ်တော်၏ ထင်ရှားခြင်းကို ရရှိမည်ဖြစ်သည်။

## နံနက်ခင်းကျွေးမွေးခြင်း

**ယေဇ၊ လေဝိသားတို့သည်လည်း ငါ၏သန့်ရှင်းရာဌာနနှင့်ဆိုင်သော အမှု**
**၄၄း၁၀–၁၁ စောင့်ဖြစ်၍၊ ဗိမာန်တော်၌တံခါးတို့ကို စောင့်လျက်၊ အမှုတော်ကို ဆောင်ရွက် လျက်နေရကြမည်။ မီးရှို့ရာယဇ်နှင့် လူများပူဇော်သော ယဇ်ကောင်တို့ကို သတ်၍၊ လူများကိုယ်စားအမှုတော်ကို ဆောင်ရွက်ရကြမည်။**
**၁၅–၁၆ လေဝိအမျိုးဖြစ်သော ဇာဒုတ်သား၊ ယဇ်ပုရောဟိတ်တို့သည် ငါ့အမှုကို ဆောင်ခြင်းငှါ ငါ့ထံသို့ ချဉ်းကပ်ကြ၍။ ငါ့အားဆီဥနှင့် အသွေးကို ပူဇော်ခြင်းငှါ အရှေ့မှာ ရပ်ရကြမည်။ ထိုသူတို့သည် ငါ၏သန့်ရှင်းရာဌာနထဲသို့ဝင်၍ ငါ့အမှုကို ဆောင်ခြင်းငှါ၊ ငါ့စားပွဲအနားသို့ ချဉ်းကပ်၍ ငါ့အမှုစောင့်ဖြစ်ရကြမည်။**

ညီအစ်ကို ညီအစ်မတို့၊ ပွင့်လင်းစွာဖြင့် ကျွန်ုပ် မေးပါရစေ။ ကျွန်ုပ်တို့သည် ယုံကြည်သူများထံ သို့မဟုတ် ကိုယ်တော်ထံသို့ အမှန်ပင် အမှုဆောင်ကြပါသလား။ ကျွန်ုပ်တို့အလုပ်၏ဗဟိုပြုရာသည် အလုပ်၌လား သို့မဟုတ် သခင်ဘုရား၌လား။ ဤနေရာ၌ ကြီးစွာသော ခြားနားချက်ရှိသည်။ အိမ်သို့ အမှုဆောင်ခြင်းသည် ယေရှုခရစ်တော်ထံသို့ အမှုဆောင်ခြင်းနှင့် လုံးလုံးကွဲပြားခြားနားသည်။ ယနေ့ များစွာသောအမှုဆောင်ခြင်းနှင့် အစေခံခြင်းများကို တွေ့မြင်နိုင်ပါသည်။ သို့သော် သူတို့သည် အပြင်ဌာန၌သာရှိနေကြသည်။ သူတို့သည် တဲတော်အနီးသို့ ချဉ်းကပ်လာခြင်းမရှိကြပါ။ အို၊ များစွာသောသူတို့သည် အိမ်သို့သာ အမှုဆောင်ခြင်းဖြစ်ပြီး သခင်ဘုရားထံသို့ မဟုတ်ပေ။ သခင်ဘုရားအလိုရှိနေသောအမှုဆောင်ခြင်း၊ ကိုယ်တော်စဉ်ဆက်မပြတ် ရှာဖွေနေသောအမှုဆောင်ခြင်းမှာ ကိုယ်တော်ထံသို့ အမှုဆောင်ခြင်းဖြစ်သည်။ ကိုယ်တော်၏ အလိုတော်မှာ ကျွန်ုပ်တို့က ကိုယ်တော်၏ အလုပ်ကို လုပ်ဆောင်ရန်မဟုတ်ပေ။ အားထုတ်လုပ်ဆောင်ခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း၊ သိုးနွားများကို ကျွေးမွေးခြင်းစသည်တို့မှာ အမှန်ပင် အရေးကြီးပါသည်၊ သို့သော် သခင်ဘုရားသည် ဤအရာများကို ရှာဖွေနေခြင်းမဟုတ်ပါ။ ထိုအစားကိုယ်တော်သည် ဘုရားသခင်ထံအမှုဆောင်ခြင်းနှင့် ဘုရားသခင်ထံအစေခံခြင်းကိုသာ ရှာဖွေနေသည်။ ကိုယ်တော်၏ အစေခံများကိုလည်း ကိုယ်တော်ထံသို့ အမှုဆောင်ခြင်းနှင့် အစေခံခြင်းရှိရန် အလိုရှိတော်မူသည်။ အို၊ ကိုယ်တော်ထံသို့ အမှုဆောင်နိုင်သောသူများသည် မည်မျှဝမ်းမြောက်ဖွယ်ဖြစ်ပါတကား။ (Watchman Nee, *Ministering to the House or to God?* pp.1-2)

# ယနေ့ဖတ်စရာ

ယေဇ၊၄၄း၁၁ သည် အငယ်၊၁၅၊ ၁၆ နှင့် လွန်စွာ ခြားနားသည်။ ၎င်းတို့အကြား၌ အခြေခံခြားနားချက်ရှိနေသည်။ အငယ်၊၁၁ က အိမ်သို့အမှုဆောင်ခြင်းကို ပြောဆိုထားပြီး၊ အငယ်၊၁၅ နှင့် ၁၆ သည် ယေဟောဝါထံသို့ အမှုဆောင်ခြင်းတည်းဟူသော “ငါ့”ထံသို့ အမှုဆောင်ခြင်းကို ဖော်ပြထားသည်။ ဟေဗြဲဘာသာ၌ တူညီသောစကားလုံးကို ဤကျမ်းပိုဒ်နှစ်ခုလုံးတွင် အသုံးပြုထားသည်။ ဘုရားအမြင်၌ လေဝိလူမျိုးအုပ်စုနှစ်ခုရှိနေသည်။ လေဝိလူမျိုးအားလုံးသည် ဘုရားသခင်ပိုင်ဆိုင်ပြီး၊ မျိုးနွယ်တစ်ခုတည်းဖြစ်သော်လည်း သူတို့တွင် အများစုမှာ အိမ်သို့အမှုဆောင်ရန်မျှသာ ထိုက်တန်သည်။ သို့သော် ယေဟောဝါထံသို့ အမှုဆောင်ခြင်းဖြစ်သော “ငါ့”ထံသို့ အမှုဆောင်နိုင်သောသူဖြစ်သည့် လေဝိလူမျိုးအနည်းစုသာမက ဇာဒုတ်၏ သားများလည်းရှိနေသည်။

လူအများစုက သူတို့သည် အပြစ်သားများကို ကယ်တင်နိုင်ပြီး အသင်းတော်သို့ ဆက်သွယ်စေကာ အသင်းဝင်သူများလာစေရန် လုပ်ဆောင်နိုင်ခြင်းမှာ အံ့သြဖွယ်ဖြစ်သည်ဟု ခံစားကြသည်။ သို့သော် ကျွန်ုပ်ပြောလိုသည်မှာ ဤအရာသည် အိမ်တော်သို့ အမှုဆောင်ခြင်းမျှသာဖြစ်သည်။ ဘုရားသခင်နှင့်ပတ်သက်လာလျှင် ဤသို့သောအမှုဆောင်ခြင်းမျိုးအပြင် အခြားသောအမှုဆောင်ခြင်းမျိုးလည်းရှိသေးသည်။ ဘုရားသခင်၏ အမြင်၌ အိမ်တော်သို့ အမှုဆောင်ခြင်းသာမက ပို၍ကောင်းမွန်သောအမှုဆောင်ခြင်းလည်းရှိနေသည်။ ကျွန်ုပ်တို့သည် သခင်ဘုရားရှေ့မှောက်တွင် အမှုဆောင်ရုံသာမက၊ သခင်ဘုရားထံသို့လည်း အမှုဆောင်ခြင်းဖြစ်သည်။ ဤနေရာတွင် အိမ်တော်၌အမှုဆောင်ခြင်းသာမက စားပွဲရှေ့၌ အမှုဆောင်ခြင်းလည်းရှိနေသည်။ ကျွန်ုပ်တို့သည် သခင်ဘုရားရှေ့တွင် အမှုဆောင်ရုံသာမက၊ သခင်ဘုရားထံသို့လည်း အမှုဆောင်နေခြင်းဖြစ်သည်။ ဤအရာသည် လွန်စွာ ခြားနားသောအရာဖြစ်သည်။ ဤနှစ်ခုသည် တစ်ခုနှင့်တစ်ခု လုံးလုံး ကွဲပြားခြားနားသည်။ ယင်းတို့အကြား၌ တူညီမှုတစ်ခုမျှမရှိပေ။

ဤနေရာ၌ ခြားနားချက်ကို သင်သိမြင်ပါက သင်သည် ကိုယ်တော်အလိုရှိသောအရာနှင့် ကိုယ်တော်အမြဲရှာဖွေနေသောအရာကို မြင်လာလိမ့်မည်ဖြစ်သည်။ ညီအစ်ကိုညီအစ်မတို့ ကျေးဇူးပြု၍ မှားယွင်းစွာ မခံယူကြပါနှင့်။ သခင်ဘုရားထံအမှုဆောင်ခြင်းသည် အိမ်တော်ကို ငြင်းပယ်လိုက်သည်ဟု မဆိုလိုပါ။ ထိုအစား ကျွန်ုပ်ပြောဆိုနေသည့်အရာမှာ အိမ်တော်သို့ အမှုဆောင်ခြင်းသာမကဘဲ၊ သခင်ဘုရားထံအမှုဆောင်ခြင်းဟူသော ပို၍ နက်နဲသောအရာကို ဆိုလိုခြင်းဖြစ်သည်။ အိမ်တော်သို့ အမှုဆောင်ခြင်းကိုသာသိပြီး၊ သခင်ဘုရားထံ မည်သို့အမှုဆောင်ရမည်ကို မသိသောသူများစွာရှိနေသည်။

ဧဝံဂေလိဟောပြောရန် ကောင်းမွန်သည်မှာ သံသယမရှိပါ။ အပြစ်သားများကို ကယ်တင်ခြင်းနှင့် ညီအစ်ကို၊ ညီအစ်မများကို တိုးတက်မှုရှိရန် ကူညီပေးသည်မှာလည်း ကောင်းပါသည်။ သခင်ဘုရားထံသို့ အမှုဆောင်သောသူများသည် ဤအရာများကိုလည်း လုပ်ဆောင်မည်ဖြစ်သော်လည်း၊ သူတို့၏ တစ်ခုတည်းသောပန်းတိုင်မှာ သခင်ဘုရားအတွက်သာဖြစ်သည်။ သူတို့သည် လူများကို တန်ဖိုးထားခြင်းမှာ သခင်ဘုရားအတွက်သာ လုံးလုံးဖြစ်သည်။ ထို့ကြောင့် သူတို့၏ ဗဟိုပြုချက်မှာ လူများအပေါ် တွင်သာမဟုတ်ပေ။ သင်သည် သခင်ဘုရား၏ မျက်မှောက်တော်သို့ လာကာ၊ ကိုယ်တော်ကိုသာ ဗဟိုပြုထားမည်ဆိုလျှင် သင်သည် အလိုအလျောက်ပင် ညီအစ်ကိုများထံသို့လည်း အမှုဆောင်နိုင်မည်ဖြစ်သည်။ ဤအရာသည် ကြီးမားသောခြားနားချက်ဖြစ်သည်။

အပြင်ပိုင်းအနေဖြင့် အိမ်တော်သို့ အမှုဆောင်ခြင်းနှင့် သခင်ဘုရားထံ အမှုဆောင်ခြင်းအကြား များစွာခြားနားမှုမရှိဟု ထင်ရသည်။ အခြေခံမေးခွန်းရှိပါသည်။ သင်၏ စိတ်ဓာတ်အရင်းခံမှာ မည်သည့်အရာနည်း။ မေးခွန်းသည် သင့်စိတ်နှလုံး၌ သခင်ဘုရားသည် ပထမနေရာယူထားခြင်းရှိမရှိအပေါ် မူတည်နေသည်။ သင့်စိတ်၏ အရင်းခံသည် သင်၏ အခြေအနေအားလုံးကို ဖော်ပြပေးလိမ့်မည်ဖြစ်သည်။ သင်၏ အခြေအနေသည် သင်လုပ်ဆောင်နေသောအရာများအပေါ် မူတည်နေသည်။ (*Ministering to the House or to God?* pp. 3-8)

*ပို၍ဖတ်ရန် – Ministering to the House or to God?*

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ယေဇ၊ ဇာဒုတ်သား ... တို့သည် ငါ့အားဆီဥနှင့် အသွေးကို ပူဇော်ခြင်းငှါ**
**၄၄း၁၅ အရှေ့မှာ ရပ်ရကြမည်ဟု ယေဟောဝါဘုရားသခင်မိန့်တော်မူ၏။**
**ရော၊ ပညတ်တရား၏အကျင့်အားဖြင့် ဘုရားသခင်ရှေ့တော်၌ အဘယ်**
**၃း၂၀ အသွေးအသားမျှ ဖြောင့်မတ်ရာသို့ မရောက်ရာ။**
**၁ကော၊ ထို့ကြောင့် ဘုရားသခင်ရှေ့၌ အဘယ်သူမျှဝါကြွားစရာအကြောင်း**
**၁း၂၉ မရှိ။**

ဟောပြောရန် အလွန်နှစ်သက်သော တက်ကြွနေသည့်လူတစ်ဦးသည် ထိုသို့လုပ်ဆောင်နေခြင်းမှာ သခင်ဘုရားအတွက်မဟုတ်ပေ။ အကြောင်းမှာ အကြိမ်များစွာပင် သူမလုပ်နိုင်သောအရာများကို သခင်ဘုရားမှ လုပ်စေလိုသော်လည်း သူမလုပ်နိုင်သည့်အတွက်ကြောင့်ဖြစ်သည်။ သူ၏ဇာတိအရ သူသည် ဧဝံဂေလိဟောပြောခြင်းကို နှစ်သက်ပေမည်။ ထို့ကြောင့် ယင်းကို လုပ်နေသောအခါ သူသည် ပျော်ရွှင်ပြီး၊ သခင်ဘုရားထံ အမှုဆောင်နေခြင်းဖြစ်သည်ဟု ခံစားပေလိမ့်မည်။ အမှန်တွင် သူသည် အိမ်တော်သို့ အမှုဆောင်ခြင်းသာဖြစ်သည်။ သခင်ဘုရား၏ အလုပ်၌ အသွေးအသားအဖို့ စိတ်ဝင်စားဖွယ်၊ ရင်ဖိုရှူမောဖွယ်၊ တပ်မက်ဖွယ်ရာကောင်းသော အပိုင်းကဏ္ဍရှိနေသည်။ ညီအစ်မတစ်ဦးက အိမ်၌နေကာ ကလေးများထိန်းရန်၊ တစ်ဦးတစ်ယောက်၏ဇနီးသည်ဖြစ်ရန်၊ အိမ်မှုဝေယျာဝစ္စအားလုံးကို လုပ်ဆောင်ရန်သည် ငြီးငွေ့ဖွယ်ကောင်းသည်ဟု ထင်ပေမည်။ သူမသည် လွတ်လပ်မှုရှိကာ ဤနေရာ၌ ဝိညာဉ်ရေးရာများကို ဟောပြောကာ၊ ထိုနေရာ၌ သခင်ဘုရား၏ အရာများကို ဟောပြောရမည်ဆိုလျှင် မည်မျှကောင်းပေလိမ့်မည်နည်း။ သို့သော် ဤအရာသည် အသွေးအသား၏ တပ်မက်မှုသာဖြစ်ပြီး၊ ဝိညာဉ်ရေးရာမဟုတ်ပေ။ ၎င်းသည် ဇာတိပျော်ရွှင်မှုအတွက်သက်သက်သာဖြစ်သည်။ (Watchman Nee, *Ministering to the House or to God?* pp. 8-10)

## ယနေ့ဖတ်စရာ

ဘုရားသခင်ရှေ့တွင် လုပ်ဆောင်ခြင်းနှင့် အမှုဆောင်ခြင်းအများစုသည် ကိုယ်တော်ထံ အမှုဆောင်ခြင်းမဟုတ်ပါ။ အိမ်တော်တွင် မအားမလပ်အမှုဆောင်နေကြသော လေဝိလူတစ်စုရှိပြီး၊ သူတို့၏ အမှုဆောင်ခြင်းသည် အိမ်တော်သို့ဖြစ်ကာ ဘုရားသခင်ထံသို့ မဟုတ်ကြောင်းကို သမ္မာကျမ်းစာ၌ ဖော်ပြထားသည်။ အိမ်တော်သို့ အမှုဆောင်ခြင်းသည်

သခင်ဘုရားထံ အမှုဆောင်ခြင်းနှင့် လွန်စွာ အလားတူသည်။ အိမ်တော်၌ရှိသော လေဝိလူများသည် မိတ်သဟာယပူဇော်သက္ကာနှင့် မီးရှို့ရာပူဇော်သက္ကာကို ပြင်ဆင်ကြရသည်။ ဤအရာသည် အံ့ဖွယ်ရာအလုပ်ဖြစ်သည်။ လေဝိလူမျိုးတို့၏ အလုပ်၌ အပြစ်သားများသည် သခင်ဘုရားကိုယုံကြည်ရန် ခေါ်ဆောင်ခံရရန်သာမက၊ ယုံကြည်သူများကို မိမိကိုယ်ကို သခင်ဘုရားထံ ဆက်ကပ်အပ်နှံရန် ခေါ်ဆောင်ခံရသည်။ ဤအလုပ်သည် အံ့ဖွယ်ကောင်းလှပါတကား။ ဤအရာသည် မှားယွင်းသောအလုပ်မဟုတ်ပေ၊ ၎င်းသည် လုံးလုံးစစ်မှန်သည်။ ဘုရားသခင်၏ သူတို့၏ အလုပ်ကို သိတော်မူသည်။ သူတို့သည် မိတ်သဟာယပူဇော်သက္ကာနှင့် မီးရှို့ရာပူဇော်သက္ကာတို့ကို ပူဇော်ရာ၌ အခြားသူများကို အမှန်ပင် အကူအညီပေးကြသည်။ သူတို့သည် လူများကို အမှန်ပင် ကယ်တင်ကာ ကူညီပေးနေသည်။ သူတို့သည် အလွန်ကြိုးစားအားထုတ်ကြပါသည်။ မည်သို့ဆိုစေ ဘုရားသခင်က သူတို့သည် ကိုယ်တော်ထံသို့ အမှုဆောင်ခြင်းမဟုတ်ကြောင်း ပြောဆိုခဲ့သည်။

သခင်ဘုရားထံ အမှုဆောင်ခြင်းသည် လူများကို သခင်ဘုရားထံ ဦးဆောင်ခြင်းသို့မဟုတ် ယုံကြည်သူများကို သခင်ဘုရားထံ မိမိကိုယ်ကို ဆက်ကပ်အပ်နှံရန် ဦးဆောင်ခြင်းနှင့် ခြားနားသည်။ လူများစွာက "အခြားသူများကို ကူညီခြင်းနှင့်ကယ်တင်ခြင်းကို မလုပ်ဆောင်လျှင် ကျွန်ုပ်တို့ဘာလုပ်ရမည်နည်း"ဟု ပြောကြသည်။ ဤအရာများမှလွဲ၍ သူတို့၌ အခြားလုပ်စရာမရှိပေ။ သူတို့၏ အလုပ်သည် အိမ်တော်သို့ ဘောင်ခတ်ထားခြင်းခံရသည်။

ဘုရားသခင်သည် အပြင်ပိုင်းဆိုင်ရာ လှုပ်ရှားတက်ကြွသောအမှုဆောင်ခြင်းကို မရှာဖွေပါ။ ဘုရားသခင်သည် အပြစ်သားများကို ကယ်တင်ခြင်းကိုသာ မရှာဖွေပါ။ ဘုရားသခင်သည် လူများကိုရယူခြင်း သို့မဟုတ် ယုံကြည်သူများကို ဝိညာဉ်ရေးရာပိုမိုတိုးတက်လာရန် ကူညီခြင်းကို မရှာဖွေပါ။ ဘုရားသခင်၌ ပန်းတိုင်တစ်ခုတည်းသာရှိသည်၊ "ငါ့"ထံသို့ လုံးလုံးပိုင်ဆိုင်ခြင်းခံရသောလူများကို ရရှိရန်ဖြစ်သည်။ တစ်နည်းအားဖြင့် ကိုယ်တော်သည် ကျွန်ုပ်တို့ကို "ငါ"၏ မျက်မှောက်တော်၌ရှိရန်နှင့် "ငါ့"ထံသို့ အမှုဆောင်ရန်သာအလိုရှိသည်။ ဘုရားသခင်၏ တုန့်ရင်းရာမဲ့သော ပန်းတိုင်မှာ အရာများစွာ၌မဟုတ်ပါ။ ထိုအစား ယင်းမှာ "ငါ"၌ဖြစ်သည်။

ကျွန်ုပ်၏ စိတ်နှလုံး၌ အစိုးရိမ်ဆုံးသောအရာမှာ များစွာသောသူတို့သည် လူများကိုကူညီရန်၊ အပြစ်သားများကို ကယ်တင်ရန်နှင့် ယုံကြည်သူများကို စုံလင်စေရန်သာ ဧဝံဂေလိဟောပြောပြီး၊ သခင်ဘုရားထံသို့ အမှုဆောင်ခြင်းမရှိမည်ကို စိုးရိမ်မိပါသည်။ ကျွန်ုပ်တို့သည် သခင်ဘုရား၏ အလုပ်၌ ဇာတိဆိုင်ရာဆွဲဆောင်မှုတစ်စုံတစ်ရာကို မြင်သောအခါ

၎င်းကို ကျွန်ုပ်တို့လုပ်ဆောင်ကြသည်။ ဤသည်မှာ မည်မျှသနားဖွယ်ဖြစ်ပါတကား။ ဤအတွက်ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်ထံအမှုဆောင်ခြင်းနှင့် အိမ်တော်သို့ အမှုဆောင်ခြင်းမှာ မည်သည့်အရာဖြစ်ကြောင်းကို ကျွန်ုပ်တို့အား ကျေးဇူးပြုရန် ဘုရားသခင်ထံ ဆုတောင်းရမည်ဖြစ်သည်။

ဆုတောင်းခြင်း၌ ကိုယ်တော်ထံသို့ တိုးဝင်ချဉ်းကပ်ခြင်းမရှိဘဲ မည်သူမျှ သခင်ဘုရားထံ အမှုဆောင်နိုင်မည်မဟုတ်ပါ။ ဝိညာဉ်ရေးရာတန်ခိုးသည် ဟောပြောခြင်း၏ တန်ခိုးမဟုတ်ဘဲ ဆုတောင်းခြင်း၏တန်ခိုးဖြစ်သည်။ သင်၏ဆုတောင်းခြင်းအတိုင်းအတာသည် သင်အမှန်တကယ်ပိုင်ဆိုင်သော အတွင်းပိုင်းခွန်အားမည်မျှရှိသည်ကို ပြသနေခြင်းဖြစ်သည်။ ဝိညာဉ်ရေးရာအကြောင်းအရာ၌ ဆုတောင်းခြင်းထက် အခြားမည်သည့်ခွန်အားမျှ မလိုအပ်ပေ။

ကျွန်ုပ်တို့သည် သခင်ဘုရားထံ အမှုဆောင်လိုသည်ဆိုပါက ဘုရားသခင်ရှေ့၌ ကျွန်ုပ်တို့၏ အခြေအနေသည် “သူတို့သည် ငါ့အရှေ့မှာ ရပ်ရကြမည်”(ယေဇ၊၄၄း၁၅) ဖြစ်ရမည်ဖြစ်သည်။ ယင်းမှာ အမိန့်တော်ကို စောင့်ဆိုင်းရန်၊ ကိုယ်တော်၏ အလိုတော်ကို ပြောထွက်ရန် သခင်ဘုရားကို စောင့်ဆိုင်းရန် ဆိုလိုခြင်းဖြစ်သည်။

ဘုရားသခင်ရှေ့၌ အပြစ်နှစ်မျိုးသာရှိသည်။ တစ်ခုမှာ ကိုယ်တော်၏ အမိန့်တော်ကို ဆန့်ကျင်ပုန်ကန်ခြင်းဖြစ်သည်။ အခြားအပြစ်တစ်ခုမှာ သခင်ဘုရား၏ အမိန့်တော်မပါဘဲ တစ်စုံတစ်ရာကို လုပ်ဆောင်ခြင်းဖြစ်သည်။ တစ်ခုသည် ပုန်ကန်ခြင်းအပြစ်ဖြစ်၍၊ အခြားတစ်ခုမှာ စိတ်ကြီးဝင်ခြင်းအပြစ်ဖြစ်သည်။

ကျွန်ုပ်တို့သည် အသန့်ရှင်းဆုံးဌာန၌ သခင်ဘုရားကို အမှုဆောင်လိုသည်ဆိုလျှင် သခင်ဘုရားရှေ့တော်၌ အချိန်များစွာအသုံးပြုကာ၊ ဘုရားသခင်၏ မျက်မှောက်တော်သို့ ပို့ဆောင်ခံရခြင်းနှင့် ကိုယ်တော်ထံသို့ တိုးဝင်ချဉ်းကပ်ခြင်းရှိရန် များစွာဆုတောင်းရမည်ဖြစ်သည်။ ထို့ကြောင့် ဆုတောင်းခြင်းသည် ဘုရားသခင်ရှေ့တော်၌ ရပ်ခြင်းဖြစ်၍၊ ၎င်းသည် ကိုယ်တော့်ရှေ့တော်၌ ကိုယ်တော်၏ အလိုတော်ကို ရှာဖွေရန်ဖြစ်သည်။ (*Ministering to the House or to God?* pp. 10-14, 17, 19-23)

*ပို၍ဖတ်ရန်* – ***Ministering to the House or to God?***

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––– ––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

## *နံနက်ခင်းကျွေးမွေးခြင်း*

**ယေဇ၊ ခေါင်းပေါ်မှာ ပိတ်ဦးထုပ်ကို ဆောင်း၍၊ ခါး၌ ပိတ်ပေါင်းဘီကို ဝတ်ရ**
**၄၄း၁၈ ကြမည်။ ချွေးထွက်စေသော အဝတ်ကို မဝတ်ရကြ။**
**ဗျာ၊ အန္တိအုတ်မြို့၌ရှိသော ဒေသန္တရအသင်းတော်တွင် ပရောဖက်ပြုသူ**
**၁၃း၁–၂ နှင့် သွန်သင်သောသူများတို့ရှိကြ၏။ ထိုသူတို့သည် သခင်ဘုရားထံ အမှုဆောင်၍ အစာကိုရှောင်ကြစဉ်၊ သန့်ရှင်းသောဝိညာဉ်တော်က၊ အမှုကိုဆောင်ရွက်စေခြင်းငှါ ဗာနဗနှင့်ရှောလုတို့ကို ငါ့အဖို့ ယခု ရွေးချယ်ခွဲထားကြလော့။ ထိုသို့အလို့ငှါ သူတို့ကို ငါခေါ်တော်မူပြီဟု မိန့်တော်မူ၏။**

သခင်ဘုရားရှေ့၌ရပ်ရန်အတွက် “ငါ့အားဆီဥနှင့် အသွေးကို ပူဇော်ခြင်း” လိုအပ်သည် (ယေဇ၊၄၄း၁၅)။ အသွေးသည် ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့်ဖြောင့်မတ်ခြင်း အတွက်ဖြစ်ပြီး၊ ဆီဥသည် ကိုယ်တော်၏ ဘုန်းတော်အတွက်ဖြစ်သည်။ ဆီဥသည် ဘုရားသခင်က တစ်စုံတစ်ခုကိုရရှိရန်အတွက်ဖြစ်ပြီး၊ အသွေးသည် ဘုရားသခင်၏ သန့်ရှင်းခြင်းနှင့် ဖြောင့်မတ်ခြင်းကို ဆက်ဆံဖြေရှင်းသည်။ ဘုရားသခင်သည် သန့်ရှင်းပြီး၊ ဖြောင့်မတ်ကာ အပြစ်ပြုသည့်မည်သူ့ကိုမျှ လက်ခံနိုင်ခြင်းမရှိကြောင်းကို ကျွန်ုပ်တို့အားလုံးသိကြသည်။ အသွေးသွန်းလောင်းခြင်း သို့မဟုတ် အပြစ်ခွင့်လွှတ်ခံရခြင်း၊ လူသည် မိမိ၏ အပြစ်အတွက် အဖိုးအခပေးခြင်းမရှိဘဲ ဘုရားသခင်သည် မည်သောအခါမျှ ကျေနပ်နှစ်သိမ့်နိုင်မည်မဟုတ်ပါ။ ထို့ကြောင့် အသွေးတော်ကို လိုအပ်ရခြင်းဖြစ်သည်။ ထိုအရာမှလွဲ၍ ဘုရားသခင်ထံ တိုးဝင်ချဉ်းကပ်ရန် နည်းလမ်းမရှိပါ။ အသွေးတော်သည် အပြစ်ကို ဆက်ဆံဖြေရှင်းသည်။ သို့သော် ဆီဥသည် ဘုရားသခင်၏ ကျေနပ်နှစ်သိမ့်ခြင်းအတွက်ဖြစ်သည်။ ဆီဥသည် အကြွယ်ဝဆုံးနှင့် အကောင်းဆုံးအပိုင်းဖြစ်ပြီး၊ ယင်းသည် ဘုရားသခင်၏ စိတ်နှလုံးတော်ကို ကျေနပ်နှစ်သိမ့်စေသည်။ ထို့ကြောင့် ၎င်းသည် ဘုရားသခင်၏ ဘုန်းတော်အတွက်ဖြစ်သည်။ (WatchmanNee, *Ministering to the House or to God?* pp.23-24)

## *ယနေ့ဖတ်စရာ*

ကျွန်ုပ်တို့သည် အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကို မသိကျွမ်းပါက ဘုရားသခင်ထံ အမှုဆောင်နိုင်မည်မဟုတ်ပါ။ ကိုယ်တော်၏ ဖျက်ဆီးမရနိုင်သော အသွေးတော်ကို သွန်းလောင်းသောအခါ ကျွန်ုပ်တို့သည်လည်း သွန်းလောင်းခဲ့ပြီဖြစ်သည်။ ယခုတွင်

ကိုယ်တော်၌ အသွေးမရှိတော့ပေ။ ကိုယ်တော်၌ အရိုးနှင့်အသားရှိသော ကိုယ်ခန္ဓာသာရှိသည်။ ဇာတိအသက်၏ အရာခပ်သိမ်းသည် သွန်းလောင်းခဲ့ပြီးဖြစ်သည်။ သခင်ဘုရား၏ အသွေးသည် သွန်းလောင်းခဲ့သောအခါ စိတ်အသက်၏ အရာခပ်သိမ်းသည် သွန်းလောင်းခဲ့ပြီးဖြစ်သည်။ ကိုယ်တော်သည် အမှန်ပင် သူ၏စိတ်ကို သေခြင်းသို့ သွန်းလောင်းခဲ့ပြီဖြစ်သည်။ (ဟေရှာ၊ ၅၃း၁၂)။

ဤနေရာ၌ ကျွန်ုပ်တို့တွင် အနေအထားနှစ်ခုသာရှိသည်၊ တစ်ခုမှာ ကျွန်ုပ်သည် သေခဲ့ပြီးဖြစ်ကာ ဖန်ဆင်းခြင်း၏ အရာခပ်သိမ်းကို ချွတ်ပယ်ခဲ့ပြီးဖြစ်သည်။ အခြားတစ်ခုမှာ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်၍ ဘုရားသခင်ကို အစေခံခြင်း၊ ကိုယ်တော်ရှေ့တော်၌ ရပ်ခြင်း၊ ကိုယ်တော်၏ အမိန့်တော်ကို နားထောင်ခြင်း၊ ကိုယ်တော်ထံအမှုဆောင်ရန် မျက်မှောက်တော်၌ စောင့်ဆိုင်းနေခြင်းရှိနေပြီဖြစ်သည်။

ဘုရားသခင်ရှေ့တော်၌ ကိုယ်တော်ထံအမှုဆောင်သောသူသည် ပိတ်ချောအထည်ကို ဝတ်ဆင်ရမည်ဖြစ်သည်။ ယေဇ၊၄၄း၁၇ ကလည်း သူတို့သည် သိုးမွေးအဝတ်ကို ဝတ်ဆင်ခြင်းမပြုရန် ပြောဆိုထားသည်။ ဘုရားသခင်ရှေ့တော်၌ မည်သူမျှ သိုးမွေးအဝတ်ကို ဝတ်ဆင်ခြင်းမပြုရပေ။ အငယ်၊၁၈ က သခင်ဘုရားထံ အမှုဆောင်သောသူသည် ချွေးထွက်ခြင်းမရှိရမည့်အကြောင်း ဖွင့်ပြထားသည်။ ချွေးထွက်စေသောအလုပ်အားလုံးသည် ဘုရားကို ဝမ်းမြောက်စေခြင်းမရှိ၍ ၎င်းကို ကိုယ်တော်က ငြင်းပယ်သည်။ ချွေးသည် ကျိန်ခြင်း၏ ရလဒ်ဖြစ်သည် (က၊၃း၁၉)။ ဘုရားသခင်၏ ကျိန်ခြင်းကြောင့် မြေကြီးသည် မိမိ၏ အသီးကို မပေးတော့ပေ။ ဘုရားသခင်၏ ကောင်းကြီးမရှိသောကြောင့် လူ၏ ခွန်အားစိုက်ထုတ်မှု လိုအပ်လာပြီး၊ ၎င်းသည် ချွေးထွက်ခြင်းကို ဖြစ်စေသည်။ ချွေးထွက်စေသည့် အလုပ်မှာ မည်သည့်အလုပ်နည်း။ ယင်းမှာ ခမည်းတော်ဘုရားသခင်ထံမှ ကောင်းကြီးမပါဘဲ၊ လူ၏ ခွန်အားစိုက်ထုတ်မှုမှ ထွက်ပေါ်လာသောအလုပ်ဖြစ်သည်။

ဝိညာဉ်ရေးရာအလုပ်၏ အရေးကြီးဆုံးသော သွင်ပြင်မှာ ဘုရားသခင်နှင့်ဆက်ဆံဖြေရှင်းခြင်းဖြစ်သည်။ ပထမဦးဆုံး ကျွန်ုပ်တို့ဆက်သွယ်ရမည့် ပုဂ္ဂိုလ်မှာ ဘုရားသခင်ဖြစ်ပြီး၊ လူမဟုတ်ပေ။ အသွေးအသား၏ အလုပ်သည် ခြားနားသည်၊ ၎င်း၏ ပထမဦးဆုံး ထိတွေ့ဆက်သွယ်သောပုဂ္ဂိုလ်မှာ လူဖြစ်သည်။ ထို့ကြောင့် လူမပါဘဲ အလုပ်မပြီးစီးနိုင်လျှင် ယင်းမှာ ဘုရားသခင်၏ အလုပ်မဟုတ်ပေ။ ဘုရားသခင်၏ မျက်မှောက်တော်၌ ရှိရန်မှာ မည်မျှ အဖိုးထိုက်လှပါတကား။ ကျွန်ုပ်တို့သည် ကိုယ်တော်တစ်ပါးတည်းနှင့်သာ ဆက်ဆံဖြေရှင်းရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် မလှုပ်မရှားရှိနေခြင်းမဟုတ်ပေ။ ထိုအစား ကျွန်ုပ်တို့သည် ချွေးထွက်ခြင်းမရှိသော အလုပ်ကို လုပ်နေခြင်းဖြစ်သည်။ မည်သည့်အရာကို ဆိုလိုပါသနည်း။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် မှန်ကန်စွာ ဆက်ဆံဖြေရှင်းခြင်းရှိ

လျှင် လူရှေ့တွင် ချွေးထွက်စရာ မလိုအပ်ပေ။ ကျွန်ုပ်တို့သည် များစွာသောအလုပ်တို့ကို အနည်းငယ်မျှသော ခွန်အားပမာဏဖြင့် လုပ်ဆောင်ပြီးစီးနိုင်သည်။

ထိုသို့သော အလုပ်သည် ဓမ္မသစ်၏ အလုပ်ဖြစ်သည် (တ၊၁၃း၁–၂)။ ယင်းသည် ဓမ္မသစ်၏ အလုပ်အတွက် တုနှိုင်းရမဲ့သော အလေ့အလာလည်းဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ အလုပ်သည် သခင်ဘုရားထံသို့ အမှုဆောင်ခြင်းရှိသောအခါမှသာလျှင် ဖွင့်ပြခြင်းခံရနိုင်မည်ဖြစ်သည်။ သခင်ဘုရားထံ အမှုဆောင်ခြင်းရှိသောအချိန်၌သာလျှင် သန့်ရှင်းသောဝိညာဉ်တော်သည် အချို့သောသူတို့ကို ခန့်အပ်စေလွှတ်နိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရားထံအမှုဆောင်ခြင်းကို ပထမဦးစားပေးအဖြစ် မထားရှိလျှင် အရာခပ်သိမ်းသည် ဖရိုဖရဲဖြစ်ကုန်လိမ့်မည်ဖြစ်သည်။

သန့်ရှင်းသောဝိညာဉ်တော်သာလျှင် အလုပ်အတွက် လူများကို ခန့်အပ်စေလွှတ်ရန် အခွင့်အာဏာရှိသည်။ ဤအရာနှင့်စပ်လျဉ်း၍ အသင်းတော်၌လည်း အခွင့်အာဏာ မရှိပေ။

သခင်ဘုရားထံ အမှုဆောင်ခြင်းသည် အပြင်ပိုင်းအလုပ်အားလုံးကို စွန့်လွှတ်လိုက်ခြင်းမဟုတ်ကြောင်းကို ကျွန်ုပ်ထပ်၍ ပြောလိုပါသည်။ သခင်ဘုရားထံ အမှုဆောင်ခြင်းသည် ကျေးရွာများ၌ အစေခံနေခြင်းကို စွန့်လွှတ်လိုက်ခြင်းမဟုတ်ပါ။ ကျွန်ုပ်ပြောနေသည်မှာ အပြင်ပိုင်း၌ ကျွန်ုပ်တို့လုပ်ဆောင်နေသော အလုပ်အားလုံးသည် သခင်ဘုရားထံသို့အမှုဆောင်ခြင်းအပေါ် အခြေတည်ခြင်းရှိရန်ဖြစ်သည်။ ကျွန်ုပ်တို့၏ သွားခြင်းမှာ သခင်ဘုရားထံ ကျွန်ုပ်တို့အမှုဆောင်ခြင်းမှဖြစ်ပြီး၊ သခင်ဘုရားထံအမှုဆောင်ခြင်း၌ အခြေမတည်သော ကျွန်ုပ်တို့၏ ကိုယ်ပိုင်အလိုဆန္ဒမှမဟုတ်ပါ။ သခင်ဘုရားထံ အမှုဆောင်ခြင်းနှင့် အိမ်တော်သို့အမှုဆောင်ခြင်းအကြားရှိ ခြားနားခြင်းထက် သာ၍ကြီးမားသော ခြားနားချက်မရှိတော့ပါ။ (*Ministering to the House or to God?* pp. 25, 29-31, 33, 37, 39)

*ပို၍ဖတ်ရန်* – *Life-study of Hebrews,* msg. 60

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————
——— ——————————————————————————————————————————
——————————————————————————————————————————————
——————————————————————————————————————————————
——————————————————————————————————————————————

## နံ့နက်ခင်းကျွေးမွေးခြင်း

**ဗျာ၊ ပေရဂံမြို့၌ရှိသော အသင်းတော်၏တမန်ကို ဤသို့ရေး၍မှာလိုက်**
**၂း၁၂၊ ၁၇ လော့။ နားရှိသောသူမည်သည်ကား ကြားပါစေ။ အကြင်သူသည်**
**အောင်မြင်၏။ ဝှက်ထားသောမန္နမုန့်ကို ...ထိုသူအား ငါပေးမည်။**
**ဟေဗြဲ၊ ထိုတဲတော်၌ ရွှေယဇ်ပလ္လင်နှင့် ရွှေဖြင့်မွမ်းမံသောပဋိညာဉ်သေတ္တာ**
**၉း၄ တော်ရှိ၏။ ထိုသေတ္တာ၌ မန္နကိုထားသော ရွှေအိုး၊ အပွင့်ပွင့်သော**
**အာရုန်၏လှံတံ၊ ပဋိညာဉ်တရားကို ရေးထားသောကျောက်ပြားတို့**
**သည် ရှိကြ၏။**

မဓမ္မဟောင်းကျမ်းရှိ တဲတော်ပတ်လည်၌ အစေခံနေခြင်းကို ဆင်ခြင်ကြည့်ပါ။ လေဝိလူမျိုးများသည် အပြင်ဌာနတွင် အစေခံနေပြီး၊ ယဇ်ပုရောဟိတ်များသည် အပြင်ဌာနနှင့် သန့်ရှင်းရာဌာနတွင် အစေခံကြကာ၊ ထိုသန့်ရှင်းရာဌာနတွင် သူတို့သည် ပွဲတော်မုန့်ကို စီစဉ်ခြင်း၊ မီးစာကို ညှိပေးခြင်းနှင့် နံ့သာပေါင်းကို မီးရှို့ခြင်းတို့ကို လုပ်ဆောင်ကြသည်။ သို့သော် ယဇ်ပုရောဟိတ်အကြီးသည် အသန့်ရှင်းဆုံးဌာနအထဲသို့ ဝင်ရောက်သွားသောအခါ လုပ်ဆောင်စရာသိပ်မရှိလှပေ။ အသန့်ရှင်းဆုံးဌာန၌ ယဇ်ပုရောဟိတ်အကြီးသည် ဘုရားသခင်၏မျက်မှောက်တော်၌ တိုက်ရိုက်အမှုဆောင်ရသည်။ ဤနေရာရှိ အသန့်ရှင်းဆုံးဌာန၌ အမှုဆောင်သူသည် ဝှက်ထားသောမန္နမုန့်ကို စားသုံးမွေ့လျော်ရသည်။ ဝှက်ထားသောမန္နမုန့်မှာ မည်သည့်အရာနည်း။ ယင်းမှာ ကိုယ်တော်နှင့်ကျွန်ုပ်တို့အကြား မည်သည့်အတားအဆီးမျှ မရှိတော့သည့်နောက် ဘုရားသခင်၏မျက်မှောက်တော်တွင် ကျွန်ုပ်တို့မွေ့လျော်ရသည့် ခရစ်တော်၏ဝေစုဖြစ်သည်။

ကျွန်ုပ်တို့သည် သခင်ဘုရားထံ လွန်စွာနီးကပ်ခြင်းမရှိကြောင်းကို သိမြင်ခဲ့ရသည့် အကြိမ်များစွာရှိကြောင်း ကျွန်ုပ်တို့သက်သေခံနိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့နှင့် သခင်ဘုရားအကြားတွင် ခြားနားခြင်းရှိနေသော်လည်း ကိုယ်တော်၏တစ်စုံတစ်ရာကို ကျွန်ုပ်တို့ မွေ့လျော်ရဆဲဖြစ်သည်။ သို့သော်လည်း သခင်ဘုရားကို ကျွန်ုပ်တို့မွေ့လျော်ရခြင်းသည် ချိုမြိန်ခြင်းမရှိကြောင်းကို ကျွန်ုပ်တို့ ခံစားရသည်။ အခြားသောအချိန်များတွင် ကျွန်ုပ်တို့သည် သခင်ဘုရားထံသို့ တော်တော်လေးနီးကပ်မှုရှိလာကာ ကိုယ်တော်ကို မွေ့လျော်ရခြင်းသည် ပို၍ချိုမြိန်လာသည်။ ကျွန်ုပ်တို့နှင့် သခင်ဘုရားအကြား ခြားနားမှုမရှိသောအခါတွင် ကျွန်ုပ်တို့သည် သခင်ဘုရားကို အရင်းနှီးဆုံးနှင့် ဝှက်ထားသောနည်းလမ်း၌ မွေ့လျော်ရသည်။ ဤအရာသည် ဝှက်ထားသောမန္နမုန့်၊ ခရစ်တော်၏ဝှက်ထားသောဝေစုကို မွေ့လျော်ရခြင်းဖြစ်သည်။ (*Life-study of Hebrews*, pp. 670-671)

# ယနေ့ဖတ်စရာ

ယနေ့ ကျွန်ုပ်တို့၏ အခြေအနေသည် ပေရဂံမြို့၌ရှိသောအသင်းတော်၏ အခြေအနေနှင့်အတူတူပင်ဖြစ်သည်။ ခရစ်ယာန်လောကသည် ဘုရားသခင်၏ မျက်မှောက်တော်မှ ထွက်သွားခဲ့ပြီဖြစ်သည်။ ဖောက်ပြန်နေသောခရစ်ယာန်လောကသာမက မူလခရစ်ယာန်ဟုခေါ် ဆိုသောသူတို့ပင်လျှင် ဘုရားသခင်၏ မျက်မှောက်တော်မှ ဝေးကွာနေခဲ့သည်။ ခရစ်ယာန်လောကသည် ဘုရားသခင်အတွက် အရာများစွာကို လုပ်ဆောင်ခဲ့ကြသော်လည်း ဤအရာများသည် ဘုရားသခင်ကိုယ်တော်တိုင်မဟုတ်ပေ။ ထို့ကြောင့် ပေရဂံမြို့၌ရှိသောအသင်းတော်၏ အခြေအနေကို အောင်မြင်သော ချစ်ဖွယ်သန့်ရှင်းသူများအဖို့ ဘုရားသခင်၏ မျက်မှောက်တော်၌ ခရစ်တော်၏ အထူးဖြစ်သောဝေစုကို ထိန်းသိမ်းထားလေသည်။ ပေရဂံမြို့ရှိသောအသင်းတော်၏ အခြေအနေကို အောင်မြင်ရန်မှာ ယနေ့ ခရစ်ယာန်လောက၏ ပုံမှန် လေ့ကျင့်လုပ်ဆောင်မှုများမှ မိမိကိုယ်ကို ခွဲခြားထားကာ၊ ဘုရားသခင်၏ မျက်မှောက်တော်၌ အခြားမည်သည့်အရာထံမျှမဟုတ်ဘဲ ကိုယ်တော်ထံသို့ တိုက်ရိုက်အမှုဆောင်ခြင်း၌ တည်နေရမည်ဖြစ်သည်။ ဤနေရာ၌ ကျွန်ုပ်တို့သည် ခရစ်တော်၏ အထူးဖြစ်သောဝေစုဖြစ်သည့် ဝှက်ထားသောမန္နမုန့်ကို မွေ့လျော်ရသည်။ ဤနေရာ၌ ကိုယ်တော်၏ မျက်မှောက်တော်မှ ဝေးကွာနေသောသူများက မြည်းစမ်း၍မရနိုင်သည့် ခရစ်တော်၏ တစ်စုံတစ်ရာကို ကျွန်ုပ်တို့ရရှိကြသည်။

သင်သည် ယဇ်ပုရောဟိတ်ဖြစ်မည်ဆိုလျှင် သန့်ရှင်းရာဌာန၌ ရှိနေလိမ့်မည်ဖြစ်ပြီး၊ အပြင်ဌာနတွင် အစေခံနေသော လေဝိလူမျိုးများထက် ဘုရားသခင်နှင့်ပို၍ နီးကပ်မှုရှိသည်။ သို့သော်လည်း သင်သည် သန့်ရှင်းရာဌာန၌ အမှုဆောင်နေသာ ယဇ်ပုရောဟိတ်ဖြစ်သော်ငြားလည်း၊ သင်သည် အသန့်ရှင်းဆုံးဌာနသို့ မရောက်ရှိသေးပေ။ ထို့ကြောင့် သင်နှင့်ဘုရားသခင်အကြားတွင် ခြားနားမှုရှိနေဆဲဖြစ်သည်။ သင်သည် ဝှက်ထားသောမန္နမုန့်ကို စားသုံးလိုသည်ဆိုလျှင် သင်နှင့်ဘုရားသခင်အကြားတွင် မည်သည့်ခြားနားမှုမျှမရှိရပေ။ သင်နှင့်သခင်ဘုရားအကြားရှိ ခြားနားချက်ရှိသမျှကို ဖယ်ရှားပစ်ရပေမည်။

ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ဝေးကွာလေလေ ကိုယ်တော်ထံသို့ အမှုဆောင်ခြင်းနည်းပါးလေလေဖြစ်သည်။ ကိုယ်တော်ထံသို့ နီးကပ်လေလေ၊ ကိုယ်တော်ထံပို၍ အမှုဆောင်နိုင်လေလေဖြစ်သည်။ နောက်ဆုံးတွင် ကျွန်ုပ်တို့သည် အသန့်ရှင်းဆုံးဌာနရှိ ဘုရားဆိုင်ရာဘုန်းတော်၏ မျက်မှောက်တော်အထဲသို့ ဝင်ရောက်သွားသောအခါ အမှုဆောင်ခြင်း အားလုံးသည် ရပ်နားသွားလေသည်။ ဤနေရာ၌ သခင်ဘုရား၏ မျက်မှောက်တော်သာရှိပြီး၊ ဝှက်ထားသောခရစ်တော်၊ ဝှက်ထားသောမန္နမုန့်ကို ကျွန်ုပ်တို့မွေ့လျော်ကြ

ရသည်။ ဤနေရာ၌ ကျွန်ုပ်တို့သည် သခင်ဘုရားနှင့်အတူ တိုက်ရိုက်မိတ်သဟာယဖွဲ့ရပြီး ကိုယ်တော်၏ စိတ်နှလုံးတော်နှင့် ရည်ရွယ်ချက်ကို သိကျွမ်းရကြသည်။ ဤနေရာ၌ ကိုယ်တော်နှင့်အတူ စကားပြောခြင်း၊ ကိုယ်တော်၏ ရည်ရွယ်ချက်နှင့် ကိုယ်တော်လုပ်ဆောင်လိုသောအရာတိုင်းကို သိရှိခြင်းရှိနိုင်သည်။ ဤနည်းလမ်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ စိတ်နှလုံးတော်နှင့် ကိုယ်တော်၏ ရည်ရွယ်ချက်ကို သိရှိသောသူဖြစ်လာမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုသို့သောပုဂ္ဂိုလ်ဖြစ်လာသောအခါ ကိုယ်တော်၏ ကျိန်ဆိုဂတိပေးခြင်းကို ရရှိကြသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဂတိတော်ပေးခြင်းကို အဘယ်ကြောင့် ရရှိကြသနည်း။ အကြောင်းမှာ ကျွန်ုပ်တို့သည် ကိုယ်တော်၏ မျက်မှောက်တော်၌ ရှိကြသောကြောင့်ဖြစ်သည်။ ဘုရားသခင်၏ မျက်မှောက်တော်၌ရှိကြောင်းကို ကျွန်ုပ်တို့မည်ကဲ့သို့ သိနိုင်မည်နည်း။ ၎င်းကို ကျွန်ုပ်တို့၏ အတွင်းပိုင်းမှ သိရှိခြင်းဖြစ်ပြီး၊ ကျွန်ုပ်တို့နှင့် ဘုရားသခင်အကြား မည်သည့်ခြားနားချက်မျှမရှိကြောင်းကို သိနားလည်ခြင်းအားဖြင့် ဖြစ်သည်။ ထို့အပြင် ကျွန်ုပ်တို့သည် ဝှက်ထားသောခရစ်တော်ကို ကောင်းသောမြေ၏ ထွက်ကုန်မှ အကောင်းဆုံးသောဝေစုအဖြစ် မွေ့လျော်စားသုံးရသည့် နက်နဲသည့်အတွင်းပိုင်းအာရုံခံစားမှုအားဖြင့် ၎င်းကို သိရှိကြသည်။ ဤသည်မှာ ဝှက်ထားသောမန္နမုန့်ဖြစ်သည်။ သခင်ဘုရားကို ချီးမွမ်းပါသည်။ (*Life-study of Hebrews,* pp. 670, 666, 672-673)

*ပို၍ဖတ်ရန်* – *Life-study of Hebrews,* msg.59

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**တော၊ နက်ဖြန်နေ့၌ သက်သေခံချက်တဲတော်အတွင်းသို့ မောရှေဝင်သော**
**၁၇း၈ အခါ၊ လေဝိအမျိုးနှင့်ဆိုင်သော အာရုန်၏လှံတံသည် အရွက်ထွက်**
**လျက်၊ ငုံလျက်၊ ပွင့်လျက်၊ ဗာတံသီးကို သီးလျက်ရှိ၏။**
**မ၊ ယေရှုသည်လည်း၊ သူတို့ကို ကြည့်ရှု၍ ဤအမှုကို လူမတတ်နိုင်။ သို့**
**၁၉း၂၆ သော်လည်း ဘုရားသခင်သည် ခပ်သိမ်းသောအမှုတို့ကို တတ်နိုင်**
**တော်မူသည်ဟု မိန့်တော်မူ၏။**

အပွင့်ပွင့်သောလှံတံသည် ရှင်ပြန်ထမြောက်သောအရှင်ဖြစ်သည့် ခရစ်တော်သည် ကျွန်ုပ်တို့၏ အသက်၊ အသက်ရှင်ခြင်းနှင့် ကျွန်ုပ်တို့အတွင်းရှိ ရှင်ပြန်ထမြောက်သော အသက်ဖြစ်ကာ ဤအသက်သည် ငုံလျက်၊ ပွင့်လျက်၊ ဗာတံသီးကို သီးလျက်ရှိရမည်ဖြစ်ကြောင်းကို ပုံဆောင်သည်။ သင့်အတွင်းရှိခရစ်တော်သည် အပွင့်ပွင့်ခြင်း (အပွင့်ပွင့်ခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၏ အသီးဖြစ်သော ဗာတံသီးကို သီးခြင်းရှိပါသလား။ ဟုတ်ပါသည်ဟူ၍ သြဝါဒဆိုင်ရာအရ မဖြေပါနှင့်၊ သို့သော် သင်၏ အတွေ့အကြုံအတိုင်း ဖြေပါ။ (*Life-study of Hebrews*, p.690)

ဘုရားသခင်က ဦးဆောင်သူတစ်ဆယ့်နှစ်ဦးအား အစ္စရေးလူမျိုးတစ်ဆယ့်နှစ်မျိုးရှိသည့်အတိုင်း လှံတံတစ်ဆယ့်နှစ်ခုကို ယူကာ စည်းဝေးရာတဲတော်အတွင်း ပဋိညာဉ်သေတ္တာရှေ့၌ ထားရန် မိန့်တော်မူခဲ့သည်။ ထို့နောက် ကိုယ်တော်က "ငါရွေးကောက်သောသူ၏ လှံတံသည် အပွင့်ပွင့်လိမ့်မည်"ဟု ပြောခဲ့သည် (တော၊၁၇း၅)။ လှံတံသည် သစ်သားအပိုင်းအစဖြစ်သည်။ ၎င်းသည် အရွက်နှင့်အမြစ်များကို ချွတ်ခွာထားပြီးသောအကိုင်းတစ်ခုဖြစ်သည်။ ၎င်းသည် တစ်ချိန်က သစ်ပင်မှ ၎င်း၏ သစ်ရည်ကို ရရှိပြီး အပွင့်ပွင့်ရန်နှင့် အသီးသီးရန် တတ်နိုင်ခဲ့သော်လည်း၊ ယခုတွင် ၎င်းသည် သေနေပြီဖြစ်သည်။ လှံတံတစ်ဆယ့်နှစ်ခုလုံးသည် အရွက်မဲ့၊ အမြစ်မဲ့၊ ခြောက်သွေ့ကာ သေနေပြီဖြစ်သည်။ ဘုရားသခင်ရွေးချယ်တော်မူသောသူ၏ လှံတံမူကား အပွင့်ပွင့်လေသည်။ ဤနေရာ၌ ရှင်ပြန်ထမြောက်ခြင်းသည် ဘုရားသခင်၏ ရွေးချယ်တော်မူခြင်းကို အခြေခံကြောင်း ကျွန်ုပ်တို့ မြင်ရသည်။ ယင်းသည် အခွင့်အာဏာ၏ အခြေခံလည်းဖြစ်သည်။ (Watchman Nee, *Authority and Submission*, p. 143)

## ယနေ့ဖတ်စရာ

အာရုန်နှင့် အစ္စရေးလူမျိုးများတို့သည် အာဒံမှဆင်းသက်လာသူများဖြစ်ပြီး၊ နှစ်

ဦးလုံးသည် အသွေးအသားဆန်သောသူများဖြစ်သည်။ ဇာတိသဘောနှင့် သူတို့၏ဇာတိပင်ကိုယ်စိတ်အားဖြင့် သူတို့အားလုံးသည် အမျက်ဒေါသ၏သားများဖြစ်သည်၊ လုံ့တံတစ်ဆယ့်နှစ်ချောင်းလုံးသည် တူညီမှုရှိသည်။ သူတို့အားလုံးသည် အရွက်မဲ့ကာ အမြစ်မရှိသောလုံ့တံများဖြစ်ပြီး၊ သေဆုံးကာ အသက်မဲ့နေသည်။ ဤအရာက အစေခံခြင်းဆိုသည်မှာ ကျွန်ုပ်တို့၏ဇာတိအသက်နှင့် မသက်ဆိုင်သည့် တစ်စုံတစ်ရာဖြစ်ကြောင်းကို ဖော်ပြနေသည်။ ဘုရားသခင်ထံမှ ကျွန်ုပ်တို့ရရှိသော ရှင်ပြန်ထမြောက်ခြင်းအသက်သည်သာလျှင် ကျွန်ုပ်တို့ကို အခွင့်အာဏာပေးအပ်သည်။ အခွင့်အာဏာသည် လူနှင့် မသက်ဆိုင်သော်လည်း၊ လူမှတဆင့် ထင်ရှားထွက်ပေါ် လာသော ရှင်ပြန်ထမြောက်ခြင်းနှင့်သာသက်ဆိုင်သည်။ အာရုန်၌ကွဲပြားခြားနားမှုရှိခြင်းမှာ ဘုရားသခင်၏ ရွေးချယ်တော်မူခြင်းနှင့် ဘုရားသခင်က သူ့အား ပေးအပ်ခဲ့သော ရှင်ပြန်ထမြောက်ခြင်း၌ဖြစ်သည်။ ဤအချက်အားဖြင့် အခွင့်အာဏာ၏ အခြေခံသည် ရှင်ပြန်ထမြောက်ခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့မြင်ရသည်။

ဘုရားသခင်က လုံ့တံတစ်ဆယ့်တစ်ခုတို့ကို ဦးဆောင်သူများထံ ပြန်လည်ပေးခဲ့သော်လည်း၊ အာရုန်၏လုံ့တံကိုမူ ထာဝရအမှတ်ရစရာအဖြစ် ပဋိညာဉ်သေတ္တာအတွင်း၌သိမ်းထားခဲ့သည်။ ဤသည်မှာ ရှင်ပြန်ထမြောက်ခြင်းသည် ဘုရားသခင်ထံ ကျွန်ုပ်တို့၏အမှုဆောင်ခြင်း၌ ထာဝရအလေ့အလာဖြစ်ကြောင်းကို ဆိုလိုခြင်းဖြစ်သည်။ သခင်ဘုရား၏ အစေခံသည် အသေခံကာ ရှင်ပြန်ထမြောက်သောသူဖြစ်သည်။ ဘုရားသခင်ကို အစေခံရန် အခွင့်အာဏာသည် ရှင်ပြန်ထမြောက်ခြင်း၌ရှိပြီး လူပုဂ္ဂိုလ်ကိုယ်တိုင်၌မဟုတ်ကြောင်းကို ဘုရားသခင်သည် သူ၏လူမျိုးတော်ထံ အကြိမ်ကြိမ် သက်သေပြခဲ့သည်။ သခင်ဘုရားထံ အစေခံခြင်းအားလုံးသည် ဘုရားသခင်လက်ခံဖွယ်မဖြစ်မီတွင် အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကို ဖြတ်ကျော်ရမည်ဖြစ်သည်။ ရှင်ပြန်ထမြောက်ခြင်းဆိုသည်မှာ အရာခပ်သိမ်းသည် ဘုရားသခင်၏ အရာဖြစ်ပြီး ကျွန်ုပ်တို့၏ အရာမဟုတ်ကြောင်း၊ ဘုရားသခင်တစ်ပါးတည်းသာလျှင် တတ်စွမ်းနိုင်ပြီး ကျွန်ုပ်တို့သည် မတတ်စွမ်းနိုင်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ ရှင်ပြန်ထမြောက်ခြင်းဟူသည်မှာ အရာခပ်သိမ်းသည် ဘုရားသခင်အားဖြင့် ပြီးစီးခြင်းဖြစ်ပြီး၊ ကျွန်ုပ်တို့အားဖြင့်မဟုတ်ကြောင်းဆိုလိုခြင်းဖြစ်သည်။ မိမိကိုယ်ကိုအထင်ကြီးလွန်းပြီး မှားယွင်းသောခံယူချက်ကို ကိုင်စွဲထားသောသူတို့သည် ရှင်ပြန်ထမြောက်ခြင်းမှာ မည်သည့်အရာဖြစ်ကြောင်းကို မသိရှိကြပေ။ မည်သူမျှ မိမိကိုယ်တိုင်အားဖြင့် မည်သည့်အရာကိုမဆို လုပ်ဆောင်နိုင်သည်ဟု မှားယွင်းစွာ မထင်မှတ်သင့်ပေ။ လူသည် မိမိကိုယ်ကို တတ်နိုင်သည်၊ မိမိအားဖြင့် တစ်စုံတစ်ရာလုပ်ဆောင်နိုင်သည်၊ မိမိသည် အသုံးဝင်လှသောသူဖြစ်သည်ဟု ဆက်လက်ထင်မှတ်နေမည်ဆိုလျှင် သူသည်

ရှင်ပြန်ထမြောက်ခြင်းကို သိကျွမ်းမှုမရှိပေ။ သူသည် ရှင်ပြန်ထမြောက်ခြင်း၏ သြဝါဒ၊ ရှင်ပြန်ထမြောက်ခြင်း၏ အကြောင်းရင်း၊ ရှင်ပြန်ထမြောက်ခြင်း၏ ရလဒ်တို့ကို သိကောင်း သိမည်ဖြစ်သော်လည်း ရှင်ပြန်ထမြောက်ခြင်းကို သိကျွမ်းလိမ့်မည်မဟုတ်ပေ။ ရှင်ပြန်ထ မြောက်ခြင်းကို သိကျွမ်းသောသူတိုင်းသည် မိမိတို့ကိုယ်ကို၌ မျှော်လင့်ကိုးစားခြင်းမရှိ ကြပေ။ သူတို့သည် မိမိတို့မတတ်နိုင်ကြောင်းကို သိကြသည်။ ဇာတိခွန်အားကျန်ရှိနေ သရွေ့ ရှင်ပြန်ထမြောက်ခြင်းတန်ခိုးသည် ထင်ရှားထွက်ပေါ် ရန် နေရာမရှိပေ။ စာရာသည် ကလေးရနိုင်သေးသရွေ့ ဣဇာက်သည် ထွက်ပေါ် လာနိုင်မည်မဟုတ်ပေ။ ကျွန်ုပ်တို့ လုပ် နိုင်သောအရာသည် ဇာတိဆိုင်ရာနယ်ပယ်၌ရှိပြီး၊ ကျွန်ုပ်တို့ လုပ်ဆောင်ရန် ဖြစ်နိုင်ချေရှိ သည့်အရာသည် ရှင်ပြန်ထမြောက်ခြင်းနယ်ပယ်၌ ရှိသည့်အရာဖြစ်သည်။ လူသည် မိမိ၏ အသုံးမကျခြင်းကို ဖော်ထုတ်ခံရခြင်းအား လက်ခံယုံကြည်သည့်အချိန်မတိုင်မီ မိမိကိုယ် ကို အဆုံးသတ်ရန် လိုအပ်သည်။

ဘုရားသခင်က ကလေး၏ အမည်ကို "ရယ်သောသူ"ဟုဆိုလိုသော ဣဇာက်ဟူ၍ မှည့်ခေါ် ခဲ့သည် (က၊၁၇း၁၀–၁၅။ ၂၁း၁–၃၊ ၆–၇)။ ပထမအကြိမ် စာရာရယ်ခြင်းမှာ ဂတိတော်၏ ဖြစ်နိုင်ချေမရှိခြင်းကြောင့်ဖြစ်သည်။ ဒုတိယအကြိမ်၌ သူမသည် ရယ်ခြင်း မှာ ၎င်းသည် ဖြစ်နိုင်ကြောင်းကို သူမ တွေ့ရှိပြီး အံ့သြဝမ်းသာသောကြောင့်ဖြစ်သည်။ လူသည် ပထမရယ်ခြင်းကို တွေ့ကြုံခံစားခြင်းမရှိပါက၊ ဒုတိယရယ်ခြင်းကိုလည်း တွေ့ ကြုံခံစားနိုင်မည်မဟုတ်ပါ။ လူသည် မိမိ၏ မတတ်စွမ်းနိုင်မှုကို မည်သည့်အခါမျှ သိမြင် ခြင်းမရှိပါက ဘုရားသခင်၏ တတ်စွမ်းနိုင်မှုကို တွေ့ကြုံခံစားနိုင်မည်မဟုတ်ပါ။ ရှင်ပြန် ထမြောက်ခြင်းသည် ကျွန်ုပ်တို့က ဘာမျှမတတ်နိုင်ကြောင်းနှင့် ဘုရားသခင်သည် အရာ ခပ်သိမ်းကို တတ်နိုင်သောအရှင်ဖြစ်ကြောင်းကို ဆိုလိုခြင်းဖြစ်သည်။ (*Authority and Submission*, pp. 144, 148-150, 148)

*ပို၍ဖတ်ရန်* - *Authority and Submission*, ch.15; *Life-study of Hebrews*, msgs. 61, 62

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————

——————————————————————————————————————

——————————————————————————————————————

——————————————————————————————————————

——————————————————————————————————————

——————————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ယေဇ၊ နောင်ကာလအခါ အစ္စရေးအမျိုးသားတို့၌ ငါပေးအံ့သောပဋိညာဉ်**
**၃၁း၃၃ တရားဟူမူကား၊ ငါယေဟောဝါသည် ငါ၏ပညတ်တရားကို သူတို့**
**အတွင်းထဲသို့ သွင်းမည်။ သူတို့နှလုံးပေါ်မှာ ရေးထားမည်။ ငါသည်**
**သူတို့၏ဘုရားဖြစ်သည်။ သူတို့သည်လည်း ငါ၏လူ ဖြစ်ကြလိမ့်မည်။**
**ဟေဗြဲ၊ ငါသခင်ဘုရားသည် ငါ့တရားတို့ကို သူတို့၏အသိဉာဏ်အထဲသို့ သွင်း**
**၈း၁၀ မည်။ သူတို့စိတ်နှလုံးပေါ်မှာ ရေးထားမည်။**
**၇း၁၆ ထိုယဇ်ပုရောဟိတ်သည် ပျက်စီးခြင်းကင်းသော အသက်၏တန်ခိုး**
**တော်အတိုင်း ခန့်ထားလျက်ရှိသတည်း။**

တဲတော်၏ အတွင်းဆုံးအပိုင်းရှိ အရာမှာ ပညတ်တော်ကျောက်ပြားများဖြစ်သည့် ပညတ်တော်သက်သေခံချက်ဖြစ်သည်။ ပညတ်တော်ကို တဲတော်၏ အလယ်ဗဟို၌ ထားရှိခြင်းဖြစ်သည်။ ဘုရားလူမျိုးတော်ဖြစ်သည့် အစ္စရေးလူမျိုးတို့၏ အလယ်ဗဟို၌ ပိတ်ချောကန့်လန့်ကာဖြင့် ကာထားသော တဲတော်ရှိနေသည်။ တဲတော်အတွင်း၌ သန့်ရှင်းရာဌာနရှိပြီး၊ သန့်ရှင်းရာဌာနအတွင်း၌ အသန့်ရှင်းဆုံးဌာနရှိသည်။ အသန့်ရှင်းဆုံးဌာနအတွင်း၌ ပဋိညာဉ်သေတ္တာရှိပြီး၊ ပဋိညာဉ်သေတ္တာအတွင်း၌ ဘုရားသခင်ကိန်းဝပ်ရာနေရာ၊ စကြဝဠာ၏ အလယ်ဗဟို ရှိနေသည်။ ရှေးကာလ၌ ဘုရားသခင်သည် သူ၏လူမျိုးတော်အား အလုပ်လုပ်စေရန် သို့မဟုတ် လှုပ်ရှားမှုတစ်စုံတစ်ရာ၌ ပါဝင်စေရန် အလိုမရှိပေ။ ကိုယ်တော်သည် သူတို့အား ပညတ်တော်အတိုင်း အသက်ရှင်၊ လျှောက်လှမ်းစေရန် အလိုရှိသည်။ တစ်စုံတစ်ဦးသည် ပညတ်တော်နှင့်မှားယွင်းမှုရှိနေလျှင် ဘုရားသခင်နှင့်လည်း မှားယွင်းမှုရှိနေသည်။ ဘုရားသခင်သည် ပညတ်တော်အတိုင်း အစ္စရေးလူမျိုးတို့၏ ဘုရားသခင်ဖြစ်ပြီး၊ သူတို့သည်လည်း ပညတ်တော်အတိုင်း ကိုယ်တော်၏ လူမျိုးတော်ဖြစ်သည်။

ဓမ္မသစ်ကျမ်းတွင်လည်း ဘုရား၏ သဘောသဘာဝမှ ထွက်ပေါ် လာသည့် အတွင်းပိုင်းအသက်၏ တရားကို ဖော်ပြထားသည်။ ဓမ္မသစ်ကျမ်း၌ ဘုရားဆိုင်ရာအသက်ကို အကြိမ်တစ်ရာမက ရည်ညွှန်းဖော်ပြထားသည်။ ဤဘုရားအသက်သည် ကျွန်ုပ်တို့၏ ဖြစ်ခြင်းအထဲသို့ ထည့်သွင်းပေးခဲ့ပြီဖြစ်သည်။ (*Life-study of Hebrews*, pp.767-768)

## ယနေ့ဖတ်စရာ

ကျွန်ုပ်တို့သည် အသန့်ရှင်းဆုံးဌာနအထဲသို့ တက်လှမ်းကာ ဝင်ရောက်သွားရမည်

ဖြစ်သည်။ အသန့်ရှင်းဆုံးဌာန၌ ကျွန်ုပ်တို့သည် ပဋိညာဉ်သေတ္တာတည်းဟူသော ခရစ်တော်ကိုယ်တော်တိုင်ကို ထိတွေ့ရသည်။ ဝှက်ထားသောမန္နမုန့်၊ အပွင့်ပွင့်သောလှံတံနှင့် အသက်၏တရားတော်အားလုံးတို့သည် ခရစ်တော်၌ရှိသည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကိုထိတွေ့ရန် မည်မျှလိုအပ်လှပါတကား။ ယနေ့ ခရစ်တော်သည် အသန့်ရှင်းဆုံးဌာန၌ ရှိနေသည်။ အသန့်ရှင်းဆုံးဌာနသည် ကောင်းကင်နှင့်ဆက်သွယ်ထားသည့် ကျွန်ုပ်တို့၏ ဝိညာဉ်ကို ပုံဆောင်ပြီး၊ ခရစ်တော်ကိုယ်တိုင်သည်မြေကြီးကို ကောင်းကင်နှင့်ဆက်သွယ်ကာ ကောင်းကင်ကို မြေကြီးသို့ ယူဆောင်လာသည့် လှေကားဖြစ်သည် (ယော၊၁း၅၁)။ ကျွန်ုပ်တို့သည် ဝိညာဉ်၌ ခရစ်တော်ကို စဉ်ဆက်မပြတ် ထိတွေ့နေမည်ဆိုလျှင် ကိုယ်တော်ကို ဝှက်ထားသောမန္နမုန့်နှင့် အပွင့်ပွင့်သောလှံတံအဖြစ် မွေ့လျော်နိုင်မည်ဖြစ်သည်။ ထို့နောက် ကျွန်ုပ်တို့၏နေ့စဉ်အသက်တာနှင့် လျှောက်လှမ်းခြင်းသည် မည်သည့်သွန်သင်ခြင်း၊ အလုပ်၊ လှုပ်ရှားမှုနှင့် လုပ်ဆောင်မှုအတိုင်းမဟုတ်ဘဲ၊ သုံးပါးတစ်ပါးဘုရား၏ သဘောသဘာဝ လှုပ်ရှားလုပ်ဆောင်မှုဖြစ်သော အသက်၏တရားအတိုင်းဖြစ်လာမည်ဖြစ်သည်။ ဘုရားသခင်၏ သဘောသဘာဝသည် ယခု ကျွန်ုပ်တို့အတွင်း၌ လှုပ်ရှားကာ လုပ်ဆောင်နေပြီး၊ ကျွန်ုပ်တို့ဖြစ်ခြင်းအထဲသို့ ခရစ်တော်၏ဒြပ်သဘာဝကို ပေါင်းထည့်ပေးကာ၊ ကျွန်ုပ်တို့ကို ပုံသဏ္ဍာန်ပြောင်းလဲပေးပြီး၊ ဘုရားသခင်အလိုတော်ရှိသော များစွာသောသားများကို ထုတ်လုပ်ပေးသည်။

လွန်ခဲ့သောအချိန်က အသက်၏တရားလုပ်ဆောင်မှုသည် ကျွန်ုပ်တို့ကို ထိန်းညှိပေးရန် ဖြစ်ကြောင်းကို ကျွန်ုပ်ပြောဆိုခဲ့ပါသည်။ ဤခံယူချက်အရ ကျွန်ုပ်တို့၏ဇနီးနှင့် စကားများရန်ဖြစ်လာသောအခါ အသက်၏တရားသည် ကျွန်ုပ်တို့ကို ထိန်းညှိပေးလိမ့်မည်။ ကျွန်ုပ်တို့၏ဇာတိအတွေးအခေါ် အတိုင်းဖြစ်သော ဤသွန်သင်ချက်သည် မှန်ကန်မှုမရှိပေ။ ပန်းသီးပင်ကို ဆင်ခြင်ကြည့်ပါ။ ယင်းပန်းသီးပင်၏ အသက်တွင် ပန်းသီးပင်၏ သဘောသဘာဝရှိပြီး၊ ဤပန်းသီးပင်၏ သဘောသဘာဝသည် ပန်းသီးပင်၏ အသက်တရားမှ ထွက်ပေါ် လာခြင်းဖြစ်သည်။ ပန်းသီးပင်၌ရှိသော အသက်၏တရားသည် ၎င်းကို မှားယွင်းမှုအထဲမှ ထိန်းညှိပေးပါသလား။ လုံးဝမညှိပေးပါ။ ပန်းသီးပင်အသက်၏ တရားသည် ဤနည်းလမ်း၌ လုပ်ဆောင်ခြင်းမဟုတ်ပါ။ သို့ဖြစ်လျှင် ယင်းသည် မည်သို့လုပ်ဆောင်သနည်း။ ပန်းသီးပင်၏ အသက်သည် ကြီးထွားလာသည်နှင့်အမျှ ၎င်း၏တရားသည် ယင်းအသက်၏ပုံစံကို ပုံဖော်ပေးသည်။ ထို့ကြောင့် ပန်းသီးပင်သည် အသီးသီးလာသောအခါ ၎င်း၏ အသီးကို မှန်ကန်သောပုံသဏ္ဍာန်တည်းဟူသော ပန်းသီး၏ပုံသဏ္ဍာန်ကို ထုတ်လုပ်ပေးသည်။ မက်မွန်ပင်သည်လည်း ထို့အတူပင်ဖြစ်သည်။ ထို့ကြောင့် အသက်

၏ တရားသည် ကျွန်ုပ်တို့ကို အမှားပြုခြင်းမှ ထိန်းညှိပေးခြင်းမဟုတ်ဘဲ၊ ၎င်းသည် အသက်၏ ပုံသဏ္ဌာန်ထွက်ပေါ် လာရန် ထိန်းညှိပေးခြင်းဖြစ်သည်။

တစ်စုံတစ်ခုသောအသက်သည် ကြီးထွားမှုမရှိပါက ယင်းအသက်၏ တရားသည် လှုပ်ရှားလုပ်ဆောင်နိုင်မည်မဟုတ်ပါ။ အသက်ကြီးထွားခြင်းရှိမှသာလျှင် တရားသည် လည်း ပြုပြင်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ အသက်၏ တရားသည် အဓိကအားဖြင့် မည် သည့်အရာကို လုပ်ဆောင်ခြင်းမပြုရန် မကောင်းသည့်အာရုံ၌ လှုပ်ရှားလုပ်ဆောင်ခြင်း မဟုတ်ပါ။ ထိုသို့မဟုတ်ပါ။ ထိုအစား အသက်ကြီးထွားလာသည်နှင့်အမျှ အသက်၏ တရား သည် ကောင်းသည့်အာရုံ၌ ကျွန်ုပ်တို့ကို ပုံသွင်းပေးခြင်းကို လုပ်ဆောင်နေသည်၊ ယင်းမှာ ခရစ်တော်၏ ပုံသဏ္ဌာန်တော်သို့ သဏ္ဌာန်တူညီလာစေရန်ဖြစ်သည်။ ဤသည်မှာ အသက် ၏ တရားမှ လုပ်ဆောင်မှုဖြစ်သည်။

အသက်၏ တရားသည် ကျွန်ုပ်တို့ကို အပြစ်ပြုခြင်းမှ ထိန်းညှိပေးခြင်းမဟုတ်ပါ။ အကြောင်းမှာ ၎င်းသည် အပြစ်၏ အဝန်းအဝိုင်း၌ မရှိသောကြောင့်ဖြစ်သည်။ ၎င်းသည် အပြစ်၊ လောက၊ အသွေးအသား သို့မဟုတ် အတ္တတို့မရှိသော ဘုရားအသက်၏ အဝန်း အဝိုင်း၌ ရှိနေသည်။ အသက်ကြီးထွားသည်နှင့်အမျှ ယင်း၏ တရားသည် လုပ်ဆောင်မှု ရှိပြီး၊ အဓိကအားဖြင့် ကျွန်ုပ်တို့ကို ထိန်းညှိပေးရန်၊ တည့်မတ်ပေးရန်မဟုတ်ပဲ၊ ဘုရား သခင်၏ သားဦး၏ ပုံသဏ္ဌာန်တော်သို့ ပုံသွင်းပေးရန်၊ သဏ္ဌာန်တူညီလာစေရန် လုပ်ဆောင် နေခြင်းဖြစ်သည်။ နောက်ဆုံးတွင် အသက်၏ တရားလုပ်ဆောင်မှုအားဖြင့် ကျွန်ုပ်တို့ သည် ရင့်ကျက်လာသော ဘုရားသခင်သားများဖြစ်လာကာ ဘုရားသခင်သည် ကိုယ် တော်၏ စကြဝဠာဆိုင်ရာ စုပေါင်းထင်ရှားခြင်းကို ရရှိနိုင်မည်ဖြစ်သည်။ (*Life-study of Hebrews*, pp.768-770, 772)

*ပို၍ဖတ်ရန်-* *Life-study of Hebrews*, msgs. 64, 65, 69

***အလင်းဖွင့်ပြခံရခြင်းနှင့် နှိုးဆော်ခံရခြင်း*** ______________________

______________________________________________

______________________________________________

______________________________________________

______________________________________________

______________________________________________

______________________________________________

***Hymns*, E#769**

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ–

## *အမှုတော်၏အလုပ်*

ဖတ်ရန်ကျမ်း။ ။ ဧ၊၄း၁၁–၃၂

*Day 1*

**I. သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ တုန္နိုင်းရာမဲ့သောအလုပ်မှာ “အမှုတော်၏ အလုပ်”ဖြစ်သည်(ဧ၊၄း၁၂)။**

က။ ဧ၊၄း၁၂၌ *ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းငှာလည်းကောင်း* ဆိုသောစကားကို *အမှုတော်၏ အလုပ်ကို လုပ်ဆောင်ခြင်းငှာလည်းကောင်း* ဆိုသောစကားနှင့် အနက်တူပုဒ်နှစ်ခုအား တစ်ဆက်တည်းရေးသားထားသည်။ ယင်းမှာ အမှုတော်၏ အလုပ်သည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းဖြစ်ကြောင်း ရည်ညွှန်းသည်။

၁။ ကျွန်ုပ်တို့၏ အလုပ်သည် ဧဝံဂေလိတရားကို ဟောပြောခြင်း၊ သမ္မာတရားကို သွန်သင်ခြင်းနှင့် အစည်းအဝေးများကို တည်ဆောက်ခြင်းမျှသာ မဟုတ်ပေ။ ထိုလိုအပ်သောလှုပ်ရှားလုပ်ဆောင်မှုများအားလုံးသည် ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် ဖြစ်သည် (မာ၊၁၆း၁၅၊ ၂၀။ ဧ၊၄း၁၂၊ ၁၆)။

၂။ ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် မဟုတ်သော မည်သည့်လှုပ်ရှားလုပ်ဆောင်မှုမဆို ကွဲပြားခြင်းအလုပ်ဖြစ်ပြီး၊ ယင်းသည် အမှုတော်၏ အလုပ်အတွက်လည်းမဟုတ်ပေ။

၃။ အမှုတော်၏ အလုပ်၌ ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းတည်းဟူသော ပန်းတိုင်တစ်ခုတည်းသာ ရှိသည် (အငယ်၊၁၆)။

ခ။ အငယ်၊၁၁၌ ဆုကျေးဇူးခံရသောသူများတွင် တစ်ခုတည်းသောအမှုတော်သာရှိပြီး၊ ယင်းမှာ အသင်းတော်တည်းဟူသော ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် ခရစ်တော်ကို အမှုဆောင်ရန်ဖြစ်သည်။ ဤအရာသည် ဓမ္မသစ်စီမံကိန်း၌ရှိသည့်တုန္နိုင်းရာမဲ့သောအမှုတော်ဖြစ်သည် (၂ကော၊၄း၁။ ၁တိ၊၁း၁၂)။

၁။ ခေတ်ကာလများတစ်လျှောက် ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် သခင်ဘုရားကို အစေခံပြီး၊ ခရစ်တော်ကို အမှုဆောင်သူများ အားလုံး၌ မတူညီသောအမှုတော်များရှိခဲ့ကြသည်။ ယင်းတို့သည် တုနှိုင်းရာမဲ့သောဓမ္မသစ်အမှုတော်၏ အစိတ်အပိုင်းများဖြစ်ကြသည် (၂ကော၊၄း၁။ ၂တိ၊၄း၅၊ ၁၁)။

၂။ ကိုယ်ခန္ဓာတော်ကို တစ်ခုတည်းသောအမှုတော်၊ တုနှိုင်းရာမဲ့သောဓမ္မသစ်အမှုတော်အားဖြင့် တည်ဆောက်ခြင်းဖြစ်သည် (၂ကော၊၄း၁။ ဧ၊၄း၁၂)။

၃။ မည်သည့်ဆုကျေးဇူးခံရသောသူမဆို၊ အမှုတော်၏ အလုပ်ကို လုပ်ဆောင်ရာတွင် ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက်ဖြစ်ရပေမည် (အငယ်၊၁၂၊ ၁၆)။

*Day 2*

ဂ။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ရန် အမှုတော်၏ အလုပ်ကို ဆုကျေးဇူးခံရသောသူများ အားဖြင့် တိုက်ရိုက်ပြီးမြောက်စေခြင်းမဟုတ်ပဲ၊ ထိုဆုကျေးဇူးခံရသောသူများ အားဖြင့် စုံလင်လာသောသန့်ရှင်းသူများက ပြီးမြောက်စေခြင်းဖြစ်သည် (အငယ်၊၁၁– ၁၂၊ ၁၆)။

၁။ အမှုတော်၏ အလုပ်သည် စုံလင်သောသူများနှင့် စုံလင်ခံရသောသူများ နှစ်ခုလုံးဖြစ်သည် (အငယ်၊၁၁–၁၂)။

၂။ ဆုကျေးဇူးခံရသောသူများသည် သန့်ရှင်းသူများကို အသက်၌ကြီးထွားခြင်းအတွက် အသက်မစရာနှင့်အတူ အသက်ပင်အားဖြင့် သူတို့ကို ကျွေးမွေးကာ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်းတွင် အမှုတော်၏ အလုပ်သို့ စုံလင်စေခြင်းဖြစ်သည် (ကမ္ဘာ၊၂း၉။ ၁ကော၊၃း၂၊ ၆)။

၃။ စုံလင်စေရန်အလို့ငှာ ကျွန်ုပ်တို့သည် အသက်နှင့် လှုပ်ရှားလုပ်ဆောင်မှုကို အလေးထားရန်လိုအပ်သည်။ စုံလင်စေရန်၊ ပြည့်စုံရန်၊ ပြင်ဆင်ရန်နှင့် ဖြည့်ဆည်းရန်တို့အတွက် နည်းလမ်းမှာ အသက်၌ကြီးထွားခြင်းနှင့် လှုပ်ရှားလုပ်ဆောင်မှု၌ ကျွမ်းကျင်လိမ္မာလာခြင်းဖြစ်သည် (ဧ၊၄း၁၁–၁၆)။

*Day 3*

**II. ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ရန် အမှုတော်၏ အလုပ်ကို လုပ်ဆောင်ခြင်းတွင် ကျွန်ုပ်တို့သည် "ယုံကြည်ခြင်းနှင့်**

**ဘုရားသခင်၏သားတော်ကို ပြည့်ဝစွာသိကျွမ်းခြင်း၏တစ်လုံးတစ်ဝဖြစ်ခြင်းသို့ရောက်၍၊ ခရစ်တော်၏ပြည့်ဝပြည့်စုံခြင်းပမာဏအရပ်တည်းဟူသော ကြီးရင့်သောလူအဖြစ်သို့ ရောက်ကြရန်'' လိုအပ်သည် (အငယ်၊၁၃)။**

က။ ခရစ်တော်၌ယုံကြည်သူများဖြစ်သော ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏ တစ်လုံးတစ်ဝဖြစ်ခြင်း၊ စစ်မှန်ခြင်း၏ တစ်လုံးတစ်ဝဖြစ်ခြင်းအထဲ၌ မွေးဖွားခံရကြသည်။ ယခု ကျွန်ုပ်တို့သည် လက်တွေ့ကျခြင်း၌ရှိသော ကျွန်ုပ်တို့အသက်ရှင်ခြင်း၏ တစ်လုံးတစ်ဝဖြစ်ခြင်း၊ လက်တွေ့ကျကျ တစ်လုံးတစ်ဝဖြစ်ခြင်းသို့ရောက်သည့်တိုင်အောင် ဆက်လက်သွားဖို့ လိုအပ်သည် (ယော၊၁း၆။ ၁၄း၃၊ ၁၃)။

ခ။ အငယ်၊၁၃၌ *ရောက်ကြသည့်* ဆိုသောစကားမှာ အဆင့်ဆင့်ဖြစ်လာခြင်း(ဖြစ်စဉ်)သည် ကျွန်ုပ်တို့အား လက်တွေ့ကျကျတစ်လုံးတစ်ဝဖြစ်ခြင်းသို့ ရောက်ရှိရန် တောင်းဆိုကြောင်း ညွှန်ပြသည်။ စစ်မှန်ခြင်း၏ တစ်လုံးတစ်ဝဖြစ်ခြင်းသည် စတင်ခြင်းဖြစ်ပြီး၊ လက်တွေ့ကျကျ တစ်လုံးတစ်ဝဖြစ်ခြင်းသည် ခရီးပန်းတိုင်ဖြစ်သည်။

ဂ။ လက်တွေ့ကျကျတစ်လုံးတစ်ဝဖြစ်ခြင်းသည် ယုံကြည်ခြင်း၏ တစ်လုံးတစ်ဝဖြစ်ခြင်းဖြစ်သည် (အငယ်၊၁၃)။

၁။ *ယုံကြည်ခြင်း* သည် ကျွန်ုပ်တို့ယုံကြည်ခြင်း၏ လုပ်ဆောင်မှုကို ရည်ညွှန်းခြင်းမဟုတ်ဘဲ၊ ကျွန်ုပ်တို့ယုံကြည်သောခရစ်တော်၏ ဘုရားဆိုင်ရာပုဂ္ဂိုလ်တော်မြတ်နှင့် ကျွန်ုပ်တို့ကယ်တင်ခြင်းအတွက် ပြီးမြောက်ခဲ့သော သူ၏ ရွေးနုတ်ခြင်းဆိုင်ရာအလုပ်ကဲ့သို့သောအရာများကို ရည်ညွှန်းခြင်းဖြစ်သည် (၁တိ၊၁း၁၉။ ၆း၁၀၊ ၁၂၊ ၂၁။ ယု၊၃)။

၂။ အသင်းတော်၏ အထူးဖြစ်ခြင်းမှာ *ယုံကြည်ခြင်း* ဖြစ်သည်။ အသင်းတော်အသက်တာ၌ ကျွန်ုပ်တို့တွင် *ယုံကြည်ခြင်း* တည်းဟူသော အထူးဖြစ်သည့်အရာတစ်ခုတည်းသာ ရှိသည်။ ယုံကြည်ခြင်းကို သမ္မာကျမ်းစာ၊ ဘုရားသခင်၊ ခရစ်တော်၊ ခရစ်တော်၏ အလုပ်၊ ကယ်တင်ခြင်း၊ အသင်းတော်တို့နှင့်စပ်လျဉ်းသော ကျွန်ုပ်တို့၏ ယုံကြည်ချက်များဖြင့် ပေါင်းစပ်ဖွဲ့စည်းထား

ခြင်းဖြစ်သည် (အငယ်၊ ၂၀)။

ဃ။ လက်တွေ့ကျကျတစ်လုံးတစ်ဝဖြစ်ခြင်းသည် ဘုရားသခင်၏ သားတော်ကို ပြည့်ဝစွာသိကျွမ်းခြင်း၏ တစ်လုံးတစ်ဝဖြစ်ခြင်းလည်းဖြစ်သည် (ဧ၊၄း၁၃)။

၁။ ဘုရားသခင်၏ သားတော်ကို ပြည့်ဝစွာသိကျွမ်းခြင်းသည် ဘုရားသခင်၏ သားတော်နှင့်စပ်လျဉ်းသော ဖွင့်ပြခြင်းများကို ကျွန်ုပ်တို့၏ အတွေ့အကြုံထဲ၌ သိမြင်နားလည်ခြင်းဖြစ်သည် (မ၊၁၆း၁၆)။

**Day 4**

၂။ ယုံကြည်ခြင်း၏ တစ်လုံးတစ်ဝဖြစ်ခြင်းသည် ဘုရားသခင်၏ သားတော်ကို ပြည့်ဝစွာသိကျွမ်းခြင်းအပေါ် လုံးလုံးလျားလျားမူတည်နေခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကို အလယ်ဗဟိုအဖြစ် ယူဆောင်ပြီး၊ ကိုယ်တော့်အပေါ် အာရုံစူးစိုက်သောအခါ၊ ယုံကြည်ခြင်း၏ တစ်လုံးတစ်ဝဖြစ်ခြင်းသို့ ကျွန်ုပ်တို့ရောက်ရှိနိုင်သည်။ အကြောင်းမှာ ဘုရားသခင်၏ သားတော်၌ရှိခြင်းသာ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို တစ်လုံးတစ်ဝတည်းဖြစ်စေနိုင်သည် (ယော၊ ၂၀း၃၁။ ဂလ၊၁း၁၅–၁၆။ ၂း ၂၀။ ၄း၄၊ ၆။ ၁ကော၊ ၂း ၂)။

င။ ကျွန်ုပ်တို့သည် လက်တွေ့ကျကျတစ်လုံးတစ်ဝဖြစ်ခြင်းသို့ ရောက်ရှိမည်ဆိုပါက၊ မေတ္တာ၌ သမ္မာတရားကို ကိုင်စွဲထားရန် လိုအပ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် ဦးခေါင်းတော်တည်းဟူသော ခရစ်တော်အထဲသို့ အရာခပ်သိမ်း၌ ကြီးထွားနိုင်မည်ဖြစ်သည် (ဧ၊၄း၁၅)။

စ။ ယုံကြည်ခြင်းနှင့် ဘုရားသခင်၏ သားတော်ကို ပြည့်ဝစွာသိကျွမ်းခြင်း၏ တစ်လုံးတစ်ဝဖြစ်ခြင်းသည် ခရစ်တော်၏ ပြည့်စုံသောပမာဏအတိုင်းအတာနှင့် ကြီးရင့်သောလူ–နှစ်ခုလုံးဖြစ်သည် (အငယ်၊၁၃)။

၁။ ယုံကြည်ခြင်းနှင့် ဘုရားသခင်၏ သားတော်ကို ပြည့်ဝစွာသိကျွမ်းခြင်း၏ တစ်လုံးတစ်ဝဖြစ်ခြင်းသို့ ရောက်ရှိခြင်းသည် ကြီးရင့်သော လူအဖြစ်နှင့် ခရစ်တော်၏ ပြည့်စုံသောပမာဏအရပ်သို့ ရောက်ရှိခြင်းဖြစ်သည်။ ဤအတွက်ကြောင့် ကျွန်ုပ်တို့သည် ဘုရားအသက်၌ ကြီးထွားရန် လိုအပ်သည် (အငယ်၊၁၃–၁၅)။

၂။ ကြီးရင့်သောလူဆိုသည်မှာ ရင့်ကျက်သောလူဖြစ်သည်။ လက်တွေ့ကျကျ တစ်လုံးတစ်ဝဖြစ်ခြင်းအတွက် ရင့်ကျက်လာခြင်းကို လိုအပ်သည်။

၃။ ခရစ်တော်၏ပြည့်ဝပြည့်စုံခြင်းသည် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်ပြီး၊ ယင်း၌ အတိုင်းအတာပမာဏရှိသည် (၁း၂၃။ ၄း၁၃)။

*Day 5* **III. ဧ၄း၁၇–၃၂သည် ခရစ်တော်၏ကိုယ်ခန္ဓာတော်ကိုတည်ဆောက်ရန် အမှုတော်၏အလုပ်ကို သယ်ဆောင်နိုင်သောအသက်တာ၏ ရုပ်ပုံကားချပ်ကို ဖော်ပြသည်။**

က။ ဧ၄း၁၅၌ ကျွန်ုပ်တို့သည် အရာခပ်သိမ်း၌ ခရစ်တော်အထဲသို့ ကြီးထွားရန် လိုအပ်ကြောင်း ပြောဆိုထားသည်။ အခန်း၊၄၏ ကျန်သောအပိုင်းမှာ ခရစ်တော်၌ရှိသောကြီးထွားခြင်းအသက်တာ၏ အသေးစိတ်ဖော်ပြချက်များသည် ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအတွက် သင့်တော်၊ လုံလောက်ကြောင်း ဖွင့်ပြထားခြင်းဖြစ်သည်။

ခ။ ဧ၄း၁၇–၃၂၌ ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် ယုံကြည်သူများ၏ အသက်ရှင်ခြင်းတွင်ရှိသော သုံးပါးတစ်ပါးဖြစ်ခြင်း၏ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်းကို ဖွင့်ပြသော ကျမ်းပိုဒ်သုံးပိုဒ်ရှိသည်။

၁။ အငယ်၊၁၈သည် ကိုယ်တော်၏ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးပေးခြင်းတွင် ဘုရားဆိုင်ရာကြွယ်ဝခြင်းများနှင့်အတူ သူ၏သားသမီးများကို မစထောက်ပင့်ခြင်းအတွက်ဖြစ်သော ဘုရားသခင်၏ အသက်ကို ပြောပြထားသည်။

၂။ အငယ်၊၂၁သည် ကိုယ်တော်၏ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးပေးခြင်းတွင် ကိုယ်တော်၏ ဘုရား–လူအသက်ရှင်ခြင်းနှင့်အတူ ယုံကြည်သူများကို ဖြည့်ပေးခြင်းအတွက် "ယေရှု၌ရှိသော စစ်မှန်ခြင်း"တည်းဟူသော ခရစ်တော်၌သင်ယူခြင်းကို ပြောပြထားသည်။

(က) ယေရှုသည် အရာခပ်သိမ်းကို လုပ်ဆောင်ရာတွင် ဘုရား၌၊ ဘုရားနှင့်အတူ ဘုရားအတွက်သာ အသက်ရှင်ခဲ့

သည်။ ဘုရားသခင်သည် သူ၏အသက်ရှင်ခြင်း၌ရှိနေ
ပြီး၊ သူသည်လည်း ဘုရားနှင့်အတူရှိနေသည်။ ယင်းမှာ
အငယ်၊ ၂၁၌ *ယေရှု၌ စစ်မှန်ခြင်းရှိသည်* ဟု ဆိုလိုသော
အရာဖြစ်သည်။

(ခ) ယေရှု၏နေ့စဉ်အသက်တာတွင် အလွန်စစ်မှန်သော တစ်
စုံတစ်ရာရှိခဲ့သည်။ ထိုစစ်မှန်ခြင်းမှာ ယေရှု၏ လူသား
ဇာတိ၌ရှိသော အမှန်တရားအဖြစ် ဘုရားသခင်၏ ဘုရား
ဆိုင်ရာအသက်ကို နားလည်သိရှိစေခြင်းနှင့် လက်တွေ့
လုပ်ဆောင်ခြင်းဖြစ်သည်။

***Day 6***

၃။ အငယ်၊ ၃၀သည် ကိုယ်တော်၏ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးပေး
ခြင်းတွင် ဘုရားဆိုင်ရာဒြပ်သဘာဝနှင့်အတူ ခရစ်တော်၏ ခန္ဓာ
ဝင်များကို ပျော်ဝင်ပြည့်ဝစေခြင်းအတွက် သန့်ရှင်းသော
ဝိညာဉ်တော်၏ တံဆိပ်ခတ်ခြင်းကို ပြောပြထားသည်။ ခရစ်
တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် ကျွန်ုပ်တို့
သည် သန့်ရှင်းသောဝိညာဉ်တော်ကို ဝမ်းမနည်းစေသင့်ဘဲ၊
ဝိညာဉ်တော်ကို အမြဲပျော်ရွှင်စေရပေမည်။

ဂ။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် ကျွန်ုပ်တို့
သည် ကျွန်ုပ်တို့အသိဉာဏ်၏ ဝိညာဉ်၌ အသစ်ပြုပြင်ခြင်းခံရန် လို
အပ်သည်။ ယင်းမှာ ကျွန်ုပ်တို့၏ အသစ်မွေးဖွားလာသောဝိညာဉ်
သည် အတွင်း၌ ကိန်းဝပ်နေသောဘုရားသခင်၏ ဝိညာဉ်တော်နှင့် ရော
နှောပေါင်းစည်းနေခြင်းဖြစ်သည်။ ထိုရောနှောပေါင်းစည်းနေသော
ဝိညာဉ်သည် ကျွန်ုပ်တို့၏ အသိဉာဏ်အထဲ၌ပျံ့နှံ့ခြင်းဖြင့် ကျွန်ုပ်တို့
အသိဉာဏ်၏ ဝိညာဉ်ဖြစ်လာကာ၊ ယင်းဝိညာဉ်၌ ကျွန်ုပ်တို့၏ ပုံသဏ္ဌာန်
ပြောင်းလဲခြင်းအတွက် အသစ်ပြုပြင်ခံရသည် (အငယ်၊ ၂၃။ ရော၊
၁၂း၂)။

ဃ။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်သောအသက်တာသည်
ခွင့်လွှတ်တတ်သောအသက်တာလည်း ဖြစ်သည်။ ခရစ်တော်၏ ကိုယ်
ခန္ဓာတော်ကို တည်ဆောက်ရန် အမှုတော်၏ အလုပ်ကို လုပ်ဆောင်
ခြင်းငှာ ဘုရားသခင်သည် ခရစ်တော်၌ ကျွန်ုပ်တို့ကို အပြစ်ခွင့်လွှတ်

သကဲ့သို့၊ ကျွန်ုပ်တို့သည် သူတစ်ပါးကို ခွင့်လွှတ်ရန်လိုအပ်သည် (ဧ၊၄း ၃၂)။

င။ ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်း၊ အမှုတော်၏ အလုပ်အတွက် အရည်အချင်းပြည့်မီသောအသက်တာဖြင့် အသက်ရှင်မည့်အကြောင်း ဆုတောင်းရန်လိုအပ်သည် (အငယ်၊ ၁၁–၃၂)။

## *နံနက်ခင်းကျွေးမွေးခြင်း*

**ဧ၊၄း ၁၁–၁၂ ကိုယ်တော်ကိုယ်တိုင်သည် အချို့တို့ကို တမန်တော်များအဖြစ်လည်းကောင်း၊ အချို့တို့ကို ပရောဖက်များအဖြစ်လည်းကောင်း၊ အချို့တို့ကို ဧဝံဂေလိဟောပြောသောသူများအဖြစ်လည်းကောင်း၊ အချို့တို့ကို ထိန်းကျောင်းသောသူများနှင့် သွန်သင်သောသူများအဖြစ်လည်းကောင်း၊ ပေးထားခြင်းမှာ၊ သန့်ရှင်းသူတို့သည် အမှုတော်၏ အလုပ်ကို လုပ်ဆောင်ခြင်းငှာလည်းကောင်း၊ ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းငှာလည်းကောင်း၊ စုံလင်ခြင်းရှိကြမည့် အကြောင်းတည်း။**

ကျွန်ုပ်တို့သည် ဤနေရာ၌ သန့်ရှင်းသူများကို အမှုတော်၏ အလုပ်ထဲသို့ စုံလင်စေခြင်းဖြစ်သည်။ အမှုတော်၏ အလုပ်သည် ဧဝံဂေလိတရားကို ဟောပြောခြင်း၊ သမ္မာတရားကို သွန်သင်ခြင်း သို့မဟုတ် အစည်းအဝေးများကို တည်ဆောက်ခြင်းမျှသာမဟုတ်ပေ။ အမှုတော်၏ အလုပ်သည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ရန်ဖြစ်သည်။ ဂရိသဒ္ဒါအရ၊ အမှုတော်၏ အလုပ်နှင့် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်း– အနက်တူပုဒ်နှစ်ခုကို *ငှာလည်းကောင်း* ဟူသော စကားလုံးဖြင့် နှစ်ကြိမ်အသုံးပြုထားသည် (ဧ၊၄း၁၁–၁၂)။ ယင်းမှာ အမှုတော်၏ အလုပ်နှင့် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းသည် မတူညီသောအကြောင်းအရာနှစ်ခုမဟုတ်ဘဲ၊ တစ်ခုတည်းသောအကြောင်းအရာကို နည်းလမ်းနှစ်ခုဖြင့် ပြောဆိုထားခြင်းဖြစ်သည်။ ထို့ကြောင့် အမှုတော်၏ အလုပ်ကို လုပ်ဆောင်ခြင်းငှာလည်းကောင်းနှင့် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းငှာလည်းကောင်းသည် တူညီသည်။ (*Christ in His Excellency,* p. 69)

## *ယနေ့ဖတ်စရာ*

ကျွန်ုပ်တို့၏ အလုပ်သည် ဧဝံဂေလိတရားကို ဟောပြောခြင်း၊ အစည်းအဝေးများကိုတည်ဆောက်ခြင်း သို့မဟုတ် သမ္မာကျမ်းစာအကြောင်းကို လူများအား သွန်သင်ခြင်းမျှသာ မဟုတ်ပေ။ ထိုအရာအားလုံးကို ကျွန်ုပ်တို့လုပ်ဆောင်သင့်ပြီး၊ ၎င်းတို့သည် အသင်းတော်တည်းဟူသော ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက်ဖြစ်သည်။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက်မဟုတ်သော မည်

သည့်လှုပ်ရှားလုပ်ဆောင်မှုမဆို ကွဲပြားခြင်းအလုပ်ဖြစ်ပြီး၊ ယင်းသည် အမှုတော်၏ အလုပ်အတွက်လည်း မဟုတ်ပေ။ အမှုတော်၏ အလုပ်၌ အသင်းတော်တည်းဟူသော ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ရန် ပန်းတိုင်တစ်ခုတည်းသာ ရှိသည်။ (*Ch- rist in His Excellency,* p. 69)

ဧ၊၄း၁၂၌ ခရစ်တော်သည် ဆုကျေးဇူးများကို ပေးထားရခြင်းအကြောင်းရင်းအား ကျွန်ုပ်တို့တွေ့မြင်ရသည် – "သန့်ရှင်းသူတို့သည် အမှုတော်၏ အလုပ်ကို လုပ်ဆောင်ခြင်းငှာလည်းကောင်း၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းငှာလည်းကောင်း၊ စုံလင်ခြင်းရှိကြမည့်အကြောင်းတည်း"။ ဤကျမ်းပိုဒ်တွင် ဂရိစကားကို ဘာသာပြန်ဆိုထားသည့် "တည်း"ဟူသောဝေါဟာရမှာ လေးနက်ခြင်း၊ အဓိပ္ပာယ်ရှိခြင်းဖြစ်သည်။ ယင်းမှာ ခရစ်တော်သည် သန့်ရှင်းသူများကို စုံလင်စေခြင်းရည်ရွယ်ချက်အတွက် တမန်တော်များ၊ ပရောဖက်များ၊ ဧဝံဂေလိဟောပြောသောသူများ၊ ထိန်းကျောင်းသောသူများနှင့် သွန်သင်သောသူများကို ပေးခဲ့ကြောင်း ညွှန်ပြသည်။ သန့်ရှင်းသူများသည် "အမှုတော်၏ အလုပ်ကို လုပ်ဆောင်ခြင်းငှာ" စုံလင်ခံရသည်။ ဂရိစကားကို ဘာသာပြန်ဆိုထားသည့် "ငှာ"ဟူသောဝေါဟာရမှာ "အကျိုးသက်ရောက်ခြင်း"ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် သန့်ရှင်းသူများကို စုံလင်စေခြင်းသည် အမှုတော်၏ အလုပ်ကို အကျိုးသက်ရောက်စေသည်။ အငယ်၊၁၁ရှိ ဆုကျေးဇူးခံရသူများ၌ အသင်းတော်တည်းဟူသော ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် ခရစ်တော်ကို အမှုဆောင်ခြင်းဖြစ်သည့် တစ်ခုတည်းသောအမှုတော်သာ ရှိသည်။ ဤအရာသည် ဓမ္မသစ်စီမံကိန်း၌ရှိသော တုန္နိုင်းရာမဲ့သည့်အမှုတော်ဖြစ်သည် (၂ကော၊၄း၁။ ၁တိ၊၁း၁၂)။ သဒ္ဒါတည်ဆောက်ပုံအရ၊ "ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်း"သည် "အမှုတော်၏ အလုပ်"ဖြစ်သည်။ ဧ၊၄း၁၁၌ မည်သည့်ဆုကျေးဇူးခံရသောသူမဆို၊ အမှုတော်၏ အလုပ်ကိုလုပ်ဆောင်ရာတွင် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက်သာ ဖြစ်ရပေမည်။ (***Life-study of Ephesians***, pp. 323-324)

တူညီသည့်တစ်ခုတည်းသောတည်ဆောက်ခြင်းအလုပ်ကို လုပ်ဆောင်ရန် သန့်ရှင်းသူများအား စုံလင်စေသည့် ဆုကျေးဇူးခံရသူများ၏ တစ်ခုတည်းသောအမှုတော်အားဖြင့် ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းဖြစ်သည် (၄း၇–၁၆)။ ဧ၊၄း၁၂၌ ဖော်ပြထားသော အမှုတော်သည် ၂ကော၊၃၌ ပေါလုပြောဆိုသောအရာကို ရည်ညွှန်းခြင်းဖြစ်သည်။ ထိုနေရာ၌ ပေါလုက ဓမ္မဟောင်းတွင် တစ်ခုတည်းသောအမှုတော်၊ စီရင်ခြင်း၏ အမှုတော်၊ သေခြင်း၏ အမှုတော်၊ ပညတ်တရား၏ အမှုတော်သာရှိကြောင်း ပြောပြထား

သည် (အငယ်၊၇–၉)။ ဓမ္မဟောင်းခေတ်ကာလတွင် များစွာသော ယဇ်ပုရောဟိတ်များ၊ ပရောဖက်များနှင့် ဘုရင်များရှိကြပြီး၊ သူတို့အားလုံးသည် ပညတ်တရား၏ တစ်ခုတည်းသောအမှုတော်၊ သေခြင်းဆီသို့ ဦးတည်နေသော စီရင်ခြင်း၏ အမှုတော်၌ ပါဝင်နေခဲ့သည်။ ဓမ္မသစ်တွင် နောက်ထပ်ဖြစ်သောအမှုတော်၊ ကျေးဇူးတော်၏ အမှုတော်၊ ဝိညာဉ်တော်၏ အမှုတော်၊ အသက်၏ ဖြောင့်မတ်ခြင်းအမှုတော်သာရှိသည် (၂ကော၊၃း၈–၉။ ရော၊၅း၁၇၊ ၂၁)။ ခေတ်ကာလများတစ်လျှောက် ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် သခင်ဘုရားကို အစေခံပြီး၊ ခရစ်တော်ကို အမှုဆောင်သူများအားလုံး၌ မတူညီသောအမှုတော်များ ရှိကြသည်။ ယင်းတို့သည် တုနှိုင်းရာမဲ့သောဓမ္မသစ်အမှုတော်၏ အစိတ်အပိုင်းများ ဖြစ်ကြသည်။ ကိုယ်ခန္ဓာတော်သည် တစ်ခုတည်းသောအမှုတော်၊ တုနှိုင်းရာမဲ့သော ဓမ္မသစ်အမှုတော်အားဖြင့် တည်ဆောက်ခံရခြင်းဖြစ်သည်။ (*The Body of Christ*, pp. 41-42)

ထောင်ပေါင်းများစွာသော ယုံကြည်သူများသည် အလုပ်၏ များစွာသောအစိတ်အပိုင်းများအဖြစ် လုပ်ဆောင်နိုင်ကြသော်လည်း၊ အစိတ်အပိုင်းတိုင်းသည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ရန် တုနှိုင်းမဲ့သောအမှုတော်၏ တုနှိုင်းရာမရှိသည့် အလုပ်အတွက် လုပ်ဆောင်ရမည်ဖြစ်သည်။ ပေါလုသည် အသင်းတော်ကို တည်ဆောက်ခြင်းအတွက် မဟုတ်ဘဲ၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် ရည်ညွှန်းခဲ့သည်။ ပေါလုသည် လူစုလူဝေးတည်းဟူသော အသင်းတော်ကို တည်ဆောက်ခြင်းအပေါ်တွင် မဟုတ်ဘဲ၊ ရှင်သန်သောထုံးဖွဲ့မှုတည်းဟူသော ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအပေါ်တွင် အလေးထားခဲ့ခြင်းဖြစ်သည်။ သန့်ရှင်းသူများသည် ရှင်သန်သောထုံးဖွဲ့မှုတည်းဟူသော ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် အမှုတော်၏ အလုပ်သို့ စုံလင်ခံရခြင်းဖြစ်သည်။ (*The Building Up of the Body of Christ*, p. 29)

*ပို၍ဖတ်ရန်* – *Life-study of Ephesians*, msgs. 37-38; *The Building Up of the Body of Christ*, ch. 1

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

————————————————————————————

————————————————————————————

————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**၂ကော၊ ပဋိညာဉ်တရားသစ်၏ အမှုဆောင်များဖြစ်နိုင်သော အစွမ်းသတ္တိကို**
**၃း၆ ဘုရားသခင်သည် ငါတို့အား ပေးတော်မူ၏။ ထိုသို့ဆိုသော် ကျမ်း ပောင်းတရား၏ အမှုဆောင်များကို မဆိုလို၊ ဝိညာဉ်တော်၏ အမှု ဆောင်များကို ဆိုလို၏။ ကျမ်းဟောင်းတရားသည် အသက်ကို သတ်တတ်၏။ ဝိညာဉ်တော်မူကား အသက်ကိုပေး၏။**

**ဧ၊ ထိုဦးခေါင်းတော်မှ၊ အဆစ်အပိုင်းတိုင်း၏ကြွယ်ဝသောအားဖြည့်**
**၄း၁၆ ခြင်းနှင့် အင်္ဂါအသီးသီးကိုယ်ငန်းကိုယ်တာအတိုင်း လုပ်ဆောင် ခြင်းအားဖြင့် ကိုယ်ခန္ဓာတော်တစ်ခုလုံးသည် အတူတကွဆက်စပ် ထုံးဖွဲ့လျက်၊ မိမိကိုယ်ကို မေတ္တာ၌တည်ဆောက်ခြင်းငှါ၊ ကိုယ်ခန္ဓာ တော်ကို ကြီးထွားစေတတ်၏။**

ဖေက်၊၄း၁၁၌ မည်သည့်ဆုကျေးဇူးခံရသောသူမဆို၊ အမှုတော်၏ အလုပ်ကိုလုပ်ဆောင်ရာတွင် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက်သာ ဖြစ်ရပေမည်။ သို့သော်လည်း ဤတည်ဆောက်ခြင်းကို ဆုကျေးဇူးခံရသောသူများ အားဖြင့် တိုက်ရိုက်ပြီးမြောက်စေခြင်းမဟုတ်ပဲ၊ ထိုဆုကျေးဇူးခံရသောသူများအားဖြင့် စုံလင်လာသော သန့်ရှင်းသူများက ပြီးမြောက်စေခြင်းဖြစ်သည်။

အမှုတော်၏ အလုပ်သည် စုံလင်သောသူများနှင့် စုံလင်ခံရသောသူများ နှစ်ခုလုံးဖြစ်သည်။ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းသည် တမန်တော်များနှင့် ဆုကျေးဇူးခံရသူများ၏ အလုပ်ဖြစ်ရုံသာမက၊ စုံလင်ခံရသောသန့်ရှင်းသူများ အားလုံး၏ အလုပ်လည်း ဖြစ်သည်။ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်း၏ တုနှိုင်းရာမဲ့သောအလုပ်သည် အဓိကအားဖြင့် ဆုကျေးဇူးခံရသောသူများ၏ တာဝန်ရှိခြင်းသာမဟုတ်ဘဲ၊ သန့်ရှင်းသူများ အားလုံး၏ တာဝန်ရှိခြင်းလည်းဖြစ်သည်။ ဦးဆောင်သောတမန်တော်များ အပါအဝင် ဆုကျေးဇူးခံရသူများနှင့် အသေးငယ်ဆုံးသောအစိတ်အပိုင်းပင်ပါဝင်သောယုံကြည်သူများအားလုံး– နှစ်ခုလုံးသည် ကိုယ်ခန္ဓာတော်ကို တည်ဆောက်ရန် အတူတကွ လုပ်ဆောင်ကြသည်။ (*The Conclusion of the New Testament,* pp. 3420-3421)

## ယနေ့ဖတ်စရာ

ဆုကျေးဇူးခံရသောသူများသည် သန့်ရှင်းသူများကို စုံလင်စေခြင်းအတွက် ဖြစ်

သည်။ ဆုကျေးဇူးခံရသောသူများသည် သန့်ရှင်းသူများအားလုံးကို ခရစ်တော်၏ ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းတည်းဟူသော ဓမ္မသစ်အမှုတော်၏ အလုပ်ကို လုပ်ဆောင်ဖို့ တတ်စွမ်းစေနိုင်ရန်အလို့ငှာ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးပေးခြင်း၌ စုံလင်စေသည်။ ဆုကျေးဇူးခံရသောသူများသည် သန့်ရှင်းသူများကို အသက်၌ကြီးထွားခြင်းအတွက် အသက်မစရာနှင့်အတူ အသက်ပင်အားဖြင့် သူတို့ကို ကျွေးမွေးကာ စုံလင်စေခြင်းဖြစ်သည် (ကမ္ဘာ၊ ၂း၉။ ၁ကော၊ ၃း ၂၊ ၆)။ ဆုကျေးဇူးခံရသောသူများသည် သန့် ရှင်းသူများကို ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တိုက်ရိုက်တည်ဆောက်ခြင်းအတွက် သူတို့လုပ်ဆောင်သောအရာကို လုပ်ဆောင်ရန် စုံလင်စေသည်။ တမန်တော်များသည် အသင်းတော်များဆီသို့ သွားရောက်ခြင်း (တ၊ ၁၅း၃၆။ ၄၀–၄၁။ ၂၀း ၂၀၊ ၃၁)၊ အသင်းတော်များထံသို့ သြဝါဒစာများရေးသားခြင်း (ကော၊ ၄း၁၆။ ၁ကော၊ ၁း ၂)နှင့် သန့်ရှင်းသူများကို စုံလင်စေဖို့ သူတို့၏ လုပ်ဖော်ဆောင်ဘက်များကို အချို့သောနေရာများတွင် နေထိုင်ရန် တာဝန်ခွဲဝေပေးခြင်း (၁တိ၊ ၁း၃–၄။ ၃း၁၅။ တိ၊ ၁း၅)တို့အားဖြင့် သန့်ရှင်းသူများကို စုံလင်စေသည်။ ပရောဖက်များသည် လူများထံသို့ သခင်ဘုရားအတွက် ပြောဆိုရန် သွန်သင်ပေးခြင်း၊ ပုံစံနမူနာတည်ဆောက်ရန် အစည်းအဝေးများတွင် ပြောဆိုခြင်းနှင့် နံနက်ခင်းတိုင်းနိုးထသောအသက်တာနှင့် နေ့စဉ်အောင်မြင်သောအသက်တာဖြင့် ပရောဖက်ပြုသောအသက်တာကို အသက်ရှင်ရန် သန့်ရှင်းသူများအား ကူညီပေးခြင်းတို့အားဖြင့် သန့်ရှင်းသူများကို စုံလင်စေသည် (တ၊ ၁၃း၁။ ၁ကော၊ ၁၄း၃၁။ သု၊ ၄း၁၈)။ ဧဝံဂေလိဟောပြောသူများသည် သန့်ရှင်းသူများကို ဧဝံဂေလိဟောပြောသောဝိညာဉ်၌ တောက်လောင်စေရန် လှုံ့ဆော်ခြင်း၊ ဧဝံဂေလိသမ္မာတရားများကို သူတို့အား သွန်သင်ပေးခြင်း၊ ဧဝံဂေလိဟောပြောရန် သူတို့အား လေ့ကျင့်သင်ကြားပေးခြင်း၊ စီမံကိန်းဆိုင်ရာဝိညာဉ်တော်၏ တန်ခိုးကိုဝတ်ဆင်ရန် သန့်ရှင်းသူများကို ကူညီပေးခြင်းနှင့် အပြစ်သားများကို ချစ်တတ်ပြီး၊ သူတို့အတွက် ဆုတောင်းပေးခြင်းပုံစံနမူနာကို တည်ဆောက်ပေးခြင်းတို့အားဖြင့် စုံလင်စေသည် (၂တိ၊ ၄း၅)။ ထိန်းကျောင်းသွန်သင်သူများသည် ထိန်းကျောင်းခြင်း– နုငယ်သေးသောသန့်ရှင်းသူများကို ကျွေးမွေးခြင်းနှင့် ပြုစုယုယခြင်း၊ ကြီးထွားနေသောသန့်ရှင်းသူများကို သွန်သင်ပေးခြင်းတို့အားဖြင့် သန့်ရှင်းသူများကို စုံလင်စေသည် (တ၊ ၁၁း ၂၅– ၂၆။ ၁၃း၁)။ ဤစုံလင်စေသောအကျိုးရလဒ်မှာ ကျွန်ုပ်တို့ရှိသမျှသည် ယုံကြည်ခြင်းနှင့် ဘုရားသခင်၏ သားတော်ကို ပြည့်ဝစွာသိကျွမ်းခြင်း၏ တစ်လုံးတစ်ဝဖြစ်ခြင်းသို့ရောက်၍၊ ခရစ်တော်၏ ပြည့်ဝပြည့်စုံခြင်းပမာဏအရပ်တည်းဟူသောကြီးရင့်သောလူအဖြစ်သို့ ရောက်ကြလိမ့်မည်ဖြစ်သည် (ဧ၊ ၄း၁၃။ cf. ယော၊ ၁၇း ၂၃)။

စုံလင်စေရန်အလို့ငှာ ကျွန်ုပ်တို့သည် အသက်နှင့် လှုပ်ရှားလုပ်ဆောင်မှုကို အလေးထားရမည်ဖြစ်သည်။ စုံလင်စေရန်နည်းလမ်းမှာ အသက်၌ကြီးထွားခြင်းနှင့် လှုပ်ရှားလုပ်ဆောင်မှု၌ ကျွမ်းကျင်လိမ္မာလာခြင်းဖြစ်သည်။ ဧ၄း၁၂၌ ဂရိစကားကို ဘာသာပြန်ဆိုထားသည့် "စုံလင်စေခြင်း" သည် ပြည့်စုံစေခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်ဆည်းခြင်းဟု အဓိပ္ပာယ်ရသည်။ သန့်ရှင်းသူကို စုံလင်စေခြင်းသည် သူ့ကို ပြည့်စုံခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်ဆည်းခြင်းဖြစ်သည်။ အသက်၌ကြီးထွားခြင်းတစ်ခုသာ ကျွန်ုပ်တို့ကို စုံလင်စေနိုင်သည်။ ကျွန်ုပ်တို့မရင့်ကျက်မချင်း၊ ကျွန်ုပ်တို့စုံလင်မည်မဟုတ်ပါ။ ဝိညာဉ်စကားပြောရလျှင်၊ ကျွန်ုပ်တို့သည် နုငယ်(မရင့်ကျက်)သေးသရွေ့၊ စုံလင်မည် မဟုတ်ပေ။ မိခင်များသည် သူတို့၏ကလေးများကို ကျွေးမွေးခြင်းအားဖြင့် စုံလင်စေသည်။ ထို့အပြင် မိဘများသည် သူတို့၏ကလေးများကို မည်သို့ပြောဆို ပြုမူရန် လေ့ကျင့်သင်ကြားပေးခြင်းအားဖြင့် ပြင်ဆင်ပေးသည်၊ ဖြည့်ဆည်းပေးကြသည်။ ထို့ကြောင့် ကလေးများသည် ကျွေးမွေးခြင်းနှင့် လေ့ကျင့်သင်ကြားခြင်းအားဖြင့် စုံလင်ခံရသည်။ ဤအရာသည် ဘုရားသခင်၏ စီမံကိန်းအတိုင်း သန့်ရှင်းသူများကို စုံလင်စေခြင်းနှင့်စပ်လျဉ်း၍ မှန်ကန်သည်။ သန့်ရှင်းသူများသည် ဘုရားအသက်၌ကြီးထွားဖို့ ကျွေးမွေးခြင်းခံရရန်နှင့် သင့်လျော်မှန်ကန်သောကျွမ်းကျင်မှုနှင့်အတူ လှုပ်ရှားလုပ်ဆောင်ဖို့ လေ့ကျင့်သင်ကြားခံရရန် လိုအပ်သည်။ ကျွန်ုပ်တို့အားလုံးသည် "သခင်ဘုရား၊ စုံလင်ခံရရန် ကျွန်ုပ်ကို အလိုဆန္ဒရှိစေပါ၊ အဆင်သင့်ရှိစေပါ။ ကျွန်ုပ်သည် တမန်တော်များ၊ ပရောဖက်များ၊ ဧဝံဂေလိဟောပြောသောသူများ၊ ထိန်းကျောင်းသောသူများနှင့် သွန်သင်သောသူများထံမှ စုံလင်စေခြင်းကို ရရှိရန် အလိုဆန္ဒရှိပါသည်" ဟု ဆုတောင်းရပေမည်။ (*The Conclusion of the New Testament*, pp. 3421-3422)

*ပို၍ဖတ်ရန် – The Conclusion of the New Testament,*msg. 340, *The Building Up of the Body of Christ,* ch. 2

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ______________________

______________________________________________

______________________________________________

______________________________________________

______________________________________________

______________________________________________

## နံနက်ခင်းကျွေးမွေးခြင်း

**ဧ၊ ငြိမ်သက်ခြင်း၏ပေါင်းစည်းချည်နှောင်ခြင်း၌ ဝိညာဉ်တော်၏တစ်လုံး**
**၄း၃ တစ်ဝဖြစ်ခြင်းကိုစောင့်ထိန်းရန် ဇွဲလုံ့လရှိကြလော့။**
**၁၃ ငါတို့ရှိသမျှသည် ယုံကြည်ခြင်းနှင့် ဘုရားသခင်၏သားတော်ကို ပြည့်ဝစွာသိကျွမ်းခြင်း၏တစ်လုံးတစ်ဝဖြစ်ခြင်းသို့ရောက်၍၊ ခရစ်တော်၏ပြည့်ဝပြည့်စုံခြင်းပမာဏအရပ်တည်းဟူသော ကြီးရင့်သောလူအဖြစ်သို့ ရောက်ကြသည့်တိုင်အောင်ဖြစ်သတည်း။**

ကျွန်ုပ်တို့သည် စစ်မှန်ခြင်း၌ရှိသော တစ်လုံးတစ်ဝဖြစ်ခြင်းသို့ မွေးဖွားခံရကြသည်။ ထို့နောက် ကျွန်ုပ်တို့သည် လက်တွေ့ကျခြင်း၌ရှိသော တစ်လုံးတစ်ဝဖြစ်ခြင်းသို့ ရောက်ရှိရန် လိုအပ်သည်။ စစ်မှန်ခြင်း၌ရှိသော တစ်လုံးတစ်ဝဖြစ်ခြင်းမှနေ၍ လက်တွေ့ကျခြင်း၌ရှိသော တစ်လုံးတစ်ဝဖြစ်ခြင်းသို့ ရောက်ရှိရန် အဆင့်ဆင့်ဖြစ်ခြင်း(ဖြစ်စဉ်)ကို လိုအပ်သည် (ဧ၊၄း၁၂–၁၆)။ လက်တွေ့ကျခြင်း၌ရှိသော တစ်လုံးတစ်ဝဖြစ်ခြင်းသို့ ပြည့်ဝစွာရောက်ရှိရန် ကျွန်ုပ်တို့သည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် ဓမ္မသစ်အမှုတော်၏ အလုပ်ကို လုပ်ဆောင်ခြင်းငှာ ဆုကျေးဇူးများ အားဖြင့် စုံလင်ခံရရန် လိုအပ်သည် (အငယ်၊၁၂)။ (*The Intrinsic View of the Body of Christ,* p. 93)

## ယနေ့ဖတ်စရာ

ဖေက်၊၄း၁၃၌ ဂရိစကားကို ဘာသာပြန်ဆိုထားသော "ရောက်ရှိခြင်း" ကို "အခြေအနေတစ်ခုခုသို့ ကျရောက်ခြင်း" ဟုလည်း ပြန်ဆိုနိုင်သည်။ ယင်းမှာ အဆင့်ဆင့်ဖြစ်လာခြင်း(ဖြစ်စဉ်)သည် ကျွန်ုပ်တို့အား လက်တွေ့ကျကျတစ်လုံးတစ်ဝဖြစ်ခြင်းအထိ ရောက်ရှိလာရန် သို့မဟုတ် အခြေအနေတစ်ခုခုသို့ ကျရောက်ရန် တောင်းဆိုကြောင်း ညွှန်ပြသည်။ အငယ်၊၃၌ ဝိညာဉ်တော်၏တစ်လုံးတစ်ဝဖြစ်ခြင်းဆိုသည်မှာ ဘုရားအသက်၌ အမှန်တကယ် တစ်လုံးတစ်ဝဖြစ်ခြင်းဖြစ်သည်။ အငယ်၊၁၃၌ တစ်လုံးတစ်ဝဖြစ်ခြင်းမှာ လက်တွေ့ကျခြင်း၌ ကျွန်ုပ်တို့အသက်ရှင်ခြင်း၏ တစ်လုံးတစ်ဝဖြစ်ခြင်းကို ဆိုလိုသည်။ စစ်မှန်ခြင်း၌ရှိသော ဘုရားအသက်၏ တစ်လုံးတစ်ဝဖြစ်ခြင်းသည် ကျွန်ုပ်တို့၌ ရှိပြီးသားဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုအရာကို ထိန်းသိမ်းထားရန် လိုအပ်သည်။ သို့သော် လက်တွေ့ကျခြင်း၌ရှိသော ကျွန်ုပ်တို့အသက်ရှင်ခြင်း၏ တစ်လုံးတစ်ဝဖြစ်ခြင်းအထိ ရောက်ရှိရန် ဆက်လက်သွားဖို့ လိုအပ်သည်။ ဤတစ်လုံးတစ်ဝဖြစ်ခြင်း၏ သွင်ပြင်၌ အချက်

(၂)ချက်ရှိသည်– ယုံကြည်ခြင်းနှင့် ဘုရားသခင်၏ သားတော်ကို ပြည့်ဝစွာသိကျွမ်းခြင်းတို့ဖြစ်သည်။ ယုံကြည်ခြင်းသည် ကျွန်ုပ်တို့ယုံကြည်ခြင်း၏ လုပ်ဆောင်မှုကို မရည်ညွှန်းဘဲ၊ ကျွန်ုပ်တို့ယုံကြည်သော ခရစ်တော်၏ ဘုရားဆိုင်ရာပုဂ္ဂိုလ်တော်မြတ်နှင့် ကျွန်ုပ်တို့ကယ်တင်ခြင်းအတွက် ပြီးမြောက်ခဲ့သော သူ၏ ရွေးနုတ်ခြင်းဆိုင်ရာအလုပ်ကဲ့သို့သောအရာများကို ရည်ညွှန်းသည်။ ဘုရားသခင်၏ သားတော်ကိုပြည့်စုံစွာသိကျွမ်းခြင်းဆိုသည်မှာ ဘုရားသခင်၏ သားတော်နှင့်စပ်လျဉ်းသောဖွင့်ပြခြင်းများကို ကျွန်ုပ်တို့၏ အတွေ့အကြုံထဲ၌ သိမြင်နားလည်ခြင်းဖြစ်သည်။ ဘုရားသခင်၏ သားတော်ဆိုသည်မှာ ကျွန်ုပ်တို့အတွက် အသက်ဖြစ်သော သခင်ဘုရား၏ ပုဂ္ဂိုလ်တော်မြတ်ကို ရည်ညွှန်းကာ၊ ဤနေရာ၌ ခရစ်တော်ဆိုသည်မှာ ကျွန်ုပ်တို့အတွက် အသက်ကို အမှုဆောင်ရန် ကိုယ်တော်၏ လွှဲအပ်စေခိုင်းခြင်းကို ရည်ညွှန်းသည်။ သို့မှသာ ခန္ဓာဝင်များဖြစ်သော ကျွန်ုပ်တို့၌ လှုပ်ရှားလုပ်ဆောင်မှုအတွက် ဆုကျေးဇူးများ ရှိနိုင်ပေမည်။ ကျွန်ုပ်တို့သည် အသက်၌ ပို၍ကြီးထွားလာလေလေ၊ ခရစ်တော်ကိုသိမြင်နားလည်ခြင်းနှင့် ယုံကြည်ခြင်းကို ပို၍ ခွဲခြားတတ်လာလေလေဖြစ်သည့်အပြင်၊ ကွဲပြားခြင်းကိုဖြစ်စေမည့်ဩဝါဒများနှင့်စပ်လျဉ်းသောအရာအားလုံးကို ပို၍ စွန့်ပစ်လေလေဖြစ်သည်။ ထို့နောက်မှ ကျွန်ုပ်တို့သည် လက်တွေ့ကျကျတစ်လုံးတစ်ဝဖြစ်ခြင်းသို့ ရောက်ရှိလာမည်ဖြစ်ပြီး၊ ဤသို့ဖြင့် ခရစ်တော်၏ ပြည့်ဝပြည့်စုံသောပမာဏအတိုင်း၊ ကြီးရင့်သောလူအဖြစ်သို့ ကျွန်ုပ်တို့ရောက်ရှိလာမည်ဖြစ်သည်။

စစ်မှန်ခြင်း၏ တစ်လုံးတစ်ဝဖြစ်ခြင်းနှင့် လက်တွေ့ကျကျတစ်လုံးတစ်ဝဖြစ်ခြင်းအကြားတွင် အကွာအဝေးရှိသည်။ ဤအကြောင်းကြောင့် လက်တွေ့ကျကျတစ်လုံးတစ်ဝဖြစ်ခြင်းသို့ “ရောက်ရှိရန်” လိုအပ်ရခြင်းဖြစ်သည်။ ဝိညာဉ်တော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းသည် စတင်ခြင်းဖြစ်ပြီး၊ ယုံကြည်ခြင်းနှင့် ဘုရားသခင်၏ သားတော်ကို ပြည့်ဝစွာသိကျွမ်းခြင်း၏ တစ်လုံးတစ်ဝဖြစ်ခြင်းသည် ခရီးပန်းတိုင်ဖြစ်သည်။ ယင်းမှာ ကျွန်ုပ်တို့သည် ဝိညာဉ်တော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းမှနေ၍ ယုံကြည်ခြင်းနှင့် ဘုရားသခင်၏ သားတော်ကို ပြည့်ဝစွာသိကျွမ်းခြင်း၏ တစ်လုံးတစ်ဝဖြစ်ခြင်းသို့ ခရီးသွားရမည်ကို ညွှန်ပြခြင်းဖြစ်သည်။ တစ်နည်းဆိုသော်၊ ကျွန်ုပ်တို့သည် စစ်မှန်ခြင်း၏ တစ်လုံးတစ်ဝဖြစ်ခြင်းမှနေ၍ လက်တွေ့ကျကျတစ်လုံးတစ်ဝဖြစ်ခြင်းသို့ ရောက်သည့်တိုင်အောင် ခရီးသွားရပေမည်။ (*Life-study of Ephesians*, pp. 366-367)

အသင်းတော်အသက်တာ၏ အထူးဖြစ်ခြင်းသည် *ယုံကြည်ခြင်း* ဖြစ်သည်။ ဓမ္မသစ်ကျမ်း၌ *ယုံကြည်ခြင်း* ဆိုသောဝေါဟာရကို မတူညီသောအဓိပ္ပာယ်နှစ်ခုဖြင့် အသုံး

ပြုထားသည်။ ပထမဦးစွာ ၎င်းသည် ယုံကြည်ခြင်း၏ လှုပ်ရှားလုပ်ဆောင်မှုကို ဆိုလိုသည် (ရော၊၅း၁။ ဧ၊၂း၈။ ဟေဗြဲ၊၁၁း၁)။ ကျွန်ုပ်တို့သည် သခင်ယေရှု၌ယုံကြည်ခြင်းရှိပြီး၊ ဤအရာသည် ယုံကြည်ခြင်း၏ လှုပ်ရှားလုပ်ဆောင်မှု ဖြစ်သည်။ ယင်းမှာ ယုံကြည်ခြင်းဆိုသောဝေါဟာရ၏ အတွင်းပိုင်းကျသောအဓိပ္ပာယ်ဖြစ်သည်။ ထို့အပြင် ယုံကြည်ခြင်း၏ ဒုတိယအဓိပ္ပာယ်လည်းရှိပြီး၊ ၎င်းသည် အပြင်ပိုင်းကျသောအဓိပ္ပာယ်ဖြစ်သည်– ဤနည်းလမ်း၌ အသုံးပြုထားသော ယုံကြည်ခြင်းသည် ကျွန်ုပ်တို့ယုံကြည်သောအရာများ၊ ကျွန်ုပ်တို့ယုံကြည်ခြင်း၏ အကြောင်းအရာ၊ ကျွန်ုပ်တို့၏ ယုံကြည်ချက်ကို ရည်ညွှန်းခြင်းဖြစ်သည် (တိ၊၁း၄။ ဗျာ၊၁၄း၁၂။ ၂တိ၊၄း၇)။ အသင်းတော်အသက်တာ၏ အထူးဖြစ်ခြင်းသည် ယုံကြည်ခြင်းဖြစ်ကြောင်းကို ကျွန်ုပ်တို့ပြောဆိုသောအခါ၊ ကျွန်ုပ်တို့ဆိုလိုသော ယုံကြည်ခြင်းမှာ ကျွန်ုပ်တို့ယုံကြည်ခြင်း၏ အကြောင်းအရာဖြစ်သည်။

ယုံကြည်ခြင်းသည် တုန်ခိုင်းရာမဲ့သောတစ်စုံတစ်ရာ၊ တိတိကျကျဖြစ်သောတစ်စုံတစ်ရာနှင့် အထူးဖြစ်သောတစ်စုံတစ်ရာဖြစ်သည်။ ထို့ကြောင့် အသင်းတော်အသက်တာ၌ ကျွန်ုပ်တို့တွင် တိတိကျကျဖြစ်သော၊ အထူးဖြစ်သောအရာတစ်ခုတည်းသာ ရှိသည်။ ယင်းမှာ *ယုံကြည်ခြင်း*၊ ကျွန်ုပ်တို့၏ ခရစ်ယာန်ယုံကြည်ခြင်းဖြစ်ပြီး၊ ယုံကြည်ခြင်းကို သမ္မာကျမ်းစာ၊ ဘုရားသခင်၊ ခရစ်တော်၊ ခရစ်တော်၏ အလုပ်၊ ကယ်တင်ခြင်း၊ အသင်းတော်တို့နှင့်စပ်လျဉ်းသော ကျွန်ုပ်တို့၏ ယုံကြည်ချက်များဖြင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။ (*The Speciality, Generality, and Practicality of the Church Life*, pp. 7-8)

လက်တွေ့ကျကျတစ်လုံးတစ်ဝဖြစ်ခြင်းသည် ယုံကြည်ခြင်း၏ တစ်လုံးတစ်ဝဖြစ်ခြင်းသာမက၊ ဘုရားသခင်၏ သားတော်ကို ပြည့်ဝစွာသိကျွမ်းခြင်း၏ တစ်လုံးတစ်ဝဖြစ်ခြင်းလည်းဖြစ်သည်– အကန့်အသတ်မရှိသော ခရစ်တော်ကို ပြည့်ဝစွာ သိမြင်နားလည်ခြင်းဖြစ်သည် (ဧ၊၄း၁၃)။

ဘုရားသခင်၏ သားတော်ကို ပြည့်ဝစွာသိကျွမ်းခြင်းသည် ဘုရားသခင်၏ သားတော်နှင့်စပ်လျဉ်းသော ဖွင့်ပြခြင်းများကို ကျွန်ုပ်တို့၏ အတွေ့အကြုံထဲ၌ သိမြင်နားလည်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် အရာအားလုံးပါဝင်သောခရစ်တော်ကို တွေ့ကြုံခံစားရန် လိုအပ်နေသည်။ (*The Intrinsic View of the Body of Christ*, pp. 91-92)

*ပို၍ဖတ်ရန်* – *Life-study of Ephesians*,,msg. 43; *The Intrinsic View of the Body of Christ*, ch. 6

***အလင်းဖွင့်ပြခံရခြင်းနှင့် နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**၁ကော၊ ၁၂း၂ အကြောင်းမူကား၊ လက်ဝါးကပ်တိုင်မှာ အသေခံတော်မူသောသူတည်း ဟူသောယေရှုခရစ်မှတစ်ပါး၊ အဘယ်အရာကိုမျှ သင်တို့တွင် ငါမသိ မမှတ်ဟု ငါစိတ်ပြဋ္ဌာန်းခြင်းရှိ၏။**

**ဧ၊၄း၁၅ မေတ္တာ၌ သမ္မာတရားကိုကိုင်စွဲသဖြင့်၊ ဦးခေါင်းတော်တည်းဟူသော ခရစ်တော်အထဲသို့ အရာအားလုံး၌ ကြီးထွားမည့်အကြောင်းတည်း။**

**၅ သခင်တစ်ပါး၊ တစ်ခုသောယုံကြည်ခြင်း၊ တစ်ခုသောနှစ်ခြင်း၊**

ကျွန်ုပ်တို့သည် ခရစ်တော်ကို အလယ်ဗဟိုအဖြစ်ယူဆောင်ပြီး၊ ကိုယ်တော့်အပေါ် အာရုံစူးစိုက်သောအခါ၊ ယုံကြည်ခြင်း၏ တစ်လုံးတစ်ဝဖြစ်ခြင်းသို့ ကျွန်ုပ်တို့ ရောက်ရှိနိုင်သည်။ ဘုရားသခင်၏ သားတော်၌ ရှိခြင်းသာ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို တစ်လုံးတစ်ဝတည်းဖြစ်စေနိုင်သည်။ ကျွန်ုပ်တို့သည် ဤအလယ်ဗဟိုမှ သွေဖည်သွားသောအခါ၊ တစ်လုံးတစ်ဝဖြစ်ခြင်းသည် ပျောက်ကွယ်သွားသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၊ ဘုရားသခင်၏ သားတော်တည်းဟူသော အလယ်ဗဟိုကို မြဲမြံစွာ ပို၍ကိုင်စွဲထားလေလေ၊ ကျွန်ုပ်တို့၌ရှိသောပြဿနာများသည် ပို၍နည်းပါးလေလေဖြစ်သည်။

ကျွန်ုပ်တို့သည် အလယ်ဗဟိုကို မြင်ရမည်၊ အလယ်ဗဟိုကို အာရုံစူးစိုက်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အလယ်ဗဟို၌ရှိသောအခါ၊ တစ်လုံးတစ်ဝတည်းဖြစ်ခြင်းကို ပြောဆိုရန် မလိုအပ်တော့ပေ၊ သူတစ်ပါးနှင့် အလိုအလျောက်ပင် တစ်လုံးတစ်ဝ ဖြစ်လာပေမည်။ (*How to Administrate the Church,* pp. 42-43, 45)

## ယနေ့ဖတ်စရာ

ကျွန်ုပ်တို့သည် လက်တွေ့ကျကျတစ်လုံးတစ်ဝဖြစ်ခြင်းသို့ ရောက်ရှိရန် မေတ္တာ၌ သမ္မာတရားကို ကိုင်စွဲထားဖို့ လိုအပ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် ဦးခေါင်းတော်တည်းဟူသော ခရစ်တော်အထဲသို့ အရာခပ်သိမ်း၌ ကြီးထွားနိုင်မည်ဖြစ်သည် (ဧ၊၄း၁၅)။ နောက်ဆုံးတွင် ကျွန်ုပ်တို့သည် ခရစ်တော်၏၊ ကိုယ်ခန္ဓာတော်၏ ပြည့်ဝပြည့်စုံသောပမာဏအတိုင်း၊ ကြီးရင့်သောလူအဖြစ်သို့ ရောက်ရှိလာမည်ဖြစ်သည် (အငယ်၊၁၃)။ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၌ ခရစ်တော်၏ ကြွယ်ဝစွာအားဖြည့်ပေးသည့် အဆစ်အပိုင်းတိုင်းနှင့်အတူတကွ ဆက်စပ်ခြင်းအားဖြင့်လည်းကောင်း၊ ကိုယ်ခန္ဓာတော်အစိတ်အပိုင်းတစ်ခုစီ၏ ပမာဏတွင်လုပ်ဆောင်ကာ အတူတကွထုံးဖွဲ့ခြင်းအားဖြင့်လည်းကောင်း တည်

ဆောက်ကြခြင်းဖြစ်သည် (အငယ်၊၁၆)။ ဤအရာသည် ကိုယ်ခန္ဓာတော်၏ တစ်လုံးတစ်ဖြစ်ခြင်းကို စောင့်ထိန်းရန် အကောင်းဆုံးသော၊ အထိရောက်ဆုံးဖြစ်သောနည်းလမ်းဖြစ်သည် (အငယ်၊ ၂–၃)။ (*The Intrinsic View of the Body of Christ*, p. 93)

ကျွန်ုပ်တို့သည် ယုံကြည်ခြင်းနှင့် ဘုရားသခင်၏ သားတော်ကို ပြည့်ဝစွာသိကျွမ်းခြင်း၏ တစ်လုံးတစ်ဝဖြစ်ခြင်းသို့ ရောက်သည့်တိုင်အောင် ဤတစ်လုံးတစ်ဝဖြစ်ခြင်းကို စောင့်ထိန်းရန် လိုအပ်သည်။ တစ်လုံးတစ်ဝဖြစ်ခြင်း၏ အဆုံးတစ်ဘက်တွင် ဝိညာဉ်တော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းရှိပြီး၊ အခြားတစ်ဘက်တွင် ယုံကြည်ခြင်းနှင့် ဘုရားသခင်၏ သားတော်ကို ပြည့်ဝစွာ သိကျွမ်းခြင်း၏ တစ်လုံးတစ်ဝဖြစ်ခြင်းရှိသည်။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းနှင့် ဘုရားသခင်၏ သားတော်ကို ပြည့်ဝစွာ သိကျွမ်းခြင်း၏ တစ်လုံးတစ်ဝဖြစ်ခြင်းသို့ရောက်သည့်တိုင်အောင် ဆက်လက်သွားနေသကဲ့သို့၊ ဝိညာဉ်တော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းကို စောင့်ထိန်းရန်လည်း လိုအပ်သည်။

ယုံကြည်ခြင်းနှင့် ဘုရားသခင်၏ သားတော်ကို ပြည့်ဝစွာ သိကျွမ်းခြင်း၏ တစ်လုံးတစ်ဝဖြစ်ခြင်းသည် ကြီးရင့်သောလူဖြစ်သည်။ ဤတစ်လုံးတစ်ဝဖြစ်ခြင်းသို့ ရောက်ရှိခြင်းမှာ ကြီးရင့်သောလူအဖြစ်သို့ ရောက်ရှိခြင်းကို ဆိုလိုသည်။ ဤတစ်လုံးတစ်ဝဖြစ်ခြင်းသည် ခရစ်တော်၏ ပြည့်ဝပြည့်စုံသောပမာဏလည်းဖြစ်သည်။ ခရစ်တော်၌ ပြည့်ဝပြည့်စုံခြင်းရှိပြီး၊ ခရစ်တော်၏ ပြည့်ဝပြည့်စုံခြင်း၌ အတိုင်းအတာရှိကာ၊ ထိုအတိုင်းအတာ၌ ပမာဏရှိသည်။ ထို့ကြောင့် ဧ၊၄း၁၃သည် ခရစ်တော်၏ ပြည့်ဝပြည့်စုံသောပမာဏကို ပြောဆိုထားသည်။ လူတစ်ဦးအဖြစ် ကျွန်ုပ်၌ အတိုင်းအတာရှိကာ၊ ကျွန်ုပ်၏ အတိုင်းအတာ၌ ပမာဏရှိသည်။ ဤအတိုင်းအတာ၏ ပမာဏသည် ကျွန်ုပ်၏ ကြီးရင့်ပြည့်စုံခြင်းဖြစ်သည်။ ယုံကြည်ခြင်းနှင့် ဘုရားသခင်၏ သားတော်ကို ပြည့်ဝစွာသိကျွမ်းခြင်း၏ တစ်လုံးတစ်ဝဖြစ်ခြင်းသည် ခရစ်တော်၏ ပြည့်စုံသောပမာဏအတိုင်းအတာနှင့် ကြီးရင့်သောလူ– နှစ်ခုလုံးဖြစ်သည်။

ကျွန်ုပ်တို့သည် ကြီးရင့်သောလူအဖြစ်သို့၊ ခရစ်တော်၏ ပြည့်ဝပြည့်စုံသောပမာဏသို့ မရောက်ရှိသေးသော်လည်း၊ ကျွန်ုပ်တို့၏ ခရီးပန်းတိုင်မှာ ထိုသို့ရောက်ရှိခြင်းဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့သည် ထိုလမ်းပေါ် တွင် ရှိနေခြင်းဖြစ်သည်။ ကျွန်ုပ်တို့ထဲမှ အချို့တို့သည် ဤခရီးပန်းတိုင်သို့ အလွန်နီးကပ်နေပြီဖြစ်သော်လည်း၊ အချို့မှာမူ အတော်ပင်အလှမ်းဝေးနေကြသည်။ ၎င်းသို့ရောက်ရှိရန်နည်းလမ်းမှာ အသက်၌ ကြီးထွားခြင်းအားဖြင့် ဖြစ်သည်။ ကျွန်ုပ်တို့ပို၍ကြီးထွားလေလေ၊ အဆုံးသို့ ရောက်ရှိရန် ပို၍နီးကပ်လေလေဖြစ်သည်။ ကျွန်ုပ်တို့သည် လုံးလုံးလျားလျား ကြီးထွားရင့်ကျက်လာသောအခါ၊

ကျွန်ုပ်တို့၏ ခရီးပန်းတိုင်သို့ ရောက်ရှိလိမ့်မည်ဖြစ်သည်။ ယင်းမှာ ပြည့်ဝစွာကြီးထွားခြင်းသည် ကျွန်ုပ်တို့၏ ခရီးပန်းတိုင်ဖြစ်ကြောင်း ဆိုလိုသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ခရီးပန်းတိုင်သို့ ရောက်ရှိခြင်း၏ ဖြစ်စဉ်သည် အသက်၌ ကြီးထွားခြင်းဖြစ်သည်။

စစ်မှန်သောတစ်လုံးတစ်ဝဖြစ်ခြင်း၊ ဝိညာဉ်တော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းသည် ပထမဆုံး ရောက်ရှိလာရမည်ဖြစ်သည်။ ဝိညာဉ်တော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းကို စောင့်ထိန်းရန် အလို့ငှာ၊ ကျွန်ုပ်တို့သည် အသက်၌ကြီးထွားခြင်းရှိရမည်ဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့အားလုံးသည် အသက်၌ ကြီးထွားခြင်း၏ ဖြစ်စဉ်တွင် ရှိနေကြသည်။ အကယ်၍ ကျွန်ုပ်တို့သည် အသက်၌မကြီးထွားပါက၊ စစ်မှန်သောတစ်လုံးတစ်ဝဖြစ်ခြင်းကို စောင့်ထိန်းနိုင်မည်မဟုတ်ပါ။ အကြောင်းမှာ ဝိညာဉ်တော်၏ တစ်လုံးတစ်ဝဖြစ်ခြင်းကို အသက်၌ ကြီးထွားခြင်း အားဖြင့် စောင့်ထိန်းထားသောကြောင့်ဖြစ်သည်။ (*Life Messages,* vol. 1, pp. 12-13)

ကြီးရင့်သောလူဆိုသည်မှာ ရင့်ကျက်သောလူဖြစ်သည်။ လက်တွေ့ကျကျ တစ်လုံးတစ်ဝဖြစ်ခြင်းအတွက် ရင့်ကျက်ခြင်းကို လိုအပ်သည်။ (ဧ၄း၁၃ မှတ်စု၊၄)

ခရစ်တော်၏ ပြည့်ဝပြည့်စုံခြင်းဆိုသည်မှာ အတိုင်းအတာရှိသောအရွယ်ပမာဏသို့ရောက်ရှိသည့် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်သည် (၁း၂၃)။ ခရစ်တော်၏ ပြည့်စုံခြင်းအတိုင်းအတာပမာဏအထိ ရောက်ရှိခြင်းသည် လက်တွေ့ကျသောတစ်လုံးတစ်ဝဖြစ်ခြင်းကို လိုအပ်သည်။ သို့ဖြစ်၍ အငယ်၊၁၃၌ ဖော်ပြထားသောအချက်သုံးချက်သို့ ကျွန်ုပ်တို့ရောက်သည့်တိုင်အောင် ကျွန်ုပ်တို့သည် စစ်မှန်ခြင်း၌ရှိသော တစ်လုံးတစ်ဝဖြစ်ခြင်းမှနေ၍ လက်တွေ့ကျခြင်း၌ရှိသော တစ်လုံးတစ်ဝဖြစ်ခြင်းသို့ အဆင့်ဆင့်ဖြတ်ကျော်ရန် လိုအပ်သည်။ ယင်းအချက်တို့မှာ တစ်လုံးတစ်ဝဖြစ်ခြင်း၊ ကြီးရင့်သောလူနှင့် ခရစ်တော်၏ ပြည့်ဝပြည့်စုံသောပမာဏအရပ်တို့ဖြစ်သည်။ (ဧ၄း၁၃ မှတ်စု၊၅)

*ပို၍ဖတ်ရန်* –*How to Administrate the Church,*,chs. 3-5; *Life Messages,* vol. 1, ch.1

***အလင်းဖွင့်ပြခံရခြင်းနှင့် နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ငါ၊ ထိုသူတို့သည် သူတို့၏အသိဉာဏ်၌မှောင်မိုက်ဖြစ်၍၊ စိတ်နှလုံးခိုင်မာ**
**၄း၁၈ ပြီး၊ အလျှင်းမသိသောကြောင့်၊ ဘုရားသခင်၏အသက်မှ ကွာရှင်း လျက်ရှိကြ၏။**
**၂၁ သင်တို့သည် ကိုယ်တော့်ကို ကြားနာရ၍၊ ယေရှု၌ရှိသောစစ်မှန်ခြင်း တည်းဟူသောကိုယ်တော်၌ သွန်သင်ခြင်းခံယူခဲ့ကြသော်၊**
**၃၀ ရွေးနုတ်ခြင်းနေ့ရက်တိုင်အောင်၊ ကိုယ်တော်၌ သင်တို့ကို တံဆိပ်ခတ် တော်မူသော ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်ကို ဝမ်းမနည်း စေနှင့်။**

ဖေက်၊၄း၁၇–၃၂သည် ခရစ်တော်၏ကိုယ်ခန္ဓာတော်ကိုတည်ဆောက်ရန် အမှုတော်၏အလုပ်ကို သယ်ဆောင်နိုင်သောအသက်တာ၏ ရုပ်ပုံကားချပ်ကို ဖော်ပြသည်။

အငယ်၊၁၅၌ ကျွန်ုပ်တို့သည် အရာခပ်သိမ်း၌ ခရစ်တော်အထဲသို့ ကြီးထွားရန် လိုအပ်ကြောင်း ပြောဆိုထားသည်။ အခန်း၊၄၏ကျန်သောအပိုင်းမှာ ခရစ်တော်၌ရှိသော ကြီးထွားခြင်းအသက်တာ၏ အသေးစိတ်ဖော်ပြချက်များသည် ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအတွက် သင့်တော်၊ လုံလောက်ကြောင်း ဖွင့်ပြထားခြင်းဖြစ်သည်။ (*The Body of Christ*, pp. 44-45, 43)

## *ယနေ့ဖတ်စရာ*

ဖေက်၊၄း၁၇–၃၂သည် ယုံကြည်သူများ၏အသက်ရှင်ခြင်း၌ သုံးပါးတစ်ပါးဘုရား၏ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်းကို အလွန်အသေးစိတ်ကျသောနည်းလမ်းဖြင့် ဖော်ပြထားသည်။ ဤအသက်ရှင်ခြင်းသည် သူတစ်ပါးထံမှ မခိုးယူခြင်း၊ နေမဝင်မီ အမျက်ပြေစေခြင်းစသည့်အကြောင်းအရာများနှင့် ဆက်နွယ်နေသည် (အငယ်၊၂၈၊ ၂၆)။ ကျွန်ုပ်တို့သည် ဘုရားနှင့်ရောနှောပေါင်းစည်းနေသောလူအုပ်စုဖြစ်ကြသော်လည်း၊ ကျွန်ုပ်တို့၏အသက်ရှင်ခြင်းနှင့်သက်ဆိုင်သည့် ဤသို့သောအလေးအနက်တိုက်တွန်းခြင်းမျိုးကို လိုအပ်နေသေးသည်။ ရှင်သန်သောခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် လိုအပ်နေသောဒြပ်သဘာဝများ၊ အကြောင်းရင်းခံများနှင့် အနှစ်သာရများကို ပေးနိုင်သော၊ ပံ့ပိုးနိုင်သော၊ ဖြည့်စွမ်းနိုင်သော၊ ကိုက်ညီသော

အသက်ရှင်ခြင်းမျိုးရှိရန် မလွယ်ကူပေ။ အံ့သြဖွယ်ကောင်းပြီး၊ စိတ်လှုပ်ရှားစေသော ကွန်ဖရင့်စ်များရှိရုံဖြင့် မလုံလောက်ပါ။ သင့်လျော်မှန်ကန်သောနည်းလမ်း၌ ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းကို အလေးထားရန် လိုအပ်နေသည်။ ဧ၊၄း၁၇–၃၂၌ သုံးပါးတစ်ပါး ဖြစ်ခြင်း၏ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်းကို ဖွင့်ပြသော သိသာထင်ရှားသည့် ကျမ်းပိုဒ် သုံးပိုဒ်ရှိသည်။ ထိုကျမ်းပိုဒ်သုံးပိုဒ်အားဖြင့် သုံးပါးတစ်ပါးဖြစ်ခြင်း၏ ဘုရားဆိုင်ရာဝေငှ ဖြန့်ဖြူးခြင်းသည် ကျွန်ုပ်တို့နေ့စဉ်အသက်ရှင်ခြင်းအတွက် အခြေခံဖြစ်ကြောင်း တွေ့မြင်ရသည်။ ဦးစွာ အငယ်၊၁၈သည် ဘုရားသခင်၏ အသက်နှင့် ကွာရှင်းခြင်းကို ဖော်ပြထားသည်။ ဘုရားသခင်၏ အသက်သည် ကိုယ်တော်၏ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးပေးခြင်းတွင် ဘုရားဆိုင်ရာကြွယ်ဝခြင်းများနှင့်အတူ သူ၏ သားသမီးများကို မစထောက်ပင့်ခြင်းအတွက်ဖြစ်သည်။ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးပေးခြင်းနှင့်ဆက်နွယ်နေသော ဒုတိယကျမ်းပိုဒ်မှာ အငယ်၊၂၁ဖြစ်ပြီး၊ ယေရှု၌ရှိသောစစ်မှန်ခြင်းကို ပြောဆိုထားသည်။ ယေရှု၌ရှိသောစစ်မှန်ခြင်းသည် ဘုရားအသက်၏ လက်တွေ့ကျခြင်းဖြစ်သည်။ တစ်နည်းဆိုသော် ယေရှုသည် မြေကြီးပေါ်တွင် အသက်ရှင်စဉ်က၊ သူသည် ဘုရားသခင်၏ အသက်ကို လက်တွေ့ယူဆောင်အသက်ရှင်ခဲ့သည်။ ဧဝံဂေလိလေးကျမ်း၌ မှတ်တမ်းတင်ထားသော ယေရှု၏ နေ့စဉ်အသက်တာတွင် အလွန်စစ်မှန်သော တစ်စုံတစ်ရာရှိခဲ့သည်။ ထိုစစ်မှန်ခြင်းမှာ ယေရှု၏ လူသားဇာတိ၌ အမှန်တရားအဖြစ် ဘုရားသခင်၏ ဘုရားဆိုင်ရာအသက်ကို နားလည်သိရှိစေခြင်းနှင့် လက်တွေ့လုပ်ဆောင်ခြင်းဖြစ်သည်။ ယေရှု၌ရှိသောစစ်မှန်ခြင်းသည် ကိုယ်တော်၏ လူသားဇာတိတွင် ခရစ်တော်၏ ဘုရားဆိုင်ရာအသက်ရှင်ခြင်းနှင့်အတူ ယုံကြည်သူများကို ဖြည့်ပေးခြင်းအတွက် ဖြစ်သည်။ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးပေးခြင်းနှင့်ဆက်နွယ်နေသော တတိယကျမ်းပိုဒ်မှာ အငယ်၊၃၀ဖြစ်ပြီး၊ ကျွန်ုပ်တို့၌ တံဆိပ်ခတ်ထားသော သန့်ရှင်းသောဝိညာဉ်တော်ကို ဝမ်းမနည်းစေရန် သတိပေးဆုံးမထားခြင်းဖြစ်သည်။ ဤဝိညာဉ်တော်သည် တံဆိပ်ခတ်ပေးသောဝိညာဉ်တော်ဖြစ်သည်။ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အားလုံးကို တံဆိပ်ခတ်ပေးသည့်မင်လည်း ဖြစ်သည်။ တံဆိပ်ခတ်ပေးသောမင်၏ ပါဝင်သောအရာ၊ ဒြပ်သဘာဝများနှင့် အနှစ်သာရသည် ဘုရားအသက်နှင့် ယေရှု၏ လက်တွေ့ကျသော လူသားဇာတိတို့ပေါင်းစည်းခြင်းဖြစ်သည်။ ဤတံဆိပ်ခတ်ခြင်းသည် ဘယ်သောအခါမျှ မခြောက်သွေ့ဘဲ၊ အစဉ်အမြဲ စိုစွတ်နေသည်။ ၎င်းသည် စိုစွတ်နေသဖြင့်၊ ကျွန်ုပ်တို့ကို သုံးပါးတစ်ပါးဘုရားနှင့်အတူ ပျော်ဝင်ပြည့်ဝစေသည်၊ စိမ့်ဝင်ပျံ့နှံ့စေသည်၊ နစ်မြှုပ်စေသည်။

ဘုရားသခင်၏ အသက်၊ ယေရှု၌ရှိသောစစ်မှန်ခြင်းနှင့် သန့်ရှင်းသောဝိညာဉ်

တော်၏ တံဆိပ်ခတ်ခြင်းတို့သည် ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးပေးခြင်း၏ အရင်းအမြစ် သုံးခုဖြစ်သည်။ ပေါလုသည် သာမန်အကြောင်းအရာကို ရေးသားခဲ့သည်ဟု ထင်မြင်ရသော်လည်း၊ ထိုသာမန်စကားလုံးများအထဲ၌ သူသည် သုံးပါးတစ်ပါးဘုရား၏ –ခမည်းတော်၏ အသက်၊ ကိုယ်တော်၏ လူသားဇာတိ၌ သားတော်၏ အသက်ရှင်ခြင်းနှင့် ဝိညာဉ်တော်၏ တံဆိပ်ခတ်ခြင်း–အံ့သြဖွယ်သော ဒြပ်သဘာဝများနှင့် အကြောင်းရင်းခံများကို ထည့်သွင်းထားခဲ့ခြင်းဖြစ်သည်။ အသက်သည် ခမည်းတော်၏ အသက်ဖြစ်သည်။ ဤအသက်သည် ကျွန်ုပ်တို့၏ နေ့စဉ်အသက်ရှင်ခြင်းတွင် အမှန်တရားဖြစ်ရမည်ဖြစ်ပြီး၊ ဤအမှန်တရားသည် ယေရှု၌ရှိသော စစ်မှန်ခြင်းဖြစ်သည်။ ခမည်းတော်အသက်၏ လက်တွေ့ကျခြင်းတည်းဟူသော ဤအမှန်တရားသည် တံဆိပ်ခတ်သောမင်ဖြစ်လာပြီး၊ ယင်းသည် သန့်ရှင်းသောဝိညာဉ်တော်ဖြစ်သည်။ (*The Economy and Dispensing of God*, pp. 104-105)

*ယေရှု၌ရှိသော စစ်မှန်ခြင်း* ဆိုသည်မှာ ဧဝံဂေလိလေးကျမ်း၌ မှတ်တမ်းတင်ထားသော ယေရှုအသက်တာ၏ အမှန်တကယ်ဖြစ်သောအခြေအနေကို ရည်ညွှန်းခြင်းဖြစ်သည်။ ဘုရားမဲ့စွာလျှောက်လှမ်းနေသောနိုင်ငံများနှင့် ကျဆင်းသောလူများတို့သည် အချည်းနှီးသာဖြစ်သည်။ သို့သော် ဘုရားနှင့်အသက်ရှင်သော၊ ယေရှု၏ အသက်တာ၌ အမှန်တရားနှင့် စစ်မှန်ခြင်းရှိသည်။ ယေရှုသည် အရာခပ်သိမ်းကို လုပ်ဆောင်ရာတွင် ဘုရား၌၊ ဘုရားနှင့်အတူ ဘုရားအတွက်သာ အသက်ရှင်ခဲ့သည်။ ဘုရားသခင်သည် သူ၏ အသက်ရှင်ခြင်း၌ ရှိနေပြီး၊ သူသည်လည်း ဘုရားနှင့် တစ်လုံးတစ်ဝတည်းဖြစ်ခဲ့သည်။ ဤအရာသည် *ယေရှု၌ စစ်မှန်ခြင်းရှိသည်* ဟု ဆိုလိုသောအရာဖြစ်သည်။ ကျွန်ုပ်တို့အသက်တည်းဟူသော ခရစ်တော်နှင့်အတူ ကျွန်ုပ်တို့သည် အသစ်မွေးဖွားခြင်းခံရကြပြီး၊ ကိုယ်တော်၌ သွန်သင်ခြင်းကိုခံယူကာ၊ ယေရှု၌ရှိသော စစ်မှန်ခြင်းအဖြစ် ကိုယ်တော်ထံမှ သင်ယူရမည်ဖြစ်သည်။ (ဧ၄း ၂၁ မှတ်စု၁)

*ပို၍ဖတ်ရန်* – *The Body of Christ*,ch. 4; *The Economy and Dispensing of God*, ch. 1; *Life-study of Ephesians*, msgs.46, 49

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ဧ၊၄း၂၃ သင့်အသိဉာဏ်၏ဝိညာဉ်၌ အသစ်ပြုပြင်ခြင်းခံပြီး၊**
**၃၂ အချင်းချင်းကြင်နာခြင်း၊ သနားစုံမက်ခြင်း၊ ဘုရားသခင်သည် ခရစ်တော်၌ သင်တို့ကိုခွင့်လွှတ်တော်မူသကဲ့သို့ အချင်းချင်းခွင့်လွှတ်ခြင်း ရှိကြလော့။**

ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို တည်ဆောက်ရန် ကျွန်ုပ်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်ကို ဝမ်းမနည်းစေရန် သင်ယူရမည်ဖြစ်သည်။ သို့မှသာ ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို ကျွန်ုပ်တို့၏ကိုယ်ခန္ဓာအား ရွေးနုတ်ခြင်းနေ့ရက်တိုင်အောင် တံဆိပ်ခတ်ကာ စောင့်ထိန်းနိုင်မည်ဖြစ်သည် (အငယ်၊၃၀)။ ကျွန်ုပ်တို့သည် ဝိညာဉ်တော်ကို အမြဲပျော်ရွှင်အောင်ပြုလုပ်သင့်ပေသည်။ ကျွန်ုပ်တို့၏ အပြုအမူ၌ရှိသော အရာခပ်သိမ်းသည် ကိုယ်တော့်ကို ကျေနပ်နှစ်သိမ့်စေရမည်ဖြစ်သည်။ တံဆိပ်ခတ်ပေးသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို သုံးပါးတစ်ပါးဘုရား၏ အနှစ်သာရ၊ ဒြပ်သဘာဝနှင့်အတူ စဉ်ဆက်မပြတ် တံဆိပ်ခတ်ပေးနေသည်။ စက္ကူအပိုင်းအစကို အမှတ်တံဆိပ်နှင့် စည်းခတ်သောအခါ၊ ထိုစက္ကူသည် မှင်၏ အနှစ်သာရကို လက်ခံရရှိပြီး၊ အမှတ်တံဆိပ်၏ ပုံသဏ္ဌာန်နှင့် ပုံတူကိုလည်းရရှိသည်။ တံဆိပ်ခတ်ပေးသောဝိညာဉ်တော်သည် သုံးပါးတစ်ပါးဘုရား၏ အနှစ်သာရကို ကျွန်ုပ်တို့အထဲသို့ ယူဆောင်လာပေးပြီး၊ ကျွန်ုပ်တို့အား သုံးပါးတစ်ပါး ဘုရား၏ ပုံပန်းသဏ္ဌာန်ဖြစ်ပေါ် လာစေသည်။ (*The Body of Christ*, pp. 44)

## ယနေ့ဖတ်စရာ

လူဟောင်းကို ချွတ်ပယ်ခြင်း၊ လူသစ်ကို ဝတ်ဆင်ခြင်းတို့နှင့်စပ်လျဉ်းသော ဝေါဟာရအကြားတွင် ပေါ်လုသည့် ကျွန်ုပ်တို့အသိဉာဏ်၏ဝိညာဉ်၌ အသစ်ပြုပြင်ခြင်းခံရန် အတွေးကို ထည့်သွင်းပေးခဲ့သည် (ဧ၊၄း၂၃)။ လူဟောင်းကို ချွတ်ပယ်ခြင်း၊ လူသစ်ကို ဝတ်ဆင်ခြင်းတို့၏ ပြီးမြောက်ခဲ့သောအကြောင်းအရာများအပေါ် အခြေခံ၍၊ အငယ်၊ ၂၃သည် ကျွန်ုပ်တို့အား ကျွန်ုပ်တို့အသိဉာဏ်၏ဝိညာဉ်၌ အသစ်ပြုပြင်ခြင်းခံရန် ပြောဆိုထားသည်။ အသစ်ပြုပြင်ခံခြင်းဆိုသည်မှာ ခရစ်တော်၏ ပုံသဏ္ဌာန်တော်သို့ ကျွန်ုပ်တို့၏ ပုံသဏ္ဌာန်ပြောင်းလဲရန်အတွက်ဖြစ်သည် (ရော၊၁၂း၂။ ၂ကော၊၃း၁၈)။ ဤနေရာရှိ ဝိညာဉ်မှာ အတွင်း၌ ကိန်းဝပ်နေသောဘုရားသခင်၏ဝိညာဉ်တော်နှင့် ရောနှောပေါင်းစည်းနေသည့် ယုံကြည်သူတို့၏ အသစ်မွေးဖွားလာသောဝိညာဉ်ဖြစ်သည်။ ထိုရောနှောပေါင်းစည်း

နေသောဝိညာဉ်သည် ကျွန်ုပ်တို့၏ အသိဉာဏ်အထဲ၌ပျံ့နှံ့ကာ ကျွန်ုပ်တို့အသိဉာဏ်၏ ဝိညာဉ်ဖြစ်လာသည်။ ယင်းမှာ ထိုဝိညာဉ်၌ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ပုံသဏ္ဌာန်ပြောင်းလဲခြင်းအတွက် အသစ်ပြုပြင်ခံရကြသည်။ ဤနည်းလမ်းဖြင့် ကျွန်ုပ်တို့၏ ဇာတိအသိဉာဏ်ကို အောင်မြင်အနိုင်ယူကာ၊ ၎င်းသည် ဝိညာဉ်အောက်တွင် ချထားခံရသည်။ ဤအရာသည် ဒြပ်သဘာဝဆိုင်ရာပြောင်းလဲခြင်း၏ဖြစ်စဉ်ကို ရည်ညွှန်းခြင်းဖြစ်သည်။ ဤဖြစ်စဉ်သည် နေရာယူသောအခါ၊ ရောနှောပေါင်းစည်းနေသောဝိညာဉ်သည် ကျွန်ုပ်တို့၏ အသိဉာဏ်အထဲသို့ ဝင်ရောက်လာပြီး၊ ကျွန်ုပ်တို့၏ အသိဉာဏ်ကို လွှမ်းမိုးကာ၊ ကျွန်ုပ်တို့အသိဉာဏ်၏ဝိညာဉ်ဖြစ်လာသည်။

အသိဉာဏ်၏ဝိညာဉ်အားဖြင့် ကျွန်ုပ်တို့သည် လူဟောင်းကို ချွတ်ပယ်ခြင်း၊ လူသစ်ကို ဝတ်ဆင်ခြင်းတို့၌ ပြီးမြောက်ခဲ့သောအရာကို တွေ့ကြုံခံစားခြင်းတွင် ပြီးပြည့်စုံရန် အသစ်ပြုပြင်ခံရသည်။ လူဟောင်းကို ချွတ်ပယ်ခြင်း၊ လူသစ်ကို ဝတ်ဆင်ခြင်းတို့သည် အကြောင်းအရာကို ပြီးပြည့်စုံစေခြင်းဖြစ်သည်။ ယခု ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အသိဉာဏ်၏ဝိညာဉ်၌ အသစ်ပြုပြင်ခြင်းအားဖြင့် ဤအကြောင်းအရာများကို တွေ့ကြုံခံစားရမည်၊ နားလည်သဘောပေါက်ရပေမည်။ ဤအကြောင်းအရာများကို တွေ့ကြုံခံစားမှု၌ နားလည်သဘောပေါက်သောအခါ၊ ကျွန်ုပ်တို့သည် ယေရှု၏ အသက်တာနှင့်တူညီသော အသက်တာကို အသက်ရှင်ကြပေမည်။ (*Life-study of Ephesians*, p. 401)

ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်သောအသက်တာသည် ခွင့်လွှတ်တတ်သောအသက်တာလည်း ဖြစ်သည်။ ကိုယ်ခန္ဓာတော်အသက်တာကို လက်တွေ့လုပ်ဆောင်ရန် ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး ခွင့်လွှတ်တတ်ရန် လိုအပ်ပြီး၊ ဘုရားသခင်သည် ခရစ်တော်၌ ကျွန်ုပ်တို့၏ အပြစ်များကို မေ့ပစ်သကဲ့သို့၊ ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်အနှောင့်အယှက်ဖြစ်စေခြင်းများကို မေ့ပစ်ရန်လိုအပ်သည် (ဧ၊၄း၃၂။ ဟေဗြဲ၊ ၈း၁၂)။ ခွင့်လွှတ်ခြင်းသည် မေ့ပစ်ခြင်းကို ဆိုလိုသည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် များစွာသောအချိန်တို့တွင် ကျွန်ုပ်တို့၏ လူဟောင်း၌ ရှိနေသေးပြီး၊ အမှားများကို ပြုလုပ်တတ်ကာ၊ သူတစ်ပါးကို စိတ်အနှောင့်အယှက်ဖြစ်မိစေသည်။ ဤအတွက်ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ဝိညာဉ်တော်၌၊ ဘုရားသခင်၏ အသက်အားဖြင့် သူတစ်ပါးကို ခွင့်လွှတ်ရန် လိုအပ်ရခြင်းဖြစ်သည်။ (*The Body of Christ*, pp. 44)

ကျွန်ုပ်တို့၏ အသက်မစရာနှင့် ဝမ်းမြောက်မှုအဖြစ် ခရစ်တော်၌ မွေ့လျော်ဝမ်းမြောက်ခြင်းသာ ကျွန်ုပ်တို့၏ စိတ်နှလုံးများကို နူးညံ့သိမ်မွေ့စေခြင်းဖြစ်သည်။ ကျွန်ုပ်တို့၌ နူးညံ့သိမ်မွေ့သောစိတ်နှလုံးရှိပါက၊ သူတစ်ပါးကို ခွင့်လွှတ်တတ်ပေမည်။ ကျွန်ုပ်တို့၏

နေ့စဉ်လျှောက်လှမ်းခြင်းတွင် သူတစ်ပါးကို ခွင့်လွှတ်ရန်နှင့် ကျွန်ုပ်တို့အား ခွင့်လွှတ်ဖို့ သူတစ်ပါးကို မေးမြန်းရန်– နှစ်ခုလုံး လိုအပ်သည်။ ယင်းမှာ ကျွန်ုပ်တို့သည် အလွယ်တကူ စိတ်အနှောင့်အယှက်ဖြစ်ပြီး၊ သူတစ်ပါးကိုလည်း အလွယ်တကူ စိတ်အနှောင့်အယှက်ဖြစ်စေနိုင်သောကြောင့် ဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့သည် တစ်စုံတစ်ယောက်ကို စိတ်အနှောင့်အယှက်ဖြစ်စေခဲ့ပါက၊ ခွင့်လွှတ်မှုအတွက် မေးမြန်းရန် လိုအပ်သည်။ သို့သော် ကျွန်ုပ်တို့သည် စိတ်အနှောင့်အယှက်ဖြစ်ခံရပါက၊ ဘုရားသခင်သည် ခရစ်တော်၌ ကျွန်ုပ်တို့ကို အပြစ်ခွင့်လွှတ်သကဲ့သို့၊ သူတစ်ပါးကို ခွင့်လွှတ်တတ်ရန် လိုအပ်သည်။

ဤအပိုင်းရှိ ပေါလု၏ တိုက်တွန်းနှိုးဆော်ခြင်း၌ တမန်တော်သည် ကျွန်ုပ်တို့ နေ့စဉ်အသက်တာ၏ ပုံစံနမူနာအဖြစ် ဘုရားသခင်ကို ပြသခဲ့သည်။ ဘုရားသခင်၏ အသက်အားဖြင့်၊ ကိုယ်တော်၏ ဝိညာဉ်တော်၌၊ ကျွန်ုပ်တို့သည် ဘုရားသခင်ခွင့်လွှတ်သကဲ့သို့ ခွင့်လွှတ်နိုင်ရပေမည်။ အကယ်၍ ဤအရာသည် ကျွန်ုပ်တို့ နေ့စဉ်အသက်ရှင်ခြင်း ဖြစ်ပါက၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သန့်ရှင်းသောဝိညာဉ်တော်ကို ဝမ်းနည်းစေလိမ့်မည်မဟုတ်ပေ။ ထိုသို့အသက်ရှင်ခြင်းရှိရန် ကျွန်ုပ်တို့သည် သမ္မာတရားအတိုင်း၊ ကျွန်ုပ်တို့၏ ကျေးဇူးတော်တည်းဟူသော ခရစ်တော်၌ ဘုရားသခင်အားဖြင့် အသက်ရှင်ရန် လိုအပ်သည်။ (*Life-study of Ephesians*, p. 411)

သခင်ဘုရား၏ ပြန်လည်ရယူခြင်း၌ရှိသော အသင်းတော်များအားလုံးသည် အလွန်များစွာသော မျှော်လင့်ချက်၊ အလားအလာနှင့် စွမ်းရည်တို့ဖြင့် ဤနည်းလမ်းတွင် တည်ဆောက်နိုင်ကြပေမည်။ သခင်ဘုရားသည် ကျွန်ုပ်တို့အား ခရစ်တော်၏ ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအလုပ်ကို လုပ်ဆောင်ရန် လုံလောက်သော၊ အရည်အချင်းပြည့်မီသောအသက်တာဖြင့် အသက်ရှင်ဖို့ စုံလင်ခံရသည့် ထောင်ပေါင်းများစွာသော သန့်ရှင်းသူများနှင့်အတူ တစ်ခုတည်းသောအမှုတော်အားဖြင့် တည်ဆောက်မည့် တစ်ခုတည်းသောကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းအထဲသို့ ခေါ်ဆောင်နိုင်ပါစေ။ (*The Body of Christ*, p. 45)

*ပို၍ဖတ်ရန်* –*Life-study of Ephesians*, msgs. 47-48

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————————————

——————————————————————————————————————

——————————————————————————————————————

***Hymns*, # E- 914**

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ

# သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ အတုမဲ့သောအလုပ်၏ အဆုံးစွန်ပြီးမြောက်ပြည့်စုံခြင်း

ဖတ်ရန်ကျမ်း။ ။ဗျာ၊၃း၁၂။ ၂၁း၂၊ ၉–၂၃

*Day 1*

**I. သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ရှိသော အတုမဲ့သောအလုပ်မှာ ယေရုရှလင်မြို့သစ်ကို ထွက်ပေါ်စေရန် လုပ်ဆောင်ခြင်းဖြစ်သည်–ဘုရားသခင့်စီမံကိန်း၏ အဆုံးစွန်ပန်းတိုင်(ဗျာ၊ ၂၁း၁–၁၁)။**

က။ အသင်းတော်ကျဆင်းခြင်းမှာ ခရစ်ယာန်အမှုဆောင်များသည် ယေရုရှလင်မြို့သစ်ကို သူတို့၏ပန်းတိုင်အဖြစ် ယူဆောင်ရမည့်အစား၊ အခြားအရာများကို ယူဆောင်ခြင်းသို့ သွေဖီလွဲချော်သွားသောကြောင့်ဖြစ်သည်။

ခ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ရွေးချယ်ခံလူများကို ယေရုရှလင်မြို့သစ်၌ရှိစေသော အလုပ်တစ်ခုတည်းကိုသာ လုပ်ဆောင်ရမည်ဖြစ်သည်(၃း၁၂)။

**II. ယေရုရှလင်မြို့သစ်သည် ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ်ဘဲ၊ အသက်၌၊ သဘောသဘာဝ၌၊ စေ့စပ်ထုံးဖွဲ့မှု၌၊ ထင်ရှားခြင်း၌ ဘုရားဖြစ်စေခြင်းခံရသော ယုံကြည်သူများအားလုံး၏တည်ဆောက်ခြင်းအဆုံးစွန်ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည်။ သို့ဖြစ်၍ ယုံကြည်သူများသည် အသက်၌၊ သဘောသဘာဝ၌ ဘုရားဖြစ်လာခြင်းနှင့် ယေရုရှလင်မြို့သစ်ထုတ်လုပ်ခြင်းအကြား ပင်ကိုယ်မူလဆက်နွယ်မှုရှိသည်(၂၁း၂။ ၃း၁၂)။**

က။ ယေရုရှလင်မြို့သစ်မှာ ဘုရားသည် လူဖြစ်လာ၍၊ လူသည် ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ်ဘဲ၊ အသက်နှင့် သဘောသဘာဝ၌ ဘုရားဖြစ်လာခြင်း၊ ဘုရားနှင့်လူသည် တစ်ခုတည်းအဖြစ် အတူတကွရောနှောပေါင်းစည်းခြင်းတို့ ပါဝင်နေသည်(ယော၊၁း၁၂–၁၄။ ၁၄း၂၀။ ၁၅း၅က။ ဗျာ၊ ၂၁း၃၊ ၁၀–၁၁)။

ခ။ ဘုရားသခင်သည် လူကို ဘုရားအသက်၌၊ ဘုရားသဘောသဘာဝ၌ ဘုရားဖြစ်လာစေရန် ခရစ်တော်၌ လူဖြစ်လာခဲ့သည်။ ထိုသို့ဖြင့် ရွေး

နှုတ်သောဘုရားနှင့် ရွေးနုတ်ခံလူသည် တစ်ခုတည်းအဖြစ် အတူတကွရောနှောပေါင်းစည်း၊ ထုံးဖွဲ့လာနိုင်မည်ဖြစ်သည်–ယေရုရှလင်မြို့သစ်(ငယ်၊၃၊ ၂၂)။

ဂ။ ယေရုရှလင်မြို့သစ်သည် ဘုရားသခင်၏ ရွေးချယ်၊ ရွေးနုတ်၊ အသစ်တစ်ဖန်မွေးဖွား၊ သန့်ရှင်းစင်ကြယ်၊ အသစ်ပြုပြင်၊ ပုံသဏ္ဍာန်ပြောင်းလဲ၊ သဏ္ဍာန်တော်တူ၊ ဘုန်းဝင်စား၊ ဘုရားဖြစ်ခြင်းခံရသောလူတို့၏ ပေါင်းစည်းထုံးဖွဲ့ထားခြင်းဖြစ်သည်(ယော၊၃း၆။ ဟေဗြဲ၊ ၂း၁၁။ ရော၊၁၂း၂။ ၈း၂၉–၃၀)။

၁။ ကျွန်ုပ်တို့ဘုရားဖြစ်လာခြင်းမှာ ကျွန်ုပ်တို့သည် အဆင့်ဆင့်ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားနှင့် စေ့စပ်ထုံးဖွဲ့ခံရခြင်းဖြစ်သည်။ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ထာဝရကာလအတွက် ကိုယ်တော်၏ စုပေါင်းထင်ရှားခြင်းအဖြစ် အသက်နှင့်သဘောသဘာဝ၌ ဘုရားဖြစ်လာကြမည်ဖြစ်သည်(ဗျာ၊ ၂၁း၁၁)။

၂။ ယုံကြည်သူများဘုရားဖြစ်လာခြင်းမှာ ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံမည့် ဘုရားသခင်၏ အသက်ဆိုင်ရာရှင်သန်သောကယ်တင်ခြင်းဖြစ်စဉ်၌ ဖြစ်သည်။ ဤသည်မှာ အမြင့်ဆုံးသောသမ္မာတရားနှင့် အမြင့်ဆုံးသောဧဝံဂေလိတရားဖြစ်သည် (ရော၊၅း၁၀။ ဗျာ၊၃း၁၂။ ၂၁း၁၀–၁၁)။

*Day 2*

ဃ။ သမ္မာကျမ်းစာ၏ အစတွင် ဘုရားသခင်တစ်ပါးတည်းရှိ၍၊ အဆုံးတွင် ကြီးမားသော၊ စုပေါင်းထားသောဘုရားသခင်၊ ယေရုရှလင်မြို့သစ်၊ စုပေါင်းထားသောဘုရားလူကို မြင်တွေ့ရသည် – အဆင့်ဆင့်ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံသောသုံးပါးတစ်ပါးဘုရားနှင့် အသစ်မွေးဖွား၊ ပုံသဏ္ဍာန်ပြောင်းလဲ၍ ဘုန်းထင်ရှားသောယုံကြည်သူများ၏ ကြီးမားကျယ်ပြန့်သော၊ စကြဝဠာဆိုင်ရာ၊ ဘုရား–လူသားဆိုင်ရာ ပေါင်းစည်းခြင်း(က၊၁း၁။ ဗျာ၊၂၁း၃၊ ၂၂။ ၂၂း၁၇က)။

**III. ယနေ့ သခင်ဘုရားအတွက် ကျွန်ုပ်တို့၏ လုပ်ဆောင်ခြင်းနှင့် ယင်း၏ ရလဒ်မှာ ယေရုရှလင်မြို့သစ်၏ ရုပါရုံအားဖြင့် ထိန်းချုပ်လမ်းညွှန်ခြင်းခံရမည်ဖြစ်သည်။ ဤအတုမဲ့သောမြို့၏ ဖော်ပြပါရှိသောအရာမှာ ကျွန်ုပ်တို့၏ ဖြစ်ခြင်းနှင့် ကျွန်ုပ်တို့၏ လုပ်ဆောင်**

Day 3

**ခြင်း၏ စံနမူနာဖြစ်ရမည်ဖြစ်သည်(၃း၁၂။ ၂၁း၂၊ ၉–၂၃)။**

က။ ယေရုရှလင်မြို့သစ်သည် ဒေသန္တရအသင်းတော်များ၌ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို အသက်ဆိုင်ရာရှင်သန်သောတည်ဆောက်ခြင်း၏ ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည်။ ဒေသန္တရအသင်းတော်များသည် ယေရုရှလင်မြို့သစ်တည်ဆောက်ခြင်းအတွက် ခရစ်တော်၏ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းပြီးမြောက်ပြည့်စုံရန် ဘုရားသခင်အဖို့ လမ်းစဉ်မှန်ဖြစ်သည်(၁ကော၊၁း၂။ ၁၂း၁၂–၁၃၊ ၂၇။ ဗျာ၊၂၁း၂)။

၁။ ခရစ်တော်၏ကိုယ်ခန္ဓာတော်တည်ရှိခြင်းနှင့် လှုပ်ရှားလုပ်ဆောင်ခြင်းအတွက် ဒေသန္တရအသင်းတော်များလိုအပ်သည်(တ၊ဂ၊း၁။ ၁၃း၁)။

၂။ ဒေသန္တရအသင်းတော်များသည် များစွာသောဒေသန္တရများ၌ တစ်ကိုယ်တည်းသောခရစ်တော်၏ကိုယ်ခန္ဓာတော်၏ များစွာသော ထင်ရှားခြင်းဖြစ်သည်(ဗျာ၊၁း၄၊ ၁၁)။

၃။ ဗျာဒိတ်ကျမ်းပထမအခန်းတွင် ဒေသန္တရအသင်းတော်များကို မြင်တွေ့ရသည်။ သို့သော် နောက်ဆုံးအခန်းနှစ်ခန်းတွင် မြို့တစ်မြို့တည်းကိုသာ မြင်တွေ့ရသည်(ငယ်၊၁၁။ ၂၁း၂)။

၄။ သခင်ဘုရား၏ အလိုဆန္ဒမှာ ဒေသန္တရအသင်းတော်များ၌ ခရစ်တော်၏ အသက်ဆိုင်ရာရှင်သန်သောကိုယ်ခန္ဓာတော်ကို ရွေ့ပြေးအဖြစ်တည်ဆောက်ခြင်းဖြင့် ယေရုရှလင်မြို့သစ်ကိုရရှိရန်ဖြစ်သည်(ဧ၊၄း၁၆။ ဗျာ၊၂၁း၂)။

ခ။ ယေရုရှလင်မြို့သစ်သည် စကြဝဠာဆိုင်ရာရွှေမီးခုံတိုင်ဖြစ်သည်(အငယ်၊၁ဂ၊ ၂၃)။

၁။ ယေရုရှလင်မြို့သစ်သည် သမ္မာကျမ်းစာ၌ရှိသော မီးခုံတိုင်များ၏ အဆုံးစွန်ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည် (ထွ၊၂၅း၃၁–၃၇။ ၁ဘုရင်၊၇း၄၉။ ဇာခရိ၊၄း၂။ ဗျာ၊၁း၂၀။ ၂၁း၁ဂ၊ ၂၃)။

၂။ မီးခုံတိုင်များဖြစ်သော အသင်းတော်များသည် မီးခုံတိုင်များ၏ စုစုပေါင်းဖြစ်သောယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံမည်ဖြစ်သည်(၁း၂၀။ ၂၁း၁ဂ၊ ၂၃)။

က။ ဗျာဒိတ်ကျမ်း၌ ကြီးမားသောအမှတ်လက္ခဏာ နှစ်ခုရှိ

သည်– ရွှေမီးခုံတိုင်အမှတ်လက္ခဏာနှင့် ယေရုရှလင်မြို့သစ်အမှတ်လက္ခဏာ(၁း၁၊ ၁၂၊ ၂၀။ ၂၁း၂၊ ၁၀–၁၁)။

ခ။ ဗျာဒိတ်ကျမ်းသည် မီးခုံတိုင်များဖြင့် အစပြုပြီး၊ မီးခုံတိုင်ဖြင့် အဆုံးသတ်သည်(၁း၂၀။ ၂၁း၁၈၊ ၂၃)။

ဂ။ မီးခုံတိုင်များသည် အသင်းတော်များကို ပုံဆောင်ပြီး၊ ယေရုရှလင်မြို့သစ်သည် ဘုရားသခင်၏ ထာဝရ ကိန်းဝပ်ရာနေရာ၏ အမှတ်လက္ခဏာဖြစ်သည်(ငယ်၊ ၂–၃၊ ၂၂)။

၃။ ရွှေတောင်တည်းဟူသော ယေရုရှလင်မြို့သစ်သည် အလင်းဖြစ်သောဘုရားသခင်ကို ထွန်းလင်းသည့် မီးခွက်တည်းဟူသော သိုးသူငယ်ကို ကိုင်စွဲထားသောစကြဝဠာဆိုင်ရာ မီးခုံတိုင်ဖြစ်သည် (အငယ်၊၁၈၊ ၂၃။ ၂၂း၁၊ ၅)။

*Day 4*

ဂ။ ယေရုရှလင်မြို့သစ်သည် ထာဝရဗေသလဖြစ်သည်(က၊ ၂၈း၁၀–၂၂။ ဗျာ၊ ၂၁း၃၊ ၂၂)။

၁။ ယာကုပ်၏ အိပ်မက်သည် ဘုရား၏ ပန်းတိုင်အိပ်မက်၊ ဗေသလအိပ်မက်၊ ဘုရား၏ အိမ်တော်အိပ်မက်ဖြစ်၍(က၊ ၂၈း၁၀–၂၂)၊ ယင်းသည် ယနေ့တွင် အသင်းတော်ဖြစ်ကာ (၁တိ၊၃း၁၅)၊ ဘုရားသခင်နှင့် ရွေးနုတ်ခံများ၏ ထာဝရကိန်းဝပ်ရာတည်းဟူသော ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံမည်ဖြစ်သည်(ဗျာ၊ ၂၁း၃၊ ၂၂)။

က။ ဘုရားသခင်၌ အိပ်မက်တစ်ခုရှိ၍၊ ထိုအိပ်မက်မှာ စီမံကိန်း၏ ပြီးမြောက်ပြည့်စုံခြင်းတည်းဟူသော တည်ဆောက်ထားသောမြို့၊ ယေရုရှလင်မြို့သစ်ကိုရရှိရန်ဖြစ်သည်(ငယ်၊ ၂)။

ခ။ ကျွန်ုပ်တို့၏ အိပ်မက်မှာ ဘုရားသခင့်စီမံကိန်း၏ ပြီးမြောက်ပြည့်စုံခြင်းတည်းဟူသော ယေရုရှလင်မြို့သစ်ဖြစ်လာရန်ဖြစ်သည် (ငယ်၊၉–၁၀)။

၂။ ခရစ်တော်သည် ဗေသလ၌ လှေကားဖြစ်ခြင်းမှာ ဘုရားသခင်သည် မြေကြီးပေါ်တွင် ရွေးနုတ်ခံနှင့် ပုံသဏ္ဍာန်ပြောင်းလဲခံသောလူများဖြင့် စေ့စပ်ထုံးဖွဲ့ထားသောအိမ်တော်ရရှိရန် မည်မျှအလိုတော်ရှိကြောင်း ကျွန်ုပ်တို့ကို ပြောဆိုနေသည်။ သို့မှသာ

ကိုယ်တော်သည် ကောင်းကင်ကို မြေကြီးဆောင်ယူလာပြီး၊ မြေကြီးကို ကောင်းကင်သို့ ဆက်နွယ်ပေးကာ၊ နှစ်ခုကို ထာဝရတစ်ခုတည်း ဖြစ်စေနိုင်မည်ဖြစ်သည်(ယော၊၁း၅၁။ က၊၂၈း၁၀–၂၂)။

၃။ ဘုရားသခင်၏ အဆောက်အအုံ၊ ဘုရားသခင်၏ အိမ်တော်သည် ဘုရားနှင့်လူ၏ အပြန်အလှန်ကိန်းဝပ်ရာနေရာဖြစ်သည်။ ဘုရား၏ အိမ်တော်သည် လူဖြစ်၍၊ လူ၏ အိမ်တော်သည် ဘုရားဖြစ်သည်(ဟေရှာ၊၆၆း၁–၂။ ၁ကော၊၃း၁၆။ ဆာ၊၉၀း၁။ ယော၊၁၅း၅က။ ၁၄း၂၃)။

၄။ ထာဝရအနာဂတ်၌ ယေရုရှလင်မြို့သစ်သည် ကောင်းကင်သို့ ချီးမြောက်ခံရသောတစ်စုံတစ်ရာအဖြစ် စကြဝဠာတစ်ခုလုံး၌ ရပ်တည်မည်ဖြစ်၍၊ ယင်းအပေါ်တွင် ကောင်းကင်တမန်ဆိုင်ရာ မိသားစုသည် ကောင်းကင်ကို မြေကြီးသို့ ဆောင်ယူရန်နှင့် မြေကြီးကို ကောင်းကင်သို့ ဆက်နွယ်ပေးရန် ဘုရားနှင့်လူ အကြား တက်လျက်ဆင်းလျက်ရှိမည့် ဘုရားဆိုင်ရာ ကူးလူးသွားလာခြင်း၊ ဘုရားဆိုင်ရာမိတ်သဟာယရှိပေမည် (၂ကော၊၁၃း၁၄)။

*Day 5*

ဃ။ ယေရုရှလင်မြို့သစ်သည် ထာဝရဇီအုန်တောင်၊ အသန့်ရှင်းဆုံး၌ါန၊ ဘုရားသခင်ရှိသောနေရာဖြစ်သည်(ဗျာ၊၁၄း၁–၅။ ၂၁း၁–၃၊ ၁၆။ ဟေဗြဲ၊၁၂း၂၂)။

၁။ အသင်းတော်ခေတ်၌ စုံလင်ခြင်းနှင့် ရင့်ကျက်ခြင်းရှိသော ဘုရား–လူများသည် ဇီအုန်တောင်၊ အောင်မြင်သောသူများဖြစ်ကြသည်(ဗျာ၊၁၄း၁)။

က။ အသင်းတော်သည် ကောင်းကင်ဆိုင်ရာယေရုရှလင်ဖြစ်၍၊ အောင်မြင်သောသူများသည် ဇီအုန်အမြင့်အထွတ်အထိပ်ဖြစ်သည်(ဟေဗြဲ၊၁၂း၂၂။ ဗျာ၊၁၄း၁)။

ခ။ အောင်မြင်သောသူများမှာ ယေရုရှလင်မြို့သစ်ပြီးမြောက်ပြည့်စုံရန်အတွက် ခရစ်တော်၏ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းအတွက်ဖြစ်သည် (ရော၊၁၂း၄–၅။ ဧ၊၄း၁၆။ ဗျာ၊၃း၁၂)။

၂။ ကောင်းကင်သစ်နှင့် မြေကြီးသစ်၌ ယေရုရှလင်မြို့သစ်တစ်ခုလုံးသည် ဇီအုန်ဖြစ်လာ၍၊ ယေရုရှလင်မြို့သစ်၊ ထာဝရဇီအုန်သည် ဘုရားသခင်ရှိနေသော အသန့်ရှင်းဆုံးဌာနဖြစ်သည် (၂၁း၁–၃၊ ၁၆၊ ၂၂)။

***Day 6***

င။ ယေရုရှလင်မြို့သစ်သည် စစ်မှန်၍ ပြီးပြည့်စုံသောရှုလမိတ်ဖြစ်သည်–ဘုရား၏ ရွေးချယ်ခြင်းနှင့် ရွေးနုတ်ခြင်းခံရသောလူများပါဝင်သည့် စုပေါင်းထားသောရှုလမိတ်(သီ၊၆း၁၃။ ဗျာ၊၂၁း၂၊ ၉–၁၀။ ၂၂း၁၇)။

၁။ အံ့သြဖွယ်သောရှုလမိတ်၊ ရှောလမုန်၏ပုံတူပွားသည် ယေရုရှလင်မြို့သစ်၏ အကြီးမားဆုံးသော၊ ပြီးမြောက်ပြည့်စုံသော ပုံသွင်ပြင်ဖြစ်သည် (သီ၊၆း၁၃။ ဗျာ၊၂၁း၂)။

၂။ ဧဝသည် အာဒံ၏ပုံတူဖြစ်သကဲ့သို့၊ ရှောလမုန်၏ကြင်ဖော်ကြင်ဖက်ဖြစ်သောရှုလမိတ်သည် အသက်၊ သဘောသဘာဝနှင့် ပုံသဏ္ဍာန်၌ ရှောလမုန်နှင့်တစ်ထပ်တည်း ဖြစ်လာသည် (က၊ ၂း၂၀–၂၃)။

က။ ဤသည်မှာ ခရစ်တော်၏ချစ်သူများသည် သူတို့၏ ထိမ်းမြားစုံဖက်ခြင်းအတွက် ကိုယ်တော်နှင့်လိုက်ဘက်ညီရန် အသက်၊ သဘောသဘာဝနှင့် ပုံသဏ္ဍာန်၌ ကိုယ်တော်နှင့် တူညီလာကြောင်းကို ပုံဆောင်သည်(၂ကော၊၃း၁၈။ ရော၊၈း၂၉။ ဗျာ၊၁၉း၇။ ၂၁း၂)။

ခ။ များစွာသောခရစ်တော်၏ချစ်သူများသည် တစ်နေ့တွင် ကိုးကွယ်ခံဦးခေါင်းတော်အရာ၌ မဟုတ်ဘဲ၊ အသက်နှင့် သဘောသဘာဝ၌ ဘုရားသခင်၏ပုံတူများဖြစ်လာကြမည် ဖြစ်သည်။ ယင်းမှာ ဘုရား ဆိုင်ရာဖွင့်ပြခြင်းအထွတ်အထိပ်ဖြစ်သော ဘုရားသည် လူဖြစ်လာခြင်းမှာ လူသည် ဘုရားဖြစ်လာခြင်း၏ ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည်။

**IV. "ကိုယ်တော်၏စီမံကိန်း၌ အမြင့်ဆုံးသောရည်ရွယ်ချက်အတွက် အလိုတော်၏ကောင်းသောကျေနပ်အားရခြင်းအတိုင်း၊ အဆင့်ဆင့်ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံသောသုံးပါးတစ်ပါးဘုရား**

သည် မိမိကိုယ်တော်တိုင်ကို ရွေးချယ်ခံလူများအထဲသို့ တည်ဆောက်ပေးနေ၍၊ ရွေးချယ်ခံလူများကိုလည်း မိမိကိုယ်တော်တိုင်အထဲသို့ တည်ဆောက်ပေးနေသည်။ ဤသို့ဖြင့် ကိုယ်တော်သည် သူ၏ အသက်ဆိုင်ရာရှင်သန်ခြင်းနှင့် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်ရန် ရွေးနုတ်သောဘုရားသခင်နှင့် ရွေးနုတ်ခံသောလူအတွက် ကိုယ်တော်၏ထာဝရထင်ရှားခြင်းနှင့် အပြန်အလှန်ကိန်းဝပ်ခြင်း၊ ဘုရားဇာတိနှင့် လူသားဇာတိရောနှောပေါင်းစည်းခြင်းအဖြစ် ခရစ်တော်၌ စေ့စပ်ထုံးဖွဲ့မှုတစ်ခုရရှိနိုင်မည်ဖြစ်သည်။ ဤအံ့ဖွယ် ဖိုးထိုက်ဘဏ္ဍာ၏ အဆုံးစွန်ပြီးမြောက်ပြည့်စုံခြင်းမှာ ထာဝရကာလအတွက် ယေရုရှလင်မြို့သစ်ဖြစ်ပေမည်”(ညီအစ်ကိုဝစ်နက်စ်လီ၏အုတ်ဂူပေါ်တွင် ထွင်းထုထားသည်)။

## နံနက်ခင်းကျွေးမွေးခြင်း

**ဗျာ၊ ၂၁း၁၀ ကြီးမြင့်သောတောင်သို့ ဝိညာဉ်၌ ငါ့ကိုဆောင်သွား၍၊ သန့်ရှင်းသောယေရုရှလင်မြို့သည် ဘုရားသခင့်အထံတော် ကောင်းကင်ဘုံမှ ဆင်းသက်သည်ကို ငါ့အားပြလေ၏။**
**၁၁ ဘုရားသခင်၏ဘုန်းတော်နှင့်ပြည့်စုံလျက်၊ ထိုမြို့၏အရောင် အဝါသည် ကျောက်သလင်းကဲ့သို့ ကြည်လင်၍ ဂျက်စပါ ကျောက်သို့ အမြတ်ဆုံးသောကျောက်မြတ်မွန်နှင့်တူ၏။**

ဓမ္မသစ်ကျမ်းတစ်ခုလုံး၏ ဖွင့်ပြခြင်းအရ၊ ခရစ်ယာန်အလုပ်၏ အတုမဲ့သောပန်းတိုင်မှာ ယေရုရှလင်မြို့သစ်ဖြစ်ရပေမည်။ ယင်းမှာ ဘုရားသခင်၏ ထာဝရစီမံကိန်း၏ အဆုံးစွန်သောပန်းတိုင်ဖြစ်သည်။ ဘုရားသခင်၌ တစ်ခုတည်းသောအဆုံးစွန်ပန်းတိုင်ရှိ၍၊ ယင်းမှာ ယေရုရှလင်မြို့သစ်ဖြစ်သည်။ ဤသည်မှာ သမ္မာကျမ်းစာ၌ အလွန်ရှင်းလင်း၍ တိကျသောအရာဖြစ်သည်။

အသင်းတော်ကျဆင်းခြင်း၏ အဓိကအကြောင်းရင်းမှာ ခရစ်ယာန်အမှုတော် ဆောင်များအားလုံးနီးပါးသည် ယေရုရှလင်မြို့သစ်ကို သူတို့၏ပန်းတိုင်အဖြစ်ယူဆောင် ရမည့်အစား၊ အခြားအရာများစွာကို ယူဆောင်ခြင်းသို့ နှောင့်ယှက်ခြင်းခံရသောကြောင့် တည်း။ သို့ဖြစ်၍ အသင်းတော်၏ကျဆင်းခြင်းအောက်၌ သခင်ဘုရား၏ခေါ်ခြင်းကို ထူးသော အောင်မြင်သောသူများဖြစ်ရန် အနုတ်လက္ခဏာများကို အောင်မြင်ရမည်အ ပြင်၊ ယေရုရှလင်မြို့သစ်ကို ပန်းတိုင်အဖြစ်ယူဆောင်ရမည့်နေရာတွင် အစားထိုးထား သည့် အပေါင်းလက္ခဏာများစွာကိုလည်း အောင်မြင်ရမည်ဖြစ်သည်။ စိတ်များကို ရယူရန်သက်သက်ဖြစ်သော ဧဝံဂေလိတရားဟောပြောခြင်းမျိုးကို ကျွန်ုပ်တို့အလိုမရှိပါ။ ကျွန်ုပ်တို့ဧဝံဂေလိတရားဟောပြောခြင်း၏ပန်းတိုင်မှာ ယေရုရှလင်မြို့သစ်ဖြစ်ရပေမည်။ (*How to Be a Co-worker and an Elder and How to Fulfill Their Oblications*, pp. 45, 51)

## ယနေ့ဖတ်စရာ

သမ္မာကျမ်းစာ၌ ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ အဆုံးသတ်နိဂုံးမှာ အဆောက်အဦ တစ်ခုဖြစ်သော ယေရုရှလင်မြို့သစ်ဖြစ်သည်။ ဤအဆောက်အဦမှာ ဘုရားဇာတိနှင့်လူ သားဇာတိ၏ ရောနှောပေါင်းစည်းခြင်းဖြစ်သည်။ ဤသည်ကို ဗျာဒိတ်ကျမ်း ၂၁ ၌ ယေ

ရှုရှလင်မြို့သစ်ကို ဖော်ပြပေးခြင်းဖြင့် အတည်ပြုထားသည်။ အငယ်၊၃ တွင် ယေရုရှလင်မြို့သစ်ကို "ဘုရားသခင်၏တဲတော်"အဖြစ် ရည်ညွှန်းထား၍၊ အငယ်၊၂၂ တွင် "မြို့ထဲ၌ ဗိမာန်တော်ကို ငါမမြင်။ အကြောင်းမူကား၊ အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ထာဝရအရှင်ဘုရားသခင်နှင့် သိုးသူငယ်သည် ထိုမြို့၏ဗိမာန်ဖြစ်တော်မူ၏" ဟု ပြောဆိုထားသည်။ ဘုရားသခင်၏တဲတော်ဖြစ်သော ယေရုရှလင်မြို့သစ်သည် ဘုရားသခင်ကိန်းဝပ်ရန်အတွက် ဖြစ်၍၊ ဗိမာန်တော်ဖြစ်သော ဘုရားသခင်နှင့် သိုးသူငယ်သည် ရွေးနုတ်ခံသောသန့်ရှင်းသူများကိန်းဝပ်ရန်အတွက် ဖြစ်သည်။ ဤသည်မှာ ယေရုရှလင်မြို့သစ်သည် ဘုရားနှင့်လူအတွက် အပြန်အလှန်ကိန်းဝပ်သောနေရာဖြစ်ကြောင်းကို ဖော်ပြသည်။ ထို့အပြင်၊ ဤအဆောက်အဦသည် လူသားဖြစ်ခြင်း၏ ပေါင်းစည်းခြင်းလည်းဖြစ် သည်။ ဂိတ်တံခါးများမှာ ပုလဲပြားများဖြင့်ပြီး၍၊ အစ္စရေး၏ သားများဖြစ်သော လူမျိုးတစ်ဆယ့်နှစ်မျိုး၏ အမည်ကို ရေးထိုးထား၍(ငယ်၊၁၂)၊ တိုက်မြစ်တစ်ဆယ့်နှစ်ထပ်ကို သိုးသူငယ်၏ တမန်တော်တစ်ဆယ့်နှစ်ပါးတို့၏ အမည်ဖြင့် ရေးထိုးထားသည်(အငယ်၊၁၄)။ ဤသည်မှာ ယေရုရှလင်မြို့သစ်သည် အနှစ်သာရ၊ အလယ်ဗဟို၊ စကြဝဠာဆိုင်ရာဖြစ်သောသုံးပါးတစ်ပါးဘုရားနှင့် ဘုရားသခင်၏ ရွေးနုတ်ခံလူတို့ဖြင့် ပေါင်းဖွဲ့ထားသည်ကို ရှင်းလင်းစွာဖော်ပြထားသည်။

ယေရုရှလင်မြို့သစ်သည် ဘုရားဇာတိနှင့်လူသားဇာတိတို့၏ တစ်ခုတည်းအဖြစ် အတူတကွ ရောနှောပေါင်းဖွဲ့ထားခြင်းဖြစ်သည်။ ပါဝင်သောအရာများအားလုံးမှာ တူညီသောအသက်၊ သဘောသဘာဝနှင့် စေ့စပ်ထုံးဖွဲ့ထားသောကြောင့် စုပေါင်းထားသောပုဂ္ဂိုလ်ဖြစ်သည်။ ဤသည်မှာ ဘုရားသည် လူဖြစ်လာ၍၊ လူသည် ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ်ဘဲ၊ အသက်နှင့် သဘောသဘာဝ၌ ဘုရားဖြစ်လာခြင်းအရာဖြစ်သည်။ ဤဘုရားနှင့်လူ၊ လူနှင့်ဘုရားသည် နှစ်ပါးတို့သည် အတူတကွရောနှောပေါင်းစည်းခြင်းအားဖြင့် အတူတကွတည်ဆောက်ထားသည်။ ဤသည်မှာ ဘုရားသခင့်တည်ဆောက်ခြင်း၏ ပြီးစီးခြင်း၊ ပြီးမြောက်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ဤရူပါရုံကို မြင်ရန် လိုသည်။ *(Life-study of 1&2 Samuel,* pp. 198-199)

ယေရုရှလင်မြို့သစ်သည် ဘုရားဖြစ်လာသော ဘုရားသခင်၏ ရွေးချယ်ခြင်း၊ ရွေးနုတ်ခြင်း၊ အသစ်တစ်ဖန်မွေးဖွားခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ အသစ်ပြုပြင်ခြင်း၊ ပုံသဏ္ဍာန်ပြောင်းလဲခြင်း၊ သဏ္ဍာန်တော်တူညီခြင်းနှင့် ဘုန်းဝင်စားခြင်းခံရသောလူများ၏ ပေါင်းစည်းထားခြင်းဖြစ်သည်(ယော၊၃း၆။ ဟေဗြဲ၊၂း၁၁။ ရော၊၁၂း၂။ ၈း၂၉–၃၀)။ ကျွန်ုပ်တို့ဘုရားဖြစ်လာခြင်းဟူသည်မှာ ကျွန်ုပ်တို့သည် အဆင့်ဆင့်ဖြတ်ကျော်သောသုံး

ပါးတစ်ပါးဘုရားနှင့်စေ့စပ်ထုံးဖွဲ့ခံရခြင်းဖြစ်သည်။ ထို့သို့ဖြင့် ကျွန်ုပ်တို့သည် ထာဝရကာလအတွက် ကိုယ်တော်၏စုပေါင်းထင်ရှားခြင်းဖြစ်ရန် ကိုယ်တော်၏ အသက်၌၊ သဘောသဘာဝ၌ ဘုရားဖြစ်လာကြခြင်းဖြစ်သည်(ဗျာ၊ ၂၁း၁၁)။ ယေရုရှလင်မြို့သစ်သည် အသက်၊ သဘောသဘာဝနှင့် စေ့စပ်ထုံးဖွဲ့ခြင်း၌ ကိုယ်တော်နည်းတူဖြစ်လာသော ဘုရားသခင်ကိုယ်တော်တိုင်၏စေ့စပ်ထုံးဖွဲ့ခြင်းအားဖြင့် တည်ဆောက်ထားသည်။ ထိုသို့ဖြင့် ဘုရားနှင့်လူသည် စုပေါင်းခြင်းတစ်ခုတည်းဖြစ်လာသည်။ ယေရုရှလင်မြို့သစ်မှာ ဘုရားကိုယ်တော်တိုင်သည် ရွေးနုတ်ခံလူများနှင့် စေ့စပ်ထုံးဖွဲ့ခြင်း၊ ပေါင်းစည်းခြင်းနှင့် ရောနှောခြင်းအားဖြင့် ကြီးမားကျယ်ပြန့်စေခြင်းဖြစ်သည်(ယော၊၃း ၂၉က၊ ၃၀က။ ၁၄း ၂၀။ ၁၅း၄က။ ၁ကော၊၆း၁၇)။ သို့ဖြစ်၍၊ ယုံကြည်သူများသည် ဘုရားဖြစ်လာခြင်းမှာ ဆက်လက်ဖြစ်ပေါ် နေသော ဖြစ်စဉ်တွင်ရှိနေ၍၊ ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံမည်ဖြစ်သည်။ ဘုရားဘက်တွင် သုံးပါးတစ်ပါးဘုရားသည် လူ့ဇာတိခံယူခဲ့ပြီးဖြစ်၍၊ ကျွန်ုပ်တို့ဘက်တွင် ကျွန်ုပ်တို့သည် အဆင့်ဆင့်ဖြတ်ကျော်ခဲ့ပြီးသော သုံးပါးတစ်ပါးဘုရားနှင့် စေ့စပ်ထုံးဖွဲ့ခြင်း၊ ဘုရားဖြစ်လာခြင်းခံနေကြရသည်။ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ထာဝရကာလအတွက် ကိုယ်တော်၏စုပေါင်းထင်ရှားခြင်းဖြစ်လာရန် အသက်နှင့်သဘောသဘာဝ၌ ဘုရားဖြစ်လာကြသည်။ ဤသည်မှာ အမြင့်ဆုံးသောသမ္မာတရား၊ အမြင့်ဆုံးသောဧဝံဂေလိတရားဖြစ်သည်(ဗျာ၊၃း၁၂)။ (*The Conclusion of the New Testament*, p. 4362)

*ပို၍ဖတ်ရန်- (Life-study of 1&2 Samuel,* msg. 30; *How to Be a Co-worker and an Elder and How to Fulfill Their Oblications,* ch. 3

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ဗျာ၊ ၃း၁၂ အကြင်သူသည် အောင်မြင်၏။ ထိုသူကို ငါ၏ဘုရားသခင့်ဗိမာန်တော်၌ တိုင်ဖြစ်စေမည်။ နောက်တစ်ဖန်သူသည် ပြင်သို့မရွေ့ရ။ ငါ၏ဘုရားသခင့်နာမတော်ကိုလည်းကောင်း၊ ငါ၏ဘုရားသခင့်အထံတော်ကောင်းကင်ဘုံမှ ဆင်းသက်သောယေရုရှလင်မြို့သစ်တည်းဟူသော ငါ၏ဘုရားသခင့်မြို့တော်၏နာမတော်ကိုလည်းကောင်း၊ ငါ၏နာမသစ်ကိုလည်းကောင်း ထိုသူအပေါ်၌ ငါသည် အက္ခရာတင်မည်။**
**၂၁း၂ သန့်ရှင်းသောမြို့တော်တည်းဟူသော ယေရုရှလင်မြို့သစ်သည် မိမိခင်ပွန်းဖို့ တန်ဆာဆင်သောမင်္ဂလာဆောင်သတို့သမီးကဲ့သို့ ပြင်ဆင်လျက်၊ ဘုရားသခင့်အထံတော် ကောင်းကင်ဘုံမှဆင်းသက်သည်ကို ငါမြင်၏။**

သမ္မာကျမ်းစာသည် ဘုရားသခင်နှင့်အစပြုသကဲ့သို့၊ ဘုရားသခင်နှင့်ပင်အဆုံးသတ်သည်။ အစ၌ ကိုယ်တော်သည် ဘုရားဖြစ်ခြင်းရိုးရိုးလေး၊ သုံးပါးတစ်ပါးဘုရားဖြစ်သည်။ အဆုံးတွင် မြို့ထွက်ပေါ်လာ၍၊ ယင်းမှာ စုပေါင်းထားသောဘုရားဖြစ်သည်။ ယေရုရှလင်မြို့သစ်သည် ထာဝရကာလ၌ ဘုရား၏ကြီးမားခြင်း၊ ကျယ်ပြန့်ခြင်းနှင့် ထင်ရှားခြင်းဖြစ်သည်။ ယေရုရှလင်မြို့သစ်၌ ပါဝင်ဆက်ဆံသောသူတို့သည် ဘုရားသားများ၊ ဘုရားမျိုးနွယ်၊ ဘုရားမျိုးစိတ်များဖြစ်ကြသည်။ (*How to Be a Co-worker and an Elder and How to Fulfill Their Oblications*, p. 50 )

## ယနေ့ဖတ်စရာ

အကြံအစည်တော်အပြည့်ရှိသောဘုရားသခင်၌ စီမံကိန်းတစ်ခုရှိ၍၊ ထိုစီမံကိန်း၌ ကိုယ်တော်၏ရည်ရွယ်ချက်မှာ စကြာဝဠာဆိုင်ရာအပြန်အလှန်ပေါင်းစည်းခြင်းရရှိရန်ဖြစ်သည်။ အပြန်အလှန်ပေါင်းစည်းခြင်းဟူသောစကားလုံးမှာ ပုဂ္ဂိုလ်များတစ်ဦး၌တစ်ဦး ကိန်းဝပ်နေခြင်းကို ရည်ညွှန်းသည်။ သုံးပါးတစ်ပါးဘုရားသည် အပြန်အလှန်ကိန်းဝပ်နေခြင်းနှင့် တစ်လုံးတစ်ဝတည်းအဖြစ် အတူတကွလုပ်ဆောင်နေခြင်းအားဖြင့် အပြန်အလှန်ပေါင်းစည်းနေခြင်းသည်။ သုံးပါးတစ်ပါး၏ သုံးပါးတို့သည် သူတို့၏ဖြစ်ခြင်းအားဖြင့်၊ သူတို့၏လုပ်ဆောင်ခြင်းအားဖြင့် အပြန်အလှန်ပေါင်းစည်းခြင်းနေသည်(ယော၊ ၁၄း ၁၀–၁၁)။ သုံးပါးတစ်ပါးဘုရားသည် သူတို့တွင် ဒုတိယပုဂ္ဂိုလ်တော်သည် လူဖြစ်

လာကာ၊ လူသားအသက်ရှင်ခြင်း၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းစသည့်ဖြစ်စဉ်တို့ကို ဖြတ်ကျော်ရမည်အကြောင်း ထာဝရအတိတ်ကာလကပင် အစည်းအဝေးထိုင်ကာ ဆုံးဖြတ်ခဲ့ကြသည်(တ၊ ၂း ၂၃)။ ထိုသို့ဖြင့် ဘုရားသခင်၏ ရွေးနုတ်ခြင်းနှင့် အသစ်တစ်ဖန်မွေးဖွားခြင်းခံရသောယုံကြည်သူတို့သည် ကြီးမားသော၊ ဘုရား–လူ ရောနှောပေါင်းစည်းခြင်းရှိရန် ဘုရား၏ အပြန်အလှန်ရောနှောပေါင်းစည်းခြင်းအထဲသို့ ရောနှောပေါင်းစည်းခြင်းခံရကြမည်ဖြစ်သည်။ အဆင့်ဆင့်ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံသော သုံးပါးတစ်ပါးဘုရားနှင့် ရွေးနုတ်ခြင်းနှင့် အသစ်တစ်ဖန်မွေးဖွားခြင်းခံရသော ယုံကြည်သူများမှာ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌(ယော၊၁၄း ၂) ကြီးမားသော၊ စကြဝဠာဆိုင်ရာဖြစ်သော၊ ဘုရား–လူ ရောနှောပေါင်းစည်းခြင်းဖြစ်လာ၍၊ ဘုရား၏ တဲတော်တည်းဟူသော ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံမည်ဖြစ်သည်(ဗျာ၊ ၂၁း ၂–၃)။ (*The Conclusion of the New Testament*, p. 4186)

ဤအတုမဲ့သောမြို့တော်၏ အစိတ်အပိုင်းတိုင်းသည် အတုမဲ့သောခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို ထင်ရှားသည်။ ယနေ့သခင်ဘုရားအတွက် ကျွန်ုပ်တို့အလုပ်၏ ရလဒ်မှာ ဤစံနမူနာဖြင့် အုပ်စိုး၊ လမ်းညွှန်ခံရမည်ဖြစ်သည်။ ဤအတုမဲ့သောမြို့၏ ရုပါရုံ၌ ဖွင့်ပြသောအရာသည် ကျွန်ုပ်တို့၏ ဖြစ်ခြင်းနှင့် လုပ်ဆောင်ခြင်း၏ စံနမူနာဖြစ်ရမည်ဖြစ်သည် (*The Ten Great Critical "Ones" for the Building Up of the Body of Christ*, p. 64)

ကျွန်ုပ်တို့က ဒေသန္တရအသင်းတော်သည် ဘုရားသခင်၏ စီမံကိန်းပန်းတိုင်ဖြစ်သည်ဟု ထင်မှတ်ကြပေမည်။ မည်သို့ပင်ဆိုစေ၊ ယင်းမှာ ပန်းတိုင်မဟုတ်ဘဲ၊ ကိုယ်တော်၏ စီမံကိန်းပန်းတိုင်သို့ ရောက်ရှိစေသောလမ်းစဉ်မှန်သာဖြစ်သည်။ ပြန်လည်ရယူခြင်းသို့ ရောက်ရှိလာသည့် များစွာသောသူတို့သည် ဒေသန္တရအသင်းတော်ကို အဆုံးစွန်ချစ်ကြ၍၊ ဒေသန္တရအသင်းတော်ကို အလွန်ပင်အလေးထားကြသည်။

ကျွန်ုပ်သည်လည်း ဒေသန္တရအသင်းတော်ကို သင်တို့နည်းတူ အလွန်ပင်တန်ဖိုးထားပါသည်။ သို့သော် ဒေသန္တရအသင်းတော်ကို ကျွန်ုပ်တန်ဖိုးထားသည်မှာ အကြံအစည်တော်တစ်ခုရှိသောကြောင့်တည်း။ ဒေသန္တရအသင်းတော်သည် ကျွန်ုပ်အား ခရစ်တော်၏ ကိုယ်ခန္ဓာတော်အထဲသို့ ခေါ်ဆောင်ပေးသောလမ်းစဉ်မှန်ဖြစ်သည်။ အသင်းတော်များသည် ကိုယ်ခန္ဓာတော်ဖြစ်သည်။ သို့သော် အသင်းတော်များတွင် ခရစ်တော်၏ ကိုယ်ခန္ဓာတော်စစ်မှန်ခြင်းရှိချင်မှရှိပေမည်။ သို့ဖြစ်၍၊ ကျွန်ုပ်တို့သည် ဒေသန္တရ

အသင်းတော်များ၌ ရှိရမည်ဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်စစ်မှန်ခြင်းအထဲသို့ ကြိုဆိုခြင်း၊ ခေါ်ဆောင်ခြင်းခံရမည်ဖြစ်သည်။ (*The Ptractical Points concerning Blending,* pp. 9-10)

အသက်ရှင်တော်မူသော ခရစ်တော်၏ ကိုယ်ခန္ဓာတော်တည်းဟူသော ဘုရားသခင်၏ အသင်းတော်သည် တည်ရှိခြင်းနှင့် လှုပ်ရှားလုပ်ဆောင်ခြင်းအတွက် ဒေသန္တရအသင်းတော်များကို လိုအပ်သည်။ ဒေသန္တရအသင်းတော်များမရှိပါက၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် တည်ရှိခြင်းနှင့် လှုပ်ရှားလုပ်ဆောင်မှုကို လက်တွေ့ကျစွာသယ်ဆောင်ရန်အတွက် နည်းလမ်းမရှိပေ။ အမှန်တကယ်တွင် ဒေသန္တရအသင်းတော်များသည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်၍၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် ဒေသန္တရအသင်းတော်များ အားလုံးဖြစ်သည်။

ဒေသန္တရအသင်းတော်များမှာ တစ်ကိုယ်တည်းသောခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် များစွာသောဒေသန္တရများ၌ များစွာထင်ရှားခြင်းဖြစ်သည်။ ဒေသန္တရအသင်းတော်များမှာ လှုပ်ရှားလုပ်ဆောင်ခြင်းအတွက် ခရစ်တော်၏ ကိုယ်ခန္ဓာတော်တည်ရှိနေခြင်းဖြစ်၍၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်၏ များစွာသောထင်ရှားခြင်းဖြစ်သည်။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် ကောင်းကင်များ၌ တည်ရှိနေမည်ဖြစ်သည်။ သို့သော် ထင်ရှားခြင်းအတွက်မူ ဒေသန္တရအသင်းတော်များဖြစ်လာရမည်ဖြစ်သည်။ (*A Brief Presentation of the Lord's Recovery,* p. 30)

သခင်ဘုရား၏ စဉ်းစားခြင်းမှာ ယုံကြည်သူများသည် ဒေသန္တရအသင်းတော်များ၌ ရုပ်ပိုင်းဆိုင်ရာအရမဟုတ်ဘဲ၊ ဝိညာဉ်ဆိုင်ရာအရ ပေါင်းစည်းကာ အသက်ဆိုင်ရာရှင်သန်သော ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို ရှေ့ပြေးထုတ်လုပ်ခြင်းဖြင့် ယေရုရှလင်မြို့သစ်ကို ရရှိရန်ဖြစ်သည်။ (*Crystallization-Study of Song of Songs,* p. 43)

*ပို၍ဖတ်ရန်* – *The Conclusion of the New Teatament,* msgs. 258-259; *The Ten Great Critical "Ones" for the Building Up of the Body of Christ,msg 6)*

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ဗျာ၊ မြို့ရိုးကိုယ်သည် ဂျက်စပါကျောက်ဖြစ်၏။ မြို့သည်လည်း ကြည်လင်**
**၂၁း၁၈ သောဖန်နှင့်တူသောရွှေစင်ဖြစ်၏။**
**၂၃ ထိုမြို့သည် နေ၏အရောင်၊ လ၏အရောင်ကို အလိုမရှိ။ အကြောင်းမူကား၊ ဘုရားသခင်၏ဘုန်းတော်သည် ထိုမြို့ကို လင်းစေ၏။ သိုးသူငယ်သည်လည်း ထိုမြို့၏ဆီမီးဖြစ်၏။**

ယေရုရှလင်မြို့သစ်သည် ကျမ်းစာ၌ဖော်ပြထားသော မီးခုံတိုင်များ၏ အဆုံးစွန်ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည်။ တဲတော်၌ရှိသောမီးခုံတိုင်သည် ခရစ်တော်ကိုယ်တော်တိုင်ကို ပုံဆောင်သည် (ထွ၊ ၂၅း၃၁–၃၇)။ ဗိမာန်တော်၌ရှိသော မီးခုံတိုင်သည် ကြီးမားကျယ်ပြန့်လာသောခရစ်တော်ကို ပုံဆောင်သည် (၁ဘုရင်၊ ၇း၄၉)။ ဇာ၊ ၄း ၂ ၌ရှိသော မီးခုံတိုင်သည် အစ္စရေးလူမျိုးကို ပုံဆောင်သည်။ နောက်ဆုံး ဗျာဒိတ်၊ ၁ ၌ရှိသော မီးခုံတိုင်များသည် အသင်းတော်များကို ပုံဆောင်သည် (အငယ်၊ ၁၂–၁၃၊ ၂၀)။ လူ့ဇာတိခံခြင်း၌ရှိသောခရစ်တော်သည် မီးခုံတိုင်တစ်ခုဖြစ်ပြီး၊ ကိုယ်တော်သည် ရှင်ပြန်ထမြောက်ခြင်း၌ ကြီးမားကျယ်ပြန့်လာခဲ့သည်။ ဘုရားသခင်၏ လူများဖြစ်သော အစ္စရေးအမျိုးသားတို့သည်လည်း မီးခုံတိုင်တစ်ခုဖြစ်ပြီး၊ ဘုရားသခင်ရွေးချယ်ထားသောလူများဖြစ်သည့် အသင်းတော်များသည် မီးခုံတိုင်များဖြစ်သည်။ မီးခုံတိုင်များအားလုံးကို တစ်ခုတည်းအဖြစ် စုပေါင်းထားခြင်းသည် ယေရုရှလင်မြို့သစ်ဖြစ်လိမ့်မည်။ ယေရုရှလင်မြို့သစ်သည် ပုံပန်းသဏ္ဌာန်၌ တိုင်တစ်တိုင်ကဲ့သို့ပင် ရွှေတောင်တစ်တောင်ဖြစ်သည် (ဗျာ၊ ၂၁း ၈)။ ခရစ်တော်သည် တိုင်ပေါ်တွင်ရှိသော ဆီမီးခွက်ဖြစ်ပြီး(ဗျာ၊ ၂၁း ၂၃)၊ ဘုရားသခင်သည် ကိုယ်တော့်အတွင်း၌ရှိသောအလင်းဖြစ်သည် (ဗျာ၊ ၂၂း၅)။ ဗျာဒိတ်ပထမအခန်း၌ မီးခုံတိုင်ခုနစ်ခုတည်းဟူသော အသင်းတော်များရှိပြီး၊ နောက်ဆုံးအခန်းနှစ်ခန်း၌ တုနှိုင်းရာမဲ့သောမီးခုံတိုင်ဖြစ်သည့် ယေရုရှလင်မြို့သစ်ရှိသည်။ ယေရုရှလင်မြို့သစ်သည် မီးခုံတိုင်များအားလုံး၏ ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည် (*God's New Testament Economy,* pp. 275-276)

## *ယနေ့ဖတ်စရာ*

ဗျာဒိတ်၊ ၁ တွင် လူသားတော်တည်းဟူသောခရစ်တော်သည် မီးခုံတိုင်များအလယ်တွင် သွားလာနေသည်။ ထိုမီးခုံတိုင်များသည် တစ်တိုင်နှင့်တစ်တိုင် ခွဲခြား၍မရနိုင်ပေ။

အကောင်းဘက်ကကြည့်လျှင် ယေရှု၏ သက်သေခံချက်ဖြစ်သော မီးခုံတိုင်များသည် ခြားနားမှုမရှိသင့်ပေ။ ယေရှု၌ ခြားနားသောသက်သေခံချက်များမရှိပေ။ ကိုယ်တော်၌ သက်သေခံချက်တစ်ခုတည်းသာရှိသည်—သုံးပါးတစ်ပါးဘုရား၏ သက်သေခံချက်။ ထို့ကြောင့် ခရစ်တော်၏ ကိုယ်ထင်ရှားခြင်းနှင့် ဝိညာဉ်တော်၏ ပြန်လည်ထုတ်လုပ်ခြင်းဖြစ်သည့် ဒေသန္တရအသင်းတော်အားလုံးသည် တစ်ထပ်တည်း တူညီခြင်းရှိသင့်ပါသည်။ ရွှေမီးခုံတိုင်များဖြစ်သည့် အသင်းတော်များသည် ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည်။ သန့်ရှင်းသောမြို့တော်တည်းဟူသော ယေရုရှလင်မြို့သစ်သည် မီးခုံတိုင်များအားလုံးကို စုပေါင်းထားခြင်းဖြစ်သည်။ ယေရုရှလင်မြို့သစ်သည် ရွှေမြို့တော်ဖြစ်ပြီး (ဗျာ၊ ၂၁း၁၈)၊ ၎င်း၌ မြို့တံခါးတစ်ဆယ့်နှစ်ခုလုံးသို့ ရောက်သော လမ်းမတစ်ခုသာရှိကြောင်း (ဗျာ၊ ၂၁း ၂၁။ ၂၂း ၂)၊ မြို့ရိုးသည် အတောင် တစ်ရာလေးဆယ့်လေးတောင်ရှိကြောင်း (၂၁း၁၇)နှင့် မြို့သည် စတေဒီယာ တစ်သောင်းနှစ်ထောင်မြင့်ကြောင်း (၂၁း၁၆) စသည့်အချက်တို့ကို စဉ်းစားဆင်ခြင်မည်ဆိုပါက၊ မြို့တော်သည် စင်စစ် တောင်တစ်တောင်ဖြစ်ကြောင်း ကျွန်ုပ်သိနားလည်ကြမည်ဖြစ်သည်။ ဤတောင်ထိပ်တွင် ပလ္လင်တော်ရှိပြီး၊ ပလ္လင်တော်မှ လမ်းမသည် မြို့တံခါးတစ်ဆယ့်နှစ်ခုသို့ ခရုပတ်ပုံလမ်းကြောင်းဖြင့်ဆင်းသွားခြင်းဖြစ်သည်။ ဤရွှေတောင်၏ ထိပ်တွင် အလယ်ဗဟိုတည်းဟူသော ပလ္လင်တော်ရှိသည်။ ပလ္လင်တော်ပေါ် တွင် သိုးသူငယ်တည်းဟူသောခရစ်တော်နှင့်အတူ ကိုယ်တော်၌ရှိသောဘုရားသခင်ရှိသည် (၂၂း၁)။ ဤသိုးသူငယ်သည် အလင်းတည်းဟူသောဘုရားသခင်ကို ထည့်ဝင်ထားသည့် ဆီမီးခွက်ဖြစ်သည် (၂၁း ၂၃။ ၂၂း၅)။ ယေရုရှလင်မြို့သစ်တည်းဟူသောဤရွှေတောင်သည် ရွှေမီးခုံတိုင်ဖြစ်သည်။ ထို့ကြောင့် ယနေ့ မီးခုံတိုင်များ၏ စုစုပေါင်းဖြစ်သည့် မီးခုံတိုင်အားလုံးစုပေါင်းထားသော ယေရုရှလင်မြို့သစ်သည် ထာဝရကာလပတ်လုံး ကောင်းကင်သစ်၊ မြေကြီးသစ်၌ ဘုရားသခင်၏ ဘုန်းတော်ကို ထွန်းလင်းရန် ပြီးမြောက်ပြည့်စုံသော စကြဝဠာဆိုင်ရာရွှေမီးခုံတိုင်ဖြစ်သည်။

ဓမ္မသစ်ကျမ်းနှင့် ကျမ်းစာတစ်အုပ်လုံး၏ အဆုံးသတ်ဖြစ်သော ဗျာဒိတ်ကျမ်းစာစောင်၌ ကြီးမားသောအမှတ်လက္ခဏာနှစ်ခုရှိသည်။ အခန်း၊၁ ၌ ရွှေမီးခုံတိုင်များ၏ အမှတ်လက္ခဏာနှင့် အခန်း၊ ၂၁နှင့် ၂၂တို့၌ အကြီးမားဆုံးသောအမှတ်လက္ခဏာဖြစ်သည့် ယေရုရှလင်မြို့သစ်၏ အမှတ်လက္ခဏာရှိသည်။ ယေရုရှလင်မြို့သစ်သည် မီးခုံတိုင်များအားလုံး၏ စုစုပေါင်းဖြစ်သည်။ ဗျာဒိတ်ကျမ်းအစတွင် ဤခေတ်ကာလရှိ ဒေသန္တရမီးခုံတိုင်များဖြစ်သည့် မီးခုံတိုင်ခုနစ်ခုရှိသည်။ ဗျာဒိတ်ကျမ်းအဆုံး၌ ထာဝရကာလရှိ ပေါင်းစပ်စုပေါင်းထားသောမီးခုံတိုင်၊ စကြဝဠာဆိုင်ရာမီးခုံတိုင်ရှိသည်။ ထို့ကြောင့် ဗျာဒိတ်ကျမ်း

သည် မီးခုံတိုင်များနှင့် အစပြုပြီး၊ မီးခုံတိုင်နှင့် အဆုံးသတ်ထားသည်။ မီးခုံတိုင်များသည် အသင်းတော်များ၏ အမှတ်လက္ခဏာများဖြစ်ပြီး၊ ယေရုရှလင်မြို့သစ်သည် ဘုရားသခင်၏ ထာဝရကိန်းဝပ်ရာနေရာနှင့် ခရစ်တော်၏ ဇနီးဖြစ်သော ကိုယ်တော်၏ ထာဝရအဖော်အဖက်၏ အမှတ်လက္ခဏာဖြစ်သည်။

မီးခုံတိုင်များသည် မီးခုံတိုင်အစစ်မဟုတ်ဘဲ၊ အသင်းတော်များ၏ အမှတ်လက္ခဏာဖြစ်သကဲ့သို့ပင်၊ ယေရုရှလင်မြို့သစ်သည် မြို့တော်အစစ်အမှန်မဟုတ်ဘဲ၊ ဘုရားစီမံကိန်းအဆုံးစွန်ပြီးမြောက်ပြည့်စုံခြင်း၏ အမှတ်လက္ခဏာဖြစ်သည်။ ယေရုရှလင်မြို့သစ်သည် ဘုရားသခင်၏ ရွေးချယ်ခံ၊ ရွေးနုတ်ခံ၊ အသစ်မွေးဖွားခံနှင့် ပုံသဏ္ဌာန်ပြောင်းလဲခံရသောလူများအားလုံး စုပေါင်းထားသည့် ကြီးမားသောအမှတ်လက္ခဏာဖြစ်သည်။ (*The Conclusion of the New Testament*, pp. 2345, 2688-2689)

*ပို၍ဖတ်ရန်* – *The Conclusion of the New Testament*, msgs.220, 257, 259; *God's New Testament Economy,* ch. 26

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ယော၊ ငါသည် စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည် အခက်များဖြစ်ကြ၏။ အကြင်**
**၁၅း၅ သူသည် ငါ၌တည်၍ ငါသည်လည်း သူ၌တည်၏။ ထိုသူသည် များစွာသော အသီးကို သီးတတ်၏။...**
**၁၄း၂၃ ယေရှုကလည်း၊ ငါ့ကိုချစ်သောသူသည် ငါ့စကားကို စောင့်ရှောက်လိမ့်မည်။ ငါ့ခမည်းတော်သည် ထိုသူကို ချစ်တော်မူသည်။ ငါတို့သည်လည်း သူ့ဆီသို့ကြွ၍ နေရာချမည်။**

ဘုရားသခင်သည် ယာကုပ်အား ဗေသလသို့ တက်သွားရန် ပြောဆိုခဲ့သည် (က၊ ၃၅း၁)။ အဆုံးစွန်အနေဖြင့် ယေရုရှလင်မြို့သစ်သည် ထာဝရဗေသလဖြစ်လိမ့်မည်။ ယာကုပ်သည် မည်သည့်အရာကိုမျှ တည်ဆောက်ခဲ့ခြင်းမရှိသော်လည်း၊ သူ၏ သားမြေး စဉ်ဆက်တို့သည် ပထမဆုံး တဲတော်ကို တည်ဆောက်ပြီးနောက် ဗိမာန်တော်ကို တည် ဆောက်ခဲ့ကြသည်။ ဗျာဒိတ်ကျမ်း၌ ယေရုရှလင်မြို့သစ်သည် ဘုရားသခင်၏ တဲတော်ဖြစ် ကြောင်းနှင့် ထိုနေရာတွင် ဘုရားကိုယ်တော်တိုင်နှင့် သိုးသူငယ်သည် ဗိမာန်တော်ဖြစ် ကြောင်း ပြောဆိုထားသည် (ဗျာ၊ ၂၁း ၂၂)။ ဤသည်မှာ ဗေသလဖြစ်သည်။ ဘုရားသခင် ၏ ထာဝရအကြံအစည်မှာ ဤကိန်းဝပ်ရာနေရာကို ရရှိရန်ဖြစ်ပြီး၊ ယနေ့ ကိုယ်တော်သည် ဤအရာအတွက် လုပ်ဆောင်နေသည်။ (*Life-study of Genesis*, p. 989)

## *ယနေ့ဖတ်စရာ*

ကမ္ဘာဦး၊ ၂၈ ၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ပေါင်းစည်းဆက်နွယ် ရန်အလို့ငှါ ကောင်းကင်ကို မြေကြီးသို့ ဆောင်ယူ၍၊ မြေကြီးကို ကောင်းကင်သို့ ယူဆောင် ခြင်း အားဖြင့် သူကိုယ်တော်တိုင်ကို လူနှင့်အတူ တည်ဆောက်မည်ဖြစ်ကြောင်း ပထမဆုံး အကြိမ်ဖွင့်ပြထားသည်။ အငယ်၊၁၀ မှ ၂၂ ရှိ ဗေသလ၏ အကြောင်းအရာသည် အံ့ဩဖွယ် ဖြစ်ပြီး၊ ဘုရားသခင်၏ တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ ဘုရားဆိုင်ရာမူအလေ့အလာ များနှင့်ပြည့်ဝနေသည်။ ဤတိုတောင်းသောအကြောင်းအရာကို အသေးစိတ်ဖွင့်ဆိုရှင်း လင်းရန် ကျမ်းစာတစ်အုပ်လုံးကို လိုအပ်သည်။ ယာကုပ်သည် နားခိုခြင်းမရှိဘဲ အိုးမဲ့အိမ် မဲ့ လှည့်လည်သွားလာနေချိန်တွင် ဗေသလ၌ အိပ်မက်မြင်မက်ခဲ့ခြင်းဖြစ်သည်။ သူသည် ပြောင်ရှင်းမာကြောနေသောကျောက်တုံးကိုပင် ခေါင်းအုံး၍ အိပ်ခဲ့ရသည်။ သို့သော်လည်း ကျွန်ုပ်တို့သည် ဤဝေစုကို ဂရုတစိုက်ဖတ်ရှုမည်ဆိုပါက၊ လူတစ်ဦးတည်းသာ လှည့်လည်

သွားလာသူ၊ အိုးအိမ်မရှိသူ မဟုတ်ခဲ့ဘဲ၊ ဘုရားသခင်ကိုယ်တော်တိုင်သည်ပင် နားခိုရာနေရာမရှိဘဲ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ကျွန်ုပ်တို့သိနားလည်ကြလိမ့်မည်ဖြစ်သည်။

မြေကြီးပေါ်တွင် မျိုးနွယ်စဉ်ဆက်တစ်လျှောက် ဤအိပ်မက်သည် ပြည့်စုံပြီးဖြစ်၍၊ ဆက်လက်ပြည့်စုံဦးမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရားနှင့်အတူ အမှန်လုပ်ဆောင်မည်ဆိုလျှင်၊ ကျွန်ုပ်တို့နှင့်အတူ ဘုရားသခင်၏ ရောနှောပေါင်းစည်းခြင်းကို တွေ့ကြုံခံစားရလိမ့်မည်ဖြစ်သည်။ ထို့နောက် ကျွန်ုပ်တို့သည် အတူတကွ လာကြသောအခါ၊ ကျွန်ုပ်တို့၌ ဗေသလရှိလိမ့်မည်ဖြစ်သည်။ ဗေသလသည် လူတို့အတွက် ဘုရားသခင်ကို ဆက်သွယ်ရန်နှင့် ဘုရားသခင်အတွက် လူသားဇာတိနှင့် ရောနှောပေါင်းစည်းခြင်း၌ လူတို့ထံသို့ လာရောက်လည်ပတ်ရန် ထောင့်မှန်ကျသောလမ်းဖြစ်သည့် ကောင်းကင်ဆိုင်ရာလှေကားတည်းဟူသော လူသားတော်ခရစ်တော်ရှိရာနေရာ၊ ကောင်းကင်ဖွင့်လှစ်ရာနေရာဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုလှည့်လည်သွားလာနေသည့်လူငယ်လေး၏ အိပ်မက်ကို ရရှိရန် လိုအပ်သည်။ သို့မှသာ ကျွန်ုပ်တို့၌ ဘုရားသခင်၏ ကိန်းဝပ်ရာနေရာ တည်းဟူသော နားခိုရာနေရာရှိလိမ့်မည်ဖြစ်သည်။ တစ်ဘက်ကကြည့်လျှင် ယနေ့တွင် ဘုရားသခင်၌ အသင်းတော်ရှိသော်လည်း၊ အခြားတစ်ဘက်ကကြည့်လျှင် ကိုယ်တော်သည် အိုးအိမ်မဲ့နေသောဘုရားသခင် ဖြစ်နေသေးသည်။ တစ်ချိန်တည်းမှာပင် များစွာသောလူတို့သည် တောထဲ၌ လည်နေကြပြီး၊ နားခိုခြင်းကင်းမဲ့လျက်၊ အိုးအိမ်မဲ့လျက်ရှိကြသည်။ သူတို့သည် ဤအိပ်မက်ကို လိုအပ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အလယ်ရှိ ဘုရားသခင်၏ ရောနှောပေါင်းစည်းခြင်းကို မြင်တွေ့ရန် သစ္စာရှိသောသူများဖြစ်ကြပါစေ။ သို့မှသာ ကျွန်ုပ်တို့သည် သူတို့အား ထိုကဲ့သို့သောအိပ်မက်ကို ပေးအပ်နိုင်မည်ဖြစ်သည်။ (*The Building of God*, pp. 16, 23)

ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သစ်ကို မြင်တွေ့ကြပြီးဖြစ်သည်။ ကျွန်ုပ်တို့၏ "အိပ်မက်"မှာ အောင်မြင်သူများ၏ အဆုံးစွန်ပြီးမြောက်ပြည့်စုံခြင်းနှင့် ဘုရားစီမံကိန်း၏ အဆုံးစွန်ပြီးမြောက်ပြည့်စုံခြင်းဖြစ်သော ယေရုရှလင်မြို့သစ် ဖြစ်လာရန်ဖြစ်သည်။ (*The Overcomers*, p. 106)

ခရစ်တော်သည် ဗေသလ၌ ကောင်းကင်ဆိုင်ရာလှေကားဖြစ်တော်မူခြင်းမှာ ဘုရားသခင်သည် မြေကြီးပေါ်တွင် သူ၏ ရွေးနုတ်ခံနှင့် ပုံသဏ္ဌာန်ပြောင်းလဲခံရသော ရွေးချယ်ခံတို့နှင့်စေ့စပ်ထုံးဖွဲ့ထားသည့် အိမ်တော်ကို ရရှိရန် မည်မျှအလိုတော်ရှိနေကြောင်းကိုလည်း ပြသသည်။ သို့မှသာ ကိုယ်တော်သည် ကောင်းကင်ကို မြေကြီးသို့ ဆောင်ယူ၍၊ မြေကြီးကို ကောင်းကင်သို့ ဆက်နွယ်စေကာ၊ နှစ်ခုကို ထာဝရ တစ်ခုတည်း ဖြစ်စေနိုင်မည်ဖြစ်သည်။ (*Crystallization-study of the Gospel of John*, p. 15)

တဲတော်သည် ဘုရားသခင်၏ ကိန်းဝပ်ရာနေရာမျှသာမဟုတ်ဘဲ၊ ဘုရားသခင်ကို အစေခံသောသူတို့၏ ကိန်းဝပ်ရာနေရာလည်းဖြစ်သည်။ ဘုရားသခင်ကို အစေခံသောသူတို့သည် တဲတော်၌ ကိန်းဝပ်ခဲ့ကြသည်။ ဆာလံကျမ်းတွင် ဆာလံဆရာသည် ဘုရားသခင်၏ အိမ်တော်၊ ဗိမာန်တော်၌ နေရပါမည့်အကြောင်း အကြိမ်ပေါင်းများစွာ ဆုတောင်းခဲ့သည်။ ဥပမာအနေဖြင့် ဆာလံ၊ ၂၇း၄၌ "ယေဟောဝါ၏ တင့်တယ်ခြင်းအသရေတော်ကို ဖူးမြင်၍၊ ဗိမာန်တော်၌ မွေ့လျော်ခြင်းအလို့ငှါ ယေဟောဝါ၏ အိမ်တော်မှာ တစ်သက်လုံး နေရမည်အကြောင်းတည်းဟူသော အခွင့်တစ်ခုကို ယေဟောဝါ၌ ငါဆုတောင်းပြီ။ ထိုအခွင့်ကို ရှာရဦးမည်"ဟုပြောဆိုထားသည်။ ဤအရာအားဖြင့် ဗိမာန်တော် သို့မဟုတ် တဲတော်သည် ဘုရားသခင်၏ ကိန်းဝပ်ရာနေရာမျှသာမဟုတ်ဘဲ၊ ဘုရားသခင်ကို ချစ်သောသူတို့၏ ကိန်းဝပ်ရာနေရာလည်းဖြစ်ကြောင်း ကျွန်ုပ်တို့မြင်တွေ့နိုင်သည်။ ထို့ကြောင့် ၎င်းသည် အပြန်အလှန်ကိန်းဝပ်ရာနေရာ၊ အပြန်အလှန်နေထိုင်ရာနေရာ၏ ပုံဆောင်ချက် ဖြစ်သည်။ (*Life-study of John*, pp. 497-498)

ဤသည်မှာ ထာဝရခေတ်ကာလ၏ ပန်းချီကားချပ်ဖြစ်သည်။ ထာဝရအနာဂတ်ကာလ၌ ယေရုရှလင်မြို့သစ်သည် ကောင်းကင်များဆီသို့ မြှောက်ထားသော တစ်စုံတစ်ရာအဖြစ် စကြဝဠာတစ်ခုလုံး၌ ရပ်တည်မည်ဖြစ်၍၊ ယင်းအပေါ် တွင် ကောင်းကင်တမန်ဆိုင်ရာမိသားစုသည် ကောင်းကင်ကို မြေကြီးသို့ ဆောင်ယူရန်နှင့် မြေကြီးကို ကောင်းကင်သို့ ဆက်နွယ်ပေးရန် တက်လျက်၊ ဆင်းလျက်ရှိကြလိမ့်မည်ဖြစ်သည်။ ဤသည်မှာ ဘုရားစီမံကိန်း၏ စကြဝဠာဆိုင်ရာရုပ်ပုံဖြစ်သည်။

ဘုရားသခင်၏ စီမံကိန်းသည် မြို့တော်တစ်ခုဖြစ်သည့် ထိုကဲ့သို့သောလှေကား၌ ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည်။ ဤမြို့တော်သည် အသစ်မွေးဖွားခံရသောယုံကြည်သူများနှင့် ပြီးမြောက်ပြည့်စုံသောဘုရားသခင်၏ ပေါင်းစည်းခြင်း၊ လူ၌ ဘုရား၊ ဘုရား၌ လူ အပြန်အလှန်ပေါင်းစည်းခြင်းဖြစ်သည်။(*Crystallization-study of the Humanity of Christ*, p. 50)

*ပို၍ဖတ်ရန်* – *Life-study of Genesis*, msg. 77;*The Conclusion of the New Testament*, msgs. 262, 264;*The Building of God*, ch. 2

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ______________________

______________________________________________

______________________________________________

______________________________________________

## *နံနက်ခင်းကျွေးမွေးခြင်း*

**ဟေဗြဲ၊ သင်တို့သည် ဇိအုန်တောင်သို့လည်းကောင်း၊ အသက်ရှင်တော်မူသော**
**၁၂း၂၂ ဘုရားသခင်၏မြို့တော်တည်းဟူသော ကောင်းကင်ဆိုင်ရာယေရုရှ**
**လင်မြို့သို့လည်းကောင်း၊ အတိုင်းမသိ များစွာသောကောင်းကင်**
**တမန်တို့၏စည်းဝေးခြင်းသို့လည်းကောင်း၊ စကြဝဠာဆိုင်ရာစည်း**
**ဝေးခြင်းသို့လည်းကောင်း၊**

**ဗျာ၊ ထိုနောက်မှ ငါကြည့်လျှင်၊ သိုးသူငယ်သည် ဇိအုန်တောင်ပေါ်မှာ ရပ်**
**၁၄း၁ နေ၏။ သူ၏နာမနှင့် ခမည်းတော်၏နာမကို နဖူး၌အက္ခရာတင်သော**
**သူ တစ်သိန်းလေးသောင်းလေးထောင်လည်း သူနှင့်အတူရှိကြ၏။**

ကမ္ဘာဦး၊ ၂၂၌ အာဗြဟံလုပ်ဆောင်ခဲ့သောအရာသည် သမ္မာကျမ်းစာတွင် အရေးကြီးသောအမျိုးအနွယ်အကြောင်းအရာဖြစ်သည်။ ဘုရားသခင်သည် အာဗြဟံ၏သားစဉ်မြေးဆက်၊ အစ္စရေးအမျိုးသားများကို သူ့အား ဝတ်ပြုကိုးကွယ်ဖို့ မောရိတောင်ပေါ်သို့ တစ်နှစ်လျှင် သုံးကြိမ် သွားရောက်ရန်နှင့် သူတို့၏မီးရှို့ရာပူဇော်သက္ကာများကို ထိုနေရာတွင် ပူဇော်ရန် မိန့်မှာထားခဲ့သည်။ မောရိတောင်သည် ဇိအုန်တောင်ဖြစ်လာခဲ့ပြီး၊ ကောင်းသောမြေ၏ အလယ်ဗဟိုလည်း ဖြစ်သည်။ အာဗြဟံသည် ဘုရားသခင်ကို ဇိအုန်တောင်ပေါ်တွင် မီးရှို့ရာပူဇော်သက္ကာများနှင့်အတူ ဝတ်ပြုကိုးကွယ်ခဲ့သည့် ပထမဆုံးသောသူဖြစ်သည်။ နောက်ဆုံးတွင် ကျွန်ုပ်တို့အားလုံးသည် ဇိအုန်တောင်ပေါ်တွင် ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်သူများဖြစ်လာပေမည်။ တစ်ဘက်တွင် ယနေ့ အသင်းတော်အသက်တာ၌ အာဗြဟံ၏စစ်မှန်သောသားစဉ် မြေးဆက်များအဖြစ် ကျွန်ုပ်တို့သည် ဇိအုန်တောင်ပေါ်တွင် ရှိနေပြီး၊ အခြားတစ်ဘက်တွင် ကျွန်ုပ်တို့သည် ထိုနေရာ၏လမ်းတွင် ရှိနေခြင်းဖြစ်သည်။ ကမ္ဘာဦး၊ ၂၂၌ အာဗြဟံလုပ်ဆောင်ခဲ့သော အရာသည် အမျိုးအနွယ်အကြောင်းအရာဖြစ်သည်။ သူ၏သားစဉ်မြေးဆက်များ၊ အစ္စရေးအမျိုးသားများသည် ဤအမျိုးအနွယ်၏တိုးပွားလာခြင်းဖြစ်ပြီး၊ ယနေ့ ကျွန်ုပ်တို့သည် ဤအမျိုးအနွယ်၏ ထပ်မံတိုးပွားလာခြင်းဖြစ်သည်။ အာဗြဟံအပါအဝင် ကျွန်ုပ်တို့အားလုံးသည် ဤအမျိုးအနွယ်ကိုရိတ်သိမ်းခြင်း၌ ပါဝင်လိမ့်မည်ဖြစ်သည်။ တစ်နေ့တွင် ကျွန်ုပ်တို့သည် ထာဝရဇိအုန်တောင်ပေါ်တွင် အာဗြဟံကို လက်ဆွဲနှုတ်ဆက်ပြီး၊ "သင်သည် ရှေးဇိအုန်တောင်ပေါ်တွင် ရှိခဲ့ပြီး၊ ကျွန်ုပ်တို့သည် ဓမ္မသစ်ဇိအုန်တောင်ပေါ်တွင် ရှိခဲ့ကြကာ၊ ယခု ကျွန်ုပ်တို့အားလုံးသည် ဤနေရာရှိ ထာဝရဇိအုန်တောင်ပေါ်တွင် အတူတကွ ရှိနေကြပြီ" ဟု ပြောဆိုကြပေမည်။ (*Life-study of Genesis,* pp. 763-764)

## ယနေ့ဖတ်စရာ

ဓမ္မဟောင်းပုံဆောင်ချက်များအနက် ဘုရားသခင်၏ သန့်ရှင်းသောမြို့တော်၊ ယေရုရှလင်မြို့သည် ယေဘုယျနှင့် သာမန်ဖြစ်သည်။ ထိုမြို့အတွင်း၌ ဇိအုန်ဟုခေါ် သော အထွတ်အထိပ်နေရာရှိသည် (ဆာ၊ ၂း၆။ ၁၂၅း၁)။ ဇိအုန်သည် ယေရုရှလင်၏ စိတ်ဝင်စားဖွယ်အကောင်းဆုံးဖြစ်သည်။ ယနေ့ အသင်းတော်သည် ကောင်းကင်ဆိုင်ရာယေရုရှလင်ဖြစ်ပြီး (ဟေဗြဲ၊၁၂း၂၂)၊ အောင်မြင်သူများသည် စိတ်ဝင်စားဖွယ်အကောင်းဆုံး၊ အထွတ်အထိပ်တည်းဟူသော ဇိအုန်ဖြစ်သည်။ အကယ်၍ ယုံကြည်သူများအားလုံးသည် ယေဘုယျနှင့် သာမန်သာဖြစ်ပါက၊ အသင်းတော်သည် အထွတ်အထိပ်မပါသော၊ ဇိအုန် မပါသော၊ ယေရုရှလင်သာ ဖြစ်ပေမည်။ ထိုသို့သောအခြေအနေသည် လှပမှုမရှိပေ။ ယေရုရှလင်၏ လှပမှုသည် ဇိအုန်နှင့်အတူဖြစ်သည်။ ဇိအုန်သည် သန့်ရှင်းသောမြို့တော်၏ လှပမှုဖြစ်သည် (ဆာ၊၄၈း၂။ ၅၀း၂)။ ထိုနည်းတူ အောင်မြင်သူများသည်လည်း ဒေသန္တရအသင်းတော်၏ လှပမှုဖြစ်သည်။ ဒေသန္တရအသင်းတော်တိုင်းတွင် အဦးသီးများဖြစ်ရန် ပထမဆုံး ရင့်မှည့်သောယုံကြည်သူများအုပ်စု ရှိရပေမည်။ ထိုယုံကြည်သူများသည် ထိုဒေသန္တရ၌ရှိသော ဇိအုန်ဖြစ်သည်။ များစွာသောဒေသန္တရတို့၌ အသင်းတော်ရှိခြင်းသည် အံ့သြဖွယ်ဖြစ်သော်လည်း၊ ကျွန်ုပ်တို့သည် အသင်းတော်များအားလုံး၌ ရှိသော လှပမှု၊ စိတ်ဝင်စားဖွယ်အကောင်းဆုံး၊ အထွတ်အထိပ်၊ အောင်မြင်သူများအုပ်စုကို တွေ့မြင်လိုပါသည်။ သခင်ဘုရားသည် အောင်မြင်သူများနှင့်စပ်လျဉ်းပြီး ဦးစွာရပ်တည်၊ ရင့်မှည့်ခဲ့သူဖြစ်သည်။ (*TheOrganic Union in God’s Relationship with Man*, p. 53)

အောင်မြင်သူများသည် ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေရန် ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက်ဖြစ်သည်။ သခင်ဘုရား၏ ပြန်လည်ရယူခြင်း၌ရှိသော လုပ်ဖော်ဆောင်ဖက်များအားလုံးသည် အပိုင်းသုံးပိုင်းရှိသောအလုပ်ကို လုပ်ဆောင်ဖို့ လိုအပ်ကြောင်း နားလည်သိမြင်စေရန် ကျွန်ုပ်ဝန်တာဖြစ်မိပါသည်။ ကျွန်ုပ်တို့သည် ရွေးနုတ်ခံများကို ထုတ်လုပ်ရန် လူ့ဇာတိခံခြင်းအပိုင်းဖြစ်သော ပထမပိုင်း၏ အလုပ်ကို လုပ်ဆောင်နိုင်ရုံသာမက၊ အသင်းတော်များကို ထုတ်လုပ်ရန် အရာအားလုံးပါဝင်ခြင်း အပိုင်းဖြစ်သော ဒုတိယအပိုင်း၏ ရည်ရွယ်ချက်ကို သယ်ဆောင်နိုင်သည့်အလုပ်ကိုလည်း လုပ်ဆောင်သင့်ပေသည်။ ထို့အပြင် ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေမည့် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်သောအလုပ်ကိုလည်း လုပ်ဆောင်သင့်သည်။ ၎င်းသည် အရှိန်အဟုန်မြှင့်တင်ခြင်းအဆင့်၏ အလုပ် ဖြစ်သည်။

ထို့ကြောင့် "သခင်ဘုရား၊ ကျွန်ုပ်သည် ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေရန် ကိုယ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် အောင်မြင်သူဖြစ်ဖို့ ကျွန်ုပ် အကောင်းဆုံးလုပ်ဆောင်ရန် ကြိုးစားအားထုတ်နေပါသည်"ဟု ကျွန်ုပ်ဆုတောင်းမိသည်။ (*Incarnation, Inclusion, and Intensification*, pp. 20-21)

ကျွန်ုပ်တို့၏ ပန်းတိုင်သည် ဘုရားသခင်၏ ထာဝရစီမံကိန်းကို ပြီးပြည့်စုံစေခြင်းအတွက် ဇိအုန်သို့ ရောက်ရှိရန်၊ ယနေ့ဇိအုန်ရှိရန်ဖြစ်သည်။ ဆန့်ကျင်ဘက်ဆိုသော် ဘုရားသခင်၌ ယေရုရှလင်မြို့သစ်တွင် ပြီးမြောက်ပြည့်စုံရန် သူ၏ စီမံကိန်းကို ပြည့်စုံစေမည့်နည်းလမ်းရှိမည်မဟုတ်ပါ။ ဓမ္မသစ်ကျမ်း၏ နောက်ဆုံးစာစောင်သည် အောင်မြင်သူများဖြစ်လာရန် မေးမြန်းနေခြင်းဖြစ်ပြီး (ဗျာ၊ ၂း၇၊ ၁၁၊ ၂၆။ ၃း၅၊ ၁၂၊ ၂၁)၊ ထိုအောင်မြင်သူများသည် ဇိအုန်ဖြစ်ပေလိမ့်မည် (၁၄း၁)။ ဤဇိအုန်သည် ယေရုရှလင်မြို့သစ်တွင် ရှိရမည့် စံချိန်စံနှုန်းဖြစ်ပေမည်။ ကောင်းကင်သစ်နှင့်မြေကြီးသစ်တွင် ယေရုရှလင်မြို့သစ်သည် ထွက်ပေါ်လာသောအခါ၊ ဇိအုန်သည် ကွယ်ပျောက် သွားပေမည်။ အကြောင်းမှာ ယေရုရှလင်မြို့သစ်တစ်ခုလုံးသည် အောင်မြင်သူများဖြစ်သည့် ယုံကြည်သူများအားလုံးနှင့်အတူ ဇိအုန်ဖြစ်လာသောကြောင့်ဖြစ်သည်။ သခင်ဘုရား၏ ပြန်လည်ရယူခြင်း၌ရှိသော အသင်းတော်အသက်တာသည် ဇိအုန်သို့ရောက်ရှိရန်– ကျွန်ုပ်တို့အားလုံးမဟုတ်ပါကလည်း၊ အနည်းဆုံး ကျွန်ုပ်တို့အထဲမှအချို့သည်– ဆက်လက်သွားနေရမည်ဖြစ်သည်။ (*Life-study of 1 & 2 Kings*, p. 57)

*ပို၍ဖတ်ရန်* – *Life-study of Genesis*, msg. 57; *The Conclusion of the New Testament*, msg. 256

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**သီ၊ အိုရှုလမိတ်၊ ပြန်လာပါ၊ ပြန်လာပါ။ အကျွန်ုပ်တို့သည် သင့်ကို ရှုမြင်**
**၆း၁၃ ရမည်အကြောင်း၊ ပြန်လာပါ၊ ပြန်လာပါ။ ...**
**ဗျာ၊ ...လာခဲ့ပါ။ သိုးသူငယ်၏သတို့သမီး၊ ဇနီးကို ငါပြမည်ဟု ပြောဆို**
**၂၁း၉ လျက်၊**
**၂၂း၁၇ ဝိညာဉ်တော်နှင့် မင်္ဂလာဆောင်သတို့သမီးက၊ လာခဲ့ပါဟု ဆိုကြ၏။**
**ကြားသောသူကလည်း၊ လာခဲ့ပါဟု ဆိုပါစေ။ ရေငတ်သောသူသည်**
**လာပါစေ။ အလိုရှိသောသူသည် အဖိုးကို မပေးဘဲ အသက်ရေကို**
**ယူပါစေ။**

အောင်မြင်သူများဖြစ်ရန် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏တုန့်နှိုင်းရာမဲ့သော၊ အဆုံးစွန်သောပန်းတိုင်တည်းဟူသော ဘုရားသခင်၏ထာဝရစီမံကိန်း၊ ယေရုရှလင်မြို့သစ်၏ ပန်းတိုင်ကို ယူဆောင်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ဤပန်းတိုင်ကို စွဲမှတ်နေရန်လိုအပ်သည်။ ကျွန်ုပ်တို့၏ပန်းတိုင်မှာ ဝိညာဉ်ရေးရာရှိရန် သို့မဟုတ် သန့်ရှင်းခြင်းရှိရန် လူများကို ကူညီဖို့ မဟုတ်ပေ။ တစ်နည်းဆိုသော် ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သစ်ကို ပြီးမြောက်ပြည့်စုံစေရန် ယေရုရှလင်မြို့သစ်ဆီသို့ လူများကို ဦးဆောင်နေခြင်းဖြစ်သည်။ (*How to Be a Co-workerandanElderand How to Fulfill Their Obligations*, p.52)

## ယနေ့ဖတ်စရာ

ဘုရားဆိုင်ရာအချစ်ဇာတ်လမ်းကို ရှောလမုန်သီချင်းတွင် ကဗျာလင်္ကာမြောက်စွာ ရေးစပ်သီကုံးထားသည်။ ရှောလမုန်သီချင်း၌ ရှာဖွေသူသည် ရှောလမုန်၏ပုံတူပွားနှင့် ယေရုရှလင်မြို့သစ်၏ပုံပန်းသဏ္ဍာန်ဖြစ်လာရန် အဆင့်ဆင့်ဖြစ်ခြင်း(ဖြစ်စဉ်)ကို ဖြတ်ကျော်ခဲ့သည် (၆း၁၃၊ ၄)။ ချစ်သောသူ၏ အမည်မှာ ရှုလမိတ် ဖြစ်ပြီး၊ ယင်းအမည်မှာ ရှောလမုန်၏မိန်းမဆန်သော ပုံပန်းသဏ္ဍာန်ဖြစ်ကာ၊ ယင်းအမည်ကို သီ၊၆း၁၃တွင် ပထမဆုံး အသုံးပြုထားသည်။ ဤနေရာ၌ သူမသည် ရှောလမုန်၏ပုံတူပွားနှင့် အဖော်အဖက်ဖြစ်လာခဲ့ပြီး၊ အာဒံအတွက် ဧဝဖြစ်သကဲ့သို့ အသက်၊ သဘောသဘာဝနှင့် ပုံပန်းသဏ္ဍာန်၌ ရှောလမုန်ကဲ့သို့ဖြစ်ကြောင်း ညွှန်ပြသည် (က၊ ၂း ၂၀–၂၃)။ ယင်းမှာ ခရစ်တော်၏ ချစ်သူသည် သူတို့၏ လက်ထပ်ထိမ်းမြားခြင်းအတွက် ကိုယ်တော်နှင့် လိုက်ဖက်ညီစေ

ရန် အသက်၊ သဘောသဘာဝနှင့် ပုံပန်း သဏ္ဍာန်၌ ကိုယ်တော်ကဲ့သို့ဖြစ်လာကြောင်း ပုံဆောင်ခြင်းဖြစ်သည် (၂ကော၊၃း၁၈။ ရော၊၈း ၂၉)။ ပုံသဏ္ဍာန်ပြောင်းလဲခြင်း၏ အဆင့်များစွာကို ဖြတ်ကျော်ခဲ့သည့် ရှောလမုန်၏ ချစ်သူသည် ရှောလမုန်၏ ပုံတူပွားဖြစ်လာခဲ့သည်။ ယေရုရှလင်မြို့သစ်သည် ဘုရားသခင်၏ ရွေးချယ်ခံများနှင့် ရွေးနုတ်ခံများအားလုံးပါဝင်သည့် စုပေါင်းထားသောရုပ်လမိတ်ဖြစ်သည်။

ယေရုရှလင်မြို့သစ်တွင် ရွေးနုတ်ရှင်ဘုရားသခင် (ရှောလမုန်အားဖြင့် ပုံဆောင်ခံရသော)နှင့် သူ၏ ရွေးနုတ်ခံများအားလုံး(ရှုလမိတ်အားဖြင့် ပုံဆောင်ခံရသော)သည် တစ်လုံးတစ်ဝတည်းဖြစ်လာကြသည်။ ယေရုရှလင်မြို့သစ်သည် လူသားကောင်းမြတ်ခြင်း၌ အဆင့်ဆင့်ဖြတ်ကျော်၍ ပြီးမြောက်ပြည့်စုံခဲ့သော သုံးပါးတစ်ပါးဘုရားကို ထင်ရှားရန် ဘုရားဇာတိနှင့် လူသားဇာတိတို့ ရောနှောပေါင်းစည်းခြင်းဖြစ်သည်။ ခရစ်တော်နှင့် သူ၏ဇနီးသည် ဘုရားသခင်၏ထင်ရှားခြင်း– စစ်မှန်သော၊ ပြီးမြောက်ပြည့်စုံသော ရှုလမိတ်– အတွက် ယေရုရှလင်မြို့သစ်ဖြစ်လာရန် အတူတကွ ပေါင်းစည်းကြလိမ့်မည်ဖြစ်သည်။

ကျွန်ုပ်တို့သည် ရှောလမုန်၏ ပုံတူပွားတည်းဟူသော အံ့သြဖွယ်သောရှုလမိတ်ဖြစ်လာရန် ပုံသဏ္ဍာန်တူညီလာလိမ့်မည်ဖြစ်သည်။ ထိုရှုလမိတ်သည် ခရစ်တော်၏ အဖော်အဖက်တည်းဟူသော ယေရုရှလင်မြို့သစ်၏ အကြီးမြတ်ဆုံးသော၊ အဆုံးစွန်သောပုံပန်းသဏ္ဍာန်ဖြစ်သည်။ ရှင်ဘုရင်ရှောလမုန်သည် သူ၏ မိဖုရား၊ သူ၏ ပုံတူပွားကိုရရှိရန်အလို့ငှာ ကျေးတောသူကို ချစ်ရေးဆိုရန် တစ်ပြည်တစ်ရွာသားဖြစ်လာသကဲ့သို့၊ ခရစ်တော်၌ရှိသော ဘုရားသခင်သည် ခရစ်တော်၏ သတို့သမီးကိုရရှိရန် ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ်ဘဲ၊ အသက်၊ သဘောသဘာဝ၊ ထင်ရှားခြင်းနှင့် လှုပ်ရှားလုပ်ဆောင်မှု၌ လူကိုဘုရားဖြစ်လာစေရန်အလို့ငှာ လူကို ချစ်ရေးဆိုရန် လူဖြစ်လာခဲ့သည် (မ၊၉း၁၅။ ဗျာ၊၁၉း၇။ cf. ဆာ၊၄၅း၁–၃၊ ၉၊ ၁၃–၁၄)။ သမ္မာကျမ်းစာက ဘုရားသခင်သည် ကျွန်ုပ်တို့ကို ချစ်ရေးဆိုရန် လူဖြစ်လာခဲ့ပြီး၊ ယခု ကိုယ်တော်သည် သူနှင့်အတူ ကျွန်ုပ်တို့၏ တစ်ဦးချင်းဆိုင်ရာ၊ ရင်းနှီးကျွမ်းဝင်သော၊ ဝိညာဉ်ရေးရာဖြစ်သော ဆက်နွယ်မှုအားဖြင့် သူ၏ ထင်ရှားခြင်းအတွက် ကျွန်ုပ်တို့၏ ဘုရားဆိုင်ရာဖြစ်လာခြင်းအားဖြင့် ကျွန်ုပ်တို့ သူ့ကို ချစ်ရေးဆိုရန် အလိုဆန္ဒရှိကြောင်း ဖွင့်ပြသည် (သီ၊၁း၁–၈။ ၂ကော၊၂း၁၀။ ထွက်၊၃၃း၁၁။ ရော၊၈း၄၊ ၆။ ၁ကော၊၂း၁၅)။ ရှုလမိတ်သည် ခရစ်တော်၏ ပွားများခြင်း၊ ဘုရားသခင်၏ ကိုယ်ထင်ရှားခြင်းတည်းဟူသော ကျွန်ုပ်တို့၏ ပုံပန်းသဏ္ဍာန်ဖြစ်သည်။ ထို့ကြောင့် ခရစ်တော်၏ များစွာသောချစ်သူတို့သည် နောက်ဆုံးတွင် ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ်ဘဲ၊

အသက်နှင့် သဘောသဘာဝ၌ ဘုရားသခင်၏ပုံတူပွားဖြစ်လာပေမည်။ ဤအရာသည် ဘုရားသခင်သည် လူဖြစ်လာခြင်းနှင့် လူသည် ဘုရားဖြစ်လာခြင်း၏ပြီးပြည့်စုံခြင်းဖြစ်ပြီး၊ ယင်းမှာ ဘုရားဆိုင်ရာဖွင့်ပြခြင်း၏ အထွတ်အထိပ်လည်းဖြစ်သည်။ ရှုလမိတ်သည် ကျေးတောသူဖြစ်သည်။ ယခု ရှောလမုန်၏အဖော်အဖက်တည်းဟူသော သူမသည် ဘုရားသခင်၏စီမံကိန်းကို သယ်ဆောင်ခြင်းအတွက် အသက်၊ သဘောသဘာဝ၊ ထင်ရှားခြင်းနှင့် လှုပ်ရှားလုပ်ဆောင်မှု၌ ရှောလမုန်ကဲ့သို့ဖြစ်လာသည်။ ကျွန်ုပ်တို့သည် ကိုးကွယ်ခံဦးခေါင်းအရာ၌မဟုတ်ဘဲ၊ အသက်၊ သဘောသဘာဝ၊ ထင်ရှားခြင်းနှင့် လှုပ်ရှားလုပ်ဆောင်မှု၌ ဘုရားသခင်နှင့် ခရစ်တော်ကဲ့သို့ ဖြစ်လာပေမည်။ ကျွန်ုပ်တို့သည် ကိုးကွယ်ခံဦးခေါင်းအရာ၌ ဘုရားသခင်ကဲ့သို့ဖြစ်လာခြင်းဟု ပြောဆိုခြင်းသည် ဘုရားကိုကြီးမားစွာလွန်ကျူးပြောဆိုခြင်းဖြစ်ပြီး၊ ကျွန်ုပ်တို့သည် အသက်၊ သဘောသဘာဝ၊ ထင်ရှားခြင်းနှင့် လှုပ်ရှားလုပ်ဆောင်မှု၌ ဘုရားသခင်ကဲ့သို့ မဖြစ်နိုင်ဟု ပြောဆိုခြင်းသည် မယုံကြည်ခြင်းဖြစ်သည်။ သမ္မာကျမ်းစာက ကျွန်ုပ်တို့အား ဘုရားသခင်သည် ကျွန်ုပ်တို့နှင့် တစ်လုံးတစ်ဝတည်းဖြစ်လာရန်နှင့် သူနှင့်အတူ ကျွန်ုပ်တို့ကို တစ်ခုတည်းဖြစ်စေရန် အလိုဆန္ဒရှိကြောင်း ထပ်ခါ၊ ထပ်ခါ ပြောဆိုနေသည်။ ဤအရာသည် ဘုရားသခင်၏ ရည်ရွယ်ချက် ဖြစ်သည်။

အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသောရှင်ဘုရင်၊ အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော"ရှောလမုန်"သည် ကျေးတောသူအားဖြင့် ပုံဆောင်ခံရသော ကိုယ်တော်၏လူများနှင့် တစ်လုံးတစ်ဝတည်းဖြစ်လာရန် အလိုဆန္ဒရှိသည်။ ကိုယ်တော်သည် ဤအရာကို အတင်းအကျပ်လုပ်ဆောင်ခြင်းအားဖြင့်မဟုတ်ဘဲ၊ ချစ်ရေးဆိုခြင်း၏ပုဂ္ဂိုလ်ရေးရာနှင့် ရင်းနှီးကျွမ်းဝင်သောနည်းလမ်းအားဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်။ သမ္မာကျမ်းစာသည် လက်ထပ်ထိမ်းမြားခြင်းအသက်တာ၌ရှိသောစုံတွဲ– ယေရုရှလင်မြို့သစ်နှင့်အဆုံးသတ်ထားသည် (ဗျာ၊ ၂၁)။ ကျွန်ုပ်တို့သည် ဤဘုရားဆိုင်ရာအချစ်ဇာတ်လမ်း၌ ပါဝင်ပြီး၊ သမ္မာကျမ်းစာတစ်ခုလုံး၏ ဤအံ့ဩဖွယ်ရာနိဂုံးတွင် ပါဝင်နေခြင်းလည်း ဖြစ်သည်။ (*The Conclusion of the New Testament,*, pp. 4372-4374)

*ပို၍ဖတ်ရန် – The Conclusion of the New Testament,* msg. 428

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ______________________

________________________________________________

________________________________________________

________________________________________________

***Hymns*, # M- 288, E- 976, K- 775, C- 775**

၁။ အိုသခင်၊ ရွေးနုတ်ခံများသည်
ခန္ဓာတော်၊ သတို့သမီး
ကိုယ်တော့်ပြည့်ဝခြင်း၊ ထင်ရှားခြင်း
သူတို့၌ ကိုယ်တော်ဘုန်းထင်။
သူတို့ဖို့ ရာအားလုံးကိုယ်တော်
ကိုယ်တော့်ကြွယ်ဝခြင်းကြွေးကြော်
ကိုယ်တော်သည် သူတို့၌ပြည့်ဝ
ဘုန်းတော်ကို သူတို့မျှဝေ။
သန့်ရှင်းသောမြို့တော်တည်
ဘုရား၏ဘုန်းတော်ပြည့်
ဘုရား၏ပြီးမြောက်ထင်ရှားခြင်း
လူသား၌ မြင်ပြီ။

၂။ ဘုရားနှင့်လူ ပြီးမြောက်ပေါင်းစည်း
မည်မျှနက်နဲအံ့ဖွယ်ရာ
ဘုရားနှင့်လူ အပြန်အလှန်
ကိန်းဝပ်ကာပြည့်ဝထင်ရှား။
ဘုရား၏ပြည့်ဝခြင်းအားလုံး
တန်ဆာပလာ၌ထင်ရှား
ကိုယ်တော်၏သန့်ရှင်းခြင်းအရာ
ကိုယ်တော့်လှပခြင်းထင်ရှား။

၃။ သန့်ရှင်းသူများသဏ္ဍာန်ပြောင်းလဲ
စုပေါင်းသက်ရှင်ခြင်းထင်ရှား
ဖိုးထိုက်ဆုံးပုလဲနှင့် ကျောက်များ
သဏ္ဍာန်တော်နှင့်တူညီကြ
ဘုရားပလ္လင်တော်ဗဟိုမှ
အသက်ရေလွတ်လပ်စီးဆင်း
အသက်ပင်ခရစ်တော်လန်းဆန်း
အသီးများကြွယ်ဝသီးပေး။

၄။ ထာဝရရှေ့မီးခုံတိုင်ထွန်း
ခရစ်တော်သည် မီးခွက်ဖြစ်
ခရစ်တော်၌ ဘုရားအလင်း
ဝိညာဉ်တော်အဖြစ် ထွန်းလင်း။
ဘုရား၌လူ၊ လူ၌ဘုရား
အဆုံးစွန်သောထင်ရှားခြင်း
ဘုရား၏စီမံကိန်းပန်းတိုင်
အပြန်အလှန်ကိန်းဝပ်ခြင်း။

***ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ*** ----------